# ဗုဒ္ဓဘာသာ
# ဂုဏ်ရည်

ဓမ္မာစရိယဦးအေးနိုင် (ဘီအေ)

(မဟာသဒ္ဓမ္မဇောတိကဓဇ)



# ဗုဒ္ဓဘာသာဂုဏ်ရည်

ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)
မဟာသဒ္ဓမ္မ ဇောတိကဓဇ

ဖြန့်ချိရေး

မြတ်ပန်းရဂုံစာပေ
၄၇၃(က)၊ နီလာ ၆–လမ်း
၈–ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

◆ **ဗုဒ္ဓဘာသာ၌ ကျင့်စဉ်ကြီးလေးရပ်ရှိပုံ** .................. ၃၇
ဘုရားရှင်တိုင်း၏ အတိုဆုံးဩဝါဒနှင့်
ကျင့်စဉ်ကြီးလေးရပ် ........................................ ၃၈
အကုသိုလ်သုံးမျိုးကို ကျင့်စဉ်ကြီးများဖြင့်ပယ်ပုံ ....... ၄၀
◆ **ဗုဒ္ဓဘာသာ၏နောက်ဆုံးပန်းတိုင်** ........................ ၄၃
သန္တိ သုခနိဗ္ဗာနဓာတ် .......................................... ၄၃
ရုပ်နာမ်ခပ်သိမ်းတို့ ချုပ်ငြိမ်းခြင်းသဘော .............. ၄၆
အဇာတ၊ အဘူတ စသော တရားမျိုးဖြစ်ပုံ ............ ၄၈
◆ **တရားတော်နှင့် မိမိကိုယ်ကိုသာ အားကိုးရသည့်ဘာသာ** ၄၉
ဘုရားရှင်ဟူသမျှ နည်းလမ်းကိုသာပြ .................. ၅၁
အားထားကိုးကွယ်ရမည့် တရားတော်၏အနှစ်သာရများ ၅၂
ဆောင်ပုဒ်ကဗျာ ...............................................၅၅

## ၂။ သရဏဂုံခန်း

◆ **ဗုဒ္ဓဘာသာဝင်အစ သရဏဂုံက** ........................ ၅၆
ယုံသဒ္ဓါနှင့် ကြည်သဒ္ဓါ ..........................................၅၇
ပထမဆုံး သရဏဂုံ တည်ကြသူများ ................... ၅၈
သရဏ=ကိုးကွယ်ရာ ......................................... ၆၀
သရဏဂုံ ......................................................... ၆၁
သရဏဂုံတည်သူ ............................................ ၆၂
ဆောင်ပုဒ်လင်္ကာများ ........................................ ၆၃
လောကီသရဏဂုံ ၄–မျိုး ................................. ၆၃
ဆောင်ပုဒ်လင်္ကာများ ........................................ ၆၅
◆ **တိတ္ထိစသူတို့ကို ရှိခိုးက သရဏဂုံ ပျက်သလား** ...... ၆၆
ဆောင်ပုဒ်လင်္ကာများ ........................................ ၆၇
◆ **နတ်ကိုးကွယ်သူများ သရဏဂုံ ပျက်,မပျက်** ...........၆၇

◆ **သရဏဂုံညစ်နွမ်းခြင်း** ............................ ၇၀
ဆောင်ပုဒ်လင်္ကာများ ............................ ၇၀
◆ **သရဏဂုံ ၂–မျိုး** ............................ ၇၁
◆ **သရဏဂုံပျက်ခြင်း** ............................ ၇၂
ဆောင်ပုဒ်လင်္ကာများ ............................ ၇၃
◆ **သရဏဂုံ၏အကျိုးနှင့် တန်ခိုး** ............................ ၇၃
နာကျိုးပြဝတ္ထုများ ............................ ၇၅
◆ **အပါယ်ကင်းစင် ဗုဒ္ဓဘာသာဝင် 'ဥပါသကာ'** ......... ၈၄
ဥပါသကာကောင်းတစ်ယောက် ............................ ၈၄
ရတနာကဲ့သို့ တန်ဖိုးရှိသောဥပါသကာ ............................ ၈၇
ယုတ်ညံ့သောဥပါသကာ ............................ ၈၈
သတိပြုဖွယ် ............................ ၈၉

## ၃။ ဒါနခန်း

◆ **အလှူဒါန ပြုကြသူငါ** ............................ ၉၀
ဒါနအဓိပ္ပာယ်နှင့် အင်္ဂါသုံးသွယ် ............................ ၉၁
ဒါနပြုခြင်းနှင့် စစ်တိုက်ခြင်းတူပုံ ............................ ၉၂
ဒါန ၂–မျိုး ............................ ၉၃
စေတနာဒါနသာ ပဓာန ............................ ၉၄
ဝတ္ထုဒါန အရေးပါပုံ ............................ ၉၆
ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ဒါနများ ............................ ၉၉
◆ **စေတနာဒါန** ............................ ၁၀၀
သုံးတန်စေတနာနှင့် ပုဗ္ဗစေတနာ ............................ ၁၀၁
မုဉ္စစေတနာ ............................ ၁၀၂
အပရစေတနာ ............................ ၁၀၃
မုဉ္စစေတနာနှင့် တိဟိတ်ဒါနကုသိုလ် ............................ ၁၀၃

တိဟိတ်ဒါနဖြစ်အောင် လှူဒါန်းနည်း ................. ၁၀၅
◆ **ဟိတ်နှင့်စပ်၍ ဒါနကုသိုလ် ၄–မျိုး** .................. ၁၀၇
တိဟိတ်ဥက္ကဋ္ဌဒါန ကုသိုလ် ......................... ၁၀၈
တိဟိတ်ဩမကဒါနကုသိုလ် ......................... ၁၁၀
ဒွိဟိတ်ဥက္ကဋ္ဌဒါန ကုသိုလ် ........................... ၁၁၁
ဒွိဟိတ်ဩမကဒါန ကုသိုလ် ........................ ၁၁၂
အယုတ်အမြတ် ဒါနကုသိုလ်ကံ ၄–မျိုးအချုပ် ....... ၁၁၃
ဆောင်ပုဒ်လင်္ကာများ .................................. ၁၁၃
ဒါနကုသိုလ်ကံ ၄–မျိုးတို့ အကျိုးပေးပုံ .............. ၁၁၄
◆ **စေတနာသုံးတန်တို့ အကျိုးပေးပုံ** ......................၁၁၆
စေတနာသုံးတန်ပြည့်ဝသော သုမနပန်းသည် ......... ၁၁၇
ရာဇဂြိုဟ်ပြည်သူ၏ ပုဗ္ဗစေတနာအကျိုး ............. ၁၁၉
ပုဗ္ဗစေတနာချို့တဲ့ခဲ့ကြသော ပဥ္စပါပီနှင့် မင်းကုသ ...၁၂၀
မုဥ္စစေတနာချို့တဲ့သည့်အတွက် မကောင်းကျိုးများ ....၁၂၃
အပရစေတနာချို့တဲ့သည့်အတွက် မကောင်းကျိုးများ...၁၂၄
◆ **အကျိုးကြီးသောဒါနနှင့် အကျိုးနည်းသောဒါနများ** ... ၁၂၆
သီလရှိပြီး လှူသောဒါန၊ သီလမရှိဘဲ လှူသောဒါန ... ၁၂၆
အကျိုးကြီးသော ဆုတောင်းဒါနနှင့်
အကျိုးနည်းသော ဆုတောင်းဒါန ......................၁၂၇
အကျိုးကြီးသောသံဃိကဒါနနှင့်
အကျိုးနည်းသောပုဂ္ဂလိကဒါန .......................၁၃၁
သံဃိကဒါန ခုနစ်မျိုး ...................................၁၃၁
သံဃိကဒါနမြောက်အောင် လှူဒါန်းနည်း ............ ၁၃၃
ဥဂ္ဂသူကြွယ်၏ လှူဒါန်းနည်း ..........................၁၃၄
သံဃိကဒါနဖြစ်အောင် လှူဒါန်းနိုင်သူ ကျောင်းဒကာ .. ၁၃၆
မင်းကွန်းတိပိဋကရေဆရာတော်၏ အဆုံးအဖြတ် .... ၁၃၈

ပုဂ္ဂလိကဒါန ၁၄–မျိုး ..................................၁၃၉
ဆောင်ပုဒ်လင်္ကာများ .................................. ၁၄၀
အကျိုးပေးကွာခြားကြပုံ ................................ ၁၄၁
ပုဂ္ဂိုလ်ကို ရွေးချယ်လှူဒါန်းသင့်ပုံ ...................... ၁၄၁
မြတ်စွာဘုရားနှင့် နတ်သားတစ်ပါး .................... ၁၄၃
ရဟန်းဒုဿီလကို လှူကောင်း၊ မလှူကောင်း ..........၁၄၆
ဒါနကို တားမြစ်လျှင် ပုညန္တရာယ်ဖြစ် ................၁၄၈
ဘုရားထက်သာလွန်သည့် အလှူခံပုဂ္ဂိုလ်မရှိ ...........၁၅၀
သံဃိကဒါနက ပုဂ္ဂလိကဒါနထက် အကျိုးကြီးပုံ ...... ၁၅၂
စင်ကြယ်သော ဒါနများ .................................. ၁၅၆
မစင်ကြယ်သော ဒါန ................................. ၁၅၈
အကျိုးကြီးဒါနနှင့် အကျိုးနည်းဒါန .................. ၁၅၈
အကျိုးနည်းသော သာသနာပဒါနနှင့်
အကျိုးကြီးသော သာသနာတွင်းဒါန ...................၁၅၉
အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သား .................... ၁၆၁
ဝေလာမပုဏ္ဏားကြီး၏ မဟာဒါန ..................... ၁၆၄
အကျိုးကြီးသော ဆဋ္ဌင်္ဂဒါန ......................... ၁၆၆
◆ **တစ်မူထူးခြားစွာ အကျိုးပေးသည့် ဒါနများ** ..........၁၆၉
နိဗဒ္ဓဒါန (ဂတိမြဲဒါန) .................................၁၆၉
ဒီဃာယုကဒါန (အသက်ရှည်ဒါန) .................. ၁၇၀
ပညာကြီးစေနိုင်သည့် သပိတ်ခြေ စသည့်အလှူ ...... ၁၇၂
◆ **အကျိုးပေးကြီးကျယ်သော ဓမ္မဒါန** ..................... ၁၇၄
ပထမအမျိုးအစား ဓမ္မဒါန ......................... ၁၇၄
ဒုတိယအမျိုးအစား ဓမ္မဒါန ......................... ၁၇၅
လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မဒါနပြုနည်း .... ၁၇၇
တတိယအမျိုးအစား ဓမ္မဒါန ....................... ၁၇၇
အကျိုးတရားကြီးမားပုံ .............................. ၁၇၈

◆ **သပ္ပုရိသဒါန ၅-မျိုး** ............................ ၁၇၉
သဒ္ဓါဒါန (၁) ............................ ၁၈၁
သဒ္ဓါဒါန်အကျိုး ............................ ၁၈၂
သက္ကစ္စဒါန (၂) ............................ ၁၈၂
သက္ကစ္စဒါနအကျိုး ............................ ၁၈၃
ကာလဒါန (၃) ............................ ၁၈၄
ကာလဒါနအကျိုး ............................ ၁၈၅
အနဂ္ဂဟိတဒါန (၄) ............................ ၁၈၅
အနဂ္ဂဟိတဒါနအကျိုး ............................ ၁၈၆
အနုပဟစ္စဒါန (၅) ............................ ၁၈၈
အနုပဟစ္စဒါနအကျိုး ............................ ၁၈၈
အကျိုးပိုရသော သပ္ပုရိသဒါန ............................ ၁၈၉
ဆောင်ပုဒ်အလင်္ကာများ ............................ ၁၉၁
◆ **ဒါနမခေါ်ရသော ပေးကမ်းလှူဒါန်းမှုများ** ............................ ၁၉၁
◆ **ဒါနအကျိုးတရားများ** ............................ ၁၉၄
ဒါန၏မျက်မှောက်အကျိုး ငါးပါး ............................ ၁၉၅
ဒါန၏ဂုဏ်သတ္တိများနှင့် အနာဂတ်အကျိုးတရားများ ...၁၉၇
ဒါန၏ တိုက်ရိုက်အကျိုးနှင့် တစ်ဆင့်ခံအကျိုးများ ...၁၉၈
◆ **ဒါနသည် သံသရာရှည်စေသလော** ............................ ၂၀၁
အလှူဒါန ပြုသင့်ကြပုံ ............................ ၂၀၅
ဗုဒ္ဓမြတ်စွာနှင့် သုမနာမင်းသမီး ............................ ၂၀၉
ဗုဒ္ဓနည်းကျကျ ဒါနပြုပါ ............................ ၂၁၃
မှတ်သားဖွယ်ရာ ဒါနနှစ်ဖြာ ............................ ၂၁၃

**၄။ သီလခန်း**

◆ **ဒါနနှင့် သီလ** ............................ ၂၁၉

သီလဆိုသည်မှာ ........................................ ၂၂၀
စေတနာသီလနှင့် ဝိရတိသီလ ........................ ၂၂၂
စေတသိကသီလ ........................................ ၂၂၄
စာရိတ္တသီလနှင့် ဝါရိတ္တသီလ ........................ ၂၂၅
သီလလေးမျိုး ........................................ ၂၂၇
လူများစောင့်ထိန်းရမည့် (ဂဟဋ္ဌ)သီလများ ........... ၂၂၈
သီလဆောက်တည်နည်း .................................. ၂၂၈
ငါးပါးသီလ ........................................ ၂၃၂
ငါးပါးသီလ ခံယူဆောက်တည်နည်း .................. ၂၃၃
◆ **ပါဏာတိပါတကံအဖွင့်** ............................ ၂၃၅
ကမ္မပထနှင့် ကမ္မမတ္တ .............................. ၂၃၇
ပါဏာတိပါတအင်္ဂါ ၅-ပါး ........................... ၂၃၈
သတ်ဖြတ်နည်းများ .................................... ၂၃၉
ရည်ညွှန်းသူ၊ မရည်ညွှန်းသူ ......................... ၂၄၀
စေတနာအရေးကြီးပုံ .................................. ၂၄၁
မိမိကိုယ်ကို မိမိသတ်ရာ၌ ကံမြောက် မမြောက် .... ၂၄၃
ဂေါဓိက မထေရ် ...................................... ၂၄၄
ဤသိက္ခာပုဒ်ပျက်မှု၊ ညစ်နွမ်းမှု ၄-ပါး ............. ၂၄၅
အပြစ်ကြီးငယ် အသွယ်သွယ် ......................... ၂၄၈
ပါဏာတိပါတကံ၏ ဆိုးကျိုးများ ..................... ၂၅၀
ပါဏာတိပါတ အင်္ဂါမစုံသော်လည်း ကံထိုက်သူ ..... ၂၅၂
အင်္ဂါနှင့် အပြစ်ပြကဗျာ ............................. ၂၅၃
◆ **အဒိန္နာဒါနကံအဖွင့်** ............................ ၂၅၃
အင်္ဂါငါးပါး ........................................ ၂၅၄
တိရစ္ဆာန်ပိုင်ပစ္စည်းကို ယူခြင်း ....................... ၂၅၄
နတ်ပိုင်ပစ္စည်းကို ယူခြင်း ............................ ၂၅၆

ဘုရားဆင်းတုတော်ကို ယူခြင်း ...................... ၂၅၆
သတိထားစရာ အဒိန္နာဒါနာ ........................ ၂၆၀
အပြစ်ကြီးငယ် အသွယ်သွယ် ........................ ၂၆၀
အဒိန္နာဒါနကံ၏ ဆိုးကျိုးများ ........................ ၂၆၂
အဒိန္နာဒါနမှ ရှောင်ကြဉ်ရကျိုးများ .................... ၂၆၃
အင်္ဂါနှင့် အပြစ်အချုပ်ပြကဗျာ ...................... ၂၆၄
◆ **ကာမေသုမိစ္ဆာစာရကံအဖွင့်** ............................ ၂၆၄
အင်္ဂါ ၄–ပါး ............................................ ၂၆၅
အဂမနီယဝတ္ထု (၂၀) .................................. ၂၆၅
ဆောင်ပုဒ်လင်္ကာ ........................................ ၂၆၈
ယောကျ်ားများနှင့် ကာမေသုမိစ္ဆာစာရကံ ............ ၂၆၈
မိန်းမများနှင့် ကာမေသုမိစ္ဆာစာရကံ .................. ၂၇၀
မန်လည်ဆရာတော်အမေးများ ........................ ၂၇၂
မင်းကွန်းဆရာတော် အဖြေများ ........................ ၂၇၂
အမှတ်(၃) အင်္ဂါပြသနာ .............................. ၂၇၃
ဤကံနှင့်စပ်၍ မှတ်သားစရာ အဖြာဖြာ .............. ၂၇၅
အထင်မှားသော ယောကျ်ား၊ မိန်းမများ .............. ၂၇၅
သမီးကိုကျူးလွန်သောဖခင် .......................... ၂၇၆
လူနှင့် တိရစ္ဆာန် ........................................ ၂၇၆
ယောကျ်ား၊ ယောကျ်ားချင်း .......................... ၂၇၇
သူများလင်ခိုးသော မိန်းမ .............................. ၂၇၇
အပြစ်ကြီးငယ် အသွယ်သွယ် .......................... ၂၇၇
နန္ဒလုလင်နှင့် ဥပ္ပလဝဏ်ထေရီမ ...................... ၂၇၈
ကာမေသုမိစ္ဆာစာရကံနှင့် ပရဒါရကံ .................. ၂၇၉
ကာမေသုမိစ္ဆာစာရကံ၏ ဆိုးကျိုးများ ................ ၂၈၀
ကာမေသုမိစ္ဆာစာရကံမှ ရှောင်ကြဉ်ရကျိုး ............ ၂၈၁

ဤကံကြောင့် ငရဲကျသူလေးဦး ...................... ၂၈၂
ဤကံကြောင့် မိန်းမ စသည် ဖြစ်ရသူများ ........... ၂၈၃
အင်္ဂါနှင့် အပြစ်ပြကဗျာ ................................ ၂၈၅
◆ **မုသာဝါဒ သိက္ခာပုဒ်အဖွင့်** .......................... ၂၈၅
မုသာဝါဒ အင်္ဂါလေးပါး ................................ ၂၈၆
မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း .......... ၂၈၈
မှားယွင်းစေလိုသောစိတ်ရှိခြင်း ..................... ၂၈၈
ကိုယ်နှုတ်တို့ဖြင့် လိမ်ညာခြင်း ........................ ၂၈၈
အလိမ်ခံရသူက အဓိပ္ပာယ်ကို သိရှိနားလည်ခြင်း .... ၂၉၀
မုသာဝါဒ ဖြစ်,မဖြစ် စိစစ်စရာ ပြဿနာများ ...... ၂၉၁
သတိထားစရာ မုသာဝါဒါ ........................... ၂၉၆
အပြစ်ကြီးငယ် အသွယ်သွယ် ........................ ၂၉၇
မုသာဝါဒကံ၏ ဆိုးကျိုးများ ......................... ၂၉၈
မုသာဝါဒမှ ရှောင်ကြဉ်ရကျိုးများ .................... ၃၀၀
အင်္ဂါနှင့် အပြစ်အချုပ်ပြကဗျာ ........................ ၃၀၁
◆ **သုရာမေရယ သိက္ခာပုဒ်အဖွင့်** ..................... ၃၀၁
အင်္ဂါ ၄–ပါး .......................................... ၃၀၃
မူးယစ်စေတတ်သောအရာတစ်မျိုးမျိုးဖြစ်ခြင်း ........ ၃၀၃
ခံတွင်းထဲ (သို့မဟုတ်) ခန္ဓာကိုယ်ထဲသို့ဝင်ခြင်း ..... ၃၀၄
သေရည်သေရက်သောက်ခြင်းသည် အပြစ်ရှိ,မရှိ ...... ၃၀၄
အကုသလကမ္မပထ ဆယ်ပါးတွင် မပါဝင်ခြင်း ..... ၃၀၆
သုရာမေရယသည် ကမ္မပထ မြောက်,မမြောက် ..... ၃၀၉
ဤကံနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ ........... ၃၁၁
အပြစ်ကြီးငယ် အသွယ်သွယ် ...................... ၃၁၃
သုရာမေရယပါနကံ၏ ဆိုးကျိုးများ ................. ၃၁၃
ဆောင်ပုဒ်လင်္ကာ .................................... ၃၁၄

ဆိုးကျိုးပြဝတ္ထုများ ............................ ၃၁၅
သုရာမေရယပါနမှ ရှောင်ကြဉ်ရကျိုးများ ............ ၃၁၆
အင်္ဂါနှင့် အပြစ်အချုပ်ပြကဗျာ ...................... ၃၁၇
ဆရာဝန်ကြီး တင်ပြမှု အစဉ်သတိပြု ................ ၃၁၇
သီလအကျင့် စောင့်ထိန်းသင့် ........................ ၃၁၈
◆ **အပျို လူပျိုတို့ ငါးပါးသီလ (ကောမာရဗြဟ္မစရိယသီလ)** ၃၁၉
ဗြဟ္မစရိယပဥ္စမသီလ .............................. ၃၂၃
ဗြဟ္မစရိယပဥ္စမဧကဘတ္တိကသီလ ..................... ၃၂၄
ငါးပါးသီလ အကျိုးပြဝတ္ထု ........................ ၃၂၆
◆ **အာဇီဝဋ္ဌမကသီလ** ..................................... ၃၂၇
အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ ..................... ၃၃၀
ပိသုဏာဝါစာ သိက္ခာပုဒ်အဖွင့် ........................ ၃၃၀
အင်္ဂါ ၄–ပါး .............................................. ၃၃၁
အပြစ်ကြီးငယ် အသွယ်သွယ် .......................... ၃၃၂
◆ **ဖရုသဝါစာ သိက္ခာပုဒ်အဖွင့်** ........................ ၃၃၂
သိက္ခာပုဒ် အင်္ဂါ ၃–ပါး ................................ ၃၃၆
ဆဲရေးခြင်း ၁၀–မျိုး .................................... ၃၃၇
အပြစ်ကြီးငယ် အသွယ်သွယ် ............................ ၃၄၀
အင်္ဂါနှင့် အပြစ်အချုပ်ပြကဗျာ ........................ ၃၄၀
◆ **သမ္ဖပ္ပလာပ သိက္ခာပုဒ်အဖွင့်** ........................ ၃၄၁
သိက္ခာပုဒ်အင်္ဂါ ၂–ပါး ................................ ၃၄၂
အပြစ်ကြီးငယ် အသွယ်သွယ် .......................... ၃၄၆
အင်္ဂါနှင့် အပြစ်ပြကဗျာ ................................ ၃၄၆
◆ **မိစ္ဆာဇီဝ သိက္ခာပုဒ်အဖွင့်** ........................... ၃၄၇
◆ **ဥပုသ် (ရှစ်ပါး)သီလ** ................................. ၃၅၀
ဥပုသ်မဟုတ်သော နေ့တို့၌

ဥပုသ်စောင့်ကောင်း၊ မစောင့်ကောင်း ................ ၃၅၁
ဥပုသ်စောင့်ပုံ အစီအစဉ် ............................ ၃၅၂
ဥပုသ်သီလ ဆောက်တည်ပုံ ........................ ၃၅၃
◆ **ဝိကာလဘောဇန သိက္ခာပုဒ်အဖွင့်** .................... ၃၅၄
ကာလိကလေးမျိုး .................................... ၃၅၅
နစ္စဂီတစသော သိက္ခာပုဒ်အဖွင့် ...................... ၃၅၉
မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ..... ၃၆၁
ဥစ္စာသယန မဟာသယန သိက္ခာပုဒ်အဖွင့် .......... ၃၆၁
အကျိုးအပြစ် ........................................ ၃၆၄
ဥပုသ် (၃)မျိုး ...................................... ၃၆၅
ဥပုသ်သီလစောင့်သုံးရကျိုး .......................... ၃၆၉
ကောင်းစွာစောင့်မှ အကျိုးရ .......................... ၃၇၀
◆ **နဝင်္ဂဥပုသ်ခေါ် ကိုးပါးသီလအဖွင့်** .................. ၃၇၂
ဆရာတော်ဘုရားကြီးများ၏ အယူအဆများ ........ ၃၇၃
မေတ္တာကိုသာ အင်္ဂါတစ်ခုအဖြစ် ဟောရပုံ .......... ၃၇၇
◆ **ဆယ်ပါးသီလ** ........................................ ၃၇၈
နစ္စဂီတနှင့် မာလာဂန္ဓတို့ တွဲရ၊ ခွဲရပုံ .............. ၃၇၈
ဇာတရူပ သိက္ခာပုဒ်အဖွင့် ............................ ၃၈၀
ဤသိက္ခာပုဒ်လာ အင်္ဂါများ .......................... ၃၈၂
သီလ၊ အယုတ်၊ အလတ်၊ အမြတ် .................. ၃၈၂
အကျိုးနှင့်အပြစ် ...................................... ၃၈၂
လူများ ၁၀-ပါးသီလ စောင့်ကောင်းသလား ......... ၃၈၃
တစ်ပါးသီလ ရှိသလားတဲ့ ............................ ၃၈၅
တစ်ပါးသီလ စောင့်ကောင်းခြင်း ...................... ၃၈၆
တစ်ထိုင်သီလ၊ ကျောင်းနေသီလ ...................... ၃၈၈
ညပိုင်း၌သာ သီလစောင့်ထိန်းရကျိုး ................ ၃၈၉

နေ့တစ်ဝက်ဥပုသ်စောင့်ရကျိုး ........................ ၃၉၁
◆ **သုစရိတ (သုစရိုက်) ဆယ်ပါးသီလ** ................. ၃၉၅
ဒုစရိုက်နှင့် သုစရိုက် .................................. ၃၉၆
သုစရိတသီလ ဆောက်တည်ပုံ ........................ ၃၉၇
အဘိဇ္ဈာ သိက္ခာပုဒ်အဖွင့် .............................. ၃၉၈
အဘိဇ္ဈာ၏အင်္ဂါ ၂-ပါး .................................. ၃၉၉
အပြစ်ကြီးငယ် အသွယ်သွယ် ........................ ၄၀၀
ဗျာပါဒသိက္ခာပုဒ်အဖွင့် ................................ ၄၀၀
ဗျာပါဒ အင်္ဂါ ၂-ပါး .................................... ၄၀၁
အပြစ်ကြီးငယ် အသွယ်သွယ် ........................ ၄၀၂
◆ **မိစ္ဆာဒိဋ္ဌိ သိက္ခာပုဒ်အဖွင့်** .......................... ၄၀၂
မိစ္ဆာဒိဋ္ဌိ ၂-မျိုး ........................................ ၄၀၃
နတ္ထိက မိစ္ဆာဒိဋ္ဌိ .................................... ၄၀၄
အဟေတုကဒိဋ္ဌိ ............................................ ၄၀၅
အကိရိယဒိဋ္ဌိ .............................................. ၄၀၆
နိယတနှင့် အနိယတ ..................................... ၄၀၇
မိစ္ဆာဒိဋ္ဌိအင်္ဂါ ၂-ပါး .................................. ၄၀၈
အပြစ်ကြီးငယ် အသွယ်သွယ် ........................ ၄၀၈
◆ **ဒုစရိုက်ကံ (၄၀)** .................................... ၄၀၉
ဝဏ္ဏဘာသနဒုစရိုက် .................................. ၄၁၀
သမနုညာဒုစရိုက် ...................................... ၄၁၀
◆ **သီလကို ညစ်ညူးစေနိုင်သောတရားများ** ................ ၄၁၃
သီလစင်ကြယ်ခြင်း ...................................... ၄၁၅
ဤသီလမျိုးဖြစ်အောင် ကြိုးစားပါ .................. ၄၁၆
သီလစောင့်ထိန်းရကျိုးများ ............................ ၄၁၇

# နိဒါန်းနှင့် မိတ်ဆက်လွှာ

## နိဒါန်း

ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်များ အားလုံးလိုလို ဘာသာရေးဘက်တွင် အားနည်းချက်များ ရှိကြ၏။ ဘာသာရေးဗဟုသုတ ခေါင်းပါးကြ၏။ “ခင်ဗျားတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဘာသာမျိုး ဖြစ်ပါသလဲ”ဟု ဘာသာခြား တစ်ဦးတစ်ယောက်က မေးလာခဲ့လျှင်သော်လည်းကောင်း၊ “ကျွန်တော်၊ ကျွန်မတို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာဟာ ဘယ်လိုဘာသာမျိုးလဲ”ဟု သားသမီးစသူတို့က မေးလာလျှင်သော်လည်းကောင်း မေးသူနားလည်အောင် အမှန်အတိုင်း ပြန်လည်ဖြေကြားတတ်သူကား အလွန်ရှား၏။ စာရှုသူပဲ ဤမေးခွန်းကို ဖြေကြားကြည့်စမ်းပါလေ။

စာရေးသူသည် အခြားဘာသာဝင်များကို သူတို့ဘာသာအကြောင်း မကြာခဏ မေးမြန်းကြည့်ဖူး၏။ ဘာသာခြား လူငယ်များကစပြီး သူတို့ဘာသာအကြောင်းကို သူတို့နားလည်အောင် အခြေခံမှစပြီး ရှင်းပြတတ်ကြသည်ကို တွေ့ရ၏။ ထို့ကြောင့် စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များလည်း လူငယ်လူရွယ်တွေကစပြီး “ငါတို့ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဆိုတာ ဒီလိုဘာသာမျိုးဖြစ်တယ်”ဟု အကျယ်ရှင်းမပြတတ်သည့်တိုင်အောင် အခြေခံအကြောင်းအရာ အချက်အလက်များကိုတော့

မေ သူကျေနပ်အောင် အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် ဖြေရင် ပြောပြ တတ်စေချင်၏။ "ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေဟာ ဒါ [illegible]"ဟု လည်း လည်လည်ပတ်ပတ် ညွှန်ပြတတ်စေချင်ပါသည်။

ထို့ပြင် "ဗုဒ္ဓဘာသာဝင်အစ သရဏဂုံက" ဆိုသကဲ့သို့ သရဏဂုံကို ဆောက်တည်ပြီးမှ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာနိုင်သောကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံအကြောင်းကိုလည်း သိရှိဖို့ အထူးလိုအပ်၏။ ဗုဒ္ဓဘာသာဝင် လူရွယ်များများကို "သရဏဂုံသုံးပါးဆိုတာ ဘယ်ဟာတွေလဲ"ဟု မေးစမ်းကြည့်ဖူးရာ "ရတနာသုံးပါးပါပဲ"ဟု ဖြေဆိုသူ များကြ၏။ ရတနာသုံးပါးနှင့် သရဏဂုံသုံးပါး အတူတူပဲဟု အသိမှားနေကြသည့် ဗုဒ္ဓဘာသာဝင်တွေက များနေ၏။ ဤသည်မှာ လည်း ဘာသာရေး အားနည်းချက်တစ်ခု ဖြစ်၏။

ထို့ကြောင့် နတ်၊ ဘိုးတော်၊ မယ်တော် စသူတို့ကို ရှိခိုးလျှင် သရဏဂုံပျက်သည်ဟု ဆိုနေသူများ ရှိသကဲ့သို့ "မပျက်"ဟု ပြောဆို သူများလည်း ရှိနေကြ၏။ ထို့ပြင် ဗုဒ္ဓဘာသာဝင် (ဥပါသကာ)ကောင်း တစ်ယောက်ဖြစ်ရန် လိုအပ်သည့် အင်္ဂါရပ်များကို သိသူရှားသကဲ့သို့ မည်သို့ပြုမူလျှင် ဗုဒ္ဓဘာသာဝင် (ဥပါသကာ)ပျက်ဖြစ်သည်ကို သိသူ များလည်း နည်းပါးနေကြ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာပင် အမည်ခံသူ အားလုံး သရဏဂုံအကြောင်းနှင့် ဗုဒ္ဓဘာသာဝင် (ဥပါသကာ)ကောင်း၊ ဗုဒ္ဓဘာသာဝင် (ဥပါသကာ)ပျက်အကြောင်းတို့ကို ကောင်းစွာ သိထား သင့်ကြ၏။ သိထားစေချင်ပါသည်။

ဗုဒ္ဓဘာသာ၌ ဒါနအကြောင်းကို ထူးထူးခြားခြား အသေးစိတ် ဟောကြားထား၏။ လှူဒါန်းရာ၌ ဖြစ်သလိုလှူဒါန်းရသည်မဟုတ်၊ စည်းကမ်းချက်များရှိ၍ စနစ်ကျန၏။ အမှတ်မဲ့ မလှူရ၊ စိတ်စေတနာ များ ထားတတ်ရ၏။ လှူဒါန်းနည်းများကား စုံလှ၏။ သို့ရာတွင် လှူဒါန်းတတ်ပါမှ ညောင်စေ့လောက်လှူရုံမျှဖြင့် ညောင်ပင်ကြီးလောက် အကျိုးမျိုးကို ရရှိနိုင်၏။ မလှူဒါန်းတတ်ပါက ညောင်ပင်ကြီးလောက်

လှူစေကာမူ ညောင်စေ့မျှလောက်သော အကျိုးရ၏။ လှူဒါန်းနည်းကို လိုက်၍ ဒါနမျိုးကား စုံလှ၏။ ပုဂ္ဂလိကဒါန၊ သံဃိကဒါန၊ အကျိုးနည်းသောဒါန၊ အကျိုးကြီးသောဒါန၊ သံသရာလည်သောဒါန၊ သံသရာမှ လွတ်မြောက်သောဒါန၊ သူတော်ကောင်းဒါန၊ သာသနာပဒါန၊ သာသနာတွင်းဒါန၊ သက်ရှည်ဒါန၊ ပညာဉာဏ်ကြီးသည့်ဒါန၊ အကျိုးကြီးသည့်ဓမ္မဒါန၊ အကျိုးနည်းသည့် အာမိသဒါန၊ လှူဒါန်းသော်လည်း ကုသိုလ်မရ အကုသိုလ်သာရ ဒါန စသည်ဖြင့် များလှ၏။

သို့သော် ယခုကာလ လှူနေကြသည့် ဒါနမျိုးကား အများအားဖြင့် ဗုဒ္ဓနည်းကျ လှူဒါန်းနည်းကို နားမလည် လွယ်လွယ်နှင့် လှူဒါန်းနေကြသဖြင့် ညောင်ပင်ကြီးလောက် လှူဒါန်းနေကြသော်လည်း ညောင်စေ့လောက်သာ အကျိုးရနိုင်သော ဂုဏ်ပကာသနကို ရှေ့တန်းတင်နေကြသည့် အလှူမျိုးသာ များနေကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ လှူဒါန်းရကျိုးနပ်အောင် စနစ်တကျ လှူဒါန်းတတ်စေချင်၏။ အကျိုးကြီးသောဒါနမျိုး ဖြစ်စေချင်၏။ ဗုဒ္ဓနည်းကျကျ လှူဒါန်းတတ်စေလိုပေသည်။

ထိုလှူဒါန်းမှုဒါနမှာ လှူဖွယ်ပစ္စည်းပေါ်၌ တွယ်တာမှုလောဘနှင့် သူတစ်ပါးအား မပေးရက်လို ဝန်တိုမှု မစ္ဆရိယတရားတို့ကို တဒင်္ဂအားဖြင့် ဖယ်ရှားနိုင်ရသောကြောင့် အကျင့်တရားဟုပင် ခေါ်ဆိုရ၏။ သို့သော် ဒါနအကျင့်ကား "အလှူဒါန ပြုကြသူငါ" ဆိုသည့်အတိုင်း အကျင့်ရ လွယ်ကူ၏။ မကောင်းသည့်ကိုယ်မှု၊ နှုတ်မှုတို့ကို စောင့်ထိန်းရသော သီလကျင့်မှာမူ ဒါနထက် ပိုခက်၏။ ပို၍ အကျိုးကြီးမား၏။ ကိုယ်မှု၊ နှုတ်မှု ကောင်းမှ ကိုယ်ကျင့်တရား ကောင်းသည်ဟု ဆိုရ၏။

သို့သော် ဗုဒ္ဓဘာသာဝင် အများစုကား သီလအကြောင်းကို ကောင်းကောင်းနားလည်သူ ရှား၏။ ငါးပါးသီလကိုပင် ပီသအောင် မဆိုတတ်သူများပင် ရှိသေး၏။ အဒိန္နာဒါနကို အဒိန္နဒါန၊ မုသာဝါဒါကို မုသာဝါဒါ၊ သုရာမေရယကို သူရာမေရယဟု အမှားဆိုနေကြသူ၊

နှုက်ကျို နေသူတွေက များ၏။ စာရေးသူကား ငါးပါးသီလမှ စပြီး သီလသိက္ခာပုဒ်များကိုလည်း ပိပိသသဆို၍ ဆောက်တည်စေချင်၏။ စောင့်ထိန်းတတ်စေချင်၏။ မည်သို့ပြုမူလျှင် သိက္ခာပုဒ်ညှိုးနွမ်းသည်၊ ပျက်ရပျက်သည်၊ ပျက်ရုံမျှမက ကမ္မပထမြောက်ပြီး အပါယ်သို့ ကျရောက်စေနိုင်သည်မှ စ၍ သီလကျိုးပေါက် ပြောက်ကျားပုတို့ကိုပါ သိစေချင်၏။ အထူးသဖြင့် သီလဆောက်တည်ပုံ ဆောက်တည်နည်း အမျိုးမျိုးနှင့်တကွ သီလမလုံလျှင် ခံရမည့်အပြစ်များနှင့် လုံခြုံလျှင် ခံစားရမည့် အကျိုးတရားများပါ အသေးစိတ် သိထားရန် ဗုဒ္ဓဘာသာဝင်တိုင်း၌ တာဝန်ကိုယ်စီ ရှိကြကြောင်းကို ကောင်းစွာ သိစေချင်ပါသည်။ ဤသည်တို့မှာ ဤစာအုပ်ကို စီရင်ရေးသားရခြင်း၏အကြောင်းရင်းနိဒါန်းပင် ဖြစ်ပါသည်။

## မိတ်ဆက်လွှာ

ဤစာအုပ် ရေးသားရခြင်း၏ အကြောင်းရင်းနိဒါန်းကို ရေးသားပြီးနောက် စာဖတ်သူများအား ဤစာအုပ်နှင့် မိတ်ဆက်ပေးလိုပါသေး၏။ စာရေးသူသည် ဤ"ဗုဒ္ဓဘာသာဂုဏ်ရည်" စာအုပ်ကို အခန်းကြီး (၄)ခန်း ဖွဲ့ကာ စီရင်ရေးသားထား၍ အခန်း (၁)တွင် ဗုဒ္ဓဘာသာဝင်တို့ ပထမဆုံး သိထားကြရမည့် "ဗုဒ္ဓဘာသာ၌ရှိသော ဂုဏ်အင်္ဂါကြီး (၄)ရပ်"ကို ရှေးဦးစွာ ဖတ်ရှုကြရမည်ဖြစ်ရာ "ဗုဒ္ဓဘာသာဆိုသည်မှာ မည်ကဲ့သို့သော ဘာသာမျိုးဖြစ်သည်"ဟု မိမိကိုယ်တိုင်လည်း သဘောပေါက် နားလည်သွားမည်။ အခြားသူများအားလည်း မိမိဘာသာအကြောင်းကို ကောင်းစွာ ပြောပြတတ်သွားမည်။

အခန်း(၂) သရဏဂုံခန်းကို ဖတ်ရှုရသည့်အခါ၌လည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖို့ ကေန်နားလည်ထားရမည့် သရဏဂုံအကြောင်းကို အသေးစိတ် သိရှိသွားမည်။ ထိုအခါ နတ်၊ ဘိုးတော် စသော ပုဂ္ဂိုလ်တို့ကို ကိုးကွယ်ကောင်း မကောင်း၊ ကိုးကွယ်လျှင် သရဏဂုံ

ပျက်၊ မပျက် စသည်တိုကို ကျမ်းဂန်လာသည့်အတိုင်း သဘောပေါက်နားလည်သွားမည့်အပြင် သရဏဂုံအကျိုး၊ သရဏဂုံတန်ခိုးများနှင့် ဗုဒ္ဓဘာသာကောင်းတစ်ယောက်၌ ရှိရမည့် အရည်အသွေးများ၊ ဗုဒ္ဓဘာသာဝင်အဖြစ်မှ လျှောကျသွားနိုင်သော လုပ်ရပ်များကိုလည်း တဝကြီး ဖတ်ရှုမှတ်သားရပေမည်။

ဒါနနှင့် သီလတို့ကား လိုက်နာကျင့်ကြံရမည့် တရားများဖြစ်၍ ဗုဒ္ဓနည်းကျကျ အကျိုးရှိရှိ လိုက်နာကျင့်ကြံတတ်ကြစေရန် အခန်း (၃) ဒါနခန်းနှင့် အခန်း (၄) သီလခန်းတို့ကို မကျဉ်းမကျယ် လိုက်နာဖွယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ တင်ပြထားသည်ကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုမှတ်သားရပေမည်။ အထူးသတိထားသင့်သည်မှာ ထိုတရားများကား ဖတ်ရှုသိမြင်ရုံဖြင့် မပြီး၊ သိသည့်အတိုင်း လိုက်နာကျင့်ကြံကြရမည့် အကျင့်တရားများဖြစ်၏။ သိသည့်အတိုင်း စနစ်တကျ လိုက်နာကျင့်ကြံနိုင်ကြမှ အသိတရားသည် အကျိုးများ၏။ အကျိုးရှိ၏။ သိရကျိုးနပ်၏။ သိသည့်အတိုင်း မကျင့်ကြံနိုင်လျှင် မသိသူများနှင့် တစ်တန်းတစ်စားတည်း ဖြစ်သည်။

ကျေးဇူးရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီးက "သိသာသိ၍ မကျင့်သူများသည် မီးအိမ်ထမ်းသွားသည့် မျက်ကန်းနှင့်လည်းတူ၏။ နားထိုင်းနေသော စောင်းတီးသမားနှင့်လည်း တူ၏။ မျက်ကန်းသည် မျက်စိကန်းနေသည့်အတွက် မိမိထမ်းသွားသော မီးအိမ်၏ အလင်းရောင်သည် သူ့အဖို့ မည်သို့မျှ အကျိုးမရှိသကဲ့သို့၊ စောင်းတီးသမားသည်လည်း နားထိုင်းနေသည့်အတွက် စောင်းသံသည် သူ့အဖို့ မည်သို့မျှ အကျိုးမရှိသကဲ့သို့၊ ထို့အတူ အသိတရားရှိသော်ငြားလည်း သိသည့်အတိုင်း မကျင့်နိုင်သူလည်း ထိုအသိတရားများ၏ အကျိုးများကို မခံစားရသဖြင့် သိရကျိုး မနပ်ဖြစ်သည်"ဟု "ကျမ်းဂန်စာပေ၊ များတတွေ၊ ပို့ချနေသည့် မောင်ကျမ်းတတ်။ ကိုယ်မကျင့်ကြံ၊ ဖြစ်တုံပြန်၊ မီးရှူးထမ်းဟန် သူကန်းမှတ်" စသည်ဖြင့် ဆုံးမဩဝါဒပေးခဲ့

သည်။

"သုတမရှိ၊ သီလရှိက၊ သီလအတွက်၊ နှစ်သက်ကုန်ကြ၊ ချီးမွမ်းရ၏၊ သီလမရှိ၊ သုတရှိသော်၊ တတ်သိချည်းနီး၊ ကျိုးမဲ့ကြီးဟု၊ မချီးမွမ်းကြ၊ ကဲ့ရဲ့ရ၏၊ သုတသီလ၊ စွယ်စုံလှမူ၊ ထိုသူကို၊ နတ်လူကောင်းချီး၊ ခေါ်မငြီးဘူး၊ မငြိုရှုမြော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ချီးမွမ်းထိုက်ရှင့်"ဟု အသိတရားရှိကြောင်းစေကာ သီလစသည့် အကျင့်တရား ရှိပါကြောင်း အကျိုးတရားကြီးများပုံကို ကျေးဇူး ရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာသစ်တွင် လမ်းညွှန်ထားတော်မူခဲ့သည်။

ထို့ကြောင့် ဤဗုဒ္ဓဘာသာဂုဏ်ရည်ကျမ်းကို ဖတ်ရှုလေ့လာပြီးသော စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေအပေါင်းတို့သည်လည်း ဆရာတော်ဘုရားကြီးများ ဆုံးမလမ်းညွှန်တော်မူထားကြသည့်အတိုင်း အသိတရား၌သာ ရပ်တန့်မနေဘဲ အကျင့်အထိ တက်လှမ်းကြိုးကုတ် အားထုတ်နိုင်ကြ၍ သုတသီလ စွယ်စုံလှသူများ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

**ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ)**
**မဟာသဒ္ဓမ္မဇောတိကဓဇ**

# ဗုဒ္ဓဘာသာဂုဏ်ရည်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## (၁) ဗုဒ္ဓဘာသာအခန်း

### ဗုဒ္ဓဘာသာဆိုသည်မှာ

ကမ္ဘာပေါ်တွင် ကမ္ဘာ့လူသားများ ယုံကြည်ကိုးကွယ်နေကြသည့် ဘာသာများမှာ အမျိုးမျိုးအစားစား ရှိပါသည်။ ထိုတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မဟာမေဒင်ဘာသာ ဟူသော ဘာသာလေးမျိုးတို့သည် ကမ္ဘာ့လူသား အများစုတို့ ကိုးကွယ်ကြ၍ ထင်ရှားသော ဘာသာကြီးများ ဖြစ်ကြ၏။ ဘာသာတိုင်း၌ လူသားတို့ လိုက်နာကျင့်ကြံရမည့် ကျင့်စဉ်တရားများ ရှိကြ၏။ အနည်းအများနှင့် အမှန်အမှားသာ ကွာခြားကြ၏။

ကျင့်စဉ်တရားများသည် ဘာသာ၏အနှစ်သာရများ ဖြစ်ကြ၏။ အသိပညာရှင်များသည် ဘာသာတစ်ခု၏ ကျင့်စဉ်တရားများကို ကြည့်ရှု လေ့လာခြင်းဖြင့် ထိုဘာသာ၏ အတိမ်အနက်နှင့် အနှစ်သာရ ရှိ,မရှိကို ခွဲခြားသိရှိနိုင်ကြသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၌လည်း လူသားတို့ လိုက်နာကျင့်ကြံရန် ကျင့်စဉ်တရားများ အမြောက်အမြား ရှိပေသည်။

ထိုဗုဒ္ဓဘာသာလာ ကျင့်စဉ်တရားများမှာ အချုပ်အားဖြင့် ဒါန၊ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်ကြီး လေးဖြာ ဖြစ်၏။ ထိုလေးပါးတွင် ဒါနကျင့်စဉ်၏ အခိုင်အမာ အနှစ်သာရဖြစ်ပုံကို ကဏှဇာတ်တော်တွင် မြတ်စွာဘုရား ဟောကြားထား၏။ ကမ္ဘာလူသားများ အသီးသီး ပိုင်ဆိုင်ထားသည့် ပစ္စည်းဥစ္စာအားလုံးသည် ရေ၊ မီး၊ မင်းဆိုး၊ သူခိုး၊ အမွေခံဆိုးဆိုသည့် ရန်သူမျိုးငါးပါးနှင့် အမြဲဆက်ဆံ ဝိုင်းရံနေသောကြောင့် အခိုင်အမာ အနှစ်သာရမရှိသည့်အရာများ ဖြစ်ကြ၏။ ထိုအခိုင်အမာ အနှစ်သာရမဟုတ်သည့် ပစ္စည်းဥစ္စာများ၏ အနှစ်သာရကား ထိုပစ္စည်းဥစ္စာများကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်ပင် ဖြစ်၏။ ထိုဒါနကုသိုလ်ကား မည်သည့်ရန်သူမျှ မဖျက်ဆီးနိုင်သဖြင့် အခိုင်အမာ တည်ရှိနေသည့် အနှစ်သာရတရားဖြစ်သည်ဟု ဟောကြားထား၏။

သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်တရားတို့၏ အနှစ်သာရတရားဖြစ်ပုံကား ဓမ္မပဒလာ၊ သာရိပုတ္တတ္ထေရဝတ္ထုရှိ "သာရေစသာရဒဿိနော"စသော ဒေသနာတော်တွင် လာရှိ၏။ ဒေသနာတော်၌ မိစ္ဆာအယူရှိသူတိုင်းသည် ကာမဂုဏ်တရား အာရုံငါးပါးကို လိုက်စားနေကြသောကြောင့် သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနဆိုသည့် အနှစ်သာရများနှင့် ပရမတ္ထ အနှစ်သာရဖြစ်သော နိဗ္ဗာန်ကို မရရှိနိုင်ကြကုန်ဟု မိန့်ဆိုထား၏။ ဤသို့ ဒါန၊ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်ကြီးလေးဖြာတို့သည် ဗုဒ္ဓဘာသာ၌ အနှစ်သာရများ ဖြစ်ကြသည်။ ထိုဗုဒ္ဓဘာသာ၏ အနှစ်သာရများဖြစ်သည့် ကျင့်စဉ်တရားတို့ကို ဗုဒ္ဓဘာသာဝင်၊ သူတော်စင်တို့ စနစ်တကျ လိုက်နာကျင့်သုံးနိုင်ကြရန်နှင့် အခြားဘာသာဝင်များ လေ့လာသိရှိနိုင်ကြရန် တင်ပြသွားပါမည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့တွင် လူအများစုမှာ ဗုဒ္ဓဘာသာ၏ ထူးခြားသော ဝိသေသလက္ခဏာ ဂုဏ်အင်္ဂါများကို နားမလည်ကြ၊ မသိရှိကြချေ။ အခြားဘာသာဝင်တစ်ဦးက "ဗုဒ္ဓ

ဘာသာဆိုတာ ဘယ်လိုဘာသာမျိုးပါလဲ"ဟုမေးလာလျှင် မေးလာသူ နားလည်အောင် ရှင်းပြတတ်သူ ဗုဒ္ဓဘာသာဝင်ကား အလွန်ရှား၏။ အခြားဘာသာဝင်တို့မှာမူ သူတို့ဘာသာအကြောင်းကို အများအားဖြင့် နားလည်ထားကြ၏။ မေးလာသူ နားလည်အောင် သူတို့ဘာသာ၏ အခြေခံသဘောတရားများကို ရှင်းပြတတ်ကြ၏။ ထို့အတူ ဗုဒ္ဓဘာသာဝင်တစ်ယောက်သည်လည်း ဗုဒ္ဓဘာသာ၏ အကြောင်းကို အခြေခံကျကျ နားလည်ထားသင့်၏။ မေးလာသူ နားလည်အောင် ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများကို ရှင်းပြတတ်သင့်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာကျင့်စဉ်တရားများကို မတင်ပြမီ "ဗုဒ္ဓဘာသာဆိုသည်မှာ ဤကဲ့သို့သော ဘာသာမျိုးဖြစ်သည်"ဟု ကိုယ်တိုင်သိမြင်နားလည်ထားရန်နှင့် ဘာသာခြားများအားလည်း ရှင်းပြတတ်ရန် ဗုဒ္ဓဘာသာ၏ ထူးခြားသော ဝိသေသလက္ခဏာ ဂုဏ်အင်္ဂါများကို ရှေးဦးစွာ ရှင်းလင်းတင်ပြပါမည်။

## ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓသာသနာ

ရှေးအခါက ဗုဒ္ဓဘာသာကို "သမ္မာဒိဋ္ဌိ" (မှန်ကန်သော အယူအမြင်)၊ ဗုဒ္ဓဘာသာဝင်ကို "သမ္မာဒိဋ္ဌိက" (မှန်ကန်သောအယူအမြင်ရှိသူ)ဟု သုံးစွဲခဲ့ကြသည်ကို ပါဠိအဋ္ဌကထာ စသော ကျမ်းဂန်များ၌ တွေ့ရ၏။ ယခုအခါ ကျမ်းဂန်များ၌သုံးစွဲခဲ့သော သမ္မာဒိဋ္ဌိကို ဗုဒ္ဓဘာသာဟူ၍လည်းကောင်း၊ သမ္မာဒိဋ္ဌိကကို ဗုဒ္ဓဘာသာဝင်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲလျက် ရှိကြသည်။ ဤဗုဒ္ဓဘာသာဟူသော ဝေါဟာရကို အင်္ဂလိပ်–မြန်မာ အဘိဓာန်ကျမ်းပြု ဆရာကြီး ယုဒသန် (ဂျပ်ဆင်)က ပထမဆုံးတီထွင်ခဲ့သည်ဟု အချို့က ဆိုကြ၏။ ထို့ပြင် အချို့ပညာရှင်များကမူ သာလွန်မင်းတရားကြီးအမိန့်တော်ဖြင့် တောင်ဖီလာပုဂ္ဂိုလ်ကျော် ဆရာတော်နှင့် ကိုင်းရွာစားအမတ်ကြီး မနုရာဇာတို့ မြန်မာသက္ကရာဇ် ၉၉၁ ခု (၁၆၂၉ အေဒီ)တွင် စီရင်ပြုစုခဲ့ကြသည့်

မနုသာရရွှေမျဉ်း မြန်မာသတ်ပေါ် မဟာရာဇသတ်ကြီး စာမျက်နှာ ၁၇၅ ၌ "ရှင်ဂေါတမ သာသနာဝင်၊ ဗုဒ္ဓဘာသာ ရဟန်းတော်တို့"ဟူ၍လည်း ကောင်း၊ "ဗုဒ္ဓဘာသာ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင် လူရှင်အပေါင်း တို့"ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့သည်ကို တွေ့ရ၍ သာလွန်မင်းတရားကြီးလက်ထက်ကပင် "ဗုဒ္ဓဘာသာ"ဟူသော အသုံးအနှုန်း ရှိခဲ့ကြောင်း ဆိုကြ၏။

ထိုသို့ ယူဆပြောဆိုကြသော်လည်း မျက်မှောက်ခေတ်တွင် ထိုဝေါဟာရမှာ မြန်မာစာပေလောကတွင် အလွန်တွင်ကျယ်နေပြီဖြစ်၍ စတင်သုံးစွဲသူနှင့် ပတ်သက်၍ ပြဿနာမရှိပါ။ ပြဿနာရှိသည်မှာ ထိုဝေါဟာရသည် ဆိုလိုသည့် အဓိပ္ပာယ်ကို အံဝင်ခွင်ကျ အပြည့်အစုံ ဖော်ဆောင်နိုင်၊ မဖော်ဆောင်နိုင်၊ ကျမ်းဂန်သုံး "သမ္မာဒိဋ္ဌိ"ဝေါဟာရနှင့် လိုက်လျောညီထွေ ရှိ,မရှိပင်ဖြစ်၏။ အချို့ပညာရှင်များက ပါဠိစာပေကျမ်းဂန်များ၌ "ဗုဒ္ဓဘာသာ"ဟူသော ဝေါဟာရ မရှိ၊ "ဗုဒ္ဓသာသနာ"ဟူသော ဝေါဟာရသာရှိ၍ ဗုဒ္ဓဘာသာအစား ဗုဒ္ဓသာသနာကို သုံးစွဲသင့်သည်ဟု ဆိုကြ၏။ အသုံးအလွန်တွင်ကျယ်နေပြီဖြစ်၍ ပြောင်းလဲသုံးစွဲရာ၌ မလွယ်ကူလှပေ။ ပြောင်းလဲသုံးစွဲပါက ဗုဒ္ဓဘာသာဝင်ကို ဗုဒ္ဓသာသနာဝင်ဟုပင် ပြောင်းလဲသုံးစွဲရမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် လူသူတော်စင်တို့မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ရောနှောသွားဖွယ်ရာရှိ၏။ ထို့ကြောင့် အသုံးတွင်ကျယ်နေပြီဖြစ်သော ဗုဒ္ဓဘာသာ ဝေါဟာရသည်လည်း ကျမ်းဂန်လာ မဟုတ်စေကာမူ ဆိုလိုသည့်အဓိပ္ပာယ်ကို အံဝင်ခွင်ကျ ဖော်ဆောင်နိုင်သည့်အပြင် ရှေးကကျမ်းဂန်သုံး သမ္မာဒိဋ္ဌိပုဒ်နှင့်လည်း အဓိပ္ပာယ်ချင်း လိုက်လျောညီထွေ ရှိရကား ထိုဗုဒ္ဓဘာသာဟူသော ဝေါဟာရကိုပင် ဆက်လက်သုံးစွဲသင့်သည်ဟု ယူဆပါသည်။

ရှင်းပြပါဦးမည်။ ဗုဒ္ဓဘာသာဟူသော ပါဠိဝေါဟာရသည် ဗုဒ္ဓနှင့် ဘာသာနှစ်ပုဒ်ကို "ဗုဒ္ဓါနံဘာသာ ဗုဒ္ဓဘာသာ"ဟု ပုဒ်တွဲစပ်ထားသော

ဝေါဟာရ ဖြစ်၏။ သဗ္ဗညုဘုရားရှင်တို့၏ စကားတော်ဟု အဓိပ္ပာယ် ရ၏။ (ဗုဒ္ဓ=သဗ္ဗညု၊ ဘုရားရှင်တို့၏+ဘာသာ=စကားတော်)။ စကားတော်ဆိုသည်မှာ တရားတော် (ဓမ္မ)၊ အဆုံးအမတော်(သာသန)တို့နှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဟူသော ဝေါဟာရသည် ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓသာသနဟူသော ဝေါဟာရတို့နှင့် ပုဒ်ကွဲပြားခြားနားသော်လည်း အဓိပ္ပာယ်အတူတူပင် ဖြစ်ပါသည်။

ထို့ပြင် မြတ်ဗုဒ္ဓ၏စကားတော်၊ အဆုံးအမတော်တို့သည် မှန်ကန်သော အယူအမြင် (သမ္မာဒိဋ္ဌိ)များပင် ဖြစ်ကြ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ စကားတော် တရားတော် အဆုံးအမတော်ဟု အဓိပ္ပာယ်ရှိသော ဗုဒ္ဓဘာသာဟူသောပုဒ်သည် မှန်ကန်သော အယူအမြင်ဟု အဓိပ္ပာယ်ရသော ကျမ်းဂန်သုံး သမ္မာဒိဋ္ဌိပုဒ်နှင့်လည်း အဓိပ္ပာယ်ချင်း လိုက်လျောညီထွေ ရှိပါပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဆိုသည်မှာ "သဗ္ဗညုဘုရားရှင်တို့၏ စကားတော် တရားတော် အဆုံးအမတော်များ"ဖြစ်၍ ထိုသဗ္ဗညုဘုရားရှင်တို့၏ စကားတော် တရားတော် အဆုံးအမတော်များကို လေးစားစွာ လိုက်နာကျင့်သုံးသူများကို "ဗုဒ္ဓဘာသာဝင်"ဟု ခေါ်ဆိုပါသည်။ ဤသည်မှာ "ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင်"တို့၏ အဓိပ္ပာယ်အကျဉ်းချုပ် ဖြစ်ပါသည်။

## ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဘာသာမျိုးလဲ

ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင် ဝေါဟာရတို့၏ အဓိပ္ပာယ်ကို အကျဉ်းချုပ် သိပြီးသည့်နောက် "ဗုဒ္ဓဘာသာဆိုသည်မှာ မည်ကဲ့သို့သော ဘာသာမျိုးဖြစ်သည်"ဟူသော အချက်များကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိထားရန်လို၏။ ဆက်လက်လေ့လာရန် လို၏။ ဗုဒ္ဓဘာသာတွင် အခြားဘာသာတို့နှင့်မတူ ကွဲပြားထူးခြားသော ဝိသေသလက္ခဏာဂုဏ်အင်္ဂါကြီး(၄)ရပ် ရှိ၏။ ထိုဗုဒ္ဓဘာသာ၏ ဝိသေသလက္ခဏာ

ဂုဏ်အင်္ဂါကြီး (၄)ရပ်ကို သိမြင်နားလည်ထားလျှင် ဗုဒ္ဓဘာသာသည် မည်ကဲ့သို့သောဘာသာမျိုးဖြစ်သည်ဟု ကိုယ်တိုင်သိရှိမည့်အပြင် အခြားသူများအားလည်း နားလည်အောင် ရှင်းပြနိုင်မည် ဖြစ်ပါသည်။ ထိုဝိသေသလက္ခဏာ ဂုဏ်အင်္ဂါကြီး (၄)ရပ်မှာ–

(၁) ဗုဒ္ဓဘာသာသည် သတ္တဝါတို့၌ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ နှစ်တန်သော ကံရှိ၏၊ ထိုကံများ၏ အကျိုးများလည်း ရှိ၏ဟု ကံကို အခြေခံထားသည့် ကမ္မဝါဒီ ဘာသာဖြစ်ခြင်း၊

(၂) ကံကို အခြေခံထားသော ဘာသာဖြစ်သော်လည်း အခြားကမ္မဝါဒီများကဲ့သို့ အတ္တဝါဒကို လက်မခံ၊ အနတ္တဝါဒကိုသာ အထွတ်အထိပ်ထားသောဘာသာဖြစ်ခြင်း၊

(၃) ကံကို အခြေခံ၍ အနတ္တဝါဒကို အထွတ်အထိပ်ထားသော ဘာသာဖြစ်၍ ထိုဝါဒများနှင့် လိုက်လျောညီထွေဖြစ်သည့် "ဒါန၊ သီလ၊ သမာဓိ၊ ပညာ"ဟူသော ကျင့်စဉ်ကြီးလေးဖြာ ရှိသောဘာသာဖြစ်ခြင်း၊

(၄) ဘဝသံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို နောက်ဆုံးပန်းတိုင်ထားသည် ဘာသာဖြစ်၍ ထိုကျင့်စဉ်ကြီးလေးရပ်ကို ကျင့်ခြင်းဖြင့် နောက်ဆုံး ပန်းတိုင်သို့ရောက်ရမည်ဟု ယုံကြည်သော ဘာသာဖြစ်ခြင်းတို့ ဖြစ်ပါသည်။

## ၁။ ကံကိုအခြေခံသည့်ဘာသာဖြစ်ပုံ

### ကံဆိုသည်မှာ

ဗုဒ္ဓဘာသာ၏ ဝိသေသလက္ခဏာကြီးလေးရပ်အနက် "ဗုဒ္ဓဘာသာသည် ကံကို အခြေခံထားသည့် ကမ္မဝါဒီဘာသာဖြစ်သည်" ဟူသော ပထမ ဝိသေသလက္ခဏာကို အတန်ငယ် ရှင်းပြပါမည်။ ကံဆိုသည်မှာ ပါဠိဘာသာ "ကမ္မ"ပုဒ်မှ ဆင်းသက်လာသော မြန်မာ

ဝေါဟာရဖြစ်၏။ အမှုအလုပ်ဟု အဓိပ္ပာယ်ရ၏။ ထိုအလုပ်သည် ကိုယ်ဖြင့်ပြုလုပ်သည့်အလုပ်(ကာယကံ)၊ နှုတ်ဖြင့်ပြောဆို သည့်အလုပ် (ဝစီကံ)၊ စိတ်ဖြင့်တွေးတောကြံစည်သည့်အလုပ် (မနောကံ)ဟု သုံးမျိုး ရှိ၏။

ထိုအလုပ်သုံးမျိုးသည် အကြောင်းမရှိဘဲ ဘာသိဘာသာ သူ့အလို အလျောက် ပေါ်ပေါက်လာကြသည်မဟုတ်။ စေတနာခေါ်သည့် နာမ် ဓာတ်တစ်မျိုးက တိုက်တွန်းလှုံ့ဆော်ပေးမှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် အကြောင်းတရားဖြစ်သည့် စေတနာကိုလည်း ဥပစာသဘောဖြင့် ကံဟုခေါ်ကြ၏။

ထို ကံဆိုသည့်အလုပ်သည်လည်း ကောင်းသောအလုပ်၊ မကောင်း သောအလုပ်ဟူ၍ နှစ်မျိုးရှိသည်။ ကောင်းသောအလုပ်ကို ကောင်းမှု ကုသိုလ်ကံဟုခေါ်၍ မကောင်းသောအလုပ်ကို မကောင်းမှုအကုသိုလ်ကံ ဟု ခေါ်သည်။ ကောင်းသောအလုပ်၊ မကောင်းသောအလုပ်ဟု သတ် မှတ်ရာမှာ မိမိထင်သလို သတ်မှတ်ဆုံးဖြတ်၍ မရပေ။ ထိုအလုပ်များ ၏ အင်္ဂါလက္ခဏာများကို ကြည့်၍ သတ်မှတ်ဆုံးဖြတ်ရ၏။

အပြစ်မရှိခြင်း (အနဝဇ္ဇ)၊ ကောင်းကျိုးချမ်းသာကိုပေးခြင်း (သုခ ဝိပါက)ဆိုသည့် အင်္ဂါနှစ်ရပ်နှင့်ညီသည့် အလုပ်မျိုးကို ကောင်းသော အလုပ် (ဝါ) ကောင်းမှုကုသိုလ်ကံဟု ခေါ်ရသည်၊ သတ်မှတ်ရသည်။ အပြန်အားဖြင့် အပြစ်ရှိခြင်း (သာဝဇ္ဇ)၊ ဆင်းရဲကျိုး၊ မကောင်းကျိုး ကိုပေးခြင်း (ဒုက္ခဝိပါက)ဆိုသည့် အင်္ဂါနှစ်ရပ်နှင့်ညီသော အလုပ်မျိုးကို မကောင်းသောအလုပ် (ဝါ) မကောင်းမှု အကုသိုလ်ကံဟု သတ်မှတ် ဆုံးဖြတ်ရသည်။ သတ္တဝါတိုင်း ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်မျိုးလုံး ကို ယခုလက်ရှိဘဝမှာ လုပ်ရှားပြုလုပ်နေကြသကဲ့သို့ ရှေးအတိတ် ဘဝများမှာလည်း ပြုလုပ်ခဲ့ကြပေသည်။ ဤသည်မှာ ကံ၏ အတိုချုပ် အဓိပ္ပာယ် ဖြစ်သည်။

## ကံနှင့် အယူဝါဒအမျိုးမျိုး

ဤကမ္ဘာလောကကြီး၌ ဂေါတမမြတ်စွာဘုရား မပွင့်လာမီကပင် ကံကို အကြောင်းပြုပြီး အယူဝါဒအမျိုးမျိုး ပေါ်ပေါက်ခဲ့၍ ဂိုဏ်းဆရာကြီးများ အမြောက်အမြား ပေါ်ထွန်းခဲ့၏။ ပူရဏကဿပဂိုဏ်းဆရာကြီးက "ကောင်းမှုကံ၊ မကောင်းမှုကံ ဆိုသည်မှာ မရှိ၊ ကောင်းမှုကံ မကောင်းမှုကံများကို ပြုလုပ်သော်လည်း ပြုရာမရောက်၊ ပြုသည် မမည်။ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုသည်မှာ အမှန်တကယ်မရှိ။ လောကလူသားများ၏ သတ်မှတ်ချက်အရသာ ခေါ်ဝေါ်ပြောဆိုနေကြခြင်းဖြစ်သည်"ဟု ယူဆဟောပြော၏။ ဤအယူဝါဒကို "အကိရိယဝါဒ"ဟု ခေါ်၏။ ပြုလုပ်သော်လည်း ပြုရာမရောက်ဟု ယူသော အယူဝါဒဟု အဓိပ္ပာယ်ရ၏။

မက္ခလိဂေါသာလ ဂိုဏ်းဆရာကြီးကမူ "လောကမှာ သတ္တဝါများ ဆင်းရဲနေကြ၊ ချမ်းသာနေကြသည်မှာ အကြောင်းမရှိ။ သူ့အချိန် ရောက်လျှင် အလိုအလျောက် ဆင်းရဲကြ၊ ချမ်းသာကြရ၏။ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်မှုမှာပင် အကြောင်းတရားမရှိ။ တရားကို ကျင့်ကြံကြိုးကုတ်၊ အားထုတ်နေစရာ မလို။ သူ့အချိန်စေ့ရောက်ပါက သူ့ဘာသာသူ အလိုအလျောက် လွတ်မြောက်ကြလိမ့်မည်"ဟု ယူဆပြောဟော၏။ ဤအယူကို "အဟေတုကဝါဒ"ဟုခေါ်၏။ အကြောင်းမဲ့ဝါဒဟု ဆိုလိုပေသည်။

အဇိတကေသကမ္ဗလ ဂိုဏ်းဆရာကြီးကတော့ "လောကတွင် ကောင်းမှုကံ၊ မကောင်းမှုကံဆိုသည်မှာ ရှိသည်။ သို့သော် ထိုကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကတော့ မရှိ။ လှူဒါန်းပေးကမ်းသည့်အတွက် အကျိုးမရ။ တမလွန် လောကဆိုသည်မှာ မရှိ။ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုလျှင်လည်း အကျိုးမရ။ ပြစ်မှားစော်ကားလျှင်လည်း အပြစ်မဖြစ်။ "နောက်ဘဝရှိတယ်၊ ဒါနအကျိုး ခံစားရမယ်၊ မိဘနှစ်ပါးရဲ့ ကျေးဇူးတရားကို သိတတ်ရမယ်"ဟု ပြောဟောခြင်းသည်

လူများကို လိမ်ညာလှည့်စားခြင်းသာ ဖြစ်သည်။ လူတစ်ယောက်၏ ကောင်း,မကောင်းသော ဂုဏ်သတင်းသည် သင်္ချိုင်းသို့ရောက်လျှင် ပျောက်သွားတော့၏။ အလောင်းကို မီးရှို့၍ ပြာကျသွားသည့်အခါ ဘာမှမကျန်တော့”ဟု ယူဆပြောဟော၏။ ဤအယူဝါဒကို “နတ္ထိက ဝါဒ”ဟု ခေါ်၏။ အကျိုးမရှိဝါဒ၊ အကျိုးမဲ့ဝါဒဟု အဓိပ္ပာယ်ရ၏။

အချို့ကမူ “ကောင်းမှုကံ၊ မကောင်းမှုကံ ဆိုသည်မှာလည်းမရှိ၊ ထိုကံများ၏ အကျိုးတရားများလည်းမရှိ၊ သတ္တဝါများ ဆင်းရဲဒုက္ခကို ခံစားရခြင်း၊ ချမ်းသာသုခကို ခံစားရခြင်း စသည်တို့သည် ထာဝရ ဘုရားသခင်က သို့မဟုတ် ကောင်းကင်ဘုံက ဗြဟ္မာကြီးက ဖန်ဆင်း ပေးသည့်အတိုင်း ခံစားကြရခြင်းဖြစ်သည်။ ထာဝရဘုရားသခင်သည် ဤကမ္ဘာလောကကြီးကိုသာမက သတ္တဝါများကိုပင် ဖန်ဆင်းပေး သည်”ဟု ယူဆပြောကြ၏။ ဤအယူကို သာသနာပ ရဟန်းပုဏ္ဏား အချို့တို့ ယူကြ၏။ “ဣဿရနိမ္မာနဝါဒ”ဟု ခေါ်၏။ အစိုးရသူ ဘုရားသခင် ဖန်ဆင်းပေးသည်ဟု ယူသော အယူဝါဒဟု အဓိပ္ပာယ် ရ၏။

အချို့သာသနာပြင်ပ ရဟန်းပုဏ္ဏားများက “သတ္တဝါများမှာ ကောင်းမှုကံ၊ မကောင်းမှုကံများလည်း ရှိ၏။ ထိုကံများ၏ ကောင်း ကျိုး၊ ဆိုးကျိုးများလည်း ရှိ၏။ သို့သော် ထိုကံများမှာ ယခုလက်ရှိ ဘဝ၌ ပြုလုပ်သောကံများ မဟုတ်ကြ။ ရှေးအတိတ်ဘဝများက ပြုလုပ် ခဲ့ကြသည့် ကံများသာ ဖြစ်ကြသည်။ လက်ရှိဘဝ၌ တွေ့ကြုံခံစားနေ ကြရသည့် ကောင်းကျိုးဆိုးကျိုးများမှာ ရှေးအတိတ်ကံကြောင့်ချည်းသာ ဖြစ်ကြသည်” ဤသို့ ရှေးအတိတ်ကံ တစ်ခုတည်းကိုသာ ယုံကြည် သူများလည်း ရှိကြ၏။ ထိုရဟန်းပုဏ္ဏားတို့၏ အယူဝါဒကို “ပုဗ္ဗေ ကတဟေတုဝါဒ”ဟု ခေါ်၏။ ရှေးဘဝများက ပြုခဲ့သော ကံသာ အကြောင်းရှိ၏ဟု ယူသော အယူဝါဒဟု ဆိုလို၏။

ဤသို့လျှင် မြတ်စွာဘုရား မပွင့်မီက ဤကမ္ဘာလောကကြီး၌

ကံကို အကြောင်းပြု၍ အကိရိယဝါဒခေါ် ကမ္မဝါဒ၊ အဟေတုကဝါဒ ခေါ် အကြောင်းမဲ့ဝါဒ၊ နတ္ထိကဝါဒခေါ် အကျိုးမရှိဝါဒ၊ ဣဿရနိမ္မာန ဝါဒခေါ် ဖန်ဆင်းရှင်ဝါဒနှင့် ပုဗ္ဗေကတဟေတုဝါဒခေါ် အတိတ်ကံ ချဲ့ဝါဒ စသည်ဖြင့် အယူဝါဒ အမျိုးမျိုး ပေါ်ပေါက်လျက်ရှိနေပေသည်။

## ကံနှင့်ဗုဒ္ဓဘာသာ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ထင်ရှားပွင့်ပေါ်တော်မူလာသည့်အခါ တောဒေယျပုဏ္ဏား၏သား သုဘလုလင်က "မြတ်စွာဘုရား ဤလောက မှာ လူလူချင်း တူကြသော်လည်း အယုတ်အမြတ်မတူ ကွဲပြားခြားနား နေကြပါသည်။ အသက်တိုသူ၊ အသက်ရှည်သူ ခြားနားသကဲ့သို့ ရောဂါထူသူ၊ ရောဂါကင်းသူဟု ခြားနားကြပါသည်။ အရုပ်ဆိုးသူ၊ အဆင်းလှသူ ကွဲပြားသကဲ့သို့ ဘုန်းတန်ခိုးနည်းသူ၊ ဘုန်းတန်ခိုးကြီး သူဟု ကွဲပြားကြပါသည်။ ဆင်းရဲသူ၊ ချမ်းသာသူ ခြားနားသကဲ့သို့ အမျိုးဇာတ်နိမ့်သူ၊ အမျိုးဇာတ်မြင့်သူဟု ခြားနားကြပါသည်။ ထို့အတူ ပညာမဲ့သူ၊ ပညာရှိသူဟူ၍လည်း ကွဲပြားကြပါသည်။ ဤကဲ့သို့ မတူ ကွဲပြားခြားနားရခြင်းမှာ အဘယ်ကြောင့်ပါလဲဘုရား"ဟု လျှောက်ထား ရာ မြတ်စွာဘုရားက သုဘလုလင်၏ မေးခွန်းများကို ဖြေကြားတော် မူရင်း အောက်ပါအတိုင်း "ကမ္မဝါဒ"ကို ထုတ်ဖော်ဟောကြားတော်မူ ပါသည်။

"သုဘလုလင်...သတ္တဝါတို့သည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြ၏။ နှစ်တန်သော ကံ၏အမွေကို ခံယူကြ ရ၏။ နှစ်တန်သောကံသည်သာ အကြောင်းရင်းရှိကြ၏။ နှစ်တန်သော ကံသည်သာ ဆွေမျိုးဖြစ်ကြ၏။ နှစ်တန်သောကံသည်သာ အားထား ကိုးကွယ်ရာ ရှိကြ၏။ နှစ်တန်သောကံက သတ္တဝါများကို ယုတ်သူ မြတ်သူဖြစ်အောင် (ဝါ) ဆင်းရဲသူ ချမ်းသာသူဖြစ်အောင် ခွဲခြမ်းဝေဖန် စီမံပေး၏"ဟု ကံ၏ယေဘုယျသဘောကို ဟောကြားတော်မူပြီး သုဘ

လုလင်၏ အမေးများကို ဤသို့ ဆက်လက်ဖြေကြားတော်မူပါသည်။

(၁) သုဘလုလင်...သူတစ်ပါးအသက်ကို သတ်ဖြတ်လေ့ရှိသူသည် ထိုသတ်ဖြတ်မှု အကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့ မကျဘဲ လူဖြစ်လာပြန်လျှင်လည်း အသက်တို၏။ **ဤသူ့အသက်သတ်မှုသည် အသက်တိုကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်...သူ့အသက်သတ်မှုမှ ရှောင်ကြဉ်၍ သတ္တဝါတို့၏ ချမ်းသာစီးပွားကို ဆောင်ရွက်တတ်သူသည် ထိုကောင်းမှုကံကြောင့် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်မရောက်ဘဲ လူဖြစ်လာပြန်လျှင် အသက်ရှည်၏။ **သူ့အသက်သတ်မှုကို ရှောင်ကြဉ်၍ သတ္တဝါတို့၏ ချမ်းသာစီးပွားကို ဆောင်ရွက်ခြင်းသည် အသက်ရှည်ကြောင်း အကျင့်ဖြစ်၏။**

(၂) သုဘလုလင်...သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်လေ့ရှိသောသူသည် ထိုညှဉ်းဆဲမှုအကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့ မကျဘဲ လူဖြစ်လာပြန်လျှင် အနာရောဂါထူ၏။ **ဤ ညှဉ်းပန်းနှိပ်စက်မှုသည် ရောဂါထူကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်...သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်လေ့မရှိသောသူသည် ထိုကုသိုလ်ကံကြောင့် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်မရောက်ဘဲ လူဖြစ်လာပြန်လျှင် အနာရောဂါကင်း၏။ **သတ္တဝါတို့အား မညှဉ်းပန်း မနှိပ်စက်ခြင်းသည် အနာရောဂါကင်းကြောင်း အကျင့်ဖြစ်၏။**

(၃) သုဘလုလင်...ဒေါသကြီးသော ပူပန်မှုများသောသူသည် ထိုဒေါသ အကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့မကျဘဲ လူဖြစ်လာပြန်လျှင် အကျည်းတန် အရုပ်ဆိုး ဖြစ်ရ၏။ **အမျက်ဒေါသကြီးခြင်းသည် အဆင်းမလှကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်...ဒေါသမပွား၊ မေတ္တာတရား များသောသူသည် ထိုကုသိုလ်ကံကြောင့် သေလျှင် နတ်ပြည်သို့ရောက်ရ၏။ နတ်ပြည်သို့

မရောက်ဘဲ လူပြန်ဖြစ်လျှင် ရုပ်အဆင်း ကြည်လင်လှပ၏။ **ဒေါသ မပွား မေတ္တာများခြင်းသည် အဆင်းလှကြောင်း အကျင့်ဖြစ်၏။**

(၄) သုဘလုလင်...သူတစ်ပါး လာဘ်ပေါ်များခြင်း၊ အရိုအသေ အပူဇော်ခံရခြင်း စသည်တို့၌ မနာလိုငြူစူ ဣဿာတရား ဖြစ်ပွားလေ့ ရှိသောသူသည် ထိုအကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက် ရ၏။ ငရဲသို့မကျဘဲ လူပြန်ဖြစ်လျှင် ဘုန်းတန်ခိုး အခြွေအရံနည်း၏။ **ဤဣဿာတရားသည် ဘုန်းတန်ခိုး အခြွေအရံနည်းကြောင်း အကျင့် ဖြစ်၏။**

သုဘလုလင်...သူတစ်ပါးလာဘ်လာဘပေါ်များခြင်း စသည်တို့၌ ဣဿာမထား၊ ဝမ်းမြောက်မှု မုဒိတာပွားသောသူသည် ထိုကုသိုလ် ကံကြောင့် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့မရောက် ဘဲ လူပြန်ဖြစ်လျှင် ဘုန်းတန်ခိုး အခြွေအရံများ၏။ **ဤမုဒိတာတရား သည် ဘုန်းတန်ခိုးကြီးမား အခြွေအရံများကြောင်း အကျင့်ဖြစ်၏။**

(၅) သုဘလုလင်...လှူဒါန်းပေးကမ်းလေ့ မရှိသောသူသည် ထို မပေးရက်လို နှမြောဝန်တိုသော မစ္ဆရိယအကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့မကျဘဲ လူပြန်ဖြစ်လျှင် ဆင်းရဲနွမ်းပါး ၏။ **ဤမပေးရက်လို နှမြောဝန်တိုခြင်းသည် ဆင်းရဲနွမ်းပါးကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်... ပေးကမ်းလှူဒါန်းလေ့ရှိသောသူသည် ထိုဒါန ကုသိုလ်ကြောင့် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူပြန်ဖြစ်လျှင် ချမ်းသာကြွယ်ဝ၏။ **ဤဒါနကုသိုလ်သည် ချမ်းသာကြွယ်ဝကြောင်း အကျင့်ဖြစ်၏။**

(၆) သုဘလုလင်...မာနအလွန်ကြီးလေ့ရှိသောသူသည် ထိုမာန အကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့မကျဘဲ လူပြန်ဖြစ်လျှင် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရ၏။ **ဤမာနကြီးခြင်းသည် အမျိုးယုတ်ညံ့ကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်... မာန်မာနမရှိ အသက်ကြီးသူ စသည်တို့အား ရှိသေခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ နေရာပေးခြင်း၊ လမ်းပေးခြင်း စသည်တို့ကို ပြုလေ့ရှိသောသူသည် ထိုကုသိုလ်ကံကြောင့် သေလျှင် နတ်ပြည်သို့ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူပြန်ဖြစ်လျှင် မြင့်မြတ်သောအမျိုး၌ ဖြစ်ရ၏။ **ဤမာန မရှိခြင်း၊ ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်းသည် အမျိုးမြင့်မြတ်ကြောင်း အကျင့်ဖြစ်၏။**

(၇) သုဘလုလင်...သိသင့်သိထိုက်သည့် ကုသိုလ်၊ အကုသိုလ် စသည်တို့၏ အကြောင်းကို မေးမြန်းနာယူလေ့မရှိသောသူသည် ထို အကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ ကျရောက်ရ၏။ ငရဲသို့မကျဘဲ လူပြန်ဖြစ်လျှင် ပညာဉာဏ်နည်းပါး၏။ **ဤသို့ ပညာရှိများထံ မေးမြန်းနာယူလေ့မရှိခြင်းသည် ပညာဉာဏ်နည်းပါးကြောင်း အကျင့်ဖြစ်၏။**

သုဘလုလင်... ရဟန်း ပုဏ္ဏား ပညာရှိများထံ သိသင့်သိထိုက်သည့် ကုသိုလ်၊ အကုသိုလ် စသည်တို့၏ အကြောင်းကို မေးမြန်းနာယူလေ့ရှိသောသူသည် ထိုကုသိုလ်ကံကြောင့် သေလျှင် နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်သို့ မရောက်ဘဲ လူပြန်ဖြစ်လျှင် ပညာဉာဏ်ကြီးမား၏။ **ဤသို့ သိဖွယ်ရာဟူသမျှ မေးမြန်းခြင်းသည် ပညာဉာဏ်ကြီးမားကြောင်း အကျင့်ဖြစ်၏။**

ဤသို့ အသက်တိုစေတတ်သော အကျင့်က အသက်တိုခြင်းကို ဖြစ်စေသကဲ့သို့ အသက်ရှည်စေတတ်သောအကျင့်က အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏ စသည်ဖြင့် သတ္တဝါတို့၏ အယုတ်အမြတ်တို့ကို ထိုသတ္တဝါတို့ ပြုလုပ်သည့်ကံက ခွဲခြားဝေဖန်စီမံပေးပုံ "ကမ္မဝါဒ"ကို ထုတ်ဖော်ဟောကြားတော်မူသည်ကို ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်၌ လေ့လာဖတ်ရှုရပေသည်။

တစ်ချိန်က မြတ်စွာဘုရားသခင် ဣစ္ဆာနင်္ဂလရွာ နိဂုံးကြီးအနီး ဣစ္ဆာနင်္ဂလ တောအုပ်အတွင်း၌ သီတင်းသုံးတော်မူစဉ် ဝါသေဋ္ဌနှင့်

ဘာရဒွါဇ သူငယ်ချင်းနှစ်ယောက်တို့ "ဗြာဟ္မဏ"အခေါ်အဝေါ်နှင့် ပတ်သက်ပြီး အငြင်းအခုံ ဖြစ်ကြ၏။ ဘာရဒွါဇက မျိုးရိုးဇာတိအရ ဗြာဟ္မဏဟု ခေါ်ဝေါ်ကြောင်း ပြောဆို၍ ဝါသေဋ္ဌက မိမိတို့ပြုလုပ်သည့် ကံကြောင့်သာ ဗြာဟ္မဏမည်သည်ဟု ဆို၏။ သို့ရာတွင် ဇာတိဝါဒ ဖြစ်သူ ဘာရဒွါဇနှင့် ကမ္မဝါဒရှိသူ ဝါသေဋ္ဌတို့ တစ်ယောက်ကိုတစ်ယောက် နိုင်အောင် မငြင်းနိုင်ကြသဖြင့် ဘုရားရှင်ထံမှောက်သို့ သွားရောက် အဆုံးအဖြတ်ခံကြသည်။ မြတ်စွာဘုရားက "မျိုးရိုးဇာတိအရ ဗြာဟ္မဏအမည်ရသည်မဟုတ်၊ ကံကြောင့်သာ ဗြာဟ္မဏအမည်ရကြောင်း ဓမ္မကြောင်း၊ လောကကြောင်းတို့ဖြင့် အကျယ်ဝေဖန် ဟောကြားရာ" လုလင်နှစ်ဦးလုံး သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင် ဥပါသကာများ ဖြစ်သွားကြ၏။ မြတ်စွာဘုရားဟောကြားရာ၌ "ဗြာဟ္မဏ၊ ကဿက၊ ဝါဏိဇ စသည်တို့သာ မိမိတို့လုပ်သည့်ကံကြောင့် ဖြစ်ကြသည်မဟုတ်၊ ဤကမ္ဘာလောကကြီးနှင့် သတ္တဝါအားလုံးတို့သည်လည်း ကံကြောင့်ပင်ဖြစ်ကြောင်း" "ကမ္မုနာ ဝတ္တတိလောကော ကမ္မုနာ ဝတ္တတိပဇာ" စသည်ဖြင့် ကမ္မဝါဒကို ဟောကြားတော်မူသည်ကို သုတ္တနိပါတ်ပါဠိတော် ဝါသေဋ္ဌသုတ်၌ တွေ့ရသည်။

ဤသို့ ကမ္မဝါဒသာ မြတ်စွာဘုရား၏ အယူဝါဒဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်း ပထမဆုံး ယုံကြည်လက်ခံရမည့် အခြေခံသဘောတရား ဖြစ်သည်။

**ဆောင်ပုဒ်လင်္ကာများ**

၁။ သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ့်မှာတို။
၂။ မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။
၃။ နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူရောဂါဆို။
၄။ သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။
၅။ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။

၆။ ဒေါသကင်းစင်၊ မေတ္တာရှင်၊ ကြည်လင်လှသကို။
၇။ မနာလိုပြန်၊ ဣဿာထန်၊ ဘုန်းကံကင်းမည်ဆို။
၈။ ဣဿာမထား၊ ဝမ်းမြောက်ငြား၊ ကြီးမားဘုန်းကံကို။
၉။ မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို။
၁၀။ စွန့်ကြဲလေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
၁၁။ မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအပညာဆို။
၁၄။ ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခနောင်ပညာပို။

## ကမ္မဝါဒနှင့် သမ္မာဒိဋ္ဌိ

ထေရဝါဒ ပိဋကတ်တော်များကို နှံ့နှံ့စပ်စပ် လေ့လာကြည့်လျှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကံ,ကံ၏အကျိုး ရှိသည်ဟု သိမြင်ယုံကြည်သည့် "ကမ္မဝါဒ"သည်သာ အယူမှန် အမြင်မှန်ဖြစ်ကြောင်း ထိုထိုသုတ္တန်များနှင့် အဘိဓမ္မာတရားတော်များ၌ ထပ်တလဲလဲ ဟောကြားတော်မူခဲ့သည်ကို တွေ့ရှိရ၏။

ဒုစရိုက်တရားများကို ဟောကြားတော်မူသည့် ဒေသနာတော်များတွင် မနောဒုစရိုက်သုံးပါးကို ဟောကြားတော်မူသည့်အခါ ကံနှင့်ကံ၏အကျိုးတရားတို့ကို ပစ်ပယ်ကြသော "အကိရိယဝါဒ၊ အဟေတုကဝါဒ၊ နတ္ထိကဝါဒ"တို့သည် မှားယွင်းသော အယူ"မိစ္ဆာဒိဋ္ဌိ"များဖြစ်ကြောင်း ဟောကြားတော်မူလေ့ရှိသကဲ့သို့ မနောသုစရိုက်သုံးပါးကို ဟောကြားတော်မူသည့်အခါ၌ ကံနှင့် ကံ၏အကျိုး ရှိသည်ဟုယုံကြည်၍ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိမြင်သည့် ကမ္မဝါဒသည်သာ မှန်ကန်သောအယူအမြင် "သမ္မာဒိဋ္ဌိ"ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ဤသမ္မာဒိဋ္ဌိကား အခြားမဟုတ်။ မဇ္ဈိမဋ္ဌိပဒါ မဂ္ဂင်ရှစ်ဖြာတွင်

အစဆုံးဖြစ်သော သမ္မာဒိဋ္ဌိ(လောကီ)မဂ္ဂင်ပင်ဖြစ်၏။ ကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိမြင်သော အယူအမြင်ဖြစ်၍ ဤမဂ္ဂင်တရားကို "ကမ္မဿကတာသမ္မာဒိဋ္ဌိမဂ္ဂင်"ဟုလည်း ခေါ်၏။ ဤမဂ္ဂင်တွင် ကံနှင့်ပတ်သက်၍ ယုံကြည်သိမြင်ရမည့် အချက်ကြီး(၁၀)ချက်ရှိသောကြောင့် ဤသမ္မာဒိဋ္ဌိမဂ္ဂင်ကို "ဒသဝတ္ထုက သမ္မာဒိဋ္ဌိ"ဟူ၍လည်း ကျမ်းဂန်များ၌ မိန့်ဆို၏။ ဤသမ္မာဒိဋ္ဌိတွင် ကံနှင့်ပတ်သက်၍ ယုံကြည်ရမည့် အချက်ကြီး(၁၀)ချက်မှာ–

( ၁) လှူဒါန်းပေးကမ်းခြင်းသည် အကျိုးအမှန်တကယ်ရှိသည်ဟု သိမြင်ယုံကြည်ခြင်း (အတ္ထိဒိန္နံ)၊

( ၂) ရတနာသုံးပါး၊ မိဘဆရာသမား စသူတို့အား ပူဇော်ခြင်းသည် အကျိုး အမှန်တကယ်ရှိသည်ဟု သိမြင် ယုံကြည်ခြင်း၊ (အတ္ထိယိဋ္ဌံ)၊

( ၃) ပင့်ဖိတ်၍ ပေးလှူခြင်း၊ ဧည့်သည်တို့အား ဧည့်ဝတ်ပြုခြင်း၊ လက်ဆောင်ပေးခြင်း၊ လက်ထပ်မင်္ဂလာပွဲ စသည်တို့၌ ဧည့်ခံကျွေးမွေးခြင်း စသည်တို့သည် အကျိုးအမှန်တကယ်ရှိသည်ဟု သိမြင်ယုံကြည်ခြင်း (အတ္ထိဟုတံ)၊

( ၄) သုစရိုက်ဆယ်ပါးတို့ကိုပြုလျှင် ကောင်းကျိုးစံစားရမည်၊ ဒုစရိုက်ဆယ်ပါးတို့ကို လွန်ကျူးလျှင် မကောင်းကျိုးခံရမည်ဟု အမှန်တကယ် သိမြင်ယုံကြည်ခြင်း (အတ္ထိသုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော)၊

( ၅) ဤပစ္စုပ္ပန်လောကသည် ဝါ (အနာဂတ်ဘဝကို ထောက်လျှင်) ရှေ့ဘဝသည် အမှန်တကယ်ရှိသည်ဟု သိမြင်ယုံကြည်ခြင်း (အတ္ထိ အယံလောကော)၊

( ၆) အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော တမလွန်လောကသည် (ဝါ) နောက်ဘဝသည် အမှန်ရှိသည်ဟု သိမြင်ယုံကြည်ခြင်း (အတ္ထိပရောလော

ကော)၊

( ၇) မိခင်၌ ကောင်းစွာပြုလျှင် အကျိုးရှိ၏၊ မကောင်းသဖြင့် ပြုလျှင် အပြစ်ဖြစ်သည်ဟု အမှန်သိမြင် ယုံကြည်ခြင်း (အတ္ထိမာတာ)၊

( ၈) ဖခင်၌ ကောင်းစွာပြုလျှင် အကျိုးရှိ၏၊ မကောင်းသဖြင့် ပြုလျှင် အပြစ်ဖြစ်၏ဟု အမှန်သိမြင် ယုံကြည်ခြင်း (အတ္ထိ ပိတာ)၊

( ၉) ငရဲသား၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ စသော ဥပပါတ် သတ္တဝါမျိုးတို့ အမှန်ရှိသည်ဟု သိမြင်ယုံကြည်ရခြင်း (အတ္ထိသတ္တာ ဩပပါတိကာ)၊

(၁၀) ရှေးဘဝ နောက်ဘဝတို့ကို သိမြင်ကြ၍ နိဗ္ဗာန်ရောက် ကြောင်း သီလ စသော အကျင့်ကောင်းကို ကျင့်ကြကုန် သော တရားစောင့်သည့် သဗ္ဗညုဘုရား၊ ရဟန်း၊ ပုဏ္ဏားတို့ လောက၌ အမှန်ရှိသည်ဟု သိမြင်ယုံကြည်ခြင်း (အတ္ထိ လောကေ။ ပ။ ပဝေဒေန္တိ)

တို့ဖြစ်သည်။ ဤယုံကြည်ချက်များကို ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ချက်ကြီး (၁၀)ချက်ဟု ခေါ်သည်။ မနောသုစရိုက် သမ္မာဒိဋ္ဌိ ကံအရ ဤဆယ်ချက်ကို ယုံကြည်မှ ဗုဒ္ဓဘာသာဝင် (သမ္မာဒိဋ္ဌိက) စစ်စစ် ဖြစ်သည်။

## ဝိဘဇ္ဇဝါဒနှင့် ကမ္မဝါဒ

မြတ်စွာဘုရား၏ ဝါဒကား မည်သည့်ဝါဒဖြစ်သနည်းဟု မေးလျှင် အမှန်အတိုင်းဖြေနိုင်သည့် ဗုဒ္ဓဘာသာဝင်ကား အနည်းငယ်မျှသာ ရှိမည်ဖြစ်၏။ မြတ်စွာဘုရားသည် တောဒေယျပုဏ္ဏားကြီး၏သား သုဘလုလင်အား "လုလင်...စင်စစ် ငါသည် ဤနေရာ၌ ခွဲခြမ်း ဝေဖန်၍ယူသော ဝိဘဇ္ဇဝါဒရှင် ဖြစ်၏။ ဤနေရာ၌ ငါသည် ထင်မိ

ထင်ရာ တစ်ဖက်သတ်စွဲကိုင်သော ဧကံသဝါဒရှင် မဟုတ်" (ဝိဘဇ္ဇဝါဒေါ ခေါ အဟ မေတ္တ မာဏဝ၊ နာဟမေတ္တ ဧကံသဝါဒေါ)ဟု ဟောကြားတော်မူချက်အရ မြတ်စွာဘုရား၏ ဝါဒသည် ဝိဗဇ္ဇဝါဒ ဖြစ်ပါသည်။

မှန်၏။ တစ်ချိန်က သီရိဓမ္မာသောကမင်းတရားကြီးသည် ဤမေးခွန်းကို ရဟန်းတော်များအား မေးခဲ့ဖူးပေသည်။ သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓ နာမည်ရှိသော ရဟန္တာသာမဏေကို အမှီပြုရသဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာကာ သာသနာတော်ကို အလွန်အားပေးချီးမြှောက်သည့်အတွက် ခမည်းတော် လက်ထက်က ကိုးကွယ်ခဲ့သော တိတ္ထိများမှာ လာဘ်လာဘ ရှားပါးပြီး စားဝတ်နေရေး ကျပ်တည်းလာကြ၏။ ထို့ကြောင့် တိတ္ထိတက္ကတွန်းခြောက်သောင်းတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြကာ မိမိတို့၏ တိတ္ထိဝါဒများကို ဗုဒ္ဓဝါဒအဖြစ် ဟောပြောလာကြသည်။ ထိုအခါ ဗုဒ္ဓ၏တရားတော်များတွင် တိတ္ထိဝါဒ အညစ်အကြေးများ ရောနှောလာသကဲ့သို့ သံဃာတော်များထဲတွင်လည်း တိတ္ထိတက္ကတွန်းများ ဝင်ရောက်ရောနှောလျက်ရှိသည်။

ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးသည် တတိယသံဂါယနာ မတင်မီ သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်ရန်အတွက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီးထံတော်တွင် မြတ်စွာဘုရား၏ အယူဝါဒကို (၇)ရက်တိုင်တိုင် သင်ယူခဲ့၏။ ထို့နောက် မင်းကြီးသည် အသောကာရုံကျောင်းတော်ကြီးတွင် ကန့်လန့်ကာ အတွင်း၌ ထိုင်ကာ ရဟန်းသံဃာများကို အယူတူရာ,တူရာ တစ်စုစီ တစ်စုစီ ပင့်ဆောင်ပြီး မြတ်စွာဘုရားသည် မည်သည့်အယူဝါဒ ရှိပါသနည်းဟု မေးစစ်တော်မူ၏။ သဿတဝါဒရှိသည်၊ ဧကစ္စသဿတဝါဒရှိသည်၊ သညီဝါဒရှိသည်၊ အသညီဝါဒရှိသည်၊ နေဝသညီနာသညီဝါဒ ရှိသည်၊ ဥစ္ဆေဒဝါဒရှိသည်၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒရှိသည် စသည်ဖြင့်

အသီးသီး အမှားဖြေဆိုကြသည့်ရဟန်းများကို လှဝတ်လဲစေရာ အားလုံး ခြောက်သောင်းရှိသည်ဟု ဆို၏။

ကျန်ရှိနေသေးသည့် ရဟန်းတော်များကို ပင့်၍ အရှင်ဘုရားတို့ မြတ်စွာဘုရားသည် မည်သည့်ဝါဒ ရှိပါသနည်းဟု မေးလျှောက်ရာ ရဟန်းတော်များက "မင်းကြီး–ဝိဘဇ္ဇဝါဒ ရှိပါသည်"ဟု ပြောကြားကြရာ ထိုရဟန်းတော်များမှာ ဘုရားရှင်၏ တပည့်သာဝကအစစ်များဖြစ်ကြောင်း သိရ၍ "အရှင်ဘုရားတို့ ယခုအခါ သာသနာတော်သည် စင်ကြယ်သန့်ရှင်းသွားပါပြီ၊ ရဟန်းအပေါင်းသည် ဥပုသ်ပြုနိုင်ကြပါပြီ"ဟု လျှောက်ထားပြီး နန်းတော်သို့ ပြန်သွားသည်။

အမှန်အားဖြင့် "ဝိဘဇ္ဇဝါဒ"ဆိုသည်မှာ အသိဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ ဝေဖန်ပိုင်းခြားပြီး ယူသည့် အယူဝါဒဖြစ်သည်။ ဤဝါဒနှင့် ဆန့်ကျင်ဘက် အတွဲဖြစ်သည့် ဝါဒမှာ"ဧကံသဝါဒ"ဖြစ်သည်။ ဧကံသဝါဒမှာ အသိဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ ဝေဖန်ပိုင်းခြားယူခြင်းမျိုး မဟုတ်ဘဲ မိမိထင်ရာ မြင်ရာကိုသာ တစ်ဖက်သတ် ဆွဲကိုင်ထားသည့် အယူဝါဒမျိုးဖြစ်၏။ ဥပမာ–သတ္တဝါများ ဆင်းရဲခြင်း၊ ချမ်းသာခြင်းသည် အကြောင်းမရှိ၊ သူ့အချိန်ရောက်လျှင် အလိုအလျောက် ဆင်းရဲကြ၊ ချမ်းသာကြရသည်ဟု ခွဲခြမ်းဝေဖန်မှုမရှိဘဲ တစ်ဖက်သတ် စွဲကိုင်ယူထားသည့် 'အဟေတုကဝါဒ'စသည့် အယူဝါဒမျိုးများကဲ့သို့ဖြစ်၏။

မြတ်စွာဘုရား၏ ဝိဘဇ္ဇဝါဒကား ဤကဲ့သို့မဟုတ်ပေ။ အမှုကိစ္စကို ကျင့်ကြံပြုလုပ် အားထုတ်ဆောက်တည်လျှင် ကျင့်ကြံပြုလုပ် အားထုတ်သူအား အကုသိုလ်တရား ဖြစ်ပွားသလော၊ ကုသိုလ်တရား ဆုတ်ယုတ်သွားသလော ဟူ၍လည်းကောင်း၊ ကုသိုလ်တရား ဖြစ်ပွားသလော၊ အကုသိုလ်တရား ဆုတ်ယုတ်သွားသလောဟူ၍လည်းကောင်း ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံးသပ်သည်။ ကုသိုလ်ဖြစ်ပွားပြီး အကုသိုလ်တရား ယုတ်လျော့သွားသည့် အကျင့်မျိုးကို ချီးကျူးသည်၊ လက်ခံသည်။ အကုသိုလ်ဖြစ်ပွားပြီး ကုသိုလ်တရား ယုတ်လျော့သွားသည့်

အကျင့်မျိုးကို လက်မခံ၊ ကဲ့ရဲ့သည်။ ဤကဲ့သို့ ကုသိုလ်ဖြစ်သလော၊ အကုသိုလ်ဖြစ်သလောဟု ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်သုံးသပ်၍ ယူသည့် အယူဝါဒမျိုးကို ဝိဘဇ္ဇဝါဒဟု ခေါ်ပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဘုရားရှင်၏ တပည့် ဒါယကာတစ်ဦးဖြစ်သည့် စမ္ပာပြည်သား "ဝဇ္ဇိယမာဟိတ" ခေါ် သူကြွယ်တစ်ဦးသည် ဘုရားရှင်ထံ အဖူးအမြော်သွားစဉ် တိတ္ထိ ပရိဗိုဇ်များ၏ကျောင်းတိုက်ထဲသို့ ဝင်ပြီး ခဏခေတ္တ အာလာပသလ္လာပ ပြောကြား၏။ တိတ္ထိများက"သူကြွယ်ကြီး–ဒကာတို့ရဲ့ ရဟန်းဂေါတမ ဟာ ခြိုးခြံစွာကျင့်သည့်အကျင့်အားလုံးကို ကဲ့ရဲ့တယ်ဆိုတာ မှန်ပါ သလား၊ ခြိုးခြံစွာကျင့်သူ ဆင်းဆင်းရဲရဲကျင့်သူတွေအားလုံးကို စွပ်စွဲ ကဲ့ရဲ့တယ်ဆိုတာကော မှန်ပါသလား"ဟု ဝိုင်းမေးကြသည်။

သူကြွယ်က "ဟာ...ဒီလိုမဟုတ်ပါဘူး၊ ကျွန်ုပ်တို့ဆရာ မြတ်စွာ ဘုရားဟာ ခြိုးခြံစွာကျင့်တဲ့ အကျင့်မှန်သမျှနှင့် ကျင့်နေတဲ့သူမှန်သမျှ အားလုံးကို သိမ်းကျုံးပြီး မကဲ့ရဲ့ပါဘူး၊ မစွပ်စွဲပါဘူး။ မြတ်စွာဘုရား ဟာ ကဲ့ရဲ့ထိုက်တဲ့ အကျင့်ဖြစ်ရင် ကဲ့ရဲ့တော်မူသလို ကဲ့ရဲ့ထိုက်တဲ့ အကျင့်ကို ကျင့်သူဖြစ်ရင်လည်း ကဲ့ရဲ့တော်မူပါတယ်။ ချီးမွမ်းထိုက်တဲ့ အကျင့်ဖြစ်ရင် ချီးမွမ်းတော်မူသလို ချီးမွမ်းထိုက်တဲ့အကျင့်ကို ကျင့်သူ ဖြစ်ရင်လည်း ချီးမွမ်းတော်မူပါတယ်။ အကျင့်မှန်သမျှ ကျင့်သူမှန်သမျှ အားလုံးကို သိမ်းကျုံးပြီး ကဲ့ရဲ့တော်မမူပါဘူး။ မြတ်စွာဘုရားမှာ အကျင့်မှန်သမျှ ကျင့်သူမှန်သမျှကို ကဲ့ရဲ့မည်ဆိုသော တစ်ဖက်သတ် စွဲကိုင်ထားသည့် "ဧကံသဝါဒ"မရှိပါဘူး။ အသိဉာဏ်ဖြင့် ခွဲခြမ်း စိတ်ဖြာ ဝေဖန်ပြီး ကဲ့ရဲ့ထိုက်တဲ့အကျင့်နှင့် ကျင့်သူများကို ကဲ့ရဲ့ပြီး ချီးမွမ်းထိုက်တဲ့ အကျင့်နှင့် ကျင့်သူများကိုမူ ချီးမွမ်းတော်မူတဲ့ "ဝိဘဇ္ဇ ဝါဒ"ရှင် ဖြစ်တော်မူပါတယ်"ဟု ပြန်ရှင်းပြသည်။

ထိုအခါ တိတ္ထိများက "ဒကာကြီးက ရဟန်းဂေါတမရဲ့ ဂုဏ် ကျေးဇူးတွေကိုသာ ပြောနေတယ်၊ ရဟန်းဂေါတမဟာ သူများရဲ့

အဆုံးအမကို ခံထိုက်သူ၊ သူများထက် ထူးထူးခြားခြားမသိသူပဲ”ဟု ဝိုင်းပြောကြ၏။ သူကြွယ်က “ဒီနေရာမှာ အရှင်မြတ်တွေကို တရားသဖြင့် တပည့်တော် လျှောက်ထားပါ့မယ်။ မြတ်စွာဘုရားဟာ ဒီဟာ ကုသိုလ်တရားဖြစ်တယ်၊ ဒီဟာ အကုသိုလ်တရား ဖြစ်တယ်လို့ ခွဲခြားသိတော်မူပါတယ်၊ ပညတ်တော်မူပါတယ်။ အဲဒီလို ကုသိုလ် အကုသိုလ်တရားတွေကို ခွဲခြားပြီး သိတော်မူတဲ့အတွက် မြတ်စွာဘုရားဟာ သူများရဲ့ အဆုံးအမကို မခံထိုက်သူ၊ သူများထက် ထူးထူးခြားခြားသိသူ ဖြစ်ပါတယ်”ဟု ပြန်လည်ချေပ လျှောက်ထားပြီး ဘုရားရှင်ထံတော်သို့ ဆက်လက် ထွက်ခွာသွားပါသည်။

ဘုရားရှင်ထံမှောက်သို့ ရောက်သည့်အခါ တိတ္ထိများနှင့် ဆွေးနွေးခဲ့ပုံ အလုံးစုံကို ဘုရားရှင်အား ပြန်လည်လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက သာဓုခေါ်ကာ သူကြွယ်အား ချီးကျူးစကား မိန့်ကြားပြီး “သူကြွယ်ပြုကျင့်တဲ့ပုဂ္ဂိုလ်မှာ အကုသိုလ်တရား တိုးပွားပြီး ကုသိုလ်တရား လျော့ပါးသွားတဲ့ အကျင့်မျိုးကို မကျင့်သင့် မကျင့်ထိုက်တဲ့အကျင့်လို့ ငါဘုရား ဟောကြားတယ်။ ပြုကျင့်တဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်တရား တိုးပွားပြီး အကုသိုလ်တရား လျော့ပါးသွားတဲ့အကျင့်မျိုးကို ကျင့်သင့်ကျင့်ထိုက်တဲ့ အကျင့်၊ ကျင့်ရမည့် အကျင့်လို့ ငါဘုရား ဟောကြားတယ်” စသည်ဖြင့် ဟောကြားတော်မူသည်ကို ဒသက အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝဇ္ဇိယမာဟိတသုတ်၌ တွေ့ရှိရ၏။ ဤသုတ်သည် မြတ်စွာဘုရား၏ “ဝိဘဇ္ဇဝါဒ”ကို ဟောကြားထားသောသုတ် ဖြစ်သည်။

အမှန်ဆိုရသော် မြတ်စွာဘုရား၏ ကမ္မဝါဒသည်ပင် ဝိဘဇ္ဇဝါဒ ဖြစ်ပါသည်။ အကြောင်းကား ပြုကျင့်မှုမှန်သမျှကို ကုသိုလ်ဖြစ်သလော၊ အကုသိုလ် ဖြစ်သလောဟု ကုသိုလ်၊ အကုသိုလ် ဖြစ်,မဖြစ် စိစစ်ဝေဖန်ခွဲခြမ်းပြီး ကုသိုလ်ဖြစ်သည့် ပြုကျင့်မှုမျိုးကို ချီးမွမ်းကာ အကုသိုလ်ဖြစ်သည့် ပြုကျင့်မှုမျိုးကို ကဲ့ရဲ့တော်မူခြင်းကြောင့် ဖြစ်ပေသည်။

## ကမ္မဝါဒနှင့် ကေသမုတ္တိသုတ်

မြတ်စွာဘုရားသည် မိမိ၏ ကမ္မဝါဒကို ကေသမုတ္တိနိဂုံးရွာသား၊ ကာလာမ အမျိုးသားတို့အား ဟောကြားတော်မူခဲ့သည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေသမုတ္တိသုတ်၌လည်း တွေ့ရ၏။

ကေသမုတ္တိသုတ်တွင်–ကေသမုတ္တနိဂုံးရွာကြီးသို့ သမဏ၊ ဗြာဟ္မဏ အချို့တို့ တစ်သုတ်ပြီးတစ်သုတ် လာရောက်ကာ "သူများအယူဝါဒကို ကဲ့ရဲ့ပြီး မိမိတို့အယူဝါဒကိုသာ ချီးမွမ်းခန်းဖွင့်နေလေ့ရှိရာ ကေသမုတ္တရွာသား၊ ကာလာမ အမျိုးသားတို့မှာ မည်သည့်အယူဝါဒက မှန်သည်၊ မည်သည့်အယူဝါဒက မှားသည်ဟု မဝေခွဲနိုင်ဘဲရှိနေကြ၏။ ထို့ကြောင့် ရှင်တော်ဗုဒ္ဓ ကြွလာတော်မူသည့်အခါ ဤအကြောင်းကို လျှောက်ထားကြရာ ဘုရားရှင်က "အို ကာလာမ အမျိုးသားတို့၊ အယူဝါဒတစ်ရပ်ကို–

၁။ တစ်ဆင့်စကား ကြားကာမျှဖြင့် ဟုတ်ပြီ မှန်ပြီဟု မယူလိုက်ကြကုန်လင့်။

၂။ မိရိုးဖလာ ဆင်းသက်လာသော အယူဝါဒဖြစ်သည်ဟူ၍လည်း အမှန် မယူကြကုန်လင့်။

၃။ ဤအရာသည် ဤသို့ဖြစ်သတဲ့ဟူသော ကောလာဟလဖြင့်လည်း မှန်ပြီဟု မယူကြကုန်လင့်။

၄။ မိမိ၏ စာပေကျမ်းဂန်များနှင့် ညီညွတ်ကာမျှဖြင့်လည်း မှန်ပြီဟု မယူကြကုန်လင့်။

၅။ မိမိတို့ တွေးခေါ်ကြံဆချက်နှင့် ကိုက်ညီရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြကုန်လင့်။

၆။ နည်းမှီထောက်ဆ၍ ရရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြကုန်လင့်။

၇။ ဤအရာသည် ကောင်းမွန်မှန်ကန်ပြီဟု မိမိဘာသာ ကြောင်းကျိုး ဆင်ခြင်သုံးသပ်၍ ရရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြ

ကုန်လင့်။

၈။ မိမိတို့ ကြံတွေးနှစ်သက်လက်ခံထားသောအယူနှင့် ကိုက်ညီ ရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြကုန်လင့်။

၉။ မိမိတို့ ယုံကြည်ထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်၍လည်း မှန်ပြီဟု မယူကြကုန်လင့်။

၁၀။ မိမိတို့ လေးစားသော ဆရာသမား၏ စကားဖြစ်၍လည်း မှန်ပြီဟု မယူကြကုန်လင့်"

ဟု အယူဝါဒရေးရာ၌ မမှားနိုင်အောင် ရှောင်စရာ အချက်(၁၀) ချက်တို့ကို လမ်းညွှန်တော်မူပြီးနောက် ခွဲခြမ်းဝေဖန်စိစစ်ရမည့်အချက်တို့ကို ဤသို့ ဆက်လက် ဟောကြားတော်မူ၏။

"ကာလာမအမျိုးသားတို့ – သင်တို့သည် ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်သလော၊ အပြစ်ရှိသောတရားတို့လော၊ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့လော၊ ဤတရားများကို လိုက်နာကျင့်သုံးခဲ့လျှင် အကျိုးမဲ့ဖြစ်မည်လော၊ ဆင်းရဲဒုက္ခရောက်မည်လောဟု ခွဲခြမ်းဝေဖန်စိစစ်၍ အကုသိုလ်တရားတို့ပေတည်းဟု သိရှိလျှင် ထိုတရားများကို ရှောင်ရှားကြရမည်။

"ကာလာမအမျိုးသားတို့... သင်တို့သည် ဤတရားတို့ကား ကုသိုလ်တရားတို့ဖြစ်သလော၊ အပြစ်ကင်းသောတရားတို့လော၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့လော၊ ဤတရားကို လိုက်နာကျင့်သုံးခဲ့လျှင် အကျိုးရှိမည်လော၊ စီးပွားချမ်းသာဖြစ်မည်လောဟု ခွဲခြမ်းဝေဖန်စိစစ်၍ ကုသိုလ်တရားတို့ပေတည်းဟု သိရှိလျှင် ထိုတရားများကို လိုက်နာကျင့်သုံးရမည်"ဟု လမ်းညွှန် ဟောကြားတော်မူပါသည်။

ယင်းသို့ "ကုသိုလ်ဖြစ်သည့်တရားလော၊ အပြစ်ကင်းသည့်တရားလော၊ လိုက်နာကျင့်သုံးလျှင် အကျိုးရှိမည့် ချမ်းသာဖြစ်မည့်တရားလော၊ အကုသိုလ်ဖြစ်သည့်တရားလော၊ အပြစ်ရှိသည့်တရားလော၊ လိုက်နာကျင့်သုံးလျှင် အကျိုးမဲ့မည့် ဆင်းရဲဒုက္ခဖြစ်မည့်တရားလော"

စသည်ဖြင့် ခွဲခြမ်းဝေဖန်စိစစ်၍ ကုသိုလ်ဖြစ်လျှင် ဆောင်ရမည်၊ အကုသိုလ်ဖြစ်လျှင် ရှောင်ရမည်ဟု လမ်းညွှန်တော်မူချက်သည် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒပင်ဖြစ်သည်။

ဤသို့ မြတ်ဗုဒ္ဓ၏ ကမ္မဝါဒသည် အရာရာ ခွဲခြမ်းစိတ်ဖြာ ဝေဖန်စိစစ်၍ ယူသောဝါဒဖြစ်၍ ဝိဘဇ္ဇဝါဒလည်းမည်၏။ သမ္မာဒိဋ္ဌိမနောက်ဖြစ်၍ မှန်ကန်သောအယူအမြင်လည်းဖြစ်၏။ မဂ္ဂင်ရှစ်ပါးတွင် ပါဝင်၍ မရှိမပဋိပဒါလည်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ကမ္မဝါဒကို အခြေခံထားသောဘာသာ ဖြစ်ပေသည်။

## (၂) အနတ္တဝါဒကို အထွတ်အထိပ်ထားပုံ

**အတ္တဝါဒ**

ဗုဒ္ဓဘာသာ၏ ဒုတိယဝိသေသလက္ခဏာဂုဏ်အင်္ဂါမှာ ဗုဒ္ဓဘာသာသည် ကံကိုအခြေခံထားသော်လည်း အတ္တဝါဒကို ပယ်ရှား၍ အနတ္တဝါဒကို အထွတ်အထိပ်ထားသော ဘာသာဖြစ်၏။ ဗုဒ္ဓဘာသာတို့၏ အနတ္တဝါဒအကြောင်းကို မရှင်းပြမီ အတ္တဝါဒအကြောင်းကို ရှေးဦးစွာ သိသာရုံ ရှင်းပြပါမည်။ အတ္တဝါဒအကြောင်းကို ကောင်းစွာ နားလည်သဘောပေါက်ပါလျှင် အနတ္တဝါဒကို အလိုလို နားလည်သွားမည် ဖြစ်ပါသည်။

အတ္တဝါဒမှာ မြတ်စွာဘုရား မပွင့်လာမီကပင် ကမ္ဘာလောကကြီးတွင် ထွန်းကားပြန့်ပွားနေသော ဝါဒကြီးဖြစ်၏။ သတ္တဝါတို့ ခန္ဓာကိုယ်ထဲမှာ အတ္တဆိုတဲ့ အသက်ကောင်ရှိ၏။ ထိုအတ္တသည် အလွန်သတ္တိကောင်း၏။ ပြုလုပ်ဖွယ်ဟူသမျှကို စီမံပြုလုပ်တတ်၏။ ကောင်းမှု၊ မကောင်းမှု အစုစုတို့ကို ထိုအတ္တ၏သတ္တိကြောင့် ပြုကြရ၏။ အတ္တက ကောင်းမှုကို ပြုလိုလျှင် အတ္တအမိန့်အတိုင်း ကိုယ်၊နှုတ်တို့က ကောင်းမှုကို ပြုပေးကြရ၏။ ထို့အတူ အတ္တက မကောင်းမှုကို ပြုလိုလျှင် အတ္တ၏ အမိန့်အတိုင်း ကိုယ်၊နှုတ်တို့က မကောင်းမှုကို ပြုပေးကြရ၏။ အတ္တသည် အရာခပ်သိမ်းကို စီမံပြုလုပ်တတ်သူဖြစ်၏။ (ကာရက

=စီမံ ပြုလုပ်တတ်သူ)

စီမံပြုလုပ်သဖြင့် ဖြစ်ပေါ်လာသည့် အကျိုးတရားကိုလည်း အတ္တကပင် ခံစား၏။ ဆင်းရဲမှု၊ ချမ်းသာမှု၊ နာကျင်ကိုက်ခဲမှု၊ အရသာရှိမှုစသည့် ခံစားဖွယ်ဟူသမျှကို အတ္တက ခံစား၏ (ဝေဒက=ခံစားတတ်သူ)။ အတ္တသည် ခန္ဓာကိုယ်တစ်ခုလုံးကို စိုးမိုးအုပ်ချုပ်နေသူဖြစ်၍ ခန္ဓာအိမ်၏ အရှင်သခင်ဖြစ် သည်(သာမိ=ခန္ဓာအိမ်ပိုင်ရှင်)။ ခန္ဓာအိမ်ဟောင်း ပျက်စီးသွားသည့်အခါတိုင်း အတ္တသည် ခန္ဓာအိမ်ဟောင်းမှ ထွက်ပြီး ခန္ဓာအိမ်အသစ်တစ်ခုသို့ ရွှေ့ပြောင်းနေထိုင်လေ့ ရှိသည့်အတွက် ခန္ဓာအိမ်သာ ပျက်စီး၍ အတ္တမှာ မပျက်မစီး အမြဲတည်၏။ (နိဝါသီ=ခန္ဓာအိမ်သစ်သို့ ရွှေ့ပြောင်းနေထိုင်သူ)။ ခန္ဓာအိမ်နှင့် ဆိုင်ရာတို့၌ မိမိအလိုသို့ လိုက်ပါစေနိုင်သော (ဝသဝတ္တန)သဘောရှိ၏။ အစိုးရသူဖြစ်၏ (သယံဝသီ=အလိုသို့ လိုက်ပါစေနိုင်သူ၊ အစိုးရသူ)။ ထို့ကြောင့် အတ္တသည် မပျက်မစီး အမြဲတည်သော အနှစ်သာရ အမာခံတရားတည်းဟု ယူသော အယူဝါဒဖြစ်သည်။

မြတ်စွာဘုရား ပွင့်လာတော်မမူမီက ကမ္ဘာ့လူသားတို့သည် ဤအတ္တဝါဒကိုပင် အထွတ်အထိပ်ထားကြ၏။ အတ္တဝါဒကို သဲသဲမဲမဲ အစွဲကြီးစွာ ယူနေကြ၏။ ဘဝသည် မြဲ၏ဟူသော "သဿတ"အယူ၊ သေလျှင် ဘဝပြတ်စဲသွား၏ဟု ယူသော "ဉစ္ဆေဒ"အယူ စသော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိအယူများသည် ဤအတ္တဝါဒကိုပင် အစွဲပြု၍၊ အခြေခံ၍ ဖြစ်ပေါ်လာကြသော အယူဝါဒများ ဖြစ်ကြသည်။ ဗုဒ္ဓမြတ်စွာ ပွင့်လာတော်မူသောအခါ ထိုအယူဝါဒကို မှားယွင်းသော "အတ္တဒိဋ္ဌိ"အယူဟု ဟောတော်မူသည်။

**အနတ္တဝါဒ**

အနတ္တဝါဒဆိုသည်မှာ အတိုချုပ်အားဖြင့် အတ္တဝါဒနှင့် ပြောင်းပြန်ဖြစ်၍ "အတ္တမရှိဝါဒ"ဖြစ်သည်။ (အနတ္တ=အန+အတ္တ။ အန=မရှိ+

အတ္တ=အတ္တကောင်) ထို့ကြောင့် သတ္တဝါတို့၏ခန္ဓာကိုယ်ထဲမှာ ပြုလုပ်စီမံနေသည့်၊ အရာရာကို ခံစားတတ်သည့်၊ အစိုးတရ ခြယ်လှယ်နေသည့်၊ ခန္ဓာအိမ်ပိုင်ရှင်ဖြစ်သည့် အတ္တခေါ် အသက်ကောင်၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင် ဆိုသည်မှာ မရှိ။ ငါ,သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလည်း မရှိ။ ရုပ်နာမ်နှစ်ပါး၊ ပရမတ္ထသဘောတရားမျှသာရှိသည်ဟု ယူသော အယူဝါဒဖြစ်၏။

အမှန်စင်စစ် အနတ္တဆိုသည်မှာ ယခု ထေရဝါဒဗုဒ္ဓဘာသာဝင်များ လိုက်နာကျင့်သုံးနေကြသည့် ဒါန၊ သီလ၊ သမထ၊ ဘာဝနာ၊ ဝိပဿနာ ကျင့်စဉ်တရားများတွင် ဝိပဿနာတရားပင် ဖြစ်သည်။ သတိပဋ္ဌာန် စသည့် မှတ်သိတရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ သမာဓိအားကောင်းလာသည့်အခါ ခန္ဓာကိုယ်မှာ ရုပ်နှင့်နာမ် တရားနှစ်မျိုးသာရှိသည်ဟု ရုပ်နှင့်နာမ်တရားတို့ကို ပိုင်းခြားသိမြင်သည့် နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာတတ်၏။ ထိုအခါ ခန္ဓာကိုယ်မှာ ရုပ်တရား နာမ်တရား နှစ်မျိုးမှတစ်ပါး အခြားအတ္တကောင်ဆိုသည်မှာ မရှိဟု သိမြင်လာပါသည်။

ထို့နောက် ခန္ဓာကိုယ်မှာရှိနေသည့် ရုပ်တရား၊ နာမ်တရားနှစ်ပါး ကလည်း အမြဲတည်နေကြသည်မဟုတ်၊ အစဉ်ဖြစ်ပျက်နေကြသည်ကို ဉာဏ်ဖြင့် တွေ့မြင်နေရသည့်အတွက် ရုပ်နာမ်တို့သည် အမြဲမရှိ (အနိစ္စ)၊ မမြဲသည့်အတွက်ကြောင့် ဆင်းရဲအစု(ဒုက္ခ)၊ မြဲနေအောင် အစိုးတရပြုလုပ်နိုင်သော အတ္တကောင်မရှိသောကြောင့် အစိုးရသူ အတ္တမရှိ(အနတ္တ)ဟု အသိဉာဏ်(အနုပဿနာဉာဏ်)များ.ပေါ်လာလျှင် ဝိပဿနာတရားဖြစ်၏။

ဤ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးတရား သုံးမျိုး တွင် တစ်မျိုးကို သိမြင်လျှင် ကျန်နှစ်မျိုးကိုလည်း သိမြင်မြဲဖြစ်၏။ **ဒါန၊ သီလ၊ သမထ ဘာဝနာကျင့်စဉ်တရားသုံးမျိုးတို့သည် သာသနာ တွင်း၊ သာသနပ နှစ်ချိန်လုံး၌ပင် ရှိနိုင်ကြသော်လည်း အနတ္တဝါဒခေါ်**

**သည့် ဝိပဿနာတရားမှာမူ ဗုဒ္ဓရှင်တော်မြတ်ဘုရား ပွင့်တော်မူလာမှ သာသနာတွင်းမှာသာရှိသည့် တရားမျိုး ဖြစ်၏။ သာသနာပကာလ မှာရှိသည့် တရားမျိုး မဟုတ်ပါချေ။**

## ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာ

ဗုဒ္ဓမြတ်စွာ မပွင့်လာမီကပင် ရှိနှင့်နေပြီဖြစ်သော ဗြာဟ္မဏ(ဟိန္ဒူ) ဝါဒမှာ ဗုဒ္ဓဘာသာကဲ့သို့ပင် ကံကိုလက်ခံယုံကြည်သောဘာသာ ဖြစ်သော်လည်း အတ္တဝါဒကို စွဲကိုင်ထား၍ သမထဘာဝနာမျှသာ လမ်းဆုံးသည့် သံသရာကောင်းစားရေးမျှကိုသာ လမ်းညွှန်သောဝါဒဖြစ်၏။ ဘုရားမပွင့်မီက ရှိနေကြသည့် ဘုရား၏ ဆွေတော်မျိုးတော် သာကီဝင် မင်းမျိုးများ၊ သုဒ္ဓေါဒနမင်းကြီးတို့ ကိုးကွယ်နေကြသည့် ကာဠဒေဝီလ ရသေ့ကြီးနှင့် ဘုရားလောင်း လောကီစျာန်များကို ချဉ်းကပ် နီးနှောခဲ့သည့် အာဠာရ,ရသေ့၊ ဥဒကရသေ့ စသည့် စျာန်ရ ရသေ့ကြီးများသည် ဗုဒ္ဓဘာသာကဲ့သို့ပင် ကံကို ယုံကြည်ကြသည့် ကမ္မဝါဒီ၊ ကိရိယဝါဒီ ဗြာဟ္မဏဘာသာဝင်များ ဖြစ်ကြသည်။

ထိုသို့ ကမ္မဝါဒီပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည့်အတွက် စျာန်တရားများကို ရရှိကြသည့်အပြင် ကောင်းကင်ပျံနိုင်ခြင်း၊ မြေလျှိုးနိုင်ခြင်း စသည့် အဘိညာဉ်တန်ခိုးများကိုလည်း ရရှိကြခြင်းဖြစ်သည်။ သို့သော် ထိုဗြာဟ္မဏဘာသာဝင် ရသေ့ကြီးများသည် ခန္ဓာကိုယ်ထဲမှာ အစိုးတရ ခြယ်လှယ်နေသည့် အတ္တခေါ် အသက်ကောင်၊ ဝိညာဉ်ကောင်ရှိသည် ဟူသော အတ္တဒိဋ္ဌိအယူမှားကို စွဲယူထားသူများ ဖြစ်ကြ၏။

ထို့ကြောင့် ထိုရသေ့ကြီးများမှာ သုံးဆယ့်တစ်ဘုံတွင် အမြင့်ဆုံး ဖြစ်၍ ဘဝဂ်ခေါ်သည့် (နေဝသညာနာသညာယတန) အရူပဘုံအထိ ရောက်နိုင်၍ အရူပ ဗြဟ္မာကြီးဖြစ်ကြသော်လည်း သုံးဆယ့်တစ်ဘုံမှ လွတ်မြောက်ခွင့်ကိုမူ မရနိုင်ကြသေးပါ။ "ဗြဟ္မာဖြစ်လို့ ပြောင်ပြောင် ဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်"ဆိုသကဲ့သို့ တစ်ချိန်ချိန်တွင် အပါယ်

လေးဘုံအထိ ပြန်ကျနိုင်ပါသေး၏။

ဈာန်အဘိညာဉ် တန်ခိုးများကို ရရှိပြီး ဈာန်လက်ရှိနှင့် သေဆုံးသည့်အခါ ဆိုင်ရာဗြဟ္မာဘုံတို့၌ ဗြဟ္မာကြီး ဖြစ်နိုင်ကြသော်လည်း အတ္တဒိဋ္ဌိအယူမှားကို စွဲမြဲစွာ ယူထားသူများဖြစ်၍ အနတ္တဟု ရှုမြင်ရသည့် ဝိပဿနာတရားကို အားမထုတ်နိုင်သောကြောင့် ပုထုဇဉ်ဘဝကို ကျော်လွန်ပြီး အရိယာနယ်သို့ မဆိုက်ရောက်နိုင်ကြသေးပေ။ ထို့ကြောင့် နတ်ဘုံ၊ လူ့ဘုံများမှတစ်ဆင့် အပါယ်ဘုံသို့ ကျရောက်နိုင်ခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာမှာမူ အနတ္တဝါဒကို အထွတ်အထိပ်ထားသည့်အတွက် ဗြာဟ္မဏ ဘာသာကဲ့သို့ သမထဘာဝနာဆိုသည့် သမာဓိအကျင့်စခန်းလောက်၌သာ လမ်းမဆုံးသေးဘဲ ဝိပဿနာဘာဝနာဆိုသည့် ပညာအကျင့်စခန်းအထိ တက်လှမ်းနိုင်သောကြောင့် သစ္စာသိမြင်၊ မဂ်ပေါက်ဖိုလ်ဝင်ဖြစ်ကာ ဘဝသံသရာမှ လွတ်မြောက်နိုင်သည့် ဘာသာဖြစ်၏။ ဤကဲ့သို့ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့သည် ရှေ့ပိုင်းတွင် ကမ္မဝါဒကို အခြေခံထားချင်း တူကြသော်လည်း နောက်ပိုင်းတွင် အနတ္တဝါဒနှင့် အတ္တဝါဒဟူ၍ လမ်းကွဲသွားကြပေသည်။

## ပဥ္စဝဂ္ဂီငါးဦးနှင့် အနတ္တလက္ခဏသုတ်

အနတ္တဝါဒကား သဗ္ဗညုဘုရားရှင်တို့ ပွင့်တော်မူလာကြမှ ပေါ်လာသော ဝါဒဖြစ်၏။ သဗ္ဗညုဘုရားရှင်တို့၏ အခြေခံအကျဆုံးသောဝါဒလည်းဖြစ်၏။ ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ညနေအချိန်မှာ ပဥ္စဝဂ္ဂီငါးဦး တို့အား အကျင့်သုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတရားများ ပါဝင်သည့် ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူရာ အရှင်ကောဏ္ဍည နှင့် ဗြဟ္မာ ၁၈–ကုဋေ၊ နတ်အသင်္ချေ သောတာပန် တည်ခဲ့ပါသည်။ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင်မူ သောတာပန်အရိယာများ ဖြစ်ပြီး

ကြသည့် ပဉ္စဝဂ္ဂီငါးဦးတို့ကိုပင် အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူရာ သုတ်တော်အဆုံးမှာ ပဉ္စဝဂ္ဂီငါးဦးလုံး အာသဝေါကုန်ခန်း၊ ရဟန္တာများ ဖြစ်သွားကြ၏။ ထို့ကြောင့် **အနတ္တဝါဒသည် ဘုရားသာသနာတော်၏ အခြေခံအကျဆုံး၊ အနှစ်သာရအရှိဆုံးသောဝါဒဖြစ်သည်။**

## အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီခေါ် သောတာပန် ရဟန်းငါးဦးတို့အား "ခန္ဓာငါးပါးလုံး အတ္တကောင်မဟုတ်ပုံ"ကို ဤသို့ ရှေးဦးစွာ ရှင်းလင်းဟောကြားတော်မူ၏။

ရဟန်းတို့...ရုပ်သည် အတ္တကောင်မဟုတ်၊ အကယ်၍ အတ္တကောင် ဟုတ်လျှင် ဤရုပ်သည် (မိမိအား) နှိပ်စက်ဖို့ရာ မဖြစ်တန်လေရာ၊ ထို့ပြင် "ငါ့ရုပ်ဟာ ဒီလိုအကောင်းချည်းပဲဖြစ်ပါစေ၊ ဒီလိုအဆိုးမျိုးတော့ မဖြစ်ပါစေနဲ့"ဟု ရုပ်မှာ စီမံခန့်ခွဲလို့လည်း ရ,ရမည်။

ဒါပေမဲ့ အခုတော့ ဒီရုပ်ဟာ (မိမိအား) နှိပ်စက်ဖို့ရာလည်း ဖြစ်နေတယ်။ ထို့ပြင် "ငါ့ရုပ်ဟာ ဒီလိုအကောင်းချည်းပဲဖြစ်ပါစေ၊ ဒီလိုအဆိုးမျိုးတော့ မဖြစ်ပါစေနဲ့"ဟု ရုပ်မှာ စီမံခန့်ခွဲလို့မရဘဲ ရှိနေတယ်။ ဒါကြောင့် ရုပ်ဟာ အစိုးရတဲ့အတ္တကောင် မဟုတ်။

ရဟန်းတို့...ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ဟာ အတ္တကောင် မဟုတ်ကြ၊ အတ္တကောင်ဟုတ်ကြလျှင် ဤဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ဟာ (မိမိတို့အား) နှိပ်စက်ဖို့ရာ မဖြစ်ကြတန်လေရာ။ ထို့ပြင် "ငါ့ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ဟာ ဒီလို အကောင်းချည်းပဲဖြစ်ကြပါစေ၊ ဒီလို အဆိုးမျိုးတွေတော့ မဖြစ်ကြပါစေနဲ့"လို့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှာ စီမံခန့်ခွဲလို့ ရကြရမယ်။

ဒါပေမဲ့ အခုတော့ ဒီဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေဟာ

(မိမိတို့အား) နှိပ်စက်ဖို့ရာလည်း ဖြစ်နေကြတယ်။ ထို့ပြင် "ငါ့ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေဟာ ဒီလိုအကောင်းချည်းပဲ ဖြစ်ကြပါစေ။ ဒီလိုအဆိုးမျိုးတွေတော့ မဖြစ်ကြပါစေနဲ့"လို့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့မှာ စီမံခန့်ခွဲလို့လည်း မရဘဲရှိနေတယ်။ ဒါကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တွေဟာ အစိုးရတဲ့ အတ္တကောင် မဟုတ်ကြဟု ဟောတော်မူ၏။

ထို့နောက် ခန္ဓာငါးပါးလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကို အမေးအဖြေနည်းဖြင့် ဤသို့ ဆက်လက်ဟောကြားတော်မူ၏။

ရဟန်းတို့...ဒါကို ဘယ်လိုထင်ကြသလဲ၊ ရုပ်ဟာ မြဲသလား၊ မမြဲသလား၊ (မမြဲပါဘုရား)။ မမြဲတာဟာ ဆင်းရဲလား၊ ချမ်းသာလား၊ (ဆင်းရဲပါဘုရား)။ မမြဲဆင်းရဲ ပြောင်းလဲနေတဲ့ ရုပ်တရားကို ငါ့ဟာဟု (တဏှာ)၊ ငါဟု(မာန)၊ ငါ့အတ္တဟု(ဒိဋ္ဌိ) ရှုမြင်ထင်မှတ်ဖို့ သင့်ပါသလား၊ (မသင့်ပါဘုရား)။

ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တရားတို့ အမြဲမရှိပုံ (အနိစ္စ) ဆင်းရဲပုံ(ဒုက္ခ)တို့နှင့် ထို အနိစ္စ၊ ဒုက္ခဖြစ်သည့် တရားများကို ငါ့ဟာ၊ ငါ၊ ငါ့အတ္တဟု မစွဲယူ မရှုမြင်သင့်ပုံတို့ကို ရုပ်မှာဟောသည့် နည်းအတိုင်း ဟောကြားတော်မူ၏။

နောက်ဆုံး ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို (၁၁)ပါး အပြားအားဖြင့် ခွဲ၍ ဝိပဿနာရှုမှတ်ပွားများနည်းကို ဤသို့ ဆက်လက်ညွှန်ကြားတော်မူပါသည်။

ရဟန်းတို့... အခုဟောခဲ့တဲ့အတိုင်း ငါ့ဟာပဲ၊ ငါပဲ၊ ငါ့အတ္တပဲလို့ ရှုမြင် ထင်မှတ်ဖို့ မသင့်တဲ့အတွက် အတိတ်ရုပ်ဖြစ်စေ၊ အနာဂတ်ရုပ်ဖြစ်စေ၊ ပစ္စုပ္ပန်ရုပ်ဖြစ်စေ၊ ကိုယ့်သန္တာန်ကရုပ်ဖြစ်စေ၊ သူများသန္တာန်က ရုပ်ဖြစ်စေ၊ အကြမ်းရုပ်ဖြစ်စေ၊ အနုရုပ်ဖြစ်စေ၊ ညံ့တဲ့ရုပ်ဖြစ်စေ၊ ကောင်းမြတ်တဲ့ရုပ်ဖြစ်စေ၊ အဝေးရုပ်ဖြစ်စေ၊ အနီးရုပ်ဖြစ်စေ၊ ရုပ်ဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တ မဟုတ်"လို့ ကိုယ်ပိုင်

ဉာဏ်ဖြင့် အမှန်အတိုင်းသိမြင်အောင် ရှုမှတ်ပွားများရမည်။ (ဝေဒနာ စသည်တို့ကိုလည်း ဤနည်းအတိုင်း ဟောကြားတော်မူပါသည်။)

ထို့နောက် "ဉာဏ်စဉ်တက်ပုံ"ကို ဤသို့ နောက်ဆုံး ဟောကြားတော်မူပါသည်။

ရဟန်းတို့၊ ဘုရားတပည့် အရိယာသာဝကဟာ ငါဟောခဲ့တဲ့အတိုင်း ရုပ် စတဲ့ ခန္ဓာငါးပါးကို ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားမျှလို့ ရှုမှတ်သိမြင်တဲ့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တွေဖြစ်လာလျှင် နောက်တစ်ဆင့် ခန္ဓာငါးပါးကို ငြီးငွေ့တဲ့ ဘယဉာဏ်မှ အနုလောမဉာဏ်အထိ အဆင့်ဆင့် ဉာဏ်များ ဖြစ်ပေါ်လာမယ်။ ထို့နောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်များ အဆင့်ဆင့် ဖြစ်ပေါ်လာကြမယ်ဟု ဟောကြားတော်မူပါသည်။ ဤကား အနတ္တလက္ခဏာသုတ်၏ အနှစ်ချုပ် ဖြစ်သည်။

**အတ္တဝါဒနှင့် အနတ္တဝါဒ ပြိုင်ပွဲ**

**အတ္တဝါဒီဆရာကြီး။** ။ ဆက်၍ဆိုပါဦးမည်၊ ဂေါတမဘုရားရှင် ထင်ရှားပွင့်လာတော်မူ၍ အနတ္တဒေသနာတော်ကြီးကို ဟောကြားတော်မူလိုက်သည့်အခါ အတ္တဝါဒီလောကကြီးတစ်ခုလုံး တုန်လှုပ်သွားကြ၏။ သူတို့စွဲကိုင်ထားကြသော အတ္တဝါဒကို ဂေါတမဘုရားရှင်၏ အနတ္တဝါဒနှင့် ပြိုင်ဆိုင်ရန် ဦးတည်လာကြ၏။ ဦးတည်လာကြသူများတွင် သစ္စကပရိဗိုဇ်ကြီးမှာ အထင်ရှားဆုံးဖြစ်သည်။

သစ္စကပရိဗိုဇ်မှာ အတ္တဝါဒကို တကယ်အယူမှန်ဟု စွဲမြဲစွာယူထားသူ အတ္တဝါဒီကြီး ဖြစ်သည်။ သူသည် ဖခင်ပရိဗိုဇ်ကြီးထံမှ အယူဝါဒ ငါးရာ၊ မိခင်ပရိဗိုဇ်မကြီးထံမှ အယူဝါဒ ငါးရာအားဖြင့် အယူဝါဒ တစ်ထောင်အပြင် သာသနာပြင်ပ အခြားအယူဝါဒများကိုပါ သင်ကြားတတ်မြောက်ထားသူ ဖြစ်သည်။ ဝမ်းမိုက်ထဲ၌ အယူဝါဒပညာရပ်များ

အလွန်ပြည့်နေသည့်အတွက် ဝမ်းဗိုက်ကြီး ကွဲထွက်သွားမှာစိုး၍ သံခါးပတ်ကြီးဖြင့် ဝမ်းဗိုက်ကို ပတ်ထားပြီး လှည့်လည်သွားလာနေသူဟု ဆိုပေသည်။

ဝေသာလီ ပြည်သူလူထုပရိသတ်အလယ်၌လည်း "ငါနဲ့ ဝါဒပြိုင်လိုက်လျှင် ချွေးမကျဘဲ၊ မတုန်လှုပ် မယိမ်းယိုင်ဘဲ ကြံ့ကြံ့ခံနိုင်သူ ဘယ်သူမျှမရှိ။ ကြံ့ကြံ့ခံနိုင်တဲ့ ဂိုဏ်းဆရာကြီးကိုဖြစ်စေ၊ ဘုရားဟု ဝန်ခံနေသူကိုဖြစ်စေ တစ်ဦးတလေမျှ ငါမတွေ့ရသေး၊ အသက်မရှိတဲ့ တိုင်တွေကိုပင် ဝါဒလမ်းစဉ်နှင့် ပြစ်တင်ပြောဆိုလိုက်ရင် ယိမ်းယိုင်တုန်လှုပ်သွားရမယ်။ သက်ရှိလူသားတွေအဖို့ကတော့ ပြောစရာမလိုပါဘူး"ဟု မာနတံခွန်ထူကာ ကြွေးဝါးနေသူ ဖြစ်သည်။

သစ္စကသည် ဝေသာလီပြည်၊ မဟာဝုန်တောကြီးအတွင်း၌ အေးချမ်းစွာ သီတင်းသုံးတော်မူနေသည့် မြတ်ဗုဒ္ဓ၏ အနတ္တဝါဒအကြောင်းကို တပည့်များထံမှ တစ်စွန်းတစ်စ သတင်းရထား၏။ သို့ဖြစ်၍ မြတ်ဗုဒ္ဓနှင့် အလွန်တွေ့ချင်နေ၏။ အယူဝါဒပြိုင်ချင်နေ၏။ သို့သော် သူရထားသည့်သတင်း မှန်,မမှန်ကိုတော့ စုံစမ်းချင်သေးသည်။

တစ်နေ့နံနက်တွင် သစ္စကပရိဗိုဇ်ဆရာကြီး အညောင်းပြေ လမ်းလျှောက်ထွက်လာစဉ် ဝေသာလီပြည်တွင်းသို့ ဆွမ်းခံဝင်လာသည့် အရှင်အဿဇိမထေရ်ကြီးနှင့် ဆုံမိလေသည်။ ထိုအခါ အရှင်အဿဇိမထေရ်အား နှုတ်ဆက်စကားပြောကြားပြီး "သင်တို့ဆရာ ရဟန်းဂေါတမဟာ တပည့်တွေကို ဘယ်လိုဆုံးမနေပါသလဲ၊ ဘယ်လိုညွှန်ကြားချက်တွေကို အကြိမ်များစွာပေးပါသလဲ"ဟု မေးလိုက်သည်။

အရှင်အဿဇိက "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ အဝိညာဉ်ဆိုတဲ့ တရားတွေဟာ မမြဲတဲ့ အနိစ္စသဘောတရားတွေ၊ အတ္တကောင်မဟုတ်တဲ့ အနတ္တသဘောတရားတွေပဲလို့ ဆိုဆုံးမနေပါတယ်။ အဲဒီလို ညွှန်ကြားချက်များကို အကြိမ်များစွာပေးပါတယ်"ဟု ရိုးရိုးသားသား အမှန်အတိုင်း ဖြေကြားလိုက်၏။

တိုအခါ သစ္စကက "အို အရှင်အသဖိ၊ အခုလိုကြားရတာ ကျွန်ုပ်အဖို့ မကြားကောင်း၊ မနာသာ အမင်္ဂလာစကားပါပဲ။ တစ်ချိန်ချိန်မှာ ရဟန်းကြီးဂေါတမနှင့် တွေ့ရသေးတာပေါ့။ ဒီလိုယုတ်ညံ့လှတဲ့ အနတ္တမိစ္ဆာဝါဒရှိတဲ့ ရဟန်းကြီးဂေါတမကို ချွတ်ရသေးတာပေါ့"ဟု ရက်ရက်စက်စက် ရှုတ်ချပြောကြားလိုက်သည်။

## ဝါဒပြိုင်ပွဲကြီး

ဤသို့ မြတ်ဗုဒ္ဓ၏ဝါဒသည် အနတ္တဝါဒဖြစ်ကြောင်း အခိုင်အမာ သိရပြီဖြစ်၍ သစ္စကသည် မြတ်ဗုဒ္ဓနှင့် ဝါဒပြိုင်ရန် ပြင်ဆင်လေတော့၏။ ဝါဒပြိုင်ရလျှင်လည်း သူကပင် အနိုင်ရမည်ဟု တစ်ထစ်ချ တွက်ဆထားသည်။ သူအနိုင်ရသည်ကိုလည်း လူအများ သိစေချင်သေးသည်။ ထို့ကြောင့် လိစ္ဆဝီမင်းသားငါးရာတို့ စည်းဝေးနေကြသည့် လွှတ်ရုံးတော်သို့ သွားပြီး ဝါဒပြိုင်ပွဲကြီးသို့ ဖိတ်ခေါ်သည်။ လိစ္ဆဝီမင်းတို့ လိုက်ချင်အောင် "အားခွန်ဗလကောင်းတဲ့ လူကြီးတစ်ယောက်က သိုးငယ်ကလေးတစ်ကောင်ကို အမွေးဆွဲပြီး မွေ့ရမ်းလိုက်သလို ရဟန်းဂေါတမကို ဝါဒလမ်းစဉ်နဲ့ မလှုပ်နိုင်အောင် ဖော့ရမ်းပြလိုက်မယ်"ဟု အလွန်အကျွံ ကြုံးဝါးပြီး ဖိတ်ခေါ်လိုက်သည်။ လိစ္ဆဝီမင်းများတွင် သူ့စကားကို ယုံသူရှိသလို မယုံသူများလည်း ရှိ၏။ သို့သော် နောက်ဆုံးတွင် လိစ္ဆဝီမင်း ငါးရာလုံး လိုက်ပါသွားကြ၏။

သစ္စကပရိဗိုဇ်တို့လူသိုက် ဗုဒ္ဓရှင်တော်ဘုရားမျက်မှောက်သို့ ဆိုက်ရောက်သွားကြချိန်မှာ မွန်းတည့်ရှိန်ရှိန် နေ့လယ်ချိန်ကြီး ဖြစ်ပါသည်။ ပြိုင်ပွဲလာ ပရိသတ်ကား အပိုင်းအခြားမရှိ များပြားလှဘိ၏။ ပထမတွင် လိစ္ဆဝီမင်းသား ငါးရာသာ လိုက်ပါလာသော်လည်း ဝါဒပြိုင်ပွဲ သတင်းကြောင့် နောက်ထပ်လိုက်လာကြသည့် ဝေသာလီ လူထုပရိသတ်ကြီးမှာ မြတ်ဗုဒ္ဓ၏ ပတ်ဝန်းကျင်ရှိ မဟာဝုန်တောအတွင်း သစ်ပင်များအောက်တွင် ကြည့်၍မဆုံးနိုင်အောင် ရှိပေ၏။ သစ္စက

ပရိဗိုဇ်သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား နှုတ်ခွန်းဆက်စကား ပြော ကြားပြီး "အရှင်ဂေါတမ၊ အရှင်ဂေါတမဟာ တပည့်တွေကို ဘယ်လို ဆုံးမနေပါသလဲ" ဆိုသည့် မေးခွန်းနှင့် ပြိုင်ပွဲကို စတင်လိုက်သည်။

"သစ္စက... ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ တရားတွေဟာ မမြဲတဲ့ အနိစ္စသဘောတရားတွေ၊ အတ္တကောင် မဟုတ် တဲ့ အနတ္တသဘောတရားတွေပဲလို့ ငါဆုံးမနေပါတယ်။ အဲဒီအတိုင်းပဲ အကြိမ်များစွာ ငါညွှန်ကြားနေတယ်"လို့ အရှင်အဿဇိမထေရ် ဖြေ ကြားသကဲ့သို့ မြတ်ဗုဒ္ဓက ဖြေကြားလိုက်၏။

သူမျှော်လင့်ထားသည့်အတိုင်း ဘုရားရှင်က ဖြေကြားလိုက်သည့် အခါ ဝါဒတင်ရန် ပြင်ဆင်ထားသည့် သစ္စကပရိဗိုဇ်က "ဥပမာတစ်ခု ပြောပါရစေ"ဆိုပြီး ဤသို့ သူ့ဝါဒကို တင်ပြလိုက်လေသည်။ "အရှင် ဂေါတမ၊ မျိုးစေ့တွေ သစ်ပင်တွေဟာ မြေကြီးမှာ မှီပြီး တည်ပြီး ပေါက်ပွားစည်ပင်ကြရတယ် မဟုတ်လား။ ခွန်နဲ့ အားနဲ့ လုပ်ကြရတဲ့ လုပ်ငန်းတွေလည်း မြေကြီးပေါ်မှာပဲ ရပ်တည်ပြီး လုပ်ကြရတယ် မဟုတ်လား။ အဲဒီလိုပဲ ကောင်းမှု၊ မကောင်းမှု ကုသိုလ်ကံ၊ အကုသိုလ် ကံတွေကိုလည်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ အတ္တကောင်ရှိတဲ့သူက ဒီအတ္တကောင်ကို မှီပြီး လုပ်ကြရပါတယ်။ ကောင်းကျိုး ဆိုးကျိုးကိုလည်း ဒီအတ္တကောင်ကပဲ ခံစားရပါတယ်။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာတွေဟာ အတ္တ မဟုတ်ရင် ကောင်းမှု၊ မကောင်းမှုဟာ ဘယ်ဟာကို မှီပြီးဖြစ်မလဲ၊ ကောင်းကျိုး ဆိုးကျိုးကိုလည်း ဘယ်သူခံစားမလဲ"ဟု ဝါဒတင်လိုက် သည်။

သစ္စက၏ တင်ပြချက်သည် အလွန်ပိုင်၏။ ဆီလျော်အံဝင်၏။ သူ့ဝါဒကို ချေပပြီး အပြစ်ဆိုနိုင်မည့်သူသည် မြတ်ဗုဒ္ဓမှတစ်ပါး အခြား မည်သူမျှမရှိပါ။ သစ္စကသည် ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင် ဆုံးမမှရမည့် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်မျိုး ဖြစ်၏။ ထို့ကြောင့် သစ္စကကို

ဆုံးမရန် မြတ်ဗုဒ္ဓက

"သစ္စက–ရုပ်ဟာ ငါရဲ့အတ္တ၊ ဝေဒနာဟာ ငါရဲ့အတ္တ၊ သညာဟာ ငါရဲ့အတ္တ၊ သင်္ခါရဟာ ငါရဲ့အတ္တ၊ ဝိညာဏ်ဟာ ငါရဲ့အတ္တလို့ သင် ဆိုလိုပါသလား"ဟု သစ္စက၏အတ္တဝါဒကို မချေဖျက်မီ ရှေးဦးစွာ မိမိရရ ဆုပ်ကိုင်ပြီး ချေဖျက်နိုင်ဖို့ ကောက်ပင်ရိတ်လှီးစကားမျိုးဖြင့် မေးလိုက်သည်။

သစ္စက,က "အရှင်ဂေါတမ အရှင်ဂေါတမ မေးသည့်အတိုင်း ကျွန်ုပ် ဆိုလိုပါတယ်"ဟု ဖြောင့်ဖြောင့်ပဲ ဝန်ခံလိုက်၏။

ထိုအခါ မြတ်ဗုဒ္ဓက "သစ္စက၊ ပသေနဒီ ကောသလမင်း၊ အဇာတသတ်မင်းတွေလို အာဏာရှင်ဘုရင်တွေဟာ သူတို့ပိုင်နက်မှာ သတ်သင့်သူကို သတ်ဖို့၊ ဒဏ်ပေးသင့်သူကို ဒဏ်ပေးဖို့၊ နှင်ထုတ်သင့်သူကို တိုင်းပြည်မှ နှင်ထုတ်ဖို့ အာဏာရှိကြတယ်၊ အစိုးရကြတယ် မဟုတ်လား"ဟု သစ္စက၏ အတ္တဝါဒကို ပြင်းပြင်းထန်ထန် နှိမ်နင်းရန် စကားပလ္လင်ခံလိုက်သည်။

"အရှင်ဂေါတမ...အရှင်ဂေါတမ ပြောတဲ့အတိုင်း အာဏာရှိကြပါတယ်၊ အစိုးရကြပါတယ်"ဟု သစ္စက

ထောက်ခံပြောဆိုလိုက်မိ၏။

"ဒီလိုဆိုရင် သစ္စက၊ သင်က ရုပ်ဟာ ငါရဲ့အတ္တလို့ဆိုတယ်။ အဲဒီရုပ်အပေါ်မှာ ငါရဲ့ရုပ်ဟာ ဒီလို ချောချောလှလှကလေး ဖြစ်ပါစေ၊ ဒီလို အရုပ်ဆိုး မဖြစ်ပါစေနဲ့လို့ သင် အာဏာထားနိုင်ရဲ့လား"ဟု ဘုရားရှင်က အချက်ပိုင်ပိုင် မေးလိုက်သည့်အခါ သစ္စကကြီး ငိုင်သွား၏။ ရှေးက သွက်သွက်လက်လက် ချက်ချက်ချာချာ ပြောဆိုတတ်၊ ကြုံးဝါးတတ်သည့် သစ္စက၏ နှုတ်မှ စကားတစ်လုံးမှ ထွက်ပေါ်မလာတော့ချေ။ တဏှာဘဝေ ဆိတ်ဆိတ်ဖြစ်လျက်နေရှာတော့၏။

ဘုရားရှင်၏ အမေးကို ကြားရမှ သူ့အမှားကို သူသိသွား၏။ "အာဏာထားနိုင်ပါတယ်"ဟု ဖြေလျှင် သင့်ရုပ်ခန္ဓာဟာ ဘာဖြစ်လို့

လိစ္ဆဝီမင်းပျိုကလေးများရဲ့ ခန္ဓာကိုယ်လို မလှမပ၊ မတင့်မတယ် ဖြစ်နေရပါသလဲ”ဟု ဝိုင်းပြီး မေးကြမည်။ “အာဏာမထားနိုင်ပါ”ဟု ဖြေလျှင်လည်း “သင့်စကားဟာ ရှေ့နောက်မညီပါလား”လို့ ဝိုင်းပြော ကြမည်။ ရုပ်လည်း အစိုးမရသည့်အတွက် အတ္တမဟုတ်ဟု ဝန်ခံရာ လည်း ကျသွားမည်ဟု စဉ်းစားပြီး အဖြေရ ခက်နေရှာ၏။

အတန်ကြာမှ “အရှင်ဂေါတမ ကျွန်ုပ်ရဲ့အတ္တလို့ဆိုတဲ့ ရုပ်ကို ဒီလိုလှပါစေ၊ ဒီလို အရုပ်ဆိုးမဖြစ်ပါစေနဲ့လို့ အာဏာမထားနိုင်ပါ၊ အစိုးရခြင်းလည်း မရှိပါ”ဟု ညှိုးငယ်သောမျက်နှာထားနှင့် ဖြေကြား လိုက်၏။

မြတ်ဗုဒ္ဓက ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ရုပ်မှာမေးသကဲ့သို့ ဆက်လက်မေးသည့်အခါ သစ္စကပရိဗိုဇ်ကြီးမှာ ရုပ်မှာ ဖြေကြားခဲ့သည့်အတိုင်း အာဏာမထားနိုင်ကြောင်း၊ အစိုးမရ ကြောင်း ဖြေကြားရ၏။ ထို့နောက် မြတ်ဗုဒ္ဓက–

သစ္စက ရုပ်ဟာ မြဲသလား၊ မမြဲသလား မေးရာ မမြဲပါ အရှင် ဂေါတမ်ဟု ဖြေကြား၏။ မမြဲတဲ့တရားဟာ ဒုက္ခလား၊ သုခလား။ ဒုက္ခပါ အရှင်ဂေါတမ။ ဒုက္ခဖြစ်တဲ့တရားကို ငါ့ဥစ္စာပဲ ငါပဲ ငါ့အတ္တပဲ လို့ ယူသင့်ပါသလား၊ မယူဆသင့်ပါ အရှင်ဂေါတမဟု ဘုရားရှင်မေး တိုင်း ဆက်ကာဆက်ကာ ဖြေကြားနေရ၏။

ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ရုပ်ကဲ့သို့ မေးသည့်အခါ၌လည်း ရုပ်မှာ ဖြေသည့်အတိုင်း ဖြေကြား၏။ မြတ်ဗုဒ္ဓ က “သစ္စက–ခန္ဓာငါးပါးကို ငါ့ဥစ္စာပဲ ငါဖဲ ငါ့အတ္တပဲလို့ ထင်မြင် စွဲလမ်းနေတဲ့သူဟာ အဲဒီခန္ဓာငါးပါးကို ဆင်းရဲပဲလို့ သိပါ့မလား၊ အဲဒီဆင်းရဲတွေကိုကော ကုန်စေနိုင်ပါမလား”ဟု မေးသည့်အခါ “မသိ ပါ၊ မကုန်စေနိုင်ပါ၊ အရှင်ဂေါတမ”ဟု ပြန်လည်ဖြေကြား၏။

“အဲဒီလိုဆိုရင် သစ္စကဟာ ခန္ဓာငါးပါး ဒုက္ခတရားကြီးကို ငြိတွယ် နေတဲ့လူ ဆုပ်ကိုင်ထားတဲ့လူ မဖြစ်ပေဘူးလား၊ ပြီးတော့ အဲဒီ ဒုက္ခ

တရားကြီးကို ငါပဲ ငါ့ဥစ္စာပဲ ငါအတ္တပဲလို့ ထင်မြင်စွဲလမ်းနေသူရော မဖြစ်ပေဘူးလား၊" "ဒီအတိုင်းပဲ ဖြစ်နေပါတယ် အရှင်ဂေါတမ"ဟု အတ္တဝါဒီ သစ္စကပရိဗိုဇ်ကြီးသည် မြတ်ဗုဒ္ဓမေးသမျှကို "မှန်ပါဘုရား" ဟုချည်း ဖြေနေရရှာသည်။

မြတ်ဗုဒ္ဓ၏အမေးကို ငြင်းဆန်ပြီး တစ်စုံတစ်ရာ ပြန်လှန် မချေပ နိုင်တော့သည့်အတွက် သစ္စကပရိဗိုဇ်ကြီး၏ အတ္တဝါဒသည် တစ်ခါ တည်း ဗုန်းဗုန်းလဲ ရှုံးသွားပြီး မြတ်ဗုဒ္ဓ၏ အနတ္တဝါဒသာ အောင်ပွဲခံ ခဲ့သည်။ ဤအနတ္တဝါဒအောင်ပွဲသည် အောင်ခြင်းရှစ်ပါးအနက် ဘုရား ရှင် ငါးဝါမြောက်တွင် အောင်တော်မူခဲ့သည့် ဒုတိယအောင်ပွဲ ဖြစ်ပါ သည်။

ဤကဲ့သို့ သဗ္ဗညုတဘုရားရှင် ပွင့်လာတော်မူသည့်အခါမှသာ ရှိနိုင်သည့် မဂ်ပေါက် ဖိုလ်ဝင် အနတ္တဝါဒလမ်းစဉ်သည် ဗုဒ္ဓဘာသာမှာ အထွတ်အထိပ်ထားသည့် ဝါဒလမ်းစဉ်ဖြစ်သည်။ ဤသည်မှာ "ဗုဒ္ဓ ဘာသာသည် ကမ္မဝါဒကို အခြေခံထားသော်လည်း ဗြာဟ္မဏဘာသာ က ယူသော အတ္တဝါဒကို ဖယ်ရှားပြီး အနတ္တဝါဒကို အထွတ်အထိပ် ထားသည်"ဟူသော ဗုဒ္ဓဘာသာ၏ ဒုတိယဝိသေသလက္ခဏာအင်္ဂါရပ် ကို အကျဉ်းချုပ်တင်ပြခြင်း ဖြစ်ပါသည်။

## ၃။ ဗုဒ္ဓဘာသာ၌ ကျင့်စဉ်ကြီးလေးရပ်ရှိပုံ

ဗုဒ္ဓဘာသာ၏ တတိယဝိသေသလက္ခဏာအင်္ဂါရပ်မှာ "ကိုယ် လုပ်မှ ကိုယ်ရ" ဆိုသည့်အတိုင်း မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှု အကြောင်းတရား ရှိမှသာ အကျိုးတရားများကို ရရှိခံစားနိုင်သည်ဟု လက်ခံယုံကြည်ထားသော ကမ္မဝါဒဘာသာဖြစ်၍ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ရန် "ဒါနကျင့်စဉ် သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာ ကျင့်စဉ်"ဟူ၍ မှန်မြတ်သည့် ကျင့်စဉ်ကြီး လေးရပ်ဖြစ်သည်။ ထို ကျင့်စဉ်ကြီးလေးရပ်ကို မြတ်စွာဘုရားသည် တရားဟောတော်မူသည့်

အခါတိုင်းမှာပင် "ဒါနကထာ သီလကထာ" စသည်ဖြင့် လမ်းညွှန် ဟောကြားတော်မူခဲ့ပါသည်။

ရှင်တော်ဗုဒ္ဓ၏ ကမ္မဝါဒကား ကိုယ်လုပ်မှကိုယ်ရသောဝါဒဖြစ်၍ ဖန်ဆင်းရှင်ကို အားမကိုးရ၊ မိမိကိုယ်ကိုသာ အားကိုးရသောဝါဒ ဖြစ်၏။ "ဘယ်သူမပြု မိမိမှု"ဆိုသကဲ့သို့ မိမိပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်သော ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုး ဆိုးပြစ်တို့ကို မိမိပင် ခံစားရ၏။ ကောင်းသောကံကိုပြုလျှင် ကောင်းကျိုးစံရ၏။ မကောင်းသောကံကိုပြုလျှင် မကောင်းကျိုးခံရ၏။ ဤသည်မှာ ကမ္မဝါဒ၏ ကမ္မနိယာမသဘောတရားဖြစ်၏။ ဤကမ္မဝါဒနှင့် အနတ္တဝါဒတို့ကို အခြေခံ၍ ဒါနကျင့်စဉ် သီလကျင့်စဉ် စသော ကျင့်စဉ်ကြီးလေးရပ်ကို မြတ်စွာဘုရား လမ်းညွှန်ဟောကြားတော်မူခြင်းဖြစ်သည်။

ဤကျင့်စဉ်ကြီးလေးရပ်သည် ဗုဒ္ဓဘာသာ၌သာ အပြည့်အစုံရှိ၏။ ကျင့်ပုံ ကျင့်နည်းလည်း ပြည့်စုံ၏။ စည်းနှင့်ကမ်းနှင့် စနစ်တကျလည်း ရှိ၏။ ထို့ကြောင့် ဤကျင့်စဉ်ကြီးလေးရပ်ကို ဗုဒ္ဓဘာသာ၏ တတိယ ဝိသေသလက္ခဏာ ဂုဏ်အင်္ဂါအဖြစ် တင်ပြခြင်းဖြစ်သည်။

## ဘုရားရှင်တိုင်း၏ အတိုဆုံးဩဝါဒနှင့် ကျင့်စဉ်ကြီးလေးရပ်

မြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၌ ဆိုးကျိုးဆိုးပြစ်များကို ဖြစ်ပေါ်စေနိုင်သော မကောင်းမှုအကုသိုလ်ကံများ ရှိသကဲ့သို့ ကောင်းကျိုးချမ်းသာများကို ဖြစ်ပေါ်စေနိုင်သော ကောင်းမှုကုသိုလ်ကံများလည်း ရှိ၏။ မြတ်ဗုဒ္ဓက မကောင်းမှုအကုသိုလ်ကံ ဟူသမျှကို မပြုလုပ်ရ၊ ရှောင်ကြဉ်ရမည်၊ (သဗ္ဗပါပဿအကရဏံ)၊ ကောင်းမှု ကုသိုလ်ကံဟူသမျှကို ပြည့်စုံစေရမည်၊ ပြုလုပ်ရမည်(ကုသလဿူပသမ္ပဒါ)၊ မိမိ၏စိတ်ကို စင်ကြယ်စေရမည် (သစိတ္တပရိယောဒပနံ)ဟု ဆုံးမလမ်းညွှန်တော်မူ၏။ ဤဆုံးမလမ်းညွှန်တော်မူချက်များသည် ပွင့်တော်မူလာသည့် ဘုရားရှင်တိုင်း ဆုံးမလမ်းညွှန်တော်မူလေ့ရှိသည့် အတိုဆုံး အဆုံးအမများ

ဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ လေးဆယ့်ငါးဝါပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သည့် အဆုံးအမ တရားတော်များသည် ပိဋကအနေဖြင့် ပိဋကတ်သုံးပုံ၊ နိကာယ်အနေဖြင့် နိကာယ်ငါးစုံ၊ ဓမ္မက္ခန္ဓာအနေဖြင့် ရေတွက်လျှင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်အထိ ကျယ်ဝန်းလှ၏။ ဤဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပြန်ချုံးလိုက်မည်ဆိုလျှင် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် မဇ္ဈိမပဋိပဒါ (အလယ်အလတ်ကျင့်စဉ်)ခေါ်သည့် မဂ္ဂင်ရှစ်ပါး–ပေါင်း ဗောဓိ ပက္ခိယတရား သုံးဆယ့်ခုနစ်ပါးဖြစ်၏။ ဗောဓိပက္ခိယတရားဆိုသည်မှာ ဘဝသံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော မဂ်ဉာဏ်၏ အသင်းအပင်းဘက်တော်သားတရားများ (ဝါ) မဂ်ဉာဏ်ရဖို့ အခြေခံ အကြောင်းတရားများဟု အဓိပ္ပာယ်ရ၏။

ဤဗောဓိပက္ခိယတရား (၃၇)ပါးကို အနှစ်ထုတ်လိုက်လျှင် သီလဝိသုဒ္ဓိ စသည့် ဝိသုဒ္ဓိ(၇)ပါး ရ၏။ တစ်ဖန် ဝိသုဒ္ဓိ(၇)ပါးကို အနှစ်ထုတ်လျှင် သီလအကျင့် (သီလသိက္ခာ)၊ သမာဓိအကျင့် (သမာဓိသိက္ခာ)၊ ပညာအကျင့် (ပညာ သိက္ခာ)ဟူ၍ သိက္ခာသုံးပါး၊ ကျင့်စဉ်တရားရ၏။ တစ်နည်းအားဖြင့် ဒါန၊ သီလ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူသော ကျင့်စဉ်ကြီးလေးပါးရ၏။ ဗုဒ္ဓဘာသာလာ ကျင့်စဉ်တရားများမှာ ဤကျင့်စဉ်ကြီးလေးပါးပင် ဖြစ်၏။ ဗုဒ္ဓဘာသာ၏ အနှစ်သာရလည်း မည်၏။

ကုသိုလ်ဘက်တွင် ကောင်းမှုကုသိုလ်ကံများကို ဖြစ်ပွားပေါ်ပေါက်စေနိုင်သော သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသစသည့် ဖြူစင်သန့်ရှင်းသော ကုသိုလ်တရားများ ရှိကြသကဲ့သို့ အကုသိုလ်ဘက်၌လည်း မကောင်းမှုအကုသိုလ်ကံများကို ဖြစ်ပွားပေါ်ပေါက်စေနိုင်သော မည်းညစ်သည့် အကုသိုလ်တရားဆိုးများလည်း ရှိကြ၏။

ထိုတရားဆိုးများမှာ အာသဝ၊ အနုသယ၊ နီဝရဏ၊ ကိလေသ၊ သံယောဇဉ် အမည်ရကြသော လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော တရားများဖြစ်၏။

ထိုအကုသိုလ်တရားဆိုးများကို အမြစ်ပါပြတ်အောင် မပယ်သတ်နိုင်သေးသမျှ ထိုတရားဆိုးများကြောင့် မကောင်းမှုအကုသိုလ်ကံများ အချိန်မရွေး ဖြစ်ပွားနေမည်သာဖြစ်၏။ ထို့ကြောင့် ထိုအကုသိုလ်တရားဆိုးများကို ပယ်သတ်နိုင်ရန် ဖော်ပြခဲ့ပြီးသော ကျင့်စဉ်ကြီးလေးရပ်ကို မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့ခြင်းဖြစ်၏။ ထိုကျင့်စဉ်ကြီးလေးရပ်ကို ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်းသည်ပင် ဘုရားရှင်တိုင်း လမ်းညွှန်ဆုံးမတော်မူခဲ့ကြသည့် (၁) အကုသိုလ်ကို ရှောင် (၂) ကုသိုလ်ကို ဆောင် (၃) ဖြူစင်အောင် စိတ်ကိုထား ဟူသော ဩဝါဒကြီးသုံးရပ်ကို လိုက်နာရာရောက်ပေသည်။

## အကုသိုလ်သုံးမျိုးကို ကျင့်စဉ်ကြီးများဖြင့် ပယ်ပုံ

ထိုအကုသိုလ်တရားဆိုးများ ဖြစ်ပေါ်ရာတွင် အဆင့်သုံးဆင့်ရှိ၏။ ထို အဆင့်သုံးဆင့်မှာ (၁) မဂ်ဖြင့်မပယ်သတ်ရသေးသဖြင့် စိတ်အစဉ်၌ ကိန်းဝပ်နေသကဲ့သို့ ရှိနေသော (အနုသယ)အဆင့်၊ (၂) စိတ်ထဲတွင် ထကြွဖြစ်ပေါ်လာသော (ပရိယုဋ္ဌာန)အဆင့်၊ (၃) ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးသော (ဝီတိက္ကမ) အဆင့်တို့ဖြစ်၏။

ထိုသုံးဆင့်တွင် ကိုယ်,နှုတ်တို့ဖြင့် လွန်ကျူးသော ဝီတိက္ကမအဆင့်ရှိသည့် အကုသိုလ်မျိုး မဖြစ်ပေါ်အောင် သီလအကျင့်တရားဖြင့် စောင့်ထိန်းရ၏။ လူများအတွက် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ရဟန်းသံဃာတော်များအတွက် ပါတိမောက္ခသံဝရသီလ (၂၂၇ သွယ်သော သိက္ခာပုဒ်တော်ကို စောင့်ထိန်းခြင်း)၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ စသော သီလအကျင့်တို့ကို ကျင့်သုံးလျှင် သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ လိမ်လည်လှည့်ဖြား မုသားစကားဆိုမှု

စသည့် ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးမှုများ မဖြစ်ပွားနိုင်ဟု ဆိုလိုပါသည်။ သီလအကျင့်သည် ကိုယ်နှုတ်တို့၌ ဖြစ်ပေါ်လာမည့် ကိလေသာ အကုသိုလ်တရားများ မဖြစ်ပေါ်လာအောင် အခိုက်အတန့်ပယ်နည်း (တဒင်္ဂပဟာန်)ဖြင့် ဖယ်ရှားထားနိုင်၏။

စိတ်ထဲ၌ ထကြွဖြစ်ပေါ်လာသော ပရိယုဋ္ဌာနအဆင့်ရှိသည့် အကုသိုလ်မျိုး မဖြစ်ပေါ်အောင်မှု ဒါနအကျင့်၊ သမာဓိအကျင့်၊ ဝိပဿနာဘာဝနာအကျင့်တို့ကို ကျင့်သုံးရ၏။ ဒါနအကျင့်ဖြင့် မိမိပစ္စည်းအပေါ်တွယ်တာငြိကပ်ခြင်းဆိုသည့် လောဘနှင့် မပေးရက်လို နှမြောဝန်တိုခြင်းဆိုသည့် မစ္ဆရိယ အကုသိုလ်တရားဆိုးများကို မိမိစိတ်အစဉ်တွင် မဝင်လာအောင်၊ မဖြစ်ပေါ်လာအောင် တဒင်္ဂအားဖြင့် ဖယ်ရှားထားနိုင်၏။ သမထဘာဝနာခေါ် သမာဓိအကျင့်ဖြင့် ကာမစ္ဆန္ဒခေါ် လောဘ၊ ဗျာပါဒခေါ် ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ စသော အကုသိုလ် နီဝရဏတရားများ မဖြစ်ပွားအောင် နှစ်ပေါင်း ကမ္ဘာနှင့်ချီပြီး ပယ်ခွာထားနိုင်၏။ ဝိပဿနာဘာဝနာခေါ် ပညာကျင့်စဉ်ဖြင့်လည်း ရှုမှတ်ပွားများနေစဉ်ကာလ၌ ထိုအကုသိုလ်တရားဆိုးများကို တဒင်္ဂအားဖြင့် ပယ်ခွာထားနိုင်၏။ သို့သော် ထိုအကုသိုလ်တရားဆိုးများ မည်သည့်အခါမျှ မဖြစ်ပွားရအောင် သမာဓိအကျင့်တရား၊ ဝိပဿနာပညာအကျင့်တရားတို့က မစွမ်းဆောင်နိုင်ကြ၊ မဂ်ဉာဏ်ခေါ် ပညာအကျင့်တရားများကသာ စွမ်းဆောင်နိုင်ကြ၏။

စိတ်အစဉ်တွင် ကိန်းဝပ်နေသကဲ့သို့ ရှိနေသော အနုသယအဆင့်ရှိသည့် အကုသိုလ်မျိုး မရှိအောင် ပညာကျင့်စဉ်ကို ကျင့်သုံးရ၏။ အကုသိုလ်တရားဆိုးများ လုံးဝ အမြစ်ပြတ် ချုပ်ငြိမ်းသွားအောင် (ဝါ) မည်သည့်အခါမျှ မဖြစ်ပေါ် အောင် အမြစ်ပါမကျန် ပယ်သတ်နိုင်သည့်တရားများကား မဂ်ဉာဏ်ခေါ် မဂ်ပညာများဖြစ်၏။ ထိုမဂ်ပညာခေါ် မဂ်ဉာဏ်များ ဖြစ်ပေါ်လာအောင် ဝိပဿနာခေါ် ပညာကျင့်စဉ်ကို ကျင့်သုံးရ၏။ မြတ်စွာဘုရား၏ သာသနာတော်တွင်

ဝိပဿနာကျင့်စဉ်မှာ ပဓာနအကျဆုံး ဖြစ်၏။ ဤကျင့်စဉ်သည် သာသနာပတွင် မရှိ၊ ဘုရားပွင့်လာမှ ပေါ်လာသော ကျင့်စဉ်ထူး ကျင့်စဉ်မြတ်ကြီး ဖြစ်၏။ ဝိပဿနာပညာကျင့်စဉ်မှာ အကုသိုလ် တရားဆိုးများကို တဒင်္ဂအားဖြင့် ဖယ်ရှားထားနိုင်သည့်အပြင် ထိုတရား ဆိုးများကို အမြစ်ပြတ်အောင် ပယ်သတ်နိုင်စွမ်းသော မဂ်ဉာဏ်များ ဖြစ်ပေါ်လာအောင်လည်း ပတတ္ထုပနိဿယသတ္တိ၊ အနန္တရသတ္တိတို့ဖြင့် ကျေးဇူးပြုပေးသော ကျင့်စဉ်ဖြစ်၏။

အနုသယကိလေသာခေါ် အကုသိုလ်ကား ဝိတိက္ကမအကုသိုလ်၊ ပရိယုဋ္ဌာန အကုသိုလ်မျိုးနှင့် တခြားစီမဟုတ်၊ တရားကိုယ်သဘော အားဖြင့် အတူတူပင်ဖြစ်၏။ သို့သော် လွန်ကျူးသည့်အဆင့်၊ စိတ်ထဲ တွင် ထကြွဖြစ်ပေါ်လာသည့် အဆင့်များသို့ မရောက်သေးဘဲ မဂ်ပညာ ဖြင့် အကြွင်းမဲ့ မပယ်သတ်ရသေးသောကြောင့် အကြောင်းညီညွတ်လျှင် ချက်ချင်း ပရိယုဋ္ဌာနအဆင့်မှ ဝိတိက္ကမ အဆင့်သို့ ရောက်လာနိုင်သော အကုသိုလ်မျိုး ဖြစ်၏။

ယင်းကဲ့သို့ အကြောင်းညီညွတ်လျှင် လွယ်လင့်တကူ ဖြစ်ပေါ်လာ နိုင်၍ စိတ်တွင် ကိန်းဝပ်တည်ရှိနေသကဲ့သို့ ဖြစ်သောကြောင့် အနုသယ အကုသိုလ်ဟု ခေါ်ခြင်းဖြစ်၏။ ထိုအနုသယအကုသိုလ်ကို သီလ ကျင့်စဉ်ဖြင့်လည်း မသတ်နိုင်၊ သမာဓိကျင့်စဉ်ဖြင့်လည်း မသတ်နိုင်၊ ဝိပဿနာကျင့်စဉ်ကြောင့် ပေါ်လာသော မဂ်ပညာလေးပါးတို့ဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်၏။

ထို့ကြောင့် အနုသယကိလေသာများကို အကြွင်းမဲ့ ပယ်သတ်နိုင် ရန် ပညာကျင့်စဉ်ကို ကျင့်သုံးရပါသည်။ ဤသို့ ဗုဒ္ဓဘာသာ၌ ကျင့်စဉ် ကြီးလေးရပ် ရှိပါသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ၏ ထူးခြားသော တတိယဝိသေသလက္ခဏာ ဂုဏ်အင်္ဂါ ဖြစ်ပါသည်။

## ၄။ ဗုဒ္ဓဘာသာ၏ နောက်ဆုံးပန်းတိုင်

ဗုဒ္ဓဘာသာ၏ စတုတ္ထမြောက်ဝိသေသလက္ခဏာမှာ ဘဝသံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့သည် နိဗ္ဗာန်ကို နောက်ဆုံးပန်းတိုင် ထားကြသည်။ ဒါန၊ သီလ၊ သမာဓိ၊ ပညာ ဟူသော ကျင့်စဉ်ကြီးလေးရပ်ကို ကျင့်ခြင်းဖြင့် နိဗ္ဗာန်ဟူသော နောက်ဆုံး ပန်းတိုင်သို့ ရောက်ရမည်ဟု အကြွင်းမဲ့ ယုံကြည်ကြပေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင် နိဗ္ဗာန်ကို သစ္စာလေးပါး တရားကို သိမြင်ကြသည့် အရိယာပုဂ္ဂိုလ်များသာ သိမြင်နိုင်ကြ၏။ ပုထုဇဉ်ပုဂ္ဂိုလ်များကား နိဗ္ဗာန်အကြောင်းကို မျက်မှောက်ထင်ထင် မသိမြင်နိုင်ကြ။ ကလျာဏ ပုထုဇဉ်များအနေနှင့်မူ အနုမာနဉာဏ်ဖြင့် ရော်ရမ်းမှန်းဆလျက် နိဗ္ဗာန်၏ အေးငြိမ်းပုံအခြင်းအရာ အာကာရ ပညတ်လောက်ကိုသာ သိနိုင်ကြသည်ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုထား ကြ၏။

### သန္တိသုခနိဗ္ဗာနဓာတ်

ထို့ကြောင့် နိဗ္ဗာန်၏အကြောင်းကို ထေရဝါဒ ဗုဒ္ဓဘာသာကျမ်းဂန် လာသည့်အတိုင်း အကျဉ်းချုပ် တင်ပြပါမည်။ နိဗ္ဗာန်ဟူသော မြန်မာ ဝေါဟာရသည် "နိဗ္ဗာန"ဟူသော ပါဠိမှဖြစ်လာသော ဝေါဟာရဖြစ် ၏။ (နိဗ္ဗာန=နိဗ္ဗာန်)၊ နိဗ္ဗာန၏ မူလပုဒ်ရင်းမှာ နိဝါနဖြစ်၍ နိဝါန မှ သဒ္ဒါနည်းဖြင့် နိဗ္ဗာန ဖြစ်လာ၏။ (နိဝါန=နိဗ္ဗာန)။ ထို့ကြောင့် နိဗ္ဗာန်ဆိုသည်မှာ ဝါနဟုခေါ်သည့် တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်ကင်းထွက်မြောက်သည့်တရားဟု အဓိပ္ပာယ်ရသည် (ဝါန= တဏှာမှ+နိ=လွတ်ကင်းထွက်မြောက်သောတရား)။

ရှင်းပြဦးအံ့...အပ်ချုပ်သမားသည် အဝတ်အထည်များချုပ်သည့် အခါ တစ်စပ်နှင့်တစ်စပ်ကို အပ်ချည်ဖြင့်ချုပ်စပ်သကဲ့သို့ တဏှာသည် ဘဝတစ်ခုနှင့် တစ်ခုကို (ဝါ) ဘဝဟောင်းနှင့် ဘဝသစ်ကို ချုပ်စပ်ပေး

သည့်သဘော ရှိ၏။ ထို့ကြောင့် တဏှာကို "ဝါန"ခေါ်ရသည်ဟု မဟာနိဒ္ဒေသအဋ္ဌကထာ၌ မိန့်ဆိုထား၏။

တဏှာသည် သံသရာနယ်ချဲ့တရားတစ်ပါး ဖြစ်၏။ တဏှာ၏ နယ်ပယ်ကား သုံးဆယ့်တစ်ဘုံဆိုသည့် ဩကာသလောကဓာတ်ကြီး တစ်ခုလုံးဖြစ်၏။ သုံးဆယ့်တစ်ဘုံထဲမှာ တစ်ဘဝပြီးတစ်ဘဝ ဆုံလည် နွားပမာ ပြောင်းလဲဖြစ်ပေါ်နေသည့် သတ္တဝါများ၏ ရုပ်နာမ်ခန္ဓာအစဉ် ကို သံသရာဟုခေါ်၏။

ထိုသံသရာကို ချဲ့ချင်တိုင်းချဲ့နေကြသည့် သံသရာနယ်ချဲ့တရား သုံးပါး ရှိ၏။ တဏှာ၊ မာန၊ ဒိဋ္ဌိ တရားသုံးပါးတို့ဖြစ်၏။ ဒိဋ္ဌိက သတ္တဝါတို့၏ ခန္ဓာကိုယ်ထဲ၌ အစိုးတရ ခြယ်လှယ်နေသည့် အတ္တ ကောင် ရှိသည်ဟု အမှားမြင်၏။ မာနတရားက ထိုအတ္တကိုပင် "ငါ့,ငါ"ဟု မှတ်ယူ၏။ ငါမြတ်သည်၊ ငါတတ်သည်၊ ငါချမ်းသာ သည် စသည်ဖြင့် အထင်ကြီး၏။ ဤကဲ့သို့ အမြင်မှားသည့် ဒိဋ္ဌိတရား၊ တက်ကြွထောင်လွှားသည့် မာနတရားတို့ကြောင့် တဏှာတရားက မိမိ၏ခန္ဓာကိုယ်ကို အားရပါးရ စွဲလမ်းတော့၏။ မိမိကိုယ်နှင့်တူသည့် ချစ်ခင်တွယ်တာစရာမရှိ (အတ္တသမံ ပေမံ နတ္ထိ)ဆိုသည့်အတိုင်း မိမိခန္ဓာကိုယ်ထက် မည်သူ့ကိုမျှ မချစ်နိုင်ကြ။ မိမိကိုယ်ကို ချစ်ခင်မှု ကြောင့် မိမိအား ကျေးဇူးပြုနေသူတို့အပေါ်မှာလည်း မခွဲနိုင် မခွာရက် အောင် ဆက်သွယ်စွဲလမ်းရပြန်၏။ ဤကဲ့သို့ မိမိကိုယ်နှင့်အတူ အဆက် အသွယ်ဟူသမျှတို့ပေါ်မှာ မခွဲနိုင်မခွာရက် စွဲမက်မှုသည် တဏှာ၏ လက်ချက်ပင် ဖြစ်၏။

တဏှာကား အလွန်အစွမ်းသတ္တိထက်သည့်တရားတည်း။ တဏှာ တရားကပင် ဆင်းရဲဒုက္ခအဖုံဖုံနှင့် ပြည့်နှက်နေသည့် ဤလောကကြီး ကို ပျော်မွေ့စရာ၊ ချမ်းမြေ့စရာကောင်းအောင် အလွန်သာယာစိုပြည် သည့် လောကနိဗ္ဗာန်ကြီးအဖြစ် ဖန်တီးထားခြင်းဖြစ်ပေသည်။ ပုထုဇဉ် သတ္တဝါများကို ဆုံရကြုံရသမျှ အာရုံများ၌ဖြစ်စေ၊ မိမိခန္ဓာကိုယ်မှာ

ဖြစ်စေ တွယ်တာမက်မောစေပြီး သံသရာဝဋ်ဆင်းရဲမှာ မငြီးငွေ့အောင် ပြုလုပ်ထားသူကတော့ "တဏှာ"ပင်ဖြစ်၏။

ထို့ကြောင့် တဏှာမကင်းသေးကြသည့် သတ္တဝါမှန်သမျှ မိမိတို့ လိုချင် တွယ်တာမှုအတိုင်းအတာအရ ဆင်းရဲဒုက္ခမျိုးစုံကိုခံကာ နေ့မအား ညမအား ရုန်းကန်လှုပ်ရှားနေကြရသည်။ သို့သော်လည်း တဏှာကို ဒုက္ခပေးနေသည့် ရန်သူအဖြစ် မမြင်၊ မိတ်ကောင်းဆွေကောင်းကြီးအသွင်ဖြင့်သာ အဖော်ပြုကာ ပျော်ပျော်ပါးပါးပင် သံသရာခရီးနှင်လျက်ရှိကြသည့်အတွက် ရှည်လျားစွာသော သံသရာကြီးမှ မလွတ်မြောက်နိုင်ကြခြင်းဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် တဏှာပ္ပါဒသုတ်တွင် မြတ်စွာဘုရားဟောကြားထား၏။ အချုပ်ဆိုရသော် တဏှာ၏ လက်ချက်ကြောင့် သတ္တဝါတို့ သံသရာမှာ ထွက်ပေါက်မရဘဲ ဘဝပေါင်းများစွာ လည်နေကြရခြင်း ဖြစ်ပေသည်။

ထို့ပြင် တဏှာသည် ကုသိုလ်ကံ၊ အကုသိုလ်ကံခေါ်သည့် ကမ္မဝဋ်ကို တွင်တွင်လည်အောင် လှည့်ပေးတတ်သော ကိလေသဝဋ်ဖြစ်၏။ လိုချင်တပ်မက်မှုတဏှာ ဟူသော ကိလေသဝဋ်ကြောင့် ကောင်းမှုကုသိုလ်ကိုဖြစ်စေ၊ မကောင်းမှုအကုသိုလ်ကိုဖြစ်စေ ပြုလုပ်ကြရ၏။ တဏှာအရင်းခံသည့် ထိုပြုလုပ်မှု ကောင်းမှု၊ မကောင်းမှု ဟူသော ကမ္မဝဋ်ကြောင့် လက်ရှိဘဝခန္ဓာပြတ်စဲသွားသည့်အခါ ဝိပါကဝဋ်ဆိုသည့် ရုပ်သစ် နာမ်သစ်များ ဖြစ်လာကာ ဘဝသစ်တစ်ခု ဖြစ်ပေါ်လာရပြန်၏။ ဘဝသစ်ဖြစ်၍ မကြာမီ၌ပင် ဘဝသစ်ကို တွယ်တာနှစ်သက်သည့် (ဘဝနိကန္တိက) လောဘဇောခေါ် တဏှာက ရခါစခန္ဓာကို မက်မောတွယ်တာပြီး ယခင်အတိတ်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်၏။

ဤကဲ့သို့ ပုထုဇဉ်သတ္တဝါများသည် တဏှာဆိုသည့် ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်၊ ဝိပါကဝဋ်များ ဆက်ကာဆက်ကာပေါ်လာပြီး သံသရာတစ်ကြောဝယ် နစ်မျောကျင်လည်၍ နေကြပေသည်။

အမှန်ဆိုရသော် သံသရာတစ်ကြောဆိုသည့် သုံးဆယ့်တစ်ဘုံကား တဏှာ၏နယ်၊ တဏှာ၏စက်ကွင်းပင် ဖြစ်ပါသည်။ နိဗ္ဗာန်ကား ဤတဏှာနယ်၊ တဏှာ၏စက်ကွင်းမှ လွတ်ကင်းသည့်တရားမျိုး ဖြစ်သည့်အတွက် သုံးဆယ့်တစ်ဘုံနှင့် တစ်ဖက်စီဖြစ်သော တရားဖြစ်၏။ သို့သော် နိဗ္ဗာန်သည် သုံးဆယ့်တစ်ဘုံကဲ့သို့ ကမ္ဘာလောကဓာတ်ကြီးတစ်ခုအဖြစ်ဖြင့်သော်လည်းကောင်း၊ ကမ္ဘာသားတစ်ဦး အဖြစ်ဖြင့်သော်လည်းကောင်း နေရာတစ်ခု၌ တည်ရှိနေသည့်အရာ မဟုတ်ပါချေ။ နိဗ္ဗာန်ဆိုသည်မှာ "ရုပ်,နာမ်နှစ်မျိုးစလုံး အကြွင်းမဲ့ချုပ်ဆုံးရာ ဖြစ်သည်"ဟု သီလက္ခန္ဓဝဂ္ဂပါဠိတော် ကေဝဋ္ဋသုတ်မှာ ဘုရားရှင် ဟောထားသည့်အတွက် ရုပ်တရား နာမ်တရားများဖြစ်သည့် ကမ္ဘာလောကဓာတ်နှင့် ကမ္ဘာ့ဗိမာန်ဘုံသားများ မဟုတ်ကြောင်း ထင်ရှားပါသည်။

## ရုပ်နာမ်ခပ်သိမ်းတို့ ချုပ်ငြိမ်းခြင်းသဘော

ဤသို့ဖြစ်လျှင် "မည်သည့်အရာကို နိဗ္ဗာန်ခေါ်ပါသလဲ"ဟု မေးစရာ ရှိလာ၏။ အဖြေမှာ "ကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ရုပ်တရား နာမ်တရားတွေ နောက်ထပ်တစ်ဖန် ပြန်မဖြစ်တော့ဘဲ အပြီးတိုင်ချုပ်ငြိမ်းမှု ဆိုသည့် အငြိမ်းဓာတ် အအေးဓာတ်"ကို နိဗ္ဗာန်ဟု ခေါ်ပါသည်။ ထိုအငြိမ်းဓာတ်၊ အအေးဓာတ်သည် ချမ်းသာတစ်မျိုး ဖြစ်သည့်အတွက် ပါဠိလို"သန္တိသုခ နိဗ္ဗာနဓာတ်"ဟုခေါ်၏။ အေးငြိမ်းသော ချမ်းသာဓာတ်ဟု အဓိပ္ပာယ်ရ၏။

ထိုသန္တိသုခ နိဗ္ဗာနဓာတ်ဟူသော နိဗ္ဗာန်သည် သဘောလက္ခဏာ အားဖြင့် ရုပ်နာမ်ခပ်သိမ်းတို့ ချုပ်ငြိမ်းအေးမြခြင်းသဘော (သန္တိ) လက္ခဏာ ရှိ၏။ ငြိမ်းအေးခြင်းဆိုသည့် ပင်ကိုသဘောမှ ဘယ်သော အခါမှ မရွေ့လျောတော့ဘဲ ထာဝရခိုင်မြဲစွာ တည်ရှိနေသည့် (အစ္စုတ) ဂုဏ်နှင့် ပြည့်စုံ၏။ စိတ်၊ စေတသိက် ဆိုသည့် နာမ်တရားများထက်

ပိုပြီး သိမ်မွေ့သည့်ဓာတ်ကြီးတစ်မျိုး ဖြစ်သည့်အတွက် စိတ်စေတသိက် ဆိုသည့် နာမ်တရားများကဲ့သို့ပင် ပုံပန်းသဏ္ဌာန်ဟူသော အရိပ်နိမိတ် မရှိသည့် ပရမတ္ထဓာတ်ကြီးဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆို ထား၏။

"နိဗ္ဗာန်ဆိုသည်မှာ ရုပ်တရား နာမ်တရားများ လုံးဝကင်းငြိမ် သည့်သဘော ဖြစ်သည်"ဟူသော အဆိုကို ဆက်လက်ရှင်းပြပါဦးမည်။ ရုပ်တရား၊ နာမ်တရားများသည် ပြုပြင်စီမံမှုနှင့် မကင်းသည့်အတွက် သူတို့ကို "သင်္ခါရ"ဟု ခေါ်၏။ သင်္ခါရတရားများသည် ရှေးဦးစွာ ဖြစ်ပေါ်ခြင်း ဥပါဒ်သဘောလည်း ရှိကြ၏။ ချမ်းသာရန်အတွက် အမြဲ မပြတ် ပြုပြင်အားထုတ်နေရသည့်သဘောလည်း ရှိကြ၏။ ရှေးဘဝ၊ ရှေးအကြောင်းတရားများနှင့်လည်း ဆက်စပ်နေ၏။ အထည်ကိုယ် ပုံသဏ္ဌာန် ရှိသကဲ့သို့လည်း ထင်ပေါ်လာတတ်၏။ နိဗ္ဗာန်ကား ဤ သို့မဟုတ်။ နိဗ္ဗာန်သည် ပြုပြင်စီမံမှု မရှိသည့်အတွက် သင်္ခါရတရား များနှင့် ဆန့်ကျင်ဘက် "အသင်္ခတ"တရားဖြစ်၏။ ရှေးဦးစွာ ဖြစ်ပေါ် လာခြင်း ဥပါဒ်သဘောလည်းမရှိ၊ ရုပ်တရား နာမ်တရားများမှ လည်း ကင်း၏။ ပြုပြင်အားထုတ်ရသည့် သဘောလည်းမရှိ၊ ရှေးဘဝ ရှေး အကြောင်းများနှင့်လည်း မဆက်စပ်။ နိမိတ်ပုံသဏ္ဌာန် အထည်ဒြပ် ကင်းသည့်အနေဖြင့်သာ အရိယာပုဂ္ဂိုလ်များ၏ ဉာဏ်မျက်စိမှာ ထင် ပေါ်လာသည့်သဘော ရှိ၏။

ထို့ကြောင့် နိဗ္ဗာန်ကို သိမြင်ပြီးကြသည့် အရိယာပုဂ္ဂိုလ်ကြီးများပင် "နိဗ္ဗာန်ကို ဘာနဲ့တူသည်ဟုလည်းကောင်း၊ ဘယ်လိုအဆင်းအရောင် ပုံပန်းသဏ္ဌာန်ရှိ၏ ဟုလည်းကောင်း၊ မည်သည့်အရွယ်ပမာဏရှိ၏ ဟုလည်းကောင်း" မပြောပြနိုင်ကြပေ။ ရုပ်၊ နာမ် သင်္ခါရများ လုံးဝ မဖြစ်တော့ဘဲ ချုပ်ငြိမ်းကင်းဆိတ်သည့်အနေအားဖြင့်သာ သိလည်း သိကြ၏။ ပြောလည်း ပြောကြ၏။ ဤသို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မိလိန္ဒပဉှာပါဠိတော်ကြီးများမှာ ဟောကြားတော်မူထား၏။

**အဇာတ၊ အဘူတစသောတရားမျိုးဖြစ်ပုံ**

နိဗ္ဗာန်ကို ရုပ်နာမ်တရားတို့ကဲ့သို့ ဖြစ်ပေါ်ခြင်း မရှိသည့်အတွက် "အဇာတ၊ အဘူတ"ဟု ခေါ်၏။ အကြောင်းတရားများ၏ ပေါင်းစုပြုပြင် အစီမံခံရသည့်တရားမျိုး မဟုတ်၍ "အသင်္ခတ"ဟုလည်း ခေါ်၏။ လူ့ဘုံ နတ်ဘုံများမှာ တခြားဘုံသို့ ပြောင်းရွှေ့သွားခြင်း၊ တခြားဘုံမှ လာရောက်ခြင်း ရှိသကဲ့သို့ နိဗ္ဗာန်မှာ လာရောက်ခြင်း၊ ပြောင်းရွှေ့သွားခြင်း မရှိပါ။ လူ့ဘုံ နတ်ဘုံများကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့၏ တည်နေခြင်းလည်းမရှိ၊ စုတေခြင်း သေခြင်းလည်းမရှိ၊ အသစ်အသစ်ဖြစ်ပေါ်ခြင်းလည်း မရှိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် အာရုံပြု၍ သိခြင်းမျှသာရှိ၏။

နိဗ္ဗာန်ဆိုသည့် အာရုံအကြောင်းတရားသည် ရုပ်တရားမဟုတ်သည့်အတွက် မည်သည့်နေရာမှာမှ တည်ရှိနေသည်မဟုတ်၊ မည်သည့်တရားပေါ်မှာမှ မှီကပ်နေသည်လည်းမဟုတ်၊ နာမ်တရားတစ်မျိုးဟု ဆိုရသော်လည်း အကျိုးတရား မဟုတ်သည့်အတွက် မည်သည့်အကြောင်းတရားကိုမျှ စွဲမှီဖြစ်နေသည်လည်း မဟုတ်ဟု ဣတိဝုတ်ပါဠိတော်၌ ဟောကြားတော်မူထား၏။

ထို့ကြောင့် "နိဗ္ဗာန်ဟာ သင်္ခါရတရားအားလုံးတွေရဲ့ ကုန်ဆုံးချုပ်ငြိမ်းရာလည်းဖြစ်တယ်၊ ခန္ဓာကိလေသာ စတဲ့ တရားတွေကို စွန့်လွှတ်ရာလည်းဖြစ်တယ်၊ တဏှာရဲ့ ကုန်ခန်းရာလည်းဖြစ်တယ်၊ ကိလေသာတပ်စွဲမှုတွေရဲ့ ပြက်ပြယ်ရာလည်းဖြစ်တယ်၊ ဆင်းရဲခပ်သိမ်းတို့ရဲ့ ချုပ်ငြိမ်းရာလည်းဖြစ်တယ်" ဟု မဟာနိဒ္ဒေသ ပါဠိတော်မှာ ဟောကြားထားခြင်း ဖြစ်ပေသည်။

ယခုဖော်ပြခဲ့သည့်အတိုင်း နိဗ္ဗာန်ဆိုသည်မှာ သဏ္ဌာန်နိမိတ်၊ အရိပ်အဆင်း မရှိသည့် တရားမျိုးဖြစ်၍ "ဤနိဗ္ဗာန်က အဟောင်း၊ ဤနိဗ္ဗာန်ကအသစ်"ဟု နှစ်မျိုးခြားနားခြင်းမရှိ၊ ပရိနိဗ္ဗာန်ဝင်စံသည့် ပုဂ္ဂိုလ်များ၏ ခန္ဓာအသီးသီးကို လိုက်ပြီး နိဗ္ဗာန်နှစ်ခု သုံးခု စသည်ဖြင့်

လည်း ကွဲပြားမှုမရှိ၊ အရှေ့အရပ်မှ ပရိနိဗ္ဗာန်ဝင်စံသည့် ပုဂ္ဂိုလ်များ၏ နိဗ္ဗာန်က အရှေ့အရပ်မှာရှိ၏။ အနောက်အရပ်မှာ ပရိနိဗ္ဗာန်ဝင်စံသည့်ပုဂ္ဂိုလ်များ၏ နိဗ္ဗာန်က အနောက်အရပ်မှာရှိ၏ စသည်ဖြင့် အရပ်ဒေသ ကွဲပြားခြားနားခြင်းလည်း မရှိ။ ဘုရားရှင်တို့၏ နိဗ္ဗာန်က မြတ်၏။ ကျွန်မတို့၏ နိဗ္ဗာန်ကတော့ ယုတ်ညံ့၏ဟု ကွဲပြားခြားနားမှုလည်း မရှိ။ သံသရာရုပ်သိမ်းမှု၊ ချုပ်ငြိမ်းမှု၊ ဇာတိချုပ်ငြိမ်းမှု၊ ခန္ဓာဇာတ်သိမ်းမှုဟု ဆိုရသည့် "အသင်္ခတဓမ္မ၊ သန္တိသုခ အငြိမ်းဓာတ်ကြီး"တစ်ခုဖြစ်သည်ဟုသာ သိခွင့် ဆိုခွင့်ရှိပါ၏။

ဤအငြိမ်းဓာတ်ကြီးသည် သာသနာတွင်း သာသနာပ၊ တစ်သံသရာလုံးမှာ မပျက်မစီးဘဲ အမြဲတမ်းတည်ရှိနေသည့် "နိစ္စဓုဝ၊ သဿတ"တရားမျိုး ဖြစ်၏။ ရှိသည်ဟုဆိုသော်လည်း ဖြစ်ပေါ်လာပြီးရှိနေသည့် နာမ်,ရုပ်တို့၏ အရှိမျိုးကဲ့သို့မဟုတ်၊ သန္တိလက္ခဏာဆိုသည့် အငြိမ်းဓာတ်သဘောအနေဖြင့်သာ ရှိသည့်အရှိမျိုးဖြစ်၏။ ဤအငြိမ်းဓာတ်သည် "ကြမ်းတယ်၊ နုတယ်၊ ကြီးတယ်၊ ငယ်တယ်၊ လုံးတယ်၊ ပြားတယ်၊ ဖြူတယ်၊ နီတယ်၊ တောင်မှာရှိတယ်၊ မြောက်မှာရှိတယ်"ဟု ပြောစရာမရှိ၊ ပြောစရာရှိသည့်တရားမျိုး မဟုတ်။ ဤ အငြိမ်းဓာတ် ချမ်းသာသည် လောကမှာရှိနေသည့် ကာမချမ်းသာ၊ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာများထက် ပိုလွန်ချမ်းသာသည့် (ပရမသုခ)ချမ်းသာမျိုး ဖြစ်၏။ ဤချမ်းသာမျိုးကို ပုထုဇဉ်လောကသားများအနေဖြင့် မည်သို့မျှ မသိနိုင်။ အရိယာပုဂ္ဂိုလ်များသာ ပိုင်နိုင်စွာသိနိုင်ကြပေသည်။ ဤဆိုခဲ့ပြီးသော နိဗ္ဗာန်သည် ဗုဒ္ဓဘာသာဝင်တို့ရရှိရန် မျှော်မှန်းထားကြသည့် နောက်ဆုံးပန်းတိုင်ကြီး ဖြစ်ပါသည်။

## တရားတော်နှင့် မိမိကိုယ်ကိုသာ အားကိုးရသည့်ဘာသာ

ရှေ့ပိုင်း၌ "ဗုဒ္ဓဘာသာဆိုတာဘာလဲ၊ ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုဘာသာမျိုးလဲ"ဆိုသည့် မေးခွန်းများကို ဖြေဆိုသည့်သဘောဖြင့် ဗုဒ္ဓ

ဘာသာ၏ ထူးခြားသော ဝိသေသလက္ခဏာ ဂုဏ်အင်္ဂါလေးရပ်ကို တစ်ရပ်စီ အကျယ်ရှင်းလင်းကာ ဗုဒ္ဓဘာသာအကြောင်းကို ဖွင့်ဆိုရေးသားခဲ့ပြီးပေပြီ။ ယခု ဗုဒ္ဓဘာသာသည် နတ်တို့၊ ဗြဟ္မာတို့၊ ဘိုးတော်တို့၊ စူဠဂန္ဓာရီဝိဇ္ဇာမိုရ်ရဲတို့၊ မဟာဂန္ဓာရီဝိဇ္ဇာမိုရ်ရဲတို့၊ ဖန်ဆင်းရှင်တို့စသည့် တန်ခိုးရှင်များကို အားကိုးရသည့် ဘာသာမဟုတ်။ ဘုရားဟောတရားတော်များနှင့် မိမိကိုယ်ကိုသာ အားကိုးရသည့်ဘာသာဖြစ်ကြောင်း အတန်ငယ် ဆက်လက်တင်ပြပါဦးမည်။

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အားကိုးအားထားပြုကြရမည့်အရာ နှစ်ခုသာရှိကြောင်း သုတ်ပါထေယျပါဠိတော် (စက္ကဝတ္တိသုတ်) မဟာဝဂ္ဂသံယုတ်ပါဠိတော်စသည်နှင့် ဓမ္မပဒပါဠိတော်တို့၌ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။ ပထမတစ်ခုမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် "တရားတော်များ"ဖြစ်၍ အခြားတစ်ခုမှာ "မိမိကိုယ်"ပင် ဖြစ်ပါသည်။

ဟောကြားထားတော်မူပုံမှာ "ဓမ္မဒီပေါ–ဘုရားဟောတရားတော်သည်သာ ကျွန်းကြီးအလား မှီခိုအားထားရာဖြစ်၏။ ဓမ္မသရဏော–ဘုရားဟောတရားတော်သည်သာ အားထားကိုးကွယ်ရာဖြစ်၏။ အနညသရဏော–မြတ်စွာဘုရား၏ တရားတော်မှတစ်ပါး အခြားအားထားကိုးကွယ်ရာ မရှိ။ အတ္တဒီပေါ–မိမိကိုယ်သည်သာ ကျွန်းကြီးအလားမှီခိုအားထားရာဖြစ်၏။ အတ္တသရဏော–မိမိကိုယ်သည်သာ အားထားကိုးကွယ်ရာဖြစ်၏။ အနညသရဏော–မိမိကိုယ်မှ တစ်ပါး အခြားအားထားကိုးကွယ်ရာမရှိ"ဟူ၍လည်းကောင်း၊ "မိမိကိုယ်သည်သာ မိမိ၏ကိုးကွယ်အားထားရာဖြစ်၏။ မိမိမှတစ်ပါး အခြား အဘယ်သူသည်ကိုးကွယ်အားထားရာ ဖြစ်ပါအံ့နည်း၊ (အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ)ဟု ဟောတော်မူထား၏။

## ဘုရားရှင်ဟူသမျှ နည်းလမ်းကိုသာပြ

ထိုပြင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် "ဒီလမ်းခရီးကတော့ ချောမွေ့တယ်၊ ဟိုလမ်းခရီးကတော့ ကြမ်းတမ်းတယ်" စသည်ဖြင့် ပြောကြားနေကြသည့် ရဟန်းငါးရာတို့ကို "ရဟန်းတို့...သင်တို့ ပြောနေတဲ့လမ်းဟာ အကျိုးမရ၊ သာသနာပြင်ပလမ်းမျိုးသာဖြစ်တယ်၊ ရဟန်းဆိုတာ သာသနာတွင်းက အရိယာမဂ်လမ်းခရီးကိုသာ သွားသင့်တယ်၊ အဲဒီလိုသွားတဲ့ ရဟန်းမျိုးမှ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်တယ်" စသည်ဖြင့် ဟောကြားတော်မူပြီး နောက်ဆုံး နိဂုံးချုပ်အားဖြင့် "ရဟန်းတို့...သင်တို့သည် ထိုအရိယာမဂ်ကိုရရန်အတွက် သမ္မပ္ပဓာန် လုံ့လဝီရိယကို အားထုတ် ပြုလုပ်သင့်ကြ၏။ ဘုရားရှင်တို့မှာမူ နည်းလမ်းညွှန်ပြ၊ ဆုံးမဟောကြားတတ်သူတို့သာ ဖြစ်ကုန်၏။ ငါဘုရား နည်းလမ်းညွှန်ပြ ဆုံးမဟောကြားသည့်အတိုင်း လိုက်နာကျင့်ကြံကုန်သောသူတို့သည် ဈာန် မဂ် ဖိုလ်တရားကို ရကြကုန်၍ ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆိုသည့် မာရ်အနှောင်အဖွဲ့မှ လုံးဝလွတ်မြောက်ကြပေမည်"ဟု ဟောကြားထားသည်ကိုလည်း ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်၊ ပဉ္စသတဘိက္ခုဝတ္ထု၌ တွေ့ရ၏။

ဘုရားရှင်ဟောကြားတော်မူလိုသည်မှာ "လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာများကို အလိုရှိကြသူတိုင်း မြတ်စွာဘုရား ဟောကြားတော်မူထားသည့် တရားတော်များနှင့် မိမိကိုယ်ကိုသာ အားကိုးပါ၊ နတ်၊ ဗြဟ္မာ၊ ဘိုးတော်၊ ဝိဇ္ဇာဓိုရ်၊ ဖန်ဆင်းရှင် စသော အခြားမည်သည့်အရာတို့ကိုမျှ အားမကိုးပါနှင့်။ ငါဘုရားသည်ပင် နည်းလမ်းညွှန်ပြ၊ ဟောကြားရုံမျှသာ ဟောကြားပေးနိုင်၏။ ဟောကြားသည့်တရားတော်များမှလာသည့် ညွှန်ကြားချက် သဘောတရားများအတိုင်း လိုက်နာပြီး ကိုယ်တိုင် လက်တွေ့ကျင့်ကြံ ကြိုးကုတ် အားထုတ်မှသာလျှင် မိမိတို့ အလိုရှိသည့် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာများကို

မှချကေန် ရကြမည်ဟု ဟောကြားတော်မူလိုရင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိမြင်လက်ခံထားကြသည့် ကမ္မဝါဒအတိုင်း "ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ကြိုးစားမှကိုယ်ရမည်"ဆိုသည့်သဘောပင် ဖြစ်ပါသည်။

**အားထားကိုးကွယ်ရမည့် တရားတော်၏ အနှစ်သာရများ**

သတ္တဝါတိုင်း အားထားကိုးကွယ်ရမည့်တရားတော်များကို မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး မနားမနေ ဟောကြားတော်မူခဲ့ပေသည်။ ထိုတရားတော်များကို ပိဋကတော်(သင်ယူရမည့်တရား)အနေဖြင့်ခွဲလျှင် သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋက၊ ဝိနည်းပိဋကအားဖြင့် ပိဋကသုံးပုံ၊ နိကာယ်(အပေါင်းအစု)အနေဖြင့်ခွဲလျှင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရနိကာယ်အားဖြင့် နိကာယ်ငါးစုံ၊ ဓမ္မက္ခန္ဓာ(တရားတော်အစု) အနေဖြင့်ရေတွက်လျှင် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်အထိ များမြောင်ကျယ်ဝန်းလှပါသည်။

ဤဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ပြန်ချုံ့လိုက်လျှင် သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါးနှင့် မဇ္ဈိမပဋိပဒါ(အလယ်လမ်းကျင့်စဉ်)ခေါ်သည့် မဂ္ဂင်ရှစ်ပါး၊ ပေါင်း သုံးဆယ့်ခုနစ်ပါးဖြစ်၏။ ဤသုံးဆယ့်ခုနစ်ပါးကို "ဗောဓိပက္ခိယတရား"ဟု ခေါ်၏။ ဗောဓိပက္ခိယတရားဆိုသည်မှာ ဘဝသံသရာမှလွတ်မြောက်ကြောင်း မဂ်ဉာဏ်၏ အသင်းအပင်း ဘက်တော်သားတရားများ (ဝါ) မဂ်ဉာဏ်ရဖို့အခြေခံအကြောင်းတရားများဟု အဓိပ္ပာယ်ရ၏။

ဤဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အနှစ်ထုတ်လိုက်လျှင် သီလဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ စသည့် ဝိသုဒ္ဓိခုနစ်ပါးရ၏။ တစ်ဖန် ဝိသုဒ္ဓိခုနစ်ပါးကို အနှစ်ထုတ်လိုက်ပြန်လျှင် သီလကျင့်စဉ် (သီလသိက္ခာ)၊

သမာဓိကျင့်စဉ် (သမာဓိသိက္ခာ)၊ ပညာကျင့်စဉ်(ပညာသိက္ခာ)ဆိုသည့် ကျင့်စဉ်တရားကြီး (သိက္ခာ)သုံးပါးရ၏။ သီလဝိသုဒ္ဓိက သီလကျင့်စဉ်၊ စိတ္တဝိသုဒ္ဓိက သမာဓိကျင့်စဉ်၊ ဒိဋ္ဌိဝိသုဒ္ဓိ စတဲ့ ဝိသုဒ္ဓိငါးပါးက ပညာကျင့်စဉ်တို့ ဖြစ်ကြ၏။

ထိုတွင် သီလကျင့်စဉ်တရားကား (၁) ပြုလုပ်လွန်ကျူးလျှင် အပြစ်ရှိသည့်အတွက် လုံးဝမပြုလုပ်ရဟု တားမြစ်ထားသည့် "ဝါရိတ္တသီလအကျင့်တရား"၊ (၂) ပြုလုပ်လျှင် အကျိုးတရားဖြစ်ပွားသည့်အတွက် လိုက်နာပြုလုပ်ကျင့်ကြံရမည်ဟု လမ်းညွှန်ဟောကြားထားသည့် ရဟန္တသခန္ဓကဝတ်လာ ရှင်ကျင့်ဝတ် တရားများ၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ မင်္ဂလသုတ်တို့လာ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ် စသော လူ့ကျင့်ဝတ်တရားများဖြစ်သည့် "စာရိတ္တသီလအကျင့်တရား"ဟူ၍ နှစ်မျိုးရှိ၏။

သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်ဟု ကျင့်စဉ်ကြီးသုံးရပ်သာ ဟောကြားထားသဖြင့် "ပေးကမ်းလှူဒါန်းခြင်းဒါန"ကို ကျင့်စဉ်တရားမဟုတ်ဟု မှတ်ထင်စရာရှိ၏။ အမှန်မှာ ဒါနသည်လည်း ဒါနဥ္စမင်္ဂလာတရားတော်အရ လူသားတို့ မလွှဲမသွေ လိုက်နာကျင့်သုံးရမည့် လူ့ကျင့်ဝတ်ဖြစ်သည့်အပြင် ဘုရားလောင်း စသော ရှေးပညာရှိသူတော်ကောင်းတို့ အစဉ်တစိုက် လိုက်နာပြုကျင့်ကြရိုး အစဉ်အလာတရားဖြစ်သောကြောင့် သီလနှစ်မျိုးတွင် "စာရိတ္တသီလ"တွင် အကျုံးဝင်သည်ဟု ရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများ မိန့်ဆိုတော်မူကြ၏။

စင်စစ်အားဖြင့် ဒါနသည် စာရိတ္တသီလကဲ့သို့ ကိုယ်နှုတ်နှစ်ပါးကို မစောင့်ထိန်းရသော်လည်း မိမိပိုင်ပစ္စည်းမှာ ငြိကပ်တွယ်တာနေသည့် "လောဘ"နှင့် မိမိပစ္စည်းကိုမပေးရက်လို့၊ နှမြောဝန်တိုသည့် "မစ္ဆရိယ" အကုသိုလ်တရားဆိုးများကို တဒင်္ဂအနေဖြင့် ပယ်ခွာထားနိုင်မှ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ် ဖြစ်နိုင်၍ ဒါနသည်လည်း မနောကံကို

တဒဂ် ထိန်းသိမ်းရသောကြောင့် ဒါနကို ကျင့်စဉ်တရားတစ်မျိုးဟု ခေါ်နိုင်ပါသည်။ ထို့ကြောင့် ကျင့်စဉ်တရားများကို ဟောကြားတော်မူ ထားသည့် စရိယာပိဋကပါဠိတော်၌ အကိတ္တိရသေ့ကြီး၏ ဒါနမှုကို "အကိတ္တိစရိယံ"၊ ဝေဿန္တရာမင်းကြီးလှူဒါန်းမှုကို "ဝေဿန္တရ စရိယ"စသည်ဖြင့် ဒါနပါရမီကျင့်စဉ်တရားကို ထိပ်ဆုံးမှာထား၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ကျင့်စဉ်တရားကြီးသုံးပါးတွင် ဒါနကို သီလကျင့်စဉ်၌ ထည့်သွင်းရသော်လည်း ဒါနကျင့်စဉ်တရားကို သီးခြားဟောကြားထား သည့် နေရာများ ပိဋကတ်တော်၌ များစွာရှိပေသည်။ ဗုဒ္ဓရှင်တော်မြတ် ဘုရားသည် တရားတော်ကို ဟောကြားတော်မူသည့်အခါတိုင်း ဒါန ကထာ(ဒါနကျင့်စဉ်နှင့်စပ်သောတရား)၊ သီလကထာ (သီလကျင့်စဉ် နှင့်စပ်သောတရား)၊ သဂ္ဂကထာ(နတ်ပြည်လောကနှင့်စပ်သောတရား)၊ ကာမာနံ အာဒီနဝကထာ (ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြသော တရား)၊ နေက္ခမ္မေ အာနိသံသကထာ(ကာမဂုဏ်တို့မှ ထွက်မြောက်ရာ၊ နေက္ခမ္မတရား၌ အကျိုးအာနိသင်ကို ဖော်ပြသောတရား)၊ မဂ္ဂကထာ (အရိယမဂ်နှင့်စပ်သောတရား)ဟု အစဉ်အတိုင်း ဟောကြားတော်မူလေ့ ရှိသည့် ဒေသနာစဉ်ကို ကျမ်းဂန်များ၌ တွေ့ရ၏။ အထူးသဖြင့် သုတ္တနိပါတ် ပါဠိတော်၊ နိဓိကဏ္ဍသုတ်၌ "ဒါန၊ သီလ၊ သမာဓိ၊ ပညာ"လေးပါးအစုံကို ဟောကြားထား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လိုက်နာကျင့်သုံးကြရမည့် ကျင့်စဉ်တရားကြီးများမှာ "ဒါန၊ သီလ၊ သမာဓိ၊ ပညာ"ကျင့်စဉ်ကြီးလေးဖြာဖြစ်ကြောင်း တင်ပြ ခဲ့ခြင်းဖြစ်ပါသည်။ ဤကျင့်စဉ်တရားကြီးလေးပါးသည်ပင် ဗုဒ္ဓဘာသာ ၏ အနှစ်သာရ ဖြစ်ပေသည်။

**ဆောင်ပုဒ်ကဗျာ**

ကံနှင့်အကျိုးကို ယုံကြည်ရတဲ့၊ ကမ္မဝါဒ အခြေခံပေ၊
အနတ္တဝါဒ အထွတ်အထိပ်ထားလို့ မြတ်ဘုရားပွင့်မှ ပေါ်လာသလေ၊
ဒါန,သီလ,သမထနှင့် ဝိပဿနကျင့်စဉ်တွေ၊
တဏှာကုန်ခန်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနောက်ဆုံးပေ၊
အဲဒါက ဗုဒ္ဓဘာသာ့ ဝိသေသလက္ခဏာတွေ။ ။

# (၂) သရဏဂုံခန်း

## ဗုဒ္ဓဘာသာဝင်အစ သရဏဂုံက

ဗုဒ္ဓဘာသာအကြောင်းကို စုံလင်စွာ သိရှိနားလည်ပြီးနောက် ဗုဒ္ဓဘာသာဝင်အကြောင်းကိုလည်း တစ်ဆက်တည်း လေ့လာသိရှိထားရန် လိုပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဗုဒ္ဓဘာသာဟူသော ဝေါဟာရကို ဗုဒ္ဓဘာသာဝင်ဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းနေကြသည်ကို တွေ့နေရ၏၊ အမှန်မှာ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင် နှစ်ပုဒ်မှာ ဝေါဟာရ ကွဲပြားသကဲ့သို့ အဓိပ္ပာယ်လည်း ခြားနားကြပါသည်။ ဗုဒ္ဓဘာသာကား ရှေ့အခန်းတွင် တင်ပြခဲ့သည့် အတိုင်း 'မြတ်စွာဘုရား၏ စကားတော်၊ တရားတော်များ'ဖြစ်၏။ ဗုဒ္ဓဘာသာဝင်မှာမူ ဘုရားတရားတော်လာသည့်အတိုင်း 'ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ မှိဝဲဆည်းကပ်၊ သိမှတ်သူ'ဟု အဓိပ္ပာယ်ရ၏။ ဤသို့ ဝေါဟာရနှစ်ခု မတူ ထူးခြား ကွဲပြားကြပါသည်။

"ဗုဒ္ဓဘာသာဝင်အစ၊ သရဏဂုံက"ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာရန်အတွက် သရဏဂုံသည် အလွန်အရေးကြီး၏။ သရဏဂုံဆောက်တည်မှသာ ဗုဒ္ဓဘာသာဝင် ဖြစ်လာနိုင်သည်။ သရဏဂုံဆိုသည်မှာ တရားကိုယ်သဘောအားဖြင့် ရတနာသုံးပါးအပေါ်၌ (ဝါ) ရတနာသုံးပါးတို့၏ ဂုဏ်တော်များ၌ သက်ဝင်ယုံကြည်မှုသဒ္ဓါနှင့်

ကံရှိသည်၊ ကံ၏အကျိုးရှိသည်ဟု လက်ခံသိမြင်သည့်ပညာ (ကမ္မဿကတာဉာဏ်)တို့ ဦးစီးသော ကုသိုလ်၊ ကြိယာ နာမ်တရားစု (ကုသိုလ်ကြိယာစိတ်စေတသိက်)တို့ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ဖို့ရန် (၁) ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှု သဒ္ဓါ၊ ကံကို သိမြင်လက်ခံသည့်ပညာရှိရခြင်း၊ (၂) သရဏဂုံကို ဆောက်တည်ခြင်းဆိုသည့် အင်္ဂါနှစ်ရပ် လိုအပ်ပါ၏။

## ယုံသဒ္ဓါနှင့် ကြည်သဒ္ဓါ

သက်ဝင်ယုံကြည်မှုသဒ္ဓါ ဟူရာ၌ သဒ္ဓါသည် ယုံခြင်းလက္ခဏာရှိ၏။ (သဒ္ဒဟနလက္ခဏာ)ဘုရား စသည်တို့၌ ဟုတ်လေသလား၊ မဟုတ်ဘဲများ ရှိလေရော့လားဟု ယုံမှားသံသယမရှိ၊ အမှန်ဟုတ်၏ဟု ယုံမှု၊ စိတ်ချလက်ချရှိမှုကို 'ယုံ'ဟု ခေါ်သည်။

စိတ်ကို ကြည်လင်စေခြင်းကိစ္စရှိ၏။ (ပသာဒနရသာ)၊ နောက်ကျိနေသည့်ရေအတွင်းသို့ စကြာမင်း၏ ပတ္တမြားရတနာကို ထည့်လိုက်သောအခါ အနည်တွေ အောက်ကျကာ ရေကြည်လင်လာသကဲ့သို့ ထို့အတူ စိတ်အစဉ်တွင် သဒ္ဓါဝင်လာသောအခါ ကိလေသာနီဝရဏတရားများ အနည်ကျသည့်အလား ကွယ်ပျောက်သွား၍ ကြည်လင်သော စိတ်အစဉ် ဖြစ်လာ၏။ ထိုကဲ့သို့ ကြည်လင်စေမှုကို 'ကြည်'ဟု ဆိုရသည်။ ဤသို့ 'ယုံ'ဟူသော သဒ္ဓါ၏လက္ခဏာနှင့် 'ကြည်'ဟူသော သဒ္ဓါ၏ကိစ္စတို့ကို ပေါင်းစပ်၍ ယုံကြည်မှုသဒ္ဓါဟု ဆိုနိုင်၏။ အဓိပ္ပာယ်မှာ ယုံခြင်းသည် သဒ္ဓါဖြစ်သကဲ့သို့ ကြည်ခြင်းသည်လည်း သဒ္ဓါပင်ဖြစ်သည်။ ဤကား အဋ္ဌသာလိနီအဋ္ဌကထာအရ ဖွင့်ဆိုရေးသားခြင်းဖြစ်၏။ မိလိန္ဒပဉှာပါဠိတော်၌မူ ကောင်းစွာကြည်လင်စေခြင်း၊ (သမ္ပသာဒန)ကို ကိစ္စဟုမဆို သဒ္ဓါ၏လက္ခဏာဟု မိန့်ဆိုထား၏။

ယုံသဒ္ဓါ၊ ကြည်သဒ္ဓါ နှစ်မျိုးရှိရာတွင် ယုံသဒ္ဓါ မဖြစ်နိုင်သော်လည်း ကြည်သဒ္ဓါဖြစ်နိုင်လျှင် သရဏဂုံတည်သူ ဖြစ်နိုင်ပါသည်။

ဗုဒ္ဓဘာသာဝင် မိဘတို့၏ ကလေးငယ်တို့မှာ ရတနာသုံးပါးတို့၏ ဂုဏ် စသည်တို့ကို နားမလည်သေး၍ ယုံသဒ္ဓါဖြစ်ဖို့ ခဲယဉ်းပါသော်လည်း လူကြီးများပြုမူပုံကို အတုလိုက်၍ ဘုရား သံဃာတို့ကို ရှိခိုး ဦးချနေသည့်အခါ၌ စိတ်ကြည်လင်ရွှင်ပျနေသည့်အတွက် ကြည်သဒ္ဓါ ဖြစ်နိုင်ကြ၏။

**ပထမဆုံး သရဏဂုံတည်သူများ**

သရဏဂုံသည် (၁) မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ် သိမှတ်ခြင်း=ဗုဒ္ဓသရဏဂုံ (၂) တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ် သိမှတ်ခြင်း=ဓမ္မသရဏဂုံ (၃) သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ် သိမှတ်ခြင်း=သံဃသရဏဂုံဟူ၍ သုံးမျိုးရှိ၏။ ဤသည်ကိုပင် သရဏဂုံသုံးပါးဟု ခေါ်သည်။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တွင် ပထမဆုံး သရဏဂုံတည်သူများမှာ တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ဖြစ်၏။ သူတို့ညီနောင်နှစ်ဦးသည် ဥက္ကလာတိုင်း ပေါက္ခရဝတီမြို့ (အသိတဥ္စနမြို့)မှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြသည်။ လမ်းခရီးတွင် ရှေးက ဆွေမျိုးရင်းချာတော်ခဲ့ဖူးသည့် နတ်၏ သတိပေးလမ်းညွှန်မှုဖြင့် ဘုရားရှင် နောက်ဆုံးသတ္တာဟသီတင်းသုံးတော်မူရာ လင်းလွန်းပင်ရင်းသို့ ရောက်သွားကြ၍ ဘုရားရှင်အား သူတို့၌ ပါလာကြသည့် မုန့်ဆွမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကုန်သည်ညီနောင်တို့အား သူတို့နှင့် သင့်လျော်သည့် အနုမောဒနာတရားကို ဟောကြားတော်မူ၏။ ညီနောင်နှစ်ဦးတို့သည် မြတ်စွာဘုရား ခြေတော်အစုံကို ရှိခိုးကြပြီး "အရှင်မြတ်ဘုရား...တပည့်တော်တို့သည် ဘုရားရှင်ကိုလည်းကောင်း၊ တရားတော်မြတ်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ် သိမှတ်ပါကုန်၏။ အရှင်မြတ်ဘုရား၊ တပည့်တော်တို့ကို ယနေ့မှစ၍ အသက်ထက်

ဆုံး ဘုရားရတနာ၊ တရားရတနာတို့ကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာတို့ဟူ၍ မှတ်တော်မူပါဘုရား”ဟု “ဒွေဝါ စိကသရဏဂုံ”ကို ခံယူဆောက်တည်ကြသည်၊ ဒွေ ဝါစိက သရဏဂုံဆိုသည်မှာ ထိုစဉ်အခါက သံဃာရတနာ မပေါ်လာသေး၍ ဘုရားရတနာအတွက် တစ်ခွန်း၊ တရားရနာအတွက် တစ်ခွန်း နှစ်ခွန်းသောစကားတို့ဖြင့် ဆောက်တည်ရသော သရဏဂုံမျိုးဖြစ်၏။ (ဒွေဝါစိက=စကားနှစ်ခွန်းဖြင့် ဆောက်တည်ရသော + သရဏဂုံ=ဗုဒ္ဓ၊ ဓမ္မ သရဏဂုံနှစ်ပါး)။ ဤသူတို့သည် ပထမဆုံး သရဏဂုံ ၂ ပါးတည်သူများ ဖြစ်သည်။

ပထမဆုံး သရဏဂုံသုံးပါးတည်သူများကား အမျိုးသားများထဲတွင် ယသ သူဌေးသား၏ ဖခင်သူဌေးကြီးဖြစ်၍ အမျိုးသမီးများထဲတွင် ယသ၏မိခင်ကြီး သုဇာတာနှင့် ယသ၏ဇနီးတို့ ဖြစ်ကြသည်။ သူတို့အားလုံးသည် ဘုရားရှင် မိဂဒါဝုန်တော၌ ပထမဝါဆိုတော်မူချိန်တွင် သရဏဂုံတည်သူများ ဖြစ်ကြသည်။ ထိုအချိန်တွင် ပဥ္စဝဂ္ဂီငါးပါး ရဟန္တာသံဃာများ ရှိနေကြပြီဖြစ်၍ ‘ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ’ (၃)ပါးလုံး ဆောက်တည်ကြသူများ ဖြစ်ကြသည်။ ထိုသရဏဂုံကို သုံးပါးစုံသောကြောင့် “တေဝါစိက သရဏဂုံ”ဟု ခေါ်သည် (တေဝါစိက–စကားသုံးခွန်းဖြင့် ဆောက်တည်ရသော + သရဏဂုံ = ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သဏဂုံ သုံးပါး)။

ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာဝင်များမှာ သရဏဂုံအကြောင်းကို သိရှိသူ အလွန်နည်းပါးကြ၏။ ရတနာသုံးပါးနှင့် သရဏဂုံသုံးပါး အတူတူပဲဟု ဆိုသူများပင် ရှိကြ၏။ သရဏဂုံပျက်ခြင်း၊ သရဏဂုံညစ်နွမ်းခြင်းတို့ကိုလည်း မသိ၊ နတ်ကိုးကွယ်သူ၊ ဘိုးတော်ကိုးကွယ်နေသူများကိုလည်း သရဏဂုံ ပျက်နေသူများဟု ဆိုနေကြ၏။ နတ်၊ ဘိုးတော် စသည်တို့ ကိုးကွယ်နေသူများကလည်း တစ်ဖက်စွန်းရောက်အောင် ကိုးကွယ်နေသော်လည်း သရဏဂုံမပျက်ဟု ထင်နေကြ၏။ ဤအကြောင်းအရာတို့ကို ကွဲကွဲပြားပြား အမှန်အတိုင်း သိမြင်နားလည်

သွားရန် ဤအခန်းတွင် သရဏဂုံအကြောင်းကို ကျမ်းဂန်လာသည့်အတိုင်း ပြည့်ပြည့်စုံစုံ တင်ပြသွားပါမည်ဖြစ်သည်။

အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးကလည်း 'ယခုကာလ သရဏဂုံဆောက်တည်သူတို့တွင် တချို့မှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော ပါဠိကို ရွတ်ဆိုနေသော်လည်း မြန်မာလို ဘာကိုဆိုလိုကြောင်း မသိကြ။ ဗုဒ္ဓံ ဓမ္မံ သံဃံဟု နှုတ်ကရွတ်နေသော်လည်း ဘုရား တရား သံဃာအစစ်ကို နားမလည်ကြချေ။ ထိုသို့ နားမလည်သူတို့မှာ ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ် သရဏဂုံ မရနိုင်။ အတော်အတန်နားလည်သူ ဘုရား တရား သံဃာကို ကိုးကွယ်လိုစိတ်ရှိသူ၌ကား ဉာဏဝိပ္ပယုတ် သရဏဂုံကိုမျှသာ ရဖွယ်ရှိ၏။ လုံးလုံးနားမလည်သူတို့မှာ သရဏဂုံကိုမျှ လုံးလုံးရဖွယ်မရှိ။ သရဏဂုံမတည်လျှင် ဗုဒ္ဓဘာသာဝင် မဟုတ်သေး။ ထို့ကြောင့် သရဏဂုံအကြောင်းကို ကောင်းကောင်းနားလည်အောင် လေ့လာကြပါကုန်'ဟု တိုက်တွန်းတော်မူထား၏။

## သရဏ=ကိုးကွယ်ရာ

သရဏကား ပါဠိပုဒ်တည်း၊ မြန်မာလို 'ကိုးကွယ်ဆည်းကပ်သူလူအပေါင်းတို့အား ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း၊ အပါယ်သို့ ကျရောက်၍ ပင်ပန်းဆင်းရဲရခြင်း စသောဆင်းရဲအမျိုးမျိုးကို ပယ်ဖျောက်ပေးတတ်သည့်အရာ'ဟု အဓိပ္ပာယ်ရ၏။ ထိုအရာများကား ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးတို့ဖြစ်၏။ ထို့ကြောင့် "သရဏ"ဆိုသည်မှာ ဆင်းရဲအမျိုးမျိုးကို ပယ်ဖျောက်ပေးနိုင်သော ရတနာသုံးပါးဖြစ်သည်။

တစ်နည်းရဲ့၍ဆိုရသော် မြတ်စွာဘုရားသည် အကျိုးစီးပွား၌ဖြစ်စေတော်မူခြင်းဖြင့်လည်းကောင်း၊ အကျိုးစီးပွားမဲ့မှ တားမြစ်တော်မူခြင်းဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးတို့ကို ပယ်

ဖျောက်တော်မူတတ်၏။ တရားတော်သည် ဘဝခရီးထဲမှ လွတ်မြောက်စေသောအားဖြင့်လည်းကောင်း၊ သက်သာရာ ရစေသောအားဖြင့်လည်းကောင်း၊ သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။ သံဃာတော်သည် အနည်းငယ်သော ကောင်းမှုမျှဖြင့် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးရအောင် ပြုတတ်သောအားဖြင့် ဘေးအမျိုးမျိုးကို ပယ်ဖျောက်တော်မူတတ်၏။ ထို့ကြောင့် ရတနာမြတ်သုံးပါးသည် သရဏမည်၏။

သရဏ–ပါဠိပုဒ်သည် မြန်မာလို ဘေးအမျိုးမျိုး ဆင်းရဲအမျိုးမျိုးတို့ကို ပယ်ဖျောက်ပေးတတ်သည့်အရာဟု သဒ္ဒါအနက်ထွက်သော်လည်း ဝေါဟာရအနေဖြင့် ကိုးကွယ်ရာဟု အဓိပ္ပာယ်ရ၏။ ကိုးကွယ်ရာပုဒ်ကို အဓိပ္ပာယ်စိတ်ဖြာရလျှင် "ဆင်းရဲအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ်ပေးနိုင်သူများဟု ယုံကြည်ကာ အားကိုးရာ၊ အားထားရာ၊ မှီခိုရာအဖြစ် ဆည်းကပ်ပူဇော်ရသည့်အရာ'ဟု ဖြစ်သည်။ မြန်မာအဘိဓာန်၌ "ကိုးကွယ်ရာ"ကို ဆည်းကပ်ပူဇော်စရာ၊ အားထားမှီခိုစရာဟု ဖွင့်ဆိုထားသည်။

## သရဏဂုံ

သရဏ+ဂမနဟူသော ပါဠိမှ မြန်မာလို 'သရဏဂုံ'ဖြစ်လာသည်။ ကိုးကွယ်ရာဟူ၍ အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်းဟု အဓိပ္ပာယ်ရ၏။ (သရဏ=ကိုးကွယ်ရာဟူ၍+ဂမန=အသိအမှတ်ပြုလျက် ဆည်းကပ်ခြင်း)၊ ရတနာသုံးပါး၌ ကြည်ညိုလေးစား၍ ဘုရား၊ တရား၊ အရိယာသံဃာတို့သည် ကိုးကွယ်ရာ အစစ်ဖြစ်ကြ၏ဟု အသိအမှတ်ပြုကာ ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်ကြောင်း ဖြစ်သည့် သဒ္ဓါ ပညာ ဦးစီးသော မဟာကုသိုလ် မဟာကြိယာ စသော စိတ်စေတသိက်စုကို 'သရဏဂုံ'ဟုခေါ်သည်။ ထို့ကြောင့် သရဏဂုံ သုံးပါးဆိုသည်မှာ (၁) ဘုရားကို ဆည်းကပ်ကိုးကွယ်မှု (၂) တရားကို ဆည်း

ကပ်ကိုးကွယ်မှု (၃) အရိယာသံဃာကို ဆည်းကပ်ကိုးကွယ်မှုတို့ ဖြစ်သည်။

## သရဏဂုံတည်သူ

ရတနာသုံးပါးတို့၏ ဂုဏ်တော်များ၌ သက်ဝင်ယုံကြည်သည့် သဒ္ဓါ၊ ကံ၊ကံ၏အကျိုးတို့ကို သိမြင်လက်ခံသည့် ပညာဦးစီးသော မဟာကုသိုလ်၊ မဟာကြိယာ စသော စိတ်စေတသိက်စုသည် ကိုးကွယ်ဆည်းကပ်မှုကို ဖြစ်စေတတ်သောကြောင့် ထိုမဟာကုသိုလ်၊ မဟာကြိယာ စသော စိတ်စေတသိက်စုနှင့် ပြည့်စုံသူသည် 'သရဏဂုံတည်သူ' ဖြစ်၏။ မိမိသန္တာန်၌ ရတနာသုံးပါးတို့အား ဆည်းကပ်ကိုးကွယ်မှုကိုဖြစ်စေတတ်သည့် မဟာကုသိုလ် စသော စိတ်စေတသိက်စုများ ဖြစ်နေကြောင်း ထင်ရှားပြဖို့ရန် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ပါဠိလိုဖြစ်စေ၊ "ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏" စသည်ဖြင့် မြန်မာလိုဖြစ်စေ ရွတ်ဆိုခြင်းသည် သရဏဂုံဆောက်တည်ခြင်းမည်၏။ မြတ်စွာဘုရား လက်ထက်တော်ကလည်း ယသ၏ ဖခင်သူဌေးကြီး စသော ပုဂ္ဂိုလ်များသည်လည်း "သော ဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခု သံဃဉ္စ၊ ဥပါသကံ မံ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ'ဟု ရွတ်ဆိုလျှောက်ထားကြပြီး သရဏဂုံဆောက်တည်လေ့ရှိကြပါသည်။ "အရှင်မြတ်ဘုရား ထိုဘုရားတပည့်တော်သည် ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင်ကို လည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာတော်ကို လည်းကောင်း ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ် သိမှတ်ပါ၏။ ဘုရားရှင်သည် တပည့်တော်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ"ဟု အနက်အဓိပ္ပာယ်ရသည်။

**ဆောင်ပုဒ်လင်္ကာများ**

၁။ ကိုးကွယ်ရာဟူ၊ မြတ်သုံးဆူ၊ မှတ်ယူ 'သရဏ'၊

၂။ ကိုးကွယ်ရာမင်း၊ ဆည်းကပ်ခြင်း၊ မှတ်လျင်း 'သရဏဂုံ'၊

၃။ ကိုးကွယ်သိမှတ်၊ ဆည်းကပ်တတ်၊ ယူမှတ် 'သရဏဂုံတည်း'။

**လောကီသရဏဂုံ(၄)မျိုး**

လောကီသရဏဂုံသည် ပြုမူပုံ၊ ဆောက်တည်ပုံတို့ကို အစွဲပြု၍ လေးမျိုး ကွဲပြန်၏။ ထိုလေးမျိုးမှာ–

(၁) အတ္တသန္နိယျာတနသရဏဂုံ

(၂) တပ္ပရာယနသရဏဂုံ

(၃) သိဿဘာဝူပဂမနသရဏဂုံ

(၄) ပဏိပါတသရဏဂုံ

တို့ ဖြစ်သည်။

(၁) ထိုလေးပါးတွင် "အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာ တေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ"ဟု ရွတ်ဆို ဆောက်တည်၍ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်း လှူဒါန်းသည့် သရဏဂုံသည် အတ္တသန္နိယျာတန သရဏဂုံမည်၏။ (အဟံ=အကျွန်ုပ်သည်၊ အဇ္ဇာဒိံ ကတွာ–ယနေ့ကို အစပြု၍၊ အတ္တာနံ– မိမိကိုယ်ကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအား၊ နိယျာ တေမိ–အပ်နှင်း ပေးလှူပါ၏။ ဓမ္မဿ–တရားတော်အား၊ နိယျာတေမိ–အပ်နှင်းပေးလှူ ပါ၏။ သံဃဿ–သံဃာတော်အား၊ နိယျာတေမိ–အပ်နှင်းပေးလှူ ပါ၏)

(၂) "အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏော၊ ဓမ္မပရာယဏော၊ သံဃပရာ ယဏော တိ မံ ဓာရေထ"ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါး၌ လဲလျောင်းညွတ်ကိုင်းသည့် သရဏဂုံသည် "တပ္ပရာ ယဏ သရဏဂုံ"မည်၏။ (အဟံ–အကျွန်ုပ်သည်၊ အဇ္ဇာဒိံ ကတွာ–

ယနေ့ကို အစပြု၍၊ ဗုဒ္ဓပရာ ယဏော–ဘုရားသာ လဲလျောင်းညွတ် ကိုင်းရာရှိသူ၊ ဓမ္မပရာယဏော၊ တရားတော်သာ လဲလျောင်းညွတ်ကိုင်း ရာရှိသူ၊ သံဃပရာယဏောတိ–သံဃာတော် သာ လဲလျောင်းညွတ် ကိုင်းရာရှိသူဟူ၍၊ မံ–အကျွန်ုပ်ကို၊ ဓာရေထ–မှတ်ပါကုန်လော့)။ အာဠဝကဘီလူး၊ ဟေမဝတနတ်မင်းတို့ယူသော သရဏဂုံမျိုး ဖြစ်၏။

(၃) "အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိ ကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ"ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါး၏ တပည့်အဖြစ်ကို ခံယူ သည့် သရဏဂုံသည် "သိဿ ဘာဝူပဂမနသရဏဂုံ"မည်၏ (အဟံ– အကျွန်ုပ်သည်၊ အဇ္ဇာဒိံ ကတွာ–ယနေ့ကို အစပြု၍၊ ဗုဒ္ဓဿ–မြတ်စွာ ဘုရား၏၊ အန္တေဝါသိကော၊ တပည့်ရင်းဖြစ်၏။ ဓမ္မဿ–တရား တော်၏၊ အန္တေဝါသိကော–တပည့်ရင်းဖြစ်၏။ သံဃဿ၊ သံဃာ တော်၏၊ အန္တေဝါသိကောတိ၊ တပည့်ရင်းဖြစ်၏ဟူ၍၊ မံ–အကျွန်ုပ်ကို၊ ဓာရေထ–မှတ်ပါကုန်လော့)။ ရှင်မဟာကဿပမထေရ်ကြီးယူသော သရဏဂုံမျိုး ဖြစ်၏။

(၄) "အဇ္ဇာဒိံ ကတွာ အဟံ အဘိဝါဒန ပစ္စုဋ္ဌာနအဉ္ဇလိကမ္မသာမိ စိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထုနံ ကရောမီတိ မံ ဓာရေထ"ဟု ရွတ်ဆိုဆောက်တည်ရသော ရတနာသုံးပါးတို့၌ အလွန်အမင်း အရို အသေပြုသည့် သရဏဂုံသည် "ပဏိပါတသရဏဂုံ"မည်၏။ (အဟံ– အကျွန်ုပ်သည်၊ အဇ္ဇာဒိံ ကတွာ–ယနေ့ကို အစပြု၍၊ ဗုဒ္ဓါဒီနံ–ဘုရား အစရှိကုန်သော၊ တိဏ္ဏံ ဝတ္ထုနံယေဝ–ဝတ္ထုမှန် သုံးပါးတို့အားသာလျှင်၊ အဘိဝါဒနပစ္စုဋ္ဌာန အဉ္ဇလိကမ္မသာ မိစိကမ္မံ–ရှိခိုးခြင်း၊ ခရီးဦးကြိုဆို ခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းအမှုကို၊ ကရောမိတိ၊ ပြုလုပ် ၏ဟူ၍၊ မ–အကျွန်ုပ်ကို၊ ဓာရေထ–မှတ်ပါကုန်လော့။) ဗြဟ္မာယု ပုဏ္ဏားကြီးယူသော သရဏဂုံမျိုး ဖြစ်၏။

ဤဖော်ပြပါ လေးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်လျှင်

သရဏဂုံတည်သူ ဖြစ်ပေ၏။

**ဆောင်ပုဒ်လင်္ကာများ**

(၁) လောကုတ်၊ လောကီ၊ ဤနှစ်လီ၊ စုညီသရဏဂုံ။
(၂) ဉာဏဝိပ္ပယုတ်၊ သမ္ပယုတ်၊ နှစ်ပုဒ်လောကီဂုံ။
(၃) ဆောက်တည်ပုံအရ၊ ကွဲပြားကြ၊ လေးဝသရဏဂုံ။
(၄) အတ္တ, တပ္ပရာ၊ သိဿဘာ၊ လေဖြာ ပဏိစုံ။

ဤလောကီသရဏဂုံလေးမျိုးတို့တွင် နောက်ဆုံးပဏိပါတသရဏဂုံကား ရှိခိုးမှု လက်အုပ်ချီမှု အရိအသေပြုမှု စသည်တို့ကို ပြုရုံမျှဖြင့် သရဏဂုံတည်သွားသည့် သရဏဂုံမျိုးဖြစ်၏။ ထို့ကြောင့် ရှိခိုးမှု စသည်တို့ကိုပြုတိုင်း သရဏဂုံ တည်,မတည်၊ ဖြစ်,မဖြစ် စိစစ်ရန် လိုလာ၏။ ပဏိပါတခေါ် အရိအသေပြုမှု ရှိခိုးမှုသည် (၁) ဆွေမျိုးဖြစ်၍ အရိအသေပြုခြင်း၊ ရှိခိုးခြင်း၊ ဉာတိ။ (၂) ကြောက်သဖြင့် အရိအသေပြုခြင်း၊ ရှိခိုးခြင်း၊ ဘယ။ (၃) ဆရာဖြစ်၍ အရိအသေပြုခြင်း ရှိခိုးခြင်း၊ အာစရိယ။ (၄) မြတ်သောအလှူကို ခံယူထိုက်သည့် ရတနာသုံးတန်ဝတ္ထုမှန်အနေဖြင့် အရိအသေပြုခြင်း ရှိခိုးခြင်း၊ ဒက္ခိဏေယျဟူ၍ ၄ မျိုးရှိ၏။

ဤ(၄)မျိုးအနက် နောက်ဆုံး ၄ နံပါတ်ပြ "မြတ်သောအလှူကို ခံယူထိုက်သည့်အနေဖြင့် အရိအသေပြုမှု ရှိခိုးမှုသာ ပဏိပါတ သရဏဂုံမြောက်၏၊ သရဏဂုံဖြစ်၏၊ သရဏဂုံတည်၏။ ကျန်သုံးမျိုးတို့ဖြင့် ရိုသေမှု ရှိခိုးမှုတို့ကား သရဏဂုံမမြောက်ချေ၊ မဖြစ်ချေ၊ မတည်ချေ။ ဤအချက်ကို အသေအချာ မှတ်သားထားသင့်ကြ၏။

ဆက်၍ ဆိုဦးအံ့။ သာကီဝင်မင်းမျိုး တစ်ဦးတစ်ယောက်သည် "မြတ်စွာဘုရားသည် ငါတို့၏ မဟာဆွေတော်မျိုးတော်ဖြစ်သည်"ဟု ရှိခိုးငြားအံ့။ ထိုသူသည် သရဏဂုံကို ခံယူသည်မမည်။ သရဏဂုံ မတည်ချေ။ (ဉာတိ–ဆွေမျိုး)။

တစ်ဦးတစ်ယောက်သောသူသည် “ရဟန်ဂေါတမကား မင်းအပေါ်ခံပုဂ္ဂိုလ်၊ တန်ခိုးအာနုဘော်ကြီးသည့် ပုဂ္ဂိုလ်တည်း။ သူ့ကို ရှိခိုးမှု ငါမပြုခဲ့လျှင် ငါ၏ အကျိုးမဲ့ကို ပြုလိမ့်မည်”ဟု ကြောက်ရွံ့သဖြင့် ရှိခိုးငြားအံ့။ ထိုသူသည်လည်း သရဏဂုံကို ခံယူသည်မမည်၊ သရဏဂုံ မတည်ချေ။ (ဘယ=ကြောက်ခြင်း)။

တစ်ဦးတစ်ယောက်သောသူသည် အလောင်းတော်သူမြတ်ထံ အတတ်ပညာ တစ်စုံတစ်ရာ သင်ကြားခဲ့ဖူးသည်ကို အောက်မေ့ကာ မြတ်စွာဘုရားအား “ငါ၏ဆရာဖြစ်ခဲ့ဖူး ပါပေသည်”ဟု ရှိခိုးငြားအံ့။ ထိုသူသည်လည်း သရဏဂုံ ခံယူသည်မမည်။ သရဏဂုံ မတည်ချေ။ အယုတ်ဆုံးအားဖြင့် ဘုရားဖြစ်လာပြီးနောက် “လုပ်၍ရလာ၊ ထိုဥစ္စာကို၊ ပုပါလေးပုံ၊ တစ်ပုစားပါ၊ နှစ်ပုံထပ်ရင်း၊ အကြွင်းရန်ပုံ၊ ထားပါတုံ၊ မှတ်ယုံကြီးပွားမည်” စသည်ဖြင့် လောကီကြီးပွားရေး ဆိုင်ရာ ဆုံးမချက်များကို သင်ကြားလမ်းညွှန်ပေးသူ ငါ၏ဆရာ ဖြစ်ပါပေသည်” ဟု ရှိခိုးလျှင်လည်း ထိုသူအား သရဏဂုံမဖြစ်ချေ၊ မရချေ၊ မတည်ချေ။ (အာစရိယ=ဆရာ)။

စင်စစ်သော်ကား “မြတ်စွာဘုရားသည် လောက၌ နောက်နောက်ဘဝအကျိုးရအောင် ပျိုးချတုံလတ်၊ မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရတနာစစ်၊ ရတနာမှန် ဖြစ်တော်မူပါပေသည်”ဟု ရှိခိုးမှသာလျှင် ရှိခိုးသူအား သရဏဂုံခံယူသည်မည်၏။ သရဏဂုံတည်၏။

## ဘယ်အခါမှာ ရှိခိုးက သရဏဂုံပျက်သလဲ

သရဏဂုံတည်ပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သာသနာတော်မှ ပြင်ပဖြစ်သော တိတ္ထိဂိုဏ်း၌ ရသေ့ ရဟန်းပြုနေသူ ဆွေမျိုးတော်စပ်သည့် တိတ္ထိရဟန်းကို “ဤသူကား ငါ၏ဆွေမျိုးဖြစ်တယ်”ဟု ရှိခိုးသော်လည်း မူလခံယူဆောက်တည်ထားသည့် သရဏဂုံမပျက်ပေ။ တိတ္ထိရဟန်းမဟုတ်သည် ဆွေမျိုးတိတ္ထိအယူရှိသူ လူကို ရှိခိုးသူကား

ဆိုဖွယ်ရာမရှိ။ သရဏဂုံ မပျက်သည်သာဖြစ်၏။ ထို့အတူ တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူကို ရှိမခိုးလျှင် အကျိုးမဲ့ပြုမည် ကြောက်သော ကြောင့် မင်းကို ရှိခိုးလျှင်လည်း သရဏဂုံမပျက်ပေ။ ထို့ပြင် အတတ် ပညာသင်ကြားပြသပေး၍ ဆရာဖြစ်ခဲ့ဖူးသည့် တိတ္ထိဖြစ်သောလူကို ပင်သော်လည်း "ဤသူသည် ငါ၏ဆရာ ဖြစ်ခဲ့ဖူးပြီ"ဟု ရှိခိုးသူအား လည်း မူလ ခံယူဆောက်တည်ထားသည့် သရဏဂုံ မပျက်ပါဟု သီလက္ခန္ဓ ဝဂ္ဂအဋ္ဌကထာ အင်္ဂုတ္တရအဋ္ဌကထာများ၌ တခမ်းတနား တိတိကျကျ ဖွင့်ဆိုထားကြသည်။

ဤကဲ့သို့ တိတ္ထိရဟန်း၊ မင်းစိုးရာဇာနှင့် တိတ္ထိဆရာတို့သည် ရတနာသုံးပါးမှ အလွတ်ဖြစ်ပါလျက် ရှိခိုးကြသူများမှာ မူလခံယူ ဆောက်တည်ထားသည့် သရဏဂုံ မပျက်ရခြင်းကား လောကဓာတ်လုံး ဝယ် အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်အနေဖြင့် ရှိခိုးခြင်းမဟုတ်သောကြောင့် ဖြစ်သည်ဟု သုတ်သီလက္ခန်ဋီကာများ၌ အတိအကျ မိန့်ဆိုထားကြ၏။

**ဆောင်ပုဒ်လင်္ကာများ**

(၁) ဉာတိ ဘယ၊ အာစရိယ၊ မရမပျက်ပါ။

(၂) ဒက္ခိဏေယျ၊ တစ်ခုမျှ၊ တည်ရပျက်ရပါ။

## နတ်ကိုးကွယ်သူများ သရဏဂုံပျက်, မပျက်

ရှေ့တွင် ဖော်ပြပြီးခဲ့သည့် အဋ္ဌကထာ၊ ဋီကာကျမ်းများလာ အကြောင်း အချက်အလက်များကို ထောက်ထားပါက သရဏဂုံတည် မှု၊ ပျက်မှုနှစ်ခုလုံးသည် ရှိခိုးခြင်း စသည်ကိုပြုသူ၏ နှလုံးသွင်းစိတ် ထားအပေါ် အခြေပြုနေကြောင်း ထင်ရှားပေသည်။ ဤသဘော ကို သုတ်သီလက္ခန်အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာများ၌ "သေဋ္ဌ ဝသေနေဝ ဟိ သရဏံ ဂဏှာတိ၊ သေဋ္ဌဝသေန စ ဘိဇ္ဇတိ"ဟု အတိအကျ မုချမိန့်ဆိုထားကြ၏။ အဓိပ္ပာယ်မှာ "ရတနာသုံးပါးကို

လောကဓာတ်အလုံ၌ အမြတ်ဆုံးအလှူခံဟု နှလုံးသွင်းမှတ်ယူကာ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုလုပ်လျှင် သရဏဂုံယူပြီးဖြစ်၏။ သရဏဂုံတည်ပြီးဖြစ်၏။ သရဏဂုံတည်ပြီးသူသည် ရတနာသုံးပါးမှတစ်ပါး အခြားနတ်၊ ဘိုးတော်၊ တိတ္ထိရဟန်း စသည်တို့တွင် တစ်ဦးဦးကို တစ်လောကလုံးတွင် အမြတ်ဆုံးအလှူခံဟု နှလုံးသွင်းကာ ရှိခိုးခြင်း စသည်တို့ကို ပြုမိလျှင် မူလဆောက်တည်ထားသည့် သရဏဂုံ ပျက်တော့၏"ဟု ဆိုလိုပေသည်။

အဋ္ဌကထာများလာ ပါဠိဝါကျ၏ အနက်မှာ "ဟိ၊ သရဏဂုံတည်ပုံ ပျက်ပုံကို အတိုချုပ်ပြဆိုဦးအံ့။ သေဋ္ဌဝသေနေဝ–တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်သာလျှင်၊ သရဏံ–ကိုးကွယ်ခြင်းကို (ဝါ) သရဏဂုံကို၊ ဂဏှာတိ–ယူရာရောက်၏။ စ–ထို့ပြင်၊ သေဋ္ဌဝသေန–အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်သာလျှင်၊ သရဏံ–တည်နေသော သရဏဂုံသည်၊ ဘိဇ္ဇတိ–ပျက်သွားတော့၏။" ဤအဋ္ဌကထာများ၏ အဆိုအမိန့်သည် သရဏဂုံတည်မှု၊ သရဏဂုံပျက်မှုတို့နှင့် ပတ်သက်၍ ခွဲခြမ်းဝေဖန် စိစစ်ရမည့် 'စ'ဖြစ်သည်။ ဤ'စ'ဖြင့် စိစစ်တိုင်းတာ၍ သရဏဂုံတည်သည်၊ သို့မဟုတ် သရဏဂုံပျက်သည်ဟု ဆုံးဖြတ်ရမည်။

နတ်ကိုးကွယ်သူ၊ ဘိုးတော် စသည်တို့ကို ကိုးကွယ်သူတို့ မူလခံယူဆောက်တည်ထားသည့် သရဏဂုံ ပျက်,မပျက်နှင့် ပတ်သက်ရာ၌လည်း ဤအဋ္ဌကထာများလာ 'စ'ဖြင့်ပင် စိစစ်တိုင်းတာ၍ ဆုံးဖြတ်ရပါမည်။ ကိုးကွယ် ဟူသော ဝေါဟာရကို (၁) ဆည်းကပ်ပူဇော်အားထားသည်၊ (၂) အားထားမှီခိုသည်၊ (၃) နတ်ပူဇော်ပသသည်ဟု မြန်မာအဘိဓာန်၌ သုံးနက်ဖွင့်ဆိုထားသည်။ ဤပဏိပါတ သရဏဂုံအရ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းတို့သည်လည်း သရဏဂုံ=ကိုးကွယ်မှုပင် ဖြစ်၏။

အကျဉ်းချုပ် စိစစ်ရလျှင် မူလသရဏဂုံတည်နေသော ဗုဒ္ဓဘာသာ

ဝင် တစ်ဦးတစ်ယောက်သည် တစ်လောကလုံးတွင် အမြတ်ဆုံး အလှူခံ ပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျ)ဟု နှလုံးသွင်းမှတ်ယူကာ နတ်၊ ဘိုးတော် စသူတို့ကို ကိုးကွယ်လျှင် (ဝါ) ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ အရိုအသေပြုမှု၊ လက်အုပ်ချီမှုတို့ကို ပြုလျှင် မူလသရဏဂုံပျက်ပါသည်။ တစ်လောက လုံးတွင် အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်ဟု နှလုံးသွင်းမှတ်ယူမှုမျိုး မရှိဘဲ မပူဇော် မပသလျှင် (ဝါ) ရှိမခိုးလျှင် ဘေးအန္တရာယ်ပြုမည်စိုးသော ကြောင့်လည်းကောင်း၊ စီးပွားလာဘ်လာဘ တိုးတက်စေလိုသော အကြောင်း စသည်တို့ကြောင့်လည်းကောင်း ထိုနတ်၊ ဘိုးတော် စသူ တို့အား ပူဇော်ပသမှု၊ ရှိခိုးမှု၊ ကိုးကွယ်မှုကိုပြုလျှင် မူလသရဏဂုံ မပျက်ပါချေ။

ဆက်၍ ဆိုပါဦးမည်။ ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် နတ်၊ ဘိုးတော် စသူတို့ကို ကိုးကွယ်ကောင်းသည်ဟု ဆိုရသော်လည်း သူတို့ကို ကိုးကွယ်သည့်အခါ ရတနာသုံးပါးထက် မကျော်လွန်မိဖို့ အထူးသတိပြုသင့်ကြ၏။ ဘုရားကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ရန် သတိမရကြသော်လည်း နတ်ပွဲ၊ ဘိုးတော်ပွဲများမှာ အုန်းသီး၊ ငှက်ပျောသီး၊ ပန်း စသည်တို့ မညှိုးမနွမ်း မခြောက်ရအောင် အထူးဂရုစိုက်သူများ ရှိကြ၏။ နတ်၊ ဘိုးတော်တို့၏ရုပ်တု၊ ရုပ်ပုံများ ကိုလည်း ဘုရားစင်တွင် ဘုရားနှင့်တစ်တန်းတည်း တင်ထားကိုးကွယ် ကြ၏။

ဤအပြုအမူများသည် နတ်၊ ဘိုးတော်တို့ကို ရတနာသုံးပါးထက် ပို၍ အမြတ်ထားသည့်သဘော သက်ရောက်နေသည့်အတွက် မူလ သရဏဂုံ ပျက်နိုင်ပါသည်။ ထို့ကြောင့် နတ် စသူတို့ကို ကိုးကွယ်သူ များသည် နတ်၊ ဘိုးတော် စသူတို့ထက် ရတနာသုံးပါးကို ပို၍ ဂရုတစိုက် ကိုးကွယ်ဆည်းကပ်ကြရမည်။ ရတနာသုံးပါးကို ထိုအရာ များထက် ပို၍ အမြတ်တနိုးထားနိုင်ပါမှ၊ ဂရုစိုက်နိုင်ပါမှ မူလခံယူ ဆောက်တည်ထားသည့် သရဏဂုံ တည်မြဲမည်ဖြစ်ပါသည်။ အမရပူရ

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း ဤအဋ္ဌကထာများလာ အဆိုအမိန့်များကို ကိုးကား၍ ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ထား ပေသည်။ အချုပ်မှာ နတ်၊ ဘိုးတော် စသူတို့ကို ကိုးကွယ်တိုင်း သရဏဂုံမပျက်၊ ပျက်သည်လည်းရှိသည်။ မပျက်သည်လည်းရှိသည်။ ကိုးကွယ်မှုအနေအထားကို လိုက်၍ ပျက်,မပျက် ဆုံးဖြတ်ရမည်။

## သရဏဂုံညစ်နွမ်းခြင်း

ထိုလောကုတ္တရာ သရဏဂုံ၊ လောကီသရဏဂုံ နှစ်ပါးတို့တွင် လောကုတ္တရာ သရဏဂုံသည် မည်သည့်အခါမျှ ညှိုးနွမ်းမှုမရှိ၊ ပျက်မှု မရှိ၊ အမြဲတစေ သန့်ရှင်း စင်ကြယ်လျက်ရှိ၏။ ပုထုဇဉ်တို့ သန္တာန်၌ ဖြစ်သော လောကီသရဏဂုံမှာမူ ရတနာသုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို မသိနားမလည်ခြင်း (အညာဏ)၊ "ရတနာသုံးပါး တို့အပေါ်၌ တကယ့်ဘုရားစစ် ဘုရားမှန်ပဲဖြစ်သလား၊ ဘုရားစစ် ဘုရားမှန် မဟုတ်ဘဲ ဖြစ်လေသလား"ဟု ယုံမှားသံသယဖြစ်ခြင်း (သံသယ)၊ ရတနာသုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို မှန်ကန်သည့် ဂုဏ်တော်၊ ကျေးဇူးတော်များ မဟုတ်ဟု မမှန်မကန် ဖောက်ဖောက်ပြန်ပြန် ရှုမြင်ခြင်း (မိစ္ဆာဉာဏ)၊ ရတနာသုံးပါးတို့၌ လေးစားမှု ရိုသေမှုမျာ ကင်းမဲ့ခြင်း (အနာဒရ၊ အဂါရဝ) စသည်တို့ ကြောင့် ညစ်နွမ်း၏။ ထိုသရဏဂုံသည် မစင်ကြယ်၍ အရောင်မလက်၊ အစွမ်းသတ္တိ မကြီးမြတ်တော့ချေဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

## ဆောင်ပုဒ်လင်္ကာများ

(၁) ဂုဏ်ကို မသိ၊ ယုံမှားဘိ၊ အသိမှောက်မှားပြန်။

(၂) မရိုမသေ၊ စသည်တွေ၊ ညစ်လေ သရဏံ။

**သရဏဂုံ(၂)မျိုး**

ထိုသရဏဂုံသည် (၁) လောကုတ္တရာသရဏဂုံ၊ (၂) လောကီသရဏဂုံဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ထိုတွင် လောကုတ္တရာ သရဏဂုံ ဆိုသည်မှာ အရိယာပုဂ္ဂိုလ်များ သန္တာန်၌ တည်သော ဖြစ်သော သရဏဂုံဖြစ်သည်။ အရိယာအရှင်မြတ်တို့သည် မိမိတို့သန္တာန်ဝယ် မဂ်စိတ်ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် သရဏဂုံညစ်ညူးကြောင်း၊ အကုသိုလ်တရားတို့ကို အကြွင်းမဲ့ပယ်သတ်လျက် နိဗ္ဗာန်ကိုအာရုံပြုကာ ကိစ္စ သိဒ္ဓိအားဖြင့် ရတနာသုံးပါး၌ ဝတ္ထုမှန်သုံးပါးဟု သိခြင်း ပြည့်စုံ၍ သရဏဂုံ တည်သွား၏။ မဂ်စိတ်ဖြစ်ပေါ်လာသည့်အခိုက်မှစ၍ လောကုတ္တရာ သရဏဂုံ တည်သွားသည်ဟု ဆိုလို၏။

လောကီသရဏဂုံကား ပုထုဇဉ်ပုဂ္ဂိုလ်များသန္တာန်၌တည်သော (ဝါ) ဖြစ်သော သရဏဂုံဖြစ်သည်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါးတို့၌ ယုံကြည်မှု သဒ္ဓါ၊ သဒ္ဓါတရားလျှင် အရင်းခံရှိသော ကံ,ကံ၏အကျိုးကို သိမြင်လက်ခံမှု ပညာ (သမ္မာဒိဋ္ဌိ၊ ဒိဋ္ဌိဇုကမ္မ)ဦးစီးသော ကုသိုလ်စိတ်တို့ဖြင့် ရတနာသုံးပါးတို့အား ကိုးကွယ်ဆည်းကပ်ခြင်းဖြစ်သည်။ ထိုသရဏဂုံသည် ပုထုဇဉ်တို့သန္တာန်၌ သရဏဂုံညစ်ညူးကြောင်း အကုသိုလ်တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အာရုံပြု၍ ပြည့်စုံရ၏။ ဖြစ်ရ၏။

ဤသို့ ရတနာသုံးပါးတို့၌ ယုံကြည်မှုသဒ္ဓါတရား ရှိလျှင်လည်း သရဏဂုံ ဖြစ်နိုင်၏။ သဒ္ဓါ,ပညာ နှစ်ပါးပြည့်စုံလျှင်ကား ဆိုဖွယ်ရာမရှိ၊ သရဏဂုံ ကောင်းစွာဖြစ်ပေသည်။ မှန်ပေသည်။ လောကီသရဏဂုံသည်–

(၁) ဉာဏဝိပ္ပယုတ် သရဏဂုံ၊

(၂) ဉာဏသမ္ပယုတ် သရဏဂုံ

ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ထိုတွင် ဉာဏဝိပ္ပယုတ်သရဏဂုံဆိုသည်မှာ မြန်မာဗုဒ္ဓဘာသာဝင် မိဘတို့၏ ကလေးငယ်တို့သည် မိဘ စသောသူတို့က တိုက်တွန်းသဖြင့် သူတို့ ခံယူ နှုတ်မြွက် ဆောက်တည်သော သရဏဂုံမျိုးဖြစ်သည်။ ကလေးငယ်တို့သည် ရတနာသုံးပါးတို့၏ ကျေးဇူးဂုဏ်ကိုလည်း မသိရှိသေး၊ ကံ,ကံ၏အကျိုးကိုလည်း နားမလည်ကြသေး၍ ပညာမပါသဖြင့် ဉာဏဝိပ္ပယုတ် (ဉာဏ်ပညာ မပါ)ဖြစ်ရ၏။ သို့သော် အယုတ်ဆုံးအားဖြင့် ရတနာသုံးပါးနှင့်စပ်၍ စိတ်ကြည်လင်မှု ကြည်သဒ္ဓါမျိုးဖြစ်နိုင်ရကား သရဏဂုံဖြစ်နိုင်ကြ၏။ ဤဉာဏဝိပ္ပယုတ် သရဏဂုံ၌ သဒ္ဓါဦးစီးသော ကုသိုလ်စိတ် စေတသိက်စုကို အရကောက်ရ၏။

ရတနာသုံးပါးတို့၌ ယုံကြည်မှု သဒ္ဓါတရားလျှင် အရင်းခံရှိသော ကံ,ကံ၏အကျိုးကို သိမြင်လက်ခံမှု ပညာဦးစီးသော ကုသိုလ်စိတ် စေတသိက်စုတို့ဖြင့် နှုတ်မြွက်ခံယူဆောက်တည်သော သရဏဂုံကား ဉာဏသမ္ပယုတ် (ပညာ ဉာဏ်ပါသော) သရဏဂုံဖြစ်သည်။ ဤဉာဏသမ္ပယုတ် သရဏဂုံ၌ သဒ္ဓါ၊ ပညာ နှစ်ပါးလုံး ဦးစီးသော ကုသိုလ်စိတ် စေတသိက်စုကို အရကောက်ရ၏။

## သရဏဂုံပျက်ခြင်း

သရဏဂုံနှစ်ပါးတို့တွင် လောကုတ္တရာသရဏဂုံမှာ မည်သည့်အခါမျှ ပျက်သည်ဟူ၍ မရှိပေ။ အကြောင်းမှာ လောကုတ္တရာသရဏဂုံ တည်ပြီးသော အရိယာပုဂ္ဂိုလ်သည် တမလွန်လောက ဟိုဘက်ဘဝ၌သော်လည်း ရတနာသုံးပါးမှတစ်ပါး အခြား တစ်ဦးတစ်ယောက်ကိုမျှ ဆရာဟူ၍ မသတ်မှတ်၊ မညွှန်ပြတော့သောကြောင့် ဖြစ်သည်။

ပုထုဇဉ်သန္တာန်၌ဖြစ်သည့် လောကီသရဏဂုံမှာသာ ပျက်စီးခြင်းရှိသည်။ ထိုပျက်စီးခြင်းမှာ (၁) ရတနာသုံးပါးမှတစ်ပါး အခြား တိတ္ထိဆရာ စသည်တို့အား ရှေ့တွင်ပြခဲ့သည့် နည်းလေးမျိုးတို့တွင်

တစ်မျိုးမျိုးဖြင့် ဆည်းကပ်ကိုးကွယ်ခြင်း၊ (၂) ခန္ဓာပျက်ကြွေ စုတေ ကွယ်လွန်သွားခြင်းဟု နှစ်မျိုးရှိ၏။ ထိုတွင် ဗုဒ္ဓဘာသာမှ အခြား ဘာသာအယူသို့ ပြောင်းသွား၍ ပျက်ခြင်းမှာ တဏှာဒိဋ္ဌိ စသော အကုသိုလ်တရားတို့ ဖြစ်ပွား၍ မကောင်းကျိုးကို ပေးသောကြောင့် အပြစ်ရှိသော ပျက်စီးခြင်းဖြစ်သည်။ စုတေ ကွယ်လွန်၍ ပျက်ခြင်းမှာ ပျက်ရုံသာဖြစ်၍ အကုသိုလ် တစ်စုံတစ်ရာမဖြစ်သောကြောင့် အပြစ် မရှိသော ပျက်စီးခြင်းမျိုး ဖြစ်သည်။

ယနေ့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဆောက်တည်ထားကြသော သရဏဂုံသည် လောကီသရဏဂုံဖြစ်သည်။ ထိုသရဏဂုံသည် သိက္ခာ ပုဒ်ကို ဆောက်တည်သကဲ့သို့ ကာလအပိုင်းအခြားကို မပြုမူ၍ ဆောက် တည်ထားရကား အသက်ပျက်ဆုံးမှ သရဏဂုံ ဆုံးလေ ပျက်လေတော့ ၏။ ထိုပျက်ခြင်းကား တဏှာဒိဋ္ဌိစသော အကုသိုလ်တရားများ မပါရှိ ၍ အပြစ်မရှိသော ပျက်စီးခြင်းသာ ဖြစ်လေသည်။

**ဆောင်ပုဒ်လင်္ကာများ**

(၁) အယူပြောင်းသွား၊ သေလွန်ငြား၊ ပျက်ပြား သရဏဂုံ။

(၂) အယူပြောင်းမှု၊ ပြစ်ရှိသူ၊ သေသူပြစ်ကင်းတုံ။

## သရဏဂုံ၏အကျိုးနှင့်တန်ခိုး

လောကုတ္တရာသရဏဂုံသည် မဂ်စိတ်အခိုက်အတန့်၌ တည်သော ကြောင့် အရိယဖိုလ်လေးပါးတို့သည် (ဝါ) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့ဖြစ်ခြင်းသည် လောကုတ္တရာသရဏဂုံ၏ အကျိုးရင်းများ ဖြစ်ကြ၏။ သံသရာဝဋ္ဋဒုက္ခ၏ ကုန်ခန်းချုပ်ငြိမ်းခြင်း သည် အကျိုးဆက်အကျိုးများဖြစ်၏။ တစ်နည်းအားဖြင့် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရှိကြသော ရုပ်နာမ်ဓမ္မ သင်္ခါရ တို့ကို မည်သည့်အခါ မှာမှ နိစ္စ သုခ အတ္တဟူ၍ မစွဲယူခြင်း စသည်တို့သည် လောကုတ္တရာ

သရဏဂုံ၏ အကျိုးဆက်များ ဖြစ်ကြသည်။

လောကီသရဏဂုံ၏ အကျိုးတရားများကား အချုပ်အားဖြင့် အပါယ်လေးဘုံသို့ မကျရောက်ဘဲ လူ့ဘုံ နတ်ဘုံဟူသော သုဂတိဘုံတို့၌သာ လူနတ်ဖြစ်ရခြင်း (ဘဝသမ္ပတ္တိ)၊ ထိုလူ့ဘဝ နတ်ဘဝ စသည်တို့၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ)တို့ ဖြစ်ကြ၏။

သရဏဂုံတည်သောပုဂ္ဂိုလ်သည် စုတေကွယ်လွန်သည့်အခါ နတ်ပြည်သို့ ရောက်ရ၏။ နတ်ပြည်တွင် အခြားနတ်များထက် ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ အခြံအရံပေါများခြင်း၊ အာဏာတန်ခိုး အစိုးရမှုသာလွန်ခြင်းနှင့် အာရုံငါးပါးတို့၌ သာလွန်ခြင်းဟူသော သာလွန်မှု(၁၀)မျိုးကို ရနိုင်သည်ဟု သိကြားမင်းအား အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် ဟောကြားထားသည်ကို သဋ္ဌာယတနသံယုတ်ပါဠိတော် သက္ကသုတ်၌ တွေ့ရ၏။

ဓမ္မပဒ၊ အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၌လည်း "ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ် သိမှတ်သူအား ဒုက္ခသစ္စာ၊ ဒုက္ခဖြစ်ကြောင်းသမုဒယသစ္စာ၊ ဒုက္ခတို့လွန်မြောက်ရာ နိရောဓသစ္စာနှင့် ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြူစင်၍ အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာဟူသော သစ္စာလေးပါး မြတ်တရားတို့ကို မဂ်ပညာဖြင့် ထိုးထွင်းသိမြင်နိုင်၏။ ဤရတနာသုံးပါးသည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေနိုင်သော ကိုးကွယ်ရာ အစစ်အမှန်ဖြစ်၏။ မြင့်မြတ်သော ကိုးကွယ်ရာလည်း ဖြစ်၏။ ဤကိုးကွယ်မှု သရဏဂုံကို အကြောင်းပြု၍ ဆင်းရဲခပ်သိမ်းတို့မှ လွတ်မြောက်နိုင်၏"ဟု ဟောကြားတော်မူထား၏။

ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်ကွယ်ကာ ကိုးစားရာဟု ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ် သိမှတ်ကြသူတို့ကား စုတိ ပျက်ကြွေ သေလွန်ကြသည့်အခါ အပါယ်လေးဘုံသို့ မလားကြရကုန်ဘဲ ချမ်းသာများရာ နတ်တို့ရွာသို့သာ ရောက်ကြရကုန်၏ဟု သဂါထာဝဂ္ဂသံယုတ်ပါဠိတော် သမယသုတ်၌လည်း လာရှိ၏။

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် ဝေလာမသုတ်၌ ဒါနအရာတွင် အလွန် အကျိုးကြီးမားကြသည့် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလှူခြင်း၊ စာတုဒ္ဒိသ သံဃိကကျောင်းတို့ကို လှူဒါန်းခြင်းတို့ထက် သရဏဂုံဆောက်တည်ခြင်းက ပို၍အကျိုးကြီးကြောင်း မြတ်စွာဘုရား ဟောကြားထား၏။

## သရဏာနိ သာကီဝင်အမျိုးသားဝတ္ထု

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ဘုရားရှင်၏ ဆွေတော်မျိုးတော်ထဲမှ 'သရဏာနိ'မည်သော သာကီဝင်အမျိုးသား တစ်ယောက် ရှိ၏။ ထိုအမျိုးသားသည် သရဏဂုံတည်ခြင်းနှင့် ပတ်သက်၍ ထင်ရှားသူ ဖြစ်သောကြောင့် "သရဏာနိ"သာကီဝင် အမျိုးသားဟုခေါ်ကြခြင်း ဖြစ်သည်။

သူသည် ရတနာသုံးပါးကို ကြာရှည်စွာ ကိုးကွယ်ဆည်းကပ်၍ ရတနာသုံးပါးကို အသက်စွန့်ပြီး ယုံကြည်နိုင်စွမ်းသည့် "အဝေစ္စပသာဒ"ခေါ် သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်၏။ မှန်ပါသည်။ သရဏာနိ ဥပါသကာကို တစ်ယောက်သောသူက "သရဏာနိဥပါသကာ၊ သင်ဟာ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားတော်ကို တရားမဟုတ်ဘူး၊ သံဃာတော်ကို သံဃာမဟုတ်ဘူးလို့ ပြောရင်ပြော၊ မပြောရင် သင့် ဦးခေါင်းကို ဖြတ်ပစ်မယ်"ဟု ဆိုခဲ့လျှင် သရဏာနိဥပါသကာက "ဖြတ်ချင်ရင် ဖြတ်ပါ၊ ငါဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကို သံဃာမဟုတ်ဘူးလို့ မပြောနိုင်ပါ"ဟု ပြန်ပြောနိုင်စွမ်းသူ ဖြစ်၏။

သို့သော် ထိုသရဏာနိဥပါသကာသည် သေရည်သေရက်ကို အလွန်ကြိုက်သူဖြစ်၍ အမြဲတမ်းသောက်၏။ သေခါနီးဆဲဆဲတိုင် အောင်ပင် သေရည်သေရက်ကို သောက်သေး၏။ ထိုသရဏာနိ သေဆုံးသွားသည့်အခါ ဘုရားရှင်က "သရဏာနိဥပါသကာဟာ သော

တာပန်ဖြစ်သွားပြီး နတ်ပြည်ရောက်သွားတယ်”ဟု ဟောကြားတော်မူ၏။ ထိုအခါ ဘုရားရှင်၏ ဆွေတော်မျိုးတော်များထဲမှာ တအံ့တသြ အုတ်အုတ်ကျက်ကျက်ဖြစ်သွားကြကာ “ဒီသေသောက်ကြူးဟာ လူမှန်သူမှန် သိကတည်းက သေတဲ့အထိ အရက်နှင့်ပါးစပ် မပြတ်ခဲ့ဘူး။ သူ သောတာပန်ဖြစ်ပြီး နတ်ပြည်ကိုရောက်တယ်ဆိုတာ တို့တော့ မယုံဘူး၊ ဒီလိုလူမျိုးတောင် သောတာပန်ဖြစ်ရင် သောတာပန် မဖြစ်တဲ့ သူ ဘယ်သူရှိတော့မလဲ”ဟု ဘုရားရှင်ကို ကဲ့ရဲ့ပြစ်တင်ကြ၏။ သူတို့ ဆုံမိကြတိုင်း ထိုအကြောင်းကို ပြောကြပြီး ဘုရားရှင်ကို ကဲ့ရဲ့ပြစ်တင် နေကြသတဲ့။

မဟာနာမ်မင်းကြီးက ထိုသတင်းကို ကြားသိရသည့်အခါ ဘုရားရှင် ထံမှောက်သို့ သွားရောက်ပြီး “မြတ်စွာဘုရား–အရှင်ဘုရားရဲ့ ဆွေတော် မျိုးတော်တွေက အရှင်ဘုရားကို ကဲ့ရဲ့ပြစ်တင်နေကြပါတယ် ဘုရား”ဟု လျှောက်ထားသည်။ ဘုရားရှင်က “ဘာဖြစ်လို့ ကဲ့ရဲ့ ပြစ်တင်နေကြတာလဲ”ဟု မေးတော်မူသည့်အခါ “ဒီသရဏာနိဆိုတဲ့ သေသောက်ကြူးဟာ လူမှန်းသူမှန်းသိချိန်က စပြီး သေခါနီးဆဲဆဲတိုင် အောင် သေရည်သေရက်ကို သောက်လာခဲ့သူဖြစ်တယ်။ သူသေတော့ သောတာပန်ဖြစ်ပြီး နတ်ပြည်ကို ရောက်သွားတယ်ဟု အရှင်ဘုရား ဟောကြားသည်ကို မည်သူမျှ မယုံကြည်ကြပါဘုရား၊ ဒါကြောင့် အရှင်ဘုရားကို ကဲ့ရဲ့ပြစ်တင်ကြခြင်း ဖြစ်ပါတယ်ဘုရား”ဟု လျှောက် ထား၏။

ထိုအခါ မြတ်စွာဘုရားက “ဟုတ်ပါတယ်၊ သူဟာ သေခါနီးမှာ သောတာပန် ဖြစ်သွားတယ်။ သေတော့ နတ်ပြည်ကိုရောက်သွားတယ်။ သေရည် သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ရဲ့ ကုသိုလ်ကံတွေ ကို မလွှမ်းမိုး မတားမြစ်နိုင်ပါဘူး။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်ကျေးဇူးတော်များက အတိုင်းမသိ ကြီး ကျယ် မြင့်မြတ်တာကတစ်ကြောင်း၊ သူကလဲပဲ ရတနာသုံးပါးကို

အသက်စွန့်ပြီး ယုံကြည်ခြင်းငှာ စွမ်းနိုင်တဲ့ အဝေစ္စပသာဒ သဒ္ဓါ တရားရှိတဲ့ သောတာပန်ဖြစ်တာကတစ်ကြောင်း၊ အဲဒီအကြောင်းများ ကြောင့် သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ရဲ့ကုသိုလ် ကံတွေကို မတားမြစ်နိုင်ဘူး"ဟု မိန့်ကြားတော်မူသည်။

ထို့နောက် ဆက်လက်၍ "မဟာနာမ်... တစ်စုံတစ်ယောက်သော သူဟာ ရတနာသုံးပါးကို ကြာမြင့်စွာသော ကာလပတ်လုံး ကိုးကွယ် ဆည်းကပ်သူ သရဏဂုံတည်သူ ဥပါသကာဖြစ်တယ်။ ထိုဥပါသကာ သေဆုံးခဲ့သော် အပါယ်သို့ မကျရောက်နိုင်ဟု ပြောလျှင် အမှန်အတိုင်း ပြောရာရောက်တယ်။ ထို့အတူ သာကီဝင်မျိုးဖြစ်တဲ့ သရဏာနိအမျိုး သားလည်း ရတနာသုံးပါးကို ကြာမြင့်စွာသောကာလပတ်လုံး ဆည်း ကပ်ကိုးကွယ်သူ သရဏဂုံတည်သူ ဥပါသကာဖြစ်လို့ သူဟာ ဘယ် နည်းနှင့်မျှ အပါယ်သို့ မကျရောက်နိုင်ဘူးဟု ပြောလျှင် အမှန်အတိုင်း ပြောရာရောက်ပါတယ်"ဟု မိန့်ကြားတော်မူပြီး ရဟန္တာ အနာဂါမ် သကဒါဂါမ် သောတာပန် စသော ပုဂ္ဂိုလ်တို့၏ ဂုဏ်ရည်များကို ဆက်လက်ဟောကြားတော်မူပါသည်။

နောက်ဆုံးတွင် "မဟာနာမ်... ဤလောကမှာ အချို့သောပုဂ္ဂိုလ် ဟာ ရတနာသုံးပါးအပေါ်မှာ လွန်စွာသက်ဝင်ယုံကြည်မှု အဝေစ္စ ပသာဒခေါ်တဲ့ သဒ္ဓါတရားမျိုးလည်းမရှိ၊ ဟာသပညာ၊ ဇဝနပညာ၊ အရဟတ္တဖိုလ် ဝိမုတ္တိဉာဏ်လည်း မရှိဘူး။ ဒါပေမဲ့ သူ့မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဣန္ဒြေငါးပါးတော့ ရှိတယ်။ ဘုရားရှင်အပေါ်မှာ သဒ္ဓါကြည်ညိုရုံမျှကလေးပဲ ရှိပါတယ်။

"မဟာနာမ်–အဲဒီလိုပုဂ္ဂိုလ်မျိုးပင် အပါယ်ဘုံများသို့ မကျရောက် နိုင်ပါဘူး။ ရတနာသုံးပါး၌ လွန်စွာသက်ဝင်ယုံကြည်မှု အဝေစ္စပသာဒ ခေါ် သဒ္ဓါမျိုးရှိတဲ့ သရဏာနိသာကီဝင်အမျိုးသား ဥပါသကာအဖို့မှာ အဘယ်သို့ ဆိုဖွယ်ရာရှိအံ့နည်း။ သရဏာနိ ဥပါသကာဟာ သေခါနီး အချိန်မှာ အကျင့်သိက္ခာနှင့် ပြည့်စုံသူဖြစ်သွားပါတယ်"ဟု ဟောကြား

တော်မူသည်ကို မဟာဝဂ္ဂသံယုတ် ပါဠိတော် ပထမသရဏာနိသက္က သုတ် (ပါဠိအဋ္ဌကထာ)တို့၌ လေ့လာတွေ့ရှိရပေသည်။

## ဒမိဠလူမျိုး တံခါးမှူးဝတ္ထု

ရှေးအခါက ဒမိဠတိုင်း၊ မခုရအင်္ဂဏခေါ်သောရွာ၌ ဒမိဠလူမျိုး တံခါးမှူး (ဒမိဠဒေါဝါရိက)တစ်ဦး ရှိသတဲ့။ သူသည် လောကသဘာဝ အတိုင်း အနှစ်ငါးဆယ်ပတ်လုံး တံငါအလုပ်နှင့်ပဲ အသက်မွေးဝမ်း ကျောင်း ပြုလုပ်ခဲ့ရသည်။ တစ်နေ့တွင် သူသည် ရောဂါဝေဒနာ စွဲကပ်လာသည့်အတွက် အိပ်ရာထဲမှ မထနိုင်ရှာတော့သဖြင့် အိပ်ရာ ထဲ၌ပင် လဲလျောင်းနေရရှာ၏။ သူ့ဇနီးသည်ကပင် ခြေဆုပ်လက်နယ် ပြုလုပ်နေရ၏။ ထိုစဉ်အခါ သူတို့အိမ်ဘက်သို့ အလှူခံရဟန်းတော် တစ်ပါး ကြွလာတော်မူလာရာ ဇနီးသည်က "အရှင်...ဟိုမှာ ရဟန်း တော်တစ်ပါး ကြွတော်မူလာနေတယ်"ဟု ပြောလိုက်သတဲ့။ ထိုရဟန်း ကား စူဠပိဏ္ဍပါတိကတိဿမထေရ် ဖြစ်သည်။

လူနာက "ရှင်မ...အနှစ်ငါးဆယ်ရှိပြီ၊ ငါဟာ ဒီရဟန်းတော်ထံ မှောက်သို့ တစ်ခေါက်မျှ မရောက်ဖူးဘူး။ ဘယ်လိုကျေးဇူးတရား ကြောင့် အရှင်ဘုရား ကြွလာပါသလဲ"ဟု ရဟန်းတော်ကို ပြောပါဟု ခိုင်းလိုက်၏။ သို့သော် သူ့ဇနီးသည်က သူပြောခိုင်းသလို အရှည် အဝေး ပြောမနေတော့ဘဲ ကန်တော့ဆွမ်းပါဘုရားဟု ရဟန်းတော်ကို လျှောက်လိုက်၏။ ထိုအခါ ရဟန်းတော်က "ဒါယကာ ဘယ့်နယ် နေတုံ"ဟု မေးလိုက်၏။

"ဒါယကာကတော့ အလွန်အားနည်းနေပါတယ်ဘုရား၊ ဒီဝေဒနာ က ထမြောက်မှာတော့ မဟုတ်ပါဘူး"ဟု ပြန်လျှောက်သည့်အခါ ရဟန်းတော်လည်း ဒါယကာ၏အနားသို့ ကြွသွားပြီး အင်းပျဉ်ပေါ်မှာ ထိုင်ကာ "ဒကာကြီး၊ သီလများ မဆောက်တည်ချင်ဘူးလား"ဟု မေးလိုက်၏။ ဒါယကာက "ဆောက်တည်ပါ့မယ်ဘုရား"ဟု ပြန်

လျှောက်သည့်အခါ ရဟန်းတော်က သရဏဂုံနှင့်တကွ ငါးပါးသီလကို ပေးတော်မူသည်။

သို့သော် ငါးပါးသီလခံယူရသည့်အထိ မရောက်ရှာဘဲ သရဏဂုံ ဆောက်တည်ပြီးသည်နှင့်တစ်ပြိုင်နက် ဒါယကာသည် စတုမဟာရာဇ် နတ်ပြည်မှာ နတ်သား သွားဖြစ်ရာ "ငါ ဘာကြောင့် ဒီနတ်ပြည်ကို ရောက်လာရပါသလဲ"ဟု ရောက်ရောက်ချင်း ဆင်ခြင်ကြည့်သည့်အခါ ရဟန်းတော်ထံမှ ခံယူဆောက်တည်ခဲ့ရသည့် သရဏဂုံ၏ အကျိုးဖြစ်သည်ဟု သိမြင်သွား၏။

ထိုအခါ "သြော်...ဒီရဟန်းတော်ရဲ့ ကျေးဇူးတရားဟာ တယ်ကြီးမားပါကလား၊ ငါဟာ သရဏဂုံကို ဆောက်တည်ရုံမျှနှင့်ပဲ ဒီနတ်ပြည်ကို ရောက်လာရတယ်။ လူ့ပြည်ဆင်းပြီး ရဟန်းတော်ကို ဖူးမြော်ကန်တော့ဦးမယ်"ဟု ကြံစည်ပြီး လူ့ပြည်သို့ ဆင်းသက်ကာ ရဟန်းတော်ကို ရှိခိုးကန်တော့သတဲ့။ ရဟန်းတော်က "သင် ဘယ်သူတုံး"ဟု မေးသည့်အခါ "တပည့်တော်ဟာ အရှင်ဘုရား သရဏဂုံချီးမြှင့်ပေးလိုက်တဲ့ ဒမိဠလူမျိုး တံခါးမှူးပါဘုရား"ဟု ပြန်လျှောက်လိုက်၏။ "သင် အခု ဘယ်ရောက်နေတုံး"ဟု မေးသည့်အခါ "တပည့်တော် အခု စတုမဟာရာဇ်နတ်ဘုံကို ရောက်နေပါတယ်ဘုရား၊ ယခုလို ရောက်ရခြင်းဟာ အရှင်ဘုရား ပေးတော်မူတဲ့ သရဏဂုံမျှကို ခံယူဆောက်တည်မိလို့ပဲ၊ အကယ်၍ အရှင်ဘုရား ဆက်လက်ပေးတော်မူတဲ့ ငါးပါးသီလအထိသာ ခံယူဆောက်တည်ခွင့်သာ ရခဲ့ပါရင် အထက်နတ်ဘုံများကိုပင် ရောက်နိုင်ပါတယ်ဘုရား။ အရှင်ဘုရားရဲ့ ဂုဏ်ကျေးဇူးဟာ တပည့်တော်အပေါ်မှာ အလွန်များလှပါတယ်ဘုရား"ဟု လျှောက်ထားသတဲ့။ "ချစ်သား-ငါက ဘာတတ်နိုင်မှာတုံး၊ သင်ကမှ သီလမယူနိုင်ဘဲကိုး"ဟု မထေရ်က မိန့်ကြားသည့်အခါ နတ်သားသည် မထေရ်ကို ရှိခိုးကာ နတ်ပြည်သို့ ပြန်သွားသည်။

ဤကဲ့သို့ သရဏဂုံသည် အနှစ်ငါးဆယ်ပတ်လုံး တံငါလုပ်စာ

လာခဲ့သည့် အကုသိုလ်ကံ များပြားလှသူများအတွက်ပင် အထူးအားကိုး စရာ အထူးမှီခိုစရာ ဖြစ်ခဲ့ပေသည်။ ကမ္မနိယာမအတိုင်း ဆိုရလျှင် အစဉ်အမြဲ ပြုလုပ်ခဲ့သည့် အကုသိုလ်အာစိဏ္ဏကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ သေခါနီးတွင် ဆောက်တည်လိုက်ရသည့် သရဏဂုံအာ သန္နကံ ကုသိုလ်ကံက ဝင်ရောက် အကျိုးပေးခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် သေခါနီးအချိန်သည် မည်သို့ အကျိုးကြီးကြောင်းတို့ကို ထိုဝတ္ထုအရ မှတ်သားသတိထားသင့်ကြပေသည်။ ထိုဝတ္ထုကို တိက အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒေဝဒူတဝဂ်၊ နိဒါနသုတ်အဖွင့်၌ မိန့်ဆိုထားပေ သည်။ (ထိုသူ၏နာမည်မှာ ပါဠိလို "ဒမိဠဒေါဝါရိက"ဖြစ်၏။ ဒမိဠ လူမျိုး (ဝါ) တမယ်လ်လူမျိုး တံခါးမှူးဟု အဓိပ္ပာယ်ရ၏။)

**သရဏဂမနိယမထေရ်ဝတ္ထု**

အနောမဒဿီဘုရားရှင် လက်ထက်တော်က မျက်မမြင် ကျေးဇူး ရှင် မိဘနှစ်ပါးတို့ကို လုပ်ကျွေးပြုစုနေသော လူငယ်တစ်ယောက်သည်။ ဘုရားရှင်၏ လက်ျာတော်ရံ အဂ္ဂသာဝကကြီးဖြစ်တော်မူသည့် အရှင် နိသဘမထေရ်မြတ်ထံ သရဏဂုံ ခံယူဆောက်တည်ခဲ့သည်။ သက်တမ်း တစ်သိန်းကာလပတ်လုံး သရဏဂုံကို လုံခြုံစွာ စောင့်ထိန်းခဲ့သည်။

ထိုသူငယ် စုတေကွယ်လွန်သည့်အခါ သရဏဂုံဆောက်တည်ထား သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားသွားဖြစ်၏။ ထိုနတ်သားဘဝမှ စ၍ အပါယ်လေးပါးသို့ မလားရောက်ရဘဲ နတ်မင်း စည်းစိမ် လူမင်းစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားစံစား၍ ဂေါတမဘုရား ဘုရားရှင် ပွင့်တော်မူလာသောအခါ သာဝတ္ထိမြို့တွင် ဥစ္စာကြွယ်ဖြိုး သူဌေးမျိုး၌ လာဖြစ်သည်။

ထိုသူငယ်သည် ကစားဖော်သူငယ်ချင်းအပေါင်းတို့၏ ရှေ့သွား ခေါင်းဆောင်ဖြစ်၏။ တစ်ချိန်တွင် သူငယ်ချင်းတို့နှင့်အတူ ပျော်ပါး ကစားရင်း ရဟန်းတော်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်သို့

ရောက်သွား၏။ ထိုကျောင်းတိုက်တွင် ရဟန္တာအရှင်မြတ်တစ်ပါးကို ဝင်ရောက်ဖူးမြော်ကြရာ မထေရ်မြတ်က သရဏဂုံပေး၍ သရဏဂုံကို အစဉ်အောက်မေ့ဆင်ခြင်ရာ ခုနစ်နှစ်အရွယ်မှာပင် တစ်ထိုင်တည်း၌ ရဟန္တာဖြစ်သွားခဲ့သည်။ ထိုစဉ်က သူသည် သာသနာတော်တွင် သရဏ ဂမနီယမထေရ်ဟု ထင်ရှားခဲ့ကြောင်း ထေရအပဒါန် ပါဠိတော်၌ လာရှိပေသည်။

## ပစ္စုပ္ပန်ဝတ္ထုအချို့

သရဏဃုံအကျိုး၊ သရဏဂုံတန်ခိုးနှင့် ပတ်သက်၍ ပိဋကစာပေ ကျမ်းဂန်လာ အတိတ်ဝတ္ထုအချို့ကို တင်ပြပြီးနောက် ယခုမျက်မှောက် ခေတ်၌ တွေ့ကြုံခဲ့ရသည့် သရဏဂုံအကျိုးပြ ဝတ္ထုဇာတ်လမ်းအချို့ကို ဆက်လက်တင်ပြပါဦးမည်။ တစ်ချိန်က အောင်လံမြို့မှ မောင်တင်ဝင်း မောင် ဆိုသူသည် မတ္တရာမြို့နယ်၊ သရက်ကန်တောင်ရွာသို့ ကျေးဇူး ရှင် မိဘနှစ်ပါးအား ကန်တော့ရင်း အလည်သွားခဲ့သည်။

ရွာရောက်သည့်အခါ ခင်မင်ရင်းနှီးသော မိတ်ဆွေများအိမ်သို့ အလည်အပတ်သွားခဲ့ရာ အရင်းနှီးဆုံးမိတ်ဆွေကြီးဖြစ်သော ကံပိုင်ရွာမှ ရွှေပန်းထိမ်ဆရာ ဦးချစ်မြိုင် ဒေါ်လှကြင်တို့အိမ်လည်း ပါဝင်၏။ ထိုအိမ်တွင် စပ်မိစပ်ရာ စကားပြောကြရင်းက "သရဏဂုံတန်ခိုးကြောင့် သေဘေးမှ ကင်းလွတ်ခဲ့ရပုံ" ကိုယ်တွေ့ဖြစ်ရပ်ကို ဒေါ်လှကြင်က စီကာပတ်ကုံး ဤသို့ပြောပြပါသည်။

တစ်နေ့တွင် မလှကြင်သည် မန္တလေးသို့ စက်ဘီးဖြင့်သွား၏။ ကံပိုင်ရွာသည် မန္တလေးနှင့် ငါးမိုင်ခန့်ကွာဝေး၏။ မန္တလေးမှအပြန်တွင် ဝယ်လာသည့် ပစ္စည်းများက စက်ဘီးနှင့်အပြည့်ပင်။ စက်ဘီးရှေ့ခြင်း ထဲတွင် ဘုရားကန်တော့ပွဲအတွက် အုန်းသီး၊ ငှက်ပျောသီးနှင့် ဘုရား ပန်းများ၊ အခြား တောက်တိုမယ်ရ ပစ္စည်းများကိုလည်း အိတ်တစ်ခု တွင်ထည့်ပြီး စက်ဘီးနောက်မှ ကယ်ရီယာတွင် ညှပ်လာခဲ့သည်။

ပစ္စည်းက များနေသဖြင့် မလှကြင်သည် စက်ဘီးကို ဂရုတစိုက်နင်းရ၏။ ရှေ့ခြင်းထဲမှ ပစ္စည်းများ၏ အလေးချိန်ကြောင့် စက်ဘီးလက်ကိုင်ကို အထူးဂရုစိုက်ထိန်းကာ နင်းရ၏။

မလှကြင်မှာ အလေ့အကျင့်ကောင်းတစ်ခုရှိ၏။ ခရီးသွားသည့်အခါတိုင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" စသည့် သရဏဂုံသုံးပါးကို စိတ်ဖြင့် အမြဲမပြတ်ရွတ်ဆို ဆင်ခြင်သွားလေ့ရှိ၏။ ယခုလည်း သရဏဂုံသုံးပါးကို စိတ်ဖြင့်ရွတ်ဆိုဆင်ခြင်ရင်း စက်ဘီးကို နင်းလာခဲ့ရာ မန္တလေးမြို့၊ ဆင်ခြေဖုံးရပ်ဖြစ်သော အိုးဘိုရပ်ကွက် တံတားအနီးသို့ ရောက်လာခဲ့သည်။ ဤတွင် မိမိရှေ့ကလူတစ်စုကို ဖြတ်ကျော်တက်ရန် စက်ဘီးကို ပတ်ကွေ့လိုက်ရာ ကျောက်ခဲတစ်လုံးကို နင်းမိပြီး စက်ဘီးရောလူပါ ပစ်လဲသွားတော့၏။

ထိုအချိန်တွင် တံတားပေါ်မှဆင်းလာသော လူအပြည့်နှင့် မြင်းလှည်းတစ်စီးက မလှကြင် လဲကျနေသောနေရာသို့ ချိန်ကိုက်ရောက်လာ၏။ မလှကြင်သည် သရဏဂုံသုံးပါးကို နှလုံးသွင်းကာ မျက်စိကိုမှိတ်ထားလိုက်သည်။ အမလေး သေပါပြီဟု မြင်းလှည်းပေါ်မှ မိန်းမတစ်စု၏ စိုးရိမ်တကြီး အော်လိုက်သံကို မလှကြင် ကြားလိုက်ရသည်။

မျက်စိကို ဖွင့်ကြည့်လိုက်တော့ မြင်းကြီးမှာ ပတတ်ရပ်လျက်ရှိပြီး မြင်း၏ ရှေ့ခွာနှစ်လုံးက သူမ၏မျက်နှာပေါ်တည့်တည့်တွင် အုပ်မိုးနေသည်ကို တွေ့ရ၏။ ထိုအခါမှ ကမန်းကတန်း အားယူ၍ ထလိုက်၏။ သူမ ထလိုက်တော့မှ မြင်း၏ရှေ့ခွာနှစ်လုံးသည် လမ်းပေါ်သို့ ကျလာတော့သည်။ မလှကြင်သည် သူ့အကြောင်းကို ဤသို့ပြောပြပြီး "အဲဒီတုန်းက ကျွန်မကို မြင်းလှည်း ဖြတ်နင်းသွားပြီလို့ တွက်လိုက်တာပါပဲ။ နင်းသွားရင် မသေတောင်မှ အနည်းဆုံးတော့ ဆေးရုံတော့ရောက်မှာပဲ။ မြင်းလှည်းပေါ်မှာ လူတွေကလည်း အပြည့်ဆိုတော့ ဗိုက်တို့၊ လည်မျိုတို့ကို ဖြတ်နင်းသွားရင် ချက်ချင်းသေသွားနိုင်ပါတယ်။ အခုလို ဘာမှ

မဖြစ်ဘဲ အန္တရာယ်မှ လွတ်မြောက်ခဲ့တာဟာ သရဏဂုံတည်ခြင်းရဲ့ အကျိုးကျေးဇူးလို့ ကျွန်မ အကြွင်းမဲ့ယုံကြည်ပါတယ်။ ယခုလည်း သရဏဂုံကို ကိုယ်လုံခြုံအောင် အမြဲမပြတ် စိတ်နဲ့ နှလုံးသွင်း ဆင်ခြင်နေပါတယ်”ဟု သူမအကြောင်းကို နိဂုံးချုပ်လိုက်ပါတော့သည်။

## မိုးကြိုးပစ်၍ မသေခဲ့သူ

စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်၊ မဲဇာဒေသရှိ ကျေးရွာတစ်ရွာအနီး ရွှေဘို–မြစ်ကြီးနား ကားလမ်းနံဘေးရှိ နွားစားကျက်တွင် မောင်ခင်မြင့်နှင့် မောင်လှဖေ သူငယ်ချင်းနှစ်ယောက်တို့ နွားကျောင်းနေကြသည်။ ညနေလေးနာရီသာသာလောက်တွင် အနောက်တောင်ထောင့်ဆီမှ မိုးတိမ်များ ညိုမည်းတက်လာပြီး မကြာမီမှာပင် လေပြင်းနှင့်အတူ မိုးကြီး ရွာချလိုက်၏။ သူငယ်ချင်းနှစ်ယောက်တို့မှာ မိုးဒဏ် လေဒဏ်ကို ကာကွယ်ရန် အနီးရှိ ဘန့်ဗွေးပင်ရင်းသို့ ပြေးကပ်နေကြရ၏။ ဘန့်ဗွေးပင်မှာ မကြီးလှပါ။ လူ၏ ပေါင်လုံးမျှသာ ရှိပါသည်။

မိုးသည် လေပြင်းနှင့်အတူ သည်းထန်စွာရွာလျက် လျှပ်စီးများ တဝင်းဝင်းလက်ကာ မိုးကြိုးများ ပစ်နေပါတော့သည်။ လွန်ခဲ့သည့် ၃–၄ နှစ်က ထိုနေရာ အနီးတစ်ဝိုက်တွင် မိုးကြိုးပစ်၍ လူတစ်ယောက် သေဆုံးခဲ့ဖူးလေသောကြောင့် မောင်ခင်မြင့်မှာ စိတ်အားငယ်ကာ စိုးရိမ်စိတ်များ ဝင်လာခဲ့သည်။ ထို့ကြောင့် အားကိုးအားထားအဖြစ်ဖြင့် မောင်ခင်မြင့်သည် သရဏဂုံသုံးပါးကို အကြိမ်ကြိမ် ရွတ်ဆိုနေပါသည်။ သူငယ်ချင်းလှဖေက “ယောကျာ်းပဲကွာ၊ မကြောက်စမ်းပါနဲ့၊ ဘုရားလည်း မိုးကြိုးကို မကာကွယ်နိုင်ပါဘူး”ဟု ပြောသည်။

မကြာလိုက်ပါ။ သူတို့သူငယ်ချင်းအနီးသို့ မိုးကြိုးပစ်လိုက်သည်။ မောင်ခင်မြင့်မှာ မြေပြင်သို့ လဲကျသွားပြီး ခေတ္တသတိမေ့သွား၏။ သတိရ၍ ကြည့်လိုက်သည့်အခါ သူငယ်ချင်းလှဖေလည်း မြေပြင်တွင် မလှုပ်မယှက် သတိမေ့နေသည်။ မောင်ခင်မြင့်မှာ စိုးရိမ်စိတ်ဝင်လာကာ

လှဖေထံ တရွေ့ရွေ့သွားရသည်။ သူ့ကိုယ်အောက်ပိုင်းမှာ ကိုက်ခဲနာကျင်ပြီး ခြေများ လှုပ်မရသဖြင့် လက်များကိုသာ အားပြုကာ ရွေ့လျားနေရ၏။ လှဖေထံ ရောက်သည့်အခါ သူ့ခန္ဓာကိုယ်ကို လှုပ်ခါကြည့်၏။ တုပ်တုပ်မျှပင် မလှုပ်တော့၍ မောင်ခင်မြင့်မှာ စိုးရိမ်စိတ်လွန်ကဲကာ ခေါင်းနားပန်းကြီးသွား၏။

ရွာမှလူများ သတင်းကြား၍ လိုက်လာကြည့်သည့်အခါ သူငယ်ချင်း လှဖေမှာ မိုးကြိုးဒဏ်ကြောင့် သေပွဲဝင်ခဲ့ကြောင်း သိရ၍ မောင်ခင်မြင့်မှာ ငိုယိုကာ သူ့မိခင်ကြီး လာကြိုသည့်လှည်းဖြင့် ရွာသို့ပြန်ရောက်ခဲ့သည်။ အိမ်သို့ရောက်သည့်အခါ အပူလှိုင်းဒဏ်ကြောင့် ခံစားရသည့်ဝေဒနာများ ပျောက်ကင်းသွားတော့၏။ ဤအဖြစ်အပျက်ကို မောင်ခင်မြင့်ဘဝတစ်သက်တာတွင် မေ့ပျောက်၍မရသောအဖြစ်အပျက်ဖြစ်ခဲ့သည်။

မောင်ခင်မြင့်အဖို့ "ဤသို့ သေကံမရောက်၊ သက်မပျောက်ခြင်းသည် ဒုက္ခရောက်နေစဉ် ရတနာသုံးပါးအား ပြေး၍သတိရပြီး ယုံယုံကြည်ကြည် ရွတ်ဆိုမိခဲ့သည့် သရဏဂုံသုံးပါး၏ ဂုဏ်ကျေးဇူး အာနုဘော်ကြောင့်သာဖြစ်သည်"ဟု စွဲမြဲစွာ ယုံကြည်သွားပါတော့သည်။ ယုံကြည်သည့်အတိုင်း သရဏဂုံသုံးပါးကို ထာဝစဉ်ရွတ်ဆိုရန် အဓိဋ္ဌာန်ပြုလိုက်သည်ဟု သိရှိရပေသည်။

## အပါယ်ကင်းစင် ဗုဒ္ဓဘာသာဝင် 'ဥပါသကာ'

## ဥပါသကာကောင်းတစ်ယောက်

သရဏဂုံခံယူဆောက်တည်သူကို ရတနာသုံးပါးကို ယုံယုံကြည်ကြည် ဆည်းကပ်ကိုးကွယ်သူဖြစ်၍ ပါဠိကို "ဥပါသကာ"မြန်မာလို "ဗုဒ္ဓဘာသာဝင်"ဟု ခေါ်သည်။ ထိုဥပါသကာအမည်ရကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဥပါသကာကောင်းတစ်ယောက် ဖြစ်နိုင်ရန်အတွက် ဥပါသကာတို့ ပြုကျင့်ကြရမည့် ကျင့်ဝတ်တို့ကို ဘုရားရှင် လမ်းညွှန်ထားသည့်အတိုင်း လိုက်နာပြုကျင့်ရ၏။ ထိုကျင့်ဝတ်

တို့မှာ (၁) ကိုယ်ကျင့်သီလနှင့် ပြည့်စုံရသည်။ (၂) အသက်မွေးဝမ်းကျောင်းမှု စင်ကြယ်ရသည်။

(၁) ကိုယ်ကျင့်သီလနှင့် ပြည့်စုံရန် လူတို့ သီလဖြစ်သည့် ငါးပါးသီလကို စောင့်ထိန်းရသည်။ စောင့်ထိန်းရာတွင် ပေါ့ပေါ့ဆဆ မဟုတ်ဘဲ ခါးဝတ်ပမာ မြဲမြဲလုံခြုံအောင် စင်ကြယ်စွာ စောင့်ထိန်းရသည်။ ခါး၌ ဝတ်ထားသည့်အဝတ်သည် အထက်ကဖြစ်စေ၊ အောက်ကဖြစ်စေ စုတ်ပြတ်နေလျှင် ကြည့်မကောင်းသကဲ့သို့ ငါးပါးသီလမှာလည်း အစသိက္ခာပုဒ်သီလဖြစ်စေ၊ အဆုံးသိက္ခာပုဒ်သီလဖြစ်စေ သိက္ခာပုဒ် ပျက်နေလျှင် မကောင်းချေ။ သီလကျိုးသည် မည်၏။ ခါးဝတ်မှာ အလယ်က ပေါက်နေသော်လည်းကောင်း၊ အစွန်းအစက် အကွက် ထင်နေသော်လည်းကောင်း မသင့်မလျော်၊ အမြင်မတော်သကဲ့သို့ ငါးပါးသီလမှာလည်း အလယ်သိက္ခာပုဒ် သီလပျက်လျှင် မကောင်းပါ။ သီလပေါက်သည် မည်၏။ ဥပါသကာ ဥပါသိကာတို့သည် ငါးပါးသီလကို မကျိုးမပေါက်ရအောင် စောင့်ရှောက်ထိန်းသိမ်းရ၏။ ငါးပါးသီလကား ဥပါသကာ၊ ဥပါသိကာတို့ မလွဲမသွေ အမြဲတစေ စောင့်ထိန်းရသည့် ကိုယ်ကျင့်သီလဖြစ်၏။

(၂) ဥပါသကာတို့သည် အသက်မွေးဝမ်းကျောင်းအလုပ်များကို ပြုလုပ်ကြရာတွင် သန့်ရှင်းစင်ကြယ်ဖို့လည်း လိုကြသေး၏။ အသက်မွေးဝမ်းကျောင်း မစင်ကြယ်ပါလျှင် ငါးပါးသီလကို ပျက်ပြယ်စေရာရောက်၏။ အသက်မွေးဝမ်းကျောင်းအတွက် ဥပါသကာတို့ မလုပ်အပ်သည့် ရောင်းဝယ်မှု ငါးမျိုးကို ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်၊ ဝဏိဇ္ဇာသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူထား၏။ ထိုငါးမျိုးမှာ–

(၁) သတ္တဝဏိဇ္ဇ – လက်နက်ရောင်းဝယ်ခြင်း (ဓား၊ လှံ၊ သေနတ်၊ ဗုံး စသော လက်နက်တို့ကို လုပ်၍ ရောင်းခြင်း၊ တစ်ဆင့်ဝယ်၍ ရောင်းခြင်းတို့ ဖြစ်၏။ မိမိရောင်းသောလက်နက်

ဖြင့် သူတစ်ပါးကို သတ်လျှင် ရောင်းသူမှာလည်း အပြစ်ဖြစ်သည်)။

(၂) သတ္တဝဏိဇ္ဇ – လူသတ္တဝါကို ရောင်းဝယ်ခြင်း (ပြည့်တန်ဆာ လုပ်ဖို့ရန်ဖြစ်စေ၊ အစေအပါး ကျွန်လုပ်ဖို့ရန်ဖြစ်စေ လူသတ္တဝါကို အရောင်းအဝယ်လုပ်ခြင်းဖြစ်၏။ အရောင်းခံရသူ၏ ဒုက္ခရောက်မှု၌ ရောင်းသူမှာ အပြစ်ဖြစ်၏)။

(၃) မံသဝဏိဇ္ဇ – အသားကို ရောင်းဝယ်ခြင်း (သတ်ပြီး အသားစားဖို့ရန် ကျွဲ၊ နွား၊ ကြက်၊ ဘဲ၊ ဝက်၊ ငှက် စသည်တို့ကို အရောင်းအဝယ်လုပ်ခြင်းဖြစ်၏။ ဝယ်သွားသူက သတ်ပြီး ရောင်းရာ၌ မူလရောင်းသူမှာ အပြစ်ရှိ၏။ အခြားသတ်ပြီး အသားကို ဝယ်၍ရောင်းသည့် အသားသည်မှာမူ အပြစ်မရှိပါ)။

(၄) မဇ္ဇဝဏိဇ္ဇ – မူးယစ်စေတတ်သည့် သေရည်သေရက်၊ ဘိန်းဖြူ၊ ဘိန်းမဲ စသည်တို့ကို ရောင်းဝယ်ခြင်း (ကိုယ်တိုင်လုပ်၍ ရောင်းခြင်း၊ တစ်ဆင့်ဝယ်၍ ရောင်းခြင်း အားလုံးပါဝင်၏။)

(၅) ဝိသဝဏိဇ္ဇ – သေစေတတ်သော အဆိပ်ကို ရောင်းဝယ်ခြင်း (အဆိပ်ပင်ဖြစ်သော်လည်း ဆေးဖော်ရန်ရောင်းခြင်းကို မဆိုလို၊ ထိုအဆိပ်ဖြင့် သေအောင် ရည်ရွယ်၍ ရောင်းခြင်းကိုသာ တားမြစ်သည်)

တို့ဖြစ်ပါသည်။

အချုပ်မှာ မိမိအလုပ်ကြောင့် လူအများ၌ အကုသိုလ်တိုးပွားဖွယ်ရှိလျှင်လည်းကောင်း၊ ကိုယ်စိတ်ဆင်းရဲစရာ ဖြစ်လျှင်လည်းကောင်း

ဥပါသကာ ဥပါသိကာတို့သည် ထိုပစ္စည်းကို အရောင်းအဝယ်၊ အလဲ အလှယ်မပြုလုပ်သင့်ဟု ဆိုလိုပေသည်။

## ရတနာကဲ့သို့ တန်ဖိုးရှိသော ဥပါသကာ

သရဏဂုံကို ဆောက်တည်၍ ရတနာသုံးပါးကို ဆည်းကပ်ကိုး ကွယ်သော ဥပါသကာယောကျ်ား၊ ဥပါသိကာ မိန်းမများသည် ဥပါ သကာတို့၏ သီလဖြစ်သည့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း ပြီး အသက်မွေးဝမ်းကျောင်း စင်ကြယ်မှုရှိလျှင် ဥပါသကာကောင်း၊ ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်တော့၏။

ထို့ပြင် ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည်

၁။ ရတနာသုံးပါး၊ ကံ,ကံ၏အကျိုးတရားတို့၌ ယုံကြည်မှုသဒ္ဓါ ရှိခြင်း၊

၂။ ကိုယ်ကျင့်သီလရှိခြင်း၊

၃။ ပညာမဲ့သူ လူမိုက်တို့ ကြံဆအပ်သည့် "ချမ်းသာ၊ ဆင်းရဲမှု သည် ကံကြောင့်ဖြစ်သည်မဟုတ်၊ အာရုံငါးပါးကို ဤသို့ မြင်,ကြား,တွေ့ထိလျှင် ဤမည်သော မင်္ဂလာဖြစ်သည်" ဟူသော ကောတုဟလမင်္ဂလာကို မယုံကြည် မလိုက်စားခြင်း၊

၄။ ကောတုဟလမင်္ဂလာခေါ် လောကီမင်္ဂလာတို့ကို မယုံကြည်ဘဲ ကံကိုသာ ယုံခြင်း၊

၅။ ကုသိုလ်ကောင်းမှု ပြုလုပ်လျှင် သာသနာပြင်ပတိတ္ထိတို့၌ မြတ်သော အလှူခံပုဂ္ဂိုလ်ကို မရှာဘဲ ဤသာသနာတော်၌သာ ရှေးဦးစွာ ဦးစားပေးပြုလုပ်ပြီးမှ တိတ္ထိတို့၏ထံ၌ ပြုလုပ်ခြင်း

ဟူသော တရားငါးမျိုးတို့နှင့် ပြည့်စုံလျှင် ထိုဥပါသကာ၊ ဥပါ သိကာတို့ကို ပရိသတ်လေးပါးနှင့် နတ်အများတို့ ကြည်ညိုနှစ်သက် ခံရသည့်အတွက် ဥပါသကာရတနာ၊ ရန့်မွှေးကြိုင်သော ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတို့ကဲ့သို့ ဂုဏ်သတင်းလှိုင်သော ဥပါသကပဒုမ၊ ဥပါ

သကပုဏ္ဍရိကတို့ဟူ၍ ခေါ်ရသည်။

## ယုတ်ညံ့သော ဥပါသကာ

ဥပါသကာယောကျ်ား၊ ဥပါသကာမိန်းမများသည် ဥပါသကာတို့၏ သီလဖြစ်သည့် ငါးပါးသီလကို လုံခြုံအောင်လည်း မစောင့်ထိန်း၊ အသက်မွေးဝမ်း ကျောင်းမှု၌လည်း မစင်ကြယ်လျှင် ဥပါသကာပျက်၊ ဗုဒ္ဓဘာသာဝင်ပျက်များ ဖြစ်၏။ ထို့ပြင် ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည်–

၁။ ရတနာသုံးပါး၊ ကံ,ကံ၏အကျိုးတို့၌ ယုံကြည်မှုသဒ္ဓါမရှိခြင်း၊

၂။ ကိုယ်ကျင့်သီလမဲ့ခြင်း၊

၃။ "အာရုံငါးပါးကို ဤသို့ မြင်, ကြား, တွေ့ထိလျှင် ဤမည်သော မင်္ဂလာဖြစ်၏"ဟု ပညာမဲ့သူ လူမိုက်တို့ ကြံဆအပ်သော ကောတုဟလ မင်္ဂလာကို ယုံကြည်လိုက်စားခြင်း၊

၄။ ကောတုဟလခေါ်သော လောကီမင်္ဂလာတို့ကိုသာ ယုံကြည်၍ ကံကို မယုံကြည်ခြင်း၊

၅။ သာသနာပြင်ပရှိ တိတ္ထိတို့ထံ၌သော မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရှာ၍ ကုသိုလ်ကောင်းမှုပြုလုပ်လျှင် ထိုတိတ္ထိတို့အား ဦးစားပေးကာ ရှေးဦးစွာ လှူဒါန်းမှု စသည်ကို ပြုလုပ်ပြီး နောက်မှ ဘုရားသာသနာ၌ ပြုလုပ်ခြင်း

ဟူသော တရားငါးမျိုးတို့နှင့် ပြည့်စုံလျှင် ဥပါသကာပျက်များဖြစ်၍ ထိုဥပါသကာ ဥပါသိကာတို့ကို ဒွန်းစဏ္ဍားကဲ့သို့ ယုတ်ညံ့၍ ဥပါသကစဏ္ဍာလ၊ အညစ်အကြေးများရှိ၍ ဥပါသကမလ၊ ရွံရှာဆက်ဆုပ်ဖွယ်ဖြစ်၍ ဥပါသက ပတိကုဋ္ဌဟူ၍ ခေါ်သည်ဟု ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်၊ စဏ္ဍာလသုတ်၌ မြတ်စွာဘုရား ဟောကြားထား၏။

**သတိပြုဖွယ်**

ဤ"ဥပါသကာပျက်"ဆိုရာ၌ ပါသကာယောက်ျား၊ ဥပါသိကာမိန်းတို့သည် ငါးပါးသီလလည်း မလုံခြုံ၊ အသက်မွေးမှုလည်း မစင်ကြယ်လျှင် "ဥပါသကာပျက်"သာဖြစ်၏။ သရဏဂုံကား မပျက်၊ ဆက်လက်တည်မြဲလျက်ပင်ရှိ၏။ သို့သော် သဒ္ဓါတရားမရှိခြင်း စသောဖော်ပြပါတရားငါးမျိုးတို့နှင့် ပြည့်စုံခဲ့လျှင် "ရတနာသုံးပါး ကံ,ကံ၏အကျိုးတို့ကို မယုံကြည်မှု၊ ရတနာ သုံးပါးထက် သာသနာပြင်ပတိတ္ထိတို့ကို အမြတ်ထား၍ မြတ်သောအလှူခံပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျ)အဖြစ်လှူဒါန်းမှု"စသည်တို့ကြောင့် ဥပါသကာပျက်ဖြစ်သည့်အပြင် သရဏဂုံလည်း ပျက်သွားတော့၏။ ဗုဒ္ဓဘာသာဝင်အဖြစ်မှ ရပ်စဲသွားပါတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဥပါသကာကောင်း ဗုဒ္ဓဘာသာဝင်ကောင်းများဖြစ်အောင် ဥပါသကာ၏သီလ၊ ဥပါသကာ၏ အသက်မွေးမှု၊ ဥပါသကာတို့ ပြည့်စုံရမည့်တရားငါးမျိုးတို့နှင့် ပြည့်စုံအောင် အစဉ်သတိထားလျက် နေထိုင်ကျင့်သုံးသင့်ကြပေသည်။

# (၃) ဒါနခန်း

## အလှူဒါန ပြုကြသူငါ

ဗုဒ္ဓဘာသာ၏ အနှစ်သာရများဖြစ်သည့် ကျင့်စဉ်တရားကြီးလေးပါးအနက် ဒါနကျင့်စဉ်တရားအကြောင်းကို ဤအခန်းတွင် အနှစ်အသားပါပါ တင်ပြသွားပါမည်။ လှူဒါန်းပေးကမ်းခြင်းဆိုသည့် ဒါနကောင်းမှုသည် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၌သာ ရှိသည်မဟုတ်ပါ။ အခြားဘာသာများ၌လည်း ရှိပါသည်။ သို့သော် ဒါနပြုပုံပြုနည်းချင်း မတူပါ။ အလွန်ခြားနားပါသည်။ ဗုဒ္ဓဘာသာမှာ ဒါနကို အကျိုးရှိအောင် စနစ်တကျ လှူဒါန်းတတ်ရန် မြတ်စွာဘုရား ဟောကြားတော်မူထားသည့် ဒါနပြုနည်းပေါင်း အမြောက်အမြားရှိပါသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များအဖို့ ဒါနမှာ သီလ သမာဓိ ပညာ ကျင့်စဉ်တရားတို့ထက် ပြုရန်အလွန်လွယ်၏။ သီလကျင့်စဉ်ကဲ့သို့ ကိုယ်နှုတ်တို့ကို စောင့်စည်းစရာမလို။ သမာဓိ၊ ပညာဆိုသည့် ဘာဝနာကဲ့သို့လည်း စိတ်ကို အထူးထိန်းသိမ်းစောင့်စည်းစရာမရှိ။ အလှူခံပုဂ္ဂိုလ်၊ လှူစရာပစ္စည်းနှင့် စေတနာ သဒ္ဓါတရားရှိလျှင် ဒါနကုသိုလ် အထမြောက်ပေသည်။ အလှူခံပုဂ္ဂိုလ်ကို နေရာတိုင်းတွင် ရရှိနိုင်၍ စေတနာသဒ္ဓါတရားရှိလျှင် ဖယောင်းတစ်တိုင်၊ ငှက်ပျောသီးတစ်လုံး၊ ပန်းတစ်ပွင့်မျှဖြင့်ပင် ဒါနကုသိုလ်ဖြစ်နိုင်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ

ဝင် သူတော်စင်တို့သည် "တစ်ပဲရလို့ တစ်မူးလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား"ဟု စာချိုးခဲ့ကြရလောက်အောင် အလှူအတန်းရက်ရော ကြသည်။

ယခုမျက်မှောက်ခေတ်၌လည်း ရှေးမူမပျက် ပို၍ပင် လှူဒါန်းနေ ကြသည်ကို တွေ့ရ၏။ အလုပ်အကိုင်ကောင်း၍ဖြစ်စေ၊ ထီပေါက်၍ ဖြစ်စေ စသည်ဖြင့် တစ်နည်းတစ်လမ်းအားဖြင့် ငွေကြေးအပိုအမိုများ ရရှိလာသည့်အခါ ပထမဆုံး အလှူအတန်းဘက်သို့ စိတ်ရောက်သွား လေ့ရှိသည်မှာ မြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ မွေးရာပါဗီဇပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဒါနကျင့်စဉ်အရာတွင် အလှူရေစက် လက်နှင့်မကွာ သူသူငါငါ လှူဒါန်းနေကြသူများ ဖြစ် ကြ၏။

သို့သော် လှူဒါန်းပုံ လှူဒါန်းနည်းဘက်တွင် ဗဟုသုတ နည်းပါးကြ သည့်အတွက် ဗုဒ္ဓနည်းကျကျ လှူဒါန်းတတ်သူ အလွန်နည်းပါးကြ၏။ သူတို့၏ အလှူဒါနများသည် ညောင်ပင်ကြီးလောက်လှူသော်လည်း ညောင်စေ့လောက်သာရသည့် အလှူဒါနမျိုးသာ များကြ၏။ ထို့ကြောင့် "ညောင်စေ့လောက်ပင် လှူသော်လည်း ညောင်ပင်ကြီးလောက်ရသည့်" ဗုဒ္ဓနည်းကျ ဒါနပြုပုံပြုနည်းများကို ဦးစားပေး၍ ဤအခန်းတွင် တင်ပြပါမည်။

## ဒါနအဓိပ္ပာယ်နှင့် အင်္ဂါသုံးသွယ်

ဒါနဆိုသည်မှာ ပါဠိဝေါဟာရ ဖြစ်၏။ မြန်မာလို 'ပေးကမ်းခြင်း၊ လှူဒါန်းခြင်း'ဟု အဓိပ္ပာယ်ရ၏။ ဤပေးကမ်းလှူဒါန်းမှုဆိုသည့် ဒါနမှု ကို ပြုရာ၌ အလှူဒါနမြောက်ရန် ဒါန၏အင်္ဂါသုံးရပ်ကို ပေတဝတ္ထု ပါဠိတော်၊ ခေတ္တူပမပေတဝတ္ထု၌ ရှင်တော်ဘုရား ဟောကြားထား သည်ကို တွေ့ရ၏။ ထိုအင်္ဂါရပ်များမှာ

၁။ အလှူခံပုဂ္ဂိုလ်ရှိရခြင်း (ခေတ္တသမ္ပတ္တိ)

၂။ လှူဖွယ်ဝတ္ထုပစ္စည်းတစ်ခုခုရှိရခြင်း (ဒေယျဓမ္မသမ္ပတ္တိ)

၃။ အလှူရှင်၏စိတ်စေတနာထက်သန်ခြင်း(စိတ္တသမ္ပတ္တိ၊ ဒါယက သမ္ပတ္တိ)

တို့ဖြစ်ကြသည်။

ဤပေတဝတ္ထု၌ ရဟန္တာ အစရှိသော အလှူခံပုဂ္ဂိုလ်တို့သည် လယ်ယာမြေနှင့် တူကြ၏ (ခေတ္တ=လယ်ယာမြေ)၊ လှူဖွယ်ဝတ္ထုပစ္စည်းစုသည် လယ်ယာမြေ၌ စိုက်ပျိုးကြဲချမည့် မျိုးစေ့နှင့်တူ၏၊ အလှူရှင်သည် (ဝါ) အလှူရှင်၏ စိတ်စေတနာထက်သန်မှုသည် လယ်သမားယာသမားကြီးနှင့်တူ၏ဟု ဟောကြားထား၏။

## ဒါနပြုခြင်းနှင့် စစ်တိုက်ခြင်းတူပုံ

သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့နှင့် နှိုင်းယှဉ်လျှင် အပြုရလွယ်သည်ဟု ဆိုသော်လည်း မိမိပစ္စည်းကို မပေးရက်လို၊ မလှူရက်လို၊ ဝန်တိုမှု 'မစ္ဆရိယ'နှင့် ထိုပစ္စည်းပေါ်၌ တွယ်တာသော 'လောဘ'တရားတို့ကို တိုက်ဖျက်ရသဖြင့် လွယ်ကူသောကုသိုလ်ကား မဟုတ်ပါချေ။ ထို့ကြောင့် ဒါနပြုခြင်းသည် စစ်တိုက်ရခြင်းနှင့် သဘောတူသည်ဟု သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူထားခြင်း ဖြစ်ပေသည်။

မှန်ပါသည်၊ လောက၌ အသက်သေရမှာ ကြောက်ရွံ့သူသည် စစ်မတိုက်ဝံ့သကဲ့သို့ တောဒေယျပုဏ္ဏားကြီး စသူတို့ကဲ့သို့ မိမိပစ္စည်းဥစ္စာ ကုန်ခန်းသွားမှာ၊ ယုတ်လျော့သွားမှာ ကြောက်ရွံ့သူသည်လည်း မပေးကမ်းနိုင်၊ မလှူဒါန်းနိုင်ပေ။ အသက်သေမှာလည်း ကြောက်သည်၊ စစ်ကိုလည်းတိုက်မည်ဟု ဆိုသောသူသည် ဘယ်သောအခါမှ စစ်တိုက်ဖြစ်မည်မဟုတ်။ အသက်ကို မငဲ့ကွက်ဘဲ (ဝါ) အသက်ကို ပဓာနမထားဘဲ သေချင်သေပါစေဟု အသက်စွန့်လွှတ်နိုင်သည့် စိတ်မျိုးရှိမှသာ စစ်တိုက်ဖြစ်နိုင်၏။

ထိုနည်းတူ မိမိပစ္စည်းဥစ္စာကိုလည်း ဘယ်နည်းနှင့်မဆို မကုန်ခန်း၊ မလျော့ပါးသွားအောင် စောင့်ရှောက်ထိန်းသိမ်းမည်၊ အလှူလည်း ပေးမည်ဟု ဆိုသောသူသည် မည်သည့်အချိန်အခါမှ မပေးမလှူဖြစ်ချေ။ လှူဒါန်းပေးကမ်းလို့ ပစ္စည်းဥစ္စာကုန်လျှင် ကုန်ပါစေဟု ပစ္စည်းဥစ္စာတို့၌ တွယ်တာငြိကပ်မှု လောဘ အာလယတို့ကို တဒင်္ဂ ပယ်ဖြတ်နိုင်မှသာ ပေးလှူနိုင်ပါသည်။

ထို့ပြင် စစ်တိုက်ရာတွင် စစ်သည်စစ်သား အနည်းအများမှာ လိုရင်းပဓာနမဟုတ်၊ ရဲစွမ်းသတ္တိ ရှိ,မရှိသာ ပဓာနဖြစ်၏။ စစ်သည်အင်အား နည်းပါးသော်လည်း ရဲစွမ်းသတ္တိရှိကြလျှင် သူရဲဘောကြောင့် ကြောက်ရွံ့တတ်သော ရန်သူစစ်သည်အင်အား အမြောက်အမြားကို အနိုင်ရနိုင်သကဲ့သို့ ယုံကြည်မှုသဒ္ဓါ စသည်တို့နှင့် ပြည့်စုံသူသည် စေတနာထက်သန်စွာနှင့် အနည်းငယ်သော လှူဖွယ်စွည်းဝတ္ထုကို လှူဒါန်းရစေကာမူ အင်အားကောင်းသော မပေးရက်လို နှမြောဝန်တိုမှု မစ္ဆရိယနှင့် ပစ္စည်း၌ တွယ်တာမှု လောဘရန်သူတို့ကို အလွယ်တကူ အနိုင်ယူနိုင်၏။ ယုံကြည်မှုသဒ္ဓါအခြေခံ၍ စေတနာထက်သန်စွာ လှူဒါန်းနိုင်ပါလျှင် ညောင်စေ့ကလေးသဖွယ် အနည်းငယ်ပင်လှူသော်လည်း ညောင်ပင်ကြီးပမာ များစွာသောအကျိုးကို ရနိုင်၏။ ထို့ကြောင့် ပေးကမ်းလှူဒါန်းခြင်းသည် လွယ်ကူသည်ဟု ဆိုရသော်လည်း စစ်တိုက်ခြင်းနှင့် အလားတူသည်ဟု မြတ်စွာဘုရား ဟောထားခြင်းဖြစ်၏။

## ဒါန (၂)မျိုး

ဤဒါနသည် "ဝတ္ထုဒါန၊ စေတနာဒါန"ဟု အခြေခံအားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင် ဆိုခဲ့ပြီးသော အင်္ဂါအရ ပေးကမ်းလှူဒါန်းအပ်သည့် (ဝါ) ပေးကမ်းလှူဒါန်းခံရသည့် ပေးကမ်းလှူဒါန်းစရာ ဝတ္ထုပစ္စည်းရှိမှ ပေးကမ်းလှူဒါန်းခြင်း ဒါနဖြစ်နိုင်သောကြောင့် ပေးကမ်းလှူဒါန်းသည့် ဝတ္ထုပစ္စည်းကို 'ဝတ္ထု ဒါန'ဟု ခေါ်ရ၏။ ဝတ္ထုပစ္စည်းကို ပေးကမ်း

လှူဒါန်းမှုသည်လည်း ပေးကမ်းလှူဒါန်းမှု ဖြစ်မြောက်အောင် လှုံ့ဆော် တိုက်တွန်းပေးသည့် စေတနာတရားရှိမှ ထမြောက်အောင်မြင်နိုင်သော ကြောင့် စေတနာတရားကိုလည်း 'စေတနာ ဒါန'ဟု ခေါ်ရ၏။

ဤသို့ ဒါနကောင်းမှုကုသိုလ်ကံများ ဖြစ်မြောက်အောင် စေတနာ တရားက ဖန်တီးပေးသည့်အတွက် အကြောင်းတရားများဖြစ်သော ကုသိုလ်စေတနာကိုပင် 'ကံ'ဟု ရှင်တော်ဘုရား တင်စားဟောကြား တော်မူထားသည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ နိဗ္ဗေဓိကသုတ်၌ "ရဟန်းတို့၊ စေတနာကို ကံဟူ၍ ငါဘုရား ဟောကြားတော်မူ၏။ စေတနာတရား က စေ့ဆော်တိုက်တွန်းပေးသောကြောင့် ကိုယ်မှု(ကာယကံ)၊ နှုတ်မှု (ဝစီကံ)နှင့် စိတ်မှု(မနောကံ)တို့ကို ပြုရ၏"ဟု တွေ့ရှိရ၏။ ထို့ကြောင့် စေတနာကောင်းလျှင် ကံကောင်းမည်၊ စေတနာဆိုးလျှင် ကံဆိုးမည် ဟု ဆိုရ၏။

**စေတနာဒါနသာ ပဓာန**

ပြဆိုခဲ့ပြီးသော ဝတ္ထုဒါန၊ စေတနာဒါန နှစ်မျိုးတို့တွင် အကျိုး ပေးရာ၌ ဝတ္ထုဒါနက ပဓာနမဟုတ်ပါ။ စေတနာဒါနကသာ ပဓာန အကြောင်းတရား ဖြစ်၏။ ထို့ကြောင့် ဝတ္ထုဒါနထက် စေတနာဒါနက ပိုအရေးကြီး၏။ ဝတ္ထုပစ္စည်းက ညံ့နေသော်လည်း သို့မဟုတ် နည်းနေ သော်လည်း စေတနာတရားက ဖြူစင်အားကောင်းလျှင် အားကောင်း သလို အကျိုးပေးသည့်သဘောရှိ၏။

သို့ရာတွင် ဒါနအရာမှာ ဗဟုသုတနည်းပါးကြသည့် အချို့ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ လှူဖွယ်ဝတ္ထုပစ္စည်း ညံ့နေသည့်အခါ သို့မဟုတ် နည်းနေ သည့်အခါမှာ စေတနာအင်အား အားနည်းလျော့ပါးသွားတတ်ကြ၏။ အမှန်ဆိုရသော် အလှူဒါနပြုကြရာ၌ ပစ္စည်းညံ့မှု နည်းမှုတို့မှာ လိုရင်း ပဓာန မဟုတ်ပါ။ ပစ္စည်းပေါ်၌ ငြိကပ်တွယ်တာသည့် လောဘနှင့် မပေးရက်လို နှမြောဝန်တိုသည့် မစ္ဆရိယခေါ် အကုသိုလ်တရားများကို

လုံးဝဖယ်ရှားနိုင်ပြီး လှူနိုင်ခြင်းသည်သာ လိုရင်းဖြစ်၏ဟု နှလုံးသွင်းပြီး စေတနာတရား ထက်သန်အားကောင်းအောင် ကြိုးစားကြရမှာ ဖြစ်၏။

ဤကဲ့သို့ နှလုံးသွင်းတတ်ဖို့မှာလည်း ဒါနအရာတွင် ဗဟုသုတရှိဖို့ လိုသေး၏။ ဥပမာ–ရှေးအခါက ဗာရာဏသီပြည်သား ဘုရားလောင်း ဆင်းရဲသားတစ်ယောက်သည် နံနက်စာအတွက် ဈေးမှ မုယောမုန့် လေးခုဝယ်ပြီး အလုပ်လုပ်ရန် ထွက်ခွာလာခဲ့၏။ လမ်းတွင် ဆွမ်းခံကြွလာသည့် ပစ္စေကဗုဒ္ဓါ လေးပါးကို ဖူးတွေ့ရသည့်အခါ ပါလာသည့် မုယောမုန့် လေးခုလုံးကို ပစ္စေကဗုဒ္ဓါ လေးပါးအား စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းလိုက်သတဲ့။ လှူဒါန်းပြီးသည့်အခါ "အရှင်မြတ်တို့ဘုရား တပည့်တော်ရဲ့ ဒီကောင်းမှုကုသိုလ်ကြောင့် သဗ္ဗညုတရွှေဉာဏ်တော်ကို ထိုးထွင်းသိမြင်ခြင်းရဲ့အကြောင်း အထောက်အပံ့ ဖြစ်ပါစေဘုရား"ဟု ဆုတောင်းလိုက်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကလည်း 'တောင်းတဲ့ဆုနဲ့ အလျင်အမြန်ပြည့်စုံပါစေ'ဟု ဆုပေးလိုက်ကြ၏။ ထိုဘုရားလောင်း ဆင်းရဲသားသည် မိမိ၏ ဒါနကောင်းမှုကို အမှတ်ရပြီး ကွယ်လွန်သေဆုံးသွားသည့်အခါ ဗာရာဏသီပြည်မှာပင် မင်းလာဖြစ်သည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက "မြတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ လှူပါသမှု၊ ဒါနစကား၊ ဝတ္ထုညံ့နံ့၊ မုယောမုန့်မှ၊ မကျုံ့ကျယ်စွာ၊ နန်းသိင်္ဂါနှင့်၊ ဗာရာပြည်လုံး၊ ကျုံး၍အုပ်စိုး၊ နဘော်ဖြိုး၏"ဟု မိန့်ဆိုတော်မူခဲ့ပေသည်။

ဤဝတ္ထုတွင် လှူဖွယ်ဝတ္ထုပစ္စည်းမှာ ညံ့လည်းညံ့၏။ သို့သော် စေတနာသဒ္ဓါတရား ထက်သန်ကြီးမားသည့်အတွက် အကျိုးပေးကြီးကျယ်သည်ကို တွေ့ရ၏။ ဤကဲ့သို့ ဒါနနှင့်ပတ်သက်သည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သိထားကြပါလျှင် အလှူဒါနများကို ပြုကြရာ၌ မိမိတို့၏စိတ်ကို ပြုပြင်နိုင်ကြမည် ဖြစ်ပါသတည်း။

**ဝတ္ထုဒါန အရေးပါပုံ**

ဤလှူဒါန်းပေးကမ်းခြင်း ဒါနကုသိုလ်အရာ၌ စေတနာကသာ ကံဖြစ်၍ အကျိုးပေးနိုင်သည်ဟု ဆိုရသော်လည်း ထိုစေတနာမှာလည်း လှူဒါန်းဖွယ်၊ ပေးကမ်းဖွယ်ပစ္စည်းဝတ္ထု ထင်ရှားရှိ၍ ဖြစ်ပေါ်လာသော စေတနာမျိုးကိုသာ ဒါနကုသိုလ်ကံအတွင်း သွတ်သွင်းနိုင်သည်ဟု မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး မိန့်ဆိုထား၏။ ထို့ကြောင့် ပစ္စည်းဝတ္ထုသည်လည်း ဒါနကုသိုလ်မြောက်ဖို့ရန် အရေးကြီးသော အကြောင်းဖြစ်၏။ သို့သော်လည်း ဒါနကုသိုလ်အရာ၌ ရုပ်ဝတ္ထုဖြစ်သော လှူဖွယ်ပစ္စည်းသည် တိုက်ရိုက် အကျိုးမပေးနိုင်သော်လည်း "ထင်းကြောင့် ထမင်းကျက်သည်"ဆိုသကဲ့သို့ အကြောင်းဆက်သော အားဖြင့်လည်း အကျိုးပေးနိုင်သည်ဟု ဆိုရ၏။

ရှင်းပြဦးအံ့။ ထမင်းကို တိုက်ရိုက်ကျက်စေသည်မှာ ထင်းမဟုတ်ပါ၊ မီးသာဖြစ်၏။ သို့သော် ထိုမီးမှာ ထင်းကိုရှို့မှ တောက်၏။ ဤစကား၌ ထင်းကြောင့် မီးတောက်သည်၊ မီးကြောင့် ထမင်းကျက်သည်ဟု အကြောင်းဆက်လိုက်သောအခါ "ထင်းကြောင့် ထမင်းကျက်သည်"ဆိုသော စကားမှာ မမှားနိုင်သကဲ့သို့ လှူဖွယ်ပစ္စည်းကြောင့် ကောင်းကျိုးရသည်ဟု ဆိုလျှင်လည်း မမှားချေ။ ဤသဘောကို ပဋ္ဌာန်း အဘိဓမ္မာနည်းအရ လှူဖွယ်ဝတ္ထုပစ္စည်းက အခြေခံအကြောင်းဖြစ်သည့် ပကတူပနိဿယ ပစ္စယသတ္တိဖြင့် အကျိုးတရားဖြစ်ပေါ်အောင် ကျေးဇူး ပြုသည်ဟု ဆိုရ၏။

လှူဖွယ်ဝတ္ထုပစ္စည်းဖြစ်သည့် "ဝတ္ထုဒါန"က အကျိုးပေးရာတွင် တစ်နည်းတစ်လမ်းအားဖြင့် ကျေးဇူးပြုပုံကို ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ္တန်ဒေသနာတော်များ၌ များစွာတွေ့ရှိရ၏။ ထင်ရှား စေဦးအံ့၊ ဝိမာနဝတ္ထု ပါဠိတော်တွင် ရှေ့လူဖြစ်စဉ်အခါက ရဟန်းတော် များအား နေရာအင်းပျဉ် လှူဒါန်း၍ အလှူခံတို့ကို တတ်အားသမျှ ရိုသေစွာလှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့် နတ်ပြည်တွင် ရွှေပလ္လင်

ရွှေအင်းပျဉ်၊ ရွှေဗိမာန်ပေါက်ကာ အလိုရှိတိုင်း လှည့်လည်သွားလာနိုင်သော နတ်သမီးဖြစ်၏။ ရှေ့လူဘဝက ရေငတ်၍ ပင်ပန်းနွမ်းနယ်သူတို့အား ရေပေးလှူခဲ့သောကြောင့် ကြာပုဏ္ဍရိတ်ပန်းနှယ် အေးမြသောရေရှိသည့် ရေကန် ပန်းပင် အမျိုးမျိုးဝန်းရံလျက် ရွှေအမိုးရှိသောလှေကို စီးရသူ ဘုံဗိမာန်ပိုင်ရှင် နတ်သမီးဖြစ်၏။

ထို့ပြင် ရှေ့လူ့ဘဝက ဆီမီးတန်ဆောင်ကို လှူဒါန်းခဲ့သောကြောင့် သောက်ရှူးကြယ်အသွင် ဝန်းကျင်အရပ်မျက်နှာများတွင် အရောင်များတောက်ပလျက် ကြာပုဏ္ဍရိတ်ပန်းတို့ဖြင့် ဆန်းကြယ်သည့် ဗိမာန်၌နတ်သမီးဖြစ်၏။ ရှေ့လူ့ဘဝတွင် မြတ်စွာဘုရား၏ ဓာတုစေတီအားရွှေဝါရောင်ရှိသည့် သပွတ်ခါးပွင့် (ခဝဲပန်း)လေးပွင့်တို့ကို ပူဇော်ရန်အသွား လမ်းခရီးအကြားတွင် နွားမကြီး ဝင်ဝှေ့၍ သေဆုံးသွားရာနတ်ပြည်၌ ရွှေဝါရောင်ရှိသည့် အဝတ်တန်ဆာ၊ တံခွန်တို့ဖြင့် ရွှေဝါရောင်ပြာသာဒ်ပိုင်ရှင် နတ်သမီးဖြစ်၏။ ရှေ့လူဖြစ်စဉ်အခါက ပုစွန်လုံးဟင်းကို လှူဒါန်းခဲ့သောကြောင့် နတ်ပြည်တွင် ခြေဆယ်ချောင်းရှိရွှေပုစွန်ရုပ်ကြီးသည် ဗိမာန်တံခါးဝတွင် တင့်တယ်စွာတည်ရှိ၍ ကြည့်၍ မငြီးသော ဗိမာန်ပြာသာဒ်တို့၌ အကအခုန် ပရိသတ်စုံလင်စွာခံစားရသော နတ်သားဖြစ်၏ စသည်ဖြင့် ဟောကြားထားသည်ကိုတွေ့ရ၏။

ဤဘုရားဟောဝတ္ထုများကို ထောက်ရှုပါက စေတနာဒါနကုသိုလ်ကံများက အကျိုးပေးကြရာတွင် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလားတူစွာ အကျိုးပေးကြသည်ကို တွေ့ရှိရသောကြောင့် စေတနာဒါနကုသိုလ်က အကျိုးပေးရာ၌ ဝတ္ထုဒါနခေါ် လှူဖွယ်ဝတ္ထုပစ္စည်းကလည်းတစ်နည်းတစ်လမ်းအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်၏။

ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် အင်္ဂုတ္တိုရ်ပါဠိတော်သပ္ပုရိသဒါနသုတ်မှာလည်း "ရိုသေစွာ အလှူဒါနကို ပေးလှူရမည်" (သက္ကစ္စံ ဒါနံ ဒေတိ)ဟု သူတော်ကောင်းတို့ ပြုရိုးပြုစဉ်ဖြစ်သည့်

သက္ကစ္စ သပ္ပုရိသဒါနတစ်မျိုး ပါရှိ၏။ ဤဒါန၌ "ရိုသေစွာ"ဆိုသည့် သက္ကစ္စပုဒ်၏အဓိပ္ပာယ်ကို လှူဖွယ်ဝတ္ထုပစ္စည်းသည် ညံ့သည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ အများကြည်ညိုလောက်အောင်၊ ကြည့်ဖွယ်ရှုဖွယ် ကောင်းအောင် သပ်သပ်ရပ်ရပ် သေသေသပ်သပ် ပြုလုပ်ခြင်းမျိုးကို ပစ္စည်းဝတ္ထု၌ ရိုသေမှုသက္ကစ္စ၊ အလှူခံပုဂ္ဂိုလ်ကို လှူသည့်အခါမှာ လက်နှစ်ဖက်ဖြင့် မြှောက်ချီပြီး ခါးညွတ်ကာ ရိုရိုသေသေ လေးလေးစားစား လှူဒါန်းခြင်းမျိုးကို အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုသက္ကစ္စ ဖြစ်သည်။ ဤကဲ့သို့ လှူဖွယ်ဝတ္ထုပစ္စည်း သပ်သပ်ရပ်ရပ်ပြုမှု၊ အလှူခံပုဂ္ဂိုလ်တို့ကို အရိုအသေပြုမှုအတွက် ဖြစ်လေရာဘဝမှာ မိမိ၏အခြွေအရံများဖြစ်သည့် ဇနီးမယား၊ သမီးသားများနှင့် ကျွန်ယောကျ်ား၊ ကျွန်မိန်းမ အခြွေအရံ အစေအပါး အလုပ်သမား အားလုံးတို့က မိမိကို ရိုသေကြသည့်အကျိုး၊ လေးစားကြသည့်အကျိုး၊ မိမိစကားကို နားထောင်ကြသည့် အကျိုးထူးတစ်မျိုးကို သီးခြားရရှိသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုထား၏။

လှူဖွယ်ဝတ္ထုပစ္စည်း ထင်ရှားမရှိဘဲ စိတ်မျှဖြင့် ဤပစ္စည်းကို လှူဒါန်းပါ၏ဟူသော လှူဒါန်းခြင်းမျိုးမှာ ဒါနမဖြစ်၊ ဒါနမမြောက်သောကြောင့် ဒါနကံ မြောက်မှုတွင် လှူဖွယ်ဝတ္ထုပစ္စည်းမှာလည်း အလွန်အရေးကြီး၏။ ပုထုဇဉ်ပုဂ္ဂိုလ်များမှာ များသောအားဖြင့် လှူဖွယ်ဝတ္ထု ပစ္စည်းကောင်းလျှင် ကောင်းသလို၊ များလျှင်များသလို စေတနာတရားအားကောင်းတတ်လေ့ ရှိကြ၏။ ထက်သန်လေ့ရှိကြ၏။ အပြန်အားဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းညံ့နေလျှင်သော်လည်းကောင်း၊ နည်းနေလျှင်သော်လည်းကောင်း စေတနာတရား မထက်သန်ဘဲ အားပျော့တတ်ကြ၏။ ဤသို့ ဝတ္ထုပစ္စည်းသည် စေတနာအားကောင်း,မကောင်းကို ဖန်တီးပေးနိုင်သောကြောင့် ဒါနအရာ၌ လှူဖွယ်ပစ္စည်းသည်လည်း အလွန်အရေးပါလှပေသည်။

**ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ဒါနများ**

ယင်းသို့ ဒါနအရာ၌ လှူဖွယ်ဝတ္ထုပစ္စည်းတို့ အလွန်အရေးပါသည့်အတွက် ပစ္စည်းဝတ္ထုကို အစွဲပြုကာ ကျမ်းဂန်တို့၌ ဒါနအမျိုးမျိုးကို ဤသို့ ခွဲခြားပြဆို ထားသည်ကို တွေ့ရ၏။ ဝိနည်းဒေသနာတော်နည်းအားဖြင့် "ဆွမ်းအလှူဒါန၊ သင်္ကန်းအလှူဒါန၊ ကျောင်းအလှူဒါန၊ ဆေးအလှူဒါန"ဟု လေးပါးရှိ၏။ ထိုလေးပါးကို ဝိနည်းဒေသနာတော်အရ "ပစ္စည်းလေးပါး"ဟု ခေါ်၏။

အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် "အဆင်းအလှူဟူသော ရူပဒါန၊ အသံအလှူဟူသော သဒ္ဒဒါန၊ အနံ့အလှူဟူသော ဂန္ဓဒါန၊ အရသာအလှူဟူသော ရသဒါန၊ အတွေ့အလှူဟူသော ဖောဋ္ဌဗ္ဗဒါန၊ တရားအလှူဟူသော ဓမ္မဒါန"ဟု ခြောက်မျိုးရှိ၏။ ဤအာရုံခြောက်မျိုးကို အဘိဓမ္မာဒါနဝတ္ထု ခြောက်မျိုးဟု ခေါ်၏။

သုတ္တန်ဒေသနာတော်နည်းအားဖြင့်မူ "စားဖွယ်အမျိုးမျိုးကို လှူဒါန်းခြင်း အန္နဒါန၊ သောက်ဖွယ်အမျိုးမျိုးကိုလှူဒါန်းခြင်း ပါနဒါန၊ အဝတ်အထည်တို့ကို လှူဒါန်းခြင်း ဝတ္ထဒါန၊ စီးနင်းစရာ ယာဉ်လှူဒါန်းခြင်း ယာနဒါန၊ ပန်းမျိုးစုံလှူဒါန်းခြင်း မာလာဒါန၊ နံ့သာအမျိုးမျိုး လှူဒါန်းခြင်း ဂန္ဓဒါန၊ လိမ်းခြယ်စရာအမျိုးမျိုး လှူဒါန်းခြင်း ဝိလေပနဒါန၊ ညောင်စောင်း၊ အင်းပျဉ်၊ ခုတင် စသော အိပ်ရာနေရာများ လှူဒါန်းခြင်း သေယျဒါန၊ အိမ်ကျောင်းစသော နေရာအဆောက်အအုံ လှူဒါန်းခြင်း အာဝါသထဒါန၊ ဆီမီးလှူဒါန်းခြင်း ပဒီပေယျဒါန"ဟု ဒါနဆယ်မျိုးရှိ၏။ ဤဆယ်မျိုးကို သုတ္တန်ဒါန ဝတ္ထု ဆယ်မျိုးဟု ခေါ်၏။

သုတ္တန်၌ ဤဒါနဝတ္ထုပစ္စည်းဆယ်မျိုးကိုသာ ဘုရားဟောတော်မူသည်ဟု အကြောင်းပြကာ ဤဆယ်မျိုးကိုသာ လှူကောင်းသည်၊ အခြားဝတ္ထုတို့ကို မလှူကောင်းဟု မမှတ်ယူသင့်ပေ။ လောကလူသားတို့ လှူဒါန်းမှုများရာကို လိုက်၍ ယေဘုယျနည်းအားဖြင့် ဤဆယ်မျိုးကိုသာ ဟောတော်မူထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အရာဝတ္ထု

ပစ္စည်း ဟူသမျှကို ဤဆယ်မျိုး၌ပင် သဘောတူရာ သွတ်သွင်းယူနိုင်သောကြောင့် ဤဆယ်မျိုး ကို ဟောကြားခြင်းဖြင့် သူတော်ကောင်း များသုံး စွဲနေကျဖြစ်သော အရာဝတ္ထုတို့ကို လှူဒါန်း နိုင်သည်ဟု မှတ်သားသင့်၏။

ထို့ပြင် အလှူဒါန ပြုလုပ်ကြသည့်အခါ လှူဖွယ်ပစ္စည်း များမှာ တရား သဖြင့် ရှာဖွေရရှိထား သည့် (ဓမ္မိယလဒ္ဓ)ပစ္စည်း မျိုး ဖြစ်ပါက ပို၍ အကျိုး တရား ကြီး မား သည်ဟု မြတ်စွာဘုရား ဟောကြား ထားသဖြင့် ဒါနအရာတွင် စေတနာတရား က အကျိုး တိုက်ရိုက်ပေးသည်ဟု ဆိုရသော်လည်း လှူဖွယ်ဝတ္ထုပစ္စည်း များ သည် အခြေအရံ အကြောင်းတရား အဖြစ်ဖြင့် အရေးပါကြောင်း နားလည်ထားကြရန် လိုပေသည်။

## စေတနာဒါန

"ဒါန"ဟူသော ဝေါဟာရသည် ပါဠိဝေါဟာရဖြစ်၏။ ဤဝေါဟာရကို "ဒါတဗ္ဗန္တိ ဒါန"ပေးလှူအပ်သောကြောင့် (ဝါ) အပေးအလှူခံရသောကြောင့် ဒါနမည်၏ဟု ဆိုသောကြောင့် ပေးကမ်း လှူဒါန်းအပ်သည့် ဝတ္ထုပစ္စည်းသည် ဒါနမည်၏ဟု ကျမ်းဂန်များ၌ မိန့်ဆိုကြ၏။ ဤဒါနကို ဝတ္ထုဒါနဟုခေါ်၏။

"ဒီယတိဧတေနာတိဒါန"တစ်ခုတစ်ခုသော ပစ္စည်းဝတ္ထုကို ပေးလှူကြောင်း ဖြစ်သောကြောင့် မဟာကုသိုလ်စိတ်၌ပါသော စေတနာတရားသည် ဒါနမည်၏။ ဤဒါနမျိုး ကို စေတနာဒါနဟု ခေါ်သည်ဟု ကျမ်း ဂန်များ၌ လာရှိ၏။ ပေးလှူကြောင်း ဖြစ်ပုံမှာ ထိုပေးကမ်းလှူဒါန်းမှုသည် လှုံ့ဆော်ပေးသည့်အကြောင်းတရား မရှိဘဲ ဘာသိဘာသာ အလိုအလျောက် ဖြစ်ပွားပေါ်ပေါက်လာသည်မဟုတ်၊ စေတနာခေါ်သည့် စေတသိက်တရား ၏ လှုံ့ဆော်ပေး မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ထို့ကြောင့် စေတနာကို ပေး လှူကြောင်း ဟု ဆိုရသည်။

## သုံးတန်စေတနာနှင့် ပုဗ္ဗစေတနာ

ပြဆိုခဲ့သည့်အတိုင်း စေတနာစေတသိက်၏ လှုံ့ဆော်ပေးမှုကြောင့် ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုဆိုသည့် ဒါနကုသိုလ်ကံတရား ဖြစ်ပွား ပေါ်ပေါက်လာရ၏။ ထိုစေတနာမျိုးရှိမှ ဒါနမှု အထမြောက်သည်။ ထို့ကြောင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ပေးကမ်းလှူဒါန်းရာ၌ ထိုဝတ္ထု ပစ္စည်းတို့ ဖြစ်ရာကာလမှစ၍ မလှူမီ ရှေ့အဖို့၌ဖြစ်စေ၊ လှူဒါန်းပေး ကမ်းဆဲ၌ဖြစ်စေ၊ လှူဒါန်းပေးကမ်းပြီး နောက်၌ဖြစ်စေ အချိန်သုံးမျိုး လုံး၌ ဖြစ်ပေါ်လာသော စေတနာသည် ဒါနခေါ် ပုညကိရိယာဝတ္ထု မည်၏ဟု အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

ဝတ္ထုဒါန၊ စေတနာဒါန နှစ်မျိုးတွင် စေတနာကသာ ကံတရား ဖြစ်၍ တိုက်ရိုက်အကျိုးပေးနိုင်သောကြောင့် ဝတ္ထုဒါနထက် စေတနာ ဒါနက ပိုအရေးကြီး၏။ စေတနာသည်လည်း ဖြစ်ပေါ်လာသည့် အချိန် ကာလအပိုင်းအခြားအရ (၁)ပုဗ္ဗစေတနာ (၂) မုဉ္စစေတနာ (၃)အပရ စေတနာဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။

ထိုသုံးမျိုးတွင် ပုဗ္ဗစေတနာဆိုသည်မှာ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို မစွန့်လွှတ် မလှူဒါန်းမီ ရှေ့အဖို့တွင် ကြိုတင်၍ ဒါနနှင့် ဆက်သွယ်ပြီး သိန်းသန်းကုဋေမက ဖြစ်ဖြစ်သမျှ စေတနာများဖြစ်၏။ ရှေ့အဖို့ ဆိုသော်လည်း လှူဖွယ်ဝတ္ထုပစ္စည်း ထင်ရှားရှိနေပြီးမှ "ဤပစ္စည်းကို လှူဒါန်းမည်" စသည်ဖြင့် ကြံစည် ရည်ရွယ်နေခြင်း စသည်မျိုးဖြစ်၏။ ပစ္စည်းဝတ္ထုမရှိမီ လှူဒါန်းမည်ဟု အလိုအလျောက် ကြံစည်စိတ်ကူးရာ တွင် ပါဝင်သည့်စေတနာများကား ပုဗ္ဗစေတနာဟု ခေါ်လိုက ခေါ်နိုင် သော်လည်း ဒါနအတွင်းသို့ မသွတ်သွင်းနိုင်၊ သာမည ကုသိုလ်မျိုးသာ ဖြစ်နိုင်၏ဟု မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး မိန့်ဆိုထား ၏။ ဤအဆိုအမိန့်သည် ထိုထိုပစ္စည်းကို လှူဒါန်းသူအား ထိုထိုပစ္စည်း ဝတ္ထုများ ဖြစ်ပေါ်လာပြီးသည်မှစ၍ မလှူမီ ရှေ့အဖို့၌ဖြစ်သော စေတနာ သည် ဒါနမယပုညကိရိယာဝတ္ထုမည်၏ ဟူသော အဋ္ဌသာလိနီကျမ်း

အဆိုအမိန့်နှင့် ညီညွတ်ပါ၏။

ထိုပုဗ္ဗစေတနာများကား "ပုဗ္ဗေဝ ဒါနာ သုမနော" (လှူဒါန်းသည်မှ ရှေ့အဖို့၌ စိတ်ကြည်လင်တက်ကြွခြင်း၊ ဝမ်းသာရွှင်ပျနေခြင်း) ဘုရားဟော ဒေသနာတော်အတိုင်း လှူဖွယ်ပစ္စည်း ထင်ရှားရှိပြီး၍ မလှူဒါန်းမီ ရှေ့ပိုင်းမှာ စိတ်ကြည်ကြည်လင်လင် တက်တက်ကြွကြွ ရွှင်ရွှင်ပျပျ ဖြစ်နေမှုများပင်ဖြစ်၏။ လှူဒါန်းမှုဒါနကိစ္စနှင့် မဆက်သွယ်ဘဲ အခြားကိစ္စများအတွက်ဖြစ်သည့် စေတနာမျိုးကို ဤဒါနအရာ၌ "ပုဗ္ဗစေတနာ"ဟု မခေါ်နိုင်ပါချေ။ (ပုဗ္ဗေစေတနာ= ထင်ရှားရှိနေသော လှူဖွယ်ပစ္စည်းကို မလှူဒါန်းမီ ရှေ့ပိုင်းကာလ၌ အလှူနှင့် စပ်၍ဖြစ်သော စေတနာ)။

**မုဥ္စစေတနာ**

လှူဖွယ်ပစ္စည်းကို အလှူခံပုဂ္ဂိုလ်လက်သို့ ပေးကမ်းဆဲ၊ ဆက်လက်လှူဒါန်းဆဲ၊ ပေးကမ်းပါ၏၊ လှူဒါန်းပါ၏၊ (ဒေမိ၊ ဒေမ)ဟု ဆိုဆဲ၊ အာရုံပြုဆဲ၊ စွန့်လွှတ်ဆဲ အခိုက်အတန့်ကာလမှာ ဖြစ်ပေါ်နေသည့် စေတနာစုကို "မုဥ္စစေတနာ"ဟု ခေါ်၏။ ပေးလှူစွန့်လွှတ်ဆဲအချိန်မှာ စိတ်ကို ကြည်လင်စေရာ၏။ (ဒဒံ စိတ္တံ ပသာဒယေ)ဆိုသည့် ဘုရားဟောဒေသနာတော်အတိုင်း စွန့်လွှတ်လှူဒါန်းနေဆဲအချိန်တွင် စိတ်များ ကြည်ကြည်လင်လင်၊ ရွှင်ရွှင်လန်းလန်း၊ ထက်ထက်သန်သန်၊ တက်တက်ကြွကြွ ဖြစ်ပွားနေမှုများပင် ဖြစ်ပါ၏။ (မုဥ္စစေတနာ=စွန့်လွှတ်လှူဒါန်း ပေးကမ်းဆဲကာလ၌ ဖြစ်ပေါ်နေသော စေတနာ)

ဤစေတနာသည် အကျိုးတရားဖြစ်ပေါ်မှုကို ကေန်မုချ ဆောင်ရွက်တတ်၍ အကျိုးပေးမှုကို အဆုံးအဖြတ်ပေးသည့် စေတနာဖြစ်သည့်အတွက် ဤမုဥ္စ စေတနာကိုပင် "သန္နိဋ္ဌာနစေတနာ"ဟု ကျမ်းဂန်များ၌ ဖွင့်ဆိုကြ၏။ (သန္နိဋ္ဌာနစေတနာ=အကျိုးပေးမှုကို ဆုံးဖြတ်တတ်သော စေတနာ)

**အပရစေတနာ**

စွန့်ကြဲပေးကမ်းလှူဒါန်းပြီးသည့် နောက်ပိုင်းကာလတွင် အလှူနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသည့် စေတနာများကို "အပရစေတနာများ" ဟုခေါ်၏။ ပေးကမ်းလှူဒါန်းပြီးသည့်နောက်တွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏ (ဒတွာ အတ္တမနော ဟောတိ)ဆိုသည့် ဘုရားဟောဒေသနာ တော်အတိုင်း အပရစေတနာဆိုသည်မှာ စွန့်ကြဲပေးကမ်းလှူဒါန်းပြီး သည့်နောက်ပိုင်းကာလတွင် ပေးကမ်းလှူဒါန်းမှုနှင့် စပ်၍ ဝမ်းမြောက် ဝမ်းသာဖြစ်နေမှုပင် ဖြစ်၏။ နောက်ပိုင်း တစ်ချိန်ချိန်တွင် သို့မဟုတ် ရံဖန်ရံခါ ဒါနမှုကို သတိရအာရုံပြု၍ စိတ်ကြည်နူးနေမှု စေတနာစုများ သည်လည်း "အပရစေတနာ"များပင် ဖြစ်၏။

အများအားဖြင့် ဤအပရစေတနာကို "အ"အက္ခရာဖျောက်ပြီး "ပရစေတနာ"ဟု သုံးနှုန်းပြောဆိုလေ့ရှိကြ၏။ ကျမ်းဂန်များ၌ကား "ပရ"ဟုမဆို၊ "အပရ"ဟုသာ မိန့်ဆိုတော်မူကြသည်ကို တွေ့ရ၏။ အယံပန အပရ စေတနာ–ဤအပရစေတနာကိုကား၊ အပရာပရံ– အဆင့်ဆင့် အဆက်ဆက်၊ အနုဿရန္တဿ–အဖန်ဖန်တလဲလဲ အောက် မေ့သတိရသောသူအား၊ လဗ္ဘတိ–ရအပ်၏ဟု အင်္ဂုတ္တရအဋ္ဌကထာ၊ အဘိဓမ္မာဝတာရဋီကာသစ် စသော အဋ္ဌကထာ၊ ဋီကာတို့၌ မိန့်ဆို ထားကြ၏။ ထို့ကြောင့် ကျမ်းဂန်နှင့်အညီ "အပရစေတနာ"ဟု ခေါ်သင့်၏။ (အပရစေတနာ=လှူဒါန်းပြီးသည့်နောက်ပိုင်းကာလ၌ သတိရတိုင်း အဆင့်ဆင့် ဆက်လက်ဖြစ်ပွားနေသော စေတနာ)

**မုဉ္စစေတနာနှင့် တိဟိတ်ဒါနကုသိုလ်**

ဤဆိုခဲ့ပြီးသော စေတနာသုံးတန်တွင် မုဉ္စစေတနာသည် ပဋိသန္ဓေ အကျိုးကို ကေန်ပေးနိုင် (ဝါ) ဘဝသစ်တစ်ခုကို ကေန်တည်ထောင် ပေးနိုင်သောကြောင့် မုဉ္စစေတနာပိုင်းသည် အခြားသော ပုဗ္ဗစေတနာ ပိုင်း၊ အပရစေတနာပိုင်းတို့ထက် ပိုပြီးအရေးကြီးလှသည်။ ပုဗ္ဗစေတနာ

နှင့် အပရစေတနာနှစ်မျိုးတို့မှာမူ အလွန်အားကောင်းမှသာ၊ ကြီးမားသည့် အထောက်အပံ့ အကူအညီရမှသာ ပဋိသန္ဓေကျိုးကို ပေးနိုင်ကြသည်။ ဘဝသစ်တစ်ခုကို တည်ထောင်ပေးနိုင်ကြသည်။

အလှူဒါန ပြုကြသည့်အခါ မိမိပြုလုပ်သည့် ဒါနကုသိုလ်သည် "တိဟိတ်ဒါနကုသိုလ်ကမျိုး"ဖြစ်မှ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးကို ပေးနိုင်ပါသည်။ တိဟိတ်ဒါနကုသိုလ်ကမျိုးဖြစ်အောင် လှူဖွယ်ဝတ္ထုပစ္စည်း စုကို့ပေးကမ်းဆဲ၊ လှူဒါန်းဆဲ၊ အလှူခံပုဂ္ဂိုလ်၏ လက်သို့ပေးဆဲ မုဉ္စစေတနာပိုင်းမှာ "ကမ္မဿကတာဉာဏ်"နှင့်ယှဉ်ပြီး လှူဒါန်းပေးကမ်းရသည်။

တိဟိတ်ကုသိုလ်ကံ ဆိုသည်မှာ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်ဆိုသည့် ဟိတ်သုံးပါးပါသည့် ကုသိုလ်မျိုးဖြစ်၏။ အလောဘ၊ အဒေါသ၊ အမောဟ တရားသုံးပါးကို ကုသိုလ်ဖြစ်ရန် အကြောင်းရင်းမူလတရားများ ဖြစ်သည့်အတွက် ဟိတ်ဟုခေါ်ခြင်းဖြစ်၏။ (ဟေတု=ဟိတ်=ကုသိုလ်ဖြစ်ရန် အကြောင်းတရား)

ဒါနကုသိုလ်ပြုသည့်အခါတိုင်း မပေးရက်လို၊ နှမြောဝန်တိုသည့် မစ္ဆရိယ တရားနှင့် ပစ္စည်းပေါ်မှာ တပ်မက်တွယ်တာနေသည့် လောဘတရားတို့ကို မိမိစိတ်သန္တာန်မှ ဖယ်ရှားလိုက်သည် တစ်ပြိုင်နက် ပစ္စည်းပေါ်မှာ မငြိကပ် မတွယ်တာမှု အလောဘဟိတ်နှင့် သဒ္ဓါဝါ၏ အကျိုးတရားကို လိုလားမှု၊ မညှဉ်းဆဲမပုတ်ခတ်၊ မပြစ်မှားမှု အဒေါသဟိတ်တရားနှစ်ပါးကတော့ အလိုလို ပါမြဲဖြစ်၏။ အမောဟဟိတ် ပါဝင်လာဖို့အတွက်ကတော့ သတိထား နှလုံးသွင်း ဆင်ခြင်ကြရ၏။ အမောဟဟိတ် ပါဝင်လာမှ တိဟိတ်ဒါနကုသိုလ် ဖြစ်၏။ ထို့ကြောင့် အမောဟဟိတ်ခေါ်သည့် ပညာဉာဏ်ပါအောင် အလှူဒါန ပြုကြသည့်အခါ ကမ္မဿကတာဉာဏ်နှင့် ယှဉ်ပြီး လှူဒါန်းတတ်ကြဖို့ အထူးလိုပေသည် (အမောဟ=ဉာဏ်ပညာ)

ကမ္မဿကတာဉာဏ် ဆိုသည်မှာ "ကံရှိသည်၊ ကံ၏အကျိုးရှိ

သည်၊ သတ္တဝါများမှာ ကံသာ ကိုယ်ပိုင်ဥစ္စာရှိသည်၊ ကံ၏အမွေကို ခံယူကြရသည်၊ ကံသာ အားထားကိုးကွယ်ရာရှိသည်" စသည်ဖြင့် ကံနှင့် ကံ၏အကျိုးများကို တကယ်ယုံကြည်သက်ဝင် သိမြင်သည့် ဉာဏ်ဖြစ်၏။ (ကမ္မဿကတာဉာဏ်= ကံသာကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိမြင်သောဉာဏ်) ဤကမ္မဿကတာဉာဏ်ကား အခြားမဟုတ်။ ဗုဒ္ဓဘာသာဝင်တိုင်း သိထားကြရမည့် သုစရိုက်ဆယ်ပါးတွင် "သမ္မာ ဒိဋ္ဌိသုစရိုက်"ဖြစ်၍ ပုညကိရိယဝတ္ထုဆယ်ပါးတွင် "ဒိဋ္ဌိဇုကမ္မ"ပင် ဖြစ်၏။

## တိဟိတ်ဒါနဖြစ်အောင် လှူဒါန်းနည်း

လှူဖွယ်ဝတ္ထု၊ ပစ္စည်းစုကို အလှူခံပုဂ္ဂိုလ်လက်ထဲသို့ ပေးနေဆဲ၊ ဆက်ကပ်နေဆဲ၊ စွန့်လွှတ်နေဆဲ မုဉ္စစေတနာပိုင်း အခိုက်အတန့်မှာ "ငါ အခုပြုလုပ်တဲ့ ဒါနကုသိုလ်ကံဟာ ငါ့သန္တာန်မှာ အရိပ်ပမာ လိုက်ပါနေပြီ၊ တစ်ချိန်ချိန်တွင် အကျိုးကောန်ပေးမယ်"ဟု နှလုံးသွင်း ဆင်ခြင်၊ ဉာဏ်အမြင်နှင့် လှူဒါန်းနိုင်ပါလျှင် (သို့မဟုတ်) "ဤကောင်း မှုကုသိုလ်ကံသည် အကျွန်ုပ်နောက်သို့ အရိပ်ပမာ လိုက်ပါ၍ တစ်ချိန် ချိန်တွင် ကောန်အမှန် အကျိုးပေးမည်ဟု ယုံကြည် သိမြင် ကမ္မဿ ကတာဉာဏ်နှင့် ယှဉ်၍ လှူဒါန်းပါ၏"ဟု စိတ်ထဲတွင် အောက်မေ့ နှလုံးသွင်းပြီး လှူဒါန်းပါလျှင် ကမ္မဿကတာဉာဏ်ဆိုသည့် အမောဟ ဟိတ်ပါ ပါဝင်သည့်အတွက် တိဟိတ်ဒါနကုသိုလ်ကံမျိုး ဖြစ်ပါသည်။ မူလက ကံနှင့်ကံ၏အကျိုးကို ယုံကြည်နေသူ ဖြစ်စေကာမူ လှူဆဲ မုဉ္စစေတနာ အပိုင်းမှာ ကမ္မဿကတာဉာဏ်နှင့်ယှဉ်ပြီး မလှူဒါန်းပါက တိဟိတ်ဒါနကုသိုလ် မဖြစ်နိုင်ဟု ကျမ်းဂန်များ၌ ဆိုသည်ကို အထူး သတိထားသင့်ကြ၏။

တိဟိတ်ဒါနကုသိုလ်မျိုး ဖြစ်ပါမှ နောက်ဘဝမှာ တိဟိတ်ပဋိသန္ဓေ ကျိုးပေးပြီး ဉာဏ်ပညာ ထက်မြက်စူးရှသည့် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်

မျိုး ဖြစ်နိုင်ပါသည်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်မှ တရားအားထုတ်လျှင် ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကို ထိုးဖောက်သိမြင် ရရှိနိုင်ပါသည်။

မုဥ္စစေတနာပိုင် အခိုက်အတန့်မှာ ကမ္မဿကတာဉာဏ် မပါစေကာမူ ဝိပဿနာဉာဏ်နှင့်ယှဉ်ပြီး ပြုလုပ်နိုင်လျှင်လည်း ဉာဏ်ပညာခေါ်သည့် အမောဟဟိတ် ပါသည့်အတွက် တိဟိတ် ဒါနကုသိုလ်ကံပင်ဖြစ်၏။ ဝိပဿနာဉာဏ် ဆိုသည်မှာ "ဒီလှူဖွယ်ဝတ္ထုပစ္စည်းစုဟာ ရုပ်တရား စုတွေသာဖြစ်တယ်၊ အလှူပေးပုဂ္ဂိုလ်နှင့် အလှူခံပုဂ္ဂိုလ်တွေဟာလည်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးသာ ဖြစ်ကြတယ်။ ဒီရုပ်နာမ်တရားတွေ အားလုံးဟာ အမြဲမရှိ အနိစ္စ၊ ဆင်းရဲအစု-ဒုက္ခ၊ အစိုးမရ၊ အလိုသို့မလိုက်၊ အနှစ်သာရ အတ္တမရှိ အနတ္တတရားတွေပဲ"ဟု ပေးလှူဆဲအခိုက်မှာ ရှုမြင်ဆင်ခြင်သည့်ဉာဏ်အမြင်မျိုး ဖြစ်၏။

အလှူဒါနပြုကြသည့်အခါ ဆိုခဲ့ပြီးသော ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် နှစ်မျိုးလုံးယှဉ်ပြီး လှူဒါန်းနိုင်ပါက **အတိုင်းထက်အလွန်၊ တံခွန်နဲ့ဘုရား** ဆိုသကဲ့သို့ ဒါနကုသိုလ်ကံသည် ပိုမိုထက်မြက်အားကောင်းပြီး ကြီးကျယ်ဖွံ့ဖြိုး အကျိုးတရားမျိုးကို ပေးနိုင်ပါသည်။ ဝိပဿနာဉာဏ်မပါဘဲ ကမ္မဿကတာဉာဏ်နှင့်ယှဉ်ပြီး လှူဒါန်းနိုင်လျှင်ပင် တိဟိတ်ဒါနကုသိုလ်ကံ ဖြစ်နေပါပြီ။ ဝိပဿနာဉာဏ်ကတော့ ပိုမိုအကျိုးကြီး သည်ထက်ကြီးအောင် မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့ရအောင် အထွတ်တပ်ပေးခြင်း ဖြစ်ပါသည်။

ထိုဉာဏ်နှစ်မျိုးတွင် ဝိပဿနာဉာဏ်ဖြစ်ရန်ထက် ကမ္မဿကတာဉာဏ်ဖြစ်ရန် ပိုပြီးလွယ်ကူပါသည်။ ထို့ကြောင့် တိဟိတ်ဒါနကုသိုလ်ကံ ဖြစ်စေရန် ဝိပဿနာဉာဏ်ဖြင့် အထွတ်မတပ်နိုင်စေကာမူ ကမ္မဿကတာဉာဏ်နှင့်ယှဉ်ပြီး ကုသိုလ်ကောင်းမှု ပြုသင့်ကြသည်။ ကုသိုလ်ကောင်းမှုပြုတိုင်းလည်း ဤကမ္မဿကတာဉာဏ်ပါအောင် အလေးအနက် သတိထားသင့်ကြပါသည်။

**ဟိတ်နှင့်စပ်၍ ဒါနကုသိုလ်(၄)မျိုး**

အလှူဒါနပြုကြရာ၌ အလှူရှင်ပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်ပေါ်လာသည့် ကုသိုလ် **ဟိတ်တရား**များနှင့်စပ်၍ ကျမ်းဂန်များ၌ ဒါနကုသိုလ်လေးမျိုး ခွဲခြားပြထားကြပေသည်။ ထိုလေးမျိုးမှာ–

၁။ တိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်

၂။ တိဟိတ်ဩမက ဒါနကုသိုလ်

၃။ ဒွိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်

၄။ ဒွိဟိတ်ဩမက ဒါနကုသိုလ်

တို့ ဖြစ်ကြသည်။

ထိုတွင် တိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ် ဆိုသည်မှာ အလှူဒါနပြုသည့် အခါ အလောဘ၊ အဒေါသ၊ အမောဟဆိုသည့် ကုသိုလ်ဟိတ်သုံးပါး ပါဝင်ပြီး မွန်မြတ်သောနည်းဖြင့် လှူဒါန်းသည့် ကုသိုလ်ဖြစ်သည်။ (တိဟိတ်=ကုသိုလ် ဟိတ်သုံးပါး+ဥက္ကဋ္ဌ=မွန်မြတ်သောနည်းဖြင့်+ဒါန ကုသိုလ်=လှူဒါန်းသည့်ကုသိုလ်)

အလှူဒါနပြုသည့်အခါ အလောဘ၊ အဒေါသ၊ အမောဟ ဆိုသည့် ကုသိုလ်ဟိတ်သုံးပါး ပါဝင်လာသော်လည်း ညံ့ဖျင်းသောနည်းဖြင့် လှူဒါန်းသည့် ကုသိုလ်မျိုးကို တိဟိတ်ဩမက ဒါနကုသိုလ်ဟုခေါ်၏။ (တိဟိတ်=ကုသိုလ်ဟိတ်သုံးပါး+ဩမက=ညံ့ဖျင်းသော နည်းဖြင့်+ဒါန ကုသိုလ်= လှူဒါန်းသည့်ကုသိုလ်)

ဒွိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်မှာ အလှူဒါနပြုသည့်အခါ အမောဟ ဆိုသည့် ဉာဏ်မပါဘဲ အလောဘ၊ အဒေါသကုသိုလ်ဟိတ် နှစ်ပါးသာ ပါသော်လည်း မွန်မြတ်သောနည်းဖြင့် လှူဒါန်းသည့် ကုသိုလ်ဖြစ်သည်။ (ဒွိဟိတ်=ကုသိုလ် ဟိတ်နှစ်ပါး+ဥက္ကဋ္ဌ = မြတ်သောနည်းဖြင့်+ဒါန ကုသိုလ် = လှူဒါန်းသည့်ကုသိုလ်)

အလှူဒါနပြုသည့်အခါ အလောဘ၊ အဒေါသဆိုသည့် ကုသိုလ် ဟိတ်နှစ်ပါးမျှသာ ပါဝင်၍ ညံ့ဖျင်းသောနည်းဖြင့်လှူဒါန်းသည့် ကုသိုလ်

မျိုးကို ဒွိဟိတ် ဩမကဒါနကုသိုလ်ဟု ခေါ်၏။ (ဒွိဟိတ်=ကုသိုလ်ဟိတ်နှစ်ပါ +ဩမက= ညံ့ဖျင်း သောနည်းဖြင့်+ဒါနကုသိုလ်=လှူဒါန်းသည့်ကုသိုလ်)

## တိဟိတ် ဥက္ကဋ္ဌ ဒါနကုသိုလ်

ဟိတ်တရားများနှင့်စပ်၍ ဖော်ပြခဲ့ပြီးသော ဒါနကုသိုလ်လေးမျိုးအနက် နံပါတ်(၁)ဖြစ်သည့် "တိဟိတ် ဥက္ကဋ္ဌ ဒါနကုသိုလ်"အကြောင်းကို မကျဉ်း မကျယ် နားလည်လွယ်သောနည်းဖြင့် ရှင်းလင်းပြပါမည်။ အလှူဒါနပြုကြရာမှာ ကြီးကျယ်ဖွံ့ဖြိုး၊ မြင့်မြတ်သည့်အကျိုးကို ပေးနိုင်အောင် လှူဒါန်းတတ်ကြဖို့ လိုသေး၏။ ဤလှူဒါန်းနည်းပညာသည် အလွန်အရေးကြီး၏။ ဗုဒ္ဓဘာသာဝင်တိုင်း သိထားရမည့် နည်းပညာဖြစ်၏။ ယခု ဗုဒ္ဓဘာသာဝင်များ လှူဒါန်းနေကြသည်မှာ အလှူခံလက်ထဲ ပစ္စည်းပေးလိုက်လျှင် ပြီးတာပဲ ဒါနဖြစ်တာပဲ ဆိုသည့်သဘောမျိုးများကြ၏။ ဒါနတော့ ဖြစ်ပါ၏။ သို့သော် ပစ္စည်းကုန်ရချင်း အတူတူ ဗုဒ္ဓနည်းကျကျ လှူဒါန်းသကဲ့သို့ ကြီးကျယ်ဖွံ့ဖြိုးသောအကျိုးကို ပေးရန်ခဲယဉ်း၏။ ဖော်ပြခဲ့ပြီးသည့် တိဟိတ်ဒါနကုသိုလ်ကံကို အမြတ်စား "တိဟိတ် ဥက္ကဋ္ဌ ဒါနကုသိုလ်ကံ"များ ဖြစ်အောင်လှူဒါန်းလျှင် ကြီးကျယ်သည့်အကျိုးကို ရနိုင်ပါသည်။

တိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်ကံဆိုသည်မှာ

(၁) ရှေ့တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း လှူဖွယ်ဝတ္ထုပစ္စည်းတို့စွန့်လွှတ်လှူဒါန်းဆဲ မုဉ္စစေတနာအခိုက်၌ ကမ္မဿကတာဉာဏ်သို့မဟုတ် ဝိပဿနာ ဉာဏ်နှင့်ယှဉ်ပြီး လှူရမည်။ "ဒဒံ စိတ္တံ ပသာဒယေ"ဟူသော ဘုရားဟောနှင့်အညီ စိတ်ကို ကြည်ကြည်လင်လင်ရှိစေရမည်။ ဤစေတနာသည် စေတနာသုံးတန်တွင် အရေးအကြီးဆုံးဖြစ်၍ အလွန်သတိထားသင့်၏။ လှူဒါန်းနည်းကို သိထားသူများပင် သတိလက်လွတ်ဖြစ်တတ်၍ သတိပေးခြင်းဖြစ်၏။

(၂) မလှူမီ ရှေ့အဖို့ ပုဗ္ဗစေတနာပိုင်းမှာ အကုသိုလ်မဖက်၊ ကုသိုလ်ချည်းသက်သက် ဖြစ်နေရမည်။ အကျယ်ချဲ့၍ ဆိုရလျှင် "ပုဗ္ဗေဝ ဒါနာ သုမနော"ဟူသော ဘုရားဟောအတိုင်း မလှူမီ ရှေ့အဖို့ကာလမှာ လှူဒါန်းမှုနှင့်စပ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်။ စိတ်ကြည်နူးနေရမည်။ အလှူကိစ္စနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်မှု၊ ဒေါသတရားဖြစ်ပွားမှု၊ မလှူချင် လှူချင်နှင့် နှမြောတွန့်တိုနေမှု၊ ဂုဏ်သတင်းကြီးလိုမှု၊ အထောက်အပံ့ အကူအညီကို မျှော်လင့်မှု၊ ပူဇော်သက္ကာရ ခံယူလိုမှု၊ အချီးမွမ်းခံလိုမှု၊ အလှူအတွက် သတ်မှု၊ ခိုးမှု၊ လိမ်ညာပြောဆိုမှု၊ ဒံပေါက်ထမင်းအော်ဒါမှာမှု စသော အကုသိုလ်အညစ်အကြေးများမှ ကင်းစင်ရမည်။

"ငါနဲ့ အရိပ်ပမာ ဘဝစဉ်ဆက် လိုက်ပါပြီး အကျိုးပေးမယ့် အနုဂါမိက ဥစ္စာဖြစ်တဲ့ ဒါနကုသိုလ်ကို ငါပြုရတော့မယ်၊ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံတဲ့အတွက် အနှစ်သာရ အခိုင်အမာမရှိတဲ့ ပစ္စည်းဥစ္စာစုတွေကို ရန်သူမျိုးငါးပါး ဘယ်တော့မှ မဖျက်ဆီးနိုင်တဲ့အတွက် ခိုင်မာပြီး အနှစ်သာရရှိတဲ့ ဒါနကုသိုလ်မှုကို ပြုရတော့မယ်" စသည်ဖြင့် စိတ်စေတနာထက်သန်နေခြင်း၊ တက်ကြွရွှင်လန်းနေခြင်း ဝမ်းမြောက်ရွှင်မြူး စိတ်ကြည်နူးနေခြင်း စသော ကုသိုလ် ပုဗ္ဗစေတနာများသာ ဖြစ်နေရမည်။

(၃) ပေးကမ်းလှူဒါန်းပြီးသည့်နောက်ပိုင်းကာလဖြစ်သော အပရစေတနာပိုင်းမှာလည်း "ဒတွာ အတ္တမနော ဟောတိ"ဟူသော ဘုရားဟောအတိုင်း စိတ်ကြည်နူးချမ်းသာ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်။ "ငါလှူမိတာ မှားလေခြင်း၊ သူတို့ တိုက်တွန်းလို့သာ လှူလိုက်ရတယ်၊ ယခု လှူလိုက်လို့ ပစ္စည်းဥစ္စာ လျော့သွားတယ်၊ ကြွေးတင်သွားတယ်" စသည်ဖြင့် အကုသိုလ်အညစ်အကြေးများ မရောနှောဘဲ ရက်ရှည်လများ ကြံစည်ထားတဲ့ အလှူကြီး အထမြောက်သွားပြီ၊ ရှေ့ပညာရှိသူတော်ကောင်းတွေရဲ့ ကျင့်ရိုးကျင့်စဉ် လမ်းရိုးလမ်းစဉ်ကို အတုလိုက်

ပြီး ပြုလုပ်ရပေပြီ၊ အင်မတန် ကောင်းမွန်မြင့်မြတ်တဲ့ သံသရာရိုက္ခာ ထုပ်ကြီးကို ထုပ်ပြီးပြီ၊ ကောင်းလေစွ”ဟု အလှူဒါနကို အောက်မေ့ အမှတ်ရတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ အလှူအကြောင်း သတိရ တိုင်း စိတ်ကြည်နူးနေခြင်း၊ နှစ်သက်ကျေနပ်အားရနေခြင်း စသည်ဖြင့် ကုသိုလ် အပရစေတနာများသာ ဖြစ်နေရမည်။

ဤကဲ့သို့ (၁) ပစ္စည်းဥစ္စာကို စွန့်လွှတ် လှူဒါန်းဆဲ မုဥ္စစေတနာ ပိုင်းမှာလည်း ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် နှစ်ပါးတွင် တစ်ပါးပါးနှင့်ယှဉ်ပြီး လှူရမည်။ (၂) (၃) မလှူမီ ရှေ့အဖို့ ပုဗ္ဗစေတနာ ပိုင်းနှင့် လှူဒါန်းပြီးသည့်နောက်အဖို့ အပရစေတနာပိုင်း နှစ်ပိုင်းလုံးမှာ အကုသိုလ်မဖက် ကုသိုလ်ချည်းသက်သက် ခြံရံရမည်ဆိုသည့် အင်္ဂါ သုံးရပ်နှင့်ညီညွတ်လျှင် “တိဟိတ် ဥက္ကဋ္ဌ ဒါနကုသိုလ်”ဆိုသည့် အမြတ်ဆုံးဒါနကုသိုလ်ဖြစ်ပါသည်။ (တိဟိတ်=အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါး+ဥက္ကဋ္ဌ ဒါန ကုသိုလ် = အမြတ်စား အလှူ ကုသိုလ်)

## တိဟိတ် ဩမကဒါနကုသိုလ်

ဩမကဒါနကုသိုလ်ဆိုသည်မှာ အညံ့စားဒါနကုသိုလ်မျိုးဖြစ်၏။ အလှူဝတ္ထု ပစ္စည်းစုကို စွန့်လွှတ်ပေးကမ်းလှူဒါန်းဆဲ မုဥ္စစေတနာပိုင်းမှာ ဖော်ပြပြီးခဲ့သည့်အတိုင်း ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ် နှစ်မျိုး တွင် တစ်မျိုးမျိုးနှင့် ယှဉ်ပြီး လှူဒါန်းလျှင် အလောဘ၊ အဒေါသနှင့် ဉာဏ်ဆိုသည့် အမောဟ ဟိတ်သုံးမျိုး ပါသည့်အတွက် တိဟိတ်ဒါန ကုသိုလ်ဖြစ်၏။ သို့ရာတွင် မလှူမီ ရှေ့အဖို့ ပုဗ္ဗစေတနာပိုင်းနှင့် လှူဒါန်းပြီးနောက်အဖို့ အပရစေတနာပိုင်း နှစ်ပိုင်းလုံးမှာ အကုသိုလ် များ ခြံရံနေလျှင် (ဝါ) အကုသိုလ်စိတ်စေတနာများ ဖြစ်နေလျှင် ထိုတိဟိတ်ဒါနကုသိုလ်သည် အညံ့စား(ဩမက)ဖြစ်သွား၏။ ထို ကုသိုလ်မျိုးကို “တိဟိတ် ဩမကဒါနကုသိုလ်”ဟုခေါ်သည်။ (တိဟိတ်

=ဟိတ်သုံးပါး ပါသော=သြမကဒါနကုသိုလ်=အညံ့စား အလျှုကုသိုလ်)

အကုသိုလ်ခြံရံပုံမှာ မလှူမီ ရှေ့အဖို့ ပုဗ္ဗစေတနာပိုင်းတွင် "မလှူချင် လှူချင်နှင့် နှမြောတွန့်တိုနေမှု၊ အလှူကိစ္စနှင့် ပတ်သက်၍ မကျေနပ် ဖြစ်မှု၊ ဂုဏ်သတင်းကြီးလိုမှု၊ အထောက်အပံ့ အကူအညီကို မျှော်လင့်မှု၊ ပူဇော်သက္ကာရ ခံယူလိုမှု၊ အချီးမွမ်းခံလိုမှု၊ အလှူနှင့်စပ်ပြီး သတ်မှု၊ ခိုးမှု၊ လိမ်ပြောမှု၊ တစ်ပါးအသက်သတ်မှု (ဒံပေါက်ထမင်းအော်ဒါမှာမှု) စသည့် အကုသိုလ် စိတ်စေတနာများ ဖြစ်ပွားနေမှုမျိုး ဖြစ်၏။

လှူဒါန်းပြီးနောက်အဖို့ အပရစေတနာပိုင်းမှာလည်း "ငါလှူမိတာ များလေခြင်း၊ လှူမည့်အစား ဘာဝယ်လိုက်ရရင် အကောင်းသား၊ လှူလိုက်လို့ ကြွေးတင်သွားရတယ်၊ အဲဒီကြွေးကို ဘယ်လိုဆပ်ရပါ့မလဲ၊ ပစ္စည်းဥစ္စာလည်း လျော့သွားတယ် စသည်ဖြင့် မိမိအလှူကို အောက်မေ့ တွေးတောတိုင်း အကုသိုလ်စိတ် စေတနာများ ဖြစ်နေခြင်းမျိုးဖြစ်၏။ ဤသို့ဖြစ်လျှင် မိမိလှူဒါန်းသည့် ဒါနကုသိုလ်သည် အညံ့စား(သြမက) အဆင့်အတန်းမျိုး ဖြစ်သွားပါသည်။

## ဒွိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ်

ဒွိဟိတ်ဆိုသည်မှာ ပေးကမ်းလှူဒါန်းခိုက်မှာ အမောဟဟိတ်ခေါ် သည့် ဉာဏ်မပါဘဲ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးသာပါသည့် ကုသိုလ်မျိုးဖြစ်သည်။ ပစ္စည်းဝတ္ထုများကို အလှူခံထံသို့ စွန့်လွှတ်ပေး ကမ်းလှူဒါန်းဆဲ မုဉ္စစေတနာပိုင်းမှာ ကမ္မဿကတာဉာဏ်၊ ဝိပဿနာ ဉာဏ်နှစ်မျိုးတွင် တစ်မျိုးမျိုးနှင့် မယှဉ်ဘဲ (ဝါ) တစ်မျိုးမျိုး မပါဘဲ အမှတ်တမဲ့ လှူဒါန်းပါက အမောဟခေါ် ဉာဏ်မပါသည့်အတွက် ဒွိဟိတ်ကုသိုလ်ဖြစ်၏။ ယခုကာလ ထိုကုသိုလ်မျိုး အဖြစ်များ၏။

ဒါနကောင်းမှု ပြုသည့်အခါတိုင်း လှူရမည့် ပစ္စည်းအပေါ်မှာ တွယ်တာ သိမ်းပိုက်ထားလိုမှု လောဘကို ဖယ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ပစ္စည်းပေါ်မှာ မတွယ်တာမှု၊ အလောဘဟိတ်နှင့် အလှူခံ

ပုဂ္ဂိုလ်အား ချမ်းသာလိုမှု၊ မပြစ်မှားမှု စသော အဒေါသဟိတ်တရားနှစ်ပါး ကတော့ ပါမြဲဖြစ်၏။ ထို့ကြောင့် ဒွိဟိတ်သာ ဖြစ်ခြင်းဖြစ်၏။

ထို ဒွိဟိတ်ကုသိုလ်သည် မလျှမ်ိ ရှေ့အဖို့ ပုဗ္ဗစေတနာပိုင်းနှင့် လျှပြီး နောက်အဖို့ အပရစေတနာပိုင်း နှစ်ပိုင်းလုံးတွင် တိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ်မှာကဲ့သို့ အကုသိုလ်မဖက် ကုသိုလ်ချည်းသက်သက် ခြံရံမည်ဆိုလျှင် "ဒွိဟိတ် ဥက္ကဋ္ဌ ဒါန ကုသိုလ်"ဖြစ်တော့၏။ (ဒွိဟိတ်=ဟိတ်နှစ်ပါးသာပါသော+ဥက္ကဋ္ဌဒါနကုသိုလ်=အမြတ်စား အလှူကုသိုလ်)

## ဒွိဟိတ် ဩမကဒါနကုသိုလ်

ဒွိဟိတ်ဩမကဒါနကုသိုလ်ဆိုသည်မှာ ဟိတ်နှစ်ပါးသာပါရှိသော အညံ့စား ဒါနကုသိုလ်မျိုးဖြစ်၏။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း မုဉ္စစေတနာပိုင်းမှာ ဉာဏ်ကောင်းမှုကုသိုလ်ကံသည် အကျွန်ုပ်နောက်သို့ အရိပ်ပမာ လိုက်ပါ၍ တစ်ချိန်ချိန်တွင် အကျိုးပေးမည်ဟု ယုံကြည်သိမြင်သော ကမ္မဿကတာဉာဏ်နှင့်ယှဉ်၍ လှူဒါန်းပါ၏ဟု ဉာဏ်ပါသော နှလုံးသွင်း လှူဒါန်းမှုမျိုး မဟုတ်ဘဲ အမှတ်တမဲ့ လှူဒါန်းပါက လှူဒါန် စဉ် အမောဟခေါ် ဉာဏ်မပါဘဲ အလောဘ၊ အဒေါသ၊ ဟိတ်နှစ်ပါးသာပါသည့်အတွက် ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဒါနကုသိုလ်ဟု ခေါ်၏။

ထို ဒွိဟိတ်ကုသိုလ်သည် မလျှမီ ရှေ့အဖို့ ပုဗ္ဗစေတနာပိုင်းနှင့်လျှပြီး နောက်အဖို့ အပရစေတနာပိုင်း နှစ်ပိုင်းလုံးတွင် တိဟိတ်ဩမကဒါနကုသိုလ်မှာ ဆိုခဲ့သည့်အတိုင်း အကုသိုလ်တရားများ ဖြစ်ပွားခြံရံနေလျှင် အညံ့စား(ဩမက) ကုသိုလ် ဖြစ်သွား၏။ ထို့ကြောင့် ထိုကုသိုလ်မျိုးကို "ဒွိဟိတ် ဩမက ဒါနကုသိုလ်"ဟု ခေါ်ရ၏။ (ဒွိဟိတ်=ဟိတ်နှစ်ပါးသာပါသော+ဩမကဒါန ကုသိုလ်=အညံ့စားအလှူကုသိုလ်)

## အယုတ်အမြတ်ဒါနကုသိုလ်ကံ (၄)မျိုးအချုပ်

အထက်၌ဖော်ပြခဲ့သော ဒါနကုသိုလ် (၄)မျိုးကို သိလွယ်၊ မှတ်လွယ်အောင် အကျဉ်းချုပ်၍ ပြန်လည်ဖော်ပြရသော်

(၁) ဒါနကုသိုလ်ပြုဆဲ၌ ဉာဏ်နှင့်ယှဉ်၍လည်း ပြု၏၊ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌လည်း လောဘ၊ ဒေါသ စသော အကုသိုလ်များ ကင်း၏။ ထိုကုသိုလ်မျိုးကို တိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်ဟုခေါ်၏။

(၂) ဒါနကုသိုလ်ပြုဆဲ၌မူ ဉာဏ်နှင့်ယှဉ်၍ ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌ကား လောဘ၊ ဒေါသ စသော အကုသိုလ်များ ဖြစ်ပွားခဲ့၏။ ထိုကုသိုလ်မျိုးကို တိဟိတ်ဩမက ဒါနကုသိုလ်ဟု ခေါ်၏။

(၃) ဒါနကုသိုလ်ပြုဆဲ၌ကား ဉာဏ်နှင့်မယှဉ်ဘဲ ကလေးသူငယ်များ ပြုသကဲ့သို့ အမှတ်တမဲ့ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌မူ လောဘ၊ ဒေါသ စသော အကုသိုလ်များ ကင်းစင်၍ ကုသိုလ်တရားသာ ဖြစ်ပွားခဲ့၏။ ထိုကုသိုလ်မျိုးကို ဒွိဟိတ် ဥက္ကဋ္ဌ ဒါနကုသိုလ်ဟုခေါ်၏။

(၄) ဒါနကုသိုလ်ပြုဆဲ၌လည်း ဉာဏ်မပါဘဲ ကလေးသူငယ်များပမာ အမှတ်တမဲ့ပြု၏။ ကုသိုလ်မပြုမီ ရှေ့ပိုင်းနှင့် ကုသိုလ်ပြုပြီး နောက်ပိုင်းတို့၌လည်း လောဘ၊ ဒေါသ စသော အကုသိုလ်တရားများ ဖြစ်ပွားခဲ့သည်။ ထိုကုသိုလ်မျိုးကို ဒွိဟိတ်ဩမကဒါနကုသိုလ်ဟု ခေါ်၏။

## ဆောင်ပုဒ်လင်္ကာ

၁။ လှူဒါန်းဆဲတွင်၊ ဉာဏ်နှင့်ယှဉ်၊ ခေါ်တွင်တိဟိတ်ပ၊

၂။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ခြံ၊ အမှန်ဥက္ကဋ္ဌ၊ (တိဟိတ်ဥက္ကဋ္ဌ)

၃။ ရှေ့နောက်နှစ်တန်၊ အကုသိုလ်ခြံ၊ အမှန်ဩမက၊ (တိဟိတ်ဩမက)

၄။ လူ့ဒါန်ဆဲတွင်၊ ဉာဏ်မယှဉ်၊ ခေါ်တွင်ဒွိဟိတ်ပ၊

၅။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ခြံ၊ အမှန်ဥက္ကဋ္ဌ၊ (ဒွိဟိတ်ဥက္ကဋ္ဌ)

၆။ ရှေ့နောက်နှစ်တန်၊ အကုသိုလ်ခြံ၊ အမှန်ဩမတ၊ (ဒွိဟိတ်ဩမက)

## ဒါနကုသိုလ်ကံ (၄)မျိုးဘို့ အကျိုးပေးပုံ

ဖော်ပြခဲ့ပြီး အယုတ်၊ အမြတ် ကုသိုလ်(၄)မျိုးတို့တွင် အမြတ်စား ဖြစ်သည့် "တိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်ကံ"မျိုး ဖြစ်ပါက ထိုဒါနကုသိုလ်ကံကြောင့် လူ့ဘုံနှင့် နတ်ပြည်(၆)ဘုံဟူသော သုဂတိ(၇)ဘုံတွင် တစ်ဘုံဘုံ၌ တိဟိတ် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် လေးပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ၍ ဉာဏ်ပညာထက်မြက်သည့် "တိဟိတ်ပုဂ္ဂိုလ်"အမျိုးအစား ဖြစ်ရ၏။

လူ၊ နတ် ဖြစ်ပြီးသည့် နောက်၌လည်း အထက်တန်းစား လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ရရှိခံစားရခြင်း၊ စိတ်ချမ်းသာမှုတို့ကို ရရှိခြင်း၊ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ဥယျာဉ်၊ ရေကန်၊ ဘုံဗိမာန်၊ အဆင်တန်ဆာ၊ အဆောက်အအုံ စသည်တို့ကို ရရှိပိုင်ဆိုင်ခြင်း၊ မြင်တွေ့ရခြင်း စသော ပဝတ္တိကျိုးများလည်း ဖြစ်ပွားနိုင်၏။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရားများကို ပွားများအားထုတ်ပါက လက်ရှိဘဝမှာပင် ရေးပါရမီအလိုက် ထိုက်သင့်သော ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများကိုလည်း ရရှိနိုင်သည်။

"တိဟိတ်ဩမက ဒါနကုသိုလ်ကံ"နှင့် "ဒွိဟိတ်ဥက္ကဋ္ဌ ဒါနကုသိုလ်ကံ" နှစ်မျိုးတွင် တစ်မျိုးမျိုးဖြစ်ပါက ထိုဒါနကုသိုလ်ကံကြောင့် လူ့ဘုံ၊ နတ်ဘုံတို့တွင် တစ်ဘုံဘုံ၌ ဉာဏ်ပညာထက်မြက်သည့် တိဟိတ်ပုဂ္ဂိုလ်မျိုး မဖြစ်နိုင်ဘဲ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်(၄)

ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ၍ ဉာဏ်ပညာကင်းသော "ဒွိဟိတ် ပုဂ္ဂိုလ်မျိုး"သာ ဖြစ်ရ၏။

လူ၊ နတ် ဖြစ်ပြီးသည့်နောက်၌လည်း အလတ်စား လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို ရရှိနိုင်၏။ သို့ရာတွင် ထိုဘဝတွင် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတရားများကို ပွားများအားထုတ်ငြားလည်း မူလ ပဋိသန္ဓေစိတ်က ဉာဏ်ကင်းနေမှုကြောင့် ဈာန်တရား၊ မဂ်တရား၊ ဖိုလ် တရားများအထိ မရနိုင်ဘဲ ပါရမီကုသိုလ်မျှသာ ဖြစ်နိုင်၏။

"ဒွိဟိတ်ဩမကဒါနကုသိုလ်ကံ"မျိုးဖြစ်ပါက ထိုဒါနကုသိုလ်ကံ ကြောင့် လူ့ဘုံနှင့် စတုမဟာရာဇ်နတ်ဘုံ နှစ်ဘုံတွင် တစ်ဘုံဘုံ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေ၍ "သုဂတိအဟိတ်ပုဂ္ဂိုလ်"မျိုးသာဖြစ်ရ၏။ ယခုဖော်ပြခဲ့ပြီးသော သုဂတိ ပဋိသန္ဓေသုံးမျိုးတွင် အညံ့ဆုံးပဋိသန္ဓေပင် ဖြစ်၏။ ကုသိုလ်ဒါနကို ပြုခဲ့ပါလျက် ပြုပုံပြုနည်း အချိုးမကျသည့်အတွက် ဤအညံ့ဆုံးပဋိသန္ဓေ ကျိုးကို ရရှိသည်မှာ အလွန်ဝမ်းနည်းဖွယ်ရာကောင်းလှ၏။

ထိုဒါနကုသိုလ်ကံကြောင့် လူဖြစ်လျှင် ပဋိသန္ဓေအခါကပင် မျက်စိ ကန်းသူ၊ နားပင်းသူ၊ အနံ့မရအောင် နှာခေါင်းချွတ်ယွင်းသူ၊ စကား မပြောနိုင်ဘဲ ဆွံ့အသူ၊ အရပ်ဒေသကိုပင် မသိအောင် မမှတ်မိအောင် ထုံထိုင်းအနသူ၊ စိတ်ဖောက်ပြန်ပြီး ရူးနေသူ၊ ကာမဂုဏ်ပူလောင်သော ကြောင့် ပန်းစုပ်ခြင်း စသော ယုတ်မာမှုအမျိုးမျိုးတို့ကို ပြုကျင့်ရသူ (ပဏ္ဍုတ်)၊ ယောကျ်ားတစ်လှည့်၊ မိန်းမတစ်လှည့်ဖြစ်သူ(ဥဘတော ဗျည်း)၊ ယောကျ်ားမဟုတ် မိန်းမ မဟုတ် လိင်နိမိတ်မှကင်းသူ(နပုန်း)၊ ငန်းစွဲသူ စသော လူအညံ့စားများ ဖြစ်ကြ၏။

နတ်ဖြစ်လျှင်လည်း စတုမဟာရာဇ်နတ်မျိုးတွင် ပါဝင်သော ဝိနိ ပါတိက အသုရာများနှင့် ဘီလူးကုမ္ဘာဏ်၊ တစ္ဆေ၊ မြေဘုတ်၊ အစိမ်း သရဲ စသည့် နတ်အညံ့စားများသာ ဖြစ်ကြရ၏။

ဤအကျိုးပေးပုံများကိုကြည့်လျှင် အညံ့ဆိုးသုဂတိ အဟိတ်ပဋိသန္ဓေ

ဘာ "ဖောင်စီး ရင် ရေဝေး"ဆိုသကဲ့သို့ အလှူဒါန ကုသိုလ်ကောင်းမှု ကို သူများ နည်း တူ ပြုလုပ်လှူဒါန်း ခဲ့သော်လည်း လှူဒါန်းပုံ လှူဒါန်းနည်း အချို့ မကျသည့်အတွက် အကျိုး ပေး အညံ့ဆုံး ဖြစ်ကြောင်း တွေ့ ရ၏။ ရှင်တော်ဗုဒ္ဓ ဟောကြား ခဲ့သည့် တရား တော်များ ဘက်၌ (ဝါ) ဗုဒ္ဓ ဘာသာရေး ဘက်၌ ဗဟုသုတ နည်းပါး ခဲ့သဖြင့် အလှူဒါနပြုစဉ်အခါ က ပုဗ္ဗစေတနာပိုင်း နှင့် အပရစေတနာပိုင်း တို့၌လည်း လောဘ၊ ဒေါသ၊ မောဟ စသည့် အကုသိုလ်များ ခြံရံခဲ့သည်။ စွန့်လွှတ်လှူဒါန်း ဆဲ မုဥ္စ စေတနာပိုင်း ၌လည်း ကံ,ကံ၏အကျိုး ကို ယုံကြည် သိမြင်မှုဆိုသည့် ကမ္မဿကတာဉာဏ်နှင့်မယှဉ်ဘဲ အမှန်တမဲ့လှူဒါန်း ခဲ့သည်။

ထို့ကြောင့် သူများနည်းတူ အလှူဒါနကို ပြုလုပ်ခဲ့ပါလျက် လှူဒါန်း ပုံ လှူဒါန်း နည်း ဗုဒ္ဓနည်း မရ အချို့ မကျသည့်အတွက် အနိမ့်ဆုံး၊ အညံ့ဆုံး သုဂတိ အဟိတ်ပဋိသန္ဓေအကျိုးကိုသာ ရရှိရခြင်းဖြစ်သည်။ ထိတ်လန့်ဖွယ်၊ ဝမ်းနည်းဖွယ်၊ သံဝေဂရဖွယ် ကောင်း ပေစွ။ အလှူဒါန ပြုရာ၌ သတိထား ဖွယ်ကောင်းပေစွ။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော် စင်တို့သည် ဒါနကုသိုလ်ပြုလုပ်ကြရာ၌ အမှတ်တမဲ့မပြုကြဘဲ လှူဒါန်း စွန့်လွှတ်ရကျိုး နပ်အောင် ဖော်ပြခဲ့ပြီးသော ကုသိုလ်လေ မျိုးတို့တွင် အကျိုး ပေး အကောင်းဆုံးဖြစ်သည့် "တိဟိတ်ဥက္ကဋ္ဌဒါန ကုသိုလ်"မျိုး ဖြစ်အောင် သတိဆောင်၍ ကြိုးစား ပြုလုပ်သင့်ကြပေသည်။

## စေတနာသုံးတန်၏ အကျိုးပေးပုံ

စေတနာသုံးတန်၏ သဘောအဓိပ္ပာယ်တို့ကို ရှေ့ပိုင်းတွင် အတော် အသင့် ဖော်ပြခဲ့ပြီး ပေပြီ။ ယခု ထိုစေတနာသုံးတန်တို့၏ အကျိုး ပေး ပုံကို ဖော်ပြပါမည်။ ထိုစေတနာသုံး တန်တွင် ပုဗ္ဗစေတနာနှင့် အပရ စေတနာတို့သည် မုဥ္စစေတနာ ထက်သန်မွန်မြတ်ဖို့ရန် အကြောင်း စေတနာများ သာ ဖြစ်သောကြောင့် မုဥ္စစေတနာကသာ ပဋိသန္ဓေအကျိုး ကို ပေး နိုင်သည်။ ဘဝသစ်တစ်ခုကို ထူထောင်ပေးနိုင်သည်။

ပုဗ္ဗစေတနာနှင့် အပရစေတနာတို့မှာမူ ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ဘဝသစ်တစ်ခုကို ထူထောင်မပေးနိုင်၊ ပဝတ္တိအကျိုးမျှကိုသာ ပေးစွမ်းနိုင်၏။ ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ စူဠကမ္မဝိဘင်္ဂ သုတ်အဖွင့်၌ "ဆုံးဖြတ်သော သန္နိဋ္ဌာန(မုဉ္စ)စေတနာ၏ အစွမ်းကြောင့်လည်း နတ်ပြည်တို့၌ ဖြစ်ရ၏။ ပုဗ္ဗစေတနာ၊ အပရစေတနာတို့ကြောင့် ဆိုအပ်ပြီးသောနည်းဖြင့် အသက်ရှည်ခြင်း ဖြစ်ပေသည်"ဟူသော အဆိုကို ကိုးကား၍ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ စလင်ဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူ၏။

သို့ရာတွင် ကောသလသံယုတ်ပါဠိတော်၊ အာဂန္တုက သူဌေးဝတ္ထု၌ "မှန်၏ ...တစ်ကြိမ်ဆွမ်းလှူရာ၌ စေတနာတစ်ခုသည် ပဋိသန္ဓေအကျိုးနှစ်မျိုး မပေးနိုင်၊ ရှေ့ပုဗ္ဗစေတနာ၊ နောက်အပရစေတနာတို့ကြောင့် ဤအာဂန္တုက သူဌေးကြီးသည် နတ်ပြည်၌ ခုနစ်ကြိမ် ဖြစ်ရ၏။ သူဌေးမျိုး၌ ခုနစ်ကြိမ် ဖြစ်ရ၏"ဆိုသည့် သံယုတ်အဋ္ဌကထာအဖွင့်ကို ထောက်ထား၍ စေတနာသုံးတန်လုံးပင် ပဋိသန္ဓေကျိုးပေးနိုင်၏။ ဘဝသစ်ကို ထူထောင်ပေးနိုင်၏"ဟု မန်လည်ဆရာတော်၊ မိုင်းကိုင်ဆရာတော် စသော ဆရာတော်ဘုရားကြီးများက မိန့်ဆိုတော်မူကြ၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကမူ "စေတနာသုံးတန်တွင် မည်သည့်စေတနာမဆို အားကောင်းလျှင် ပဋိသန္ဓေကျိုးကို ပေးနိုင်သည်"ဟု ပရမတ္ထဒီပနီ အမည်ရှိသော သင်္ဂဟမဟာဋီကာကျမ်း၌ ဖွင့်ဆိုထားပေသည်။

## စေတနာသုံးတန်ပြည့်ဝသော သုမနပန်းသည်

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်ပြည်တွင် သုမနမည်သော ပန်းသည်တစ်ဦး ရှိ၏။ သူသည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင်ကြီးအား ပန်းများ နေ့စဉ်ဆက်သရ၏။ မင်းကြီးက သူ့အား ငွေရှစ်အသပြာ ချီးမြှင့်၏။ တစ်နေ့ နံနက်စောစောတွင် သူသည် ဘုရင်ကြီး

အာ ပန်းဆက်သရန် မြို့ထဲသို့ ဝင်လိုက်စဉ် ရဟန်းသံဃာအပေါင်း ခြံရံကာ ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်လာသည့် ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်ခြောက်သွယ်ထွက်နေသဖြင့် အလွန်တင့်တယ် သပ္ပာယ် တော်မူသော ဘုရားရှင်ကို ရုတ်တရက် ဖူးမြင်လိုက်ရ၏။

ထိုအခါ သုမနပန်းသည်သည် သုံးဆယ့်နှစ်ပါးသော လက္ခဏာ တော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် အလွန်တင့်တယ် သပ္ပာယ်တော်မူသည့် ဘုရားရှင်ကို ဖူးမြော်ကာ ကြည်ညိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာ၏။ ထို့ကြောင့် ပစ္စည်းဝတ္ထုတစ်ခုခုဖြင့် ဘုရားရှင် အား လှူဒါန်းပူဇော်လိုသော ပုဗ္ဗစေတနာဖြစ်လာ၏။ သို့သော် သူ့မှာ အခြားလှူစရာမရှိ၊ ဘုရင်ကြီးအား ဆက်သရန် ယူဆောင်လာသည့် ပန်းသာရှိ၏။ "ဒီပန်းကို ဆက်သနေကျအတိုင်း ဘုရင်ကြီးကို ဆက်သ ရင် ငါ့ခန္ဓာကိုယ်အတွက်ဘောကြီး အသက်ရှင်ရုံမျှ နေဥစ္စာကိုပဲ ရမယ်၊ ဒီပန်းတွေကို ဘုရားရှင်အား လှူဒါန်းပူဇော်လိုက်ရင် ကမ္ဘာကုဋေပေါင်း များစွာ ငါ့မှာ ကြီးပွားချမ်းသာမယ်"ဟု ကုသိုလ်ပုဗ္ဗစေတနာများ ဖြစ်လာ၏။ ထို့ကြောင့် "ဘုရင်ကြီးက သူ့ကို ပန်းမဆက်သတဲ့ အတွက် ငါ့ကို သတ်ချင်သတ်၊ အကျဉ်းချချင်ချ၊ တိုင်းပြည်မှ နှင်ထုတ် ချင်နှင်ထုတ်ပါစေ၊ ငါ အသက်စွန့်ပြီး ဒီပန်းတော်များကိုပဲ ဘုရားရှင်ကို လှူဒါန်းတော့မယ်"ဟု ဝမ်းပန်းတသာ စိတ်တက်ကြွစွာဖြင့် ဆုံးဖြတ် လိုက်၏။

ထို့နောက် ဝမ်းမြောက်ဝမ်းသာ အလွန်တက်ကြွရွှင်လန်းသောစိတ် ဖြင့် ပန်းတို့ကို တစ်ဆုပ်ပြီးတစ်ဆုပ် ရှစ်ဆုပ်အထိ ဘုရားရှင်၏ အထက် သို့ မြှောက်ပစ်ပူဇော်လိုက်၏။ သုမနပန်းသည် လှူဒါန်းပူဇော်လိုက် သည့် ပန်းရှစ်ဆုပ်တို့သည် ထူးဆန်းအံ့ဩဖွယ်ရာ ဘုရားဦးခေါင်းတော် အထက်၊ လက်ဝဲ၊ လက်ျာ၊ အောက်အဖို့အာ ဖြင့် အရပ်လေးမျက်နှာ တို့၌ ဘုရားရှင်၏ ကိုယ်တော်ကို ဝန်းပတ်ခြံရံ၍ လိုက်ကြသတဲ့။ ထိုအခြင်းအရာကို သုမနပန်းသည် မြင်ရသည့်အခါ တစ်ကိုယ်လုံး

ဝမ်းမြောက်ခြင်း ပီတိငါးမျိုး လွှမ်းမိုးသွားကာ အပရစေတနာတွေ တဖွားဖွား ဖြစ်ပွားခဲ့သည်။

ထိုသုမနပန်းသည်မှာ စေတနာသုံးတန်၊ ထက်သန်ပြည့်ဝသော ပန်းဒါနကြောင့် ထိုလူ့ဒါန်းသည့်နေ့မှာပင် ဆင်ရစ်စီး၊ မြင်းရစ်စီး၊ ကျွန်ယောကျ်ားရစ်ယောက်၊ ကျွန်မိန်းမရစ်ယောက်၊ ကောင်းမြတ်သော အဆင်တန်ဆာရစ်မျိုး၊ အသပြာရစ်ထောင်၊ မင်းမျိုးမှမွေးဖွားသည့် အမျိုးသမီးရစ်ယောက်၊ ရွာကြီးရစ်ရွာဟူသော ရစ်မျိုးရစ်လီဆိုသည့် "သဗ္ဗဋ္ဌကဒါနဆု"ကြီးကို ဗိမ္ဗိသာရဘုရင်ကြီးထံမှ ရရှိ၏။ ထိုပန်းဒါနကြောင့်ပင် ထိုဘဝမှ စတေသည့်အခါ ကမ္ဘာတစ်သိန်းပတ်လုံး ဒုဂ္ဂတိဘဝသို့ မလားရောက်ရဘဲ လူ နတ်စည်းစိမ်တို့ကိုသာ ခံစားရပြီးလျှင် နောက်ဆုံးဘဝတွင် သုမနမည်သော ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူကြောင်း ဓမ္မပဒအဋ္ဌကထာ၌ မိန့်ဆိုထား၏။ ဤသို့ စေတနာသုံးတန် ပြည့်စုံလျှင် ဒါနကုသိုလ်သည် ကြီးကျယ်သောအကျိုးကို ပေးနိုင်ပေသည်။

ဤသည်ကို ရည်၍ "ဒါနမည်သည် စေတနာသုံးတန် ထက်သန်ပြည့်စုံအောင် ပြုစွမ်းနိုင်သောသူအားသာ မြင့်မြတ်ဖွံ့ဖြိုး ကြီးကျယ်သောအကျိုးကို ပေးနိုင်၏"ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူထားခြင်း ဖြစ်ပေသည်။

## ရာဇဂြိုဟ်ပြည်သူ၏ ပုဗ္ဗစေတနာအကျိုး

စေတနာသုံးတန်၊ ထက်သန်ပြည့်စုံသည်ကို မဆိုထားဘိ။ မိမိ၏ ပစ္စည်းဥစ္စာကို အလှူခံလက်သို့ မပေးလှူမီ ပုဗ္ဗစေတနာထက်သန်ရုံမျှဖြင့်ပင် ကြီးမြတ်သောအကျိုးကို ရရှိနိုင်ပေသည်။ မှန်၏။ ရှေးအခါက ရာဇဂြိုဟ်ပြည်သူ ကလေးတစ်ဦးသည် ခါးလွန်း၍ လူအများမလိုချင်သည့် ရွှေဝါရောင်အဆင်းကဲ့သို့ ဝါဝင်းနေသော သပွတ်ခါးပန်းလေးပွင့်ကို မြတ်စွာဘုရား၏ ခာတ်တော်များ ကိန်းအောင်းနေသည့် ခာတု

စေတီတော်အား ဆက်ကပ်လှူဒါန်းရန် နံနက်စောစော အိမ်မှထွက်လာခဲ့သည်။ စေတီတော်သို့ ဦးတည်၍ ဒီပန်းလေးပွင့်ကို ဓာတုစေတီတော်မြတ်အား "ငါလှူဒါန်းမယ်"ဟု ကြည်လင်သည့်စိတ်စေတနာဖြင့် လျှောက်လှမ်းလာသည့်အတွက် လမ်း၏ ဘေးပတ်ဝန်းကျင်များကို သတိမပြုမိခဲ့ချေ။

တစ်နေရာသို့အရောက်တွင် လမ်းဘေးရှိ နွားအုပ်ထဲမှ နွားသားငယ်ရှိသော နွားမကြီးသည် ပြေးလာပြီး ထိုအမျိုးသမီးလေးကို ဝှေ့သတ်လိုက်၏။ ထိုအမျိုးသမီးကလေးမှာ စေတီတော်အား ပန်းလှူမှု အထမမြောက်သော်လည်း "ဒီပန်းလေးပွင့်ကို စေတီတော်အား ကပ်လှူမည်" ဟူသော ကြည်လင်သန့်ရှင်းသည့် ပုဗ္ဗစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အခြံအရံ နတ်သမီး သွားဖြစ်ရသည်။

ထိုနတ်သမီး၏ ခန္ဓာကိုယ်နှင့်တကွ အသုံးအဆောင်ပစ္စည်းအားလုံးတို့မှာ ရွှေဝါရောင်ချည်း ဖြစ်နေသဖြင့် သိကြားမင်း၏ အခြံအရံနတ်သမီးများထဲတွင် အလွန်ထူးခြားလျက်ရှိနေ၏။ ခန္ဓာကိုယ်တွင် ရွှေဝါရောင် စန္ဒကူးတို့ကို လိမ်းကျံထား၏။ ရွှေဝါရောင်အဝတ်အစားများကို ဝတ်ဆင်ထား၏။ ရွှေဝါရောင် တန်ဆာတို့ကို ဆင်မြန်းထား၏။ ရွှေဝါရောင်ကြာပန်းတို့ ပန်ဆင်ထားပြီး ရွှေဝါရောင်တံခွန်ကို စွဲကိုင်ထား၏။ ပြာသာဒ်၊ အိပ်ရာနေရာ၊ ထီး၊ သားမြီးယပ်၊ မြင်းရထား၊ ခွက် စသည့် အသုံးအဆောင်ပစ္စည်းတို့မှာလည်း ရွှေဝါရောင်ဖြင့် တပြောင်ပြောင် တောက်ပနေကြသတဲ့။

ဤရွှေဝါရောင်အဆင်း၊ ဝါဝင်းသော ဗိမာန်ရှင်နတ်သမီး (ပီတဝိမာန)ဝတ္ထု၌ အမျိုးသမီးကလေးမှာ ပန်းများကို စေတီတော်သို့ လှူဒါန်းရသည့် မုဥ္စစေတနာအဆင့်သို့ မရောက်ရှာသေးပေ။ ပုဗ္ဗစေတနာအဆင့်၌သာ ရှိသေး၏။ ထို့ကြောင့် နတ်သမီးကလေးက "အကယ်၍ အကျွန်ုပ်သာ စေတီတော်သို့ ရောက်၍ ကိုယ်ထိလက်ရောက် လှူဒါန်းရပါမူ ဤစည်းစိမ်ချမ်းသာထက် သာလွန်သည့် စည်းစိမ်

ချမ်းသာမျိုးကို ရရှိမည်ဖြစ်ပါသည်”ဟု သိကြားမင်းကြီးအား ပြော ကြား၏။

ထိုအခါ သိကြားမင်းကြီးက “မာတလိနတ်သားအား အံ့ဖွယ် ကောင်းလေစွ၊ ကုသိုလ်ကံ၏ အကျိုးပေးပုံကား ဆန်းကြယ်လှပါတယ်၊ မပြောပဖွယ် အနည်းငယ် လှူဖွယ်ပစ္စည်းကလေးပင်ဖြစ်ပေမယ့် အကျိုး တရားကား ကြီးမားလှပါပေတယ်”ဟု မိန့်ကြားတော်မူသတဲ့။ ဤသို့ ပုဗ္ဗစေတနာသည် စေတနာအားကောင်းလျှင် နတ်သမီးဘဝရခြင်း ဟူသော ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါ၏။

## ပုဗ္ဗစေတနာချို့တဲ့ခဲ့ကြသော ပဥ္စပါပီနှင့် မင်းကုသ

စေတနာသုံးတန်တွင် ပုဗ္ဗစေတနာချို့တဲ့ ပျက်ကွက်ပါလျှင် ရုပ်ဆင်း အင်္ဂါ မလှခြင်း၊ ပထမအရွယ်၌ ဆင်းရဲနွမ်းပါးခြင်း စသော မကောင်း ကျိုးများ ဖြစ်ရတတ်သည်။ ဘုရားရှင် လက်ထက်တော်က အတွေ့ အထိကောင်းသည့် ဖောဋ္ဌဗ္ဗာရုံအရာ၌ ထင်ရှားကျော်ကြားခဲ့သည့် ဆင်းရဲသူမကလေး ရှိခဲ့သည်။ ပဥ္စပါပီဟု နာမည်ကြီးသည်။ သူမသည် ရှေးအတိတ်ဘဝတစ်ခု၌ ဆင်းရဲသူမကလေးဖြစ်၍ မြေညက်များကို နယ်ပြီး အိမ်နံရံများကို လိမ်းကျံရသောအလုပ်ကို လုပ်၏။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးသည် လိုဏ်ဂူလိမ်းကျံ ရန် မြေညက်လိုသဖြင့် သပိတ်ပိုက်ကာ ထိုဆင်းရဲသူမကလေးအနီးတွင် လာရပ်၏။ ထိုအခါ ဆင်းရဲသူမကလေးက “ဒီကိုယ်တော်ကြီးဟာ မြေညက်ကလေးကိုတောင်မှ အလှူခံတယ်”လို့ ဒေါသစိတ်ဖြင့် ပြော ကြားပြီး မျက်စောင်းထိုး၍ ကြည့်နေသည်။ သို့သော်လည်း အရှင် ပစ္စေကဗုဒ္ဓါကြီးကား မလှုပ်မယှက် ငြိမ်သက်စွာ ရပ်မြဲရပ်နေသည်။ ထိုအခြင်းအရာကို မြင်ရသည့်အခါ စိတ်ပြောင်းသွားကာ ကြည်ညိုစိတ် ဖြစ်ပေါ်လာပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထဲသို့ မြေညက်ခဲကြီး ကို ထည့်၍ စေတနာထက်သန်စွာဖြင့်ပင် လှူဒါန်းလိုက်လေသည်။

ထိုဆင်းရဲသူမကလေးသည် ပဥ္စပါပီဘဝ ရောက်သောအခါ မြေညက်ကို လှူဒါန်းခဲ့သော ထက်မြက်သည့် မုဥ္စစေတနာကြောင့် ကိုယ်အတွေ့ အလွန်ကောင်းသော အမျိုးသမီးကလေး ဖြစ်ရသည်။ သို့သော် မြေညက်ကို မလှူဒါန်းမီ ရှေ့အဖို့၌ ဒေါသစိတ်ဖြင့် မကောင်းပြောကြားမှု၊ မျက်စောင်းထိုးကြည့်မှုဆိုသည့် ပုဗ္ဗစေတနာကောင်း ချို့တဲ့မှုကြောင့် လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်း အင်္ဂါငါးပါးလုံး အချိုးအစားမကျ၊ အရုပ်ဆိုးလှသည့် အမျိုးသမီးကလေး ဖြစ်ရရှာသည်။

(ပဥ္စ–အင်္ဂါငါးပါး+ပါပီ=မကောင်းသူ၊ အကြည့်ရဆိုးသူ အမျိုးသမီး။)

ဘုရားအလောင်းတော်သည်လည်း ကုသမင်း မဖြစ်မီ ရှေ့ဘဝတစ်ခု၌ ဗာရာဏသီပြည်ကြီး၏ တံခါးအနီး ရွာတစ်ရွာတွင် လူပျိုကြီးတစ်ဦး ဖြစ်ခဲ့သည်။ ထိုလူပျိုကြီးသည် အိမ်ထောင်သည် အစ်ကိုကြီးနှင့်အတူနေ၏။ တစ်နေ့တွင် အိမ်တွင် အလွန်အရသာရှိသည့် မုန့်ကိုကြော်စားကြ၏။ ထိုအချိန်တွင် ဘုရားလောင်း လူပျိုကြီးမှာ တောသို့သွားနေခိုက်ဖြစ်၍ ဘုရားလောင်းအတွက် မုန့်ချန်ထားကြ၏။

မကြာမီမှာပင် အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးသည် ဆွမ်းအလို့ငှာ အိမ်တံခါး၀၌ လာရပ်တော်မူ၏။ မရီးဖြစ်သူ အမျိုးသမီးသည် ဘုရားလောင်း လူပျိုကြီးအား အခြားမုန့်ကို ကြော်ကျွေးမည်ဆိုပြီး ဘုရားလောင်းအတွက် ချန်ထားသည့်မုန့်ကို အရှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်၏။ ထိုခဏ၌ပင် ဘုရားအလောင်းသည် တောမှပြန်ရောက်လာ၏။ မရီးဖြစ်သူက မတ်ကလေး ၀မ်းမြောက်၀မ်းသာဖြစ်ရန် ထိုအကြောင်းကိုပြောပြ၏။ ထိုအခါ ဘုရားအလောင်း လူပျိုကြီးသည် "သူ့အဖို့အစုကိုလှူလိုက်ရမလား"ဟု အမျက်ထွက်ကာ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲမှ မုန့်ကို ပြန်ယူ၏။

မရီးဖြစ်သူက ထောပတ်ကို ယူဆောင်ပြီး အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထဲသို့ အပြည့်လောင်းလှူလိုက်၏။ ထိုထောပတ်သည် အံ့ဩ

ဖွယ်ရာအရောင် ထွက်လာ၏။ အမျိုးသမီးသည် ထောပတ်မှ အရောင် ထွက်သည်ကို မြင်သောအခါ "အရှင်ဘုရား… ဤထောပတ်အလှူ ကြောင့် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ တပည့်တော်မကိုယ်မှ အရောင် ထွက်ပါစေ၊ မြတ်သောအဆင်းရှိပါစေ၊ ဤသူယုတ်နှင့် တစ်ရပ်တည်း အတူမနေရပါစေနဲ့ဘုရား"ဟု ဆုတောင်းလိုက်၏။

ဘုရားလောင်းသည် ထိုအခါမှ စေတနာသဒ္ဓါတရား ဖြစ်ပွားလာ ကာ မိမိပြန်ယူခဲ့သောမုန့်ကို ထိုထောပတ်အထက်၌ တင်လှူလိုက်ပြီး "အရှင်ဘုရား …တပည့်တော်ရဲ့ မရီးသည် ယူဇနာတစ်ရာ ကွာခြား သောအရပ်၌ နေပေမယ့် သူ့ကိုဆောင်ယူပြီး တပည့်တော်ရဲ့ခြေရင်း အလုပ်အကျွေးပြုနိုင်ပါစေ"ဟု ဆုတောင်းလိုက်၏။ ဘုရားလောင်း လူပျိုကြီးသည် နောင်ဘဝတစ်ခု၌ ကုသမင်း ဖြစ်လာသည်။ မုန့်ကို ပြန်မလှူမီ ရှေ့အဖို့၌ မရီးလှူဒါန်းပြီးသော မုန့်ကို စိတ်ဆိုးမာန်ဆိုးဖြင့် ပစ္စေကဗုဒ္ဓါထံမှ ပြန်လုယူလာသည့် ပုဗ္ဗစေတနာချို့တဲ့သော မကောင်း မှုကြောင့် မိဖုရားကြီး ဖြစ်နေသည့် ပဘာဝတီမင်းသမီးက သူ့ကို တွေ့မြင်ရသည့်အခါ သူမတိုင်းပြည်သို့ ပြန်ထွက်ပြေးလောက်အောင် အရုပ်ဆိုးရသည်။ မရီးဖြစ်သူမှာ သူမ ဆုတောင်းသည့်အတိုင်း မဒ္ဒရာဇ် မင်း၏သမီးတော် ဖြစ်လာ၍ မင်းသမီးကိုယ်မှ ပြိုးပြိုးပြက်ပြက် အရောင်ထွက်သဖြင့် "ပဘာဝတီ"ဟု အမည်တွင်၏။ ဤကဲ့သို့ ဒါန ကုသိုလ်ပြုရာ၌ ပုဗ္ဗစေတနာ ချို့တဲ့သူများသည် နောက်ဘဝများတွင် အရုပ်ဆိုးတတ်သည်ဟု ကျမ်းဂန်၌ မိန့်ဆိုထား၏။

## မုဉ္စစေတနာချို့တဲ့သည့်အတွက် မကောင်းကျိုးများ

အလှူဒါနပြုလုပ်သည့်အခါ လှူဖွယ်ဝတ္ထုပစ္စည်းကို အလှူခံလက်သို့ စွန့်လွှတ်ပေးကမ်းဆဲအချိန်၌ လှူလိုသောစိတ်စေတနာမရှိဘဲ-လှူဒါန်း ခြင်း၊ အကြောင်းတစ်မျိုးမျိုးကြောင့် မလှူချင်လှူချင်နှင့် လှူဒါန်းခြင်းမျိုး ရှိ၏။ ဤလှူဒါန်းခြင်းမျိုးကို "မုဉ္စစေတနာ" ချို့တဲ့သည့်အလှူဟု ခေါ်၏။

ဤကဲ့သို့ မုဥ္စစေတနာချို့တဲ့သည့်အလှူမျိုး ဖြစ်ခဲ့လျှင် နောင်ဘဝများ၌ ကိုယ်လက်အင်္ဂါ ချို့တဲ့တတ်ခြင်း၊ ဂုဏ်မဲ့သည့်အမျိုး (ဝါ) ဆင်းရဲသားအမျိုး၌ မတင့်မတယ်ဖြစ်ရခြင်း၊ တန်ခိုးအရှိန်အဝါမရှိ၊ ညှိုးနွမ်းသိမ်ငယ်စွာနေရခြင်း စသည့် မကောင်းကျိုးများကို ရရှိခံစားရတတ်ပေသည်။

## အပရစေတနာချို့တဲ့သည့်အတွက် မကောင်းကျိုး

အပရစေတနာချို့တဲ့ခဲ့လျှင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနေသူဖြစ်၍ ကောင်းမြတ်သောအသုံးအဆောင် ပစ္စည်းဘဏ္ဍာတို့ မိမိလက်ဝယ် ရှိနေလင့်ကစား ထိုပစ္စည်းဘဏ္ဍာများကို မသုံးစွဲလိုခြင်း၊ မသုံးစွဲရခြင်း စသော မကောင်းကျိုးများ ဖြစ်ရတတ်လေသည်။ အတန်ငယ်ရှင်းပြပါဦးမည်။ ဘုရားရှင်လက်ထက်တော်က "အပုတ္တက"မည်သော သူဌေးကြီးသည် ရှေးဘဝကလည်း သူဌေးတစ်ဦး ဖြစ်ခဲ့ဖူး၏။ သို့သော် လှူဒါန်းပေးကမ်းမှု၌ ဝါသနာမပါ။ တစ်နေ့နံနက်တွင် စားကောင်းသောက်ဖွယ်တို့ကို စားသောက်ပြီးနောက် သွားများကို ပွတ်တိုက်ဆေးကြောရင်း တံခါးပေါက်ဝအနီး၌ ထိုင်နေ၏။ ထိုအခါ တဂ္ဂရသိခ်မည်သော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးသည် အိမ်တံခါးပေါက်ဝ၌ ဆွမ်းလာရပ်သည်။

ဤသို့ ဆွမ်းလာရပ်လေ့ရှိသည့် ပစ္စေကဗုဒ္ဓါကို လွန်ခဲ့သည့်ရက်များကလည်း ဖူးမြင်နေကျဖြစ်၏။ သို့သော် သူ့ဝါသနာအတိုင်း လှူဒါန်းရန် စိတ်မကူးခဲ့။ ထိုနေ့၌မူ ထူးထူးခြားခြား လှူလိုစိတ် ပေါ်လာခဲ့၏။ ထို့ကြောင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလောင်းလှူရန် ဇနီးသည်အား မှာကြားကာ ကိစ္စတစ်ခုဖြင့် အပြင်သို့ ထွက်သွား၏။ သူဌေးကတော်သည်လည်း ယနေ့မှ ထူးထူးခြားခြား လှူခိုင်းသည့်အတွက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို အိမ်ထဲသို့ပင့်ကာ နူးညံ့သည့်သလေးဆွမ်းနှင့် မွန်မြတ်သည့် ဟင်းလျာတို့ကို လောင်းလှူ၏။ သပိတ်၏ အပြင်ဘက်

ကိုလည်း မွှေးကြိုင်သောနံ့သာတို့ ထုံမွှမ်းကာ ထူးထူးခြားခြား လှူဒါန်းလိုက်သတဲ့။

အရှင်ပစ္စေကဗုဒ္ဓါလည်း အနုမောဒနာဆွမ်းတရားကို ဟောကြားပြီးနောက် အိမ်ပေါက်ဝသို့ ထွက်ကြွတော်မူလာ၏။ အိမ်ပေါက်ဝအရောက်တွင် အပြင်မှပြန်လာသည့် သူဌေးကြီးနှင့် ဆုံမိ၏။ ထိုအခါ သူဌေးကြီးက "အရှင်ဘုရား ဆွမ်းရခဲ့ပါရဲ့လား"ဟု လျှောက်၏။ "ရခဲ့ပါတယ်ဒကာကြီး"ဟု အမိန့်ရှိသည့်အခါ သပိတ်ကိုဖွင့်ကြည့်၏။ အလွန်မွှေးကြိုင်လှသည့် ဆွမ်းနှင့်ဆွမ်းဟင်း အနံ့သည် သူဌေး၏နှာခေါင်းဝသို့ တိုးဝင်လာ၏။ ထိုအခါ "ဤမျှကောင်းမွန်တဲ့ဘောဇဉ်ကို ငါ့ရဲ့အစေအပါး ကျေးကျွန်များကို ကျွေးမွေးလိုက်လျှင် ကောင်းဦးမည်၊ သူတို့ အလုပ်ကြိုးစားလုပ်ကြလိမ့်မည်၊ ဤရဟန်းကား မိမိနေရာသို့ပြန်ပြီး ဤဘောဇဉ်ကိုစားကာ အိပ်နေပေမည်။ မိမိအပေါ် ဘာမျှကျေးဇူးမရှိသော ဤရဟန်းအား ပေးလှူခြင်းမှာ အချည်းအနှီးမျှသာဖြစ်တော့သည်"ဟု နှလုံးမသာမယာဖြစ်ကာ အပရစေတနာ ချို့ယွင်းခဲ့သည်။

ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူခဲ့သော ဒါနစေတနာကြောင့် နတ်ပြည်၌ နတ်သား ၇ ကြိမ်၊ ဤသာဝတ္ထိမြို့ကြီး၌ သူဌေးကြီး ၇ ကြိမ် ဖြစ်ခဲ့ရ၏။ ယခု အပုတ္တကသူဌေးကြီးဖြစ်ချိန်၌ ရှေးဘဝက အပရစေတနာ ချို့တဲ့ခဲ့မှုကြောင့် သူဌေးစည်းစိမ်ကြီးကို ရထားပါလျက် မွန်မြတ်သည့် အစားအစာများကို စားလိုစိတ်မရှိ၊ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စား၏။ ကောင်းမြတ်သည့် အဝတ်ကိုလည်း ဝတ်ဆင်ရန် စိတ်မညွတ်၊ သုံးစပ်–စပ်ချုပ်ထားသည့် ပိုက်ဆံလျှော်အဝတ်ကိုသာ ဝတ်လေ့ရှိ၏။ ကောင်းမွန်သစ်လွင်သည့် ယာဉ်မျိုးကိုလည်း စီးလိုစိတ်မရှိ။ သစ်ရွက်ထီးမျှကိုသာ ဆောင်းကာ ရထားအို ရထားဟောင်းကလေးဖြင့်သာ သွားလေ့ရှိသည်။ သားသမီးလည်း တစ်ဦးမျှမထွန်းကားပေ။ ဤသည်မှာ အပရစေတနာ ချို့တဲ့ခဲ့

သည့် အလှူရှင်တို့ ခံစားရသော မကောင်းကျိုးများပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက

"လှူတွေရှေ့ဖို့၊ ဉာဏ်မဲ့ချို့၍၊ တွန့်တိုတုံက၊ ပထမအရွယ်၊ နောင်ခါဝယ်၌၊ နွမ်းနယ်ချမ်းသာ၊ ဆိုးရုပ်ဝါနှင့်၊ မဟာကုသ၊ ပဥ္စပါပီ၊ မဟောသီသို့၊ ယက္ခိယက္ခ၊ တူသမျှဖြင့်၊ ရူပလက္ခဏာ၊ မျက်တတ်စွာ၏။ နောက်မှာတွန့်ငြား၊ သားသမီးမဲ့၊ ချို့တဲ့ယွင်းယိုး၊ ထန်းငုတ်တိုသို့၊ အိုခါဒုက္ခ၊ ရသည်ဆင်းရဲ၊ တိမ်းလွဲစည်းစိမ်၊ ဂုဏ်သိမ်နိမ့်ကျ၊ ဖြစ်တတ်ကြ၏။ ပဒုမဝတီ၊ ဒေဝီနေမြတ်၊ သန္ဓေနတ်နှင့်၊ ပညတ်မည်ထုတ်၊ အပုတ္တက၊ သူဌေး စသည်၊ ထိုမျှဝတ္ထု၊ အစုစုကို၊ မျှော်ရှုနိုင်းဆ၊ ထောက်အပ်စွ ရှင့်၊ မုဥ္စအခါ၊ တွန့်တိုပါသော်၊ အင်္ဂါချို့တဲ့၊ ဂုဏ်မဲ့ မျိုးနွယ်၊ မတင့်တယ်ဘဲ၊ ငယ်၏တန်ခိုး၊ မပြည့်ဖြိုးသည်၊ နွမ်းညှိုးရော် ရမည်ကိုကား"ဟု မိန့်ကြားထားခြင်းဖြစ်ပေသည်။

## အကျိုးကြီးသော ဒါနနှင့် အကျိုးနည်းသော ဒါနများ

## သီလရှိပြီးလှူသောဒါန၊ သီလမရှိဘဲလှူသောဒါန

အလှူဒါနပြုလုပ်ကြရာ၌ **(၁) အလှူရှင်မှာ စိတ်စေတနာ ထက်သန်ရခြင်း (၂) အလှူခံပုဂ္ဂိုလ်ရှိရခြင်း (၃) လှူဖွယ်ဝတ္ထုပစ္စည်းစုရှိရခြင်း** ဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံမှ အလှူထမြောက်ပါသည်။ ထိုအင်္ဂါ သုံးရပ်လုံးမှာပင် အကျိုးကြီးသော လှူဒါန်းနည်း၊ အကျိုးနည်းသော လှူဒါန်းနည်းဟူ၍ နှစ်မျိုးစီရှိကြ၏။ အလှူဒါနပြုလုပ်သူတိုင်း အကျိုး ကြီးကြီးကျယ်ကျယ် ရရှိလိုကြသည်မှာ ဓမ္မတာဖြစ်၏။ သို့ရာတွင် အကျိုးကြီးကြီးရအောင် လှူဒါန်းနည်းကို မသိကြ၍ အမှတ်တမဲ့ လှူဒါန်း နေကြသည့် ဗုဒ္ဓဘာသာဝင်များမှာ အများစုဖြစ်ကြ၏။ ထို့ကြောင့် ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ရနိုင်သည့် လှူဒါန်းနည်းမျိုးကို ကျမ်းဂန်လာသည့်အတိုင်း ဤအခန်းတွင် ဖော်ပြ သွားမည်။

အလှူရှင်မှာ စိတ်စေတနာထက်သန်ရခြင်း ပထမအင်္ဂါနှင့်ပတ်သက်၍ စေတနာသုံးတန်၊ ကမ္မဿကတာဉာဏ်နှင့် ဝိပဿနာဉာဏ်တို့အကြောင်းကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပေပြီ။ ထိုစေတနာပိုင်းတွင် စေတနာသုံးတန်လုံး၌ အကုသိုလ်မခြံရံဘဲ မုဉ္စစေတနာပိုင်းတွင် ကမ္မဿကတာဉာဏ်နှင့် ယှဉ်၍ လှူဒါန်းပါက "တိဟိတ် ဥက္ကဋ္ဌဒါနကုသိုလ်"ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဤတိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ်သည် အကျိုးကြီးသော ဒါနကုသိုလ်ဖြစ်၍ "တိဟိတ်ဩမကဒါနကုသိုလ်"စသော ကျန်ကုသိုလ်(၃)မျိုးမှာ အကျိုးနည်းသော ဒါနကုသိုလ်များ ဖြစ်ကြ၏။

သသပဏ္ဍိတ(ယုန်ပညာရှိ)ဇာတ်၌ "သီလမှာတည်ပြီး-ဝါ-သီလဆောက်တည်ပြီး စွန့်ကြဲပေးကမ်းလှူဒါန်းသည့် ဒါနကုသိုလ်သည်ကြီးကျယ်သော အကျိုးရှိ၏" (သီလေပတိဋ္ဌာယ ဒိန္နဒါနံ မဟပ္ဖလံ ဟောတိ)ဟု ဇာတ်အဋ္ဌကထာတွင် မိန့်ဆိုထား၏။ ထို့ကြောင့် အလှူရှင်၌ သီလရှိပြီး လှူသောဒါနသည် အကျိုးကြီး၍ သီလမရှိဘဲ လှူသောဒါနသည် အကျိုးနည်းသော ဒါနကုသိုလ် ဖြစ်သည်။

သို့ဖြစ်၍ အလှူရှင်သည် အလှူဒါနပြုချိန်မှာ သီလဆောက်တည်ထားပြီး ဖြစ်သင့်၏။ အလှူဒါန မပြုမီက ဆောက်တည်ထားသောငါးပါးသီလစသော သီလများ မကျိုးမပေါက်၊ မပြောက်မကျားဘဲ စင်ကြယ်သန့်ရှင်းနေပါက နောက်ထပ် သီလခံယူဆောက်တည်နေစရာမလိုပေ။ မိမိသီလ မစင်ကြယ်ဟု သံသယရှိပါက အလှူမလှူမီ သီလကိုခံယူဆောက်တည်ဖြစ်အောင် ခံယူဆောက်တည်သင့်ပါ၏။ သီလခံယူဆောက်တည်ခြင်းသည် အလွန်လွယ်ကူပါ၏။ သီလခံယူဆောက်တည်နည်းကို သီလခန်းတွင် ဖော်ပြမည်။

**အကျိုးကြီးသော ဆုတောင်းဒါနနှင့် အကျိုးနည်းသော ဆုတောင်းဒါန**

အလှူရှင်များ အလှူဒါနပြုသည့်အခါ အထူးသတိထားရမည့်

အချက်မှာ ဆုတောင်းကြရမည့်အချက် ဖြစ်၏။ ကုသိုလ်ကောင်းမှု ပြုပြီးသည့်အခါတိုင်း အလှူရှင်များ ဆုတောင်းကြရမည့်အကြောင်းကို ဥပရိပဏ္ဏာသပါဠိတော် သင်္ခါရုပပတ္တိသုတ်၌လည်းကောင်း၊ မူလပဏ္ဏာသ ပါဠိတော် သာလေယျကသုတ်၌လည်းကောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဒါနူပပတ္တိသုတ်၌လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူထား၏။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ပဋိပဒါသုတ်အဖွင့် အဋ္ဌကထာ၌မူ ဆုတောင်းပုံ ဆုတောင်းနည်းကိုပါ လမ်းညွှန်ထား၏။ ဆုမတောင်းသော်လည်း ဒါနကုသိုလ်ကိုကား ရကြပါ၏။ သို့သော် ဆုတောင်းခြင်းမှာ မိမိလိုချင်သည်ကို တောင့်တခြင်း၊ ရည်မှန်းချက်ပန်းတိုင်ထားခြင်း ဖြစ်ပါသည်။

အလှူရှင်များသည် ဆုတောင်းကြသည့်အခါ ကျမ်းဂန်လာသည့်အတိုင်း အကျိုးကြီးရနိုင်သည့် ဆုတောင်းမျိုးကို ဆုတောင်းတတ်ကြဖို့ လိုသည်။ ထိုဆုတောင်းမျိုးကား အခြားမဟုတ်။ ဗုဒ္ဓဘာသာဝင် အများစုတို့ ဆုတောင်းနေကြသည့် "ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု"ဟူသော ဆုတောင်းဖြစ်သည်။ ဤအတိုင်း ပါဠိဖြစ်စေ "အကျွန်ုပ်၏ ဤအလှူဒါနကုသိုလ်သည် အာသဝေါတရားလေးပါးတို့ကုန်ရာ နိဗ္ဗာန်သို့ရောက်အောင်ရွက်ဆောင်နိုင်ပါစေ၊ ပို့ဆောင်နိုင်ပါစေ"ဟု မြန်မာလိုဖြစ်စေ ဆုတောင်းနိုင်ကြပါသည်။ တစ်နည်းအားဖြင့် "ဣဒံ မေ ဒါနံ နိဗ္ဗာနဿ ပစ္စယော ဟောတု"ဟု ပါဠိလိုဖြစ်စေ အကျွန်ုပ်၏ အလှူဒါနကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်ပါစေဟုလည်း မြန်မာလိုဖြစ်စေ ဆုတောင်းနိုင်ကြပါသည်။

ဤဆုတောင်းများကား တိုလည်းတိုကြ၏။ သံသရာကို ငြီးငွေ့သည့် နိဗ္ဗိဒါဉာဏ် ဦးစီးလျက်ရှိသဖြင့် အကျိုးတရားလည်း ကြီးမားကြ၏။ ဤဆုတောင်းမျိုးကို "ဝိဝဋ္ဋနိဿိတ"ဆုတောင်းဟုခေါ်၏။ အဓိပ္ပာယ်မှာ သံသရာဝဋ်ဆင်းရဲကို မမှီသည့် (ဝါ) သံသရာဝဋ်မှ မြန်မြန်ကျွတ်လွတ်၍ နိဗ္ဗာန်ကို ရောက်နိုင်သည့် ဆုတောင်းမျိုးဟု

ဆိုလိုပါသည်။ ဤဝိဝဋ္ဋနိဿိတ ဆုတောင်း မျိုးကို တောင်းမှ မိမိပြု လုပ်သည့် ဒါနကုသိုလ်သည် လူ့ဘဝ လူ့စည်းစိမ်ချမ်းသာ၊ နတ်ဘဝ နတ်စည်းစိမ်ချမ်းသာ စသော လောကီကျိုးများကို ပေးဆောင်နိုင်သည့် အပြင် မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာဟူသော လောကုတ္တရာကျိုးများကို လည်း ပေးဆောင်နိုင်သည်ဟု ထေရ အဋ္ဌကထာ စသည့်တို့၌ မိန့်ဆို ထား၏။ ထို့ကြောင့် ဤဆုတောင်းသည် အကျိုးကြီးသော ဆုတောင်း လည်း ဖြစ်သည်။ ဝိဝဋ္ဋနိဿိတဒါနလည်း ဖြစ်သည်။

ဆုတောင်းမှားလျှင် မိမိပြုလုပ်သော ဒါနကုသိုလ်သည် မည်မျှ ပင်ကြီးကျယ်စေကာမူ "ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင် စေ့လောက်ရ" ဆိုသကဲ့သို့ လောကီချမ်းသာ အကျိုးကလေးမျှဖြင့် အဆုံးသတ်သွားတတ်၏။ ထိုဆုတောင်းမျိုးကား ယခုခေတ် ဗုဒ္ဓ ဘာသာဝင်အချို့တို့ ဆုတောင်းနေကြသကဲ့သို့ သံသရာဝဋ်မှ ကျွတ် လွတ်ထွက်မြောက်ရာ နိဗ္ဗာန်ကို ဦးတည်ချက်မထားဘဲ "ဤဒါန ကုသိုလ်ကြောင့် လူ့ဘဝ၊ နတ်ဘဝရောက်၍ လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာတို့ကို ဘဝတိုင်း ရရှိခံစားရပါလို၏" စသည်ဖြင့် ဆုတောင်းသည့် ဆုတောင်းမျိုးဖြစ်၏။

ဤဆုတောင်းမျိုးသည် သံသရာနယ်ချဲ့တရားဖြစ်သည့် တဏှာ ဦးစီးသော ဆုတောင်းမျိုးဖြစ်၍ ပါဠိလို "ဝဋ္ဋနိဿိတ"ဆုတောင်းဟု ခေါ်၏။ အဓိပ္ပာယ်မှာ သံသရာနယ်ချဲ့တတ်သော တဏှာဆိုသည့် "ပပဉ္စတရား"ဦးစီးနေသည့်အတွက် သံသရာဝဋ်ကိုမှီသည့် ဆုတောင်း (ဝါ) သံသရာရှည်သည့် ဆုတောင်းမျိုးဟု ဆိုလိုပေသည်။ ဤကဲ့သို့ ဆုတောင်းသောကြောင့် မိမိပြုလုပ်သည့် ဒါနကုသိုလ်သည် ဆုတောင်း သည့်အတိုင်း လူ့ဘဝ လူ့စည်းစိမ်၊ နတ်ဘဝ နတ်စည်းစိမ် ဟူသော လောကီအကျိုးမျှကိုသာ ပေးဆောင်နိုင်၏။ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာ ဟူသော လောကုတ္တရာကျိုးများကို မပေးဆောင်နိုင်ဟု သာသနဝိသော ဓနီကျမ်းတွင် ကျမ်းဂန်နှင့်အညီ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား

ကြီး ဆုံးဖြတ်တော်မူထား၏။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ သံယုတ် အဋ္ဌကထာ၊ မူလ ပဏ္ဏာသအဋ္ဌကထာတို့၌လည်း ဤအတိုင်း မိန့်ဆိုထား၏။ ဤဆုတောင်းမျိုး သည် အကျိုးပေးနည်းသော ဆုတောင်းမျိုးလည်းဖြစ်၏။ ဝဋ္ဋနိဿိတဒါနလည်း ဖြစ်သည်။ ထို့ကြောင့် အလှူဒါနပြုကြသည့်အခါ ဆုတောင်းမမှားဘဲ အကျိုးကြီးသော ဆုတောင်းမျိုးကို ဖော်ပြထားသည့်အတိုင်း ဆုတောင်းတတ်ဖို့ လိုပါသည်။

မှန်ပါသည်။ ရန်ကုန်မှ မန္တလေးသို့ ခရီးသွားသူသည် ရန်ကုန်–မန္တလေး လက်မှတ်ကို ကိုင်ဆောင်စီးသွားပါလျှင် ရန်ကုန်နှင့် မန္တလေးမြို့အကြားမှာရှိသည့် မြို့ရွာဘူတာများကို အလိုအလျောက် ရောက်သွားပြီးသား ဖြစ်ပါသည်။ ထို့အတူ နိဗ္ဗာန်ကို ဦးတည်ချက်ထားပြီး ဆုတောင်းသည့်ပုဂ္ဂိုလ်သည်လည်း နိဗ္ဗာန်မရောက်မီအကြား ဖြစ်လေရာဘဝများမှာ လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာများကို အလိုလို ရရှိခံစားရမည်ဖြစ်၏။ ထို့ကြောင့် သံသရာကို ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် ဦးစီးသည့် "ဝိဝဋ္ဋနိဿိတ"ဆုတောင်းမျိုးကို ဆုတောင်းသင့်ကြသည်။

ယခုကာလ ဗုဒ္ဓဘာသာဝင် သူတော်စင်အများစုတို့ ဆုတောင်းနေကြသကဲ့သို့ ပထမတွင် နိဗ္ဗာန်ကို ရည်မှန်းဆုတောင်းကြပြီးနောက် "နိဗ္ဗာန်မရောက်မီ ကျင်လည်သမျှ ဘဝများ၌ လူ့ဘဝ၊ နတ်ဘဝများသို့ရောက်၍ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ဘဝတိုင်း ခံစား၊ စံစားရပါလို၏" စသည်ဖြင့် ဆုတောင်း လေ့ရှိကြ၏။ ဤဆုတောင်းမျိုးသည်လည်း ဘဝနှင့် ပြည့်စုံမှု ဘဝသမ္ပတ္တိ၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံမှု ဘောဂသမ္ပတ္တိတို့ကို လိုချင်တောင့်တသည့် တဏှာပါနေသည့်အတွက် နိဗ္ဗာန်အရောက် နောက်ကျတတ်သည်"ဟု မိန့်ဆိုထား၏။ ဤအချက်ကိုလည်း ဆုတောင်းသည့်အခါ အလေးအနက် သတိထားကြရပေမည်။

## အကျိုးကြီး သံဃိကဒါနနှင့် အကျိုးနည်း ပုဂ္ဂလိကဒါန

အလှူခံပုဂ္ဂိုလ်ရှိရခြင်းဟူသော ဒုတိယအင်္ဂါနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ သတိထားဖွယ်ရာ အဖြာဖြာတို့ကို ဆက်လက်တင်ပြပါမည်။ ဒါနသည် အလှူခံ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး သံဃိကဒါန၊ ပုဂ္ဂလိကဒါနဟူ၍ နှစ်မျိုးကွဲသွား၏။ သာသနာတော်မှာရှိသည့် သံဃာတော်အများ အစုအပေါင်းကို ရည်မှန်းပြီး လှူဒါန်းသည့် ဒါနသည် သံဃိကဒါန ဖြစ်သည်။ မိမိကြည်ညိုသည့်ပုဂ္ဂိုလ် တစ်ဦး နှစ်ဦး စသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းသည့် ဒါနကား ပုဂ္ဂလိကဒါန ဖြစ်သည်။ ထိုတွင် သံဃိကဒါန ၇ မျိုး ရှိ၏။

**သံဃိကဒါန ခုနစ်မျိုး**

(၁) ဘုရားအမှူးရှိသော ရဟန်းသံဃာ၊ ရဟန်းမသံဃာတို့အား လှူဒါန်းခြင်း

(၂) ရဟန်းသံဃာနှင့် ရဟန်းမသံဃာ နှစ်ပါးစုံအား လှူဒါန်းခြင်း

(၃) ရဟန်းသံဃာ တစ်မျိုးတည်းကိုသာ လှူဒါန်းခြင်း

(၄) ရဟန်းမသံဃာ တစ်မျိုးတည်းကိုသာ လှူဒါန်းခြင်း

(၅) မိမိတတ်စွမ်းနိုင်သမျှ "ရဟန်း၊ ရဟန်းမ နှစ်ဖက်မှ ဦးရေမည်မျှစီ ညွှန်ကြားပေးတော်မူပါ"ဟု လျှောက်၍ သံဃာက ညွှန်ကြားလိုက်သည့် သံဃာစုအား (သံဃာအားလုံးကို ရည်မှန်း၍) လှူဒါန်းခြင်း

(၆) ရဟန်းသံဃာ တစ်ဖက်၌သာ မိမိတတ်နိုင်သမျှ "သံဃာမည်မျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက ညွှန်ကြားလိုက် သည့် သံဃာစုအား (သံဃာအားလုံးကို ရည်မှန်း၍) လှူဒါန်းခြင်း

(၇) ရဟန်းမ သံဃာတစ်ဖက်၌သာ မိမိတတ်နိုင်သမျှ "သံဃာမည်မျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက

ညွှန်ကြားလိုက်သည့် သံဃာစုအား (သံဃာအားလုံးကို ရည်မှန်း၍) လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက်၌လည်း ရဟန်း၊ ရဟန်းမ နှစ်မျိုးစုံ ရှိနေသည့် ခေတ်ကာလ၌ နှစ်ဖက်သော သံဃာ၏ရှေ့မှောက်မှာ ဓာတ်တော် ဌာပနာထားသည့် စေတီ သို့မဟုတ် ဆင်းတုရုပ်ပွားကို ထားပြီး "ဘုရားအမှူး ရှိသော နှစ်ဖက်သော သံဃာအား လှူဒါန်းပါ၏ဘုရား"ဟုဆို၍ လှူဒါန်းလျှင်လည်း အမှတ်(၁) သံဃိကဒါနဖြစ်သည်ဟု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ကျမ်းဂန်နှင့်အညီ မိန့်ဆိုထား၏။

ဤသံဃိကဒါနသည် အလှူခံပုဂ္ဂိုလ်၏မျက်နှာကို မကြည့်၊ ကိုယ်ကျင့်တရားကို မစဉ်းစားဘဲ ပုဂ္ဂိုလ်စွဲကို လုံးဝဖျောက်၍ လှူဒါန်းသည့် ဒါနမျိုးဖြစ်၍ ပုဂ္ဂိုလ်စွဲဖြင့် လှူသော ပုဂ္ဂလိကဒါနထက် အဆပေါင်းများစွာ အကျိုးကြီးမား၏။ မှန်၏။ ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ မြတ်စွာဘုရားက...

"ချစ်သားအာနန္ဒာ...နောင်ကာလရှည်ကြာသည့်အခါ ဤရဟန်းအနွယ် ပျောက်လုနီးပါးဖြစ်ကာ လည်ပင်း၌သာ သင်္ကန်း အစပိုင်းကို ချည်နှောင်ထားကြ၍ မကောင်းမှုများကို ပြုလုပ်နေကြသည့် ဒုဿီလရဟန်းများ ဖြစ်လာကြမည်။ ထိုသီလ မရှိသည့် ဒုဿီလရဟန်းတို့အား ဒကာ, ဒကာမများက သံဃာတော်၏ဂုဏ်ကို ရည်မှန်း၍ လှူဒါန်းကြပေမည်"

"ချစ်သားအာနန္ဒာ... ထိုရဟန်းအသွင်မျှသာရှိတော့သော လိင်္ဂသာသနာ၌လည်း သံဃာတော်အား ရည်မှန်း၍ လှူဒါန်းသောအလှူသည် မရေမတွက်နိုင်လောက်အောင်၊ နှိုင်းယှဉ်စရာ ပမာဏမရှိလောက်အောင် အကျိုးကြီးမားသည်ဟု ငါဘုရား ဟောတော်မူ၏"

"ချစ်သားအာနန္ဒာ...မည်ကဲ့သို့သော အကြောင်းမျိုးမျှဖြင့် သံဃိကဒါနထက် သီးခြားပုဂ္ဂလိကဒါနက သာလွန်ဖွံ့ဖြိုးကြီးကျယ်

သော အကျိုးရှိသည်ဟု ငါဘုရား ဟောကြားတော်မမူချေ”ဟု ဟော ကြားတော်မူထားပေသည်။

ထို့ကြောင့် ဘုရားရှင် လက်ထက်တော်အခါက လူအပေါင်းတို့ သည် အများအားဖြင့် ပုဂ္ဂိုလ်ကို မစွဲလမ်း၊ မငဲ့ကွက်ဘဲ သံဃာတော်ကို အာရုံထားကြသည့်အတွက် ဒါနပြုကြရာတွင် ပုဂ္ဂလိကဒါနထက် အကျိုးကြီးမားသော သံဃိကဒါနကို များစွာပြုလုပ်နိုင်ကြသည်။ ထို့ ကြောင့် ရဟန်းတော်များဘက်မှာလည်း သံဃာမှ ဝေဖန်၍ရသည့် ပစ္စည်းလေးပါးကိုသာ အသုံးအစွဲများကြ၍ “ဤသူကား ငါ၏ ကျောင်း ဒကာ, ဒကာမဖြစ်သည်၊ သက်န်း ဒကာ, ဒကာမဖြစ်သည်” စသည် ဖြင့် ဒကာ, ဒကာမတို့အပေါ်မှာ သံယောဇဉ် အဖြစ်နည်း၍ သံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်တော်မူကြရသည်။

## သံဃိကဒါနမြောက်အောင် လှူဒါန်းနည်း

ဒကာ, ဒကာမတို့သည် “ငါတို့ သံဃိကအလှူကို လှူမည်”ဟု ကြံစည်၍ လှူရန်ဝတ္ထုများကို စီမံပြီးလျှင် ကျောင်းတိုက်သို့ သွားရောက် ပြီး “အရှင်ဘုရားတို့...တပည့်တော်များ သံဃိကအလှူကို လှူလိုပါ သည်။ သံဃာတော်မှ သံဃာတစ်ပါး ညွှန်ကြားပေးတော်မူပါဘုရား” ဟု လျှောက်ထား၏။ ထိုအခါ သံဃာတော်က အလှည့်ကျ သာမဏေ တစ်ပါးကို ညွှန်ကြား၍ သာမဏေကိုရလာလျှင် နှလုံးမသာမယာ ဖြစ်တတ်၏။ မထေရ်ကြီးတစ်ပါးကို ရသည့်အခါ၌လည်း ပုဂ္ဂိုလ်စွဲဖြင့် “ငါသည် မထေရ်ကြီးကိုရတယ်”ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ခြင်း ဖြစ်တတ်၏။ ထိုဒကာ,ဒကာမတို့၏ ပုဂ္ဂိုလ်မျက်နှာကိုကြည့်၍ လှူဒါန်းသော အလှူမျိုးသည် သံဃိကဒါနမမြောက်ဟု ကျမ်းဂန်၌ဆို၏။

သာမဏေကိုဖြစ်စေ၊ ရဟန်းငယ်ကိုဖြစ်စေ၊ မထေရ်ကြီးကိုဖြစ်စေ၊ သီလရှိသည့် (သီလဝန္တ) ရဟန်းကိုဖြစ်စေ၊ သီလမဲ့သည့် (ဒုဿီလ) ရဟန်းကိုဖြစ်စေ၊ ပညာမဲ့ရဟန်းကိုဖြစ်စေ၊ ပညာရှိရဟန်းကိုဖြစ်စေ

တစ်ပါးပါးကို အလှည့်ကျသဖြင့် သံဃာ့ကိုယ်စား ညွှန်ကြား၍ရလာလျှင် ထွေရာစဉ်းစား ယုံမှားခြင်းမရှိ၊ ပုဂ္ဂိုလ်မျက်နှာကို မကြည့်ဘဲ "သံဃာတော်အား ငါလှူဒါန်းပါတယ်" (သံဃဿ ဒေမ)ဟု နှလုံးသွင်းပြီး သံဃာ၌ ရိုသေခြင်းကိုပြု၍ လှူဒါန်းနိုင်သောသူ၏ အလှူမျိုးသာ သံဃိကဒါနမြောက်သည်။

အထူးသဖြင့် ပင့်ဖိတ်သည့်အခါက သံဃာတော်ကို ပင့်ဖိတ်သည့်အတိုင်း ရဟန္တာကြီးများအား လှူဒါန်းရသည့်အခါ၌လည်း ရဟန္တာပုဂ္ဂိုလ်ဟူသော အစွဲဖြင့် ရဟန္တာပုဂ္ဂိုလ်ကြီးများအား ငါလှူဒါန်းရပေသည်ဟု အမှတ်မထား၊ ဘုရားတပည့်သား သံဃာအားသာ ငါလှူသည်ဟု သဘောထားရသည်။ သီလမဲ့သူ ဒုဿီလရဟန်းအား လှူဒါန်းရသည့်အခါမှာလည်း ဒုဿီလဟူသော ပုဂ္ဂိုလ်စွဲဖြင့် ဒုဿီလပုဂ္ဂိုလ်အား ငါလှူဒါန်းရသည်ဟု အမှတ်မထား၊ ဘုရားတပည့်သား သံဃာအားသာ ငါလှူသည်ဟု သဘောထားရသည်။ ဤသို့ ဘုရားတပည့်သား သံဃာတော်များအား ရည်မှန်း လှူဒါန်းနိုင်မှ သံဃိကဒါန မြောက်သည်ဟု ဆိုလိုပေသည်။

## ဥဂ္ဂသူကြွယ်၏ လှူဒါန်းနည်း

ဤနေရာ၌ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်လာ "ဥဂ္ဂသူကြွယ်" ၏ လှူဒါန်းနည်းကို နည်းယူသင့်၏။ ဥဂ္ဂသူကြွယ်သည် မိမိအိမ်၌ ဆွမ်းကပ်လှူဒါန်းရန် သံဃာတော်ကို သွားပင့်ဖိတ်မည်ဆိုလျှင် နတ်များက ကြိုတင်လာရောက်၍ "သူကြွယ် ဤမည်သောပုဂ္ဂိုလ်ကြီးများကား အရိယာကြီးများ ဖြစ်ကြ၏။ ဤမည်သောပုဂ္ဂိုလ်တို့ကား ပုထုဇဉ် သီလဝန္တကြီးများ ဖြစ်ကြ၏။ ဤမည်သောပုဂ္ဂိုလ်ကား ဒုဿီလ ဖြစ်၏"ဟု ဦးစွာပြောကြားလာကြသည်။ ထိုသို့ နတ်များ ကြိုတင်ပြောကြားလာခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါဘုရား။

အံ့ဖွယ်ကောင်းသည့်အကြောင်းမှာ တပည့်တော်သည် သံဃာတော်

အား လှူဒါန်းသည့်အခါနှင့် သံဃာကို ဆွမ်းကပ်သောအခါတို့၌ "ဤပုဂ္ဂိုလ်ကား အရိယာပုဂ္ဂိုလ်၊ ပုထုဇဉ် သီလဝန္တပုဂ္ဂိုလ် ဖြစ်သည့်အတွက် များများလှူမည်၊ ဤပုဂ္ဂိုလ်ကတော့ ဒုဿီလဖြစ်သည့်အတွက် နည်းနည်းလှူမည်"ဟူ၍ စိတ်ဖြစ်ခြင်း အလျှင်းမရှိပါ။ အမှန်စင်စစ် အရိယာ၊ သီလဝန္တ၊ ဒုဿီလဟူ၍ မခြားနား ဘဲ တူမျှသောစိတ်ရှိ၍သာ တပည့်တော် လှူဒါန်းပါသည်။ ဤသည်မှာ တပည့်တော်၏ ခြောက်ခု မြောက် အံ့ဖွယ်ဖြစ်ပါသည်ဘုရားဟု လာမေးမြန်းသူ ရဟန်းတော်အား ဥဂ္ဂသူကြွယ်၏ လျှောက်ထားပုံကို တွေ့ရ၏။

မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်းအပါအဝင် ဆင်ရွာ၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတော်များကို "ရဟန်းတို့ ဆင်ရွာ၌နေသော ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသူဟု မှတ်ယူကြရမည်"ဟု အကျဉ်းချုပ် ဟောကြားတော်မူပါသည်။ ထိုဟောကြားချက်၌ ကြားနာရသော ရဟန်းတော်တစ်ပါးသည် ထို ဥဂ္ဂသူကြွယ်ထံ သွားရောက် မေးမြန်းရာ ဥဂ္ဂသူကြွယ်က သူ၏ အံ့ဖွယ်ရှစ်ချက်ကို လျှောက်ထား သည်တွင် အထက်ဖော်ပြပါအချက်သည် ခြောက်ခုမြောက်အချက် ဖြစ်ပါသည်။

ဤသို့ သံဃာတော်များအား အလှူဒါနပြုကြရာ၌ ဥဂ္ဂသူကြွယ်၏ ထုံးကို နှလုံးမူကာ အကျိုးတရားကြီးမားသော သံဃိကဒါနဖြစ်ရန် အတွက် အလှူခံပုဂ္ဂိုလ်၏ မျက်နှာကို ကြည့်ခြင်း၊ ပုဂ္ဂိုလ်စွဲ စွဲခြင်းကို လုံးဝပယ်ဖျောက်ပြီးလျှင် သံဃာကိုရည်မှန်း၍ လှူဒါန်းနိုင်အောင် ကြိုးစားသင့်ကြလှပေသည်။ မှန်ပါသည်။ သင်္ကန်းလည်ရောက် အမည် ခံလောက်သာဖြစ်သည့် ဒုဿီလပုဂ္ဂိုလ်တို့၌ပင်သော်လည်း သံဃာကို အာရုံပြု၍ သံဃိကဒါနမြောက်အောင် လှူဒါန်းနိုင်ပါမူ မရေမတွက် နိုင်လောက်အောင် မြားမြောင်လှသော (အသင်္ချေယျ၊ အပ္ပမေယျ) အကျိုးများရကြောင်း ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏဝိဘင်္ဂသုတ်၌ မြတ်စွာဘုရား အတိအကျဟောကြားထားပေသည်။

ထို့ကြောင့် မိမိရှေ့မှောက်သို့ အလှူခံရောက်လာသည့် ဒုဿီလ ရဟန်းတစ်ပါးပါးကို လှူဒါန်းဖို့ရန် ကြုံလာသည့်အခါ သံဃာအပေါင်းကို အာရုံပြုပြီး "သံဃဿ ဒေမ"ဆိုကာ ဘုရားတပည့်သား သံဃာများအား လှူဒါန်းပါသည်ဟု နှလုံးသွင်း လှူဒါန်းနိုင်ဖို့ အရေးကြီး၏။ ဤကဲ့သို့ လှူဒါန်းလျှင် သံဃာသာ အလှူခံဖြစ်၍ သံဃိကဒါန ဖြစ်ပါသည်။ ရှေ့မှာရောက်နေသည့်ပုဂ္ဂိုလ်မှာ သံဃာ့ကိုယ်စားမျှသာဖြစ်သောကြောင့် ထိုသံဃာ့ကိုယ်စားပုဂ္ဂိုလ်မှာ မည်သို့သီလမဲ့ကာ ယုတ်ညံ့နေစေကာမူ အရင်းမူလ အလှူခံသံဃာတော်က မြင့်မြတ်နေသည့်အတွက် မြင့်မြတ်သည့် သံဃိကဒါနပင် ဖြစ်ပါသည်။

သံဃိကဒါနဖြစ်ရန် သံဃာ၌ ရိုသေခြင်း၊ သံဃာကို အလေးထားခြင်း (သံဃစိတ္တီကာရမှု)ကို ပြုနိုင်ဖို့ အရေးကြီး၏။ ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း အလှူဒါနပြုရန် သံဃာ့ထံ မထေရ်တစ်ပါး တောင်းရာ၌ သာမဏေကို ရ၍ စိတ်နှလုံးမသာမယာသောသူအားလည်းကောင်း၊ မထေရ်ကြီးကိုရ၍ ဝမ်းသာသောသူအားလည်းကောင်း၊ သံဃာကို ရိုသေအလေးထားမှု (စိတ္တီကာရဂုဏ်) မရှိသည့်အတွက် သံဃိကဒါန မဖြစ်။ သာမဏေကိုရလည်း ဝမ်းမနည်း၊ မထေရ်ကြီးရလည်း ဝမ်းမသာ၊ ရရှိသည့်ပုဂ္ဂိုလ်ကိုသာ သံဃာကိုရည်မှန်း၍ ရိုရိုသေသေ လေးလေးစားစား လှူဒါန်းနိုင်လျှင် (သံဃစိတ္တီကာရဖြစ်၍) သံဃိကဒါန မြောက်၏ဟု ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ မိန့်ဆိုထား၏။

## သံဃိကဒါနဖြစ်အောင် လှူနိုင်သူ ကျောင်းဒကာ

သံဃာ့ကိုယ်စား ရရှိလာသည့် သံဃာပေါ်၌ ရိုသေလေးစားမှု (သံဃ စိတ္တီကာရ)ဖြစ်နိုင်ဖို့ကား အလွန်ခဲယဉ်း၏ဟု ကျမ်းဂန်၌ဆို၏။ ယခု မျက်မှောက်ခေတ် လှူဒါန်းနေကြပုံ ကြည့်လျှင်လည်း ထိုပုဂ္ဂိုလ်စွဲအားကြီး၍ သံဃိကဒါန အဖြစ်နည်းကြ၏။ ဤနေရာ၌ ဒုဿီလ ပုဂ္ဂိုလ်၌ သံဃိကဒါနမြောက်အောင် လှူဒါန်းပုံကို ဝတ္ထုသာဓက ကလေး

တစ်ခု တင်ပြပါမည်။

ရှေးအခါက သမုဒ္ဒရာတစ်ဖက်ကမ်း ဇမ္ဗူဒိပ်ကျွန်း၌ နေထိုင်သော ကျောင်းဒကာ သူကြွယ်တစ်ဦးသည် သံဃိကအလှူကို လှူမည်ဟု အစစ အရာရာစီမံပြီး သံဃာ့ထံသို့သွားရောက်ကာ "သံဃာတော်မှ ညွှန်ကြား၍ ရဟန်းတစ်ပါး ပေးတော်မူပါ"ဟု တောင်းသတဲ့။ သူကြွယ်သည် သံဃာတော်ထံမှ ဆွမ်းအလှည့်ကျသည့် ဒုဿီလ ရဟန်းတော်တစ်ပါးကို ရခဲ့သည်။ ဒုဿီလရဟန်းမှန်း သိသော်လည်း နေရာထိုင်ခင်းကို သန့်ပြန့်စွာ ခင်းကျင်းသုတ်သင်သည်၊ အထက်မှာ မျက်နှာကြက် ဗိတာန်ကိုကြက်၍ နံ့သာ ပန်းမန် အခိုးအထုံတို့ဖြင့် ပူဇော်ပြီးလျှင် ထိုဒုဿီလရဟန်း၏ ခြေတို့ကို ရိုရိုသေသေ ဆေးကြောသုတ်သင် ဆီလိမ်းပေးခြင်း စသည်ဖြင့် ဘုရားရှင်အား အရိုအသေပြုသကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို လှူဒါန်းလိုက် ပေသည်။

မွန်းလွဲသောအခါ ထိုဒုဿီလရဟန်းသည် သူကြွယ်၏ ပြုစုလှူဒါန်းမှုကို ခံရ၍ ဒကာနှင့် အကျွမ်းဝင်ပြီဟု မှတ်ထင်ကာ "ကျောင်းပြင် ချင်လို့ ပေါက်တူး ခဏပေးပါ"ဟုဆိုကာ အိမ်ပေါက်ဝ၌ လာရပ် သည်။ ကျောင်းဒကာက ထိုင်ရာမှ မထဘဲ ပေါက်တူးကို ခြေဖြင့် ကော်ခတ်၍ ပေးလိုက်သတဲ့။ ထိုအခါ အိမ်သူအိမ်သားများက "နံနက် ဘက်ကတော့ ဒီရဟန်းကို ပြောမကုန်အောင် ပူဇော်ရိုသေမှုတွေ ပြုခဲ့ပြီး ယခုတော့ မရိုမသေ ပေါက်တူးကို ခြေနဲ့ ခတ်ပေးလိုက်တာဟာ ဘာသဘောလဲ"ဟု ဝိုင်းမေးကြသည်။ ထိုအခါ ကျောင်းဒကာက "ဟာ မနက်ဘက်က ရိုရိုသေသေ ပူဇော်တာကတော့ သံဃာဆိုတဲ့ အမှတ်နဲ့ သံဃာကိုရည်ပြီး ပြုလုပ်တဲ့ ရိုသေမှု၊ ပူဇော်မှုဖြစ်တယ်၊ အခုကတော့ ဒီဒုဿီလရဟန်းနဲ့ ထိုက်တန်တဲ့အပြုအမူပဲ"ဟု ပြန်လည် ဖြေကြား ပြောဆိုလိုက်သည်။

ဤကျောင်းဒကာ သူကြွယ်ကဲ့သို့ ဒုဿီလရဟန်းဟု သိစေကာမူ

သံဃာတော်ကို ရည်မှန်းပြီး ရိုသေလေးစားစွာ လှူဒါန်းပူဇော်နိုင်ပါလျှင် အကျိုးကြီးမြတ်သည့် သံဃိကဒါန မြောက်ပေသည်။ ထို့ကြောင့် "အလှူဒါနပြုကြရာတွင် သံဃာတော်၌ ရိုရိုသေသေ လေးလေးစားစား ပြုစွမ်းနိုင်သော အလှူရှင်အား ဒသီလပုဂ္ဂိုလ်၌ သံဃာကို ရည်မှန်း၍ လှူဒါန်းသောအလှူသည် ကိလေသာကုန်ခန်း ရဟန္တာပုဂ္ဂိုလ်၌ လှူဒါန်းသည့် အလှူထက် ပိုပြီး အကျိုးကြီးလှသည်"ဟု ဒက္ခိဏာ ဝိဘင်္ဂသုတ် အဋ္ဌကထာ၌ ဖွင့်ဆိုထားပေသည်။

## မင်းကွန်း တိပိဋကဓရဆရာတော်၏ အဆုံးအဖြတ်

အချို့က မိမိရှေ့မှောက် အလှူခံပုဂ္ဂိုလ် ရောက်လာလျှင် အကျင့်မကောင်းသောပုဂ္ဂိုလ်ဖြစ်ကြောင်း မိမိသိပြီးဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်အား တစ်စုံတစ်ရာ မလှူဒါန်းသင့်၊ လှူဒါန်းခဲ့လျှင် မကောင်းမှန်းသိလျက်နှင့် လှူဒါန်းခြင်းဖြစ်သောကြောင့် အဆိပ်ပင် ရေလောင်းသကဲ့သို့ မကောင်းမှုသာဖြစ်သည်ဟု ပြောဆိုလေ့ ရှိကြ၏။

ဤနေရာ၌ မကောင်းမှန်းသိလျက်နှင့် လှူဒါန်းတိုင်းလည်း အပြစ်ဖြစ်သည်ဟု မဆိုသင့်ပေ။ လှူဒါန်းသူ၏ စေတနာအတိုင်း အပြစ်အကျိုးကို ဆုံးဖြတ်ရပေမည်။ အလှူရှင်က ထိုအလှူခံပုဂ္ဂိုလ်၏ မကောင်းစွာ ကျင့်ကြံနေထိုင်မှုကို သဘောတူညီကာ (ဝါ) ခွင့်လွှတ်ကာ ဤသို့ဆက်လက်ကျင့်မြဲ ကျင့်နိုင်စေရန် ထောက်ပံ့လှူဒါန်းမည်ဟူသော စေတနာမျိုးဖြင့် လှူဒါန်းမှသာ အဆိပ်ပင် ရေလောင်းသည့်သဘောမျိုး ဖြစ်နိုင်ပေသည်။ ထိုအလှူခံပုဂ္ဂိုလ်၏ အကျင့်ကိုလည်း မကြိုက်မနှစ်သက်၊ ဆက်လက်ကျင့်ကြံနေရန် အားပေးလိုစိတ်လည်း မရှိဘဲ ရှေ့တွင် ဖော်ပြခဲ့ပြီးသော ကျောင်းဒါယကာကဲ့သို့ သံဃာကိုရည်မှန်း၍ သံဃိကဒါနမြောက်အောင် လှူဒါန်းပါမူကား အပြစ်မရှိ၊ ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးမျိုးကို ရရှိမည်ဟု မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားပေသည်။

ဤလှူဒါန်းခြင်းနှင့် ပတ်သက်၍ အရှုပ်အထွေး အခက်အခဲ တွေ့တတ်သည်မှာလည်း ပုဂ္ဂိုလ်စွဲနှင့်လှူသည့် ပုဂ္ဂလိကဒါနမျိုး၌သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂိုလ်ဆိုသည်မှာ ကောင်း,မကောင်း အမျိုးမျိုးရှိသောကြောင့်ဖြစ်သည်။ သံဃိကဒါနအရာ၌ကား သံဃာတော်ဟူသည် တစ်မျိုးတစ်စားတည်းသာဖြစ်၏။ ကောင်း,မကောင်းမပြား၊ အယုတ်အမြတ်ဟူ၍မရှိ၊ အကောင်းအမြတ်ချည်းသာ ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

ထို့ကြောင့် မိမိထံမှောက်သို့ အလှူခံရောက်လာလျှင်ဖြစ်စေ၊ မိမိက အလှူခံထံ သွားရောက်လှူဒါန်းလျှင်ဖြစ်စေ ထိုအလှူခံ၏ မျက်နှာကို မကြည့်၊ ကိုယ်ကျင့်တရားကို မစဉ်းစားဘဲ "ငါသည် ဘုရားတပည့်သား အရိယာ သံဃာအပေါင်းအား လှူပါ၏ (သံဃဿဒေမ)"ဟု စိတ်က သံဃာကို အာရုံပြု၍ လှူဒါန်းနိုင်လျှင် သံဃိကဒါန မြောက်ပေတော့၏။

ဤကဲ့သို့ သံဃာတစ်ပါးတည်းကို လှူဒါန်းရာ၌ဖြစ်စေ၊ သံဃာအများကို လှူဒါန်းရာ၌ဖြစ်စေ သံဃာအပေါင်းကို အာရုံပြုကာ "သံဃဿဒေမ"ဟုဆိုကာ လှူဒါန်းရန် အထူးသတိထားသင့်ကြပေသည်။ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏဝိဘင်္ဂသုတ်၌ ပုဂ္ဂိုလ်စွဲနှင့်လှူဒါန်းသည့် ပုဂ္ဂလိကဒါနထက် သံဃာကိုရည်မှန်း၍ "သံဃဿဒေမ"ဟု ရွတ်ဆိုနှုတ်သွင်း လှူဒါန်းသည့် သံဃိကဒါနက ပိုလွန်အကျိုးကြီးမားကြောင်း မြတ်စွာဘုရား ဟောကြားထားပါသည်။ ထို့ကြောင့် အကျိုးနည်းသော ပုဂ္ဂလိကဒါနမျိုး မဖြစ်စေဘဲ အကျိုးကြီးသော သံဃိကဒါနမျိုးဖြစ်အောင် သတိထား လှူဒါန်းသင့်ကြပေသည်။

## ပုဂ္ဂလိကဒါန (၁၄)မျိုး

ပုဂ္ဂိုလ်ကို ကြည်ညိုသဖြင့် ပုဂ္ဂိုလ်ကိုရည်မှန်းပြီး လှူဒါန်းသည့် အလှူမျိုးကို ပုဂ္ဂလိကဒါန ခေါ်သည်။ ရည်မှန်းလှူဒါန်းသည့် ပုဂ္ဂိုလ်က

၁၄ မျိုး ရှိသည်အတွက် ပုဂ္ဂလိကဒါန ၁၄ မျိုး ရှိသည်။ ထို ၁၄ မျိုး မှာ–

(၁) မြတ်စွာဘုရား အား လှူဒါန်ခြင်း
(၂) ပစ္စေကဗုဒ္ဓါအား လှူဒါန်ခြင်း
(၃) ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော (အရဟတ္တမဂ်၌ တည်သော) ပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၅) အနာဂါမ်ပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၆) အနာဂါမ်ဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်နေသော (အနာဂါမိမဂ်၌ တည်သော)ပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၇) သကဒါဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၈) သကဒါဂါမ်ဖိုလ်ကို မျက်မှောက်ပြုရန်ကျင့်နေသော (သကဒါဂါမိမဂ်၌ တည်သော)ပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၉) သောတာပန်ပုဂ္ဂိုလ်အား လှူဒါန်ခြင်း
(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်နေသော (သောတာပတ္တိမဂ်၌ တည်သော)ပုဂ္ဂိုလ်အား လှူဒါန်းခြင်း
(၁၁) သာသနာပအခါ ဈာန်အဘိညာဉ်ရ ရသေ့အား လှူဒါန်ခြင်း
(၁၂) လူပုထုဇဉ် သီလရှိသူအား လှူဒါန်းခြင်း
(၁၃) လူပုထုဇဉ် သီလမရှိသူအား လှူဒါန်းခြင်း
(၁၄) တိရစ္ဆာန်အား လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

**ဆောင်ပုဒ်လင်္ကာ**

ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ ရိယာရှစ်ဝ၊ ဈာန်ရဗာဟီ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး။ (ရိယာရှစ်ဝဆိုသည်မှာ အမှတ် ၃ မှ၊ အမှတ် ၁၀ အထိ အရိယာပုဂ္ဂိုလ်ရှစ်ယောက်ဖြစ်သည်။ ဈာန်ရဗာဟီ၌ ဗာဟီမှာ သာသနာပအခါကို ဆိုသည်။)

## အကျိုးပေးကွာခြားကြပုံ

အလှူခံပုဂ္ဂိုလ်(၁၄)မျိုးထဲတွင် တိရစ္ဆာန်ပါနေသည်အတွက် "အလှူခံ တစ်ကိုပ်လေ၊ ခွေ တောင်ပါသေတယ်"ဟု ရှေးပညာရှင်ကြီးများ မိန့်ဆိုခဲ့ခြင် ဖြစ်သည်။ ခွေ၊ ကြက်၊ ဝက် စသော တိရစ္ဆာန်တို့အာ တစ်နပ်စာဝအောင် ကျွေးမွေးလိုက်သော အလှူသည် ဘဝပေါင်းတစ်ရာ တို့၌ အသက်ရှည်ခြင် အဆင်းလှခြင်း စသော အကျိုးငါးပါးကို ပေးနိုင် ၏။ လူပုထုဇဉ် သီလမရှိသူအား တစ်နပ်စာ ဝအောင်ပေးလှူလျှင် ဘဝတစ်ထောင်၊ လူပုထုဇဉ် သီလရှိသူအာ တစ်နပ်စာ ဝအောင်ပေး လှူလျှင် ဘဝတစ်သိန်း၊ သာသနာပအခါ ဈာန်အဘိညာဉ်ရ ရသေ့အာ တစ်နပ်စာ ဝအောင်ပေးလှူလျှင် ဘဝကုဋေတစ်သိန်း၊ သရဏဂုံ သီလ ရှိသောလူ သာမဏေမှအစ သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်တို့ အား လှူဒါန်းလျှင် ဘဝပေါင်းအသချေ်အကျိုးငါးပါးတို့ကို ပေးနိုင်၏။

ထို့ထက် သောတာပန်ပုဂ္ဂိုလ်အား လှူဒါန်းရခြင်က အကျိုးကြီး ၏။ ထို့ထက် သကဒါဂါမိမဂ်ပုဂ္ဂိုလ်အား လှူရခြင်း၊ ထို့ထက် သကဒါဂါမ်ပုဂ္ဂိုလ်အား လှူရခြင်း၊ ထို့ထက် အနာဂါမိမဂ်ပုဂ္ဂိုလ်အာ လှူရ ခြင်း၊ ထို့ထက် အနာဂါမ်ပုဂ္ဂိုလ်အား လှူရခြင်း၊ ထို့ထက် အရဟတ္တမဂ် ပုဂ္ဂိုလ်အား လှူရခြင်း၊ ထို့ထက် ရဟန္တာပုဂ္ဂိုလ်အား လှူရခြင်း၊ ထို့ထက် ပစ္စေကဗုဒ္ဓါအား လှူရခြင်း၊ ထို့ထက် ဘုရားရှင်အာ ပေးလှူရခြင် တို့သည် ပို၍ ပို၍ အကျိုးကြီးပေးသည်ဟု ဒက္ခိဏာ ဝိဘင်္ဂသုတ်ပါဠိ တော်၌ မြတ်စွာဘုရား ဟောကြားထားသည်။

## ပုဂ္ဂိုလ်ကို ရွေးချယ်လှူဒါန်းသင့်ပုံ

ဖော်ပြခဲ့သော ဘုရားဟော ပါဠိတော်အရ အလှူခံပုဂ္ဂိုလ်အလိုက် အကျိုးပေးကွာခြားပုံများကို ထောက်ရှုလျှင် အလှူခံပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာ စွမ်းအားများ မြင့်မာလျှင် မြင့်မားသလောက် အကျိုး ပေး ကြီးကျယ်မြင့်မာကြောင်း သိရှိနိုင်သည်။ မှန်၏။ သံဃာ့ဂုဏ်

တော်ကို ပါ တွင် မြတ်သောအလှူကို ခံထိုက်သည့် "ဒက္ခိဏေယျ" ဂုဏ်အပြင် "အနုတ္တရံ ပုညခေတ္တံ လောကဿ" ဟူသော ဂုဏ်တော်လည်း ပါရှိ၏။ ထိုဂုဏ်တော်၏အဓိပ္ပာယ်မှာ "လောကသား သတ္တဝါများ၏ ကောင်းမှုမျိုးစေ့တို့ကို စိုက်ပျိုးကြဲချရာ၌ အတုမရှိ မြတ်သော လယ်ယာမြေကောင်းနှင့် တူ၏" ဟု ဆိုလိုပေသည်။

ဤဂုဏ်တော်အရ အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏။ လှူဒါန်းမှုဟူသော ဒါနကုသိုလ်ကောင်းမှုများက မျိုးစေ့များနှင့်တူ၏။ လယ်ယာမြေက မြေဩဇာကောင်းလျှင် ကောင်းသလောက် မျိုးစေ့များ အပင်ပေါက်ကာ ရှင်သန်ကြီးထွားရသည်မှာ လောကဓမ္မတာသဘော ဖြစ်၏။ ထို့အတူ လယ်ယာမြေနှင့်တူသည့် အလှူခံပုဂ္ဂိုလ်က သီလ၊ သမာဓိ၊ ပညာ စွမ်းအားကောင်းလျှင် သို့မဟုတ် အနည်းဆုံး သီလ စင်ကြယ်သန့်ရှင်း (သီလဝိသုဒ္ဓိ)လျှင် စင်ကြယ်သန့်ရှင်းသလောက် (ဝါ) စွမ်းအားကောင်းသလောက် ကောင်းမှုမျိုးစေ့များ ကြီးထွားရှင်သန် အကျိုးပေးထက်သန်ဖွံ့ဖြိုးမှာ ဖြစ်ပါသည်။

မှန်ပါသည်။ ဗုဒ္ဓရှင်တော်ဘုရားပွင့်တော်မူလာသည့်အခါ တိတ္ထိ ဆရာကြီးများမှာ တန်ခိုးမှေးမှိန်၊ တဖြည်းဖြည်း သေးသိမ်လာခဲ့ကြ၏။ သူတို့ကို ကိုးကွယ်ဆည်းကပ်နေသူများပင် အစုလိုက် အပြုံလိုက် ရှင်တော်ဗုဒ္ဓ၏ ထံတော်မှောက်သို့ တစ်စတစ်စ ရောက်လာကြ၏။ ထိုအခါ တိတ္ထိဆရာတပည့်တစ်စုတို့သည် မြတ်ဗုဒ္ဓနှင့် တပည့်သံဃာ များအပေါ် အမနာပ၊ မလိုတမာ ပြောဆိုလာကြ၏။ "ရဟန်းဂေါတမ က သူနှင့် သူ့သာဝကတွေကိုသာ ပေးလှူထိုက်တယ်၊ သူတို့ကိုလှူမှသာ အကျိုးကြီးကြီး ရနိုင်တယ်လို့ ပြောနေတယ်။ သူတို့လည်း လှည့်လည် အလှူခံစားနေကြရသူတွေပဲ၊ တို့လည်း လှည့်လည် အလှူခံစားနေကြ ရသူတွေပဲ၊ ဒီလိုအလှူခံစားရသူအချင်းချင်း ပြောဆိုတာ သင့်တော်ပါ သလား" ဟု သူတို့ဆိုင်ရာ ဒကာ, ဒကာမများအား ပြောကြားနေကြ သတဲ့။

ထိုသတင်းကို သာဝတ္ထိပြည့်ရှင်၊ ကောသလဘုရင်ကြီး ကြားသွားသည့်အခါ "ဘုရားကတော့ ဒီစကားမျိုးကို ပြောမှာမဟုတ်ဘူး၊ သင့်တော်တဲ့အချိန်မှာ ဒီပြဿနာကို ဖြေရှင်းလိုက်မှဖြစ်မယ်"ဟု ကြံစည်ထား၏။ တစ်ချိန်တွင် ဗုဒ္ဓဘာသာဝင်ဟုတ်သူ၊ မဟုတ်သူ နှစ်မျိုးလုံးကိစ္စတစ်ခုဖြင့် မြတ်စွာဘုရား ကျောင်းတော်၌ စုဝေးမိကြ၏။ ထိုအချိန်တွင် အားလုံး ကြားနာသဘောပေါက်ကြစေရန် ကောသလဘုရင်ကြီးက ဘုရားရှင်အား "မြတ်စွာဘုရား... အဘယ်ပုဂ္ဂိုလ်မျိုး၌ အလှူကို ပေးလှူထိုက်ပါသလဲဘုရား"ဟု မေးမြန်းလျှောက်ထား၏။ မြတ်စွာဘုရားက "မင်းကြီး... မိမိစိတ်က နှစ်ခြိုက်ကြည်ညိုသည့် ပုဂ္ဂိုလ်မျိုးအား ပေးလှူထိုက်ပါတယ်"ဟု ဖြေဆိုသည့်အခါ "ဘယ်လိုပုဂ္ဂိုလ်မျိုး၌ ပေးလှူခြင်းဟာ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုး ရှိပါသလဲဘုရား" ဟု မင်းကြီးက ထပ်မံလျှောက်ထားပြန်၏။

ထိုအခါ ဘုရားရှင်က "မင်းကြီး... သီလရှိတဲ့ သီလဝန္တပုဂ္ဂိုလ်အား လှူရခြင်းဟာ သီလမရှိတဲ့ ဒုဿီလပုဂ္ဂိုလ်အား လှူရတာထက် ပိုပြီး ဖွံ့ဖွံ့ဖြိုးဖြိုး ကြီးမားတဲ့အကျိုး ရှိပါတယ်" (သီလ ဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော တထာ ဒုဿီလေ) စသည်ဖြင့် ဥပမာဆောင်ပြီး အကျယ်ဟောကြားထားတော်မူသည်ကို ကောသလသံယုတ်ပါဠိတော်၊ ဣဿတ္ထသုတ်၌ တွေ့၏။ ထို့ကြောင့် အလှူရှင်တို့သည် ပုဂ္ဂလိကဒါနအရာ၌ သီလရှိသည့် (သီလဝန္တ)ပုဂ္ဂိုလ်မျိုး (ဝါ) သီလသန့်ရှင်းစင်ကြယ်သည့် (သီလဝိသုဒ္ဓိ)ပုဂ္ဂိုလ်မျိုးကို စိစစ်ရွေးချယ်၍ လှူဒါန်းသင့်ကြ၏။ သို့မှသာ ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ကြီးကျယ်သည့်အကျိုးမျိုးကို ရကြမည်ဖြစ်ပါသည်။

## မြတ်စွာဘုရားနှင့် နတ်သားတစ်ပါး

ဤသို့ ပုဂ္ဂလိကဒါနအရာ၌ သီလရှိသူ ပုဂ္ဂိုလ်ကို ရွေးချယ်လှူဒါန်းရမည့်အကြောင်းကို ဒေဝတာသံယုတ်ပါဠိတော် "သာခု"သုတ်၌လည်း

လေ့လာတွေ့ ရှိရသေး၏။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူချိန် ညတစ်ည သန်းခေါင်အချိန်တွင် နက်သားတို့ လာရောက်၍ အသိ သိ မေ လျှောက်ကြရာတွင် နတ်သားဟစ်ပါးက အောက်ပါအတိုင်း လျှောက်ထား၏၊

"ရှင်တော်မြတ်ဘုရား... အလှူဒါနပြုခြင်းသည် အလွန်ကောင်း မြတ်ပါ၏။ အနည်းငယ်သော ဝတ္ထုပစ္စည်းထဲကပင် ဝေဖန်ခွဲခြမ်း လှူဒါန်းနိုင်ခြင်းသည် ကောင်းမြတ်ပါ၏။ ရတနာသုံးပါး၊ ကံ,ကံ၏ အကျိုးများကို ယုံကြည်တတ်သော သဒ္ဓါတတ်ဖြင့် လှူဒါန်းခြင်းသည် ကောင်းမြတ်ပါ၏။ တရားသဖြင့် ရရှိထားသော ပစ္စည်းကို တရားထူး သိမြင် အရိယာအရှင်အား လှူဒါန်းခြင်းသည် ကောင်းမြတ်ပါ၏။ သို့သော်လည်း အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို စိစစ်ရွေးချယ်၍ လှူဒါန်းခြင်းသည် ပိုမိုသာလွန် ကောင်းမြတ်လှပါပေ၏။ အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို စိစစ်ရွေးချယ်၍ လှူဒါန်းခြင်းကို ဘုရားရှင် အဆူဆူ ချီးမွမ်းတော်မူ၏။ လယ်ယာမြေကောင်း၌ စိုက်ပျိုးကြဲချလိုက်သော မျိုးစေ့တို့သည် အောင်မြင်ဖွံ့ဖြိုး များမြတ်သောအကျိုး ရှိသကဲ့သို့ ဤသက်ရှိလောကဝယ် သီလသမာဓိ စသော ဒက္ခိဏေယျဂုဏ် ရှိတော်မူကြသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းတို့သည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုး ရှိပါကုန်၏ဘုရား"

နတ်သား၏ ဤလျှောက်ထားချက်များကို ဘုရားရှင်ကိုယ်တိုင်က ဟုတ်မှန် သည့်စကာ ဖြစ်ပါပေသည်ဟု လက်ခံ အတည်ပြုတော်မူသည်ဟု ပါဠိတော်၌ လေ့လာတွေ့ရှိရ၏။

ပေတဝတ္ထုပါဠိတော် အင်္ကုရ ပေတဝတ္ထု၌လည်း "မြေဩဇာ ညံ့ဖျင်းသော လယ်၌ များစွာသော မျိုးစေ့တို့ကို စိုက်ပျိုးသော်လည်း စပါးသီးနှံ အမြောက်အမြား မရနိုင်သကဲ့သို့ သီလမရှိသူ ဒုဿီလ ပုဂ္ဂိုလ်တို့၌ များစွာလှူဒါန်သော်လည်း ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးကို မရရှိနိုင်။ မြေဩဇာကောင်းမွန်သောလယ်၌ မျိုးစေ့အနည်း

ငယ်မှုကို စိုက်ပျိုးစေကာမူ စပါးသီးနှံကောင်းများကို များစွာရရှိနိုင်သကဲ့သို့ ထိုအတူ သီလဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၌ အနည်းငယ်မျှပင် လှူဒါန်းသော်လည်း ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးကို ရရှိနိုင်၏။ ထို့ကြောင့် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးကို ရရှိနိုင်သည့်ပုဂ္ဂိုလ်မျိုးကို စိစစ်ရွေးချယ်၍ အလှူဒါနကို ပေးလှူသင့်၏။ ယင်းသို့ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းခြင်းသည် ကြီးကျယ်သောအကျိုးကို ရရှိသောကြောင့် အလှူရှင်တို့သည် နတ်ပြည်သို့ ရောက်ကြကုန်၏။

ဤဖော်ပြခဲ့ပြီးသော ဘုရားဟောဒေသနာတော်များအရ ပုဂ္ဂလိကဒါန အရာ၌ သီလရှိသော အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းခြင်းသည် ကြီးကျယ်သောအကျိုးကို ရရှိနိုင်ကြောင်း သိသာထင်ရှားလှ၏။ ထို့ကြောင့် အလှူဒါနပြုကြရာ၌ ပုဂ္ဂလိကဒါနပြုကြမည် ဖြစ်ပါက ကြီးကျယ်သော အကျိုးတရားကို လိုလားကြကုန်သော အလှူရှင်တို့သည် အကျင့်သီလနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်မျိုးကို ရွေးချယ်၍ လှူဒါန်းသင့်ကြပေသည်။

အကြောင်းကြောင်းကြောင့် အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်နိုင်ဘဲ သီလမရှိသူ ဒုဿီလပုဂ္ဂိုလ်မျိုးကို လှူဒါန်းရသည့်အခါမျိုး၌ "ဘုရားအလောင်းတော်ကြီးများ ဒါနပါရမီဖြည့်သည့်အခါ ပုဂ္ဂိုလ်ကို အယုတ်၊ အလတ်၊ အမြတ်မရွေး လှူဒါန်းတော်မူကြတယ်။ ငါလည်း အလှူခံပုဂ္ဂိုလ်ကို မရွေးချယ်ဘဲ ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်ကိုပဲ ဘုရားအလောင်းတော်ကြီးတွေနည်းအတိုင်း လှူဒါန်းမယ်"ဟု နှလုံးသွင်းပြီး လှူဒါန်းနိုင်၏။ ထို့ကြောင့် "ဒါနဟူသည် ပြုအံ့ရည်သော်၊ မှုနည်းယုတ်မြတ်၊ မမှတ်အညီ၊ လာရောက်ပြီတိုင်း၊ ဒုဿီသုသီ၊ အလဇ္ဇီကာ၊ လဇ္ဇီမကြွင်း၊ မချန်ချွင်းဘဲ၊ ဝမ်းတွင်းခိုင်ကျည်၊ သူမည်မည်၌၊ မလည်မသုန်၊ သဒ္ဓါဟုန်ဖြင့်၊ မတုန်မလှုပ်၊ ထိန်းအုပ်မချွေ၊ မတွန့်စေနှင့်"ဟု ဗုဒ္ဓဝင်ပါဠိတော်နှင့်အညီ မန်လည်ဆရာတော်ဘုရားကြီးက လမ်းညွှန်

ထား၏။ ဤလှူဒါန်းနည်းသည် မြင့်မြတ်သည့် ဘုရားလောင်းများ၏ ထုံကို နှလုံးမူ၍ လှူဒါန်းသည့်အတွက် ပါရမီဒါနကုသိုလ်မျိုး ဖြစ်၍ အကျိုးပေးကြီးကျယ်နိုင်သည်ဟု မိန့်ဆိုထား၏။

ထိုက်ပို၍ကောင်းသည့် လှူဒါန်းနည်းမှာ ပုဂ္ဂိုလ်မျက်နှာမကြည့်ဘဲ ရှေ့တွင် ဖော်ပြခဲ့သည့် သူကြွယ်များကဲ့သို့ သံဃာအားလုံးကို ရည်မှန်းကာ "သံဃဿ ဒေမ" (သံဃာတော်အပေါင်းအား လှူဒါန်းပါ၏)ဟု ရွတ်ဆို၍ သံဃိကဒါနမျိုး ဖြစ်အောင် လှူဒါန်းနည်းပင် ဖြစ်သည်။

## ရဟန်းဒုဿီလကို လှူကောင်း မလှူကောင်း

အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေးမျိုးတွင် (၁၂) (၁၃)နံပါတ်တို့၌ လူပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်နှင့် လူပုထုဇဉ် ဒုဿီလပုဂ္ဂိုလ်နှစ်မျိုးသာ ပါရှိ၏။ သီလရှိသည့် သီလဝန္တရဟန်းသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်နေသောပုဂ္ဂိုလ်၌ ပါဝင်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထားသောကြောင့် သီလဂန္တရဟန်းမှာ အလှူခံပုဂ္ဂိုလ်တွင် ပါဝင်ပါသည်။ ဒုဿီလဒါနအရ သာသနာပအတွက်သာ ဘုရားဟောကြားတော်မူချက်ရှိ၍ သာသနာတော်တွင် ဒုဿီလရဟန်းများကို မလှူဒါန်းကောင်း၊ လှူဒါန်းလျှင် အပြစ်ဖြစ်သည်ဟု အချို့ ပြောဆိုလေ့ရှိကြ၏။ ဤသို့ မပြောဆိုသင့်ကြပေ။ အမှန်စင်စစ် ဗုဒ္ဓဘာသာဝင် ဖြစ်က အောက်ဆုံးအပိုင်းအခြားအားဖြင့် သရဏဂုံတည်သူ ဖြစ်ရပေသည်။ သရဏဂုံတည်သူဖြစ်က သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံနေသောသူဖြစ်သည်ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်ဆိုထားချက် ရှိသည်။

သာသနာပ ဒုဿီလပုထုဇဉ်ကိုပင် လှူဒါန်း၍ အကျိုးများစွာ ရှိနိုင်ပါလျှင် သာသနာတော်အတွင်း ဒုဿီလပုထုဇဉ်ပုဂ္ဂိုလ်အား လှူဒါန်း၍ အကျိုးရဖို့ရာမှာ ယုံမှားဖွယ်ရာ မရှိချေ။ မိလိန္ဒပဉှာပါဠိတော်၌လည်း လူဒုဿီလထက် ရဟန်း ဒုဿီလက ဘုရား၌ ရိုသေမှုရှိခြင်း၊ တရား၌

ရှိသေမှုရှိခြင်း၊ သံဃာ၌ ရှိသေမှုရှိခြင်း စသော ဂုဏ်ကျေးဇူးဆယ်ပါး တို့ဖြင့် သာလွန်ကြောင်းကို အရှင်နာဂသေနမထေရ် ဟောကြားထားပေသည်။ ထိုရဟန်းဒုဿီလမှာ ထိုမိလိန္ဒပဥှာပါဠိတော် လာသည့်အတိုင်း လူဒုဿီလထက် သာလွန်ခြင်း၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသောစာရင်း၌ ပါဝင်နေခြင်း တို့ကြောင့် ဒုဿီလရဟန်းအား လှူဒါန်းခြင်းသည် အကျိုးမရ အပြစ်သာဖြစ်သည်ဟု မပြောဆိုသင့်ကြပါချေ။

ထို့ပြင် သာသနာပအခါ ဒုဿီလများက သာသနာတော်ကို အနှောင့်အယှက်မပေးနိုင်ကြ၊ သာသနာတော်တွင် ဒုဿီလတို့ကမူ သာသနာတော်ကို အနှောင့်အယှက်ပေးနိုင်ကြသည်ဖြစ်သောကြောင့် သာသနာတော်တွင် ဒုဿီလတို့အား မလှူဒါန်းသင့်ဟူ၍ ပြောဆိုတတ်ကြသေး၏။ ဤကဲ့သို့လည်း မပြောဆိုသင့်ပေ။ အကြောင်းမှာ ဒက္ခိဏာဝိဘင်္ဂသုတ်၌သံဃိကဒါန(၇)မျိုးကို ဟောကြားတော်မူရာ နိဂုံးချုပ်တွင်

"အာနန္ဒာ...နောင်အခါ၌ ရဟန်းအမည်ခံရုံမျှသာဖြစ်၍ သင်္ကန်းလည်ပင်းရောက်၍ သီလမဲ့ ယုတ်မာသော ရဟန်းတို့သည် ဖြစ်ပေါ်ကြကုန်လတ္တံ့။ ထိုဒုဿီလတို့၌ သံဃာကိုရည်မှန်း၍ လှူဒါန်းကြကုန်လတ္တံ့။ ထိုအခါ၌သော်လည်း သံဃိကအလှူကို အသင်္ချေယျ အပ္ပမေယျ အကျိုးရ၏ဟု ငါဘုရား ဟောတော်မူ၏"ဟူ၍ ဟောကြားတော်မူထား၏။

ထို့ပြင် ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဒက္ခိဏာဝိသုဒ္ဓိ လေးမျိုးကို ဟောကြားတော်မူရာ၌ "အလှူခံပုဂ္ဂိုလ်က ဒုဿီလဖြစ်သော်လည်း အလှူရှင် ဒါယကာက သီလဝန္တဖြစ်လျှင် ထိုအလှူသည် ဒါယကာကြောင့် စင်ကြယ်၏"ဟု ဟောကြားတော်မူထား၏။ ထို့ကြောင့် ရဟန်းဒုဿီလအား လှူကောင်းသည်၊ လှူလျှင် အကျိုးရှိသည်၊ အပြစ်မရှိ။

သို့သော် ဒုဿီလပုဂ္ဂိုလ်အား သူ၏ အကျင့်အကြံကို မိမိက

အလိုတူ အလိုပါ အားပေးအားမြှောက်ပြုလိုသည့် စိတ်စေတနာဆို မျိုးဖြင့် လှူလျှင် အပြစ်ရှိသည်။ သူ၏အကျင့်အကြံကို ပနမာဏမပြုဘဲ စင်ကြယ်သောစိတ်ဖြင့် "အလှူခံပုဂ္ဂိုလ် ဆိုက်ရောက်လာလျှင် လှူဒါန်း ထိုက်သည်"ဟု သဘောထား၍ လှူဒါန်းလျှင် အပြစ်မရှိကြောင်း ကောင်း စွာသတိပြုရာ၏ဟု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား ကြီး ဆုံးဖြတ်တော်မူထားပေးသည်။

## ဒါနကို တားမြစ်လျှင် ပုညန္တရာယ်ဖြစ်

ဒါနကုသိုလ်ကို ပြုလုပ်စရာမလိုဟုလည်းကောင်း၊ ဒုဿီလရဟန်း ကို မလှူနဲ့ဟုလည်းကောင်း၊ ဒါနကုသိုလ်ပြုမှုကို တားမြစ်လျှင်ဖြစ်စေ၊ ဒါနပြုသူကို ရှုတ်ချလျှင်ဖြစ်စေ ပုညန္တရာယ် စသော အန္တရာယ်များ ငြိတတ်၏။ ပုညန္တရာယ်ငြိခဲ့လျှင် နောက်နောက်ဘဝတို့၌ တန်ခိုးအရှိန် အဝါ ဥစ္စာနေကင်း၍ ဆင်းရဲခြင်းဖြစ်တတ်၏။

အတန်ငယ် ချဲ့ပြီး အံ့။ တစ်ချိန်သောအခါက ဝစ္ဆဂေါတ္တ ပရိဗိုဇ် သည် မြတ်စွာဘုရား ထံတော်မှောက်သို့ ရောက်လာပြီး "အို...အရှင် ဂေါတမ၊ အရှင် ဂေါတမသည် ငါ့အားသာ ပေးလှူထိုက်၏။ အခြား ပုဂ္ဂိုလ်တို့အား မပေးလှူထိုက်။ ငါ၏တပည့်သာဝကတို့အားသာ ပေးလှူ ထိုက်၏။ အခြားပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့အား မပေးလှူထိုက်။ ငါ့အား ပေးလှူခြင်းသည်သာ အကျိုးရှိ၏။ အခြားသူတို့အား ပေးလှူ ခြင်းသည် အကျိုးမရှိ။ ငါ၏တပည့်သာဝကတို့အား ပေးလှူခြင်းသည် သာ အကျိုးကြီး၏။ အခြားပုဂ္ဂိုလ်တို့၏ တပည့်သာဝကတို့အား ပေးလှူခြင်းသည် အကျိုးမကြီးဟု ပြောနေကြသည်ကို ကြားနေပါ သည်။ သူတို့ပြောနေကြသည့်အတိုင်း အရှင်ဂေါတမက ပြောလေ့ရှိပါ သလား၊ သို့မဟုတ် သူတို့က အရှင်ဂေါတမကို မဟုတ်မမှန်၊ လုပ်ကြံ စွပ်စွဲကြခြင်း ဖြစ်ပါသလား"ဟု လျှောက်ထားသည်။

မြတ်စွာဘုရားက "ဝစ္ဆ–သင်ကြားတဲ့အတိုင်း ငါမပြောဆိုပါ။

ငါ့ကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုခြင်းသာ ဖြစ်ပါတယ်။ ဝစ္ဆ-သူတစ်ပါးတို့အား ပေးလှူသည်ကို တားမြစ်သူသည် ပုဂ္ဂိုလ်သုံးယောက်တို့၏ အန္တရာယ်ကိုလည်း ပြု၏။ နတ်ရွာနိဗ္ဗာန်ခရီးကိုလည်း ဖျက်ဆီးသူဖြစ်၏။ အလှူရှင်ပုဂ္ဂိုလ်၏ ကောင်းမှုအန္တရာယ် (ပုညန္တရာယ်)ကိုလည်း ပြု၏။ အလှူခံပုဂ္ဂိုလ်တို့၏ လာဘ်လာဘအန္တရာယ် (လာဘန္တရာယ်)ကိုလည်း ပြုရာရောက်၏။ ထို တားမြစ်သူသည် ရှေ့မဆွကပင် မိမိကိုယ်ကို တူးဖြိုသူ၊ ဖျက်ဆီးသူဖြစ်၏။ ဤသို့ အလှူဒါနကို တားမြစ်သူသည် ပုဂ္ဂိုလ်သုံးယောက်တို့၏ အန္တရာယ်ကိုလည်း ပြု၏။ နတ်ရွာနိဗ္ဗာန်ခရီးကိုလည်း ဖျက်ဆီးသူဖြစ်၏။

"ဝစ္ဆ-ရေအိုင်၌ဖြစ်စေ၊ ညွန်အိုင်၌ဖြစ်စေ နေထိုင်ကြသော သတ္တဝါများ စားသုံးကြပါစေ၊ မျှမျှတတ အသက်မွေးကြပါစေဟူသော စေတနာဖြင့် ဟင်းအိုး၊ ထမင်းအိုးဆေးရေ၊ ပန်းကန်ခွက်ယောက်ဆေးရေတို့ကို ထိုအိုင်များထဲသို့ စွန့်ပစ်လိုက်၏။ ထိုသို့ စွန့်ပစ်ခြင်းကြောင့် ထိုသူအား ဒါနကုသိုလ်ဖြစ်၏။ လူပုဂ္ဂိုလ်တို့ကို ပေးကမ်းစွန့်ကြဲရာ၌ကား ဆိုဖွယ်ရာမရှိ။ ဒါနကုသိုလ်ဖြစ်၏ဟု ငါဘုရား ဟောတော်မူ၏"ဟု တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ ဝစ္ဆဂေါတ္တသုတ်၌ မြတ်စွာဘုရားဟောကြားတော်မူထား၏။

ဤ ဘုရားဟောသုတ်တော်အရ "အလှူဒါနကို ပြုစရာမလို၊ ထိုထိုဒုသီလပုဂ္ဂိုလ်မျိုးကို မလှူနဲ့" စသည်ဖြင့် မတားမြစ်၊ မပိတ်ပင်ကောင်း၊ တားမြစ်ပိတ်ပင်ခဲ့လျှင် အလှူရှင်မှာ ဒါနကုသိုလ် မဖြစ်သည့်အတွက် ပုညန္တရာယ်၊ အလှူခံပုဂ္ဂိုလ်မှာ လာဘ်မှ ဆုတ်ယုတ်သည့်အတွက် လာဘန္တရာယ်၊ မတားမြစ်မီကပင် မိမိ၌ တားမြစ်လိုသော အကုသိုလ်စိတ် ဖြစ်သည့်အတွက် မိမိကိုယ်ကို တူးဖြိုဖျက်ဆီးသည့်အန္တရာယ် သုံးမျိုးဖြစ်တတ်ကြောင်း သိရ၏။ ထို့ပြင် မိမိတို့ စားသောက်သုံးဆောင်ပြီး အိုးဆေးရေ၊ ပန်းကန်ခွက်ယောက်ဆေးရေတို့ကို စွန့်ပစ်ရာ၌ပင် "ဒီဆေးရေများ၌ ပါရှိသော အစာအာဟာရတို့ကို

တွေ ရှိတဲ့ သတ္တဝါတွေ စားသုံးကြပါစေ၊ သောက်သုံးကြပါစေ”ဟူသော စေတနာဖြင့် စွန့်ပစ်ပါက ဒါနကုသိုလ်ဖြစ်ကြောင်းလည်း သိရ၏။ (စားသောက်ပြီး အာလုတ်ကျင်းရာ၌လည်း ထိုစိတ်စေတနာမျိုးကို သတိပြု၍ထားပါက ဒါနကုသိုလ် ဖြစ်နိုင်ပါသည်။)

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် သူတစ်ပါး အလှူဒါန ပြုသည်ကိုလည်း မတားမြစ်မိအောင် သတိဆောင်သင့်ကြသည်။ အိုးဆေးရေ၊ ပန်းကန်ခွက်ယောက်ဆေးရေ၊ အာလုတ်ကျင်းရေတို့ကို စွန့်ပစ်သည့်အခါ၌ပင် အမှတ်တမဲ့ မစွန့်ပစ်ကြဘဲ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်းပင် ကုသိုလ်စိတ် ရှေ့သွားဖြင့် ဒါနကုသိုလ်ဖြစ်အောင် သတိဆောင်၍ ပြုသင့်ကြပေသည်။

## ဘုရားထက်သာလွန်သည့်အလှူခံပုဂ္ဂိုလ် မရှိ

ပုဂ္ဂလိကဒါနထက် သံဃိကဒါနက အကျိုးပေးကြီးကျယ်ကြောင်း ရှေ့ပိုင်းတွင် တင်ပြခဲ့ပါသည်။ ထိုတင်ပြခဲ့သော ပုဂ္ဂလိကဒါနတွင် ဘုရား ရှင်တစ်ပါးတည်းကို လှူဒါန်းသည့် ပုဂ္ဂလိကဒါန မပါဝင်ပါချေ။ ဘုရား မှတစ်ပါးသော ပုဂ္ဂိုလ်နှင့် သံဃာဖြစ်ပါက ပုဂ္ဂလိကဒါနထက် သံဃိကဒါနက မြတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဘုရားရှင်ကို လှူဒါန်းသည့် ပုဂ္ဂလိကဒါနမျိုးမှာမူ သံဃိကဒါနထက် မြတ်သည်၊ အကျိုးပေး ကြီးကျယ်သည်။

ချဲ့ပြဦးအံ့။ ဤလောက၌ဖြစ်စေ၊ တစ်ပါးသောလောက၌ဖြစ်စေ မြတ်စွာဘုရားထက်မြတ်သော အလှူခံပုဂ္ဂိုလ်သည်လည်းကောင်း၊ မြတ်စွာဘုရားနှင့်တူသော အလှူခံပုဂ္ဂိုလ်သည်လည်းကောင်း မရှိပါချေ။ ငါဘုရားသည် ကောင်းမှုကို အလိုရှိကုန်သော သူတို့၏ ပြန့်ပြောကြီးကျယ်သောအကျိုးကို ရှာလေ့ရှိကုန်သောသူတို့၏ အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်သည့်ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏ဟု ဘုရားရှင် ဟောတော်မူထားချက်ရှိ၏။ ထိုအချက်ကို အကိုး

အကား အထောက်အထားပြု၍ "မြတ်စွာဘုရားထက် သာလွန်မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်မည်သည် မရှိ (သတ္ထာရာ ဥတ္တရိတရော ဒက္ခိဏေယျော နာမ နတ္ထိ)"ဟု ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌ မိန့်ဆိုထား၏။

အချို့က မိထွေ တော်ဂေါတမီ ဘုရားရှင်အား သင်္ကန်းလှူသည့်အခါ ဘုရားရှင်က အလှူမခံဘဲ သံဃာတော်အား လှူခိုင်းသည်ကို အထောက်အထားပြု၍ ဘုရားရှင်ကို လှူသည်ထက် သံဃာကိုလှူခြင်းက အကျိုးကြီးကြောင်း ပြောဆိုတတ်ကြ၏။ ထိုပြောဆိုချက်သည် မမှန်ဟု ပထမလုံကော်ဆရာတော်ဘုရားကြီး၊ ပရမတ္ထသရူပအနုဝဏ္ဏနာကျမ်းပြု ဆရာတော်ဘုရားကြီး စသော ဆရာတော်ဘုရားကြီးများ ဆုံးဖြတ်တော်မူကြသည်။

ထိုဆရာတော်ဘုရားကြီးများ၏ ဆုံးဖြတ်တော်မူချက်ကား မြတ်စွာဘုရားသည် "ဂေါတမီ-သံဃာကို လှူလေ"ဟု နှစ်ကြိမ်သုံးကြိမ်တိုင် ပယ်တော်မူခြင်းမှာ မိထွေးတော်ဂေါတမီအား အစဉ်သနား အကျိုးစီးပွားကို လိုလားသောကြောင့် ပယ်တော်မူခြင်းဖြစ်၏။ မှန်၏။ မြတ်စွာဘုရားအာ အကြံတော်ဖြစ်သည်မှာ 'မိထွေးတော်အား ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာ ဟူသော စေတနာသုံးကြိမ်တို့ ဖြစ်ကုန်ပြီ၊ သံဃာတော်ကို အကြောင်းပြု၍လည်း ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာဟူသော စေတနာသုံးကြိမ်တို့ ဖြစ်ပါစေ။ ဤသို့ဖြစ်လျှင် မိထွေးတော်အား ခြောက်ကြိမ်သော စေတနာတို့သည် တပေါင်းတည်းဖြစ်၍ ကြာမြင့်စွာ အကျိုးစီးပွားများခြင်း၊ ချမ်းသာခြင်း ဖြစ်ပေမည်'ဟု နှလုံးသွင်း၍ နှစ်ကြိမ် သုံးကြိမ်တိုင် ပယ်တော်မူခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထားသည်။

ထို့ပြင် "ငါဘုရားသည် ရှည်မြင့်စွာ တည်မည်မဟုတ်၊ ငါဘုရား၏ အဆုံးအမ သာသနာသည်သာ ရဟန်းသံဃာ၌ တည်၍ နောင်လာနောက်သား အမျိုးကောင်းသားတို့သည် သံဃာတော်၌ အရိုအသေ

ပြုကြစေသတည်"ဟု နလုသွင်၍ သုကြိမ်တိုင် ပယ်တော်မူခြင်း ဖြစ်သည်။ ဘုရားရှင်ကို လှူသည်ထက် သံဃာကိုလှူခြင်းက ပိုအကျိုးကြီး၍ ပယ်တော်မူခြင် မဟုတ်၊ ထို့ကြောင့် "မြတ်စွာဘုရားထက် သာလွန်မြင်မြတ်သော အလှူခံပုဂ္ဂိုလ်မရှိ"ဟု အဋ္ဌကထာ မိန့်ဆိုသည့် အတိုင်း ဘုရား မှတစ်ပါး သောပုဂ္ဂိုလ်နှင့် သံဃာဖြစ်ပါက ပုဂ္ဂလိက ဒါနထက် သံဃိကဒါနက မြတ်သည်။ ဘုရားရှင်ကို လှူဒါန်းသည့် ပုဂ္ဂလိက ဒါနမျိုးမှာမူ သံဃိကဒါနထက် မြတ်သည်၊ အကျိုးပေးကြီးကျယ်သည်ဟု ဆုဖြတ်တော်မူကြခြင်း ဖြစ်ပါသည်။

## သံဃိကဒါနက ပုဂ္ဂလိကဒါနထက် အကျိုးကြီးပုံ

ဖော်ပြခဲ့ပြီး သောပုဂ္ဂလိကဒါနနှင့် သံဃိကဒါန နှစ်မျိုးတွင် သံဃိကဒါနက ပုဂ္ဂလိကဒါနထက် ပို၍ အကျိုးကြီးမားသည်။ ပုဂ္ဂလိကဒါနသည် အကျိုးနည်းသောဒါနဖြစ်၍ သံဃိကဒါနသည် အကျိုးကြီးသောဒါန ဖြစ်သည်။ ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အား ဆွမ်းတစ်နပ်စာ ကျွေးမွေးရသည်ထက် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းတစ်နပ်စာ ဆက်ကပ်လှူဒါန်းရသော "ဗုဒ္ဓပ္ပမုခသံဃိကဒါန"က ပို၍ အကျိုးကြီးသည်ဟု နဝကအင်္ဂုတ္တိုရ်ပါဠိတော် ဝေလာမသုတ်၌ ဟောကြားတော်မူထားပေသည်။

ထင်ရှားအောင် ဝတ္ထုသာဓကတစ်ပုဒ် ထုတ်ဆောင်ပြဆိုပါဦးမည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ရာဇဂြိုဟ်မြို့အနီး နာလကရွာကြီး တွင် လက်ယာတော်ရံ အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာ၏ ညီတော်အငယ်ဆုံးဖြစ်သော အရှင်ရေဝတ၏ ဒကာသူဌေးကြီးတစ်ဦး၌ ဘဒ္ဒါနှင့် သုဘဒ္ဒါခေါ်သော သမီးနှစ်ယောက်ရှိသည်။

အစ်မကြီးဖြစ်သူ ဘဒ္ဒါသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ အသိဉာဏ်ပညာလည်း ရှိ၏။ အိမ်ထောင်ကျသည့်အခါ၌ သာသမီး တစ်ဦး

တစ်ယောက်မျှ မထွန်းကားချေ။ ထို့ကြောင့် ဘဒ္ဒါသည် ခင်ပွန်းသည် ယောကျ်ားကို "အရှင်... အကျွန်ုပ်၏ညီမ သုဘဒ္ဒါနဲ့ လက်ထပ်ပါ၊ အကယ်၍ ညီမဖြစ်သူက သားယောကျ်ားကလေး မွေးဖွားပါလျှင် အကျွန်ုပ်ရဲ့သားပါပဲ၊ အမျိုးအနွယ်လည်း မပျက်စီးပါဟုဆို၏။ ခင်ပွန်းသည်လည်း ဘဒ္ဒါပြောသည့်အတိုင်း ပြုလုပ်၏။ တစ်နေ့တွင် ဘဒ္ဒါသည် ညီမသုဘဒ္ဒါကို "ညီမ အလှူအတန်းမှာ မွေ့လျော်ပါ။ မမေ့မလျော့သောသတိဖြင့် တရားကျင့်ပါ။ မျက်မှောက်တမလွန်နှစ်တန်သော ကောင်းကျိုးချမ်းသာကို ရရှိပါလိမ့်မယ်"ဟု ဆိုဆုံးမ၏။

ညီမဖြစ်သူ သုဘဒ္ဒါသည် အစ်မကြီး ဆုံးမသည့်အတိုင်း လိုက်နာ၍ တစ်နေ့တွင် ရှင်ရေဝတ အမှူးရှိသော သံဃာတော်(၈)ပါးအား အိမ်သို့ ဆွမ်းစားပင့်၏။ အရှင်ရေဝတကလည်း သုဘဒ္ဒါ၏ကောင်းမှု အကျိုးတရားကြီးမားရေးကို ရည်မျှော်၍ သံဃာကညွှန်ကြားသော ရဟန်းခုနစ်ပါးကိုပင့်၍ ကြွသွားလေ၏။

သုဘဒ္ဒါသည် ကြည်လင်ရွှင်လန်းသော သဒ္ဓါစိတ်ထားဖြင့် အရှင်ရေဝတနှင့်တကွ သံဃာတော်(၈)ပါးတို့အား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ပင် လက်ရောက်ကြည်ဖြူ ကပ်လှူလေ၏။ ဆွမ်းကိစ္စပြီးသောအခါ အရှင်ရေဝတသည် အနုမောဒနာတရား ဟောကြားကာ ပြန်ကြွသွားးတော်မူ၏။

သုဘဒ္ဒါသည် ထိုဘဝမှ စုတေသည့်အခါ "နိမ္မာနရတိ"ခေါ် ငါးထပ်မြောက်နတ်ပြည်တွင် နတ်သမီးဖြစ်၏။ အစ်မကြီးဖြစ်သည့် ဘဒ္ဒါမှာမူ "ပုဂ္ဂလိကဒါန"တို့ကိုသာ ပြုခဲ့၍ တာဝတိံသာနတ်ပြည်တွင် သိကြားမင်း၏ မိဖုရားဖြစ်၏။ တစ်နေ့တွင် သုဘဒ္ဒါသည် မိမိ၏ နတ်စည်းစိမ်ကို ကြည့်၍ "ငါသည် ဘာကြောင့် ဒီနတ်စည်းစိမ်ကို ရခဲ့သလဲ"ဟု ဆင်ခြင်ရာ မိမိလှူဒါန်းခဲ့သော သံဃိကဒါနကြောင့် ရသည်ကို သိရှိသွား၏။

ထိုအခါ အစ်မကြီးဘဒ္ဒါကို သတိရသွားပြီး "အစ်မကြီးဘဒ္ဒါဟာ

အခု ဘယ်မှာဖြစ်သလဲ" ဆင်ခြင်ကြည့်ရာ သိကြားမင်း၏မိဖုရား ဖြစ်နေသည်ကို သိရှိသွား၏။ ထိုအခါ သူ့အစ်မကြီး အား သနား ချီးမြှောက်လိုသည့်အတွက် ဘဒ္ဒါနတ်မိဖုရား၏ ဗိမာန်သို့လာကာ "ဘဒ္ဒါ"ဟု ခေါ်လိုက်သည်။

ဘဒ္ဒါက "သင်ဟာ အခြံအရံ အရောင်အဆင်းတို့ဖြင့် ထွန်းလင်း တောက်ပလှပါတယ်၊ တာဝတိံသာနတ်အားလုံးတွေရဲ့အရောင်အဆင်း ထက် သင့်အရောင်အဆင်းက ပိုပြီး တောက်ပတင့်တယ်လှပါတယ်။ သင့်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပါ။ ယခုမြင်ရတာ ပထမဆုံးမြင်ရ ခြင်းပါပဲ။ ဘယ်နတ်ပြည်က ရောက်လာပြီး ကျွန်ုပ်ကို 'ဘဒ္ဒါ'လို့ ဘယ်လိုသိပါသလဲ"ဟု မေးလိုက်၏။

"အရှင်မဘဒ္ဒါ–အကျွန်ုပ်သည် ရှေ့လူ့ဘဝတုန်းက 'သုဘဒ္ဒါ' အမည် ရှိခဲ့ပါတယ်၊ သင်နဲ့ လင်တူမယားလည်းဖြစ်၊ သင့်ရဲ့ညီမ အရင်းလည်း ဖြစ်ခဲ့ပါတယ်။ ကျွန်ုပ်ကွယ်လွန်တဲ့အခါ 'နိမ္မာနရတိ' နတ်ပြည်မှာ ဖြစ်ပါတယ်"ဟု ဖြေဆို၏။

"သုဘဒ္ဒါ–သင်ဟာ သင်ဖြစ်တဲ့ဘုံကို 'နိမ္မာနရတိ နတ်ဘုံ'လို့ ပြောသံ ကြားလိုက်ရပါတယ်။ နတ်ဘုံဆိုတာ ကုသိုလ်အမြောက်အမြား ပြုနိုင်သူတွေသာ ရောက်နိုင်ပါတယ်၊ သင်ဟာ အဘယ်ဒါန အဘယ် သီလနဲ့ ဒီလိုအခြံအရံ အကျော်အစောမျိုးကို ရပါသလဲ"ဟု ဘဒ္ဒါက ပြန်မေး၏။

ဘဒ္ဒါ–"အကျွန်ုပ်သည် ရှေ့လူဖြစ်စဉ်ဘဝတုန်းက မြတ်သောအလှူ ကို ခံတော်မူထိုက်သော သံဃာတော်(၈)ပါးကို ကြည်ညိုသော သဒ္ဓါ တရားဖြင့် ဆွမ်းခဲဖွယ်ဘောဇဉ်များကို ကိုယ်ထိလက်ရောက် ဆက်ကပ် လှူဒါန်းခဲ့ပါတယ်။ အဲဒီ သံဃိကဒါနကုသိုလ်ထူးကြောင့် ဒီအခြံအရံ အကျော်အစောကို ရတာဖြစ်ပါတယ်"ဟု ဖြေ၏။

"သုဘဒ္ဒါ–ငါဟာ သင့်ထက် အလှူများစွာ ပေးလှူခဲ့ပါလျက် သင့်ထက် အောက်ကျတဲ့ တာဝတိံသာနတ်ဘုံမှာသာ ဖြစ်ရတယ်၊

သင်ကတော့ အနည်းငယ်မျှသာ ပေးလှူပါလျက် ဘာကြောင့် နိမ့်မှာ နရတ်နတ်ဘုံမှာ ဖြစ်ရပြီး များမြတ်တဲ့အကျိုးထူးများ ရရှိပါသလဲ"ဟု မေး၏။

"ဘဒ္ဒါ–ရှေ့လူဖြစ်စဉ်ဘဝတုန်းက အရှင်ရေဝတဟာ ကျွန်ုပ်တို့ ကြည်ညိုကိုးကွယ်တဲ့ ရဟန်းဖြစ်ပါတယ်။ အရှင်ရေဝတရဲ့ **သံဃာတော်ကို ရည်မှန်းပြီး လှူဒါန်းပါ** ဆိုတဲ့ အဆုံးအမတော်အတိုင်း လိုက်နာပြီး အရှင်ရေဝတအမှူးရှိတဲ့ သံဃာတော်အရှင်မြတ် (၈)ပါးတို့အား သံဃိက ဆွမ်းအလှူကို လှူခဲ့ပါတယ်၊ အဲဒီသံဃိကဆွမ်းအလှူကြောင့် ဒီကြီးမားတဲ့အကျိုးကို ရခြင်းဖြစ်ပါတယ်။ သင်ကတော့ အကျွန်ုပ်ထက် များစွာ ပေးလှူခဲ့ပေမယ့် ပုဂ္ဂိုလ်စွဲ၊ ပုဂ္ဂိုလ် သံယောဇဉ်ဖြင့် ပုဂ္ဂလိကဒါနမျိုးကိုသာ ပေးလှူခဲ့ခြင်းဖြစ်ပါတယ်။ သင့်ရဲ့ ပုဂ္ဂလိကဒါနက ကျွန်ုပ်ရဲ့ သံဃိကဒါနလောက် အကျိုးမကြီးမားတဲ့အတွက် ယခုလို အကျိုးပေးကွာခြားကြတာ ဖြစ်ပါတယ်"ဟု ဖြေဆို၏။

"သံဃာတော်အား ရည်မှန်း၍ လှူဒါန်းတဲ့ သံဃိကအလှူသည် အကျိုးကြီးတယ်လို့ အခုမှ သိရပါတယ် သုဘဒ္ဒါ၊ ငါဟာ လူ့ဘဝကို တစ်ဖန်ပြန်လည်ရောက်ရှိရင် ဝန်တိုမှုကင်းလျက် (မမေ့မလျော့ဘဲ) သံဃာအား သံဃိကအဖြစ် လှူဖွယ်ပစ္စည်းတွေကို အကြိမ်အကြိမ် ပေးလှူပါတော့မယ်"ဟု သံဝေဂရစွာ ပြန်ပြောရှာ၏။

ဤသို့ ပုဂ္ဂလိကအလှူထက် ပုဂ္ဂိုလ်စွဲကင်း၍ သန့်ရှင်းသော သံဃိက အလှူက ပို၍ အကျိုးကြီးမားပေသည်။ သို့သော် ယခုမျက်မှောက်ခေတ်တွင် ဗုဒ္ဓဘာသာဝင်များ လှူဒါန်းနေကြသည့် အလှူဒါနများမှာ အများအားဖြင့် ပုဂ္ဂလိက ဒါနတို့သာ ဖြစ်ကြပေသည်။

မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်အများစုမှာ အလှူဒါနပြုကြသည့် အခါ သံဃာတော်များအား ရည်မှန်းပြီး လှူသည်ထက် "တို့ကိုရင်ပဲ၊ တို့ဦးပဥ္စင်းပဲ၊ တို့ဘုန်းကြီးပဲ၊ တို့ဆရာတော်ပဲ၊ အင်မတန်စာတတ်တဲ့ ကိုယ်တော်ပဲ၊ အင်မတန် တရားဟောကောင်းတဲ့ကိုယ်တော်ပဲ၊ တိပိဋက

ရေ၊ တိပိဋကကောဝိဒ ဆရာတော်ပဲ၊ သက်တော်ရှည်ဆရာတော်ကြီးပဲ" စသည် စသည်ဖြင့် ပုဂ္ဂိုလ်မျက်နှာကြည့်၍ ပုဂ္ဂိုလ်စွဲဖြင့် လှူဒါန်းနေကြသည့် ပုဂ္ဂလိကဒါနမျိုးကသာ များပေသည်။

ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း သံဃိကဒါနဖြစ်မြောက်ဖို့ရန် လှူဒါန်းတတ်ဖို့ စိတ်ထားတတ်ဖို့ အလွန်အရေးကြီးပါသည်။ "စိတ်ထားတတ်လျှင် မြတ်သည်"ဆိုသကဲ့သို့ စိတ်ထားတတ်လျှင် အကျိုးကြီးသော သံဃိကဒါန ဖြစ်နိုင်ပါသည်။ အလှူခံပုဂ္ဂိုလ်သည် တစ်ပါးတည်းပင် ဖြစ်စေကာမူ ထိုတစ်ပါးတည်းသည် ကိုရင်ကလေးဖြစ်စေ၊ ရဟန်းငယ်ဖြစ်စေ၊ အယုတ်ဆုံး အကျင့်သီလမဲ့သူ ဒုဿီလပင်ဖြစ်စေ စိတ်မကွက်ရ၊ စိတ်မပျက်ရ၊ စိတ်နှလုံးမသာမယာ မရှိရ။ ထင်ရှားကျော်ကြားသည့် ဆရာတော်ဘုရားကြီး ဖြစ်ပါကလည်း အလွန်အမင်း ဝမ်းသာမှုမျိုး မရှိရ။ "ဒီပုဂ္ဂိုလ်ဟာ သံဃာတော်များရဲ့ ကိုယ်စားဖြစ်တယ်"ဟု နှလုံးသွင်းကာ သံဃာတော်အားလုံးကို ရည်မှန်းပြီး "သံဃဿ ဒေမ"ဆိုကာ လှူဒါန်းပါက သံဃိကဒါန မြောက်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အလှူဒါနပြုကြသည့်အခါ အမှတ်တမဲ့ မလှူဒါန်းကြဘဲ ဥဂ္ဂသူကြွယ်၏ထုံး၊ သုဘဒ္ဒါ သူဌေးသမီးတို့၏ထုံးတို့ကို နှလုံးမူကာ အကျိုးပေးနည်းသည့် ပုဂ္ဂလိကဒါနထက် အကျိုးကြီးမားသည့် သံဃိကဒါနမျိုးဖြစ်အောင် သတိဆောင်၍ လှူဒါန်းသင့်ကြပေသည်။

**စင်ကြယ်သောဒါနများ**

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား "စင်ကြယ်သောဒါန လေးမျိုး" ဟောကြားထားတော်မူသည်ကို ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ္တ ဖတ်ရှုရ၏။ ထိုဒါနလေးမျိုးကို "ဒက္ခိဏာဝိသုဒ္ဓိ" ဟု ပါဠိလိုခေါ်၏။ အလှူဒါန၏ စင်ကြယ်ခြင်း၊ သို့မဟုတ် စင်ကြယ်သောအလှူဒါနဟု အဓိပ္ပာယ်ရ၏။ စင်ကြယ်သောအလှူဒါနဟု ဆို

သော်လည်း ထိုဒါနလေးမျိုးတွင် မစင်ကြယ်သောဒါနတစ်မျိုး ပါဝင်နေပေသည်။ မြတ်စွာဘုရားသည် စင်ကြယ်သောဒါနက များ၍ များသောဒါနဘက်သို့လိုက်ကာ "ယေဘုယျနည်း"ဖြင့် တရားစုံအောင် "စင်ကြယ်သောဒါနလေးမျိုး"ဟု ဟောကြားတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ စင်ကြယ်သောဒါနနှင့် မစင်ကြယ်သောဒါနဟု နှစ်မျိုး ခွဲခြားတင်ပြထားပါသည်။ စင်ကြယ်သောဒါနသုံးမျိုးမှာ–

(၁) အလှူခံပုဂ္ဂိုလ်က သီလမရှိသူ ဒုဿီလပုဂ္ဂိုလ်ဖြစ်သော်လည်း အလှူရှင်က သီလရှိ၍ တရားသဖြင့် ရှာဖွေရရှိထားသော ဓမ္မိယလဒ္ဓပစ္စည်းကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး ကံ,ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူဒါန်းသော ဒါနမျိုးဖြစ်သည်။ ထိုဒါနကို အလှူခံကြောင့် မစင်ကြယ်သော်လည်း အလှူရှင်ကြောင့် စင်ကြယ်သောဒါနဟုခေါ်သည်။ (အလှူခံ မစင်ကြယ်၍ အလှူရှင် စင်ကြယ်သောဒါန)

(၂) သီလမဲ့သူ အလှူရှင်က မတရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းကို စေတနာသုံးတန်လည်း မထက်သန်၊ ကံ,ကံ၏ အကျိုးကိုလည်း မယုံကြည်ဘဲ လှူဒါန်းစေကာမူ အလှူခံပုဂ္ဂိုလ်က သီလနှင့်ပြည့်စုံသူ သီလဝန္တဖြစ်သော ဒါနမျိုးဖြစ်သည်။ ထိုဒါနကို အလှူရှင်ကြောင့် မစင်ကြယ်သော်လည်း အလှူခံကြောင့် စင်ကြယ်သောဒါနဟု ခေါ်သည်။ (အလှူခံ စင်ကြယ်၍ အလှူရှင် မစင်ကြယ်သောဒါန)။

(၃) သီလနှင့် ပြည့်စုံသူ သီလဝန္တအလှူခံပုဂ္ဂိုလ်အား သီလရှိသူ အလှူရှင် က တရားသဖြင့် ရှာဖွေရရှိထားသော ဓမ္မိယလဒ္ဓ ပစ္စည်းကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး ကံ,ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားဖြင့် လှူဒါန်းသော ဒါနမျိုးဖြစ်သည်။ ထိုအလှူသည် လယ်မြေကောင်း၌ မျိုးစေ့ကောင်းကို စိုက်ပျိုးသကဲ့သို့ အကျိုးကြီးမြင့်သောဒါနဖြစ်၏။ ထိုဒါနကို

အလှူရှင် အလှူခံ နှစ်ဖက်လုံး စင်ကြယ်သောဒါနဟု ခေါ်သည်။ (အလှူခံ အလှူရှင် နှစ်ဦး လုံး စင်ကြယ်သောဒါန)။

ဤဖော်ပြပြီးခဲ့သော ဒါနသုံးမျိုးသည် "စင်ကြယ်သောဒါနများ" ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားထား၏။ ဒါနသုံးမျိုးလုံး ကြီးကျယ်သောအကျိုးကို ပေးနိုင်သော်လည်း တတိယဒါနသည် အလှူခံ၊ အလှူရှင် နှစ်ဦးလုံး စင်ကြယ်သောကြောင့် ပထမဒါန၊ ဒုတိယဒါန တို့ထက် ကြီးကျယ်သောအကျိုးကို ပေးနိုင်သည်။

## မစင်ကြယ်သောဒါန

မစင်ကြယ်သောဒါနဆိုသည်မှာ သီလမဲ့သူ အလှူရှင် ဒါယကာက ဒုဿီလ အလှူခံပုဂ္ဂိုလ်အား မတရားသဖြင့် ရှာဖွေရရှိထားသောပစ္စည်းကို စေတနာသုံးတန်လည်း မထက်သန်၊ ကံ,ကံ၏အကျိုးကိုလည်း မယုံကြည်ဘဲ လှူဒါန်းသောဒါနမျိုး ဖြစ်သည်။ ထိုအလှူသည် မြေဩဇာ ညံ့ဖျင်းသော လယ်မြေ၌ မျိုးစေ့ညံ့ကို စိုက်ပျိုးမိသကဲ့သို့ အကျိုးပေး မကြီးကျယ်သော ဒါနဖြစ်သည်။ ထိုဒါနကို အလှူရှင် အလှူခံနှစ်ဖက်လုံး မစင်ကြယ်သောဒါနဟု ခေါ်၏။ (အလှူရှင် အလှူခံ နှစ်ဦးလုံး မစင်ကြယ်သောဒါန)။

## အကျိုးကြီးဒါနနှင့် အကျိုးနည်းဒါန

ဤဆိုခဲ့ပြီးသော ဒါနနှစ်မျိုးလုံးတွင် စင်ကြယ်သောဒါနသုံးမျိုးက အကျိုးတရားကြီးမား၍ မစင်ကြယ်သောဒါနက အကျိုးတရားနည်းပါးသောဒါန ဖြစ်သည်။ ဤဒါနနှစ်မျိုးကို အချုပ်ဖော်ပြရလျှင် အလှူဒါန ပြုကြရာတွင် အလှူရှင် ပုဂ္ဂိုလ်ဘက်၌-

(၁) အလှူရှင်သည် ကိုယ်ကျင့်သီလရှိသူဖြစ်ရခြင်း (၂) မိမိလှူမည့် ပစ္စည်းသည် တရားသဖြင့် ရှာဖွေရရှိထားသည့် (ဓမ္မိယလဒ္ဓ)ပစ္စည်း ဖြစ်ရခြင်း (၃) စေတနာသုံးတန် ထက်သန်ရခြင်း (၄) ကံ,ကံ၏

အကျိုးကို ယုံကြည်မှု သဒ္ဓါတရား ရှိရခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံ၍ အလှူခံပုဂ္ဂိုလ်ဘက်၌ (၅) ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည့် အလှူခံပုဂ္ဂိုလ်ဖြစ်ရခြင်းဟူသော အင်္ဂါ ရပ် ရှိသည်ကို တွေ့ရသည်။ ဤအင်္ဂါ ရပ်နှင့် ညီညွတ်သော အလှူဒါနသည် အကျိုးကြီးသော ဒါနဖြစ်၍ အင်္ဂါယုတ်လျော့လျှင် ယုတ်လျော့သလောက် အကျိုးနည်းသောဒါန ဖြစ်သွား၏။ ထို့ကြောင့် အလှူဒါနပြုကြရာဝယ် ကောင်းကျိုးလိုလား၊ အမျိုးကောင်းသားတို့သည် ဤအင်္ဂါ ရပ်နှင့် ပြည့်စုံ ညီညွတ်အောင် ကြိုးစားအားထုတ် လှူဒါန်းသင့်ကြပေသည်။

## အကျိုးနည်းသော သာသနာပဒါနနှင့် အကျိုးကြီးသော သာသနာတွင်းဒါန

"သာသနာပ"ဆိုသည်မှာ ရတနာသုံးပါးနှင့်တကွ မြတ်စွာဘုရား ဟောကြားတော်မူထားသည့် အဆုံးအမတရားတော်များ(သာသနာ) ကွယ်ပ ဆိတ်သုဉ်းနေသော အချိန်ကာလနှင့် အရပ်ဒေသများ ဖြစ်သည်။ သာသနာတွင်းကား သာသနာပနှင့် အပြန်ဆန့်ကျင်ဘက်ဖြစ်၍ ရတနာသုံးပါးနှင့်တကွ မြတ်စွာဘုရား ဟောကြားတော်မူသည့် အဆုံးအမတရားတော်များ (သာသနာ) တည်ရှိနေသော (ဝါ) သာသနာ ပြန့်ပွားထွန်းလင်းတောက်ပနေသော အချိန်ကာလနှင့် အရပ်ဒေသများ ဖြစ်သည်။

ဥပမာပြရလျှင် ကဿပဘုရားရှင်၏ သာသနာတော်ကွယ်သွားပြီးချိန်မှစ၍ ကျွန်ုပ်တို့ ဂေါတမဘုရားရှင် မပွင့်ပေါ်မီအချိန်ကာလသည် သာသနာပ အချိန်ဖြစ်သည်။ ထိုအချိန်ကို ဘုရားရှင်နှစ်ဆူတို့ကြားကာလ ဗုဒ္ဓန္တရကပ်ဟု ခေါ်၏။ ယခုကာလ၌ ဂေါတမမြတ်စွာဘုရား၏ အဆုံးအမ (သာသနာ)တော် တည်ရှိနေချိန်ဖြစ်သော်ငြားလည်း ဗုဒ္ဓသာသနာတော် ဆိတ်သုဉ်းနေသော ကမ္ဘာ့နိုင်ငံများသည် သာသနာကွယ်ပနေသော အရပ်ဒေသများဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော်

ဗုဒ္ဓဘာသာဝင်များမှတစ်ပါး အခြားဘာသာဝင်များ သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတော် (သာသနာ)များ ဆိတ်သုဉ်းနေသဖြင့် သာသနာပ ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ဤသို့ အချိန်ကာလ၊ ဒေသ၊ ပုဂ္ဂိုလ်အားဖြင့် "သာသနာပ"ကို သတ်မှတ်နိုင်၏။

ထို့အတူ ယခုအချိန်သည် ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတော် တည်ရှိနေချိန်ဖြစ်၍ ကာလအားဖြင့် သာသနာတော်တွင်း အချိန်ကာလ ဖြစ်၏။ ဒေသအားဖြင့် မြတ်ဗုဒ္ဓသာသနာတည်ရှိ ထွန်းလင်းနေသော မြန်မာနိုင်ငံ စသော နိုင်ငံတို့သည် သာသနာတော်တွင်းဒေသ ဖြစ်၏။ ပုဂ္ဂိုလ်အားဖြင့်မူ မြန်မာနိုင်ငံ စသော မြတ်ဗုဒ္ဓ၏ သာသနာတော် တည်တံ့ထွန်းလင်းပြန့်ပွားနေသည့် ဒေသမျိုး၌ နေထိုင်ရသူ ဖြစ်စေကာမူ ဗုဒ္ဓဘာသာဝင် မဟုတ်ပါက သာသနာပပုဂ္ဂိုလ်ပင် ဖြစ်၏။

ဤသို့ သာသနာပ၊ သာသနာတွင်းဟူသော ဝေါဟာရ၏အဓိပ္ပာယ် ကို ဖွင့်ဆိုရာ၌ ကာလ၊ ဒေသ၊ ပုဂ္ဂလအားဖြင့် ရသင့်သလို သဘာဝ ကျကျ ဖွင့်ဆိုသော်လည်း ဤသုံးမျိုးတွင် အချိန်ကာလသည် အရေး ကြီးဆုံး ပဓာနအကျဆုံးဖြစ်၏။ သာသနာတော်တွင်း ကာလမျိုး၌သာ ရတနာသုံးပါးရှိ၍ သရဏဂုံတည်သူ၊ ကိုယ်ကျင့်သီလရှိသူများ ရှိနိုင် ၏။ သာသနာပကာလတွင် ရတနာသုံးပါး မရှိ၍ သရဏဂုံတည်သူ များ လုံးဝမရှိနိုင်ပေ။ ကိုယ်ကျင့်သီလရှိသူများကား အလွန်ရှားပါး၏။ ဘုရားအလောင်း စသော သူတော်ကောင်းတို့ ပေါ်ထွန်းလာချိန်မျိုး ၌သာ ကိုယ်ကျင့်သီလရှိသူ ဈာန်အဘိညာဉ်ရသူတို့ ရှိနိုင်ကြ၏။

ကုသိုလ်ဒါန ပြုလုပ်ကြရာ၌ ဒါနကုသိုလ်ကောင်းမှုသည် မျိုးစေ့နှင့် တူ၏။ အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏။ မျိုးစေ့က မည်မျှ ပင်ကောင်းစေကာမူ စိုက်ပျိုးရာ လယ်ယာမြေက မြေဩဇာညံ့ဖျင်းနေ ပါက အပင်များ ရှင်သန်ဖွံ့ဖြိုးမှု မရှိနိုင်သည်မှာ လောကဓမ္မတာ ဖြစ်၏။ ထို့အတူ ဒါနကုသိုလ် မျိုးစေ့က စင်ကြယ်ကောင်းမွန်နေ သော်လည်း လယ်ယာမြေနှင့်တူသည့် အလှူခံပုဂ္ဂိုလ်က သီလစသော

မြေသြဇာကင်းမဲ့သည့် ဒုဿီလပုဂ္ဂိုလ်မျိုးဖြစ်နေပါလျှင် စင်ကြယ်ဖွံ့ဖြိုးကြီးကျယ်သောအကျိုးကို မရရှိနိုင်ဟု ပေတဝတ္ထုပါဠိတော် အင်္ကုရပေတဝတ္ထု၌ ဟောကြားတော်မူထားပေသည်။

သာသနာတော်တွင်းအချိန်၌သာ ကိုယ်ကျင့်သီလကောင်းမွန်သည့် အလှူခံပုဂ္ဂိုလ်မျိုးကို ရရှိနိုင်၍ သာသနာပအချိန်၌မူ အလှူခံပုဂ္ဂိုလ်များမှာ ကိုယ်ကျင့်သီလကင်းမဲ့သူ ဒုဿီလ အလှူခံပုဂ္ဂိုလ်တို့သာ ရှိပေသည်။ ဤကဲ့သို့ အလှူခံပုဂ္ဂိုလ်ချင်း ကွာခြားသွားသည့်အတွက် သာသနာတွင်းဒါနက အကျိုးကြီး၍ သာသနာပဒါနက အကျိုးနည်းရခြင်းဖြစ်၏။

## အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သား

ဤအကြောင်းကို ဝတ္ထုသာဓကဆောင်၍ အတန်ငယ် ချဲ့ပြပါမည်။ ရှင်တော်ဗုဒ္ဓသည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်တွင် ဝါကပ်တော်မူ၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူသည်။ ထိုတရားပွဲသို့ ဣန္ဒကနတ်သား ဦးစွာရောက်ရှိလာပြီး ဘုရားရှင်၏လက်ယာဘက်တွင် ထိုင်၏။ ထို့နောက် အင်္ကုရနတ်သား ရောက်ရှိလာပြီး ဘုရားရှင်၏ လက်ဝဲဘက်တွင် ထိုင်၏။ အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်ဗြဟ္မာတို့ ရောက်လာတိုင်း၊ ရောက်လာတိုင်း နောက်သို့ဆုတ်၍ဆုတ်၍ နေရာပေးရသဖြင့် မြတ်စွာဘုရား တရားဟောသည့်အခါ ဘုရားရှင်နှင့် (၁၂)ယူဇနာ ဝေးကွာသောအရပ်၌ နေ၍ တရားနာရသည်။

ဣန္ဒကနတ်သားမှာမူ မရွှေ့မပြောင်းရဘဲ မူလနေရာ၌ပင်ထိုင်၍ တရားနာရသည်။ ဤအကြောင်းအရာကို ဘုရားရှင် သိမြင်တော်မူ၍ သာသနာတော်တွင်းဒါနနှင့် သာသနာပဒါနတို့ အကျိုးပေးကွာခြားကြပုံကို သိစေတော်မူလိုသည့်အတွက် ထိုအဖြစ်အပျက်ကို အင်္ကုရနတ်သားအား မေးမြန်းတော်မူရာ အင်္ကုရနတ်သားက မိမိကိုယ်တွေ့အဖြစ်အပျက်ကို ဖော်ပြလျက် ဤသို့လျှောက်ထားသည်။

ကဿပမြတ်စွာဘုရား သာသနာတော် ကွယ်ပြီးချိန်တွင် ဥတ္တရ မဓုရာဇ်ပြည့်ရှင် မဟာသာဂရမင်းကြီး၏ သားတော်ကြီး ဥပသာဂရ မင်းသားနှင့် ဥတ္တရာပထတိုင်း မဟာကံသမင်းကြီး၏ သမီးတော် ဒေဝဂမ္ဘာမင်းသမီးတို့ သင့်မြတ်ကြရာ သားတော် သမီးတော် တစ်ကျိပ် တစ်ပါး ထွန်းကားခဲ့၏။ သူသည် ထိုတစ်ကျိပ်တစ်ပါးတွင် အင်္ကုရ ဟူသော အမည်ဖြင့် အငယ်ဆုံးမင်းသား ဖြစ်ခဲ့သည်။ အရွယ်ရောက် သည့်အခါ မိမိအပိုင်စားရသောမြို့ကို အစ်မကြီးအဥ္စနဒေဝီအား ပေး အပ်၍ နောင်တော်၊ အစ်မတော်တို့တွင် အကောက်ခွန်လွတ်ငြိမ်းခွင့်ကို တောင်းယူကာ အရောင်းအဝယ် ကုန်သွယ်အလုပ်ဖြင့်သာ ချမ်းသာစွာ နေထိုင်ခဲ့၏။

တစ်ချိန်တွင် သူသည် လှည်းအစီးငါးရာဖြင့် ကုန်ရောင်းသွားရာ သဲကန္တာရအတွင်း၌ လမ်းမှားပြီး ရိက္ခာပြတ်သွားသဖြင့် ဒုက္ခကြီးစွာ ရောက်နေ၏။ သဲကန္တာရ၌ လက်ျာလက်တစ်ဖက်တည်းမှ လိုသမျှ ပစ္စည်းခပ်သိမ်းကို ပေးစွမ်းနိုင်သော ညောင်ပင်စောင့်နတ်ကြီးတစ်ဦး ရှိ၏။ ထိုနတ်သည် ရှေးဘဝက အင်္ကုရမင်းသားက မိမိအပေါ်ပြုခဲ့ဖူး သော ကျေးဇူးကို အမှတ်ရ၍ မင်းသားနှင့်တကွ ပရိသတ်များ လိုသမျှ ပစ္စည်းများကို လက်ျာဘက်လက်တစ်ချောင်းတည်းဖြင့် ညွှန်ပြပေးလှူ သည်။

ဤအခြင်းအရာကို အင်္ကုရမင်းသား မြင်ရ၍ နတ်အား ရှေး ကောင်းမှုကံကို မေးရာ မိမိရှေ့ လူဘဝတွင် ရောရုဝမြို့၌ အသယှ သူဌေး၏ အလှူပေးမဏ္ဍပ်ကို သွားရောက်မည့် အလှူခံပုဂ္ဂိုလ်တို့အား လက်ျာလက်ဖြင့် ညွှန်ပြခဲ့သည့် ကောင်းမှု၏ အကျိုးဖြစ်ကြောင်း ဖြေကြားခဲ့သည်။ အင်္ကုရမင်းသားသည် ထိုနတ်မင်းကို အားကျ၍ နေပြည်တော်သို့ ပြန်ရောက်သောအခါ တစ်ဆယ့်နှစ် ယူဇနာပေါက် မြေတလျှောက်တွင် မီးဖိုချင်းဆက်ကာ အနှစ်တစ်သောင်းကြာ အလှူ ကြီး ပေးလှူခဲ့ပေသည်။ ထိုဘဝမှ စုတေသည့်အခါ ဤတာဝတိံသာ

နတ်ပြည်၌ အင်္ကုရဟူသောအမည်ဖြင့်ပင် နတ်သားလာဖြစ်ကြောင်း ဘုရားရှင်အား လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက "အင်္ကုရ... သင်သည် အနှစ်တစ်သောင်းကာလပတ်လုံး ထမင်းရည်ချောင်းစီး ကြီးစွာသောအလှူကို ပေးလှူခဲ့ပါလျက် ယခု ငါဘုရား၏ အဘိဓမ္မာတရားသဘင်တွင် တစ်ဆယ့်နှစ်ယူဇနာ ဝေးကွာသည့်အရပ်က အဘယ်ကြောင့် တရားနာရပါသနည်း"ဟု မေးမြန်းတော်မူ၏။

အင်္ကုရနတ်သားက "ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်မှာ ကာလ ရှည်ကြာစွာ အလှူကြီးပေးလှူခဲ့သော်လည်း သာသနာပအချိန်အခါ ဖြစ်သည့်အတွက် သီလရှိသည့် အလှူခံပုဂ္ဂိုလ်မြတ်များကို မလှူဒါန်းခဲ့ရပါ၊ ဒုဿီလပုဂ္ဂိုလ်များကိုသာ လှူဒါန်းခဲ့ရပါသည်။ ထို့ကြောင့် ဝေးကွာသောအရပ်မှ တရားနာရ ခြင်း ဖြစ်ပါသည်။ ရှင်တော်ဘုရား ထံပါးမှ မရွေ့လျားဘဲနေရသည့် ဣန္ဒကနတ်သားမှာမူ အရှင်အနုရုဒ္ဓါ မထေရ်မြတ်အား ဆွမ်းတစ်ဇွန်းမျှ လှူဒါန်းခဲ့ရုံမျှဖြင့် နတ်၌ဖြစ်သည့် အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အတွေ့အထိအာရုံတွေ နဲ့တကွ အသက်ရှည်ခြင်း၊ အခြံအရံများခြင်း၊ ပုံပန်းသဏ္ဍာန် တင့်တယ်ခြင်း၊ ချမ်းသာကြီးခြင်း၊ အစိုးရခြင်းဆိုတဲ့ အကျိုးတရားဆယ်ပါးမှာ တပည့်တော်ထက် ပိုလွန်ကြီးမားပါတယ်ဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ ရှင်တော်ဘုရားက... "ဣန္ဒက သင်သည် ငါဘုရားရဲ့ လက်ျာနံပါး၌ တန်ခိုးကြီးနတ်တွေ ရောက်လာပေမယ့် အဘယ်ကြောင့် မဖယ်မရှားရဘဲ ထိုင်မြဲထိုင်နေနိုင်သလဲ"ဟု ဣန္ဒကနတ်သားကို မေးတော်မူလိုက်သည်။

ဣန္ဒကနတ်သားက "ရှင်တော်မြတ်ဘုရား... ဘုရားတပည့်တော်သည် လယ်ယာမြေကောင်း၌ မျိုးစေ့အနည်းငယ်ကို စိုက်ပျိုးသည့် လယ်သမားကဲ့သို့ သီလဝန္တပုဂ္ဂိုလ်တည်းဟူသော လယ်မြေကောင်းကို ရရှိခဲ့သူ ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားပြီး "မြတ်စွာဘုရား...

ဩဇာဓာတ်ကင်း၊ ညံ့ဖျင်းသည့် လယ်ယာမြေတွင် မျိုးစေ့များစွာ စိုက်ပျိုးကြဲချသော်လည်း ပြန့်ပြောခိုင်ဖြိုး အသီးကို မသီးနိုင်သကဲ့သို့ ထို့အတူ ဒုဿီလခေါ်ဆို အလှူခံပုဂ္ဂိုလ်တို့၌ လှူဒါန်းသည့် သာသနာပ အလှူဒါနမျိုးသည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုး မရှိနိုင်ပါ ဘုရား" "မြတ်စွာဘုရား... ဩဇာပြည့်တောင်း၊ လယ်မြေကောင်း၌၊ မပြောပဖွယ်၊ အနည်းငယ်သောမျိုးစေ့ကို စိုက်ပျိုးကြဲချစေကာမူ အချိန်သင့် မိုးရွာသွန်းဖြိုးခဲ့ပါလျှင် လယ်သမားအတွက် အားရဖွယ် သီးနှံထွက်သကဲ့သို့ ထို့အတူ သီလ သမာဓိ စသည့်ဂုဏ်ရှင် အရိယာသခင်တို့၌ အနည်းငယ်မျှပင် လှူဒါန်းစေကာမူ ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုးရှိပါသည်ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက "အင်္ကုရ...အလှူဒါနပြုကြရာ၌ အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထု၊ ဤနှစ်ခုကို ရွေးချယ်စိစစ်၍ လှူဒါန်းသင့်၏။ ရွေးချယ်စိစစ်၍ လှူမှသာ ထိုအလှူဒါနသည် လယ်ယာမြေကောင်းမျိုး၌ စိုက်ပျိုးလိုက်သည့် မျိုးစေ့သဖွယ် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သောအကျိုး ရှိနိုင်၏။ သင့်မှာ သာသနာပကာလဖြစ်၍ ရွေးချယ်စိစစ်ခွင့် မရခဲ့သည့်အတွက် သင်၏အလှူဒါန သည် များပြားစေကာမူ သာသနာတွင်းကာလ ဣန္ဒကနတ်သား၏အလှူလောက် အကျိုးမကြီးဘဲ ဖြစ်ရလေသည်"ဟု ဟောကြားတော်မူသည်။

## ဝေလာမပုဏ္ဏားကြီး၏ မဟာဒါန

ဤနေရာ၌ ဝေလာမပုဏ္ဏားကြီးအကြောင်းကို အကျဉ်းချုပ် တင်ပြပါဦးမည်။ ရှေးအခါက ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ပုရောဟိတ် ပုဏ္ဏားကြီး၏ သားတော်ဖြစ်ခဲ့၏။ ဝေလာမသတို့သားဟု အမည်တွင်၏။ ဗာရာဏသီမင်းသားနှင့် ပညာသင်ဘက်ဖြစ်၏။ ဗာရာဏသီမင်းသား မင်းဖြစ်သည့်အခါ ဝေလာမသတို့သားမှာ ပုရောဟိတ်ဖြစ်လာ၏။

တစ်နေ့တွင် ဝေလာမပုဏ္ဏားသည် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် စုဆောင်းထားခဲ့သည့် ရတနာ့တိုက်ခန်းတို့ကို ဖွင့်လှစ်ကြည့်ရှုပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံး တုန်လှုပ်သွားစေမည့် အလှူဒါနကြီးကို ပြုရမှု ကောင်းလေစွဟု ကြံစည်မိ၏။ ထိုအကြောင်းကို မင်းကြီးအား ပြော ကြားပြီး ဂင်္ဂါမြစ်ကမ်းပါး၌ များပြားလှသော ဖိုခနောက်တန်းကြီးကို ပြုလုပ်စေပြီး ယာဂုသောက်ချိန်၌ ယာဂုအလှူ၊ ခဲဖွယ်စားချိန်၌ ခဲဖွယ် အလှူ၊ ထမင်းစားချိန်၌ ထမင်းအလှူတို့ကို နေ့စဉ်နေ့တိုင်း ပေးလှူ၏။ ထိုအလှူပွဲ၌ မရနိုင်သောအရာ၊ မရနိုင်သည့်အချိန် မရှိအောင် ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကို ထမင်းရည်ချောင်းစီး အလှူ ကြီး ပေးလှူခဲ့၏။

ထို့အပြင် ငွေအပြည့်ထည့်ထားသော ရွှေခွက်ပေါင်း(၈၄၀၀၀)၊ ရွှေအပြည့် ထည့်ထားသော ငွေခွက်ပေါင်း (၈၄၀၀၀)၊ ငွေအပြည့် ထည့်ထားသော ကြေးခွက်ပေါင်း(၈၄၀၀၀)၊ ရွှေထည်တန်ဆာဆင်ထား သော ဆင်ပေါင်း(၈၄၀၀၀)၊ ခြင်္သေ့ရေ၊ ကျားသစ်ရေတို့ဖြင့် တန်ဆာ ဆင်ထားသော ရထားပေါင်း (၈၄၀၀၀)၊ နို့ထွက်အလွန်ကောင်းသော နို့စားနွားမပေါင်း (၈၄၀၀၀)၊ ပတ္တမြား ပုလဲ စသည့် ရတနာများဖြင့် တန်ဆာဆင်ထားသော အမျိုးသမီးပေါင်း(၈၄၀၀၀)၊ သားသမင်ရေတို့ ဖြင့် တန်ဆာဆင်ထားသော ပလ္လင်ပေါင်း(၈၄၀၀၀)၊ ခေါမ တိုင်းဖြစ် အလွန်နူးညံ့သောချည်ထည်၊ ကမ္ဗလာထည်ပေါင်း ကုဋေပေါင်းများစွာ တို့ကိုလည်း ပေးလှူခဲ့၏။

ဤကဲ့သို့ အလွန်ကြီးကျယ်များပြားသည့် မဟာဒါနအလှူကြီးကို ပေးလှူခဲ့ သော်ငြားလည်း သာသနာပအချိန်ကာလဖြစ်၍ မြတ်သော အလှူကို ခံယူထိုက်သည့် အလှူခံပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပေ။ အလှူခံပုဂ္ဂိုလ်တို့မှာ ငါးပါးသီလကိုပင် မစောင့်ထိန်းကြသည့် သီလ မရှိသော (ဒုဿီလ)ပုဂ္ဂိုလ်ချည်းသာ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဘုရား လောင်း ဝေလာမပုဏ္ဏားကြီး၏ အလှူကြီးသည် သောင်ပင်ကြီးလောက်

လှူသော်လည်း ညောင်စေ့လောက်သာရ၍ အကျိုးနည်းသောအလှူမျိုး ဖြစ်သည်။

သို့ဖြစ်၍ ဘုရားရှင်က အနာထပိဏ်သူဌေးကြီးအား "သူဌေးကြီး ...ဝေလာမပုဏ္ဏားကြီး၏ ထမင်းရည်ချောင်းစီး ရာသက်ပန် မဟာဒါနအလှူကြီးထက် သောတာပန်ပုဂ္ဂိုလ်တစ်ဦးအား ဆွမ်းတစ်နပ် လှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။ သောတာပန်ပုဂ္ဂိုလ်တစ်ရာအား လှူဒါန်းရခြင်းထက် သကဒါဂါမ် ပုဂ္ဂိုလ်တစ်ဦးအား လှူဒါန်းရခြင်းက ပို၍အကျိုးကြီး၏။ ထို့အတူ သကဒါဂါမ် တစ်ရာထက် အနာဂါမ်တစ်ပါး၊ အနာဂါမ်တစ်ရာထက် ရဟန္တာတစ်ပါး၊ ရဟန္တာတစ်ရာထက် ပစ္စေကဗုဒ္ဓါတစ်ပါး၊ ပစ္စေကဗုဒ္ဓါ တစ်ရာထက် မြတ်စွာဘုရားတစ်ဆူ၊ ထို့နောက် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းတို့အား ဆွမ်းလှူဒါန်းခြင်းက ပို၍ အကျိုးကြီး၏။ ထိုဆွမ်းဒါနထက် အရပ်လေးမျက်နှာရှိ သံဃာတော်ကို ရည်စူး၍ ကျောင်းဆောက်လုပ်လှူဒါန်းသော (စတုဒ္ဒိသသံဃိက) ဝိဟာရဒါနက ပို၍ အကျိုးကြီး၏" စသည်ဖြင့် ဟောကြားတော်မူထားသည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေလာမသုတ်၌ တွေ့ရှိရ၏။

ဤကဲ့သို့ သာသနာပအလှူသည် အလှူခံပုဂ္ဂိုလ်က သီလမရှိသူ (ဒုဿီလ)ဖြစ်၍ အကျိုးနည်းသော အလှူဖြစ်ရသည်။ သာသနာတွင်း အလှူမှာမူ အလှူခံပုဂ္ဂိုလ်က သီလရှိသူ (သီလဝန္တ)များဖြစ်၍ အကျိုးကြီးသောအလှူဖြစ်သည်။ ထို့ကြောင့် သာသနာတွင်းနှင့် ကြုံရ၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာသူများသည် ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ပုဂ္ဂိုလ်စွဲမဖြတ်နိုင်သဖြင့် သံဃိကဒါနဖြစ်အောင် မလှူနိုင်ခဲ့လျှင် သီလဝန္တပုဂ္ဂိုလ်မျိုးကိုမူ ရွေးချယ်လှူဒါန်းသင့်ကြ၏။

**အကျိုးကြီးသော ဆဠင်္ဂဒါန**

ဆဠင်္ဂဒါနဆိုသည်မှာ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံညီညွတ်သည့်

အလှူဒါနမျိုး ဖြစ်၏။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုတဏ္ဍကီမြို့သူ နန္ဒမာတာ ဒါယိကာမကြီးက အဂ္ဂသာဝကကြီးနှစ်ပါး အမှူးရှိသော သံဃာတော်များအား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံညီညွတ်သည့် အလှူကြီး(ဆဠင်္ဂဒါန)ပေးလှူနေသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် မြင်တော်မူ၏။ ထိုအခါ ရဟန်းတို့အား ထိုဆဠင်္ဂဒါနအကြောင်း(ဆဠင်္ဂဒါနသုတ်)ကို ဟောတော်မူပါသည်။

အင်္ဂါခြောက်ပါးမှာ အလှူရှင်ပုဂ္ဂိုလ်ဘက်၌ ရှိရမည့် အင်္ဂါသုံးပါးနှင့် အလှူခံပုဂ္ဂိုလ်ဘက်၌ ရှိရမည့် အင်္ဂါသုံးပါးတို့ဖြစ်၏။ နန္ဒမာတာဒါယိကာမကြီး၏ အလှူတွင် အလှူရှင်ဖြစ်သော နန္ဒမာတာဒါယိကာမကြီးမှာ–

(၁) အလှူကို မလှူမီ ရှေ့ပိုင်းတွင် ကြိုတင်၍ အလှူနှင့်ပတ်သက်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း(ပုဗ္ဗစေတနာ)များ ဖြစ်ပွားခဲ့သည်။

(၂) စွန့်လွှတ်လှူဒါန်းဆဲအချိန်ပိုင်းမှာ စိတ်စေတနာ ကောင်းစွာကြည်လင်နေခြင်း (မုဉ္စစေတနာ)ဖြစ်ခဲ့၏။

(၃) လှူဒါန်းပြီးနောက် ဒါနမှုကို အာရုံပြု၍ ဝမ်းမြောက်သောစိတ်များ တဖွားဖွားဖြစ်နေခြင်း (အပရစေတနာ) ဖြစ်ခဲ့၏။

အဂ္ဂသာဝကကြီးနှစ်ပါး အမှူးရှိသော အလှူခံ သံဃာတော်များမှာလည်း–

(၁) ရာဂကင်းသူများဖြစ်ခြင်း (ဝါ) ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူများဖြစ်ခြင်း၊

(၂) ဒေါသကင်းသူများဖြစ်ခြင်း (ဝါ) ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူများဖြစ်ခြင်း၊

(၃) မောဟကင်းသူများဖြစ်ခြင်း (ဝါ) မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူများဖြစ်ခြင်းဟူသော အင်္ဂါသုံးပါးရှိသည့်

သံဃာတော်များ ဖြစ်၏။

ဤသို့ အလှူရှင်ပုဂ္ဂိုလ်ဘက်၌ စေတနာသုံးတန် ထက်သန်ခြင်း၊ အလှူခံပုဂ္ဂိုလ်ဘက်၌ လောဘ၊ ဒေါသ၊ မောဟ ကင်းသူများဖြစ်ခြင်း၊ သို့မဟုတ် လောဘ၊ ဒေါသ၊ မောဟကင်းငြိမ်းရန် ကျင့်ကြံနေသူများ ဖြစ်ခြင်းဟူသော အင်္ဂါခြောက်ပါးရှိသည့် ဒါနမျိုးကို ဆဠင်္ဂဒါနဟု ခေါ်၏။

ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောဆဠင်္ဂဒါန၏အကျိုးကို ဤမျှ ဤမျှရှိသည်ဟု ဂဏန်းချ၍ ရေတွက်ရန် မလွယ်ကူပါချေ။ ဥပမာဆိုရသော် မဟာသမုဒ္ဒရာထဲ၌ ရှိသောရေကို မည်မျှမည်မျှရှိသည်ဟု ချင့်တွက်၍မရနိုင်၊ ရေအစုအဝေးကြီးဟူ၍သာ ဆိုနိုင်ဘိသကဲ့သို့ ထို့အတူ ဤဆဠင်္ဂဒါန၏ အကျိုးမှာလည်း မည်မျှမည်မျှရှိသည်ဟု ချင့်တွက်၍မရ၊ အသင်္ချေယျ၊ အပ္ပမေယျ အကျိုးတရားများဟူ၍သာ ခေါ်ဆိုရသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤဆဠင်္ဂဒါန သုတ္တန်ဒေသနာတော်အရ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံညီညွတ်သောဒါနမျိုးမှာ အကျိုးကြီးသောဒါနဖြစ်၍ ဤအင်္ဂါများ ယုတ်လျော့သောဒါနမျိုးမှာ အကျိုးနည်းသောဒါနမျိုး ဖြစ်သည်ဟု မှတ်ယူရမည်။ ဤဆဠင်္ဂဒါန၌ အလှူရှင်သည် စေတနာသုံးတန် ထက်သန်ရမည်ဆိုရာ၌ ကံ,ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါ၊ လောဘ မစ္ဆရိယတို့မှ လွတ်ကင်းသော မုတ္တစာဂသဘောမျိုး ရှိရမည်။ လှူဒါန်းသည့်အခါ၌လည်း မိမိ၏လက်ခြေနှင့် ခံတွင်းတို့ကို ဆေးကြောသန့်ရှင်းစေပြီး မိမိလက်တို့ဖြင့် ကိုယ်တိုင် သာဟတ္ထိကဒါနဖြစ်အောင် လှူရမည်ဟု မြတ်စွာဘုရား ဟောကြားထား၏။

ဤအခန်းတွင် အကျိုးကြီးသောဒါနနှင့် အကျိုးနည်းသော ဒါနတို့ကို ကျမ်းဂန်၌ တွေ့ရှိသမျှ စုစည်းတင်ပြခဲ့ပြီးပေပြီ။ ကောင်းကျိုးလိုလား၊ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် အလှူဒါနပြုကြရာ၌ အမှတ်တမဲ့၊ ဖြစ်ကတတ်ဆန်း မလှူဒါန်းကြဘဲ

ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရသည့် အလှူဒါနမျိုးဖြစ်အောင် ဗုဒ္ဓ ဟောပြ၊ နည်းလမ်းကျကျ လှူဒါန်းသင့်ကြ ပေသည်။

**တစ်မူ ထူးခြားစွာ အကျိုးပေးသည့်ဒါနများ**

**နိဗ္ဗဒါန (ဂတိမြဲဒါန)**

နိဗဒ္ဓဆိုသည်မှာ မြန်မာလို "မြဲသော"ဟု အဓိပ္ပာယ်ရ၏။ နိဗဒ္ဓ ဒါန၏အဓိပ္ပာယ်မှာ "နောင် လားရောက်ရမည့်ဘဝအတွက် "သုဂတိ ဘဝမြဲသောဒါန"ဟု ဆိုလိုခြင်းဖြစ်သည်။ နဝကအင်္ဂုတ္တရပါဠိတော်၊ သဉပါဒိသေသသုတ်အဖွင့် အဋ္ဌကထာ၌-

(၁) သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ဆောက်တည်ခြင်း

(၂) စာရေးတံ ဆွမ်း လှူဒါန်းခြင်း

(၃) ရက်မှန် ဆွမ်းလှူဒါန်းခြင်း

(၄) ဝါဆိုသင်္ကန်း လှူဒါန်းခြင်း

(၅) ရေတွင်းရေကန် လှူဒါန်းခြင်း၊

(၆) ဇရပ်တန်ဆောင်း၊ သိမ်ကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

ဟူ၍ နိဗဒ္ဓကောင်းမှုခြောက်မျိုးကို မိန့်ဆိုထား၏။ အမှတ်(၂)မှ (၆)အထိ ငါးမျိုးမှာ နိဗဒ္ဓဒါနများဖြစ်၏။ အဋ္ဌကထာ၌ ဤနိဗဒ္ဓ ကောင်းမှုတစ်မျိုးမျိုးကို ပြုလုပ်လျှင် နောင်ဘဝတွင် လူသော်လည်း ကောင်း၊ နတ်သော်လည်းကောင်း တစ်မျိုးမျိုးဖြစ်ဖို့ရန် သေချာ၏။ ကေန်မလွဲဖြဧပည်။ အပါယ်လေးပါးသို့ မကျရောက်နိုင်တော့သဖြင့် ထိုနိဗဒ္ဓကောင်းမှုရှင်သည် သောတာပန်ပုဂ္ဂိုလ်နှင့် အလားတူသည်ဟု ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် ကောင်းသောဂတိမြဲရန် ထိုဒါနမျိုးကို ပြုလုပ်သင့်ကြ၏။ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်တွင် ဓမ္မိကဉပါသကာတို့၏ အကြီးမှူး ဉပသကာမိသားစုတစ်ခုလုံး ဤနိဗဒ္ဓ ဒါနကို ပြုလုပ်ခဲ့ကြသည်။ ဉပါသကာကြီး ကွယ်လွန်သောအခါ

တုသိတာနတ်ဘုံ၌ နတ်သားဖြစ်ကြောင်း ဓမ္မပဒပါဠိအဋ္ဌကထာ၌ လာရှိပေသည်။

## ဒီဃာယုကဒါန (အသက်ရှည်ဒါ)

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)၌ ဝသဘမင်း စိမ်အုပ်ချုပ် မင်းလုပ်ချိန်တွင် ပညာရှိသုခမိန်တို့အား ဆိတ်ကွယ်ရာသို့ခေါ်၍ "အကျွန်ုပ် အဘယ်မျှလောက် မင်းပြုရမည်နည်း"ဟုမေး၏။ ပညာရှိသုခမိန်တို့က အာယုဒါယ တွက်ချက်၍ "တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်"ဟု ဟော၏။ ထိုအခါ ဝသဘမင်းကြီးသည် ထိုပညာရှိသုခမိန်တို့အား နှုတ်ပိတ်ခ ငွေကျပ်တစ်ထောင်စီပေး၍ ထိုအကြောင်းကို မည်သူ့ကိုမျှ မပြောကြားရဟု မိန့်တော်မူလိုက်သည်။

ထို့နောက် သံဃာတော်များအား ပင့်စေပြီး "အရှင်ဘုရားတို့ အသက်ရှည်လျား တိုးပွားခြင်းအကြောင်း ကောင်းမှုမရှိပါသလော"ဟု မေးလျှောက်၏။ ထိုအခါ သံဃာတော်များက "ပရိဿာဝနဒါနဥ္စ၊ အာဝါသ ဒါနမေဝစ" အစရှိသော ဂါထာတို့ဖြင့် အသက်ရှည်ကြောင်း ကောင်းမှုတို့ကို ဟောကြားတော်မူ၏။ ထိုကောင်းမှုများမှာ–

(၁) ရေစစ်လှူဒါန်းခြင်း

(၂) ကျောင်းကန်နေရာ လှူဒါန်းခြင်း

(၃) ဂိလာန လူ၊ ရဟန်းတို့အား ဝတ်အနေဖြင့် ဆေး၊ ယာဂုတို့ကို လှူဒါန်းခြင်း

(၄) ဟောင်းနွမ်းဆွေးမြည့်နေသော ကျောင်းကန်နေရာတို့ကို မွမ်းမံပြုပြင်ခြင်း

(၅) ငါးပါးသီလကို ခံယူဆောက်တည်၍ ထိန်းသိမ်းခြင်း

(၆) ဥပုသ်နေ့တိုင်း ဥပုသ်သီလဆောက်တည် စောင့်သုံးခြင်းတို့ ဖြစ်သည်။

ဝသဘမင်းကြီးသည် သံဃာတော်များ အမိန့်ရှိသည့်အတိုင်း အစွမ်း

ကုန် လိုက်နာကျင့်သုံးခဲ့ရာ ပညာရှိသုခမိန်တို့ ဟောသည့်အတိုင်း (၁၂)နှစ် မကဘဲ (၄၄)နှစ်ပတ်လုံး မင်းပြုတော်မူရသည်။ ဖော်ပြပါ ကောင်းမှု(၆)မျိုးတွင် နံပါတ်(၁)မှ (၅)အထိ ကောင်းမှုငါးမျိုးသည် အသက်ပိုင်ရှည်စေနိုင်သည့် "ဒီဃာယုကဒါန"များ ဖြစ်ပါသည်။ ထိုကောင်းမှုတို့ကြောင့် အသက်တိုစေနိုင်သည့် အန္တရာယ်များ ပပျောက်၍ အသက်ပိုရှည်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက "သက်ပိုင်းတိုရာ၊ ဇာတာပါလည်း၊ သမ္မာပယောဂ၊ ကုသလဖြင့်၊ ဒီဃအာယု၊ ပြိုင်တုဘက်ရှား၊ သက်ရှည်ပွား၍၊ ထင်ရှားချမ်းသာ၊ ကြီးကျယ်စွာလျက်၊ တေဇာဘုန်းရောင်၊ တိုးတက်ပြောင်၏၊ နောက်နောင်ဤခု၊ နှစ်စုဖလ၊ အကျိုးလှသည့်၊ ပုညအရာ၊ သမ္မာအစု၊ ကံကောင်းမှုကို၊ အပြုလေ့လာ၊ မပျင်းရာဘူး"ဟု အသက်ရှည်ကြောင်း ကောင်းမှုပြုကြရန် တိုက်တွန်း ဩဝါဒပေးထား၏။

ဤ မဟာဝင်ကျမ်းလာ၊ ဝသဘမင်းကြီး ဝတ္ထုဖြင့် သံဃာတော်များ ဟောကြားတော်မူသည့် အသက်ရှည်ကြောင်းခြောက်ပါးတို့ကိုပင် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်ကျမ်းတွင် ဤသို့ ကျက်မှတ်ရန် မိန့်ဆိုထား၏။

"မှတ်စောင်တဆစ်၊ ရေစစ်ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ပဥ္စင်အဋ္ဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုကာ၊ ပုညခေါ်ရိုး၊ ကျင့်တစ်မျိုးတည့်၊ အားကြိုးသမှု၊ ဆောက်တည်ပြုက၊ ယခုဒိဋ္ဌ၊ ဤဘဝ၌၊ သုခပွားစည်၊ စည်းစိမ်တည်၍၊ သက်ရှည်ဘုန်းကြီး၊ အံ့မပြီးအောင်၊ ဝုံးချီးလူ့ဘောင်၊ ဘဝနောင်လည်း၊ အခေါင်မိမိုင်း၊ တုမဲ့နှိုင်းသည်၊ ဖြစ်တိုင်းကျော်ရမည်ကိုကား"

ဤကောင်းမှုကုသိုလ်များကား နောင်ဘဝမဆိုင်း၊ ယခုမျက်မှောက်ဘဝ၌ပင် လက်ငင်းဒိဋ္ဌခံစားရသော ကုသိုလ်ကောင်းမှုများ ဖြစ်၏။ ထိုအချက်၌ ယုံမှားသံသယမဖြစ်ရာ။ အကြောင်းမှာ ဒသကနိပါတ် မဟာဓမ္မပါလဇာတ်၌ ခမည်းတော် သုဓ္ဒေါဒနမင်းကြီးအလောင်းဖြစ်

သော မဟာဓမ္မပါလပုဏ္ဏားကို ဒိသာပါမောက္ခဆရာကြီးက "သင့်တို့၏ မဟာဓမ္မပါလအမျိုး၌ အဘယ်ကြောင့် သက်တမ်းမပြည့်ဘဲ ငယ်ငယ်ရွယ်ရွယ်က သူငယ်များ မသေကြပါသလဲ"ဟု မေးသည့်အခါ မဟာဓမ္မပါလပုဏ္ဏားကြီးက–

"ငါတို့သည် မလူမိ ရှေ့အဖို့က ကောင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါကုန်၏။ လှူဆဲမှာလည်း စင်စစ် ဝမ်းမြောက်သောစိတ် ရှိကြပါကုန်၏။ လှူပြီးသည့်နောက်မှာလည်း စင်စစ် တွန့်တိုပူပန်ခြင်း မရှိကြပါ။ ဤအကြောင်း သုံးရပ်ကြောင့် ငါတို့၏ မဟာဓမ္မပါလအမျိုးသားတို့ အသက်ရှည်ကြပါသည်"ဟု ဖြေကြားသည်ကို တွေ့ရ၏။ ဤသည်ကို ထောက်ထား၍ "စေတနာသုံးတန် ညီညွတ်ခြင်း"သည် လက်ငင်းဒိဋ္ဌ အသက်ရှည်ခြင်းဟူသော အကျိုးကို ပေးနိုင်စွမ်းရှိကြောင်း သိသာထင်ရှားပေသည်။

## ပညာကြီးစေနိုင်သည့် သပိတ်ခြေ စသည့် အလှူ

ရဟန်းသံဃာတော်များ၏ သပိတ်အောက်ကခံရန် သပိတ်ခြေကို လှူဒါန်းခြင်းသည် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် တိပိဋကဓရ မဟာပညာရှိကြီး ဖြစ်နိုင်သည့်အကျိုးကို ရရှိနိုင်၏။ အတန်ငယ်ချဲ့၍ဆိုရလျှင် သာမာဝတီမိဖုရား၏ အခြံအရံ အစေအပါးတစ်ဦးဖြစ်သူ ခုဇ္ဇုတ္တရာသည် တစ်ခုသောဘဝတွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏နန်းတော်၌ နန်းတွင်းသူတစ်ဦး ဖြစ်ခဲ့ဖူး၏။ ထိုအခါက ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါးတို့သည် နန်းတော်သို့ နေ့စဉ် ဆွမ်းခံကြွလေ့ရှိ၏။ တစ်ချိန်တွင် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ပါးတို့၏ သပိတ်ထဲသို့ အလွန်ပူသော နို့ဃနာဆွမ်းကို အပြည့်ထည့်လှူကြ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မိမိတို့ သပိတ်ကို ပူလွန်း၍ ကြာကြာမကိုင်နိုင်ဘဲ လက်ပြောင်းပြီး ကိုင်နေကြရ၏။

ထိုအခြင်းအရာကို ခုဇ္ဇုတ္တရာအလောင်း နန်းတွင်းသူ အမျိုးသမီး

ကလေး မြင်သည့်အခါ မိမိဝတ်ဆင်ထားသည့် ဆင်စွယ်လက်ကောက် ရှစ်ခုတို့ကို သပိတ်ခြေအဖြစ် အသုံးပြုရန် ချွတ်လှူလိုက်၏။ ထိုအခါမှ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် မိမိတို့သပိတ်ကို ကိုင်နိုင်ကြပြီး အမျိုးသမီးငယ်ကို ကြည့်သည့်အခါ "ဒီပစ္စည်းကို တပည့်တော် ပြန် မယူတော့ပါ။ အရှင်မြတ်တို့အား ပေးလှူပါတယ်ဘုရား"ဟု စေတနာ ထက်သန်စွာနှင့် လှူဒါန်းလိုက်ဖူးသည်။ ဤသို့ ဆင်စွယ်လက်ကောက် တို့ကို သပိတ်ခြေအဖြစ် လှူဒါန်းခဲ့သည့် ဒါနကုသိုလ်ကြောင့် ခုဇ္ဇုတ္တရာ ဘဝတွင် သာမာဝတီမိဖုရားကြီး၏ အခြံအရံ အစေအပါးဖြစ်သော် လည်း ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် "တိပိဋကရေ" ပညာရှိ ကြီးဖြစ်၍ သာမာဝတီမိဖုရားနှင့်တကွ နန်းတွင်းသူငါးရာတို့အား တရားဟောကြားနိုင်ခဲ့သည်ဟု ဓမ္မပဒ အဋ္ဌကထာ၌ မိန့်ဆိုထားပေ သည်။

ထို့ပြင် သပိတ်ခြေ လှူကျိုးငါးမျိုးကို အပဒါန်စသော ပါဠိတော် များ၌ ဟောကြားထား၏။ ထိုအကျိုးငါးမျိုးမှာ-

(၁) ဉာဏ်ပညာနှင့်ပြည့်စုံခြင်း
(၂) ကျမ်းဂန်တို့၌ကောင်းစွာ ဆုံးဖြတ်သိမြင်ခြင်း
(၃) ကြားဖူး သင်ဖူးသော ပညာတို့ကို မမေ့ခြင်း
(၄) နှောင့်ယှက်မှုကြောင့် မတုန်လှုပ်ခြင်း
(၅) ရရှိအောင်မြင်ထားသော တရားများ မြဲခြင်း

တို့ဖြစ်သည်။

**ဝိသုဒ္ဓါရုံလင်္ကာ**။ ။ *မိပ္ပာယ်ကျနှ၊ ထင်လှသည့်ဉာဏ်၊ ကျမ်းဂန်မြင်သိ၊ သတိမပျက်၊ နှောင့်ယှက်သူတွေ၊ မြဲမြံပေ၊ သပိတ် ခြေ လှူကျိုးငါး။*

ဆိုခဲ့ပြီးသော သပိတ်ခြေအလှူမှတစ်ပါး "အပ်လှူဒါန်းခြင်း၊ အခိုး အထုံအနံ့တို့ကို လှူဒါန်းခြင်း၊ ပိဋကတ်စာပေကျမ်းစာအုပ်များကို

လှူဒါန်းခြင်းတို့နှင့် ပိဋကတ်စာပေများကို ပို့ချပေးခြင်း၊ သင်ကြားပေးခြင်း၊ ပိဋကတ်စာပေများကို သင်ယူခြင်း၊ မှတ်သားဆောင်ယူထားခြင်း၊ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း စသည်တို့သည်လည်း ပညာကြီးသည့်ဒါနများ ဖြစ်သည်။ ဒါနကုသိုလ် စသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်သည့်အခါ၌ အမှတ်တမဲ့မပြုလုပ်ဘဲ "ရှေးက ပညာ၊ တတ်ဖို့ရာဟု၊ ကုသိုလ်ပြုခဲ့"ဟူသော ဩဝါဒနှင့်အညီ "ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့လျှင် ပညာသံဝတ္တနိက (ပညာကိုဖြစ်စေတတ်သော) ကံဖြစ်၍ ထိုကံအကျိုး ပေးရာဘဝ၌ ဉာဏ်ပညာထက်မြက်သူ ဖြစ်နိုင်၏ဟု ကျမ်းဂန်များ၌ မိန့်ဆိုထား၏။

## အကျိုးပေးကြီးကျယ်သော ဓမ္မဒါန

"ဓမ္မဒါန"ဆိုသည်မှာ အကျဉ်းအဓိပ္ပာယ်အားဖြင့် "တရားအလှူ" ဖြစ်၏။ တရားအလှူဆိုရာ၌ (၁) ရှင်တော်ဘုရား ဟောကြားခဲ့သည့် ပရိယတ္တိတရားတော်များကို အခြားအလှူခံပုဂ္ဂိုလ်များအား လှူဒါန်းခြင်း (၂) ပရိယတ္တိတရားတော်များသို့ မိမိက လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ခြင်း (၃) အဘိဓမ္မာလာ ဓမ္မဒါနအရ မျက်စိအကြည်၊ နားအကြည် စသည်တို့ကို လှူဒါန်းခြင်းဟု အဓိပ္ပာယ်သုံးမျိုးရ၏။

## ပထမအမျိုးအစားဓမ္မဒါန

ထိုသုံးမျိုးတွင် ရှင်တော်ဘုရား ဟောကြားခဲ့သည့် ပရိယတ္တိတရားတော်များကို သူတစ်ပါးတို့အား ဟောကြားခြင်း၊ ပို့ချသင်ကြားပေးခြင်း၊ နာကြား သင်ယူခြင်း စသည်တို့သည် ပရိယတ္တိတရားတော်ကို သူတစ်ပါးတို့အား လှူဒါန်းခြင်း ပထမအမျိုးအစား ဓမ္မဒါနဖြစ်၏။

ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၌ "အဋ္ဌကထာကို ဆိုခြင်း၊ ပါဠိတော်ကို ပို့ချပေးခြင်း၊ မေးမြန်းလာသည့်အမေး၊ ပုစ္ဆာ

ပြဿနာအရပ်ရပ်ကို ဖြေဆိုပေးခြင်း၊ ကမ္မဋ္ဌာန်းတရား ပွားများနည်းများကို ဟောကြားပြောကြားခြင်း၊ တရားတော်ကို နာယူခြင်း အားလုံးတို့သည် အလုံးစုံသော ဒါနတို့ထက်မြတ်သော ဓမ္မဒါနမည်၏”ဟု ဖွင့်ဆိုထား၏။

“ဓမ္မဒါနဟူသည် ဤလောက၌ အချို့သောသူသည် အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို ဟောပြောပြသပေး၏။ စာဖြင့်ရေးကူးပေး၏။ ထိုသူ၏ ကုသိုလ်သည် ဓမ္မဒါနကုသိုလ်မည်၏။”ဟု ဒုကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ မိန့်ဆိုထားသောကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို ဟောကြားခြင်း၊ ရေးကူးပေးခြင်း၊ ပိဋကတ်ကျမ်းများ ရေးသားထုတ်ဝေခြင်း၊ ပိဋကတ်တရာတော်များကို စက္ကူ၊ ထန်းရွက်၊ ပေရွက်တို့၌ ရေးကူးခြင်း၊ ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာတင်ခြင်း၊ ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များကို လှူဒါန်းခြင်း စသည်တို့သည်လည်း ပထမအမျိုးအစား ဓမ္မဒါနပင် ဖြစ်ပါသည်။

## ဒုတိယအမျိုးအစားဓမ္မဒါန

တရားတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းခြင်းဆိုသည့် ဒုတိယအမျိုးအစား ဓမ္မဒါနမှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော ရတနာသုံးပါးတွင် ပါဝင်သည့် ဓမ္မ(ပရိယတ္တိဓမ္မ)အား လှူဖွယ်ပစ္စည်း စသည်တို့ဖြင့် လှူဒါန်း ပူဇော်ခြင်းဖြစ်၏။

အတန်ငယ်ချဲ့ပြဦးအံ့။ ဗုဒ္ဓရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စေတနာသဒ္ဓါ တရားထက်သန်သည့် ပုဏ္ဏားသူကြွယ်တစ်ဦးသည် “ငါဟာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ် သင်္ကန်း စသည်တို့ဖြင့် မပြတ်လှူဒါန်းရတယ်။ တရားတော်ကိုကား တစ်ကြိမ်တစ်ခါမျှ မလှူဒါန်း ရဖူးသေး။ တရားတော်ကို

လည်း လှူဦးမယ်”ဟု ကြံစည်ပြီး ရှင်တော်ဘုရား ထံတော်ပါးသို့ သွားရောက်ကာ တရားတော်အားလည်း လှူဒါန်းပူဇော်လိုကြောင်း လျှောက်ထားသတဲ့။

မြတ်စွာဘုရားက “တရားတော်အား လှူဒါန်းပူဇော်လိုပါက တရားတော်ကို ဆောင်ထားသော ရဟန်းအား သူ၏သန္တာန်၌ ကိန်းဝပ်တည်ရှိနေသော တရားတော်ကို ရည်မှန်းကာ ဆွမ်း သင်္ကန်း စသည်တို့ဖြင့် လှူဒါန်းပူဇော်ရမည်”ဟု မိန့်ကြားတော်မူလိုက်၏။ “အဘယ်ရဟန်းသည် တရားကို ဆောင်ပါသနည်း”ဟု မေးမြန်းလျှောက်ထားသည့်အခါ “သံဃာတော်ကို မေးလျှောက်”ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူ၏။ ပုဏ္ဏားသူကြွယ်သည် သံဃာတော်အား မေးမြန်းလျှောက်ထားရာ အရှင်အာနန္ဒာမထေရ်ကို ညွှန်ပြတော်မူသဖြင့် အရှင်အာနန္ဒာမထေရ်ကို ပင့်ပြီး မထေရ်၏သန္တာန်၌ ကိန်းဝပ်တည်ရှိနေသော တရားတော်တို့ကို ရည်မှန်း၍ ဆွမ်း သင်္ကန်း စသည်ဖြင့် လှူဒါန်းပူဇော်ကြောင်း ပကိဏ္ဏကနိပါတ်၊ ဘိက္ခာပရံပရဇာတ်၌ လာရှိ၏။ ဤဇာတ်တော်၌ အရှင်အာနန္ဒာသည် ဗဟုသုတအရာ စသော ငါးဌာနတို့မှာ ဧတဒဂ်ရထားသည့်အတွက် သံဃာတော်များက အရှင်အာနန္ဒာကို ညွှန်ပြကြခြင်းဖြစ်သည်ဟု မိန့်ဆိုထား၏။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် တရားတော်များကို ဆောင်ထားသည့် ရဟန်းတော်အား သူ့သန္တာန်၌ တည်ရှိသည့် တရားတော်များကို ရည်မှန်း၍ လှူဒါန်းပူဇော်ခြင်းသည်လည်း တရားတော်အား လှူဒါန်းပူဇော်ခြင်း ဓမ္မဒါန ဖြစ်ပါသည်။

ဤအဓိပ္ပာယ်ကိုရည်၍ “တရားတော်ကို ပူဇော်မည်ဟု နှလုံးသွင်းကာ တရားတော်ကို ဆောင်ထားကြသည့် ရဟန်းတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော်သည်ဖြစ်စေ၊ တရားတော်ရှည်ကြာတည်အောင် ကြိုးစားသည် ဖြစ်စေ ဓမ္မဒါနမည်၏”ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ မိန့်ဆိုထားခြင်းဖြစ်၏။

## လယ်တီဆရာတော်ဘုရားကြီး၏ ဓမ္မဒါနပြုနည်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကမူ ပကိဏ္ဏကနိပါတ်၊ ဘိက္ခု ပရံပရဇာတ်တော်တွင် သံဃာတော်များက အရှင်အာနန္ဒာအား ညွှန်ပြတော် မူခြင်းသည် အာဂုံဆောင်ခေတ်ဖြစ်၍ ဘုရားဟောတရား တော်များကို ပေထက် အက္ခရာတင်ထားခြင်း၊ ကျမ်းစာအုပ်များအဖြစ် စက်တင်ပုံနှိပ်ထားခြင်း မရှိသေးသောကြောင့် ဖြစ်သည်။ ယခုခေတ် ကဲ့သို့ ဘုရားတရားတော်များသည် ပေစာ၊ ကျမ်းစာအုပ်များ၌ ရောက်ရှိ နေသည့်အခါမျိုး၌မူ တရားတော်ကို ပူဇော်လိုလျှင် ပေစာ၊ ကျမ်းစာအုပ် (ပါဠိတော်)တို့ကို တင့်တယ်စွာခင်းကျင်း၍ ပန်း၊ ဆီမီး၊ ထီး၊ တံခွန် စသည်တို့ဖြင့် ပူဇော်နိုင်သည်။ ပူဇော်လျှင် တရားကို ပူဇော်ရာရောက်၍ ဓမ္မဒါနဖြစ်သည်ဟု မိန့်ဆိုထား၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကိုယ်တိုင်ပင်လျှင် သင်္ကြန်အခါ၊ ဝါဝင်ဝါကျွတ်အခါတို့၌ ပန်း၊ ဆီမီး၊ ထီး၊ တံခွန် စသည်တို့ဖြင့် ဓာတ်တော် မွေတော် ရုပ်ပွားတော် ဆင်းတုတော်များကို ပူဇော်သည့်အခါ ပိဋကတ်သုံးပုံ ကျမ်းစာအုပ်တို့ကိုပါ ရုပ်ပွားဆင်းတု တော်တို့နှင့်အတူ ပူဇော်သည်ဟု ဆိုပေသည်။ တတိယသံဂါယနာတင် သီရိဓမ္မာသောကဘုရင်ကြီးသည်လည်း တရားတော်၌ အလွန်တရာ ကြည်ညိုတော်မူ၍ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့အား ရည်မှန်း၍ ဓမ္မက္ခန္ဓာတစ်ဆူတစ်ဆူလျှင် ကျောင်းတစ်ဆောင်စီ တစ် ဆောင်စီ ဆောက်လုပ်ပြီး လှူဒါန်းပူဇော်ကြောင်း ကျမ်းဂန်၌ တိုက်ရိုက် လာရှိသည်။

## တတိယအမျိုးအစား ဓမ္မဒါန

ထို့ပြင် ရှေ့ပိုင်းတွင် တင်ပြခဲ့ပြီးသည့်အတိုင်း အဘိဓမ္မာနည်းအရ ရူပဒါန (အဆင်းအလှူ) စသော ဒါန ၆ မျိုးတွင် ဓမ္မဒါနလည်း

ပါဝင်သည်။ ထိုမေ့ဒါနကား မေ္တာရမ္မဏခေါ် မေ္တာရုံ အလှူမျိုးဖြစ်၏။ မေ္တာရုံသည် မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ် စသည်ဖြင့် များစွာရှိရာ ဘုရားလောင်း သိဝိမင်းကြီး စသူတို့ကဲ့သို့ မျက်စိကို လှူခြင်း၊ မျက်စိမှုန်သူကို ကြည်လင်အောင် ကုသပေးခြင်း၊ နားထိုင်းနေသူကို နားကြားအောင် ကုသပေးခြင်း၊ ဘုရားလောင်းများ ကဲ့သို့ အသက်လှူဒါန်းခြင်း၊ သူတစ်ပါး အသက်ရှည်အောင် ပြုလုပ် လှူဒါန်းခြင်း (ဇီဝိတဒါန) စသည်တို့သည် မေ့ဒါနပင်ဖြစ်၏။ ဤ၌ သူတစ်ပါးအသက်ရှည်အောင် ဖျော်ရည်ရှစ်မျိုး၊ ထောပတ်၊ ပျား၊ သကာ၊ စတုမဓု၊ အသက်ရှည်ဆေးတို့ကို လှူဒါန်းခြင်းနှင့် သေရအံ့ သော နွား၊ ငါး၊ ဂဏန်း စသော သတ္တဝါတို့ကို မသေရအောင် အသက်ဘေးမှ ကယ်ဆယ်ခြင်း စသည်တို့သည် သူတစ်ပါးအသက် ရှည်အောင် ပြုလုပ်လှူဒါန်းခြင်းပင် ဖြစ်ပါသည်။ ဤကား တတိယ အမျိုးအစား မေ့ဒါနဖြစ်၏။

## အကျိုးတရားကြီးမားပုံ

ယခုတင်ပြခဲ့သော မေ့ဒါနသုံးမျိုးသည် "မေ့ဒါနံ-မေ့ဒါနသည်၊ သဗ္ဗဒါနံ-အလုံးစုံသောအလှူကို၊ ဇိနာတိ-အောင်နိုင်၏"ဟု သိကြား အမေးရှိသော နတ်အပေါင်းအား မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း ဒါနအပေါင်းတို့ ထက်မြက်၏။ ဒါနအပေါင်းတို့ထက် အကျိုး ပေး ကြီးကျယ်၏။ ထင်ရှားစေဦးအံ့။ စကြဝဠာတိုက်အတွင်း၌ ဗြဟ္မာ ပြည်အထိ အကြားမရှိ သီတင်းသုံးကြသည့် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ ပုဂ္ဂိုလ်တို့အား သင်္ကန်းပစ္စည်းတို့ကို အစုံအစေ့ ပေးလှူခြင်းဒါနထက် ထိုအလှူကြီး၌ လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဖော်ထုတ်ဟောကြား နာယူဝမ်းမြောက်ခြင်း မေ့ဒါနကုသိုလ်က ပို၍အကျိုးကြီးမြတ်၏။ ထိုသင်္ကန်းအလှူဒါနသည် ထိုတစ်ဂါထာကို ရွတ်ဖတ်ကြားနာ၍ ဝမ်းမြောက်မှုကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှလောက်ပင်

တန်ဖိုး မရှိ၊ အကျိုးမကြီးမားချေ။ ဤသို့ တရားတော်ကို ဟောကြားခြင်း၊ ပို့ချခြင်း၊ နာယူခြင်း ဓမ္မဒါနသည် အလွန်အကျိုးကြီး၏။

ဆက်၍ဆိုရလျှင် ထိုအလှူပွဲကြီး၌ ဘုရားအစရှိသော အလှူခံပုဂ္ဂိုလ်အားလုံးတို့အား ဆွမ်းလှူဒါန်းခြင်း၊ သို့မဟုတ် ထောပတ် စသောဆေးများကို လှူဒါန်း ခြင်း သို့မဟုတ် ကြီးကျယ်သော ကျောင်းပေါင်းများစွာကို ဆောက်လုပ်လှူဒါန်းခြင်း၊ အနာထပိဏ်သူဌေး စသူတို့၏ဇေတဝန်ကျောင်းတော်ကြီး စသည်တို့ကို လှူဒါန်းခြင်းထက် အယုတ်ဆုံးအားဖြင့် လေးပါဒရှိ ဂါထာတစ်ဂါထာမျှကို ဝမ်းမြောက်ဝမ်းသာရွတ်ဆိုဟောကြားခြင်း၊ နာကြားခြင်း ဓမ္မဒါနကုသိုလ်က ပို၍မြတ်၏။ အကျိုးကြီး၏။

မှန်၏။ ဤပြဆိုခဲ့ပြီးသော ကြီးကျယ်သည့် ဒါနကောင်းမှုမျိုးကိုပြုလုပ် နိုင်ခြင်းသည် တရားတော်များကို နာကြားရသောကြောင့်သာပြုလုပ်နိုင်ကြခြင်းပင်ဖြစ်၏။ အကယ်၍ တရားတော်ကို မနာကြားရလျှင် ဆွမ်းတစ်ယောက်မ၊ ယာဂုတစ်ဇွန်းမျှကိုပင် ပေးလှူကြမည်မဟုတ်ချေ။ တစ်နည်းဆိုရလျှင် တစ်ကမ္ဘာပတ်လုံး ရွာသွန်းသည့်မိုးရေ မိုးပေါက်တို့ကို ရေတွက်နိုင်စွမ်းသည့် ပညာရှိသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး စသော ပုဂ္ဂိုလ်ထူးကြီးများသည်ပင်လျှင်မိမိဉာဏ်ပညာဖြင့် သောတာပန်အရိယာမဖြစ်နိုင်။ အရှင်အဿဇိမထေရ်၏ တရားကို နာကြားရမှ သောတာပန်ဖြစ်သွားရ၏။ နောက်မြတ်စွာဘုရား၏ တရားတော်ကို နာကြားရမှ ပါရမီပတ္တရဟန္တာကြီးအဖြစ်သို့ ရောက်သွား၏။ ထို့ကြောင့် ဓမ္မဒါနသည် အားလုံးသောဒါနတို့ထက် မြတ်၏။ အကျိုးကြီး၏။ ဤကဲ့သို့ ဓမ္မပဒပါဠိ၊ အဋ္ဌကထာ သက္ကပဉှဝတ္ထု၌ ဟောကြားထားပေသည်။

## သပ္ပုရိသဒါန (၅)မျိုး

သူတော်ကောင်းများ ပြုလေ့ပြုထရှိသော အလှူဒါနမျိုးကို သပ္ပုရိသ

ဒါနဟု ခေါ်၏။ ထိုသူတော်ကောင်းတို့ ပြုလေ့ရှိသော အလှူဒါန ပြုနည်း (၅)မျိုးကို ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်၊ တိကဏ္ဍကိဝင်၊ သပ္ပုရိသ ဒါနသုတ်၌ ရဟန်းတို့ကို မြတ်စွာဘုရား ဟောကြားတော်မူကြောင်း လေ့လာတွေ့ရှိရ၏။ ထိုသူတော်ကောင်းတို့ အလှူဒါနပြုနည်း (၅)မျိုး မှာ–

(၁) သဒ္ဓါဒါန = ယုံကြည်မှု သဒ္ဓါတရားဖြင့် လှူဒါန်းနည်း၊

(၂) သက္ကစ္စဒါန = ရိုရိုသေသေ လေးလေးစားစား လှူဒါန်းနည်း၊

(၃) ကာလဒါန = အချိန်ကာလနှင့် လျော်ညီစွာလှူဒါန်းနည်း၊

(၄) အနုဂ္ဂဟိတဒါန = တွယ်တာမှုကင်းသည့်စိတ်ဖြင့် လှူဒါန်းနည်း၊

(၅) အနုပဟစ္စဒါန = မိမိ၊ သူတစ်ပါး၊ နှစ်ဦးသားကို မထိပါးဘဲ လှူဒါန်းနည်း၊

တို့ဖြစ်သည်။

**ဆောင်ပုဒ်။** ။ *သဒ္ဓါကြည်သို၊ ရိုသေလှစွာ၊ အခါကိုသိ၊ မစွန်းငြိဘဲ၊ မထိမပါး၊ လှူတုံငြား၊ ငါးပါး သပ္ပုရိသ မြတ်ဒါန။*

(မင်းကွန်းတိပိဋကဓရဆရာတော်)

## (၁) သဒ္ဓါဒါန

သဒ္ဓါဆိုသည်မှာ ယုံကြည်မှုဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာ၌ ယုံကြည်ရ မည့်အရာဌာနများ ရှိ၏။ ထိုအရာဌာနများမှာ ရတနာသုံးပါး၊ ကံ၊ကံ၏ အကျိုးတရားများနှင့် ရှေ့ဘဝ၊ နောက်ဘဝတို့ ဖြစ်၏။ ထိုရတနာသုံးပါး စသည်တို့ကို ယုံကြည်မှ သဒ္ဓါအစစ် ဖြစ်သည်။

"မဟာရာဇ–မင်းကြီး၊ သဒ္ဓါ–သဒ္ဓါတရားသည်၊ သမ္ပသာဒန လက္ခဏာ–စိတ်ကိုကြည်လင်စေသော သဘောလက္ခဏာရှိ၏"ဟူသော မိလိန္ဒပဉှာပါဠိ တော်အရ ကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများက သဒ္ဓါကို ယုံသဒ္ဓါ၊ ကြည်သဒ္ဓါဟု အဓိပ္ပာယ်နှစ်မျိုး ခွဲခြားပြဆိုကြ၏။

ယုံသဒ္ဓါဆိုသည်မှာ ဖော်ပြပါအတိုင်း ရတနာသုံးပါးစသည်တို့ကို ယုံခြင်း ဖြစ်သည်။ လှူဒါန်းပေးကမ်းခြင်း စသော ကုသိုလ်ကောင်းမှု များကို ပြုသည့်အခါ စိတ်၌ ကြည်လင်သောသဒ္ဓါဖြစ်၏။ နောက်ကျု သောရေခွက်၌ ပတ္တမြား ရတနာကို ထည့်လိုက်သောအခါ အနည် အမှုန်များ အောက်သို့ကျသွား၍ ရေသည် ကြည်လင်လာရသကဲ့သို့ စိတ်၌ ပတ္တမြားရတနာနှင့်တူသော သဒ္ဓါ ဖြစ်ပေါ်လာသောအခါ လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ စသော ကိလေသာ အနည်အမှုန်များ ကင်းကွာ၍ စိတ်ကြည်လင်လာပေသည်။ ထိုကဲ့သို့ စိတ်ကို ကြည်လင် အောင်ပြုနိုင်သော သဘောကား ကြည်သဒ္ဓါဖြစ်သည်။

ယုံသဒ္ဓါဖြစ်သည့်အခါ ကြည်သဒ္ဓါဖြစ်နိုင်သော်လည်း ကြည်သဒ္ဓါ ဖြစ်တိုင်း ယုံသဒ္ဓါ မဖြစ်နိုင်ပေ။ အချို့တိရစ္ဆာန်များနှင့် ကလေးသူငယ် စသူတို့မှာ ရတနာသုံးပါး၊ ကံ၊ကံ၏အကျိုးတရား စသည်တို့ကို နားမလည်၍ ယုံသဒ္ဓါဖြစ်ဖို့ ခဲယဉ်းသော်လည်း လူကြီးများပြုမူပုံကို အတုလိုက်၍ ဘုရား၊ သံဃာကို ရှိခိုးနေသောအခါ၊ သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းနေသောအခါ၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်နေ သောအခါတို့၌ စိတ်ကို ကြည်လင်စေနိုင်သော ကြည်သဒ္ဓါကား ဖြစ်နိုင်ကြ၏။ ဘာသာတစ်ပါး အယူရှိသူများ၌ပင် ဆေးရုံအတွက်၊ လူအိုရုံအတွက်၊ နူနာရုံအတွက်၊ မိဘမဲ့ကလေးများအတွက်၊ မီးဘေး ရေဘေးဒုက္ခသည်များအတွက်၊ ကောင်းသောပညာရေးအတွက် ပေး ကမ်းစွန့်လှူ ထောက်ပံ့ကြရာ၌ ကြည်သဒ္ဓါဦးဆောင်သော ကုသိုလ် တရားများ ဖြစ်ပွားနိုင်ကြပေသည်။

ဤ၌ "ယုံကြည်မှုသဒ္ဓါတရားဖြင့် လှူဒါန်းနည်း"ဟု ဆိုခဲ့သည့်

အတိုင်း ယုံသဒ္ဓါ၊ ကြည်သဒ္ဓါ နှစ်မျိုးလုံးဖြင့် လှူဒါန်းနည်းမျိုးဖြစ်သည်။

**သဒ္ဓါဒါနအကျိုး**

သဒ္ဓါဒါနတွင် သဒ္ဓါတရားနှင့် ဒါနစေတနာဟူသော အကြောင်းတရားတို့ ပါဝင်၏။ ထိုတွင် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း ဟူသော ဒါနစေတနာကြောင့် ဖြစ်လေရာဘဝတို့၌ ကြွယ်ဝချမ်းသာသော၊ များသောဥစ္စာရှိသော၊ များသော စည်းစိမ်ရှိသော မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ကုန်သည်များဖြစ်၏ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာများ ဖြစ်နိုင်၏။

သဒ္ဓါတရားကြောင့် ဖြစ်လေရာဘဝတို့တွင် ရုပ်ဆင်းအင်္ဂါ ချောမောလှပ၏၊ ရှုကြည့်ချင်စဖွယ် တင့်တယ်ကောင်းမွန်၏၊ (ဝါ) ကြည့်ကောင်း၏၊ ကိုယ်အရည်အဆင်း ကြည်လင်၏၊ အလွန်အဆင်းလှပ၏။

ဤကဲ့သို့ သူ့အကြောင်းနှင့် သူ့အကျိုး အသီးသီးဖြစ်ပေါ်ခြင်းသည် အထူးအဆန်းမဟုတ်ပါ။ "ဇနေတိ သဒိသံ ပါကံ"ဆိုသည့် အတိုင်း အကြောင်းကံနှင့်တူစွာ အကျိုးဝိပါက်တရား ဖြစ်ပေါ်ရခြင်း ဟူသော ကံ၏နိယာမ သဘော တရားဖြစ်၏။ မိမိ၏ ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်းခြင်း စေတနာကံကြောင့် ပစ္စည်းဥစ္စာ များပြားကြွယ်ဝခြင်းအကျိုးကို ရသကဲ့သို့ စိတ်ကို ကြည်လင်စေသည့် သဒ္ဓါတရားကြောင့် ရုပ်ဆင်းအင်္ဂါ ကြည်လင်လှပခြင်းဟူသော တူသည့် အကျိုးကို ရခြင်းဖြစ်၏။

**(၂) သက္ကစ္စဒါန**

သက္ကစ္စဆိုသည်မှာ ရိုသေလေးစားမှုဖြစ်၏။ ထိုရိုသေလေးစားမှုသည် လှူဖွယ်ဝတ္ထုပစ္စည်းစု၌ ရိုသေမှု၊ အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် လှူဖွယ်ဝတ္ထု၌ ရိုသေမှုဟူသည် မိမိလှူဒါန်းမည့်

ဝတ္ထုပစ္စည်းသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ထိုပစ္စည်းကို အများကြည့်ကောင်းလောက်အောင် သပ်သပ်ရပ်ရပ်ပြုလုပ်၍ လှူဒါန်းခြင်းမျိုးဖြစ်၏။

အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုကား အလှူခံပုဂ္ဂိုလ်သည် မိမိထက် အသက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ သီလဂုဏ် စသည်တို့ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကိုယ်ကို ကိုင်းညွတ်၍ လက်နှစ်ဖက်ဖြင့် လှူဒါန်းခြင်းမျိုးဖြစ်၏။ ပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ်ထံသို့ ပစ်ပေးခြင်း၊ ဖိနပ်စီး၍ လှူဒါန်းခြင်း စသည်တို့ကား အလှူခံပုဂ္ဂိုလ်၌ ရိုသေမှုမရှိသော လှူဒါန်းခြင်းမျိုးဖြစ်၏။

ဆရာတော်ကြီးတစ်ပါးသည် တပည့်သာမဏေငယ်ကလေးအား သင်္ကန်းပေးစွန့်ရာတွင် သာမဏေငယ်ကို ကုလားထိုင်အမြင့်ပေါ် နေစေပြီးမှ မိမိက အောက်တွင်ရပ်ကာ သင်္ကန်းကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ရိုရိုသေသေ ပေးစွန့်သည်ကို တွေ့ခဲ့ရဖူးသည်။ ဤသည်မှာ လှူဒါန်းပေးကမ်းသည့်အခါ အမှတ်တမဲ့ မလှူဒါန်းဘဲ မိမိသိထားသည့်အတိုင်း အကျိုးကြီးမားအောင် လိုက်နာကျင့်သုံးခြင်း ဖြစ်ပေသည်။

ဤသို့ လှူဖွယ်ဝတ္ထုပစ္စည်းစုကို အများကြည့်ကောင်းအောင် သပ်သပ်ရပ်ရပ်ပြု၍ အလှူခံပုဂ္ဂိုလ်အား ရိုရိုသေသေလှူဒါန်းခြင်းမျိုးကို "သက္ကစ္စဒါန"ဟု ခေါ်သည်။

## သက္ကစ္စဒါနအကျိုး

သက္ကစ္စဒါနတွင် အရိုအသေပြုမှု သက္ကစ္စ(ဂါရဝ)တရားနှင့် လှူဒါန်းပေးကမ်းမှု ဒါနစေတနာဟူသော အကြောင်းတရားတို့ ပါဝင်၏။ ထိုတွင် လှူဒါန်းပေးကမ်းမှုဟူသော ဒါနစေတနာကြောင့် ဖြစ်လေရာဘဝတို့၌ ကြွယ်ဝချမ်းသာ သော၊ များသောဥစ္စာရှိသော၊ များသော စည်းစိမ်ရှိသော မင်း၊ ပုဏ္ဏား၊ သူဌေး သူကြွယ်၊ ကုန်သည်များဖြစ်၏ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာများဘဝကို ရရှိနိုင်၏။

အရှိအသေပြုမှု သက္ကစ္စ (ဂါရဝ)တရားကြောင့် ဖြစ်လေရာဘဝ တိုင်း၌ မိမိ၏ အခြွေအရံများဖြစ်ကြသည့် ဇနီးမယား၊ သမီးသားတို့နှင့် ကျွန်ယောကျ်ား၊ ကျွန်းမိန်းမ၊ အစေအပါး အလုပ်သမားအားလုံးတို့ သည် မိမိအပေါ်၌ ရိုသေလေးစားကြ၏။ မိမိ၏ပြောစကားကို နား ထောင်ကြ၏။

ဤကဲ့သို့ လှူဒါန်းပေးကမ်းမှု ဒါနစေတနာကြောင့် အကျိုးတစ်မျိုး၊ ရိုသေမှု သက္ကစ္စ(ဂါရဝ)တရားကြောင့် အကျိုးတစ်မျိုးကို ရရှိခြင်းသည် ဗုဒ္ဓဘာသာ ဝင်တိုင်း သိထားရမည့် မြတ်ဗုဒ္ဓ၏ ကမ္မဝါဒ၊ ကမ္မနိယာမ သဘောတရား ဖြစ်သည်။

## (၃) ကာလဒါန

ကာလဆိုသည်မှာ အလှူဒါနပြုရန် သတ်မှတ်ထားသော အချိန် ကာလ၊ အလှူခံပုဂ္ဂိုလ်အဖို့ ထိုလှူဖွယ်ပစ္စည်းကို လိုနေသောအချိန် ကာလ စသည်တို့ ဖြစ်၏။ ထိုတွင် သတ်မှတ်ထားသော အချိန်ကာလ ဟူသည် ဝါဆိုသင်္ကန်း လှူဒါန်းရန် ဝါဆိုလဆန်းမှစ၍ ဝါတွင်းအချိန် ကာလနှင့် ကထိန်သင်္ကန်း ကပ်လှူရန် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ အချိန်ကာလ ဖြစ် သည်။ ယင်းကဲ့သို့ သတ်မှတ်ထားသော အချိန်ကာလ၌ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းတို့ကို လှူဒါန်းခြင်းသည် ကာလဒါနဖြစ်သည်။ (အလှူခံ ပုဂ္ဂိုလ်၌ မရှိမဖြစ် လိုအပ်နေသောပစ္စည်းတို့ကို ထိုလိုနေချိန်၌ လှူဒါန်း ခြင်းသည်လည်း ကာလဒါနတစ်မျိုးဖြစ်၏။)

ထို့ပြင် ကာလဒါနသုတ်၌ ဘုရားရှင် ဟောတော်မူထားသည့် အတိုင်း ဧည့်သည် အာဂန္တုပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်း၊ ခရီးသည်တို့ အား လှူဒါန်းခြင်း၊ မကျန်းမမာဖြစ်နေသည့် ဂိလာန(လူနာ)ပုဂ္ဂိုလ်တို့ အား လှူဒါန်းခြင်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါးနေချိန်၌ လှူဒါန်း ခြင်း၊ ကောက်ဦးကိုးမျိုး၊ သစ်သီးဦးကိုးမျိုးတို့ကို လှူဒါန်းခြင်းတို့ကို

လည်း ကာလဒါန ခေါ်ပါသည်။ ဤသို့ သတ်မှတ်ပိုင်းခြားထားသော အချိန်ကာလ၊ လိုအပ်နေသော အချိန်ကာလတို့၌ ဆိုင်ရာ လှူဖွယ်ဝတ္ထု ပစ္စည်းစုကို လှူဒါန်းခြင်းနှင့် ဧည့်သည်၊ ခရီးသည် စသူတို့အား လှူဒါန်းခြင်းမျိုးတို့သည် ကာလဒါနဖြစ်ပါသည်။

**ကာလဒါနအကျိုး**

ကာလဒါနတွင် သတ်မှတ်ထားသော အချိန်၊ လိုအပ်နေသော အချိန်ကာလနှင့် လှူဒါန်းပေးကမ်းမှု ဒါနစေတနာဟူသော အကြောင်းတရားတို့ ပါဝင်၏။ ထိုတွင် လှူဒါန်းပေးကမ်းမှုဟူသော ဒါနစေတနာကြောင့် ဖြစ်လေရာဘဝတို့၌ ကြွယ်ဝချမ်းသာသော၊ များသောဥစ္စာရှိသော၊ များသောစည်းစိမ်ရှိသော မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်များဖြစ်၍ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာများဘဝကို ရရှိနိုင်၏။

အချိန်ကာလအလိုက် လှူဒါန်းခြင်းကြောင့် ဖြစ်လေရာဘဝတို့၌ မိမိလိုအပ်သော ပစ္စည်းများကို လိုသည့်အချိန်၌ အဆင်သင့် ရရှိခြင်း အကျိုးများ ရရှိနိုင်၏။ ကောင်းကောင်းဝတ်နိုင်၊ စားနိုင်၊ နေနိုင်သည့် ပထမအရွယ်၊ ဒုတိယအရွယ် အချိန်ကာလများ၌ အဝတ်ကောင်း၊ အစားကောင်း၊ နေစရာဗိမာန်ကောင်းတို့ကို ရရှိခံစားရ၏။

ဤသို့ ကာလဒါနအရာ၌လည်း ဒါန၏ အကျိုးတရားများက တစ်မျိုး၊ ကာလ၏အကျိုးတရားများကတစ်မျိုး ဖြစ်ပုံကို သိထားသင့်ကြပေသည်။

**၄။ အနဂ္ဂဟိတဒါန**

အနဂ္ဂဟိတ – ဆိုသည်မှာ မိမိလှူဒါန်းရမည့် ပစ္စည်း ဝတ္ထုအပေါ်မှာ တွယ်တာမှု လောဘစိတ်ကင်းခြင်း ဖြစ်သည်။ ထိုပေးကမ်းလှူဒါန်းရမည့် ပစ္စည်းအပေါ်မှာ တွယ်တာနေသဖြင့် ပေးကမ်းလှူဒါန်းရမည်ကို

နမြော တွန့်ဆုတ်နေမှုမျိုး မရှိခြင်းဟု အဓိပ္ပာယ်ရ၏။

အချို့ပုဂ္ဂိုလ်များသည် အလှူခံပုဂ္ဂိုလ် ရောက်လာသဖြင့် လှူသာ လှူလိုက်ရ၏။ အလှူပစ္စည်းပေါ်၌ တွယ်တာနေ၍ လှူလိုစိတ် မထက်သန်လှကြပေ။ ဤ"အနဂ္ဂဟိတဒါန"ကား ဤသို့မဟုတ်၊ ပစ္စည်း အပေါ်၌ တွယ်နေမှုမျိုးမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်လှူဒါန်းသည့် အလှူမျိုးဖြစ်သည်။ ဤအလှူမျိုး ကို ကျမ်းဂန်များ၌ "မုတ္တစာဂ" ဟု ခေါ်၏ (မုတ္တစာဂ=လွတ်လွတ်စွန့်ကြဲ ပေးကမ်းမှု။)

## အနဂ္ဂဟိတဒါနအကျိုး

အနဂ္ဂဟိတဒါနတွင် လှူမည့်ပစ္စည်းအပေါ် တွယ်တာနေသော လောဘစိတ်ကင်းခြင်း (အနဂ္ဂဟိတ)နှင့် လှူဒါန်းပေးကမ်းမှုဒါန စေတနာဟူသော အကြောင်းတရားတို့ ပါဝင်၏။ ထိုတွင် လှူဒါန်းပေးကမ်းမှုဟူသော ဒါနစေတနာကြောင့် ဖြစ်လေရာဘဝတို့၌ ကြွယ်ဝချမ်းသာသော၊ များသော ဥစ္စာရှိသော၊ များသော စည်းစိမ်ရှိသော မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ကုန်သည်များဖြစ်၍ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာများဘဝကို ရရှိနိုင်၏။

လှူမည့်ပစ္စည်းအပေါ်၌ တွယ်တာနေသော လောဘစိတ်ကင်းခြင်း (အနဂ္ဂဟိတ)ကြောင့် ဒါနစေတနာအလျောက် ပေါ်ပေါက်လာသည့် ကောင်းမွန်သောအစားအစာ အဝတ်တန်ဆာများကိုလည်း စားသောက်ဝတ်ဆင်နိုင်၏။ ကောင်းမွန်သောယာဉ်ရထား စသည့် အသုံးအဆောင်များကိုလည်း စီးနင်း သုံးဆောင်နိုင်၏။ ကောင်းမွန်သော တိုက်တာနေအိမ်စသည်တို့၌ ချမ်းချမ်းသာသာ နေနိုင်၏။

လှူဒါန်းမည့်ပစ္စည်းအပေါ် တွယ်တာနေသည့် လောဘစိတ်ရှိနေခဲ့လျှင် ဆိုခဲ့ပြီးသည်နှင့် အပြန်သဘောအားဖြင့် ချမ်းသာကြွယ်ဝသော်လည်းကောင်း သောအဝတ်ကို မဝတ်နိုင်၊ ကောင်းသောအစားအသောက်ကို မစားသောက်နိုင်၊ ကောင်းသောယာဉ်ရထား စသည့် အသုံးအဆောင်

တို့ကို မစီးနင်း မသုံးဆောင်နိုင်၊ ကောင်းသောတိုက်တာနေအိမ် စသည်တို့၌ ချမ်းချမ်းသာသာ မနေနိုင် ဖြစ်ရတတ်ပေသည်။

ဘုရားရှင်လက်ထက်တော်က 'အပုတ္တက'မည်သော သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးသည်။ ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်သော်လည်း မွန်မြတ်သည့် အစားအစာများကို စားလိုစိတ်မရှိဘဲ တစ်သက်လုံး ဆန်ကွဲထမင်းနှင့် ပုန်းရည် ဟင်းကိုသာ စား၏။ ကောင်းမွန်သည့် အဝတ်တို့ကို ဝတ်လိုစိတ်မရှိဘဲ သုံးစ စပ်ချုပ်ထားသည့် ပိုက်ဆံလျှော် အဝတ်ကိုသာ ဝတ်ဆင်သည်။ ကောင်းမွန်သော ယာဉ်ရထားများကို စီးလိုစိတ်မရှိဘဲ သစ်ရွက်ထီးကိုဆောင်းကာ ရထားအို ရထားဟောင်း ကလေးဖြင့်သာ သွား၏။ သူ့အိမ်မှာလည်း အိပ်ရာနေရာကောင်းများတွင် အိပ်လိုစိတ်မရှိဘဲ ဖြစ်သလို အိပ်လေ့ရှိသတဲ့။

ဤကဲ့သို့ဖြစ်ရခြင်းမှာ ထိုသူဌေးသည် ရှေးဘဝတစ်ခု၌ သူကြွယ်တစ်ဦး ဖြစ်စဉ် တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆွမ်းလောင်းလှူခဲ့ဖူး၏။ သို့သော် ထိုဆွမ်းအပေါ်၌ မပြတ်သားသော (ဝါ) တွယ်တာသော လောဘစိတ် ဖြစ်ခဲ့ဖူးသောကြောင့်ဖြစ်ကြောင်း ကောသလသံယုတ်၊ ဒုတိယအပုတ္တကသုတ်၌ မြတ်စွာဘုရား ဟောကြားထားပေသည်။

ဤကဲ့သို့ အနဂ္ဂဟိတဒါနအရာ၌ အနဂ္ဂဟိတ (လှူဒါန်းပေးကမ်းမည့် ပစ္စည်းအပေါ်၌ တွယ်တာသော လောဘစိတ်မရှိခြင်း)ကြောင့် ဖြစ်ပေါ်လာသော အကျိုးကတစ်မျိုး၊ ပေးကမ်းလှူဒါန်းမှု စေတနာကြောင့် ဖြစ်ပေါ်လာသောအကျိုးက တစ်မျိုးဟူ၍ အကြောင်းနှင့်အကျိုး အသီးသီးရှိသည့်သဘောကို မှတ်သားထား သင့်၏။ (ဆဋ္ဌမူပါဠိတော်၌–အနုဂ္ဂဟိတစိတ္တော–ဟု ရှိ၏။ ချီးမြှောက်လိုသောစိတ် ရှိသည်ဖြစ်၍–ဟု အနက်အဓိပ္ပာယ်ရ၏။ အနုဂ္ဂဟိတစိတ္တော–ဟု အဋ္ဌကထာ၌ တည်ပုဒ်ပြု၍ ဖွင့်ဆိုထားသောကြောင့် ရှေးမူ ပါဠိတော်၌–အနဂ္ဂဟိတ စိတ္တော–ဟု ရှိပုံရ၏။ ဤ၌ မင်းကွန်းတိပိဋကဓရ ဆရာတော်

ကြီး၏ အလိုဆန္ဒနှင့်အညီ ရေးမှုအတိုင်း ဖွင့်ဆိုရေးသားထားခြင်း ဖြစ်၏။)

## ၅။ အနုပဟစ္စဒါန

အနုပဟစ္စ–ဆိုသည်မှာ မိမိသူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးခြင်း ဖြစ်သည်။ အလှူဒါနပြုကြသည့်အခါ မည်သူဟာ မကြာမီက (၅)သိန်းတန်အလှူကြီး လှူနိုင်တယ်ဆိုပြီး မြောက်ကြွ၊ မြောက်ကြွနဲ့၊ အခု ငါက (၁၀)သိန်းကုန် အလှူကြီးကို လှူလိုက်တယ်၊ သူ ငါ့ကို မီသေးရဲ့လားကွ"ဟု သူတစ်ပါးကို ထိပါးသည့်စိတ်ထားမျိုးနှင့် လှူဒါန်းတတ်ကြသည်။

ဤကဲ့သို့ လှူခြင်းမျိုးသည် မိမိကိုယ်ကို မြောက်ပင့်ခြင်းဟူသော အတ္တုက္ကံသန လောဘနှင့် ထိပါး၍လည်းကောင်း၊ တစ်ဖက်သားကို ရှုတ်ချကဲ့ရဲ့ခြင်းဟူသော ပရဝမ္ဘနဒေါသနှင့် ထိပါး၍လည်းကောင်း လှူဒါန်းခြင်း(ဥပဟစ္စဒါန) မည်၏။ ယင်းသို့သောစိတ်မျိုးမထားဘဲ "ငါသည် ဘုရားအလောင်း သူတော်ကောင်းတို့၏ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုလမ်းကောင်းသို့ လိုက်ရပေပြီ"ဟု ဓမ္မသို့ ဦးတည်၍ လှူဒါန်းခြင်းမျိုးကို "အနုပဟစ္စဒါန"ဟု ခေါ်၏။

## အနုပဟစ္စဒါနအကျိုး

အနုပဟစ္စဒါနတွင် အနုပဟစ္စနှင့် ဒါန နှစ်ပုဒ်ပါဝင်၏။ အနုပဟစ္စ ဆိုသည်မှာ ဖော်ပြခဲ့သည့်အတိုင်း "မိမိသူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးခြင်းဖြစ်၏။ ဒါနကား ပေးကမ်းလှူဒါန်းမှု ဒါနစေတနာဖြစ်၏။ ထိုတွင် ဒါနစေတနာကြောင့် ဖြစ်လေရာဘဝတို့၌ ကြွယ်ဝချမ်းသာသော၊ များသော ဥစ္စာရှိသော၊ များသောစည်းစိမ်ရှိသော မင်းပုဏ္ဏားများ သူဌေးသူကြွယ် ကုန်သည်များဖြစ်၏ (ဝါ) လူချမ်းသာ၊ နတ်ချမ်းသာဘဝများကို ရရှိနိုင်၏။

မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးမှု (အနုပဟာစ္စ)ကို ရှေ့သွားပြုခဲ့ခြင်းကြောင့် ဒါနစေတနာကြောင့် ဖြစ်ပေါ်လာသည့် ပစ္စည်းဥစ္စာ၊ ရွှေ ငွေ ရတနာ၊ စည်းစိမ်ချမ်းသာ အဖြာဖြာများကို ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး ဆိုသည့် ရန်သူမျိုးငါးပါးတို့က အန္တရာယ်မပြုနိုင်ခြင်းအကျိုးကို ရရှိနိုင်၏။

မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးဘဲ လှူဒါန်းခဲ့သည့် အတွက် မိမိပစ္စည်းဥစ္စာများ ရေထဲမျောပါသွားမှာလည်း မပူရ၊ မီးလောင်မှာလည်း မပူရ၊ မတရားမင်းအုပ်စိုးချိန်နှင့် ကြုံကြိုက်ပြီး မင်းက သိမ်းယူမှာလည်း မစိုးရိမ်ရ။ အမွေခံများဖြစ်ကြသည့် သားသမီးများအားလုံး လိမ္မာယဉ်ကျေးကြသည့်အတွက် မိမိတို့ပိုင် ပစ္စည်းဥစ္စာများကို သားဆိုး သမီးဆိုးတို့ ဖြုန်းတီး ဖျက်ဆီးပစ်မှာကိုလည်း မပူပန်ရ၊ ဒါနကုသိုလ်စေတနာကြောင့် ဖြစ်ပေါ်လာရသည့် စည်းစိမ်ဥစ္စာများ ရန်သူမျိုးငါးပါးဘေးမှ လွတ်ကင်းခြင်းအကျိုးကို ရရှိခံစားနိုင်ပေသည်။

ဤကဲ့သို့ ပေးကမ်းမှု ဒါနစေတနာက "စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာခြင်း"ဟူသော အကျိုးကိုသာ ပေး၏။ ထိုစည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်မှုမှာ ဒါနစေတနာနှင့် တိုက်ရိုက်မသက်ဆိုင်ချေ။ သက်ဆိုင်သည့်အကြောင်းမှာ လှူဒါန်းပေးကမ်းစဉ်အခါက "မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးဘဲ လှူဒါန်းခြင်း" (အနုပဟစ္စ)သာဖြစ်ကြောင်း ခွဲခြားသိထားသင့်ပေသည်။

## အကျိုးပိုရသော သပ္ပုရိသဒါန

ဤသပ္ပုရိသဒါန ငါးမျိုးကို လေ့လာကြည့်လျှင် တိုက်ရိုက် ပဓာနကုသိုလ် အကြောင်းတရားနှင့် အခြံအရံကုသိုလ် အကြောင်းတရား ငါးပါးတို့ပါဝင်ကြောင်း တွေ့ရ၏။ တိုက်ရိုက် ပဓာနကုသိုလ်အကြောင်းတရားမှာ ပေးကမ်းမှု လှူဒါန်းမှု ဒါနကုသိုလ်စေတနာဖြစ်၏။ အခြံအရံ

ကုသိုလ်အကြောင်း တရားငါးပါးမှာ (၁) ယုံကြည်မှု သဒ္ဓါတရားရှိခြင်း (၂) ရိုရိုသေသေ လေးလေးစားစားရှိခြင်း (၃) အချိန်ကာလနှင့်လျော်ညီခြင်း (၄) တွယ်တာမှုမရှိခြင်း (၅) မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို မထိပါးခြင်းတို့ ဖြစ်၏။

ထိုတွင် ပဓာနကုသိုလ်အကြောင်း တရားဖြစ်သည့် ဒါနစေတနာကြောင့် ပဋိသန္ဓေအကျိုးအဖြစ်ဖြင့် နောင်ဘဝ၌ လူ့ဘဝ၊ နတ်ဘဝတို့ကို ရရှိနိုင်၏။ ပဝတ္တိကျိုးအဖြစ်ဖြင့် လူ့ဘဝ၊ နတ်ဘဝတို့၌ ကြီးကျယ်သော စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားနိုင်၏။

အခြံအရံ ကုသိုလ်အကြောင်းငါးမျိုးကြောင့် ထိုလူ့ဘဝ၊ နတ်ဘဝတို့၌ ဆိုင်ရာအကျိုးငါးမျိုးကို အပိုရရှိခံစားရသည်။ ယုံကြည်မှု သဒ္ဓါတရားဖြင့် လှူဒါန်းသည့်အတွက် ဥပဓိသမ္ပတ္တိရှိ၍ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း၊ ရိုရိုသေသေ လေးလေးစားစား လှူဒါန်းသည့်အတွက် သားသမီး တပည့် အခြွေအရံ ပရိသတ်အားလုံး မိမိကို ရိုသေခြင်း၊ မိမိစကားကို နားထောင်ခြင်း၊ အချိန်ကာလအားလျော်စွာ လှူဒါန်းခြင်းကြောင့် အချိန်ကာလအလိုက် ကောင်းကျိုးရရှိခြင်း၊ မိမိလှူဒါန်းသည့် ပစ္စည်းဝတ္ထုပေါ်တွင် တွယ်တာမှုလောဘစိတ်ကင်းခြင်းကြောင့် ကောင်းသောအစားအစာ အဝတ်တန်ဆာ စသည်ကို စားသောက်ဝတ်ဆင်သုံးဆောင်နိုင်ခြင်း၊ မိမိသူတစ်ပါး နှစ်ဦးသားကို မထိပါးဘဲ လှူဒါန်းခြင်းကြောင့် မိမိပစ္စည်းဥစ္စာများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း ဟူသော အကျိုးငါးမျိုးကို အပိုရရှိခံစားရပေသည်။

ဤအကျိုးငါးမျိုးတို့ကို လူတိုင်း ရရှိခံစားလိုကြ၏။ သို့သော် လှူဒါန်းနည်း မသိကြ၍ မလှူဒါန်းတတ်ကြသဖြင့် ထိုအကျိုးများ လက်လွတ်သွားကြရ၏။ ထို့ကြောင့် အလှူဒါနပြုရာ၌ အကျိုးရှိရှိ လှူဒါန်းတတ်အောင် ဤလှူနည်းငါးမျိုးကို ဖော်ပြခြင်း ဖြစ်၏။

## ဘဆောင်ပုဒ်လင်္ကာများ

(၁) သဒ္ဓါကြည်လင်၊ လှူဒါန်လျှင် ဆင် ပြင်ရုပ်ရည့်လှ။
(၂) ရှိသေလှူငြား၊ သူ့စကား ၊ အများ နာယူ ရ။
(၃) အခါသိသဖြင့်၊ လှူတုလင့်၊ ချိန်သင့်ကောင်း ကျိုး ရ။
(၄) မစွန်ငြိတောင်၊ လှူတုရှောင်၊ အကောင်း သုံး ဆောင်ရ။
(၅) မထိမပါ၊ လှူတဲ့ငြား မူ၊ ထိုသည့်သူ၏၊ ပြောထူများ ပြား၊ စည်းစိမ်အာ၊ ငါပါ ရန်မခ။

- သပ္ပုရိသ၊ ဒါနငါ ချက်၊ အကျိုး ဆက်ကို၊ နှုတ်ဟက်အရ ဆောင်ကုန်ကြ။

ဟု မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး စီကုံးထား၏။

## ဒါနမခေါ်ရသော ပေးကမ်းလှူဒါန်းမှုများ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနနှင့်စပ်၍ ဗုဒ္ဓနည်းကျ လှူဒါန် ပေးကမ်းနည်း များ၊ အကျိုးကြီးမားသော ဒါန၊ အကျိုး ပေးနည်း သော ဒါနများနှင့် တစ်မူထူး ခြား စွာ အကျိုး ပေးသည့် ဒါနများ အကြောင်း စသည်တို့ကို မကျဉ်း မကျယ် ခပ်လွယ်လွယ် တင်ပြခဲ့လေပြီ။ ယခု ပေးကမ်းလှူဒါန်းမှုပြုသော်လည်း ဒါနဟု မခေါ်ရ၊ အဒါနဟုသာ ခေါ်ရသည့် ပေးကမ်းမှု(၁၀)မျိုး ကို မိလိန္ဒပဉှာ ပါဠိတော် (ဝေဿန္တရ ပဉှ)၌ ဟောကြားတော်မူသည့်အတိုင်း ဖော်ပြပါမည်။ ထိုမပေး မလှူ ကောင်းသော အလှူ(၁၀)မျိုး မှာ

(၁) မူးယစ်စေတတ်သော သေရည်အရက် စသောအရာများ ကို ပေးလှူခြင်း = မဇ္ဇဒါန၊
(၂) ပွဲလမ်းသဘင် စသည်တို့ကို ပေးလှူခြင်း = သမဇ္ဇဒါန၊
(၃) မေထုန်မှီဝဲမှုပြုရန် အမသတ္တဝါများ ကို ပေးလှူခြင်း = ဣတ္ထိဒါန၊
(၄) မေထုန်မှီဝဲစေရန် နွားလားဥသဘ စသည့်ကို ပေးလှူခြင်း

= ဥသဘဒါန၊

(၅) ကာမဂုဏ်စိတ်ကို ထကြွပွားများစေတတ်သော ပန်းချီကား အရုပ် စသည်ကို ပေးလှူခြင်း = စိတ္တကမ္မဒါန၊

(၆) တုတ် ဓား သေနတ် စသော လက်နက်များကို ပေးလှူခြင်း = သတ္ထဒါန၊

(၇) အဆိပ်ကို ပေးလှူခြင်း = ဝိသဒါန၊

(၈) လက်ထိပ်၊ သံခြေကျဉ်း စသည်ကို ပေးလှူခြင်း = သင်္ခလိကဒါန၊

(၉) သတ်ဖြတ်စားသောက်ရန် ကြက်ဝက် စသည်ကို ပေးလှူခြင်း = ကုက္ကုဋသူကရဒါန၊

(၁၀) မမှန်ကန်သော ချိန်ခွင်အလေး တင်းတောင်းကြိုး စသည်ကို ပေးလှူခြင်း = တုလာကူဋမာနကူဋဒါနတို့ ဖြစ်ပါသည်။

ထိုအလှူ(၁၀)မျိုးတို့တွင် တစ်မျိုးမျိုးကို ပေးလှူလျှင် ဒါနကုသိုလ် မဖြစ်သည့်အပြင် အကုသိုလ်တရားဖြစ်ပွား၍ အပါယ်သို့ပင် ကျရောက်နိုင်ကြောင်း မိလိန္ဒပဉှပါဠိတော်၌ ဟောကြားတော်မူထား၏။

ဝိနည်းငါးကျမ်းတွင် တစ်ကျမ်းအဖြစ် ပါဝင်သော ပရိဝါပါဠိတော်၌လည်း "လူ့လောကတွင် မကောင်းမှုအကုသိုလ်သာ ဖြစ်ပါလျက် လူမိုက်များက ကုသိုလ်ဟု ခေါ်ဝေါ်နေကြသည့် အလှူတို့မှာ ငါးမျိုးရှိ၏။ ထိုငါးမျိုးမှာ (၁) သေရည် သေရက် အလှူဟူသော မဇ္ဇဒါန (၂) သဘင်အလှူဟူသော သမဇ္ဇဒါန (၃) မိန်းမအလှူဟူသော ဣတ္ထိဒါန (၄) နွားလားဥသဘ အလှူဟူ သော ဥသဘဒါန (၅) ကိလေသာပွားကြောင်း ပန်းချီဆေးရေးရုပ်အလှူဟူသော စိတ္တကမ္မဒါနတို့ ဖြစ်၏" ဟု ဟောကြားထားသည်။

"သူတစ်ပါးတို့ သောက်စားစေရန် လှူသော ယစ်မျိုးအလှူ၊ သူတစ်ပါးတို့ ကြည့်ရှုပျော်ပါးစေရန်လှူသော ပွဲသဘင်အလှူ၊ အမျိုးသား

များ မေထုန်မှီဝဲရန် လှူသော မိန်းမအလှူ၊ နွားမကို သန္ဓေရအောင် လှူသော နွားလားဥသဘအလှူ၊ ကိလေသာပွားရန် ရေဆွဲထုလုပ်ထားသော ပန်းချီဆေးရေးရုပ်အလှူဟူသော အလှူငါးမျိုးတို့မှာ တဏှာရာဂဖြစ်ပွားကြောင်း အစစ်ကေန်ဖြစ်သောကြောင့် ကုသိုလ်မဖြစ်၊ အကုသိုလ်ဖြစ်သော အလှူတို့သာဖြစ်၏" ဟု ပရိဝါအဋ္ဌကထာ၌ မိန့်ဆိုထား၏။

သို့ရာတွင် ဝိနည်းမဟာဝါပါဠိတော်၌ ရဟန်းတော်တို့အား အရက်ကို လိမ်းကျံရသော နယ်ဆီအဖြစ် အသုံးပြုခွင့်ပေးထားသောကြောင့် အရက်ကို သောက်သုံးရန် မဟုတ်ဘဲ လိမ်းဆေးအဖြစ် အသုံးပြုရန် လှူကောင်း၏။ လှူလျှင် ကုသိုလ်ဖြစ်၏။ အမျိုးသမီးတို့အား အရောမ်စောင့်အဖြစ် အလှူခံခွင့်ပြုထားသောကြောင့် အမျိုးသမီးများကို အရောမ်စောင့်အတွက် လှူကောင်း၏။ လှူလျှင် ကုသိုလ်ဖြစ်၏။ နွားလားဥသဘကို သေနာသနအလို့ငှာ ကျောင်းအား လှူဒါန်းကောင်း၏။ လှူလျှင် ကုသိုလ်ဖြစ်၏။ ပရိဝါအဋ္ဌကထာ၌ "ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်၊ မဏ္ဍပ် စသည်တို့၌ ငရဲခန်း၊ ဘုံခန်း၊ တောထွက်ခန်း၊ ပန်းချီ၊ ပန်းပု၊ ရေးထုခြင်းကို ပြုခြင်းငှာ အပ်၏" ဟု မိန့်ဆိုထားသောကြောင့် ကိလေသာစိတ်များ မဖြစ်ပွားစေတတ်သည့် ပန်းချီကား၊ ပန်းပုရုပ်တို့ကို ပေးလှူကောင်း၏။ လှူလျှင် ကုသိုလ်ဖြစ်၏။

သမဇ္ဇဒါနအရာ၌ ယခုကာလကဲ့သို့ ပွဲသဘင်များ ငှား၍ ပူဇော်ခြင်းမျိုးကို မည်သည့်နည်းနှင့်မျှ မပြုကောင်း။ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးက "အလှူပေးရာ၊ ပွဲထည့်ပါ၊ တိုက်တွန်းလာ၊ သူမိုက်တစ်ယောက်၊ လူမိုက်စကား၊ နားယောင်မှာ၊ ပွဲငှာအလှူရှင် သူမိုက်တစ်ယောက်" စသည့် ပွဲသဘင်အလှူနှင့် စပ်၍ လူမိုက်ကြီးငါးဦးရှိကြောင်း မိန့်ဆိုထား၏။ သို့ရာတွင် "အပျက်အချော်၊ အသရော်အလော်မာ၊ ဒုစရိုက်မပါဘဲ၊ ပလလဲတော၌ ပျားလှူသော မျောက်ကဲ့သို့ဖြစ်စေ၊ ဝရဏနတ်မင်းကဲ့သို့ဖြစ်စေ မိမိ၏အလှူတွင် ဝမ်းမြောက်

ကြည့်ရ သဒ္ဓါပဟုန်ဖြင့် ကိုယ်တိုင်ကခုန်၍ ရတနာသုံးပါးအာ ပူဇော်ကောင်း၏။ ပူဇော်လျှင် ကုသိုလ်ဖြစ်၏" ဟု ပရမတ္ထသရုပအနုဝဏ္ဏနာ ကျမ်း သစ်၌ ဆု ဖွင့်ထား ပေသည်။

ထိုပြင် အဆင် လှပသော မိန့် မယောကျ်ား တို့သည် ရူပဒါနဖြစ်စေရန် အကြည့်ရှုခံ၍ အဆင် ကိုလှူအံ့၊ သဒ္ဒဒါနဖြစ်စေရန် သီချင်းသီဆို၍ အသကို လှူအ၊ ဂန္ဓဒါနဖြစ်စေရန် အနမ်းအရှုခံ၍ အနံ့ကိုလှူအံ့၊ ဖောဋ္ဌဗ္ဗဒါနဖြစ်စေရန် အမွေ့အပိုက်ကိုခံ၍ အတွေ့ကိုလှူအံ့၊ ဤအလုံးစုံသည် ကုသိုလ်မဖြစ်၊ အကုသိုလ်သာဖြစ်သည်။ ကုသိုလ်ဇောမဇော၊ အမိုက်ဇော အမှာ ဇောတွေသာ ဇောသည်။ အမိုက်ဇော ဆိုသည်မှာ မောဟဇော၊ အမှာ ဇော ဆိုသည်မှာ ဒိဋ္ဌိဇောကို ဆိုသည်။ "ဖလေ ပါဋိကင်္ခိတဗ္ဗာ" ဟု ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ ဆိုသောကြောင့် ကုသိုလ်လို၍ ပေမှ ဒါနဆိုရသည်။ "ချစ်ပေ၊ ကြိုက်ပေး၊ ကြောက်ပေ (လာဘ်မျှော်ပေ) စသည်တို့ကို ဒါန မဆိုရ" ဟု တတိယရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးက ပရမတ္ထစက္ခု ကျမ်း၌ မိန့်ဆိုထား၏။

တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးကလည်း "ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့်ပေးခြင်း မဟုတ်ဘဲ ချစ်ကြိုက်၍ ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ ကြောက်ရွံ့၍ပေးခြင်း၊ မိုက်မဲ၍ပေးခြင်း မှစ၍ပေးခြင်း ဟူသမျှကို လောက၌ ပြုကျင့်ကြမြဲ ဝတ္တရားအတိုင်း ပေးခြင်းမျိုး ဖြစ်၍ ဒါနပါရမီနှင့် မသက်ဆိုင်" ဟု ဒါနမမည်သော ပေးခြင်းမျိုးကို မိန့်ဆိုထားပေသည်။

## ဒါနအကျိုးတရားများ

ဒါန၏ အကျိုးတရားများကား ပြုပုံ ပြုနည်းမှန်သလောက် အကျိုးပေး ကြီးကျယ်၏။ များပြား၏။ ရှင်တော်မြတ်ဘုရားက–

"ရဟန်းတို့–သတ္တဝါတို့သည် ဝေဖန်ခွဲခြမ်းလှူဒါန်းခြင်း၏ အကျိုး

များကို ငါဘုရား သိသကဲ့သို့ သိကြပါကုန်မူ မပေးလှူဘဲ မစားကြ ကုန်ရာ၊ မပေ ရက်လို နှမြောဝန်တိုမှုဟူသော မစ္ဆရိယ အကုသိုလ် အညစ်အကြေးသည် ထိုသူတို့၏ စိတ်နှလုံးကို သိမ်းကျုံး လွှမ်းမိုး၍ မတည်နိုင်ရာ။ အလှူခံပုဂ္ဂိုလ်တို့ ရှိခဲ့ပါမူ ထိုသူတို့သည် နောက်ဆုံး ဖြစ်သော ထမင်းလုတ်၊ ထမင်းဆုပ်ကိုပင်သော်လည်း မဝေဖန် မခွဲခြမ်း မလှူဒါန်းဘဲ မစားကြကုန်ရာ”

“ရဟန်းတို့–သတ္တဝါတို့သည် ဝေဖန်ခွဲခြား လှူဒါန်းခြင်း၏ အကျိုးများကို ငါဘုရား သိသကဲ့သို့ မသိကြကုန်သောကြောင့်သာ မပေးလှူဘဲ စားကြခြင်းဖြစ်သည်။ မပေ ရက်လို နှမြောဝန်တိုမှုဟူသော မစ္ဆရိယ အကုသိုလ်အညစ်အကြေးသည် ထိုသူတို့၏ စိတ်နှလုံးကို သိမ်းကျုံးလွှမ်းမိုး၍ တည်၏”

ဤသို့ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူထားသည်ကို ခုဒ္ဒကနိကာယ်၊ ဣတိဝုတ္တကပါဠိတော် ဒါနသုတ်၌ တွေ့ရ၏။

ဤဘုရားဟော ဒါနတရားကို ထောက်ဆလျှင် ဒါနကုသိုလ်၏ အကျိုးတရားများ ကြီးကျယ်များပြားပုံကို သိရှိနိုင်ပါသည်။

## ဒါန၏ မျက်မှောက်အကျိုး (၅)ပါး

ပဉ္စကအင်္ဂုတ္တိုရ် ပါဠိတော်၊ သီဟသေနာပတိသုတ်၌ သီဟစစ်သူ ကြီးက မြတ်စွာဘုရားအား “ဒါန၏ မျက်မှောက်ဘဝ၌ပင် ရရှိမည့် ကိုယ်တွေ့အကျိုး တရားတို့ကို ညွှန်ပြနိုင်ပါသလား”ဟု လျှောက်ထား ရာ ညွှန်ပြနိုင်ကြောင်း မိန့်တော်မူ၍ အကျိုးငါးပါး ဟောကြားတော်မူ ခဲ့သည်။ ထိုအကျိုး များမှာ–

(၁) လူအများ၏ ချစ်မြတ်နိုးမှုကို ခံရခြင်း (တိရစ္ဆာန်များပင် ပေးသူကို ချစ်ခင်ကြ၏။ လူများမှာ ဆိုဖွယ်ရာ မရှိ။ ဤ အကျိုးကား အကျိုးလိုလား မေတ္တာထားခြင်းဖြင့် ရသော အကျိုး ဖြစ်၏)။

(၂) အလှူရှင်ထံ သူတော်ကောင်းများ ချဉ်းကပ်ရောက်လာခြင်း (မလှူဒါန် မပေးကမ်းသူထံ မည်သူမျှ မလာလိုကြ။ သူတော်ကောင်းများသည် လာချင်းလာလျှင် အလှူရှင်ထံသာ ရောက်လာမြဲဖြစ်၏။ သူတော်ကောင်းများ ရောက်လာခြင်းဖြင့် ကုသိုလ်တရားဖြစ်ပွားခြင်း၊ အဖိုးတန်တရားလက်ဆောင်များ ရရှိခြင်း အားဖြင့် အကျိုးများလှ၏)။

(၃) ကောင်းသတင်း ကျော်စောခြင်း (သူများကောင်းစားအောင် အကျိုးဆောင်သူမှာ မိမိက ဂုဏ်လုပ်ဖွယ်၊ ပကာသနပြုဖွယ် မလိုပေ။ အများကပင် ဖော်ထုတ်ဂုဏ်တင်လျက်ရှိကြ၍ အစဉ်သတင်းမွှေးလျက်ရှိသည်)။

(၄) မည်သည့်ပရိသတ်ထဲသို့မဆို ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်ခြင်း (မကောင်းမှု ပြုထားသူမှာ မိမိအပြစ်ကို တွေး၍ ရွံ့တတ်၊ လန့်တတ်သော်လည်း သူတစ်ပါး အချိုးမွမ်း အချစ်ခင်ခံနေရသော ကောင်းမှုရှင်မှာ တွေး၍ ရွံ့စရာ လန့်စရာ မမြင်သဖြင့် အစဉ်ရဲဝံ့လျက်ရှိ၏။ ဤအကျိုးလေးပါးကား မျက်မှောက်၌ ခံစားရသော အကျိုးတရားများပါတည်း)။

(၅) သေဆုံးကွယ်လွန်သော် နတ်ပြည်သို့ ရောက်ရခြင်းတို့ ဖြစ်သည်ဟု ဟောကြားတော်မူ၏။ နံပါတ်(၅)မှာ တမလွန်၌ ခံစားရသော အကျိုးဖြစ်သည်။ များရာကိုလိုက်၍ ယေဘုယျနည်းဖြင့် မျက်မှောက်အကျိုးငါးပါးဟု ဆိုထားခြင်း ဖြစ်သည်။

အင်္ဂုတ္တိုရ် သတ္တကနိပါတ်၊ သီဟသေနပတိသုတ်၌လည်း ဤဖော်ပြပါ ငါးပါးနှင့် (၁) ရဟန္တာပုဂ္ဂိုလ်တို့ ပထမဦးစွာ အလှူခံခြင်း (၂) ရဟန္တာပုဂ္ဂိုလ် ပထမဦးစွာ တရားဟောခြင်းဟူသော အကျိုး(၂)ပါး ပေါင်း မျက်မှောက်အကျိုး (၇)မျိုးတို့ကို သီဟစစ်သူကြီးအား ဟောကြားသည်ကို တွေ့ရ၏။

**ဆောင်ပုဒ်။** ။ အများချစ်အပ်၊ သူမြတ်တို့ချဉ် ၊ ကောင်းသတင်းကြွယ်၊
ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော်၊ ရောက်မြဲ နတ်ထံ၊ ဤ
ငါးတန်၊ ရရန် လှူကျိုးတွေ။

ဟု သပြေကန်ဆရာတော်ဘုရားကြီး စီကုံးထား၏။

## ဒါန၏ဂုဏ်သတ္တိများနှင့် အနာဂတ်အကျိုးတရားများ

ဒါနသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာတို့ ဖြစ်ပေါ်ကြောင်း ဖြစ်၏ (ဝါ) ဒါနသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

ဒါနကောင်းမှုသည် လူ့ဘဝ၊ နတ်ဘဝနှင့် ပြည့်စုံခြင်း (ဘဝသမ္ပတ္တိ)၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့နှင့် ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ)တို့၏ အကြောင်းရင်း မူလဖြစ်၏။ စည်းစိမ်ဥစ္စာဟူသမျှတို့၏ တည်ရာလည်းဖြစ်၏။ ပျက်စီးခြင်းသို့ ဆိုက်ရောက်နေသော သတ္တဝါများအဖို့ အစောင့်အရှောက်ကောင်းလည်း ဖြစ်၏။ ပုန်းအောင်းရာ လဲလျောင်းနားခိုရာလည်းဖြစ်၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ ဒါနနှင့်တူသော မှီရာ၊ တည်ရာ၊ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်းလည်း မရှိချေ။ ပုန်းအောင်းရာ လဲလျောင်းရာလည်း မရှိချေ။

မှန်၏။ ဤဒါနကောင်းမှုသည် သတ္တဝါတို့၏ မှီရာဖြစ်သောကြောင့် ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်ထားသော သီဟာသနပလ္လင်နှင့်တူ၏။ သတ္တဝါတို့၏ ထောက်ရာ တည်ရာဖြစ်သောကြောင့် မဟာပထဝီမြေကြီးနှင့် တူ၏။ သတ္တဝါတို့၏ ဆွဲတွယ်ရာဖြစ်သောကြောင့် မျက်မမြင်ယောက်ျား၏ လှမ်းဆွဲအားပြုရာ ကြိုးနှင့်တူ၏။ အပါယ်ဘူမိ ဒုဂ္ဂတိမှ လွတ်ထွက်ကူးမြောက်ကြောင်း ဖြစ်သောကြောင့် လှေသင်္ဘောနှင့်တူ၏။ လောဘမစ္ဆရိယစသော ရန်သူကို တိုက်ဖျက်သက်သာစေတတ်သောကြောင့် စစ်မြေပြင်၌ တပ်မှူးသူရဲကောင်းနှင့်တူ၏။ ဆင် ရဲ

မွဲတေခြင်း ဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်သောကြောင့် ကုလုံပြည့်စုံအောင် ပြုပြင်စီရင်ထားသော မြို့ကြီးနှင့်တူ၏။ မစ္ဆရိယ စသော အကုသိုလ်အညစ်အကြေးတို့ မလိမ်းကျံအပ်သောကြောင့် ပဒုမ္မာကြာပန်းနှင့် တူ၏။ မစ္ဆရိယစသော အကုသိုလ်အမှိုက်သရိုက်တို့ကို ရှိုမြိုက် လောင်ကျွမ်းစေတတ်သောကြောင့် မီးနှင့်တူ၏။

ဒါနသည် မစ္ဆရိယ စသော အကုသိုလ်တရားတို့ ချဉ်းကပ်ရန်ခဲယဉ်းသောကြောင့် လျင်သော အဆိပ်ရှိသောမြွေနှင့်တူ၏။ ဆင်းရဲမှုကို ထိတ်လန့် ကြောက်ရွံ့ခြင်း မရှိသောကြောင့် ခြင်္သေ့မင်းနှင့်တူ၏။ အင်အား ရှိသောကြောင့် ဆင်ပြောင်ကြီးနှင့်တူ၏။ အလွန်မင်္ဂလာရှိသော တရားဟု သမုတ်ခေါ်ထားသော ကြောင့် မင်္ဂလာရှိသော နွားလားဥသဘဖြူနှင့်တူ၏။ ဘေးကင်းရာအရပ်သို့ ပို့ဆောင်တတ်သောကြောင့် ဝလာဟက သိန္ဓောမြင်းနှင့်တူ၏။ ဤကား ဒါန၏ ဂုဏ်သတ္တိများ ပါတည်။

အနာဂတ်အကျိုးတရားများကား ဒါနသည် လောကီအရာတွင် သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်း စည်းစိမ်ဟူသော လောကီအကျိုးများကို ပေးစွမ်းနိုင်၏၊ လောကုတ္တရာအရာ၌လည်း သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ဟူသော လောကုတ္တရာကျိုးများကို ပေးစွမ်းနိုင်၏ဟု ဒီဃနိကာယ်၊ သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပဒါနသုတ် အဖွင့်၌ မိန့်ဆိုထားပေသည်။

## ဒါန၏ တိုက်ရိုက်အကျိုးနှင့် တစ်ဆင့်ခံအကျိုးများ

ဗုဒ္ဓဘာသာ၌ ဒါနကျင့်စဉ်၊ သီလကျင့်စဉ်၊ သမထဘာဝနာကျင့်စဉ်၊ ဝိပဿနာဘာဝနာကျင့်စဉ်ဟူ၍ ကျင့်စဉ်ကြီး လေးမျိုး ရှိသည့်အတိုင်း ကုသိုလ်သည်လည်း ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာ ဘာဝနာကုသိုလ်ဟူ၍ ကုသိုလ်လေးမျိုး

ရှိ၏။ ထိုကုသိုလ်လေးမျိုးလုံးသည် မဟာကုသိုလ်ခေါ်သည့် ကာမ ကုသိုလ်များချည်း ဖြစ်၏။ သို့ရာတွင် အစွမ်းသတ္တိအပျောက် တစ်မျိုး နှင့်တစ်မျိုး အကျိုးပေးပုံချင်း ကွဲပြားခြားနားကြ၏။ ဒါနထက် သီလ၊ သီလထက် သမထ၊ သမထထက် ဝိပဿနာကုသိုလ်က အကျိုးပေး အဆင့်ဆင့် ကြီးကျယ်ကြ၏။

ဒါနကုသိုလ်ကား အကျိုးပေး အညံ့ဆုံးဖြစ်၏။ ဒါနကုသိုလ်သည် လူ့ဘုံ၊ နတ်ပြည် (၆)ဘုံဟူသော ကာမသုဂတိ ခုနစ်ဘုံတို့တွင် တစ်ဘုံဘုံ၌ လူအဖြစ်၊ နတ်အဖြစ် (ဘဝသမ္ပတ္တိ)ကိုလည်းကောင်း၊ ထိုလူ့ဘဝ၊ နတ်ဘဝတို့၌ လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာ (ဘောဂသမ္ပတ္တိ)တို့ကိုလည်းကောင်း တိုက်ရိုက်အကျိုးပေး၏။ ထို့ ကြောင့် ရှေ့၌ ဒါနအကျိုးတရားများကို ဖော်ပြခဲ့ရာတွင် "ဒါနကောင်း မှုသည် လောကီဘက်၌ သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်း စည်းစိမ်၊ စကြာမင်းစည်းစိမ်တို့ကို ပေးစွမ်းနိုင်၏"ဟု တင်ပြခဲ့ခြင်းဖြစ်၏။

ဤသို့ ဒါနကုသိုလ်သည် လောကီအကျိုးအချို့ကိုသာ တိုက်ရိုက် ဖြစ်ပေါ်စေနိုင်၏။ ဈာန်အဘိညာဉ်ဟူသော လောကီအကျိုးနှင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဟူသော လောကုတ္တရာကျိုးများကိုကား တိုက်ရိုက်မဖြစ် ပေါ်စေနိုင်။ တစ်ဆင့်ခံအကြောင်း အခြေခံအကြောင်းအဖြစ်ဖြင့်သာ ဈာန်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသည် ကို ရည်၍ "လောကီဘက်၌ ဗြဟ္မာမင်းစည်းစိမ်နှင့် လောကုတ္တရာ ဘက်၌ သာဝကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိ ဉာဏ်တို့ကို ပေးစွမ်းနိုင်၏"ဟု ရှေ့တွင် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

အတန်ငယ် ရှင်းပြဦးအံ့။ ကာမကုသိုလ်လေးမျိုးတွင် ဒါနကုသိုလ် နှင့် သီလကုသိုလ် နှစ်ပါးမှာ လူ့ဘဝ၊ နတ်ဘဝနှင့် လူ့စည်းစိမ် ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာတို့ကိုသာ တိုက်ရိုက်ဖြစ်ပေါ်စေနိုင်၏။ သမထဘာဝနာ ကုသိုလ်က ဈာန်အဘိညာဉ်တရားများကို တိုက်ရိုက် ဖြစ်ပေါ်စေနိုင်သကဲ့သို့ ဝိပဿနာဘာဝနာကုသိုလ်က မဂ်၊ ဖိုလ်၊

နိဗ္ဗာန်တရားများကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်၏။

ယင်းသို့ ဒါနကုသိုလ်က မဂ် ဖိုလ် နိဗ္ဗာန်တို့ကို တိုက်ရိုက်မဖြစ်ပေါ်စေနိုင်၊ ဝိပဿနာကုသိုလ်ကသာ မဂ် ဖိုလ် နိဗ္ဗာန်တို့ကို တိုက်ရိုက်ရစေနိုင်သည် မှန်သော်လည်း ဝိပဿနာဘာဝနာတရားများကို လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများ၌သာ ပွားများအားထုတ်နိုင်ကြ၏။ အထူးသဖြင့် လူ့ဘုံ၌ ပွားများအားထုတ်နိုင်ခွင့် အများဆုံးရနိုင်၏။ အပါယ်လေးဘုံတို့၌မူ ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်နိုင်ခွင့် လုံးဝမရှိကြချေ။

ဒါနကုသိုလ်သည် မဂ် ဖိုလ် နိဗ္ဗာန်တို့သို့ တိုက်ရိုက်မပို့ဆောင်နိုင်သော်ငြားလည်း မဂ် ဖိုလ် နိဗ္ဗာန်တို့ကို တိုက်ရိုက်ရစေနိုင်၊ ရောက်စေနိုင်သည့် ဝိပဿနာ ဘာဝနာတရားများကို ပွားများအားထုတ်နိုင်အောင် ဒါနရှင်များကို လူ့ဘုံ၊ နတ်ဘုံဆိုသည့် ကာမသုဂတိ ခုနစ်ဘုံသို့လည်း ပို့ဆောင်ပေး၏။ ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ခွင့်ရအောင် စည်းစိမ်ချမ်းသာ၊ ဥစ္စာရတနာ အထွေထွေတို့နှင့် ပြည့်စုံအောင်လည်း ပြုလုပ်ပေး၏။ ဝိပဿနာဘာဝနာတရား ပွားများအားထုတ်သည့်အခါ၌လည်း မဂ်ပေါက်၊ ဖိုလ်ဝင်၊ နိဗ္ဗာန်မြင်နိုင်စွမ်းရှိသည့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုး ဖြစ်အောင်လည်း စီမံပြုလုပ်ပေး၏။

အဓိပ္ပာယ်မှာ ဒါနကုသိုလ်များသည် ကုသိုလ်ရှင်များကို ဝိပဿနာဘာဝနာတရား ပွားများအားထုတ်ခွင့်ရအောင် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ကာမသုဂတိခုနစ်ဘုံအနက် တစ်ဘုံဘုံသို့ ရောက်အောင်ပို့ပေး၏။ ထိုဘုံ၌ ဝိပဿနာတရားအားထုတ်ကွင့်ရသည့်အတွက် မဂ် ဖိုလ် နိဗ္ဗာန်ကို ပါရမီအားလျော်စွာ ရရှိနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ဤကဲ့သို့ ဒါနကုသိုလ်က ကုသိုလ်ရှင်ကို မဂ် ဖိုလ် နိဗ္ဗာန်ရအောင် ရောက်အောင် တစ်ဆင့်ခံအကြောင်း အခြေခံအကြောင်းတရား အဖြစ်ဖြင့် ကျေးဇူးပြုခြင်းကို ပဋ္ဌာန်းတရားတော်မှာ ပကတူပနိဿယပစ္စည်း

ဖြင့် ကျေးဇူးပြုသည်ဟု ဟောကြားတော်မူထား၏။

ဥပမာပြရလျှင် ကသိုဏ်း၊ အသုဘ၊ အနုဿတိ၊ ဗြဟ္မဝိဟာရ စသည့် သမထဘာဝနာတရားများကို ပွားများအားထုတ်သည့် သမထ ဘာဝနာ ကာမ ကုသိုလ်သည် ဗြဟ္မာဘုံသို့ရောက်ပြီး ဗြဟ္မာ့စည်းစိမ် များကို ရရှိခံစားရခြင်းဆိုသည့် အကျိုးကို တိုက်ရိုက်မပေးနိုင်ပါချေ။ ထိုသမထဘာဝနာ ကာမကုသိုလ်များသည် ရူပကုသိုလ်ဈာန်၊ အရူပ ကုသိုလ်ဈာန်များကိုသာ ဖြစ်ပေါ်စေနိုင်၏။ ကာမကုသိုလ်ကြောင့် ဖြစ်ပေါ်လာသည့် ရူပကုသိုလ်ဈာန်၊ အရူပကုသိုလ်ဈာန်များကြောင့် သာ အကြောင်းကုသိုလ်ဈာန်အလိုက် ထိုက်သင့်သည့် ဗြဟ္မာ့ဘုံများ သို့ရောက်ပြီး ဗြဟ္မာ့စည်းစိမ်များကို ခံစားရသည်နှင့် တူ၏။

ဤကဲ့သို့ သမထဘာဝနာ ကာမကုသိုလ်သည် ဗြဟ္မာ့ဘုံ၊ ဗြဟ္မာ့ စည်းစိမ်ဟူသော အကျိုးတရားများကို တိုက်ရိုက်မဖြစ်ပေါ်စေနိုင်ကာမူ ထိုအကျိုးတရား ဖြစ်ပေါ်ရာတွင် တစ်ဆင့်ခံအကြောင်း၊ အခြေခံ အကြောင်း ဖြစ်သကဲ့သို့ ဒါနကုသိုလ်များသည်လည်း ဒါနရှင်ကို မဂ် ဖိုလ် နိဗ္ဗာန်သို့ တိုက်ရိုက်မပို့ဆောင် နိုင်သော်လည်း တစ်ဆင့်ခံ အကြောင်း၊ အခြေခံအကြောင်းအနေဖြင့် နိဗ္ဗာန်ရောက်အောင် အထောက် အကူပြုကြ၊ ကျေးဇူးပြုကြပေသည်။

## ဒါနသည် သံသရာရှည်စေသော

အချို့သော ပုဂ္ဂိုလ်များက ဒါနကို သံသရာရှည်စေတတ်သော တရားဟု ကြောက်လန့်ဖွယ်အဖြစ် ဆိုကြ၏။ ဒါနသည် သံသရာ ရှည်စေတတ်သော တရားဖြစ်ကြောင်း ဘုရားဟော ပါဠိတော်များ၌ လုံးဝမတွေ့ရချေ။ အဋ္ဌကထာ၊ ဋီကာကျမ်းများ၌လည်း တစ်စွန်း တစ်စမျှ မိန့်ဆိုထားခြင်း မရှိပေ။ အမှန်စင်စစ် သံသရာရှည်စေတတ် သောတရားတို့ကို မြတ်စွာဘုရား ဟောကြားထားပါ၏။ ထိုတရားတို့ တွင် ဒါနမပါရှိချေ။ ထိုတရားတို့ကား တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသည့်

တရားသုံးပါးတို့သာ ဖြစ်၏။ ယင်းတရားသုံးပါးတို့သည် ဘဝသံသရာကို ကျယ်သည်ထက်ကျယ်အောင် ရှည်သည်ထက်ရှည်အောင် ချဲ့ထွင်တတ်သောကြောင့် သံသရာနယ်ချဲ့ (ပပဉ္စ)တရား မည်ကုန်၏ဟု မြတ်စွာဘုရား ဟောကြားခဲ့ခြင်း ဖြစ်၏။

ဆက်၍ ရှင်းပြပါဦးမည်။ ဒိဋ္ဌိသည် "ဤခန္ဓာကိုယ်ကြီး၌ အမြဲတည်ကိုယ် အမာခံ အနှစ်သာရဟူသော အတ္တသည် ကောန်ရှိ၏"ဟု စွဲလမ်း၏။ မာနက ထိုအတ္တကိုပင် "ငါ ငါ"ဟု မှတ်ထင်၏။ "ငါမြတ်သည်၊ ငါတတ်သည်"ဟု အထင်ကြီး၏။ ဒိဋ္ဌိမာနတို့ အရင်းခံမှုကြောင့် မိမိရုပ်နာမ်တရားများကို အားရပါးရ တဏှာဖြင့် စွဲလမ်း၏။ မိမိကိုယ်နှင့်တူသော ချစ်ခင်တွယ်တာစရာ မရှိ၊ မိမိခန္ဓာကိုယ်ထက် ပို၍မည်သူ့ကိုမျှ မချစ်နိုင်ကြပေ။ မိမိကိုချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူများအပေါ်မှာ ဆက်သွယ်စွဲလမ်း ရပြန်၏။ ဤသို့ မိမိကိုယ်နှင့်အတူ အဆက်အသွယ်ဟူသမျှတို့အပေါ်၌ မခွဲနိုင်မခွာရက် စွဲမက်မှုသည် တဏှာ၏ လက်ချက်ပင်ဖြစ်သည်။

တဏှာကား အလွန်အစွမ်းသတ္တိထက်သော တရားတစ်ပါးဖြစ်သည်။ ထိုတဏှာက ဆင်းရဲဒုက္ခမှုတွေ မျိုးစုံနေသော သည်လောကကြီးကို ပျော်မွေ့စရာ ချမ်းမြေ့စရာကောင်း၍ အလွန်သာယာစိုပြည်သည့် လောကနိဗ္ဗာန်ကြီးအဖြစ် ဖန်တီးပေးထား၏။ ပုထုဇဉ်သတ္တဝါမှန်သမျှတို့ကို ထိုထိုအာရုံများ၌ဖြစ်စေ၊ မိမိခန္ဓာကိုယ်၌ဖြစ်စေ တွယ်တာမက်မောစေ၍ သံသရာဆင်းရဲ၌ မငြီးငွေ့အောင် ပြုလုပ်ထားသောတဏှာ၏ လက်ချက်ကြောင့် သတ္တဝါများ သံသရာမှ ထွက်ပေါက်ရှာမရဘဲ ဘဝပေါင်းများစွာ ကျင်လည်နေကြရခြင်းဖြစ်သည်။

ထို့ကြောင့်ဘုရားရှင်က "သတ္တဝါတို့သည် တဏှာကို မိတ်ဆွေကောင်းကြီးအဖြစ် အဖော်ပြုကာ ဘဝသံသရာဝယ် ပျော်ပျော်ပါးပါး ခရီးသွားနေကြသဖြင့် ရှည်လျားလှစွာ ဤသံသရာကြီးမှ မလွတ်မမြောက်နိုင်ကြခြင်းဖြစ်သည်"ဟု အင်္ဂုတ္တိုရ်ပါဠိတော် တဏှာပွါဒသုတ်

တွင် ဟောတော်မူခဲ့ခြင်းဖြစ်၏။

ထို့ပြင် တဏှာသည် ကမ္မဝဋ်ကို တွင်တွင်လည်အောင် လှည့်ပေးတတ်သော ကိလေသဝဋ်တရားတစ်ခုဖြစ်၏။ လှည့်ပေးပုံမှာ လိုချင်မက်မောမှုတဏှာကြောင့် အပြစ်ကင်းသောအလုပ် (ကုသိုလ်ကောင်းမှု)ကိုဖြစ်စေ၊ အပြစ်ရှိသောအလုပ် (မကောင်းမှုအကုသိုလ်)ကိုဖြစ်စေ ပြုလုပ်နေကြရ၏။ တဏှာအရင်းခံသည့် ယင်းပြုလုပ်မှုများ (ကမ္မဝဋ်) ကြောင့် လက်ရှိဘဝ ခန္ဓာပြတ်စဲသွားသည့်အခါ၌ ဝိပါကဝဋ်ခေါ် ရုပ်သစ် နာမ်သစ်များဖြစ်လာကာ ဘဝတစ်ခုပေါ်လာရပြန်၏။ ထို ဘဝသစ်ဖြစ်၍ မကြာမီမှာပင် ဘဝနိကန္တိက(ဘဝ၌ တွယ်တာနှစ်သက်တတ်သော) လောဘခေါ်သော တဏှာက ရကာစ အတ္တဘောကို မက်မောတွယ်တာပြီးလျှင် ယခင့် အတိတ်ဘဝကနည်းတူ ဘဝသစ်တွင် စခန်းသွားရပြန်သည်။

ဤသို့ ပုထုဇဉ်သတ္တဝါတို့သည် တဏှာဟူသော ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဖြစ် စသည်ဖြင့် လည်ပတ်ဖြစ်နေကာ သံသရာတစ်ကြောဝယ် နစ်မျောကျင်လည်၍ နေကြရပေသည်။ ထို့ကြောင့် သံသရာကို ချဲ့ထွင်တတ်သော (ဝါ) သံသရာ ရှည်စေတတ်သော တရားတို့ကား ဒါနဆိုသည့် ကုသိုလ်တရား မဟုတ်ပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသည့် အကုသိုလ်တရားမျိုးတို့သာ ဖြစ်၏။

ဒါနကား ထိုသံသရာ ရှည်စေတတ်သော တဏှာကိုပင် တဒင်္ဂအားဖြင့် ဖယ်ထုတ်ခွင်းအတာတစ်ခုအထိ ပယ်သတ်နိုင်သောတရားဖြစ်၏။ ဒါနသည် မိမိ လှူဒါန်းပေးကမ်းမည့် ပစ္စည်းဝတ္ထုပေါ်၌ တွယ်တာနေမှု တဏှာလောဘနှင့် မပေးရက်လို နှမြောဝန်တိုနေသည့် မစ္ဆရိယတရားတို့ကို တဒင်္ဂအားဖြင့် ပယ်သတ်နိုင်ကြောင်း ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်၏။

ဤ၌ အထူးသတိထားရမည်မှာ ဒါနသည် ပစ္စည်းဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်းစဉ်အခါက တဏှာလောဘကို ပယ်သတ်နိုင်သကဲ့သို့

လှူဒါန်းပြီး၍ တောင့်တသည့်အခါ (ဝါ) ဆုတောင်းသည့်အခါတို့၌လည်း လောဘတဏှာ မပါလာဖို့ အရေးကြီး၏။ တဏှာလောဘ မပါမှ ထိုဒါနသည် သံသရာကို မရှည်စေသော ဒါနဖြစ်နိုင်၏။ ဥပမာ–"ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတု"ဟု ပါဠိလို ဖြစ်စေ၊ "အကျွန်ုပ်၏ ဤအလှူဒါနကုသိုလ်သည် အာသဝေါတရားလေးပါးတို့ကုန်ရာ နိဗ္ဗာန်သို့ရောက်အောင် ရွက်ဆောင်နိုင်ပါစေ"ဟု မြန်မာလိုဖြစ်စေ တောင့်တမှု၊ ဆုတောင်းမှုမျိုးကဲ့သို့ဖြစ်၏။ ဤဆုတောင်းသည် သံသရာကို ငြိငွေ့သည့် နိဗ္ဗိဒါဉာဏ်ဦးစီးလျက်ရှိသဖြင့် သံသရာမရှည်သည့် ဝိဝဋ္ဋနိဿိတဆုတောင်းမျိုး ဖြစ်သည်။

ဤ တဏှာမပါ၊ နိဗ္ဗိဒါဉာဏ်ဦးစီးသည့် ဝိဝဋ္ဋနိဿိတဆုတောင်းမျိုးကို တောင်းမှ သံသရာမရှည်ဘဲ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာကျိုးများကို လျင်မြန်စွာ ပေးဆောင်နိုင်သည်ဟု ထေရအဋ္ဌကထာ စသည်တို့၌ မိန့်ဆိုထား၏။ "ဤဒါနကုသိုလ်ကြောင့် လူ့ဘဝ၊ လူ့စည်းစိမ်၊ နတ်ဘဝ၊ နတ်စည်းစိမ်ချမ်းသာ တို့ကို ဘဝတိုင်း ရရှိခံစားရပါလို၏" ဟူသော ဆုတောင်းမျိုးကား တဏှာဦးစီးသည့် ဆုတောင်းမျိုးဖြစ်၍ သံသရာရှည်နိုင်၏။ ဤတဏှာပါသော ဆုတောင်းကြောင့် မိမိပြုလုပ်သည့် ဒါနကုသိုလ်သည် မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာဟူသော လောကုတ္တရာကျိုးများကို မပေးနိုင်ဘဲ လူ နတ် စည်းစိမ်ချမ်းသာဟူသော လောကီကျိုးမျှကိုသာ ပေးနိုင်၍ သံသရာရှည်နိုင်၏ဟု အင်္ဂုတ္တိုရ်၊ သံယုတ် အဋ္ဌကထာများ၌ မိန့်ဆိုထား၏။

ဤဆိုခဲ့ပြီးသော စကားစဉ်အရ ဒါနကုသိုလ်ချည်းသက်သက်ကား သံသရာကို မရှည်စေနိုင်၊ တဏှာရောပါလာသည့် ဒါနကုသိုလ်မျိုးသာ တဏှာအတွက် သံသရာရှည်ရခြင်းဖြစ်သည်။ ထို့ကြောင့် သံသရာမှ လျင်မြန်စွာ ထွက်မြောက် နိုင်ရန်အတွက် တဏှာမပါ၊ နိဗ္ဗိဒါဉာဏ် ဦးစီးသည့် ဝိဝဋ္ဋနိဿိတဒါနမျိုးဖြစ်အောင် သတိထား၍ ကြိုးစားအားထုတ်သင့်ကြ၏။

## အလှူဒါန ပြုသင့်ပုံ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၌ ကျင့်စဉ်ကြီးလေးရပ်ရှိရာ ဒါနကျင့်စဉ်ကား အပြုရ အလွယ်ကူဆုံးသော အကျင့်ဖြစ်၏။ လွယ်သဖြင့် "အလှူဒါန ပြုကြသူငါ" ဆိုရလောက်အောင် ပြုသူများကြ၏။ ထိုဒါနပြုနေကြသူများတွင် အမှတ်တမဲ့ ပေါ့ပေါ့ဆဆပြုနေကြသူများက များ၍ ဗုဒ္ဓနည်းကျ ဒါနပြု တတ်ကြသူများ က အလွန်နည်းပါးကြ၏။ ဗုဒ္ဓနည်းကျ ဒါနပြုပါမှ ညောင်စေ့ လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးကြီးမားစွာရနိုင်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ဒါနရှင်တို့ အကျိုးကြီးကြီးကျယ်ကျယ် ရရှိနိုင်စေရန် ဦးတည်ချက်ထား၍ အကြီးအကျယ် ဖွံ့ဖြိုးများမြတ်သော အကျိုးတရားများကို ရရှိနိုင်သည့် ဗုဒ္ဓနည်းကျ ဒါနပြုနည်းများကို ကျမ်းဂန်လာသည့်အတိုင်း တင်ပြ လမ်းညွှန်ခဲ့ပြီးပေပြီ။

ဤနေရာတွင် နိဂုံးချုပ်အားဖြင့် အလှူဒါနပြုသင့်ပုံကို မကျဉ်းမကျယ် သိလွယ်သောနည်းဖြင့် တင်ပြပါမည်။ ယခုခေတ်၌ အချို့ပုဂ္ဂိုလ်များက "အသိဉာဏ်ရှေ့ထား၊ ဒါနနောက်ထား၊ တရားအားထုတ်ပြီးမှ ဒါနပြု"ဟု ပြောဟောနေကြသည်ကို ကြားသိနေရ၏။ ဤပြောဟောမှုသည် တရားအားထုတ်စေလိုသော ဆန္ဒလွန်ကဲ၍ ပြောဟောသည်ဟု ယူဆရ၏။ သို့သော် လူတိုင်းမလိုက်နာနိုင်သော လမ်းညွှန်မှုမျိုးဖြစ်၏။ ထိုလမ်းညွှန်မှုအတိုင်း လိုက်နာ၍ ဒါနကိုမပြုသေးဘဲ တရားအားထုတ်သူသည် တရားအားထုတ် နေစဉ် တစ်မဂ် တစ်ဖိုလ် မရသေးမီ စုတေသွားခဲ့လျှင် တရားအားထုတ်သည့် ကုသိုလ်ကြောင့် သုဂတိဘဝသို့ ရောက်နိုင်သော်လည်း ထိုဘဝ၌ စည်းစိမ်ဥစ္စာမဲ့သူ ဖြစ်နိုင်ပေသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် ဝတ္ထုသာဓကဖြင့် ထုတ်ဆောင်ပြမည်။

အားထုတ်ရမည့် ကုသိုလ်များမှာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ

ဟု လေ့မျိုးရှိရာ မည်သည့်ကုသိုလ်ကို ရှေးဦးစွာ ပြုလုပ်ရမည်၊ မည်သည့်ကုသိုလ်ကို နောက်မှပြုလုပ်ရမည်ဟု ဘုရားရှင် မဟောကြားခဲ့ချေ။ "ကုသိုလ်ပြုဖို့ရန် မကြောက်ကြကုန်လင့်။ ထိုကုသိုလ်ကို အမြန်ပြုလုပ်ကြ၊ ကုသိုလ်တို့သည် တမလွန်လောကတွင် သတ္တဝါတို့၏ မှီရာတည်ရာ အားကိုးရာတို့ ဖြစ်ကုန် ၏"ဟူသာ ဟောကြားတော်မူထားသည်ကို တွေ့ရ၏။

ဘုရားရှင်သည် သတ္တဝါတို့အား တရားဟောကြားတော်မူသည့်အခါ ဒါန ကထာ၊ သီလကထာ၊ သဂ္ဂကထာ စသည်ဖြင့် ဒါန အကြောင်းကို ရှေးဦးစွာ ဟောကြားခဲ့၏။ ဘုရားလောင်းသုမေဓာဘဝ၌လည်း ဘုရားဖြစ်ကြောင်း ကျင့်စဉ်လမ်းကောင်းတို့ကို ဆင်ခြင်တော်မူသည့်အခါ ဒါန ပါရမီကို ရှေးဦးစွာ မြင်တော်မူ၍ "အမောင်သုမေဓာ–သင်သည် ဘုရားဖြစ်ဖို့ရန် အလိုရှိပါမူ ဤဒါနပါရမီကို ရှေးဦးစွာ စွဲစွဲမြဲမြဲဆောက်တည်ကာ ဒါနကို အထွတ်အထိပ် ရောက်အောင် ဖြည့်ကျင့်လော့" စသည်ဖြင့် ဆုံးမတော်မူကာ ဒါနပါရမီကို ရှေးဦးစွာ ဖြည့်ကျင့်ခဲ့သည်။ ဒါနကုသိုလ်ကား အပြုရလွယ်သည်။ ဘာဝနာကုသိုလ်ကား အချိန်ယူ၍ လုပ်ရသဖြင့် အပြုရခက်၏။ ထို့ကြောင့် "မည်သည့်ကုသိုလ်မျိုးကိုမဆို မိမိ အဆင်ပြေသည့်အတိုင်း ပြုလုပ်ကြ"ဟူသာ လမ်းညွှန်သင့်ကြပေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း ဤဘုရားသာသနာ၌ ဝါသနာဘာဂီ ပါရမီမျိုးစေ့ကိုသာ ဆည်းပူးကြသူတို့သည် (ဒါန)သီလ၊ သမာဓိ၊ ပညာ ပဋိပတ် ကျင့်စဉ်အတိုင်း တစ်ပါးပြည့်စုံမှ တစ်ပါးကို ကျင့်မည်ဟု မနေကြရာ၊ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိအစဉ်အတိုင်း တစ်ပါးပြည့်စုံမှ တစ်ပါးကို ကျင့်မည်ဟု မနေကြရာ၊ လျော်သလို ဒါန၊ သီလ၊ သမာဓိ၊ ပညာမျိုးတို့ကို ယူနိုင်သမျှ ကြံဖန်အားထုတ်ယူကြရန် လမ်းညွှန်ထားပေသည်။

ဒါန၊ သီလ၊ သမာဓိတို့ကား စရဏမျိုးဖြစ်၍ ပညာကား ဝိဇ္ဇာမျိုး

ဖြစ်၏။ ဝိဇ္ဇာသည် လူသတ္တဝါတို့၌ မျက်စိနှင့်တူ၏။ စရဏသည် ခြေလက်နှင့်တူ၏။ ဒါန၊ သီလ၊ သမာဓိဟူသော စရဏခြေလက်သာ ရှိ၍ ရုပ်နာမ်တရားတို့၌ ဉာဏ်ကျက်စားခြင်းဟူသော ဝိဇ္ဇာမျက်စိ မရှိသူတို့သည် စရဏတရား အားကောင်းလှသည့်အတွက် နောက်ဘုရားသာသနာနှင့်ကား တွေ့ကြုံခွင့်ရကြ၏။ သို့သော် ဝိဇ္ဇာမျိုးမရှိသည့်အတွက် ဘုရားတရားတော်ကို နာကြားရသော်လည်း မဂ်ပေါက် ဖိုလ်ဝင် မဖြစ်နိုင်ကြပေ။ ဝိဇ္ဇာမျက်စိသာရှိ၍ စရဏခြေလက် မရှိသူတို့ကား နောက်ဘုရားသာသနာနှင့် တွေ့ကြုံခွင့်ရလျှင် မဂ်ပေါက် ဖိုလ်ဝင် ဖြစ်နိုင်သော်လည်း စရဏခြေလက်မရှိသည့်အတွက် နောက်ဘုရားနှင့် တွေ့ရန်ကား အလွန်ခဲယဉ်းလှ၏။ ထို့ကြောင့် ဝိဇ္ဇာမျက်စိအပြင် ခြေလက်နှင့်တူသော ဒါန စရဏတရားကိုလည်း အားထုတ်ပြုလုပ်သင့်ကြသည်။

သို့ဖြစ်၍ ဘုရားလောင်းတို့သည် ဒါနကောင်းမှု မပြုဖြစ်အောင် ဟန့်တားပိတ်ဆို့တတ်သည့် ဒါနဝိနိဗန္ဓတရားလေးပါးနှင့် တွေ့ကြုံရစေကာမူ မှန်ကန်စွာ နှလုံးသွင်းဆင်ခြင်ခြင်း (ယောနိသော မနသိကာရ) တည်းဟူသော လက်နက်ဖြင့် တိုက်ဖျက်၍ ဒါနပါရမီကို အထမြောက်အောင် ဖြည့်ဆည်းလေ့ရှိကြသည်။

ပထမဝိနိဗန္ဓတရားမှာ ရှေးရှေးဘဝတို့၌ ဒါနမှုတွင် အလေ့အလာ မရှိခဲ့၍ လှူဒါန်းရန် တွန့်ဆုတ်နေခြင်းဖြစ်၏။ ထိုအခါ ဘုရားလောင်းတို့သည် "ငါသည် ဧကန် ရှေးရှေးဘဝတို့၌ ဒါနကောင်းမှုဘက်တွင် အလေ့အလာမပြုခဲ့သောကြောင့် လှူဒါန်းလိုစိတ်မပေါ်လာခြင်း ဖြစ်၏။ လှူဒါန်းမှု အလေ့အလာရမှ ငါ၏စိတ်သည် ဒါနမှု၌ မွေ့လျော်ပေမည်" ဟု ဆင်ခြင်ကာ ပေးလှူတော်မူ၏။

ဒုတိယဝိနိဗန္ဓတရားမှာ ကိုယ်ပိုင်ပစ္စည်းဝတ္ထု နည်းပါးနေခြင်းဖြစ်၏။ ထိုသို့ ကိုယ်ပိုင် လှူဖွယ်ဝတ္ထုနည်းနေသည့်အခါ "ငါသည် ရှေးက မလှူဒါန်းခဲ့သည့်အတွက် ပစ္စည်းဉစ္စာချို့တဲ့ရခြင်း (မလှူလို့

မရှိခြင်း)ဖြစ်သည်။ ထိုကြောင့် ငါသည် နည်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ရှိသမျှကို ပေးလှူမည်ဟု ဆင်ခြင်ကာ ရှိသမျှကို လွတ်လွတ်ကြည်ဖြူ ပေးလှူ၏။

တတိယတရားမှာ ပစ္စည်းဝတ္ထုက မလှူရက်နိုင်အောင် ကောင်းမွန်နေခြင်းဖြစ်၏။ ထိုအခါမျိုးတွင် "အို ဘုရားလောင်း – သင်သည် အလွန်မွန်မြတ်သည့် သဗ္ဗညုတဉာဏ်တော်ကြီးကို အလိုရှိသည်မဟုတ်လော၊ မွန်မြတ်သည့် ဉာဏ်တော်ကြီးကိုရရန် မွန်မြတ်သည့်လှူဖွယ်ဝတ္ထုကို ပေးလှူသင့်သည်မဟုတ်လော"ဟု ဆင်ခြင်ကာ အလွန်ကောင်းမွန်သည့် ပစ္စည်းစုကို ပေးလှူ၏။

စတုတ္ထတရားမှာ ပစ္စည်းများ လျော့ပါးကုန်ဆုံးသွားမည်ကို စိုးရိမ်ခြင်း ဖြစ်၏။ ထိုသို့ စိုးရိမ်မှုဖြစ်ပေါ်လာသည့်အခါ "ပျက်စီးကုန်ခန်းခြင်းသဘောကား ပစ္စည်းဥစ္စာတို့၏ ဓမ္မတာသဘောဖြစ်၏။ အမှန်ဆိုရလျှင် မကုန်ခန်းတတ်သည့် ဒါနမှုကို ရှေးက မပြုခဲ့၍ ယခုလိုစိတ်မျိုးပေါ်လာရခြင်းဖြစ်သည်"ဟု ဆင်ခြင်ကာ ရှိသမျှကို ပေးလှူ၏။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အဖို့ ဤဘုရားလောင်းတို့၏ ဆင်ခြင်နည်းတို့ကို နည်းယူလိုက်နာ၍ မလှူဖြစ်အောင် တားမြစ်တတ်သည့်အကြောင်းတရားများကို ဖယ်ရှားကာ ဒါနမှုကို ပြုနိုင်အောင် ဤနည်းများကို တင်ပြခြင်းဖြစ်၏။

အမှန်စင်စစ် ဘုရားရှင်လက်ထက်တော်က သောတာပန် အရိယာဖြစ်ပြီးကြသည့် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီးတို့သည်ပင် လှူဒါန်းသည့်အရာတွင် တေဒင်္ဂဘွဲ့ထူး ရသည်အထိ လှူဒါန်းခဲ့ကြသည်ကို သတိပြုသင့်ကြပေသည်။ ယခုဘဝ၌ ကိလေသာအာသဝေါကုန်ခန်းသည့် ရဟန္တာမဖြစ်နိုင်သေးလျှင် ဘဝသံသရာခရီးကြီးကို အနည်းနှင့်အများ သွားကြရမည်ဖြစ်၏။ ဒါနမပါဘဲ သံသရာခရီးသွားရလျှင် အရိယာမဖြစ်သေးပါက လူ့ဘဝ၊ နတ်ဘဝတို့ကိုရရန် ခက်၏။ ရပြန်လျှင်လည်း ပစ္စည်းဥစ္စာ စည်းစိမ် ရတနာတို့နှင့် ပြည့်စုံရန်

မလွယ်ကူလှချေ။ ထိုအခါ ကုသိုလ်တရားကို ပွားများအားထုတ်လိုသော်လည်း ပွားများအားထုတ်ခွင့်ကို လက်လွတ်ဆုံးရှုံးရမည်ဖြစ်၏။

သို့ဖြစ်၍ သံသရာခရီးသည်တို့အဖို့ ဒါနတရားကို အထူးအားထုတ်ရန် အရေးကြီးလှ၏။ ဒါနရိက္ခာပါရှိမှ သံသရာ၌ သုဂတိဘဝသို့ရောက်ခြင်း (ဘဝသမ္ပတ္တိ)၊ ထိုဘဝ၌ စည်းစိမ်ဥစ္စာရတနာတို့နှင့် ပြည့်စုံခြင်း(ဘောဂသမ္ပတ္တိ)ရှိ၍ အားထုတ်လိုသော ကောင်းမှုကုသိုလ်များကို အားထုတ်နိုင်မည်ဖြစ်၏။ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တို့ကို ကျင့်ခြင်းတူညီကြသော်လည်း သံသရာခရီးသွားရာ၌ ဒါနပြုသူနှင့် မပြုသူတို့ အလွန်ကွာခြားကြ၏။ ကွာခြားပုံကို ဘုရားဟောပါဠိ၊ အဋ္ဌကထာလာ မှတ်သားစရာ ဝတ္ထုကလေးတစ်ပုဒ် ထုတ်ဆိုပြပါဦးမည်။

## ဗုဒ္ဓမြတ်စွာနှင့် သုမနာမင်းသမီး

ကဿပဘုရားရှင် လက်ထက်တော်အခါက အလွန်ချစ်ကျွမ်းဝင်သော သူငယ်ချင်း ရဟန်းနှစ်ပါး ရှိခဲ့သည်။ ထိုနှစ်ပါးတွင် တစ်ပါးက သီလသိက္ခာကိုလည်း လုံခြုံစွာစောင့်ထိန်း၏။ ကမ္မဋ္ဌာန်းတရားကိုလည်း စီးဖြန်းအားထုတ်၏။ မိမိရရှိလာသည့် ဆွမ်း စသည်တို့ကိုလည်း အခြားရဟန်းတို့အား လှူဒါန်းပြီးမှ အကျန်ကို ဘုဉ်းပေးလေ့ရှိ၏။ ကျန်တစ်ပါးကမူ သီလသိက္ခာကို လုံခြုံစွာ စောင့်ထိန်း၍ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သော်လည်း ဒါနမှုကိုကား မပြုချေ။ ဒါနကို နေ့စဉ်ပြုလုပ်ခြင်းဖြင့် သာရဏီယကျင့်ဝတ်တရားကို ဖြည့်ကျင့်သည့် သူငယ်ချင်းရဟန်းတော်က ဒါနပြုရန် တိုက်တွန်းသော်လည်း မနာယူ၊ မိမိမျှတရုံလောက်သာ ဆွမ်းခံဘုဉ်းပေးသတဲ့။

ထိုရဟန်းတော်နှစ်ပါးတို့ စုတေကြသည့်အခါ နတ်ပြည်တွင် နတ်သားများ ဖြစ်ကြ၏။ သို့သော် ဆွမ်းအလှူဝတ် မပြတ်ပြုလုပ်ခဲ့သည့် ဒါနရှင် ရဟန်းတော် နတ်သားမှာ ဒါန၏ စွမ်းအားကြောင့် နတ်၌ဖြစ်

သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြွေအရံ ပေါများခြင်း၊ အစိုးရခြင်းဟူသော အရာဌာနငါးမျိုးတို့၌ ဒါနမပြုဘဲ နေခဲ့သော ရဟန်းတော် နတ်သားထက် သာလွန်၏။ ထိုရဟန်းတော် နတ်သားနှစ်ဦးတို့သည် ဘုရားနှစ်ဆူတို့၏ ကြားကာလတွင် လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ကြရပြီး ကျွန်ုပ်တို့ ဂေါတမဘုရားရှင် လက်ထက်တွင် လူ့ပြည်၌ ဖြစ်လာကြသည်။

ဒါနကို ဝတ်ထား၍ ပြုခဲ့သော ရဟန်းတော်မှာ သာဝတ္ထိပြည့်ရှင် ကောသလဘုရင်ကြီး၏ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေနေ၏။ ဒါန မပြုခဲ့သော ရဟန်းတော်မှာ ထိုမိဖုရားခေါင်ကြီး၏ အထိန်းတော် အမျိုးသမီးဝမ်း၌ ပဋိသန္ဓေနေ၏။ နှစ်ဦးလုံး တစ်နေ့တည်းမှာပင် မွေးဖွားလာခဲ့ကြ၏။ ဤနေရာ၌ ဒါနပြုမှု, မပြုမှုတို့ကြောင့် ဘုရင့် သားတော်လာဖြစ်ပုံနှင့် အထိန်းတော်သား လာဖြစ်ပုံအခြေအနေတို့ကို နှိုင်းယှဉ်ကြည့်နိုင်၏။ လူဖြစ်ချင်းတူကြသော်လည်း ဘုရင့်သားတော်က ပြဆိုခဲ့သော အရာဌာနငါးမျိုးတို့၌ အထိန်းတော်သားထက် ပိုလွန်၏။

ထိုမင်းသားကလေးနှင့် အထိန်းတော်သားကလေးတို့ကို နာမည် မှည့် မင်္ဂလာ (နာမကရဏမင်္ဂလာ)ပြုမည့်နေ့၌ ရေချိုးသန့်စင်ပြီး ကျက်သရေရှိသော တိုက်ခန်းထဲတွင် အတူသိပ်ထားကာ မိခင်နှစ်ဦးလုံး အပြင်ဘက်၌ ပူဇော်သက္ကာရမှုကို ပြုစီရင်နေကြသည်။ ဘုရင့်သား တော်မှာ ထီးဖြူကြီးမိုးထား၍ ကျောက်မျက်ရတနာတို့ဖြင့် တန်ဆာဆင် ထားသည့် ရတနာညောင်စောင်းထက်တွင် အိပ်ရသည်။ အထိန်းတော် သားမှာမူ ကြမ်းတမ်းသော အခင်း,ခင်းထားသည့် နိမ့်သောညောင် စောင်းကလေးတွင် အိပ်ရ၏။ မင်းသားကလေးသည် မျက်စိဖွင့်ကြည့် ရာ မိမိ၏ စည်းစိမ်ချမ်းသာကို တွေ့ရ၍ မင်းမျိုး၌ လာဖြစ်သည်ကို သိရသည့်အတွက် "အဘယ်ကောင်းမှုကံကြောင့် ဤစည်းစိမ်ချမ်းသာ ကို ရရှိသနည်း"ဟု ဆင်ခြင်ရာ ဒါနဝတ်ကို အမြဲပြုခဲ့သည့်အကျိုးဖြစ် ကြောင်း ပြန်သိသည်။

ထို့နောက် သူ၏သူငယ်ချင်းဖြစ်သည့်နေရာကို ဆက်လက်ဆင်ခြင်ရာ သူ၏အနီးက ဟောင်းနွမ်းကြမ်းတမ်းသည့် ညောင်စောင်းနိမ့်ကလေးတွင် အိပ်နေသည်ကို တွေ့သွား၏။ ထိုအခါ မင်းသားကလေးက "မင်းကို ဟို ရဟန်းဘဝတုန်းက ဒါနအလှူကိုလည်း တတ်နိုင်သလောက်ပြုပါလို့ ငါပြောခဲ့ တယ်မဟုတ်လား။ မင်း နားမထောင်ခဲ့ဘူး။ ခုတော့ ကြည့်လေ မင်းနဲ့ငါ ဘယ်လောက်ကွာနေပြီလဲ။ ငါက မင်းသား၊ မင်းက အထိန်းတော်သား။ ငါ့အသုံးအဆောင်တွေ ကြည့်ပါဦး။ အားလုံး ရတနာတွေနဲ့ တန်ဆာဆင်ထားတဲ့ ညောင်စောင်းအမြင့်ကြီးကို ထီးဖြူကြီးက မိုးအုပ်ထားတယ်။ မင်းမှာတော့ ကြမ်းတမ်းတဲ့အခင်းနဲ့ ဟောင်းနွမ်းနေတဲ့ ညောင်စောင်းနိမ့်ကလေးမှာ အိပ်နေရတယ်"ဟု ပီပီသသ အသံထွက်၍ ပြောလိုက်သတဲ့။

ထိုအသံကို တစ်ဖက်ခန်းတွင်ရှိနေသည့် သုမနမင်းသမီးကလေးကြားရသည့်အခါ ကလေးများရှိရာ အခန်းအနီးသို့သွားကာ တံခါးမှာမှီရပ်ပြီး အကဲခတ်နေစဉ် "ဒါပေမယ့်ကွာ–မထူးပါဘူး၊ အတူတူပါပဲ၊ မင်းရဲ့ အသုံးအဆောင်၊ ငါ့ရဲ့အသုံးအဆောင် နှစ်မျိုးလုံးဟာ ပထဝီဓာတ်တွေချည်းပါပဲ"ဟု အထိန်းတော်သားကလေးက ပြန်လည်ချေပ၏။ မင်းသမီးကလေးသည် ဇာတိဿရဉာဏ်ရှင် ကလေးနှစ်ဦးတို့၏ ထူးထူးခြားခြား စကားပြောသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည့်အခါ လွန်စွာအံ့သြသွား၏။ အရွယ်မှာလည်း စကားပြောနိုင်သည့်အရွယ်မဟုတ်သေး၊ တစ်ဦးနှင့်တစ်ဦး အချီအချ ပြောကြသည်ကိုလည်း ကိုယ်တိုင်ကြားရ၏။ မင်းသမီးကလေးမှာ သောတာပန်အရိယာမလေး ဖြစ်သည့်အလျောက် ထိုအကြောင်းကို အခြားသူများအား မပြောကြားဘဲ အခြွေအရံ မင်းသမီးငါးရာတို့ ခြံရံကာ ရထားငါးရာတို့ဖြင့် ဘုရားရှင်ထံမှောက်သို့ သွားရောက်ကာ ကလေးများအကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း ကလေးများ၏ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း

ဟောကြား တော်မူသည်။

တရားတော်ကို နာကြားရသောအခါ သုမနမင်းသမီးကလေးက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သဒ္ဓါ၊ သီလ၊ ပညာ အချင်းချင်း တူညီကြသည် ဘုရားရှင်၏ တပည့်ရဟန်းနှစ်ပါးတို့တွင် တစ်ပါးက ဒါနမှုကိုမပြု၊ တစ်ပါးက ဒါနမှုကိုပြု၏။ ထိုရဟန်းနှစ်ပါးတို့ စုတေ၍ နတ်ဘုံ လူ့ဘုံတို့၌ ဖြစ်ကြလျှင် အကျိုးပေး ထူးကြပါသလား ဘုရား" ဟု လျှောက်ထား၏။

ဘုရားရှင်က–"ထူးကြတယ် သုမန၊ အလှူဒါနပြုတဲ့ ရဟန်းက အလှူဒါနမပြုတဲ့ ရဟန်းထက် ပို၍ အသက်ရှည်တယ်၊ ပို၍ အဆင်းလှတယ်၊ ပို၍ ချမ်းသာတယ်၊ ပို၍ အခြံအရံပေါများတယ်၊ ပို၍ တန်ခိုးကြီးတယ်" ဟု ဟောတော်မူရာ "အကယ်၍ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ ရဟန်းပြုကြလျှင် ရဟန်းဘဝမှာလည်း အကျိုးပေး ကွာခြားကြပါသေးသလား ဘုရား" ဟု သုမနမင်းသမီးကလေးက ဆက်လက်လျှောက်ထား၏။

ဘုရားရှင်က–"ကွာခြားကြသေးတယ် သုမန၊ ဒါနပြုတဲ့ရဟန်းက ဒါနမပြုတဲ့ရဟန်းထက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပို၍ ပေါများပြည့်စုံတယ်။ ဒါနရှင် ရဟန်းကို အတူနေ သီတင်းသုံးဖော်တို့က နှစ်သက်ဖွယ်ရာ ကိုယ် နှုတ် စိတ် အမှုအရာတွေနဲ့ ပေါင်းသင်းဆက်ဆံကြတယ်။ ဒီငါးမျိုးလုံးမှာ ဒါနရှင်ရဟန်းက ဒါနမပြုခဲ့တဲ့ရဟန်းထက် ပိုလွန်တယ်။ ဒါပေမဲ့ နှစ်ပါးလုံး ရဟန္တာဖြစ်သွားကြလျှင်တော့ တစ်ဦးနဲ့တစ်ဦး ဒါနကို အကြောင်းပြုပြီး မထူးခြားကြတော့ဘူး။ ချစ်သမီး သုမန–အလှူဒါနကို ပေးလှူသင့်၏။ ဒါနကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သင့်၏။ ဒါနကုသိုလ်တို့သည် နတ်ဖြစ်သောသူအားလည်းကောင်း၊ လူဖြစ်သောသူအားလည်းကောင်း၊ ရဟန်းဖြစ်သောသူအားလည်းကောင်း ကျေးဇူးများလှကုန်၏" ဟု ပဥ္စက အင်္ဂုတ္တိုရ်ပါဠိတော် သုမနသုတ်၌ ဟောကြားတော်မူထားသည်ကို လေ့လာတွေ့ရှိရ၏။

ဤဘုရားဟော သုတ္တန်ဒေသနာတော်အရ ရဟန္တာမဖြစ်သေးသူ ပုဂ္ဂိုလ်ဟူသမျှ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ကို့ကိုသာ ပြုရမည် မဟုတ်၊ ဒါနကောင်းမှုကိုလည်း အလေးထား၍ ပြုသင့်ကြောင်း ထင်ရှားသိသာလှပေသည်။

## ဗုဒ္ဓနည်းကျကျ ဒါနပြုပါ

ဤအခန်း၌ ဒါနအကြောင်းကို မကျဉ်းမကျယ် ကျမ်းဂန်လာ ပြုနည်းအသွယ်သွယ်တို့ဖြင့် တန်ဆာဆင်ကာ တင်ပြခဲ့ပေပြီ။ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများအားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်များပင် အခါအားလျော်စွာ ဒါနမှုကို ပြုသင့်ကြ၏။ "ဒါနကို ပြုလုပ်နေစရာ မလို"ဟု ယူဆပြောဆိုလျှင် ဒါနကုသိုလ်ကို တားမြစ်ရာရောက်၍ ပုညန္တရာယ်ဖြစ်တတ်သည့်အပြင် "နတ္ထိ ဒိန္နံ (ပေးလှူခြင်းသည် အကျိုး မရှိ)"စသည့် "နတ္ထိကမိစ္ဆာဒိဋ္ဌိ" အယူကြီးနှင့် နီးကပ်နေသဖြင့် သတိ ကြီးစွာထားသင့်၏။ ဒါနကုသိုလ်ရှင်မှသာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ နှစ်မျိုးသော အကျိုးကိုရရှိပြီး ဝိပဿနာတရားကို ပါရမီမျိုးစေ့ အလျောက် ပေါက်မြောက်စွာ အားထုတ်ခွင့်ရရှိနိုင်သောကြောင့် ဒါန မှုကို လက်မလွတ်တမ်း ပြုလုပ်ရမည်ဖြစ်၏။ ဒါနမှုကို ပြုကြသည့် အခါ အမှတ်တမဲ့ ပေါ့ပေါ့ဆဆ မပြုလုပ်ကြဘဲ အကျိုးကြီးမားသည့် ဒါနကုသိုလ်မျိုးဖြစ်အောင် တင်ပြထားသည့်နည်းများနှင့်အညီ ဗုဒ္ဓနည်း ကျကျ ပြုလုပ်သင့်ကြပေသည်။

## မှတ်သားဖွယ်ရာ ဒါန နှစ်ဖြာ

ဤနေရာ၌ 'ဗုဒ္ဓနည်းကျ ဒါနပြုနည်းများ'အကြောင်းကို မှတ်သား ဖွယ်ရာ ဒါနနှစ်ဖြာတို့ဖြင့် နိဂုံးချုပ်ပါမည်။ ထိုဒါနနှစ်ဖြာမှာ (၁) ပဥ္စဂ္ဂဒါယကပုဏ္ဏားကြီး၏ စားကြွင်းဒါနနှင့် (၂) တောရဘုန်းတော် ကြီး ဦးသီလ၏ ဆင်းရဲသား ဒါနတို့ ဖြစ်ပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က "ပဥ္စဂ္ဂဒါယက" မည်သော ပုဏ္ဏားကြီးတစ်ဦးရှိသည်။ ထိုပုဏ္ဏားကြီးသည် လယ်လုပ်သားကြီးတစ်ဦးဖြစ်၍ ကောက်ဦးငါးကြိမ် ပေးလှူလေ့ရှိ၏။ ရောက်လာသည့်အလှူခံတို့အား မပေးမလှူဘဲ စားလေ့မရှိပါချေ။ ထို့ကြောင့် သူ့အား "ပဥ္စဂ္ဂဒါယက"ဟု အများက ခေါ်ကြခြင်းဖြစ်သည်။ (ပဥ္စ= ငါးမျိုး+အဂ္ဂ=အဦးအဖျား+ဒါယက= ပေးလှူသူ)

တစ်နေ့တွင် ဘုရားရှင်သည် ထိုပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ်တည်မည့် အကြောင်းကို မြင်တော်မူသဖြင့် ထမင်းစားချိန်တွင် ကြွသွားတော်မူ၍ တံခါးဝတွင် ဆွမ်းရပ်တော်မူ၏။ ပုဏ္ဏားကြီးကား အိမ်အတွင်းဘက်သို့ မျက်နှာမူကာ ထမင်းစားနေ၍ ဘုရားရှင်ကို မမြင်ချေ။ သူ့အားပြုစုနေသူ ပုဏ္ဏေးမကြီးကသာ မြင်၍ ပုဏ္ဏားကြီး ဘုရားရှင်ကို မြင်သွား၍ ဆွမ်းလှူလိုက်လျှင် သူပြန်ချက်နေရမည်စိုးသောကြောင့် ဘုရားရှင်ဘက်ကို ကျောပေးပြီး ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်အောင် ကွယ်ကာ ရပ်နေလိုက်၏။ ထို့နောက် မြတ်စွာဘုရား ကြွသွား၊ မသွားကို မျက်လုံးတစ်ဖက်ဖြင့် ဘေးသို့ စောင်းငဲ့ကြည့်လိုက်၏။ ရပ်မြဲရပ်နေသည့် ဘုရားရှင်ကို မြင်သည့်အခါ ပုဏ္ဏားကြီး မကြားအောင် "ကန်တော့ဆွမ်းပါ"ဟု တိုးတိုးကလေး လျှောက်လိုက်၏။

ထိုအခါ ဘုရားရှင်က ငါကြွသွားမည်မဟုတ်ဟူသော သဘောဖြင့် ဦးခေါင်းတော်ကို လှုပ်ရမ်းခါပြလိုက်၏။ လူအများတို့၏ လေးစားကော်ရော်မှုကို ခံယူနေသည့် ဘုရားရှင်က မလှုပ်စဖူး ဦးခေါင်းတော်ကို လှုပ်ရမ်းခါပြ တော်မူသည်ကို မြင်လိုက်ရသည့်အခါ ပုဏ္ဏေးမကြီးမှာ မအောင့်အည်းနိုင်ဘဲ ပြင်းစွာရယ်မောလိုက်မိ၏။ ဘုရားရှင်ကလည်း အိမ်ထဲသို့ ဦးတည်၍ ရောင်ခြည်တော်ကို လွှတ်လိုက်၏။ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီး၏ ရယ်မောသံနှင့် ဘုရားရှင်၏ ရောင်ခြည်တော်တို့ကြောင့် ဘုရားရှင်ကို တွေ့မြင်သွား၏။ "ရှင်မ–သင်တော့ ပျက်စီးပြီ၊ သာကီဝင်မင်းသား မြတ်စွာဘုရား တံခါးဝမှာ ရပ်နေသည်ကို

မြင်လျက် ငါ့အား မပြောကြားသည့်အတွက် သင်သည် ဝန်လေးသည့်အမှုကိုပြုတာပဲ”ဟု ပြောပြောဆိုဆို တစ်ဝက်စားပြီးသော ထမင်းခွက်ကို ယူကာ ဘုရားရှိရာသို့ ထွက်လာခဲ့၏။

“အရှင်ဂေါတမ တပည့်တော်သည် ငါးပါးသောအရာတို့၌ အဦးကို ပေးလှူပြီးမှသာ စားလေ့ရှိပါသည်။ ဤထမင်းကိုလည်း အလယ်မှ နှစ်ပုံ,ပုံကာ တစ်ပုံကို တပည့်တော်စားပြီး၍ တစ်ပုံ ကြွင်းကျန်ပါသေးသည်။ ဤထမင်းကျန်ကို အရှင်ဘုရား အလှူခံပါမည်လော”ဟု ပုဏ္ဏားကြီးက လျှောက်လိုက်၏။ ဘုရားရှင်က “သင့်စားကြွင်းထမင်းကို ငါဘုရား အလိုမရှိ”ဟု မိန့်ကြားတော်မမူဘဲ “ပုဏ္ဏားကြီး စားဦးစားဖျားဖြစ်စေ၊ စားလယ်ဖြစ်စေ၊ နောက်ဆုံး စားကြွင်းဖြစ်စေ ငါတို့အား လျှောက်ပတ်ပါတယ် (ငါတို့ အလှူခံပါတယ်)။ ငါကို့ကား သူတစ်ပါးတို့ ပေးစာကမ်းစာတွေကို မှီပြီး အသက်မွေးရတဲ့ ပြိတ္တာတွေနဲ့ တူပါတယ်”ဟု မိန့်ကြားတော်မူ၏။

ထိုမိန့်ဆိုချက်ကို ကြားသည်နှင့်တစ်ပြိုင်နက် “သြော်... အံ့ဖွယ်ကောင်းလေစွ၊ တစ်ကျွန်းလုံး အရှင်ဖြစ်ထိုက်သည့် မင်းသားဖြစ်လျက် သင့်စားကြွင်းကို ငါအလိုမရှိဟု မပြောဆို”ဟု ဘုရားရှင်အပေါ် အလွန်ကြည်ညိုသွားပြီး တံခါးဝမှာပင်ရပ်ကာ ဘုရားရှင်၏ တပည့်သာဝကတို့အား ဘိက္ခုခေါ်ရသည့်အကြောင်း မေးမြန်းလျှောက်ထားရာ ဘုရားရှင်၏ ရှင်းလင်းဟောကြားတော်မူသည့် တရားအဆုံး၌ ပုဏ္ဏားကြီးဇနီးမောင်နှံနှစ်ဦးလုံး အနာဂါမ်တည်သွားကြသည်ဟု ဓမ္မပဒပါဠိ၊ အဋ္ဌကထာ၌ လာရှိ၏။

ဤဝတ္ထုအရ ဒါနအရာ၌ စားဦးစားဖျားကိုသာမဟုတ်၊ စားသုံးဆဲအခါ၌ဖြစ်စေ၊ စားပြီး အကြွင်းအကျန်ကိုဖြစ်စေ လှူဒါန်းကောင်းသည်ဟု ဘုရားဟောထားကြောင်း သိရှိနိုင်ပေသည်။ ဝတ္ထုပစ္စည်းအယုတ်အလတ် အမြတ်ကား ပဓာနမဟုတ်၊ စေတနာ သန့်ရှင်းထက်သန်မှုသာ လိုရင်းဖြစ်သည်။ သို့သော် ပုထုဇဉ် သတ္တဝါတို့မှာ ဝတ္ထု

ပစ္စည်းကိုလိုက်ပြီ စေတနာအားကောင်းမှု၊ အာနည်းမှု ဖြစ်တတ်သော ကြောင့် အဦ.အဖျားကို လှူဒါန်းရန် အဆင်မပြေလျှင် စာဆဲ စားကြွင်း များကိုလည်း လှူဒါန်းနိုင်ကြောင်း သိထားရန် တင်ပြခြင်း ဖြစ်ပါသည်။

တောရဘုန်းတော်ကြီး ဦးသီလ၏ ဆင်းရဲသားဒါနအကြောင်းကို လည်း ဗုဒ္ဓဘာသာဝင်တို့ သိထားသင့်သဖြင့် ဆက်လက်ပြဆိုပါဦးမည်။ ၁၂၆၇ ခုနှစ်၊ ပြာသိုလတွင် တောရဘုန်းတော်ကြီး ဦးသီလသည် ရွှေကျင်မြို့ တောင်ဘက်ရှိ တံခွန်တိုင်ကျောင်းသို့ သိမ်သမုတ်ရန် ကြွလာသည်။ ထိုအခါ တောင်ပေါ်မှ ကရင်ငါးယောက် လာရောက်ကြ ပြီး ဘုန်းတော်ကြီးအား သစ်သီးဝလံများ လှူဒါန်းကြသတဲ့။

ဘုန်းတော်ကြီးက "တောင်ပေါ်မှာ မင်းတို့ကရင်အမျိုးသားတွေ ချမ်းသာသူ ပေါ်သလား"ဟု မေး၏။ မပေါ်ပါဘုရားဟု ပြန်လျှောက် ထားကြသည့်အခါ "ရေမိုးများရော ပေါသလား"ဟု ထပ်မေးရာ "ပေါပါတယ်ဘုရား"ဟု ပြန်လျှောက်ထားကြ၏။ ထိုအခါ ဘုန်းတော် ကြီးက "ရေပေါလျှင် ဆင်းရဲတဲ့လူတွေ ကုသိုလ်ရအောင် ရေများကို သန့်သန့်ခပ်ပြီး ဘုရားလှူ၊ ပန်းပွင့်မရတဲ့အခါ သစ်ညွန့်ကလေးများ လှူကြ၊ ဖယောင်းတိုင် မဝယ်နိုင်တဲ့အခါ ကောက်ရိုးမီးထည့်ပြီး ဘုရား ကိုပူဇော်ကြ"ဟု ဆင်းရဲသားတို့ ကုသိုလ်ဒါနဖြစ်အောင် ပန်း၊ ရေချမ်း၊ ဆီမီးပူဇော်နည်းတို့ကို နည်းပေးလမ်းညွှန်တော်မူသည်။ တောင်ပေါ် သား ဗုဒ္ဓဘာသာကရင်များမှာ "ဤတရားမျိုးကို တစ်ခါမျှ မကြားရ စဖူး"ဆိုကာ အလွန်နှစ်သက်ဝမ်းမြောက်ကြသည်ဟု ဦးသီလဇိမာန် တော်သမိုင်း၌ ဖတ်ရှုရပေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များမှာ သဒ္ဓါစေတနာ ရှိရုံမျှနှင့် ဒါန ကုသိုလ်ဖြစ်ရန် မလုံလောက်သေး။ ဤကဲ့သို့လှူလျှင် ဒါနကုသိုလ် ဖြစ်သည်ဟု ဒါနကုသိုလ်ပြုနည်းကိုလည်း ကျမ်းဂန်လာသည့်အတိုင်း သိရှိနားလည်ထားဖို့ လိုပေသေး၏။ သို့မှသာ ဒါနကုသိုလ်လည်း ဖြစ် လွယ်၏။ အကျိုးကြီးသော ဒါနကုသိုလ်မျိုးလည်းဖြစ်၏။ အယုတ်ဆုံး

အားဖြင့် ရှေ့ပိုင်းတွင် တင်ပြခဲ့သည့် ဝစ္စဂေါတ္တပရိဗိုဇ်အာ ဘုရားကိုယ်တိုင် ဟောကြားချက်အတိုင်း အိုးဆေးရည်၊ ပန်းကန်ခွက်ယောက်ဆေးရည် (လုတ်ကျင်းရေ)တို့ကို စွန့်ပစ်သည့်အခါ၌ပင် အမှတ်တမဲ့မစွန့်ပစ်ကြဘဲ "ဒီဆေးရေ လုတ်ကျင်းရေတို့၌ပါသည့် အစာ အာဟာရတွေကို တွေ့ရှိတဲ့ သတ္တဝါတွေ စားသောက်ကြပါစေ၊ မျှတကြပါစေ" ဟူသော စေတနာဖြင့် လှူဒါန်းနိုင်ပါက ဒါနကုသိုလ်ဖြစ်သည်ဟု သိရှိနားလည်ထားရန် လိုပေသည်။

နောက်ဆုံးသတိပေးလိုသည်မှာ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် အများစုသည် ဒါနပြုရန် အမှတ်မထင် ရောင်တခင်ပေါ်လာသည့်အခါ ဂုဏ်ပကာသနဘက်သို့သာ ဦးတည်ပြီး အကျိုးကြီးသော ဒါနပြုနည်းကို လျစ်လျူရှုကာ ပေါ့ပေါ့ဆဆ ပြုလေ့ရှိကြသည်။ ထို့ကြောင့် လှူဒါန်းသလောက် လှူရကျိုးမနပ်ဘဲ ပေါ့တန်သောအကျိုးမျှကိုသာ ရကြမည်ဖြစ်သည်။ ဥပမာ–ကျောင်းဆောက်ရန် ဓမ္မာရုံဆောက်ရန် ကထိန်၌လှူရန် စာပြန်ပွဲ ကျင်းပရန် ဆန်လှူအသင်းများအတွက် ဆန်လှူရန် အလှူလာခံသည့်အခါမျိုး၊ ဆေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်း စသည်တို့ကို သက်ဆိုင်ရာဌာနသို့ သွားရောက်ပြီး သိန်းပေါင်း ရာနှင့်ချီပြီး လှူဒါန်းသည့်အခါမျိုးတို့၌ လှူဒါန်းနည်းမျိုးကဲ့သို့ ဖြစ်ပါသည်။ ထိုအခါမျိုးတို့၌ ပြီးစလွယ် လှူဒါန်းနေကြသည်ကို တွေ့နေရသည်။

ထိုအခါမျိုးတို့၌ "ဤဒါန ကုသိုလ်ကံသည် အကျွန်ုပ်နောက်သို့ အရိပ်ပမာ လိုက်ပါကာ တစ်ချိန်ချိန်တွင် အကျိုး ပေးမည်ဟု ယုံကြည်သိမြင်သော ကမ္မဿကတာဉာဏ်ဖြင့် ယှဉ်၍ (ဓမ္မာရုံဆောက်ရန်အတွက်) အလှူငွေ ၅၀၀၀ိ ကို လှူဒါန်းပါတယ်။ ဣဒံ မေ ဒါနံ နိဗ္ဗာနဿ ပစ္စယော ဟောတု အကျွန်ုပ်၏ ဤဒါနကုသိုလ်သည် နိဗ္ဗာန်ရောက်ရန် အကြောင်းအထောက်အပံ့ဖြစ်ပါစေ၊ ဤကုသိုလ်၏ အဖို့ကို သတ္တဝါအားလုံးတို့အား အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ ယူကြပါ"ဟု တိုးတိုးဆိုပြီး လှူဒါန်းနိုင်လျှင် ဝမ်းမြောက်ဝမ်းသာ

ပိုဖြစ်ပြီး စေတနာများ ပိုတိုးပွားလာနိုင်ပါ၏။ ဉာဏ်နှင့်ယှဉ်လှူသည့်အတွက် အကျိုးကြီးကြီးပေးနိုင်သည့် တိဟိတ်ဒါနကုသိုလ်လည်းဖြစ်သွား၏။ နိဗ္ဗာန်ရည်မှန်းလှူ၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည့် ဝိဝဋ္ဋကုသိုလ်လည်း ဖြစ်သွား၏။ အမျှပေးဝေသည့်အတွက် ပတ္တိဒါနကုသိုလ်လည်း ရသွား၏။ ဤကဲ့သို့ ဒါနကုသိုလ် ပြုကြရာ၌ လှူရကျိုးနပ်အောင် အမှတ်တမဲ့မလှူဘဲ အကျိုးကြီးမားသော ကုသိုလ်များဖြစ်ရန် ဗုဒ္ဓနည်းကျကျ လှူဒါန်းတတ်ကြဖို့ ဗုဒ္ဓဘာသာဝင်တိုင်း သတိထားသင့်ကြပေသည်။

# ၄။ သီလခန်း

(ဒါန နှင့် သီလ)

ဗုဒ္ဓရှင်တော်မြတ်ဘုရား တရားဟောကြားတော်မူရာ၌ တရားဟောစဉ်အတိုင်း ဟောကြားတော်မူလေ့ရှိ၏။ ထိုတရားဟောစဉ်ကို ပါဠိလို "အနုပုဗ္ဗိကထာ"ဟု ခေါ်၏။ ပထမဆုံး ဒါနနှင့်စပ်သောတရားစကား (ဒါနကထာ)ကို ဟောကြား၏။ ဒါနကထာအပြီးတွင် သီလနှင့်စပ်သော တရားစကား(သီလ ကထာ)ကို ဟောကြား၏။ သီလကထာအပြီးတွင် နတ်ရွာသုဂတိနှင့်စပ်သော တရားစကား(သဂ္ဂကထာ)ကို ဟောကြား၏။ သဂ္ဂကထာအပြီးတွင် ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြသော တရားစကား (ကာမာနံ အာဒီနဝကထာ)နှင့် တောထွက်ခြင်း၌ အကျိုးကို ဖော်ပြသော တရားစကား (နေက္ခမ္မေ အာနိသံသကထာ) တို့ကို ဟောကြားတော်မူ၏။ ဤတရားစကား(ကထာ)နှစ်မျိုးကို မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း ကျင့်စဉ်နှင့်စပ်သော တရားစကား(မဂ္ဂကထာ)ဟု ခေါ်သည်။ ထိုမဂ္ဂကထာအပြီးတွင် သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာတော်ကို နိဂုံးချုပ် ဟောကြားတော်မူလေ့ ရှိပါသည်။

ဗုဒ္ဓမြတ်စွာသည် ဒါနကထာကို ဟောပြီးမှ သီလကထာကို ဟောကြားတော်မူရာ၌ အကြောင်းရှိပါသည်။ သူတစ်ပါးတို့အား ပေးကမ်း

လှူဒါန်သည့် ဒါနကျင့်စဉ်တရားကား သတ္တဝါများ၏ အကျိုးစီးပွားနှင့် သတ္တဝါများ ၏ ချမ်းသာရေးကို တကယ်လက်တွေ့ကျကျ အားပေးဆောင်ရွက်သည့် ကျင့်စဉ်တရားမျိုးဖြစ်၏။ ဒါနကျင့်စဉ်ကို ကျင့်သူသည် သတ္တဝါများ ၏ ချမ်းသာရေးကို တကယ်လိုလားသူ ဖြစ်သည့်အတွက် သူများအသက်သတ်ဖို့၊ သူများပစ္စည်းဥစ္စာကို ခိုးယူဖို့ အလွန်ခဲယဉ်းလှ၏။ ထို့ကြောင့် ဒါနကထာကို ဟောပြီးသည့်အခါ သီလကထာကို ဆက်လက်ဟောကြားတော်မူခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရသော် ဒါနကျင့်စဉ်၌ ကိုယ် နှုတ် နှစ်ပါးတို့ကို ထိန်းသိမ်းစောင့်စည်းမှု မပြုရဘဲ လှူဒါန်းပေးကမ်းလိုသည့် စေတနာရှိလျှင် မိမိမှာရှိသည့် ပစ္စည်းကလေးကို အလှူခံပုဂ္ဂိုလ်ထံ ပေးကမ်းလိုက်ရုံမျှဖြင့် ဒါနကျင့်စဉ် ဖြစ်နိုင်၍ မကောင်းမှု မဖြစ်ပွားရအောင် ကိုယ်နှုတ်နှစ်ပါးတို့ကို သတိထား ထိန်းသိမ်းစောင့်စည်းရသည့် သီလကျင့်စဉ်ထက် ပိုမိုလွယ်ကူသည့်အတွက် ဒါနကျင့်စဉ်ကို ရှေးဦးစွာ ဟောကြားခြင်းဖြစ်သည်။

ဤသည်ကို ရည်ရွယ်၍ "ဒါနမှုကို ပြုသောသူသည် သီလကို ဆောက်တည်ရန် စွမ်းနိုင်သောကြောင့် ဒါနကထာ ဟောကြားအပြီးတွင် သီလကထာကို ဟောကြားတော်မူခြင်းဖြစ်သည်"ဟု သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်၌ မိန့်ဆိုထားခြင်းဖြစ်သည်။ ဤသို့ ဟောကြားတော်မူသည့်အတွက် ဒါနပြုပြီးမှ သီလဆောက်တည်ရမည်ဟု မဆိုလိုပေ။ သီလဆောက်တည်ပြီးမှ ဒါနပြုလျှင် ပိုပြီး အကျိုးပေးကြီးကျယ်ကြောင်းကို ဒါနအခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

## သီလဆိုသည်မှာ

"သီလ"သည် ပါဠိဝေါဟာရဖြစ်၏။ မြန်မာလို ကောင်းစွာထားခြင်း၊ ကောင်းစွာဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ရ၏။ ထိုတွင် ကောင်းစွာထားခြင်း ဆိုသည်မှာ ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကံ)၊ နှုတ်ဖြင့်ပြောဆိုမှု

(ဝစီကံ)တို့၌ မရှန့်ရင် မကြမ်းတမ်း ရအောင် (ဝါ) အကုသိုလ်မဖြစ် ရအောင် ကိုယ်နှင့်နှုတ်တို့ကို ကောင်း စွာထိန်း သိမ်းထား ခြင်း ဖြစ်၏။

ဥတ္တိယ – ဥတ္တိယရဟန်း၊ တသ္မာ – တရားအား ထုတ်လိုပါသည်၊ အကျဉ်းဟောကြားတော်မူပါဟု ထိုသို့ သင်တောင်းပန်သောကြောင့်၊ တွံ–သင်သည်၊ ကုသလေသုဓမ္မေသု–ကုသိုလ်တရားတို့၌၊ အာဒိမေဝ– အစကိုသာလျှင်၊ ဝိသောဓေဟိ–သုတ်သင်လေဦး၊ ကုသလာနံ–ကုသိုလ် တရားတို့၏၊ အာဒိ–အစကား၊ ကော–အဘယ်ပါနည်း၊ သုဝိသုဒ္ဓံ– ကောင်းစွာစင်ကြယ်သော၊ သီလဉ္စ–သီလသည်လည်းကောင်း၊ ဥဇုကာ –ဖြောင့်မတ်သော၊ ဒိဋ္ဌိ စ–ကံနှင့် ကံ၏အကျိုးရှိသည်ဟု ယုံကြည် သောအယူသည်လည်းကောင်း၊ အာဒိ–ကုသိုလ်တရားတို့၏ အစပေ တည်းဟု သတိပဋ္ဌာနသံယုတ်ပါဠိတော်လာသည့်အတိုင်း သီလကား ကုသိုလ်တရားတို့ ဖြစ်ပွားရန် အစတရားဖြစ်၏။

မှန်၏။ ကုသိုလ်တရားမှန်သမျှ သီလနှင့်ကင်း၍ ကောင်းစွာမဖြစ် နိုင်၊ သီလရှိသူတို့သန္တာန်မှာသာ ကုသိုလ်တရားများ အဆင့်ဆင့်ဖြစ် ပွားနိုင်၏။ အယုတ်ဆုံးအားဖြင့် သီလ၌တည်၍ ပေးကမ်းလှူဒါန်းသည့် ဒါနသည် ပို၍အကျိုးကြီးမား၏။ ထို့ကြောင့် ကောင်းစွာဆောင်ရွက် ခြင်း ဆိုသည်မှာ အဆင့်ဆင့်ဖြစ်ပွားအောင် အခြေခံအကြောင်း ရင်း အဖြစ်ဖြင့် ဆောင်ရွက်ပေးတတ်သည့်သဘော ဖြစ်သည်။

ဤကဲ့သို့ အကုသိုလ်တရား မဖြစ်ပွားရအောင် ကိုယ် နှုတ် နှစ်ပါး ကို ကောင်းစွာထားတတ်သောကြောင့်လည်း ကောင်း၊ ကုသိုလ်တရား များ အဆင့်ဆင့်ဖြစ်ပွားအောင် အခြေခံအကြောင်းရင်း အဖြစ်ဖြင့် ကောင်းစွာဆောင်ရွက်ပေးတတ်သောကြောင့်လည်းကောင်း "သီလ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

**လင်္ကာ**။ (၁) ကိုယ် နှုတ် နှစ်ပါး၊ ကောင်းစွာထား၊ မှတ်သာ မြတ် သီလ။

(၂) ထိုထိုကုသိုလ်၊ ဆောင်ရွက်ပို၊ ခေါ်ဆိုမြတ်သီလ။

## စေတနာသီလနှင့် ဝိရတီသီလ

သီလဟုခေါ်ဆိုခြင်းကာ သမုတိပညတ်ဖြစ်၏။ သီလမည်သော တရားများကား စေတနာ စေတသိက်၊ ဝိရတိ စေတသိက် စသော ပရမတ္ထတရားများ ဖြစ်၏။ သီလတွင် စေတနာသည် အချက်အချာ ပဓာနဖြစ်၏။ စေတနာကား စိတ်ဖြစ်သည့်အခါတိုင်း ပါရသော စေတသိက်တရားမျိုးဖြစ်ရာ သီလနှင့်ဆိုင်သည့် စိတ်ဖြစ်ရာတွင် ပါဝင်သည့် စေတနာမျိုးတို့ကိုသာ သီလဟုခေါ်ရသည်။ ထို့ကြောင့် စေတနာသီလဆိုသည်မှာ ကိုယ်ဖြင့် မကောင်းကျင့်မှု (ကာယဒုစရိုက်)၊ နှုတ်ဖြင့် မကောင်းကျင့်မှု (ဝစီဒုစရိုက်)တို့မှ ရှောင်ကြဉ်သော သူ၏ သန္တာန်မှာ ဖြစ်သည့် စေတနာများနှင့် မိမိတို့ဆိုင်ရာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်ဖြည့်ကျင့်သူ၏ သန္တာန်၌ဖြစ်သော စေတနာတရား များ ဖြစ်သည်။

သီလသည် မကောင်းကျင့်မှု(ဒုစရိုက်)၊ မကောင်းသဖြင့် အသက်မွေး မှု (ဒုရာဇီဝ)တို့နှင့် ဆက်စပ်နေသဖြင့် ဒုစရိုက်၊ ဒုရာဇီဝတရားများကိုလည်း သိထားဖို့လိုပါ၏။ "သက်သတ်၊ ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ"ဆိုသည့်အတိုင်း (၁) သူ့အသက်ကိုသတ်ခြင်း (ပါဏာတိပါတ)၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်း (အဒိန္နာဒါန)၊ (၃) မိမိမပိုင်သော ဝတ္ထု ကာမတို့၌ ဖောက်ပြန် မှားယွင်းစွာကျင့်ခြင်း (ကာမေသုမိစ္ဆာစာရ)ဆိုသည့် သုံးပါးကို "အကုသိုလ် ကာယကံသုံးပါး"ဟု ခေါ်၏။

"မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချင်း၊ လေးသင်း ဝစီကံ" ဆိုသည့်အတိုင်း (၁) မဟုတ်မမှန်ပြောဆိုခြင်း (မုသာဝါဒ)၊ (၂) ကုန်းတိုက်စကား ပြောကြားခြင်း (ပိသုဏဝါစာ)၊ (၃) ကြမ်းတမ်းယုတ်မာ တိုင်းထွာဆဲရေးခြင်း (ဖရုသဝါစာ)၊ (၄) အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောကြားခြင်း (သမ္ဖပ္ပလာပ)ဆိုသည့် လေးပါးကို "အကုသိုလ် ဝစီကံလေးပါး"ဟု ခေါ်၏။

ဤအကုသိုလ် ကာယကံ၊ အကုသိုလ် ဝစီကံတို့ကို ပြုကျင့်ကြရာ၌

မုဆိုး၊ တံငါ စသည့်ပုဂ္ဂိုလ်များကဲ့သို့ မိမိတို့ အသက်မွေးဝမ်းကျောင်းအတွက် ပြုကျင့်လေ့ရှိကြသကဲ့သို့ အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ မင်းညီမင်းသား စသည့် ပုဂ္ဂိုလ်များကဲ့သို့ အပျော်အပါးသက်သက် တောလိုက်ခြင်းမျိုး၊ ကလေးငယ်များကဲ့သို့ ခြင်၊ ကြမ်းပိုး၊ ပိုးဟပ်၊ သန်း၊ ပုရွက်ဆိတ်၊ ပိုးမွှား၊ ခြပုန်း စသည့် သတ္တဝါငယ်ကလေးများကိုသတ်ပြီး ဆော့ကစားခြင်းမျိုးလည်း ရှိ၏။ အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ အပျော်အပါးသက်သက် အကုသိုလ်ကာယကံ၊ ဝစီကံတို့ကို ပြုကျင့်လျှင် ဒုစရိုက်ခေါ်၍ အသက်မွေးဝမ်းကျောင်းအတွက် ပြုကျင့်လျှင် "ဒုရာဇီဝ"ဟုခေါ်သည်။

ဤကဲ့သို့ အကုသိုလ် ကာယကံ၊ ဝစီကံမှုတို့ကို ပြုကြရာ၌ အသက်မွေးဝမ်းကျောင်းအတွက်ပြုခြင်း (ဒုရာဇီဝ)၊ အသက်မွေးဝမ်းကျောင်းအတွက်မဟုတ်ဘဲပြုခြင်း (ဒုစရိုက်)ဟု နှစ်မျိုးရှိသကဲ့သို့ ရှောင်ကြဉ်သည့်နေရာ၌လည်း အသက်မွေးဝမ်းကျောင်းအတွက် ရှောင်ကြဉ်ခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် မဟုတ်ဘဲ ရှောင်ကြဉ်ခြင်းဟု နှစ်မျိုးရှိ၏။

အသက်မွေးမှုအကြောင်းမရှိဘဲ အကုသိုလ် ကာယကံသုံးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တဝိရတိဟုခေါ်၍ အသက်မွေးမှုအကြောင်းမရှိဘဲ အကုသိုလ် ဝစီကံလေးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာဝိရတိဟု ခေါ်ရသည်။ အသက်မွေးမှုအကြောင်းရှိသည့် အကုသိုလ်ကာယကံသုံးပါးနှင့် အကုသိုလ် ဝစီကံလေးပါးဟူသော မိစ္ဆာဇီဝအမျိုးမျိုးမှ ရှောင်ကြဉ်ခြင်းကို သမ္မာအာဇီဝ ဝိရတိဟု ခေါ်ရသည်။ ဤသမ္မာကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝ ဆိုသည့် ဝိရတိ စေတသိက်သုံးပါးကို "ဝိရတိသီလ"ဟုခေါ်သည်။

ထို ဝိရတိစေတသိက်များနှင့်အတူ ယှဉ်တွဲဖြစ်သည့် စေတနာစေတသိက်များကို "စေတနာသီလ"ဟုခေါ်၏။ ထို့ပြင် ဆရာသမားမိဘ စသူများ၏ ဝတ်ကြီးဝတ်ငယ်များကို ပြုသည့်အခါ ဖြစ်ပေါ်သော

မဟာကုသိုလ်စိတ်နှင့် အတူဖြစ်သည့် စေတနာ စေတသိက်ကိုလည်း "စေတနာသီလ"ဟု ခေါ်သည်။

## စေတသိကသီလ

ဖော်ပြခဲ့ပြီးသော ဝိရတိသီလကို စေတသိကသီလဟုလည်း ခေါ်၏။ တစ်နည်းအားဖြင့် အနဘိဇ္ဈာမည်သော အလောဘစေတသိက်၊ အဗျာပါဒမည်သော အဒေါသစေတသိက်တို့နှင့် သမ္မာဒိဋ္ဌိမည်သော အမောဟစေတသိက် သုံးပါးတို့ကိုလည်း စေတသိကသီလခေါ်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထား၏။

မှန်၏။ သူတစ်ပါး၏စည်းစိမ်ကို "ဒီစည်းစိမ်ဟာ ငါ့ဥစ္စာဖြစ်ရင် ကောင်းမှာပဲ"ဟု သူတစ်ပါးစည်းစိမ်ကို မိမိစည်းစိမ်အဖြစ်သို့ ရှေးရှုကြံစည်မှု လိုလားမှု လောဘကို အဘိဇ္ဈာ မနောဒုစရိုက်ဟု ခေါ်၏။ ထိုအဘိဇ္ဈာ မနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ဖြစ်သော ပယ်ရှားကြောင်းစေတနာနှင့် အနဘိဇ္ဈာမည်သော အလောဘစေတသိက်သည် သီလမည်၏။ "ထိုသူ ပျက်စီးပါစေ၊ သေပါစေ၊ သေသွားရင် ကောင်းမှာပဲ" စသည်ဖြင့် သူတစ်ပါးပျက်စီးရန် စိတ်ဖြင့် ကြံစည်ပြစ်မှားခြင်း ဒေါသစေတသိက်သည် ဗျာပါဒမနောဒုစရိုက်မည်၏။ ထိုဗျာပါဒမနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ဖြစ်သော ပယ်ရှားကြောင်းစေတနာနှင့် အဗျာပါဒမည်သော အဒေါသစေတသိက်သည် သီလမည်၏။

"အလှူဒါနမည်သည် မရှိ၊ လှူဒါန်းခြင်းကြောင့် အကျိုးလည်းမရှိ" စသည် ဖြင့် အယူမှားယွင်းခြင်း ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိ မနောဒုစရိုက်မည်သည်။ ထိုမနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ဖြစ်သော ပယ်ရှားကြောင်း စေတနာနှင့် သမ္မာဒိဋ္ဌိမည်သော အမောဟစေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက် သုံးပါးဖြစ်ခဲ့

လျှင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော သီလပျက်စီးမှုများ ဖြစ်နိုင်၏။ ထိုမနောဒုစရိုက်သုံးပါးတို့ကို ပယ်ရှားသော မနောသုစရိုက် သုံးပါးတို့နှင့် စေတနာတရားတို့ ဖြစ်ပွားလျှင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော သီလပျက်စီးမှုများ မဖြစ်နိုင်။ ထို့ကြောင့် အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိဟူသော မနောသုစရိုက်သုံးပါးကို စေတသိကသီလဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤဆိုခဲ့ပြီး သော စေတနာ သီလ၊ ဝိရတိသီလနှင့် စေတသိကသီလတို့မှာ လူရောရဟန်းပါ နှစ်ဦး လုံးနှင့် ဆက်ဆံသောသီလများ ဖြစ်ကြသည်။

**လင်္ကာ**။ (၁) စေတနသီ၊ ဝိရတီ၊ သုံးလီ စေတသိက။

(၂) သီလအပြား၊ ဤသုံးပါး၊ မှတ်သားကျင့်သုံးကြ။

## စာရိတ္တသီလနှင့် ဝါရိတ္တသီလ

ရဟန်းတော်များအဖို့ ဘုရားရှင်က "ဒီအမှုကိုပြုကျင့်ရမည်"ဟု ပညတ်တော်မူထားသည့် ဥပဇ္ဈာယဝတ်၊ အာစရိယဝတ် စသည့် သိက္ခာ ပုဒ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း လိုက်နာပြုကျင့်ခြင်းသည် "စာရိတ္တသီလ"ဖြစ်သည် (စာရိတ္တ=ကျင့်ဆောင်ချက်)။ ဘုရားရှင်က "ဒီအမှုကို မပြုကျင့်ရ"ဟု ပညတ်တားမြစ်တော်မူထားသည့် ပါရာဇိက သိက္ခာပုဒ် စသည်တို့ကို ဘုရားရှင် အလိုတော်ကျအတိုင်း ရှောင်ကြဉ် သောအားဖြင့် မပြုမလုပ်ဘဲ စောင့်ထိန်းခြင်းသည် "ဝါရိတ္တသီလ" ဖြစ်သည် (ဝါရိတ္တ=တားမြစ်ချက်)။

လူဝတ်ကြောင်များအဖို့ "ဒီအမှုကို ပြုကျင့်ရမည်"ဟု ဘုရားရှင် လမ်းညွှန် တော်မူထားသည့်အတိုင်း မင်္ဂလသုတ်လာ သက်ကြီးရွယ်အို တို့ကို ရိုသေမှု စသည့် လူ့ကျင့်ဝတ်များ၊ သိင်္ဂါလောဝါဒသုတ်လာ လူ့ကျင့်ဝတ်များ၊ ဝသလသုတ်နှင့် ပရာဘဝသုတ်များလာ လူ့ကျင့် ဝတ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း လိုက်နာပြုကျင့်ခြင်း သည်လည်းကောင်း၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို

ဆောက်တည်ပါ၏ (အဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သမာဒိယာမိ)ဟု တပေါင်တည်း ခံယူဆောက်တည်သော ဥပုသ်သီလသည်လည်းကောင်း "စာရိတ္တသီလ"ဖြစ်၏။ (စာရိတ္တ=ပြုကျင့်ရမည့်ကျင့်ဝတ်များကို+သီလ=လိုက်နာပြုကျင့်သည့် သီလ)။

ဘုရားရှင်က "ဒီအမှုကို မပြုမကျင့်ရ"ဟု တားမြစ်ထားသည့် သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မိမိမပိုင်သည့် ဝတ္ထုကာမတို့၌ မှားယွင်းစွာကျင့်ခြင်း၊ မုသားပြောဆိုခြင်း၊ သေအရက်သောက်ခြင်း ဟူသော မကောင်းမှုတို့မှာ လွန်ကျူးလျှင် အပါယ်သို့ ကျရောက်စေနိုင်သောကြောင့် ထိုငါးမျိုးတို့ကို ရှောင်ကြဉ်စောင့်ထိန်းခြင်း ငါးပါးသီလသည် "ဝါရိတ္တသီလ"ဖြစ်၏။ (ဝါရိတ္တ =မပြုကျင့်ရဟု တားမြစ်ချက်များကို+သီလ=လိုက်နာပြုကျင့်သည့် သီလ)။

ဥပုသ်သီလ၏ စာရိတ္တသီလမည်ပုံကို အတန်ငယ် ရှင်းပြပါဦးမည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ အောက်ထစ်ဆုံး ငါးပါးသီလ လုံခြုံလျှင် သီလရှိသူ ဥပါသကာ ဖြစ်နိုင်ပါ၏။ ထို့ထက် တတ်နိုင်လျှင် ရှစ်ပါးသီလခေါ် ဥပုသ်သီလကို စောင့်ထိန်းနိုင်၏ဟု ကျမ်းဂန်၌ ဆိုထား၏။ ဤသို့ ဥပုသ်သီလကား စောင့်ထိန်းလိုမှ စောင့်ထိန်း၍ မစောင့်ထိန်းလိုလျှင် မစောင့်ထိန်းဘဲ နေနိုင်သောကြောင့် "စာရိတ္တသီလ"အမည်ရခြင်းဖြစ်သည်။ "စာရိတ္တသီလ မည်ခြင်းကား တပေါင်းတည်း ခံယူဆောက်တည်သည့် ဥပုသ်သီလမျိုးဖြစ်၏။ ယခုကာလ ရှစ်ပါးသီလခံယူသကဲ့သို့ သိက္ခာပုဒ်တစ်ပါးစီ ခံယူဆောက်တည်ရာ၌ကား ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာန လေးပါးကို ဝါရိတ္တသီလ၊ ကျန်လေးပါးတို့ကို စာရိတ္တသီလခွဲ"ဟု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဆုံးဖြတ်ထား၏။

ဤသီလနှစ်မျိုးတို့တွင် "ဤအကျင့်များကို ကျင့်လျှင် နောင်၌ အကျိုးရနိုင်သည်"ဟု ယုံကြည်မှုသဒ္ဓါနှင့် မပျင်းမရိ ကျင့်ကြံကြိုးကုတ်အားထုတ်မှု ဝီရိယတရားနှစ်ပါးတို့ရှိမှ စာရိတ္တ သီလ ပြည့်စုံနိုင်၏။

ဝါရိတ္တသီလမှာမူ မြတ်စွာဘုရား တားမြစ်တော်မူထားသည့်အတိုင်း ရှောင်ကြဉ်လျှင် အကျိုးရှိမည်။ မရှောင်လျှင် အပြစ်ဖြစ်မည်ဟု ယုံကြည်မှုသဒ္ဓါတရားရှိလျှင်ပင် ပြည့်စုံနိုင်၏။ စာရိတ္တသီလကဲ့သို့ ဝီရိယအထူးစိုက်ဖွယ်မလိုချေ။

**လင်္ကာ**။ (၁) စာရိတ်ကား ဆောင်၊ ဝါရိတ်ရှောင်၊ အခေါင် မြတ်သီလ။
(၂) ဆောင်, ရှောင် နှစ်ပါး၊ ပြည့်စုံငြား၊ မှတ်သား သီလဝတ္တ။

## သီလလေးမျိုး

သီလသည် တစ်နည်းအားဖြင့် (၁) ရဟန်းများ စောင့်ထိန်းရသည့် သီလ (ဘိက္ခုသီလ)၊ (၂) ရဟန်းမများ စောင့်ထိန်းရသည့်သီလ (ဘိက္ခုနီသီလ)၊ (၃) သာမဏေ, သာမဏေမများ စောင့်ထိန်းရသည့် သီလ(အနုပသမ္ပန္နသီလ)၊ (၄) အိမ်နေလူများ စောင့်ထိန်းရသည့်သီလ (ဂဟဋ္ဌသီလ)ဟူ၍ လေးမျိုးရှိသည်။

ထိုတွင် ရဟန်းတော်များအတွက် မြတ်စွာဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ်စုနှင့် ရဟန်းမများအတွက် ပညတ်ထားသော သိက္ခာပုဒ်များထဲမှ ရဟန်းတော်များလည်း စောင့်ရှောက်ထိန်းသိမ်းထိုက်သော သီလစုသည် ရဟန်းတော်များ စောင့်ထိန်းရသည့် သီလ (ဘိက္ခုသီလ)မည်၏။

ရဟန်းမများအတွက် ပညတ်ထားသော သိက္ခာပုဒ်စုနှင့် ရဟန်းတော်များ၏ သိက္ခာပုဒ်များထဲမှ ရဟန်းမများလည်း စောင့်ရှောက်ထိန်းသိမ်းထိုက်သော သီလစုသည် ရဟန်းမများ စောင့်ထိန်းရသည့် သီလ (ဘိက္ခုနီသီလ)မည်၏။

သာမဏေ, သာမဏေမများအတွက် မြတ်စွာဘုရား ပညတ်ထားသော ဆယ်ပါးသီလသည် သာမဏေ၊ သာမဏေမများ စောင့်ထိန် ရသည့်သီလ (အနုပသမ္ပန္နသီလ)မည်၏။

အိမ်နေသူ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့ စောင့်ထိန်

ရသည့် သီလသည် အိမ်နေလူများ စောင့်ထိန်းရသည့်သီလ (ဂဟဋ္ဌ သီလ)မည်၏။

## လူများစောင့်ထိန်းရမည့် (ဂဟဋ္ဌ) သီလများ

ဤသီလလေးမျိုးတို့တွင် ဂဟဋ္ဌသီလခေါ် လူတို့ စောင့်ထိန်းရမည့် သီလများ အကြောင်းကို ဗုဒ္ဓနည်းကျကျ စောင့်ထိန်းတတ်ရန် သီလ ခံယူဆောက်တည် နည်းများမှစ၍ မှတ်သားလိုက်နာဖွယ် အသွယ်သွယ် တို့နှင့်တကွ မကျဉ်းမကျယ် တင်ပြပါမည်။ လူတို့စောင့်ထိန်းရမည့် သီလများကား ငါးပါးသီလ၊ ဗြဟ္မစရိယ ပဉ္စမသီလ၊ အာဇီဝဋ္ဌမက သီလ၊ အဋ္ဌင်္ဂဥပုသ်သီလ၊ နဝင်္ဂဥပုသ်သီလ၊ ဆယ်ပါးသီလ စသည်တို့ ဖြစ်သည်။

ဤသီလများအနက် လူများအဖို့ ငါးပါးသီလကိုဖြစ်စေ၊ အာဇီဝဋ္ဌ မက သီလကိုဖြစ်စေ လုံခြုံအောင် အမြဲစောင့်ထိန်းနိုင်လျှင် စင်ကြယ် သောသီလနှင့်ပြည့်စုံခြင်း (သီလဝိသုဒ္ဓိ)ဖြစ်၏။ ထို့ထက်ပိုပြီး တတ်နိုင် ပါလျှင် ရှစ်ပါးသီလ၊ ဆယ်ပါးသီလများကို ရံဖန်ရံခါ ဥပုသ်နေ့တို့၌ ဖြစ်စေ၊ ရက်အပိုင်းအခြား လအပိုင်းအခြားဖြင့်ဖြစ်စေ ဆောက်တည် နိုင်၏။ ဆောက်တည်နိုင်လျှင် ပို၍ အကျိုးကြီးပေသည်။

## သီလဆောက်တည်နည်း

ရဟန်းတော်များနှင့် ရဟန်းမများမှာ မိမိတို့ စောင့်ထိန်းကြရမည့် ဆိုင်ရာ သိက္ခာပုဒ်သီလများကို အထူးဆောက်တည်နေရန် မလိုချေ။ သိမ်အတွင်း၌ ရဟန်းခံပြီးသည်နှင့် တစ်ပြိုင်နက် ဆိုင်ရာသီလများ တည်ပြီးသားဖြစ်သွား၏။ ထို့အတူ ရှင်သာမဏေများမှာလည်း ဆိုင်ရာ ဆယ်ပါးသီလကို အထူးဆောက်တည်နေစရာ မလို။ သရဏဂုံပေး သည့် ဆရာထံ၌ ပီပီသသ ဌာန်ကရိုဏ်းကျကျ သရဏဂုံကို ဆောက် တည်ပြီးသည်နှင့်တစ်ပြိုင်နက် ဆယ်ပါးသီလလည်း ဆောက်တည်ပြီး

သား ဖြစ်သွား၏။ ယခုကာလ ရှင်သာမဏေပြုခါစ၌ ဆယ်ပါး သီလကို ဆရာ့ထံမှောက်မှာ ဆောက်တည်နေကြခြင်းသည် မိမိဆောက်တည်ရသည့် သီလကို နားလည်တတ်သိဖို့ရန် ဆောက်တည်ကြခြင်း သာ ဖြစ်သည်။

လူများမှာမူ မိမိတို့ဆောက်တည်သင့်သည့် သီလများကို သိ၍ ဆောက်တည်ကြရသည်။ သရဏဂုံဆောက်တည်ပြီး ရုံမျှနှင့် ဆိုင်ရာ လူတို့ သီလများ ဆောက်တည်ပြီး မဖြစ်ကြချေ။

သီလကို ခံယူဆောက်တည်သည့်အခါ ဘုရားရှေ့မှာဖြစ်စေ၊ ရဟန်း သံဃာတော်များထံ၌ဖြစ်စေ၊ သီလ၏လက္ခဏာကို တတ်သိလိမ္မာသည့် သူတော်စင် ဥပါသကာ၊ ဥပါသိကာမတို့ထံ၌ဖြစ်စေ နှုတ်မြွက်ရွတ်ဆို ပြီး သီလခံယူဆောက်တည်နိုင်ကြ၏။ အကယ်၍ ဖော်ပြပါပုဂ္ဂိုလ်များ ထံ၌ ခံယူဆောက်တည်ရန် အခွင့်မသာခဲ့သော် မိမိဘာသာမိမိ နှုတ် မြွက်ရွတ်ဆိုပြီး ဆောက်တည်နိုင်ကြ၏။ မဟာဇနကဇာတ်တော်၌ ဘုရားလောင်း မဟာဇနကမင်းသားကလေးသည် ပင်လယ်ကြောမှာ မျောနေစဉ် မိမိဘာသာ ဆောက်တည်ပြီး ခုနစ်ရက်လုံးလုံး ဥပုသ်သီလ စောင့်သုံးခဲ့ကြောင်း လာရှိ၏။ ပါရာဇိကဏ် အဋ္ဌကထာနှင့် အင်္ဂုတ္တရ ဋီကာတို့၌လည်း မိမိဘာသာမိမိ နှုတ်မြွက်ဆောက်တည်နိုင်ကြောင်း ဖွင့်ဆိုထားကြ၏။

သို့ရာတွင် ရုပ်ပွားဆင်းတုတော်၊ စေတီတော်များနှင့် ရဟန်းသံဃာ တော်များထံ၌ ခံယူဆောက်တည်သည့်နည်းမှာ ဘုရားနှင့် သံဃာတော် များကို ရိုသေလေးစားပြီး သိက္ခာပုဒ်ကို လုံခြုံအောင် အထူးစောင့် ရှောက်စရာ ဖြစ်သည့်အတွက် မိမိဘာသာ ဆောက်တည်ခြင်းထက် ပိုမိုကောင်းသောနည်း ဖြစ်သည်။

သီလကို ခံယူဆောက်တည်ရာ၌ တစ်ပေါင်းတည်း ခံယူဆောက် တည်နည်း (ဧကတ္တသမာဒါန)၊ တစ်ပါးစီခွဲ၍ ခံယူဆောက်တည်နည်း (ပစ္စေကသမာဒါန)ဟူ၍ နှစ်နည်းရှိ၏။ "ပဉ္စင်္ဂသမန္နာဂတံ သီလံ

သမာဒိယာမိ (အင်္ဂါငါးပါးနှင့် ပြည့်စုံသောသီလကို ဆောက်တည်ပါ၏)ဟုလည်းကောင်း၊ "ပဥ္စသိက္ခာပဒါနိ သမာဒိယာမိ (ငါးပါးသော သိက္ခာပုဒ်တို့ကို ဆောက်တည်ပါ၏)ဟုလည်း ကောင်း ဆို၍ ဆောက်တည်ခြင်းသည် တပေါင်းတည်း ခံယူဆောက်တည်နည်းဖြစ်၏။ ယခုကာလ ဆောက်တည်နေကြသကဲ့သို့ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် တစ်ပါးစီခွဲပြီး အသီးသီး နှုတ်မြွက်ရွတ်ဆို၍ ဆောက်တည်ခြင်းသည် တစ်ပါးစီခွဲ၍ ခံယူဆောက်တည်နည်း ဖြစ်၏။

ဤခံယူနည်း နှစ်နည်း၏ အကျိုးသွား ထူးခြားပုံမှာ တပေါင်းတည်း ခံယူဆောက်တည်ရာ၌ ဝိရတိကုသိုလ်တစ်ကြိမ်၊ ကုသိုလ်စေတနာတစ်ကြိမ်သာ ဖြစ်ခွင့်ရှိ၏။ တစ်ပါးစီခွဲ၍ အသီးသီး ခံယူဆောက်တည်ရာ၌ ငါးပါးသီလဖြစ်လျှင် ငါးကြိမ် ခံယူဆောက်တည်ရသောကြောင့် ဝိရတိကုသိုလ် ငါးကြိမ်၊ ကုသိုလ်စေတနာငါးကြိမ် ဖြစ်ခွင့်ရှိသည်ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

သီလခံယူနည်း နှစ်နည်း၌ သီလပျက်ပုံနှင့် ပတ်သက်၍ ခုဒ္ဒကပါဌအဋ္ဌကထာ၌ ဝါဒနှစ်မျိုး ဖော်ပြထား၏။ ပထမဝါဒမှာ "ရှင်သာမဏေတို့၌ သိက္ခာပုဒ်တစ်ပါးပျက်လျှင် အားလုံးပျက်ကုန်၏။ သို့သော် လွန်ကျူးသည့် သိက္ခာပုဒ်တစ်ပါးအတွက်သာ အကုသိုလ်ကံထိုက်၏။ (လူတို့မှာမူ သီလခံယူနည်း နှစ်နည်းတွင် တစ်နည်းနည်းဖြင့် ခံယူရာ၌) သိက္ခာပုဒ်တစ်ပါးကို ကျူးလွန်လျှင် ကျူးလွန်သည့်သိက္ခာပုဒ်သာ ပျက်၏။ ထိုပျက်သည့်သိက္ခာပုဒ်ကို တစ်ဖန် ထပ်၍ ဆောက်တည်လျှင် ငါးပါးသီလပြည့်စုံပြန်၏။ ဤကား အဋ္ဌကထာဆရာ၏ ဝါဒ ဖြစ်၏။

နောက်ဝါဒကား "တစ်ပါးသောဆရာတို့ကမူ ငါးပါးသီလကို တစ်ပါးစီခွဲ ၍ အသီးသီး ဆောက်တည်ထားပါက တစ်ပါးပျက်လျှင် ထိုတစ်ပါးသာပျက်၍ ကျန်သိက္ခာပုဒ်များ မပျက်၊ တပေါင်းတည်း

ဆောက်တည်ထားလျှင် တစ်ပါ ပျက်သော် သိက္ခာပုဒ်အာ လုံး ပျက်သွား၏။ အကြောင်းမှာ ဆောက်တည်စဉ်က တပေါင်းစည်းတည်း ဆောက်တည်သောကြောင့်ဖြစ်၏။ သို့ရာတွင် ကံထိုက်ရာ၌မူ လွန်ကျူးသောသိက္ခာပုဒ်အတွက်သာ ကံထိုက်သည်"။ ဤသည်မှာ အပရေ (တစ်ပါးသော)ဆရာတို့၏ ဝါဒဖြစ်သည်။

မြန်မာနိုင်ငံတွင် မြန်မာဘာသာဖြင့် စီရင်ရေးသား ပြုစုကြသည့် ကျမ်းများ၌ နောက်ဝါဒဖြစ်သည့် အပရေ(တစ်ပါးသော)ဆရာတို့၏ ဝါဒအတိုင်း အများအားဖြင့် ရေးသားကြသည်ကို တွေ့ရ၏။ သို့သော် အချို့ပညာရှင်များက "လူတို့မှာ သီလခံယူပြီးနောက် သိက္ခာပုဒ် တစ်ခုခုကို လွန်ကျူးလျှင် ထိုလွန်ကျူးသောသိက္ခာပုဒ်သာ ပျက်၏။ ကျန်သည့်သိက္ခာပုဒ်စုမှာ မပျက်၊ အကြောင်းမှာ လူတို့၌ မမြဲသော သီလရှိသောကြောင့် ဖြစ်၏။ အမြဲစောင့်နိုင်မှ စောင့်ရသောသီလဟူ၍ မရှိ။ မိမိစွမ်းနိုင်သည့်သိက္ခာပုဒ်ကိုသာ စောင့်ထိန်းကြရ၏"ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာဖွင့်ဆိုချက်အရ သီလခံယူ ဆောက်တည်ရာ၌ တပေါင်းတည်း ဆောက်တည်သည်ဖြစ်စေ၊ တစ်ပါးစီ အသီးသီး ဆောက်တည်သည်ဖြစ်စေ သိက္ခာပုဒ်တစ်ပါးကို ကျူးလွန်လျှင် ကျူးလွန်သည့်သိက္ခာပုဒ်သာ ပျက်၏၊ ကျန်သိက္ခာပုဒ်များ မပျက် ဟု ဆုံးဖြတ်ကြသည်။

သီလခံယူဆောက်တည်ရာ၌ နှုတ်မြွက်ဆို၍ သီလပေးနိုင်သည့် ရဟန်းသံဃာတော်များထံမှာ ယူသည့်အခါမှသာ "အဟံ ဘန္တေ တိသရဏေနသဟ" စသော သရဏဂုံသီလကို တောင်းဆိုရမည်။ စေတီရပ်ပွား၊ ဆင်းတုတော်များ ရှေ့၌ သီလယူသည့်အခါ သရဏဂုံ သီလ တောင်းဆိုဖွယ်မလို၊ "နမောတဿ" မှ စ၍ဆိုကာ သီလယူရ မည်ဟု ကျမ်းဂန်တတ် ဆရာတော်များ မိန့်တော်မူကြ၏။ သို့ရာတွင် သရဏဂုံသီလတောင်းမှ စ,ဆိုလျှင်လည်း အပြစ်မရှိ၊ ဝစီကံကုသိုလ် ရနိုင်သည်ဟု ယူဆပါသည်။ နှုတ်မြွက်ရွတ်ဆို၍ ပါဠိဘာသာအတိုင်

ဆောက်တည်အပ်ကုန်၏ (ဝစီဘေဒံ ကတွာ ယထာပါဠိ သမာဒါ တဗ္ဗာနိ)ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဋီကာတို့ မိန့်ဆိုချက်အတိုင်း နှုတ်မြွက်ရွတ်ဆို၍ ပါဠိဘာသာဖြင့် ခံယူဆောက်တည်ရမည်ကိုလည်း သတိပြုကြရမည် ဖြစ်သည်။

**လင်္ကာ**။ ။ (၁) ဘုရားသံဃာ၊ လူ့ထံမှာ၊ မှန်စွာ ဆောက်တည်ရ။
(၂) ခွင့်မသင့်လျှင် ကိုယ်တိုင်ပင်၊ နှုတ်လျှင်မိဋ္ဌာန်ကြ။
(၃) တစ်ပေါင်းတစ်စည်း၊ အသီးသီး၊ တစ်နည်းခံယူရ။
(၄) အပေါင်းခံယူ၊ တစ်ပျက်မူ၊ ကျန်ဆူပျက်ကုန်ကြ။
(၅) အသီးခံယူ၊ တစ်ပျက်မူ၊ ကျန်ဆူမပျက်ပ။

## ငါးပါးသီလ

ငါးပါးသီလ၌ သူ့အသက်သတ်ခြင်း စသည်တို့သည် အပါယ်လေးပါးသို့ ကျရောက်တတ်သောကြောင့် မည်သည့်အခါမှ မပြုထိုက်သောအမှုမျိုးဖြစ်၍ ထိုငါးပါးတို့မှ ရှောင်ကြဉ်မှုသည် သဘာဝအားဖြင့် သတ္တဝါအားလုံးတို့ အစဉ်အမြဲ စောင့်ထိန်းရမည့်သဘောရှိ၏။ ထို့ကြောင့် ငါးပါးသီလသည် လူတို့အတွက် "နိစ္စသီလ" ဖြစ်သည်။ လူသားတို့ ခါးဝတ်ပုဆိုးကို အမြဲဝတ်ထားရသကဲ့သို့ အစဉ်အမြဲ ဆောက်တည်ထိန်းသိမ်းရသည့် သီလဖြစ်သည်ဟု ဆိုလိုပေသည်။

သောတာပန်အရိယာဖြစ်သည်နှင့်တစ်ပြိုင်နက် ငါးပါးသီလ အမြဲလုံခြုံသွားတော့၏။ နောက်တစ်ဘဝ ကူးပြောင်းသွားသော်လည်း ငါးပါးသီလကို လုံးဝမလွန်ကျူးတော့ချေ။ ဤကဲ့သို့ အရိယာတို့ နှစ်သက်မြတ်နိုးသော သီလဖြစ်သောကြောင့် ငါးပါးသီလကို "အရိယကန္တသီလ"ဟုလည်း ခေါ်၏။ ထို့အတူ အရိယာပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးကြသည့် သီလဖြစ်သည့်အတွက် "အရိယ ဓမ္မသီလ"ဟူ၍လည်း အမည်ရသည်။

ထို့ပြင် ဘုရားလောင်းသူတော်ကောင်းတို့ အလေးအမြတ်ထားပြီး

စောင့်သုံးသည့်သီလဖြစ်၍ "ဂရုဓမ္မသီလ"ဟုလည်းကောင်း၊ သူတော်ကောင်း သူမြတ်လောင်းများဖြစ်အောင် လုပ်ပေးတတ်၍ "ဗြာဟ္မဏကာရကသီလ"ဟုလည်းကောင်း၊ မြောက်ကျွန်းသူ ကျွန်းသားများ မိမိတို့ ပကတိသဘောအလျောက် ဆောက်တည်ကြသောသီလဖြစ်၍ "ပကတိသီလ"ဟုလည်းကောင်း၊ နိဗ္ဗာန်ကို တောင့်တပြီး ဆောက်တည်လျှင် နိဗ္ဗာန်ကိုရောက်နိုင်သည့်အတွက် "အဓိသီလ"ဟုလည်းကောင်း၊ ဘဝကင်းရာ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်၍ "ဝိဘဝဂါမိသီလ"ဟုလည်းကောင်း ပါဠိ၊ အဋ္ဌကထာများ၌ မိန့်ဆိုထား၏။

## ငါးပါးသီလ ခံယူဆောက်တည်နည်း

ငါးပါးသီလ ခံယူဆောက်တည်ကြရာ၌ ယခုကာလ ခံယူဆောက်တည်နည်းမျိုးကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ထေရဝါဒ ပိဋကကျမ်းဂန်ကြီးများ၌ မတွေ့ရှိရချေ။ ပိဋကကျမ်းဂန်များ၌ "အဟံ ဘန္တေ"စသော သီလတောင်း၊ "နမော တဿ"စသော ဘုရားရှိခိုး၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသော သရဏဂုံယူခြင်းတို့ လုံးဝမပါရှိပေ။ "ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် သီလဆောက်တည်ပုံ၊ ဆောက်တည်နည်းမျှသာ လာရှိ၏။

ယခုကာလ ဆောက်တည်နည်းကား သာသနာတော်၌ အမြော်အမြင် ကြီးမားတော်မူခဲ့ကြသည့် ရှေးရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများက ကုသိုလ်လည်းပိုရ၊ အခမ်းအနားလည်းကျအောင် တခမ်းတနား စီစဉ်တော်မူခဲ့ကြသည့်နည်း ဖြစ်သည်။ ထိုနည်းမှာ ရှေးဦးစွာ သံဃာတော်အရှင်မြတ်များထံတွင် ပါဠိလို သုံးကြိမ် ရွတ်ဆို၍ သရဏဂုံ သီလတောင်းရခြင်း၊ ဒုတိယတွင် နမောတဿ စသည်တို့ကို သုံးကြိမ်ရွတ်ဆို၍ ဘုရားရှိခိုးရခြင်း၊ တတိယတွင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တို့ကို သုံးကြိမ်ရွတ်ဆို၍ သရဏဂုံ ရယူခြင်းတို့ကို ပြုလုပ်ပြီးမှ နောက်ဆုံးတွင် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ

သမာဒိ ယာမိ စသည်ဖြင့် သီလခံယူဆောက်ရည်ရသောနည်းဖြစ်၍ ကုသိုလ်လည်းပိုရ၊ အခမ်းအနားလည်းကျသဖြင့် အလွန်စနစ်ကျသည့် ရှေးထုံးစဉ်လာ နည်းကောင်း နည်းမွန်ဖြစ်ပေသည်။ ထို့ကြောင့် ယခု အချိန်အထိ ထိုနည်းကို လိုက်နာကျင့်သုံးနေကြခြင်းဖြစ်သည်။

သီလတောင်းရာ၌ "တပည့်တော်အား သီလပေးတော်မူပါဘုရား" (သီလံ ဒေထ မေ ဘန္တေ)ဟု ဆိုရာတွင် ရဟန်းတော်တစ်ပါးပါးက သီလပေးခြင်းမှာ မိမိမှာရှိသည့် သီလကို ပေးဝေသည့် ပေးခြင်းမျိုး မဟုတ်၊ လူများ သီလတောင်းမှ စပြီး မဆိုတတ်ကြ၍ ရှေ့က ချပေး တိုင်ပေးသည့်အပေးမျိုးဖြစ်သည်။ ထို့ကြောင့် သီလယူနည်းကို ပီပီ သသ ဆိုတတ်သည့်ပုဂ္ဂိုလ်များထံ၌လည်း သီလယူကောင်း၏။ မိမိ ဘာသာဆိုတတ်လျှင် စေတီတော်၊ ရုပ်ပွားဆင်းတုတော်ထံ၌ မိမိ ဘာသာ နှုတ်မြွက်ဆို၍ သရဏဂုံသီလကို ဆောက်တည်ကောင်း၏။

ထိုသို့ မိမိဘာသာ သရဏဂုံသီလယူရာ၌ "ယမဟံ ဝဒါမိ၊ တံ ဝဒေထ" (ငါဆိုတဲ့အတိုင်း လိုက်ဆိုကြ)ဟု ရုပ်ပွားစေတီတို့က မိန့်တော် မမူသောကြောင့် "အာမဘန္တေ" (မှန်ပါဘုရား)လို့ ထည့်ဆိုနေဖွယ် မလိုချေ။ ဘုရားထံမှာ သီလဆောက်တည်ရာ၌ ဘုရားက သီလမပေး သောကြောင့် သီလတောင်းနှင့် နမောတဿ ဘုရားရှိခိုးတို့ကို ဆိုနေ ဖွယ်မလို၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"မှစ၍ ဆိုရမည်ဟု အချို့ဆရာတော် ကြီးများ မိန့်ကြားကြ၏။ ထိုဆရာတော်များ၏ ဝါဒကို လက်မခံကြ သော ဆရာတော်များက ထိုဆရာတော်များကို "ဗုဒ်ဂိုဏ်း ဆရာတော် များ"ဟု ဆိုကြ၏။ ထိုဗုဒ်ဂိုဏ်းဆရာတော်များကလည်း "အဟံ ဘန္တေ"မှ စ,ဆိုသူများကို "ဘန်းဂိုဏ်းဝင်များ"ဟု ဆိုကြသည်ဟု ရှေးက ဖြစ်ပေါ်ခဲ့ဖူးသည်။

ရုပ်ပွားတော်၊ စေတီတော်ထံ၌ မိမိဘာသာ သီလခံယူဆောက်တည် ရာ၌ သီလဆိုပေးသူ မရှိ၍ "အဟံ ဘန္တေ" စသော သီလတောင်းကို ဆိုနေစရာမလို၊ နမောတဿ ဘုရားရှိခိုးနှင့် သရဏဂုံတို့ကို ရွတ်ဆို

ခံယူပြီး ဘုရားဟော ပါဠိတော် လာသည့်အတိုင်း
(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ဟု နှုတ်မြွက်ရွတ်ဆို၍ သီလဆောက်တည်နိုင်သည်ဟု ဆရာသမားများထံမှ ဩဝါဒနာယူရဖူးပေသည်။ ယခု သိက္ခာပုဒ်တစ်ပါးစီ၏ မှတ်သားဖွယ် အဓိပ္ပာယ်အကျယ်နှင့် သီလမြဲပုံ၊ ပျက်ပုံ၊ ညှိုးနွမ်းပုံ၊ အကျိုးရှိပုံ၊ အပြစ်ရပုံ အစုစုတို့ကို သိသာရုံ ဖော်ပြပါမည်။

## ၁။ ပါဏာတိပါတာကံအဖွင့်

"ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"၏ မြန်မာပြန်မှာ "သူတစ်ပါးအသက်ကို သတ်ခြင်းမှ (ပါဏာတိပါတာ)၊ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို (ဝေရမဏီသိက္ခာပဒံ)၊ ဆောက်တည်ပါ၏ (သမာဒိယာမိ)ဖြစ်သည်။

ဤသိက္ခာပုဒ်ကို ဆောက်တည်ထားလျှင် သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရသည်။ မရှောင်ကြဉ်လျှင် သိက္ခာပုဒ်ပျက်၏။ ထို့ကြောင့် ဤသိက္ခာပုဒ်သည် သူ့သက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကြောင်း ဖြစ်သည်။ ဤသည်ကိုရည်၍ "ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်"ဟု မြန်မာပြန်ဆိုခြင်း ဖြစ်သည်။

"သိက္ခာပဒံ"ဆိုသည့် ပါဠိပုဒ်ကို မြန်မာလို သိက္ခာပုဒ်ဟု ဆိုခြင်း ဖြစ်သည်။ သီလ, သမာဓိ, ပညာဟူသော ကုသိုလ်အကျင့်များကို ကျင့်အပ် ကျင့်သင့်သောကြောင့် သိက္ခာဟုခေါ်၏။ ပဒ-မှဖြစ်လာသော "ပုဒ်"ကား တရားအစုဟု အဓိပ္ပာယ်ရ၏။ တစ်နည်းအားဖြင့်

ပဒ–ကို တည်ရာဟု ဖွင့်ဆို၏။ ထို့ကြောင့် "ကျင့်အပ်သော အကျင့် တရားအစု"ကို သို့မဟုတ် "ကုသိုလ်အကျင့်တရားတို့၏ တည်ရာ" ကို "သိက္ခာပုဒ်"ဟုခေါ်၏။ ဤသိက္ခာပုဒ်တစ်ပါး လုံခြုံလျှင် များစွာ သော ကုသိုလ်အကျင့်များ တိုးတက်လာမည်ဖြစ်၍ များစွာသော ကုသိုလ်တရားတို့ တည်ရာအခြေခံဖြစ်သည့် အကျင့်သိက္ခာဟု ဆိုလိုပေ သည်။

"သူတစ်ပါးအသက်ကို သတ်ခြင်းမှ"ဆိုရာ၌ အသက်(ပါဏ) ဆိုသည်မှာ လောကတွင် လူအများတို့ ပြောရိုးပြောစဉ် ဝေါဟာရ ပညတ်အားဖြင့် "သတ္တဝါ"ဟု အဓိပ္ပာယ်ရ၏။ ပရမတ္ထသဘောအား ဖြင့်မူ ရုပ်သက် (ရုပ်ဇီဝိတိန္ဒြေ) နာမ်သက် (နာမ်ဇီဝိတိန္ဒြေ)နှစ်မျိုးကို အသက်ဟုခေါ်သည်။

ဤရုပ်သက်၊ နာမ်သက် နှစ်မျိုးလုံးသည် အမိဝမ်းမှာ ပဋိသန္ဓေ နေသည့် (ဂဗ္ဘသေယျက) သတ္တဝါမျိုး၌ ကလလရေကြည်တည်ချိန် မှာပင် ဖြစ်ပေါ်တည်ရှိနေကြပြီး ဖြစ်သည်။ ထို့ကြောင့် အသက်ကို ကလလရေကြည်တည်ချိန်မှစ,ပြီး ယူရမည်ဟု ပါရာဇိကဏ်အဋ္ဌကထာ စသော ကျမ်းဂန်များ၌ ဖွင့်ဆိုထားကြ၏။ ထို့ကြောင့် ကိုယ်ဝန်တည်စ မှာပဲ ကိုယ်ဝန်ပျက်ကျစေလိုသည့် စေတနာဖြင့် ကိုယ်ဝန်ပျက်အောင် ကိုယ်ဝန်ပျက်ကျဆေး တိုက်ကျွေးခြင်း၊ နှိပ်နယ်ခြင်း စသည့် နည်း အမျိုးမျိုးနှင့် ပြုလုပ်သဖြင့် ကိုယ်ဝန်ပျက်သွားလျှင် လုပ်သူမှာ ပါဏာတိ ပါတကံ ထိုက်သည်။ အလုပ်ခံရသူ မိခင်က သဘောတူလျှင်လည်း မိခင်ပါ ပါဏာတိပါတကံ ထိုက်သည်။

ထို့အတူ အကောင်ပေါက်နိုင်သည့် ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ငါးဥ. စသည့်ဥများကို ချက်ပြုတ်ကြော်လှော် စားမည်ဆိုလျှင်လည်း စေတနာ ပါလျှင် ချက်ပြုတ်ကြော်လှော်သူ၊ စေခိုင်းသူ၊ သဘောတူသူတို့အားလုံး ပါဏာတိပါတကံ ထိုက်ကြပါသည်။

"သူတစ်ပါးအသက်ဆိုသည်မှာ" မိမိမှတစ်ပါး အခြား သက်ရှိ

သတ္တဝါ အားလုံး၏ အသက်ဖြစ်၏။ ထို့ကြောင့် သက်ရှိသတ္တဝါမှန်လျှင် တိရစ္ဆာန်အမျိုးမျိုး၊ ကြမ်းပိုး၊ သန်း ဥ၊ ခရု၊ ယောက်သွား၊ ကျွဲ၊ နွား၊ ပုရွက်ဆိတ် …စသည့် သတ္တဝါတို့၏ အသက်ကို မသတ်ရ။ သတ်လျှင် ပါဏာတိပါတကံ ထိုက်သည်။

"ဆောက်တည်ပါ၏"ပုဒ်၏ အဓိပ္ပာယ်မှာ "ဤသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည်ဟု စိတ်ထဲ၌ စွဲစွဲမြဲမြဲ နှလုံးသွင်းထားခြင်း၊ ဆောက်တည်ထားခြင်းမျိုးကို ဆိုလိုပေသည်။ ထို့ကြောင့် သူတစ်ပါးထံ မသွားဘဲ မိမိဘာသာ "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလို ရွတ်ဆို၍ဖြစ်စေ၊ "သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု မြန်မာလို ရွတ်ဆို၍ဖြစ်စေ ဆောက်တည်ကောင်း၏။

ပါဏာတိပါတကံ အရကား သူတစ်ပါးအသက်ကို ကိုယ်တိုင်သတ်ဖြတ်မှုဟူသော ကာယပယောဂနှင့် "သတ်လိုက်"စသည်ဖြင့် စေခိုင်းမှုဟူသော ဝစီပယောဂတို့ကို ဖြစ်ပေါ်စေနိုင်သော သတ်ကြောင်း(ဓော)စေတနာဖြစ်၏။ ထို့ကြောင့် တကယ်သေစေလိုသည့် စေတနာဖြင့် ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးကို စေခိုင်း၍ဖြစ်စေ သတ်မှုသည် သတ်ရာရောက်၍ ပါဏာတိပါတကံ မြောက်ပေသည် [ပါဏ= သူတစ်ပါးအသက်ကို+အတိပါတ=လျင်မြန်စွာကျစေမှု (ဝါ) သေချိန်မရောက်မီသတ်မှု]။

## ကမ္မပထနှင့် ကမ္မမတ္တ

ပါဏာတိပါတကံ စသော အကုသိုလ် ကမ္မပထတရားများ၌ တစ်ပါး တစ်ပါးတွင် ကမ္မပထမြောက်သော အကုသိုလ်ကံ၊ ကမ္မပထ မမြောက်ဘဲ ကံမျှသာ(ကမ္မမတ္တ)ဖြစ်သော အကုသိုလ်ကံဟု နှစ်မျိုးရှိ၏။ ထိုတွင် အပါယ်ရောက်ဖို့ရန် လမ်းကြောင်းဖြစ်သော (ဝါ) အပါယ်ကျရန် သေချာသောကံကို ကမ္မပထမြောက်သော အကုသိုလ်ကံ

ဟုခေါ်၏။ (ကမ္မ=ကံ+ပထ=လမ်းကြောင်း)။ အပါယ်ကျဖို့ရန် မသေချာသောကံကို ကမ္မပထမမြောက်ဘဲ ကံမျှသာဖြစ်သော အကုသိုလ်ကံမျိုးဟု ခေါ်၏။ ထိုကံသည် ကမ္မပထမမြောက်သောကြောင့် အပါယ်ပဋိသန္ဓေကျိုး ပေးနိုင် မပေးနိုင် ကိန်းသေမဟုတ်။ အချို့က မပေးနိုင်သော်လည်း အချို့ကား ပေးနိုင်ကြ၏။ ကုသိုလ်ကမ္မပထတရား ဆယ်ပါး၌လည်း ဤအကုသိုလ် ကမ္မပထတရားနည်းအတိုင်း ဖြစ်၏။ "ကမ္မပထ"ကို သုဂတိသို့ရောက်ဖို့ရန် လမ်းကြောင်းဖြစ်သော ကံဟု အဓိပ္ပာယ်ယူရုံမျှသာ ထူးခြားပေသည်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုလည်း ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်ကုန်မှသာလျှင် "ကမ္မပထ" တို့ဟု ဆိုရ၏။ ပဋိသန္ဓေကျိုးကိုပေးရန် မသေချာသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပဋိသန္ဓေအကျိုးကို ဖြစ်စေရာ၌ ဧကန်မဟုတ်သောကြောင့် "ကမ္မပထ"တို့ဟူ၍ မဆိုရ။ ကံမျှသာ (ကမ္မမတ္တ)ဖြစ်၏ဟု ဆိုရ၏ဟု မိန့်ဆိုထားခြင်း ဖြစ်သည်။

ကမ္မပထမြောက် မမြောက် ဆုံးဖြတ်ရာတွင် သိက္ခာပုဒ်ဆိုင်ရာ အင်္ဂါလက္ခဏာများ စုံ,မစုံကို စိစစ်ကြည့်ရ၏။ ဆိုင်ရာအင်္ဂါစုံလျှင် ကမ္မပထမြောက်၏။ အင်္ဂါမစုံလျှင် ကမ္မပထ မမြောက်၊ ဒုစရိုက်ကံမျှသာဖြစ်သည်။ ထို့ကြောင့် ပါဏာတိပါတကံ၏ အင်္ဂါတို့ကို ပြဆိုပါမည်။

## ပါဏာတိပါတ အင်္ဂါ ၅ ပါး

၁။ သတ္တဝါလည်းဖြစ်ခြင်း၊
၂။ သတ္တဝါမှန်းလည်း သိခြင်း၊
၃။ သတ်လိုသောစိတ်စေတနာလည်းရှိခြင်း၊
၄။ သတ်ဖြတ်မှု လုံ့လ ပယောဂ တစ်ခုခုကိုလည်းပြုခြင်း၊
၅။ ထိုလုံ့လ ပယောဂဖြင့်လည်း သေခြင်း။

သူတစ်ပါးအသက်ကို သတ်ရာတွင် ဤဖော်ပြပါ အင်္ဂါ(၅)ပါး နှင့် ပြည့်စုံညီညွတ်မှ ပါဏာတိပါတကံ ဖြစ်၏။ ကမ္မပထမြောက်၏။ မပြည့်စုံလျှင် ဒုစရိုက်မျှသာဖြစ်၏။

**လင်္ကာ**။ ။၁။ သတ္တဝါဆို၊ သိလျက်ကို၊ သတ်လိုစေတနာ။
၂။ သတ်ဖို့အားထုတ်၊ သေအပုတ်၊ ကံယုတ် ပါဏာတိပါတာ။
၃။ အင်္ဂါငါးပါး၊ ပြည့်စုံသွား၊ မြောက်ငြား ကမ္မပထာ။

## သတ်ဖြတ်နည်းများ

(၄) နံပါတ်အရ သတ်ဖြတ်ရန် လုံ့လပယောဂပြုနည်းများ (ဝါ) သတ်ဖြတ်နည်းများကို ကျမ်းဂန်များ၌ (၆)မျိုး ပြဆိုထား၏။ ထို ခြောက်မျိုးမှာ (၁) မိမိကိုယ်တိုင် ဟုတ်, ဓား စသော လက်နက်တို့ဖြင့် ကိုယ်ထိလက်ရောက် ရိုက်ပုတ်၊ ထိုးခုတ် သတ်ဖြတ်ခြင်း (၂) သူ တစ်ဦးတစ်ယောက်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ အရိပ် နိမိတ်ပြ၍ဖြစ်စေ အသတ်ခိုင်းခြင်း (၃) လေး, သေနတ်, အမြောက်, ဗုံး စသည်တို့ဖြင့် ပစ်ခတ်၍ သတ်ဖြတ်ခြင်း (၄) သွားရာ လာရာ လမ်းခရီး စသည်တို့၌ သတ္တဝါတွေ သေကျေပျက်စီးအောင် တွင်းတူး၍ သော်လည်းကောင်း၊ ကြောင့်...စသည် စိုက်ထား၍သော်လည်းကောင်း၊ ရေမြှုပ်မိုင်းဗုံး၊ မြေမြှုပ်မိုင်းဗုံး စသည်တို့ကို မြှုပ်ထား၍သော်လည်း ကောင်း သတ်ဖြတ်ခြင်း၊ [သတ်ဖြတ်ရန် စေတနာဖြင့် ဓားလှံ သေနတ် ဗုံး အမြောက် စသည့်လက်နက်များကို ပြုလုပ်ထားလျှင် ထိုလက်နက် ကို ကိုင်စွဲ၍ စစ်သည် တပ်သားတို့ တိုက်ခိုက်ပါက လက်နက်လုပ် သူမှာ ဤနံပါတ်(၄)အရ ပါဏာတိပါတ အပြစ်မကင်းချေ။] (၅) အင်းအိုင်, ခလှဲ့, လက်ဖွဲ့, မန္တန်, ရုပ်ထား နာမ်ထား ဆေးဝါးစသော အတတ်ပညာများဖြင့်သတ်ခြင်း (၆) သီဟိုဠ်ကျွန်း၌ ပိတုမင်း စသူ

တို့ကဲ့သို့ ကကြောင့်ဖြစ်သော တန်ခိုး (ကမ္မဇိဒ္ဓိ)ရှိသူတို့က အစွယ်ခေါက်ခြင်း၊ မျက်စောင်းထိုးခြင်း စသည်ဖြင့် တန်ခိုးဖြင့် သတ်ခြင်း တို့ဖြစ်သည်။

**လင်္ကာ**။ ။ ၁။ ကိုယ်တိုင်, စေလင့်၊ တွင်းပုံးဖြင့်၊ ပစ်လွှင့်လက်နက်များ ။

၂။ ပညာ,တန်ခိုး၊ သတ်ခြင်းဆိုး၊ ခြောက်မျိုး လုံ့လပြား။

## ရည်ညွှန်းသူ၊ မရည်ညွှန်းသူ

အထက်ဖော်ပြပါ သတ်နည်းအမျိုးမျိုးတွင် တစ်မျိုးမျိုးသောနည်းဖြင့်သတ်ရာ၌ မိမိရည်ညွှန်းသောသတ္တဝါ သေမှသာ ပါဏာတိပါတကံ ထိုက်၏။ မရည်ညွှန်းသောသတ္တဝါ သေပါက ပါဏာတိပါတကံ မထိုက်ပေ။ ဥပမာ–ကျွဲနွားတို့ပေါ်၌ နားနေသော ဖျိုင်းကိုသာ ရည်ညွှန်း၍ ပစ်ခတ်ရာ၌ ထိုဖျိုင်းကို ထိမှန်၍ သေမှသာ ပါဏာတိပါတကံ ထိုက်၏။ ဖျိုင်းကို မထိဘဲ မရည်ညွှန်းသော ကျွဲနွားကို ထိမှန်၍ သေခဲ့သော် ပါဏာတိပါတကံ မထိုက်သကဲ့သို့ ဖြစ်သည်။

ထို့အတူ လူကို သေစေလို၍ တွင်းတူးထားခြင်း၊ ခြောင့်ထောင်ထားခြင်း၊ မိုင်းပုံးမြှုပ်ထားခြင်းတို့၌ တိရစ္ဆာန်များ တွင်းထဲကျ၍ ခြောင့်စူး၍ မိုင်းပုံးထိ သေခဲ့လျှင် ပါဏာတိပါတကံ မထိုက်သကဲ့သို့ တိရစ္ဆာန်ကို ရည်ညွှန်း၍ တွင်း ခြောင့် ပုံး စသည်တို့ဖြင့် သတ်ရာတို့၌ လူသေခဲ့သော်လည်း ပါဏာတိပါတကံ မထိုက်ချေ။

သို့ရာတွင် သတ္တဝါတစ်ဦးတစ်ယောက်ကို အထူးမရည်ရွယ်ဘဲ ထိချင်သူထိ၊ မကောင်းသူ့ကံ၊ ကောင်းသူ့ကံဖြင့် ပစ်ခတ်, ထောင်သတ်ခြင်း စသည်တို့၌မူ မည်သည့်သတ္တဝါမဆို ထိမှန်၍ သေပါက ပါဏာတိပါတကံ ထိုက်လေတော့၏။

စေခိုင်း၍ သတ်ရာ၌ သတ်ရမည့်သူ၊ သတ်ရမည့်အချိန်၊ သတ်ရမည့်အရပ်ဒေသ၊ သတ်ရမည့်လက်နက်၊ အသတ်ခံရမည့်သူ၏ ထိုင်၊

ရပ်၊ လျှောင်း စသော ဣရိယာပုတ်၊ ထိုးခြင်း၊ ခွဲဖြတ်ခြင်း စသည်ဖြင့် သတ်ရမည့်နည်းဟူ၍ သတ်မှတ်ချက် ခြောက်မျိုး ရှိ၏။ သတ်ခိုင်းသူက မှာကြားလိုက်သည့် သတ်မှတ်ချက်အတိုင်း သတ်ပါက ခိုင်းသူ၊ သတ်သူ နှစ်ဦးလုံး ပါဏာတိပါတကံထိုက်၏။ သတ်ခိုင်းသူ မှာကြားလိုက်သည့် အချက်များအနက် တစ်ချက်ချက်လွဲမှားပြီး သတ်ပါက ခိုင်းသူမှာ အပြစ်လွတ်၍ သတ်သူသာ ပါဏာတိပါတကံထိုက်၏။ ဥပမာ– သတ်ရမည့်သူမှ တခြားသူကို လွဲမှား၍သတ်ခြင်း၊ နံနက်ချိန်မှာ သတ်ခိုင်းသည်ကို ညနေအချိန်မှာသတ်ခြင်း၊ ရွာမှာသတ်ရမည့်သူကို တောမှာ သတ်ခြင်း၊ ဓားနှင့်သတ်ပါဟု ခိုင်းသည်ကို သေနတ်ဖြင့် ပစ်ခတ်သတ်ခြင်း၊ အိပ်နေစဉ်သတ်ပါဟု စေခိုင်းသည်ကို ထိုင်နေစဉ်သတ်ခြင်း၊ ထိုးသတ်ပါဟု စေခိုင်းသူကို ပစ်သတ်၊ ခုတ်သတ်ခြင်း စသည်တို့ကဲ့သို့ ဖြစ်သည်ဟု ပါရာဇိကကဏ် အဋ္ဌကထာ စသည်တို့၌ ဖွင့်ဆိုထားပေသည်။

## စေတနာ အရေးကြီးပုံ

ဖော်ပြခဲ့ပြီးသော ပါဏာတိပါတကံ၏ အင်္ဂါငါးပါးတို့တွင် သတ်လိုသော စေတနာရှိခြင်းနှင့် မိမိလုံ့လပယောဂဖြင့် သတ္တဝါသေခြင်း ဟူသော အင်္ဂါ(၂)ပါးသည် ပါဏာတိပါတကံထိုက်ရာ၌ အရေးအပါဆုံး၊ အဓိကအကျဆုံးဖြစ်၏။ ထိုအင်္ဂါ(၂)ပါးတွင် မိမိလုံ့လပယောဂဖြင့် သတ္တဝါ သေဆုံးသွားသော်လည်း သတ်လိုသောစေတနာ မရှိပါက ပါဏာတိပါတကံ မထိုက်သကဲ့သို့ သတ်လိုသော စေတနာရှိသော်လည်း သတ္တဝါ မသေဆုံးပါကလည်း ပါဏာတိပါတကံ မထိုက်ချေ။

ဥပမာဆိုရသော် လမ်းသွားရင်း မတော်တဆနင်းမိ၍ ပိုးကောင်ကလေးများ သေသွားကြရာ၌လည်းကောင်း၊ တစ်ခုခုပြုလုပ်စဉ် မတော်တဆ ထိခိုက်မိ၍ ပိုးမွှားကလေးများ သေသွားကြရာ၌လည်းကောင်း သတ်လို သေစေလိုသော စေတနာမရှိသောကြောင့် ပါဏာတိပါတ

ကမ္မပထ မမြောက်ပါ။ ထင်ရှားစေဦး အံ့။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က မျက်စိနှစ်ကွင်း အလင်း မရသော စက္ခုပါလမထေရ်မြတ်သည် မိုး ရွာပြီး စ ညတစ်ညဌ် နှနက်စောစောထ၍ စင်္ကြံလျှောက်မှုရာ ပိုး ကောင်ကလေး များ ကို နင်း မိ၍ ပိုးကောင် အမြောက်အမြား သေကျေပျက်စီး ကြရ၏။ ထိုအကြောင်း ကို ရဟန်း အချို့တို့ သိရှိကြ၍ ဘုရား ရှင်အား လျှောက်ထား ရာ ဘုရား ရှင်က "ရဟန်း တို့-ရဟန္တာပုဂ္ဂိုလ်တို့အား သေစေလိုသော စေတနာမရှိ"ဟု မိန့်ကြား တော်မူ၏။ ထို့ကြောင့် ထိုစက္ခုပါလမထေရ်အား ပါဏာတိပါတကံ မထိုက်ချေဟု ဓမ္မပဒ အဋ္ဌကထာ၌ လာ၏။

ထိုပြင် မြတ်စွာဘုရား လက်ထက်မှာပင် ကအား လျော်စွာ မုဆိုး တစ်ယောက်နှင့် သင်မြတ်ကာ ပေါင်း သင်း နေထိုင်ရသည့် သောတာပန်သူဌေး သမီး တစ်ဦး ရှိခဲ့ဖူး ၏။ ထိုအမျိုး သမီး သည် မုဆိုး ကတော် ဖြစ်သည်အတိုင်း မုဆိုး ကြီး တောသို့သွားခါနီး တွင် လေး , မြား , လှံ, ပိုက်ကွန် စသည်တို့ကို အမြဲယူဆောင်ပေး ရ၏။ မုဆိုး ကြီး သည် ဇနီး သည် ပြင်ဆင်ပေး သော လက်နက်ကိရိယာ တန်ဆာပလာတို့ဖြင့် သတ္တဝါတို့ကို သတ်၏။ သို့ရာတွင် ဇနီး သည်မှာ သောတာပန်ဖြစ်သည်အတိုင်း သတ္တဝါတို့ကို သေစေလိုသော စေတနာ အလျှင်း မရှိ။ ခင်ပွန်း သည်၏စကား ကို လိုက်နာသောအားဖြင့် ဝတ္တရား အရ ယူဆောင်ပေး ရခြင်း ဖြစ်၍ ပါဏာတိပါတကံ မထိုက်ပါ။ ကျမ်း ဂန်များ ၌ "လက်၌ အနာမရှိက အဆိပ်ကိုကိုင်သော်လည်း အဆိပ်မသင့်သည်နှင့်တူ၏" ဟု မိန့်ဆိုထား ၏။

ထိုအတူ မုဆိုး ၏ စေခိုင်း မှုကြောင့် တွန်းသံပေး ကြရသော တယ်ခါ၊ တယ်ကြက် စသည်တို့မှာလည်း သေစေလိုသော စေတနာ မရှိသောကြောင့် ပါဏာတိပါတ ကမ္မပထ မမြောက်ပါ။ တိတ္တိရဇာတ်တော်၌ မုဆိုး ၏ တယ်ခါကလေး က "အကျွန်ုပ် တွန်သံပေး လိုက်တဲ့အခါ တို့အမျိုး ရှိတယ်ဆိုပြီး ခါများ စွာတို့ ကျွန်ုပ်ထံ လာကြ၍ မုဆိုး ရဲ့

အသတ်ခံကြရပါတယ်။ ဒီလိုအသတ်ခံရတဲ့နေရာမှာ ကျွန်ုပ်အား ပါဏာတိပါတကံ ဖြစ်လေသလားလို့ ယုံမှားသံသယ ဖြစ်မိပါတယ်" ဟု ဘုရားလောင်းရသေ့ကို လျှောက်ထားသတဲ့။ ရသေ့က "ငါ့အသံကို ကြားလို့ ငါ့အဆင်းကိုမြင်လို့ ခါ, ငှက်တွေရောက်လာကြ၊ အဖမ်းခံ ကြရပါစေ၊ အသတ်ခံကြရပါစေဟု သင့်မှာ စိတ်ရှိသလား"ဟု မေး သည့်အခါ ခါကလေးက "ဒီလိုစိတ်မျိုး မရှိပါဘုရား"ဟု ပြန်လျှောက် သည်။ ထိုအခါ ဘုရားလောင်းရသေ့က "သင့်မှာ သေစေလိုတဲ့စိတ်မျိုး မရှိရင် မကောင်းမှု အကုသိုလ်ကံ မဖြစ်ပါ။ သေစေလိုတဲ့ စေတနာမျိုး ရှိမှသာ ပါဏာတိပါတဆိုတဲ့ မကောင်းမှုကံ ဖြစ်ပါတယ်။ ထိုစေတနာ မျိုး မရှိက မကောင်းမှုကံ မဖြစ်ပါ" စသည်ဖြင့် ဇာတ်အဋ္ဌကထာ၌ မိန့်ဆိုထားပေသည်။

ယင်းသို့ ကုသိုလ်ကံ, အကုသိုလ်ကံအရာတို့၌ စေတနာအရေးကြီး သည့်အတွက် "ရဟန်းတို့...စေတနာကို ကံဟူ၍ ငါဘုရား ဟော တော်မူ၏။ စေတနာက စေ့ဆော်တိုက်တွန်းသောကြောင့် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ရ၏"ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာ ဘုရား ဟောကြားတော်မူထားခြင်း ဖြစ်သည်။ ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးကလည်း "ကိုယ်, နှုတ်နှစ်ဖြာ၊ ပြုကျင့်ရာ၊ စေတနာပါမှ၊ အပုညနှင့်၊ ပုညစင်စစ်၊ ကံဟုဖြစ်၏။ သားချစ်မှတ်ရာ၊ တိမ်ညင်ခါနှင့်၊ သောတာပန်မ၊ လုဒ္ဒကမျိုး၊ မုဆိုးကတော်၊ ထုတ်ဖော် အတိတ်၊ အာဂုံဟိတ်ဖြင့်၊ စိတ်စေတနာ၊ ကင်းမပါက၊ အနာမဲ့လက်၊ ဆိပ်မတက်သို့၊ သူ့သက်တစိ၊ သေတုံဘိလည်း၊ ပါဏာတိပါတော၊ ဖြစ်မဟောဘူ"ဟု မိန့်ဆိုထားပေသည်။

## မိမိကိုယ်ကို မိမိသတ်ရာ၌ ကံမြောက်,မမြောက်

လောက၌ အချို့သောပုဂ္ဂိုလ်တို့သည် တစ်စုံတစ်ခုသော အကြောင်း ကြောင့် ဆွဲကြိုးချ၍ဖြစ်စေ၊ အဆိပ်သောက်၍ဖြစ်စေ၊ သေနတ်ဖြင့်

ပစ်၍ဖြစ်စေ၊ ဓားလှ စသော လက်နက်တို့ဖြင့် ထိုးခုတ်၍ဖြစ်စေ မိမိကိုယ်ကို မိမိ သတ်သေလေ့ရှိကြသည်။ ထိုသို့ သတ်သေကြရာ၌ သတ်သေသူများ၌ ပါဏာတိပါတက မမြောက်ဟု ကျမ်းဂန်များ၌ ဆိုကြ၏။ သာရတ္ထဒီပနီဋီကာ၊ ဝိမတိ ဝိနောဒနီ ဋီကာကြီးတို့၌ "မိမိမှတစ်ပါး သောသတ္တဝါဟု မှတ်ထင်ခြင်း အင်္ဂါလက္ခဏာ" ချွတ်ယွင်းခြင်းကြောင့် ပါဏာတိပါတကမမြောက်ဟု မိန့်ဆိုတော်မူကြ၏။ သယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ပရမတ္ထဒီပနီဋီကာကြီး၌လည်း "မိမိကိုယ်ကို မိမိ သတ်ရာ၌ ပါဏာတိပါတ မဖြစ်"ဟု မိန့်ဆိုထား၏။

ဤအကြောင်းအရာနှင့် ပတ်သက်၍ မင်းကွန်းအလယ်တောရ အရည်ဝါသီ ဆရာတော်ဘုရားကြီးက ဤသို့မေး၍ မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ ဖြေဆိုထားပေသည်။

**မေး။ ။ သတ္တဝါဇီဝိတကို သတ်သည်ပ မှန်မသွေ။ အင်္ဂါးဖြာစုံ၊ လုံလောက်လျက်၊ ကံမြောက်ပေ။ အိပ်မက်လည်း မဟုတ်ချေ၊ စေ့ရေပင် ကြံဆ။ ဘယ်သူ့ကို ဘယ်နှယ်သတ် မှတ်သိချင်လှ။**

ဖြေ။ ။ သတ္တဝါဇီဝိတကို၊ သတ်သည်ပ မှန်မသွေ။ အင်္ဂါးဖြာစုံ၊ လုံလောက်လျက်၊ ကံမြောက်ပေ။ အိပ်မက်လည်း မဟုတ်ချေ။ ကယ်ပင်လေ မှန်လှ။ ကိုယ့်ရှင်ကို ကိုယ်ပင်သတ်တယ်၊ မှတ်လေမုချ။

အရိယာဖြစ်မည်ဆဲဆဲသူများပင် မိမိတို့ကိုယ်ကိုမိမိတို့ သတ်ကြကုန်၏။ ကမ္မပထမမြောက်။ ဂေါဓိကဝတ္ထု စသည်တို့၌ ထင်ရှား၏ဟု ဖြေကြားတော်မူ၏။

## ဂေါဓိကမထေရ်

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း

တိုက်၌ သီတင်းသုံးတော်မူစဉ် အရှင်ဂေါဓိကသည် ဣသိဂိလိကျောက်ဘေးရှိ ကျောက်ဖျာညိုပေါ်တွင် သီတင်းသုံးကာ တရားအားထုတ်နေသတဲ့။ အရှင်ဂေါဓိကသည် ပြင်းထန်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယဖြင့် အားထုတ်ရာ စေတောဝိမုတ္တိခေါ် လောကီဈာန်ကို ရ၏။ သို့ရာတွင် အမြဲစွဲကပ်နေသည့်ရောဂါကြောင့် ဈာန်ကို အထပ်ထပ် မသုံးသပ်နိုင်သဖြင့် ရပြီးဈာန်မှ လျှောကျသွား၏။ ဤနည်းဖြင့် ဈာန်ပြန်ရလိုက် လျှောကျလိုက် ဖြစ်နေသည်မှာ (၆)ကြိမ်ရှိခဲ့ပေပြီ။

ထို့ကြောင့် (၇)ကြိမ်မြောက် ဈာန်အရတွင် "ဈာန်လက်မဲ့သေရသူ၏ ဂတိသည် မမြဲ၊ ငါသည် ဈာန်မလျှောမီ မိမိကိုယ်ကို အဆုံးစီရင်ရရင် ကောင်းမယ်"ဟု ကြံကာ ဒေါင်းစောင်း၌ လဲလျောင်းပြီး လည်ပင်းကို သင်ခုန်းဓားဖြင့် လှီး၏။ ဖြစ်ပေါ်လာသည့် ပြင်းထန်သော ဝေဒနာကိုပင် သတိပညာဖြင့် သိမ်းဆည်း၍ မူလကမ္မဋ္ဌာန်းကို ဆင်ခြင်သုံးသပ်တော်မူရာ စုတေချိန်နှင့် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ချိန်သည် တစ်ချိန်တည်းဖြစ်ကာ ပရိနိဗ္ဗာန်စံတော်မူလေသည်ဟု သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဂေါဓိကသုတ်နှင့် ဓမ္မပဒ ပါဠိအဋ္ဌကထာ ဂေါဓိကဝတ္ထုတို့၌ လာရှိပေသည်။

## ဤသိက္ခာပုဒ် ပျက်မှု၊ ညစ်နွမ်းမှု (၄)ပါး

ဤပါဏာတိပါတသိက္ခာပုဒ်ပျက်မှု၊ ညစ်နွမ်းမှု(၄)မျိုးကို ပါဏာတိပါက ဒုစရိုက်ကံလေးမျိုးဟုလည်း ခေါ်သည်။ ဤ(၄)မျိုးကို အင်္ဂုတ္တရနိကာယ်၊ စတုက္កနိပါတ်၊ ကမ္မပထဝဂ်၊ ပါဏာတိပါတိသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူထားပါသည်။ ထိုဒုစရိုက်ကံ(၄)မျိုးမှာ–

၁။ ကိုယ်တိုင်ပြုလုပ်သောကံ (သာဟတ္ထိက)

၂။ သူတစ်ပါးကို ပြုလုပ်စေသောကံ (အာဏတ္တိက)

၃။ ထိုကံနှင့်စပ်၍ ရနိုင်သော လောကီကျိုးတို့ကို ချီးမွမ်းပြောဆိုသော ကံ (ဝဏ္ဏဘာသန)

၄။ သူတစ်ပါး တို့ အလိုအလျောက် ကပြုနေသည်ကို နှစ်သက်သဘောတူသောကံ (သမနုညာ)တို့ ဖြစ်သည်။

ပါဏာတိပါတဒုစရိုက်၌ ၄ ပါး ပြား သကဲ့သို့ ကျန်ဒုစရိုက်များ၌လည်း ၄ ပါး စီပြား ရကား ဒုစရိုက်(၁၀)ပါး မှ ဒုစရိုက်(၄၀) ဖြစ်လာသည်။ ထို့ကြောင့် "ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်း ၊ စိတ်တူ၊ ပွားပြန်မှု၊ မှတ်ယူ လေးဆယ်က" ဟု မိန့်ဆိုကြခြင်း ဖြစ်သည်။

ထို(၄)မျိုး တွင် ကိုယ်တိုင်ပြုလုပ်သော ကံကား ထင်ရှား၏။ အမှတ်(၂) သူတစ်ပါး ကို ပြုလုပ်စေသော ကံအကြောင်း ကို အနည်းငယ် တင်ပြပါမည်။ ဗုဒ္ဓဘာသာဝင် အမည်ခံသူတို့ ဆွမ်းကျွေး စသော ဒါနမှုကို ပြုကြရာတွင် ဒံပေါက်ထမင်း ကို အော်ဒါမှာ၍ ဆက်ကပ်ကျွေး မွေး လေ့ရှိကြ၏။ ဒံပေါက်ထမင်းကို အော်ဒါမှာခြင်း မှာ ထိုထမင်းချက်ရန်အတွက် ကြက် စသည့် သတ္တဝါများ ကို သတ်ခိုင်း ရာရောက်သောကြောင့် ကိုယ်တိုင်သတ်သည်နှင့်မခြား ပါဏာတိပါတ အကုသိုလ်ကံများဖြစ်၏။ သို့သော် အော်ဒါမမှာဘဲ ကြုံသလို ဒံပေါက်ထမင်းဝယ်ပြီး ကျွေး မွေး လှူဒါန်း ရာ၌ကား ပါဏာတိပါတကံ မဖြစ်ပါ။ အော်ဒါမှာမှု တိုက်တွန်း စေခိုင်းမှုသာ ပဓာနဖြစ်ပါသည်။ ဤအချက်ကို အလေးအနက် သတိထားသင့်ကြ၏။

အမှတ်(၃)အရ ဝဏ္ဏဘာသန ကံဖြစ်ပုံမှာ–

"တံငါလုပ်၍ မည်သူ ပစ္စည်း ချမ်းသာသည် ဝက်မွေး၊ ကြက်မွေး၊ ငါးမွေး ၍ မည်သူ ပစ္စည်းချမ်းသာသည် အစရှိသည်ဖြင့် ချီးမွမ်းစကား ပြောကြားခြင်း ဖြစ်၏။ ထိုသို့ ချီးမွမ်း ပြောဆိုခြင်းသည် သိက္ခာပုဒ် ပျက်ခြင်း၊ ညစ်နွမ်း ခြင်း နှစ်မျိုးနှင့်ဆိုင်၏။ မိမိပြောဆိုသံကို ကြားသူတို့သည် ထိုအလုပ်မျိုးကို လုပ်ကြလိမ့်မည်ဟု ရည်သန်၍ ချီးမွမ်း ရာ၌ ကြားသူတို့ လုပ်ဖြစ်ခဲ့လျှင် ချီး မွမ်းသူမှာ ပါဏာတိပါတကံ ထိုက်၏။ သိက္ခာပုဒ်ပျက်၏။ ကြားသူတို့ မလုပ်ဖြစ်ကြလျှင် သိက္ခာပုဒ် ညစ်နွမ်း၏။ မရည်မသန်ဘဲ သာမန်အနေဖြင့် ချီး မွမ်းခဲ့လျှင် ကြားသူတို့

လုပ်ကြသည်ဖြစ်စေ၊ မလုပ်ကြသည်ဖြစ်စေ သိက္ခာပုဒ်ညစ်နွမ်းမှုသာ ဖြစ်၏။

အမှတ်(၄)၌ မည်သည့်ဓားပြ၊ သူခိုး၊ လူဆိုးကို အစိုးရဖမ်း၍ ကြိုးပေးလိုက်ပြီဟု ကြားရလျှင် သဘောကျနှစ်သက်ခြင်း၊ ရွာများကို ဝင်ရောက်ဖျက်ဆီးလေ့ရှိသော မည်သည့် ဆင်ဆိုး ကျားဆိုး စသည်တို့ကို မည်သူ သတ်ပစ်လိုက်ပြီဟု ကြား၍ အားရဝမ်းသာရှိခြင်း၊ မိမိရန်သူ, မိမိမုန်းသူသည် မည်သည့်အနာရောဂါနှင့် သေရှာပြီဆိုလျှင် နှစ်သက်သဘောကျခြင်း၊ သတ္တဝါတစ်ဦးဦးကို သတ်နေသည်ကို မြင်ရ၊ ကြားရရာ၌ နှစ်သက်သဘောကျဝမ်းမြောက်ခြင်း၊ အယုတ်ဆုံး မိမိကို နှိပ်စက်သည့် မှက်, ခြင်, သန်း, ကြမ်းပိုး စသည်တို့ သေဆုံးပျောက်ကွယ်ရာ၌ နှစ်လိုခြင်း စသည်တို့ကြောင့် ပါဏာတိပါတကံမဖြစ်၊ သိက္ခာပုဒ်မပျက်သော်လည်း သိက္ခာပုဒ်ညစ်နွမ်း၏။

တရားသူကြီးများက တရားခံများကို သေဒဏ်စီရင်ချက် ချမှတ်ရာ၌ ပါဏာတိပါတကံ ထိုက်,မထိုက် စဉ်းစားစရာရှိ၏။ တရားသူကြီးတို့မှာ တာဝန်ဝတ္တရားအရ ဆောင်ရွက်ရသူများဖြစ်၍ တရားခံကို သေဒဏ် စီရင်ချက်ချရာ၌ သေစေလိုသော စိတ်စေတနာရှိဖို့ရာ မသေချာ၊ အကြောင်း အားလျော်စွာ အချို့မှာ မရှိသော်လည်း အချို့မှာ ရှိချင်ရှိပေမည်။ ဖရသဝါစာ အခန်း၌မူ တရားသူကြီးက သတ်ဖို့ရန် အမိန့်ချမှတ်ရာ၌ ပြုံးရွှင်သောမျက်နှာဖြင့် "ဤရာဇဝတ်သားကို ချမ်းသာစွာ သိပ်ထားလိုက်ကြ"ဟူသော စကားသည် သိမ်မွေ့ချိုသာသော်လည်း အတွင်းစေတနာက လွန်စွာကြမ်းသောကြောင့် ဖရသဝါစာကမ္မပထမြောက်သည်"ဟု ကျမ်းဂန်ဆိုသောကြောင့် သေစေလိုသော စိတ်စေတနာရှိသည့် တရားသူကြီးက များပေမည်။

တရားခံကို လူသတ်သမားတို့က ဧကန်မုချ သတ်မည်မှန်းသိလျက် သေဒဏ်ပေးခြင်းသည် တရားခံကို သတ်ရန် တရားသူကြီးက သဘောတူရာ ရောက်၏။ ထို့ကြောင့် တရားသူကြီးမှာ ပါဏာတိပါတကံ

ထိုက်သည်ဟု ဆိုဖြစ်ကြသည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

သူတစ်ပါးအသက်ကို သတ်ရာ၌ အပြစ်ကြီးလေ ပုံ၊ အပြစ်သေးငယ်ပုံတို့ကိုလည်း စုံလင်စွာ သိထားသင့်ကြ၏။ လူနှင့် တိရစ္ဆာန်တို့တွင် သီလ စသော ဂုဏ်များ ရှိသည် လူသတ္တဝါကို သတ်သည်က ပို၍အပြစ်ကြီး၏။

တိရစ္ဆာန်ကို သတ်ရာ၌ အသတ်ခံရသော သတ္တဝါ၏ ခန္ဓာကိုယ် အကြီး အသေးအလိုက် အပြစ်အကြီးအသေး ကွာခြား၏။ ခန္ဓာကိုယ်သေးသော တိရစ္ဆာန်ကို သတ်ရာ၌ အားထုတ်မှုလုံ့လပယောဂ အလွန်မစိုက်ရ၍ သေစေလိုသောစေတနာဖြစ်ကြိမ် နည်းသည်အတွက် အပြစ်သေးငယ်၏။ ခန္ဓာကိုယ်ကြီးသော တိရစ္ဆာန်ကို သတ်ရာ၌မူ အားထုတ်မှုလုံ့လပယောဂ အလွန်စိုက်ရ၍ သေစေလိုသောစေတနာဖြစ်ကြိမ်များသောကြောင့် အပြစ်ကြီး၏။

ခန္ဓာကိုယ်ငယ်သော တိရစ္ဆာန်နှင့် ခန္ဓာကိုယ်ကြီးသော တိရစ္ဆာန်တို့ကို သတ်ရာ၌ လုံ့လပယောဂအားထုတ်မှုချင်း တူနေစေကာမူ ခန္ဓာကိုယ်ကြီးသော တိရစ္ဆာန်ကို သတ်ခြင်းက ပို၍အပြစ်ကြီးသည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။ မူလဋီကာကျမ်း၌ကား ခန္ဓာကိုယ်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ သတ်ရာတွင် သေစေလိုသော စေတနာအားကြီးက အပြစ်ကြီး၏။ စေတနာအားသေးက အပြစ်သေးငယ်၏ဟု စေတနာပမာဏထား၍ မိန့်ကြားတော်မူ၏။

တိရစ္ဆာန်တို့ကိုသတ်ရာ၌ ပိုးရွခြပုန်းကိုသတ်ခြင်းထက် ထို့ထက်ကြီးသော တိရစ္ဆာန်ကိုသတ်ခြင်းက အပြစ်ကြီး၏။ ပိုးရွခြပုန်းထက်ကြီးသော တိရစ္ဆာန်ကို သတ်ခြင်းထက် ငှက်ကိုသတ်ခြင်းက ပိုအပြစ်ကြီး၏။ ငှက်ကိုသတ်ခြင်းထက် ဖွတ်ကိုသတ်ခြင်း၊ ဖွတ်ကိုသတ်ခြင်းထက် ယုန်ကိုသတ်ခြင်း၊ ယုတ်ကိုသတ်ခြင်းထက် သမင်ကိုသတ်ခြင်း၊

သမင်ကိုသတ်ခြင်းထက် နွားကိုသတ်ခြင်း၊ နွားကိုသတ်ခြင်းထက် မြင်းကိုသတ်ခြင်း၊ မြင်းကိုသတ်ခြင်းထက် ဆင်ကိုသတ်ခြင်းတို့က တစ်ဆင့်ထက်တစ်ဆင့် အပြစ်ကြီးကြသည်ဟု သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

လူများကို သတ်ရာ၌ အသတ်ခံရသောသူ၏ သီလ စသောဂုဏ် အကြီး အသေးကိုလိုက်၍ အပြစ်အကြီးအသေး ကွာခြားကြ၏။ သီလ စသော ဂုဏ်သေးငယ်သူကို သတ်ခြင်းထက် သီလစသော ဂုဏ် ကြီးမားသူကို သတ်ခြင်းက ပို၍အပြစ်ကြီးသည်။ အကယ်၍ အသတ်ခံ ရသူ လူပုဂ္ဂိုလ်နှစ်ဦးသည် သီလ စသော ဂုဏ်အာဖြင့်ဖြစ်စေ၊ ခန္ဓာ ကိုယ် အရွယ်ပမာဏအားဖြင့်ဖြစ်စေ တူညီနေခဲ့လျှင် သတ်သူ၏ ဒေါသ စသော ကိလေသာတို့ ပြင်းထန်မှု၊ မပြင်းထန်မှုနှင့် သတ်ရာ၌ လုံ့လပယောဂအားကြီးမှု အားသေးမှုပေါ် မူတည်၍ အပြစ်အကြီး အသေး ကွာခြား၏။ ဒေါသစသော ကိလေသာတို့ ပြင်းထန်လျှင် သော်လည်းကောင်း၊ အားထုတ်မှုလုံ့လပယောဂကြီးသော်လည်း ကောင်း အပြစ်ကြီးမား၍ ဒေါသ စသော ကိလေသာတို့ မပြင်းထန်လျှင်သော် လည်းကောင်း၊ အားထုတ်မှု လုံ့လပယောဂ သေးငယ်သော်လည်း ကောင်း အပြစ်ငယ်သည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာ စသည်တို့၌ ဖွင့်ဆိုထား၏။

လူသတ္တဝါကို သတ်ရာ၌ သီလစသော ဂုဏ်အလိုက် အပြစ်အကြီး အငယ် ကွာခြားပုံကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဤသို့ဖွင့်ဆို ထား၏။ ဆင်ကြီးကို သတ်ခြင်းထက် သီလမရှိသော လူသတ္တဝါကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ သီလမရှိသူ ဒုဿီလကို သတ်ခြင်းထက် နွားအကျင့်မျိုးကို ကျင့်လေ့ရှိသူကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ နွားအကျင့်မျိုး ကျင့်လေ့ရှိသူကို သတ်ခြင်းထက် သရဏဂုံတည်သော ပုဂ္ဂိုလ်ကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သာမဏေကိုသတ် ခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ပုထုဇဉ်ရဟန်းကို သတ်ခြင်းက

ပိုအပြစ်ကြီး၏။ ထို့ထက် သောတာပန်အရိယာကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သကဒါဂါမ်အရိယာကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် အနာဂါမ်အရိယာကို သတ်ခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ရဟန္တာပုဂ္ဂိုလ်ကို သတ်ခြင်းက ပို၍အလွန်အပြစ်ကြီးလှ၏။

## ပါဏာတိပါတကံ၏ ဆိုးကျိုးများ

ပါဏာတိပါတကံ၏ ဆိုးကျိုးများမှာ မုချဆိုးကျိုးခေါ် မူရင်းဆိုးကျိုး(ဖလ)နှင့် ဆိုးကျိုးဆက်ခေါ် အဖျားအနား ဆိုးကျိုး(အာနိသံသ)ဟူ၍ နှစ်မျိုးရှိ၏။ မုချဆိုးကျိုးမှာ မကောင်းသောဘဝတစ်ခုခု၌ ဖြစ်ခြင်း(ပဋိသန္ဓေ)အကျိုးဖြစ်၍ ဆိုးကျိုးဆက်မှာ ထိုမကောင်းသောဘဝ၌ ဆင်းရဲအမျိုးမျိုးတို့ကို ခံစားရခြင်း (ပဝတ္တိ)အကျိုးတို့ဖြစ်သည်။

သူတစ်ပါးအသက်ကို သတ်သူသည် ကမ္မပထမြောက်လျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဟူသော အပါယ်ဘုံတို့တွင် တစ်ဘုံဘုံ၌ ဖြစ်ရတတ်၏ (ပဋိသန္ဓေ)။ အကယ်၍ ကုသိုလ်ကံအလျောက် အပါယ်ဘုံတို့မှ လွတ်မြောက်၍ လူ့ဘဝသို့ ရောက်လာသည့်အခါ၌လည်း လူ့ဘဝ၌ ကြာရှည်စွာ မနေရ၊ အသက်တိုတတ် ၏(ပဝတ္တိကျိုး)ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုစ္စရိတဝိပါကသုတ်၌ ဟောကြားတော်မူထား၏။

ပါဏာတိပါတကံကို ပြုလုပ်သူသည် ယခုလက်ရှိဘဝ၌ပင် ဘေးရန်အမျိုးမျိုးနှင့် တွေ့ကြုံရတတ်၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတို့များစွာဖြစ်ရတတ်၏။ အာဏာပိုင်တို့၏ သတ်ခြင်း၊ ချုပ်နှောင်ခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်း စသော (ပဝတ္တိ)ဆိုးကျိုးများကိုလည်း ခံရတတ်၏ဟု အင်္ဂုတ္တိုရ်ပါဠိတော် ပဌမဝေရသုတ်၊ ရာဇသုတ်တို့၌ တွေ့ရှိရ၏။

ထို့ပြင် သူတစ်ပါးအသက်ကို သတ်သူသည် လူသတ္တဝါစသည် ဖြစ်သည့်အခါ၌လည်း

၁။ ခြေလက်စသော ကိုယ်အင်္ဂါချို့ယွင်းခြင်း၊
၂။ ရုပ်အသွင် မွဲခြောက်ပြီး စိုစိုပြည်ပြည်မရှိခြင်း၊
၃။ အားအင်ချို့ယွင်းခြင်း(အားနည်းခြင်း)၊
၄။ လျင်မြန်ဖျတ်လတ်မှုမရှိခြင်း၊
၅။ ဘေးရန်နှင့်ကြုံလာလျှင် ကြောက်ရွံ့တတ်ခြင်း၊
၆။ သူတစ်ပါးအသတ်ခံရခြင်း၊ သို့မဟုတ် ကိုယ့်ကိုယ်ကို သတ်သေခြင်း၊
၇။ အနာရောဂါ ထူပြောခြင်း၊
၈။ အခြွေအရံ ပျက်စီးခြင်း၊
၉။ အသက်တိုခြင်း

စသော ပဝတ္တိဆိုးကျိုးများ ဖြစ်တတ်သည်ဟု သာရတ္ထသင်္ဂဟအဋ္ဌကထာ၌ မိန့်ဆိုထား၏။ ဤအပြစ်များနှင့် ပတ်သက်၍ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အောက်ပါဆောင်ပုဒ်လင်္ကာကို စီကုံးထားခဲ့သည်။

**ဆောင်**။ ။ ပါဏာတိပါတ်၊ သူ့အသက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျှ၊ ပြစ်များလှသည်...ရှောင်ကအပြန်အကျိုးတည်။

ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား ပါဏာတိပါတကံကို ကျူးလွန်သူတို့သည် ၁ကောင်းသော ဒုဂ္ဂတိဘုံများ၌ ဖြစ်ခြင်းအကျိုးရှိ၏။ လူ့ဘုံစသော သုဂတိဘုံများ၌ လူ့ဘုံစသော သုဂတိဘုံများ၌ လူ စသည် ဖြစ်ရာ၌လည်း အလိုမရှိအပ်၊ မနှစ်သက်အပ်၊ စိတ်နှလုံးကို မတိုးပွားစေသော အကျိုးတရားတို့ကို ဖြစ်စေတတ်၏။ လက်ရှိဘဝနှင့် နောင်ဘဝသံသရာတို့၌လည်း ထိတ်လန့်ကြောက်ရွံ့တတ်ခြင်း စသော ဆိုးကျိုးများ ဖြစ်ပွားတတ်၏ဟု ဖွင့်ဆိုထား၏။

ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်၌လည်း "ဤလောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ သူတစ်ပါးအသက်ကို ရက်ရက်စက်စက်သတ်သောသူသည် အပါယ်ငရဲသို့ ကျရောက်ရ၏။ အပါယ်ငရဲမှ လွတ်၍ လူ့ဘဝ ရောက်လာလျှင်လည်း အသက်တိုရသည်။ ဤပါဏာတိပါတကံသည် အသက်တိုစေတတ်သည့် ကံဖြစ်သည်"ဟု သုဘလုလင်အား ဟောကြားထားသည်။

## ပါဏာတိပါတ အင်္ဂါမစုံသော်လည်း ကံထိုက်သူ

ဤအကြောင်းအရာနှင့် ပတ်သက်၍ မင်းကွန်းတောရ အရှင်ဝါသီ ဆရာတော်ဘုရားကြီးက–

"ကိုယ်တိုင်ပင် သူ့အသက်၊ သတ်ဖြတ်လျက် မသေပါ၊
အင်္ဂါဖြာ မစုံချို့ လွတ်ဖို့သင့်စွာ။
ထိုအရာ ကာယကံဖော်ပြ။
ကာယကံ ဘယ့်နှယ်မြောက်တယ်၊ ကျမ်းထောက်ပါမ"
ဟု မေးတော်မူသည်ကို မန်လည်ဆရာတော်ဘုရားကြီးက
"မြတ်သုံ့လူ့ဘုရားကို၊ ပြစ်မှာတဲ့အကြံ။
ကျောက်လုံးကို စက်ဆင်လို့၊ ကိုယ်တိုင်ပင်
ဒေဝဒတ်၊ ချသတ်သည့်ကံ။
ရွှေဝိညာဉ် ကြွေမချုပ်သော်လည်း၊
လောဟိတုပ္ပါဒန်ငယ်၊ ကာယကံဤသို့။
အင်္ဂုတ္တိုရ်ဋ္ဌကထာနှင့်၊ မဟာဝါ, ရွှေဝိဘင်း၊ ထင်လင်းဘဲကို"
ဟု ဖြေကြားတော်မူသည်။ အဓိပ္ပာယ်မှာ ဒေဝဒတ်သည် ကျောက်တုံးကြီးကို စက်ဆင်၍ လှိမ့်ချကာ ဘုရားရှင်ကို သေအောင်သတ်သော်လည်း ဘုရားရှင်မှာ သူတစ်ပါးလုံ့လဖြင့် မသေနိုင်သည့်အပြင် မပေါက်ကွဲနိုင်သော အရေတော်ရှိသဖြင့် သွေးစိမ်းတည်ရုံမျှသာ ဖြစ်ခဲ့၏။ ထိုလောဟိတုပ္ပါဒကကံသည် မသေ၍ ပါဏာတိပါတအင်္ဂါမစုံသော်

လည်း ကမ္ဘပထမမြောက်သည့် အာနန္ဒရိယ ကံကြီးဖြစ်သောကြောင့် သေသည်၏အခြားမဲ့၌ ဒေဝဒတ်သည် ငရဲသို့ကျရောက်ရခြင်း ဖြစ်လေသည်ဟု အဋ္ဌကထာသုံးစောင်မှာ မိန့်ဆိုထားကြောင်းဟု ဆိုလိုပေသည်။

### အင်္ဂါနှင့် အပြစ်ပြကဗျာ

- သူ့အသက်ကို သိလျက်သားနှင့်၊
  ဒေါသစိတ်ထား သေစေလို။
- လုံ့လပြုကာ သေအောင်သတ်က
  ပါဏာတိပါတ် အကုသိုလ်။
- လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
  အပါယ်ငရဲ ကျမည်ဆို။
- လူဖြစ်လျှင်လည်း ရောဂါစွဲ၊
  ဆင်းရဲအသက်တို။
  အဲဒါကြောင့် ပါဏာတိပါတ ရှောင်ကြပါစေလို။

## ၂။ အဒိန္နာဒါနကံအဖွင့်

ငါးပါးသီလ၌ ဒုတိယသိက္ခာပုဒ်မှာ "အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟုဆိုပြီး ဆောက်တည်ရမည့် အဒိန္နာဒါန သိက္ခာပုဒ် ဖြစ်၏။ ဗုဒ္ဓဘာသာဝင် လူကြီး၊ လူငယ်အများစုသည် ဤသိက္ခာပုဒ်ပါဠိကို မှန်ကန်အောင် မဆိုတတ်ကြချေ။ အဒိန္နာဒါနာဟု ဆိုရမည်ကို "အဒိန္နဒါနာ"ဟု ဆိုနေကြသည်။ န္နာ–ဟုဆိုရမည့်အစား "န္န"ဟု အများဆိုနေကြခြင်းဖြစ်သည်။ ပါဠိမမှန်လျှင် အနက်အဓိပ္ပာယ် လွဲမှားသွားသဖြင့် နှုတ်ကျိုးနေသည့်အတိုင်း မဆိုဘဲ အမှန်အတိုင်း ပြင်ဆင်ဆိုသင့်ကြ၏။ သိက္ခာပုဒ်၏ မြန်မာပြန်အပြည့်အစုံမှာ "ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သည့် သူတစ်ပါး ပစ္စည်းဥစ္စာကို

ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏”ဖြစ်သည်။ အတိုချုပ်မှာ “သူတစ်ပါးမပေးသည့်ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏”ဖြစ်၏။ (အဒိန္နာဒါန=အဒိန္န+အာဒါန။ အဒိန္န=ပိုင်ရှင် မပေး သည့် ဥစ္စာကို + အာဒါန = ခိုးယူခြင်း)

ဥစ္စာရှင်တို့က စာရေးသား၍ဖြစ်စေ၊ ကိုယ်လက်တို့ဖြင့် လှမ်းပေး၍ဖြစ်စေ၊ “ရော့...ယူတော့”ဟု နှုတ်ဖြင့်ဖြစ်စေ မပေးအပ်သော သူ့ဥစ္စာကို ခိုး၍ ဓားပြတိုက်၍ လိမ်လည်ညာဝါးပြောဆို၍ ယူမှုဟူသော ကိုယ်မှု နှုတ်မှုတို့ကို ဖြစ်စေတတ်သည့် မရိုးသားသော စေတနာကို “အဒိန္နာဒါန”ဟု ခေါ်ပေသည်။

**အင်္ဂါငါးပါး**

သူတစ်ပါးပိုင်ပစ္စည်းကို ခိုးယူရာ၌ ကမ္မပထမြောက်,မမြောက် သိရှိနိုင်ရန် ဤသိက္ခာပုဒ်၏ အင်္ဂါငါးပါးကို သိထားဖို့လိုပါသည်။ ထိုအင်္ဂါငါးပါးမှာ–

(၁) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဖြစ်ခြင်း၊
(၂) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဟု သိခြင်း၊
(၃) ခိုးယူလိုသည့်စိတ်ရှိခြင်း၊
(၄) ခိုးယူရန် ကိုယ်မှု နှုတ်မှု လုံ့လတစ်ခုခုကိုပြုခြင်း၊
(၅) ခိုးယူမှု အောင်မြင်ထမြောက်ခြင်းတို့ ဖြစ်ပါသည်။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှ ကမ္မပထမြောက်သည်။ အင်္ဂါတစ်ပါးပါး ချွတ်ယွင်းနေလျှင် ကမ္မပထ မမြောက်ချေ။

**တိရစ္ဆာန်ပိုင်ပစ္စည်းကို ယူခြင်း**

(၁) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဖြစ်ခြင်းဟူသော ပထမအင်္ဂါ၌ “သူတစ်ပါး” ဆိုသည်မှာ မိမိမှတစ်ပါး အခြား လူ, နတ်, တိရစ္ဆာန် သတ္တဝါတို့ ဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်နှင့် နတ်တို့ပိုင် ပစ္စည်းတို့ကို

ယူရာ၌ လူ့ပစ္စည်းကို ခိုးယူသကဲ့သို့ပင် အဒိန္နာဒါနကံထိုက်၏။ "တိရစ္ဆာန်တို့အား အစာကိုပေးခြင်း၌ ကုသိုလ်ဖြစ်သကဲ့သို့ ထိုတိရစ္ဆာန်တို့၏အစားအစာကို လုယူနေခြင်း၌ အကုသိုလ် ဖြစ်သည်သာတည်း" ဟု ဝိမတိဝိနောဒနီဋီကာ အဆိုအမိန့်အရ ကျီးကန်း၊ သိန်း၊ စွန်၊ ခွေး၊ ငှက် စသည့် တိရစ္ဆာန်များ ချီယူလာသည့် ခဲဖွယ်၊ စားဖွယ်၊ အသားတုံး စသည့် အစားအစာ ပစ္စည်းများကို ခြိမ်းခြောက်ယူရာ၌ အဒိန္နာဒါနကံထိုက်သည်။ သို့ရာတွင် "မြွေ စသည်တို့ ကိုက်ဖမ်းထားသည့် ဖား စသည်တို့ကိုမူ လွတ်အောင်ပြုခြင်းမှာ အပ်၏"ဟု ထိုဋီကာ၌ပင် မိန့်ဆိုထားသောကြောင့် သိန်း စွန် စသည်တို့ ချီလာသောအရာသည် အသက်ရှင်နေ သော ကြက်ငယ် စသော သတ္တဝါငယ်ကလေးများဖြစ်လျှင် ပုတ်ခတ်ခြိမ်းခြောက်ယူရာ၌ အဒိန္နာဒါနကံ မထိုက်ဟု ပရမတ္ထသရုပ်အနုဝဏ္ဏနာကျမ်းသစ် စသည်တို့၌ ဆုံးဖြတ်ထား၏။

ပါရာဇိကဏ်ပါဠိတော်၌ "တိရစ္ဆာန်တို့ သိမ်းဆည်းထားသော ဥစ္စာကို ယူရာ၌ ရဟန်းများ အာပတ်မသင့်"ဟု ခွင့်ပြုထား၏။ ပါရာဇိကဏ် အဋ္ဌကထာ၌ "သိန်း၊ စွန် စသော ငှက်တို့ ချီယူလာသည့် ခဲဖွယ်, စားဖွယ် သားတစ် စသည်တို့ကို ခြိမ်းခြောက်ယူရန် ရဟန်းတော်တို့အားအပ်၏"ဟု ဖွင့်ဆိုထား၏။ ထိုရဟန်းတို့အား ခွင့်ပြုချက်ကိုထောက်၍ လူများလည်း ထိုတိရစ္ဆာန်တို့ ယူဆောင်လာသည့် ပစ္စည်းကို လုယူကောင်း၏ဟု အချို့ပုဂ္ဂိုလ်တို့က ယူဆကြ၏။

ယင်းသို့ ယူဆခြင်းသည် အာဏာဒေသနာ (ဝိနည်း)နှင့် ပရမတ္ထဒေသနာ (အဘိဓမ္မာ)သဘောနှစ်ရပ်တို့ကို မခွဲခြားတတ်၍ဖြစ်သည်။ အကုသိုလ်ပြုရာ၌ ရဟန်းနှင့်လူတို့ မတူကြချေ။ ရဟန်းတော်တို့မှာ ပညတ်တော်ကို လွန်ကျူး သည့်အတွက် အပြစ်ကံတစ်ချက်၊ လောကဝဇ္ဇ(သဘာဝအားဖြင့် ဖြစ်သည့် အပြစ်)အတွက် အပြစ်ကံတစ်ချက် ဟူ၍ နှစ်မျိုးရှိသည်။ ဤနေရာ၌ ပညတ်တော်အတွက် အပြစ်မဖြစ်သော်ငြားလည်း လောကဝဇ္ဇအားဖြင့်ကား ကံထိုက်သည်ဟု ယူရမည်။

လူများအတွက်မှာမူ ဘုရားရှင် ပညတ်ချက်နှင့် မဆိုင်၍ ဖော်ပြပါ ပါရာဇိကဏ်ပါဠိတော်၊ အဋ္ဌကထာလာ ဟောကြားမိန့်ဆို ချက်များမှာ လူများအဖို့ မဟုတ်သဖြင့် အထက်ဖော်ပြပါအတိုင်း အဒိန္နာဒါနကံ ထိုက်ပေသည်။ တိရစ္ဆာန်တို့ ကိုက်ချီထားသည့် ပစ္စည်းကို ခြိမ်းခြောက် ယူမှသာ ကံထိုက်သည်။ တိရစ္ဆာန်များက ကိုက်ချီလာပြီး စွန့်ချပစ် ထားခဲ့သည့် ပစ္စည်းကိုမူ ပံ့သကူအဖြစ် ကောက်ယူရာ၌ ကံမထိုက်ပေ။

## နတ်ပိုင်ပစ္စည်းကို ယူခြင်း

နတ်တို့အား ရည်မှန်း၍ လှူဒါန်းပူဇော်ပသထားသည့် ပစ္စည်းတို့ကို ရဟန်းတို့ ယူအပ်၏ဟု ပါရာဇိကဏ်အဋ္ဌကထာ၌ မိန့်ဆိုထားချက်နှင့် ပတ်သက်၍ "ထိုနတ်တို့ကို ရည်မှန်း၍ ပူဇော်ပသထားသော ပစ္စည်း သည်လည်း အစောင့်အရှောက် ရက္ခိတ၊ ဂေါပိတ ပုဂ္ဂိုလ်မျိုး မရှိမှသာ ရဟန်းတို့ ယူကောင်းသည်"ဟု သာရတ္ထဒီပနီဋီကာ၊ ကင်္ခါဝိတရဏီ ဋီကာတို့၌ ထပ်ဆင့် မိန့်ဆိုထား၏။

ထိုမိန့်ဆိုချက်အရ လူတို့သည်လည်း နတ်တို့အား ပူဇော်ပသထား သည့် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်သူ ရက္ခိတ၊ ဂေါပိတ ပုဂ္ဂိုလ်မရှိလျှင် ယူကောင်းသည်၊ အပြစ်မရှိဟု ကျမ်းဂန်တတ် ဆရာ တော်ဘုရားကြီးများ ဆုံးဖြတ်ထားကြသည်။

## ဘုရားဆင်းတုတော်ကိုယူခြင်း

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကိုးကွယ်ပူဇော်နေကြသော ဘုရား ဆင်းတုတော်၊ စေတီတော်တို့သည်လည်း ဂေါပိတ၊ ရက္ခိတ အစောင့် အရှောက်ရှိသော ဆင်းတုတော်၊ စေတီတော်၊ ဂေါပိတ၊ ရက္ခိတ အစောင့်အရှောက်မရှိသော ရုပ်တုတော် စေတီတော်ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ဂေါပိတ၊ ရက္ခိတ အစောင့်အရှောက်ရှိသော ရုပ်တုတော်၊ စေတီယတို့ကို ခိုးယူရာ၌ နတ်တင်ထားသည့် ပစ္စည်းကဲ့သို့ပင်

ထိန်းသိမ်းစောင့်ရှောက်သူ ထင်ရှားရှိသောကြောင့် အဒိန္နာဒါနကံ ထိုက်သည်။ ဂေါပိတ၊ ရက္ခိတ အစောင့်အရှောက်မရှိသော ရုပ်တုတော်၊ စေတီငယ်နှင့် ဆင်းတုတော်တို့ကို ခိုးယူရာ၌ ထိန်းသိမ်းစောင့်ရှောက်သည့်သူ မရှိသောကြောင့် အဒိန္နာဒါနကံမထိုက်ဟု အဆုံးအဖြတ်ရှိပေသည်။

ထို့အတူ ဂေါပိတ၊ ရက္ခိတ ထိန်းသိမ်းစောင့်ရှောက်သူ (ဘဏ္ဍာတော်ထိန်း) မရှိသော စေတီပုထိုး စသည်တို့၌ လှူဒါန်းထားသော ဘုရားပစ္စည်း(ဗုဒ္ဓသန္တက) ကို ခိုးယူခြင်း၊ ဘုရားမှရွှေကို ခွာယူခြင်း၊ ဌာပနာတိုက် ဖောက်ယူခြင်းတို့၌ အဒိန္နာဒါနကံကား မထိုက်ပေ။ သို့ရာတွင် ဖျက်ဆီး ပြစ်မှားလိုသော (ပဒုဋ္ဌ) စိတ်ဖြင့် ပြုလုပ်သော အမှုဖြစ်၍ ဘုရားရှင်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးဖြင့် လှိမ့်ချသတ်သော ဒေဝဒတ်၏ လောဟိတုပ္ပါဒကကံကြီးလောက်နီးနီး အလွန်ကြီးလေးသော အကုသိုလ်ပြစ် ဖြစ်ပေသည်။ ထို့ကြောင့် ထိုအမှုမျိုးကို မကျူးလွန်မိရန် သတိထားသင့်ကြသည်ဟု ဆရာတော်ဘုရားကြီးများ မိန့်ကြားတော်မူကြ၏။

(၂) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဟု သိခြင်းအင်္ဂါ၌ ပိုင်ရှင်ရှိသည့်ပစ္စည်းပင် ဖြစ်စေကာမူ ပိုင်ရှင်ရှိမှန်းသိလျက် ခိုးယူမှသာ ဤအင်္ဂါမြောက်ပါသည်။ ကိုယ့်ပစ္စည်းထင်၍ဖြစ်စေ၊ ပုံသုကူပစ္စည်းထင်၍ဖြစ်စေ ယူလျှင် ဤအင်္ဂါမမြောက်ပါ။ သို့ရာတွင် ပိုင်ရှင်ရှိမှန်းသိသောအခါ ပြန်ပေးရမည်။ ပစ္စည်းကို သုံးစွဲပြီးဖြစ်ပါက အစားပြန်ပေးရမည်။ မပေးလျှင် ဤအင်္ဂါမြောက်ပါသည်။

(၃) ခိုးယူလိုစိတ်ရှိခြင်း အင်္ဂါ၌ ပိုင်ရှင်ရှိသော ပစ္စည်းမှန်းသိသော်လည်း ခိုးလိုသောစိတ် (ဝါ) မရိုးသားသော စိတ်စေတနာဖြင့် ယူမှသာလျှင် ဤအင်္ဂါမြောက်ပါသည်။ ခိုးလိုသော စိတ်မရှိဘဲ ပစ္စည်းရှင်နှင့် အကျွမ်းတဝင် ရင်းနှီး (ဝိဿာ

သင်္ဂါဟ)ဖြစ်၍ ပစ္စည်းရှင်မသိဘဲ ယူရာ၌ဖြစ်စေ၊ ခဏာ ခေတ္တငှားရမ် သည့် (တာဝကာလိက)အနေဖြင့် ယူရာ၌ ဖြစ်စေ ဤအင်္ဂါမမြောက်ပါ။ သို့သော် ပစ္စည်းရှင်တို့က မကျေနပ်၍ ပြန်တောင်းလျှင် ပြန်ပေးရမည်။ မပေးလျှင် ဤအင်္ဂါ မြောက်တော့၏။

(င) ခိုးယူရန် ကိုယ်မှု၊ နှုတ်မှု၊ လုံ့လတစ်ခုခုကို ပြုခြင်းအင်္ဂါ၌ ကိုယ်မှု၊ နှုတ်မှု၊ တို့တွင် တစ်ခုခုဖြင့် အားထုတ်မှ ဤအင်္ဂါ မြောက်ပါသည်။ ဤအင်္ဂါနှင့် ပတ်သက်၍ အားထုတ်နည်း (ပယောဂ) ၆ မျိုးကို သိထားသည့်၏။ သူတစ်ပါးတို့က ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ မပေးသော ပစ္စည်းကို မိမိလက်ဖြင့် ကိုယ်တိုင်ခိုးယူခြင်း (သာဟတ္ထိက ပယောဂ)၊ အကောက်ခွန်ဆောင်ရမည့် ဌာနသို့ရောက်သည့်အခါ အခွန် မဆောင်လိုသဖြင့် အခွန်ဆောင်ရမည့်ပစ္စည်းကို အခွန်လွတ် ရာဌာနသို့ တိတ်တဆိတ် ပစ်လွှင့်၍ ခိုးခြင်း (နိဿဂ္ဂိယ ပယောဂ)၊ အချိန်ကာလ မသတ်မှတ်ဘဲ နောင်ခိုးနိုင်သည့် အချိန်တွင် ခိုးပါဟု စေခိုင်းခြင်းနှင့် သူတစ်ပါးပိုင် ဆီအိုး စသည်တို့၌ ဆီကိုစုပ်ယူရန် ပုဆိုးပိုင်း စသည်တို့ကို ထည့် ထားခြင်း (ထာဝရပယောဂ)၊ တစ်စုံတစ်ခုသော မန္တန်၊ ဆေးဝါး စသော အတတ်ပညာမျိုးဖြင့် ခိုးယူခြင်း (ဝိဇ္ဇာ ပယောဂ)၊ ကမ္မဇိဒ္ဓိ (ကံကြောင့်ဖြစ်သော တန်ခိုး) တန်ခိုး ဖြင့် ခိုးယူခြင်း ဟူ၍ ပယောဂ ခြောက်မျိုး ရှိသည်။

ဤအင်္ဂါရပ်၌ ခိုးပုံခိုးနည်း ငါး-မျိုးတို့ကို ခုဒ္ဒက ပါဌအဋ္ဌကထာ၌ ဤသို့ဖွင့်ဆိုထား၏။

(က) နံရံတံခါး စသည်တို့ကို ချိုဖောက်ဝင်၍ ခိုးခြင်း၊ ပိုင်ရှင် အလစ်တွင် အိမ်ထဲဝင်ပြီး ခိုးခြင်း၊ လိမ်လည်ညာဖြန်း၍ လှည့်ပတ်ယူခြင်း၊ အစစ်ကို အတုနှင့် လဲလှယ်ယူခြင်း၊

ခါ ပိုက်နှိုက်ယူခြင်း၊ ဈေးရောင်းရာတွင် ရောင်းကုန်တိုး အောင် ရေထိုးခြင်း၊ မပြည့်သည့် တင်း, တောင်း, အလေး ချိန်ခွင်တို့ဖြင့် မရိုးမသား လှည့်စားချိန်တွယ် ရောင်းခြင်း၊ ကျပ်ပြားတု၊ ငွေစက္ကူတုတို့ဖြင့် ရောင်းဝယ်ခြင်း စသည်တို့ သည် "ထေယျာဝဟာရ"ခိုးနည်းဖြစ်၏။

(ခ) လုယက်ယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ အနုကြမ်းစီးယူခြင်း၊ ပိုင်ရှင် သဘောမတူဘဲ အဓမ္မသိမ်းယူခြင်း၊ လာဘ်စားခြင်း စသည်တို့သည် ဥစ္စာရှင် မကျေနပ်ဘဲ အနိုင်အထက်ပြုမူ၍ ယူခြင်းကြောင့် "ပသယှ ဝဟာရ" ခိုးနည်းဖြစ်၏။

(ဂ) သူတစ်ပါးတို့ ခေတ္တချထားသည့် ပစ္စည်းတို့ကို ဥစ္စာရှင် မရှိခိုက်၊ မြေ, မြက်, သစ်ရွက် စသည်တို့ဖြင့် ဖုံးဖိထားပြီးမှ ခိုးယူခြင်းကို "ပဋိစ္ဆန္နာဝဟာရ"ခိုးခြင်းခေါ်၏။

(ဃ) ဥစ္စာထည့်ထားသောသေတ္တာ စသည်ကို ဖွင့်လျက် ရွှေ, ငွေဖြစ်လျှင် ယူမည်၊ အဝတ်အထည်တွေ့လျှင် မယူဟု ဥစ္စာကို ကြံ၍ ခိုးခြင်း၊ ဤကျောင်း၊ ဤအိမ်အတွင်း၌ ဥစ္စာရှင်မြင်လျှင် ကြည့်ချင်ယောင် ဆောင်မည်၊ မမြင်လျှင် ယူမည်ဟု နေရာကိုကြံ၍ ခိုးခြင်းမျိုးကို "ပရိကပ္ပါဝ ဟာရ"ခိုးခြင်းဟု ခေါ်သည်။

(င) စာရင်းလိမ်၍ခိုးခြင်း၊ နာမည်ပြောင်း၍ ခိုးခြင်းတို့ကို "ကုသာဝ ဟာရ"ဟု ခေါ်သည်။ ဤခိုးခြင်း ၅ ပါးအပြင် အခြားခိုးခြင်း(၂၀)လည်း ရှိသေးသည်။

(၅) ခိုးယူမှု အောင်မြင်ထမြောက်ခြင်း အင်္ဂါ၌ ခိုးယူဖို့ရန် အားထုတ် သော်လည်း မိမိအားထုတ်မှုကြောင့် ဥစ္စာပစ္စည်းရရှိလာမှသာလျှင် ဤအင်္ဂါ မြောက်ပါသည်။ ပစ္စည်းမရလျှင် အင်္ဂါမမြောက်ပါ။

## သတိထားစရာ အဒိန္နာဒါန

ဤအဒိန္နာဒါန သိက္ခာပုဒ်သည် အလွန်သိမ်မွေ့၍ ပျက်လွယ်တတ်၏။ မိမိကိုယ်တိုင် သိက္ခာပုဒ် ပျက်သွားသည်ကိုပင် တစ်ခါတစ်ရံ မသိလိုက်အောင် ပျက်လွယ်၏။ သတိနှင့် စောင့်ထိန်းမှု(သတိသံဝရ) မရှိလျှင် ပျက်တတ်သည့် သိက္ခာပုဒ်ဖြစ်၏။ ဥပမာ–သတ်မှတ်ထားသည့် အခကြေးငွေဖြင့် ပြေးဆွဲနေသည့် ဘတ်စ်ကားပေါ် တက်စီးပြီး ကျသင့်သည့်အခကို မပေးဘဲ မရှိသား သည့်စိတ်နှင့် အလစ်ဆင်းသွားလျှင်ဖြစ်စေ၊ သူတစ်ပါးထံမှ ခဏငှားထားသည့် ပစ္စည်းကို မရှိးသားသည့်စိတ်ဖြင့် လှည့်ပတ်ပြောဆိုပြီး ပြန်မပေးလျှင်ဖြစ်စေ အဒိန္နာဒါန သိက္ခာပုဒ်ပျက်ပါသည်။

စာဖတ်စာရေး ဝါသနာပါသည့် စာပေပညာရှင်အချို့ သူတစ်ပါးထံမှ ရှာပါစာအုပ်ကို ငှားယူသည့်အခါ ဤသီလသိက္ခာပုဒ် မပျက်အောင် အထူးသတိထားဖို့ လိုပေသည်။ ခေတ္တခဏ သူများအပ်နှံထားသည့် ပစ္စည်းကို ပစ္စည်းရှင်က ပြန်တောင်းသည့်အခါ "ငါ ဘယ်တုန်းကယူထားလို့လဲ"ဆိုပြီး မရိုးမသား ခိုးထားချင်သည့်စိတ်ဖြင့် ပြန်မပေးဘဲနေလျှင် ပစ္စည်းရှင်က "ငါ့ပစ္စည်းတော့ ပြန်မရတော့ပါဘူး၊ ဆုံးပါပြီ"ဟု စိတ်တုံးတုံးချလိုက်သည့်အချိန်မှာ ယူထားသူအတွက် အဒိန္နာဒါနသိက္ခာပုဒ် ပျက်သွား၏။ ဤခိုးနည်းမျိုးကို ပါဠိလို "အဝဟရဏ ခိုးခြင်း၊ ဓုရနိက္ခေပခိုးခြင်း"ဟုခေါ်သည်။ ပစ္စည်းအပ်နှံခံထားသူ မရှိခိုက် မိမိပစ္စည်းကို "ဒါ ငါ့ပစ္စည်းပဲ"ဟူသောစိတ်ဖြင့် ပြန်ယူလျှင်ဖြစ်စေ၊ မိမိနှင့် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သူ၏ ပစ္စည်းကို ခိုးယူလိုသည့်စိတ် မရှိဘဲ အကျွမ်းဝင်သူရဲ့ပစ္စည်းပဲဟု သဘောထားပြီး ယူလျှင်ဖြစ်စေ အဒိန္နာဒါနကံ မထိုက်ဟု ကျမ်းဂန်၌ ဆိုထား၏။

## အပြစ်ကြီးငယ်အသွယ်သွယ်

သူတစ်ပါးပစ္စည်းကို ခိုးယူရာ၌ ပစ္စည်း၏တန်ဖိုးကို လိုက်၍သော်

လည်းကောင်း၊ ဥစ္စာရှင်၏ သီလစသော ဂုဏ်သိက္ခာတို့ကို လိုက်၍ သော်လည်းကောင်း အပြစ်ကွာခြား၏။ ခိုးယူသည့်ပစ္စည်းသည် တန်ဖိုးနည်းလျှင် အပြစ်ငယ်၏။ တန်ဖိုးကြီးလျှင် အပြစ်ကြီး၏။ ပစ္စည်းရှင်က သီလ စသည့် ဂုဏ် သိက္ခာကြီးလျှင် အပြစ်ကြီး၏။ ဂုဏ်သိက္ခာနည်းလျှင် အပြစ်ငယ်၏။ သီလ စသော ဂုဏ်သိက္ခာကြီးသူ၏ ပစ္စည်းနှင့် ဂုဏ်သိက္ခာနည်းသူ၏ ပစ္စည်းတို့ တန်ဖိုးချင်းတူနေသော်လည်း သီလ စသော ဂုဏ်သိက္ခာကြီးသူ၏ ပစ္စည်းကို ခိုးယူခြင်းသည် ဂုဏ်သိက္ခာနည်းသူ၏ ပစ္စည်းကို ခိုးယူခြင်းထက် ပို၍အပြစ်ကြီးသည်ဟု ဆိုလိုပေသည်။

ပစ္စည်းတန်ဖိုးချင်း၊ ပစ္စည်းရှင်တို့၏ သီလ စသော ဂုဏ်သိက္ခာချင်းတူနေရာ၌ ခိုးယူသူသန္တာန်၌ လိုချင်မှုလောဘ စသော ကိလေသာတို့ ထက်သန်လျှင် ပိုအပြစ်ကြီး၍ မထက်သန်လျှင် အပြစ်ငယ်သည်။

ပစ္စည်းရှင်၏ သီလစသော ဂုဏ်သိက္ခာအလိုက် အဆင့်ဆင့် အပြစ်ကြီးပုံမှာ သီလမရှိသူ(ဒုဿီလ)၏ ပစ္စည်းကို ခိုးယူခြင်းသည် အပြစ်ငယ်၏။ ထို့ထက် နွားကဲ့သို့ ပကတိ စိတ်သဘောကောင်းသူ၏ ပစ္စည်းကို ခိုးယူခြင်းက ပိုအပြစ် ကြီး၏။ ထို့ထက် သရဏဂုံတည်သူ၏ပစ္စည်းကို ခိုးယူခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ငါးပါးသီလရှိသူ၏ပစ္စည်းကို ခိုးယူခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ရှင်သာမဏေ၏ ပစ္စည်းကို ခိုးယူခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ပုထုဇဉ်ရဟန်း၏ပစ္စည်းကို ခိုးယူခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သောတာပန်ပုဂ္ဂိုလ်၏ ပစ္စည်းကို ခိုးယူခြင်း၊ ထို့ထက် သကဒါဂါမ်ပုဂ္ဂိုလ်၏ ပစ္စည်းကို ခိုးယူခြင်း၊ ထို့ထက် အနာဂါမပုဂ္ဂိုလ်၏ ပစ္စည်းကို ခိုးယူခြင်းက အဆင့်ဆင့် အပြစ်ကြီး၏။ ထို့ထက် ရဟန္တာပုဂ္ဂိုလ်၏ ပစ္စည်းကို ခိုးယူခြင်းက အလွန့် အလွန် ပို၍အပြစ်ကြီးလေး၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

**အဒိန္နာဒါနကံ၏ ဆိုးကျိုးများ**

အဒိန္နာဒါနကံကို ကျူးလွန်သူသည် ယခုလက်ရှိဘဝ၌ပင် ခိုးမှုကြောင့် မျက်လုံးအထုတ်ခံရခြင်း၊ တံကျင်လျှို(ကားစင်တင်)ခံရခြင်း၊ ဦးခေါင်း အဖြတ်ခံရခြင်း၊ အသတ်ခံရခြင်း၊ အချုပ်အနှောင်ခံရခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခံရခြင်း၊ ဆဲရေးငေါက်ငမ်း ကြိမ်းမောင်းခံရခြင်း စသော ဆိုးကျိုးများ ခံစားရတတ်သည်ဟု ကျမ်းဂန်များ၌ မိန့်ဆိုထား၏။ သူတစ်ပါးပစ္စည်းခိုးသူသည် မိမိခိုးမှု ပေါ်မည်စိုး၍ အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့ကာ စိတ်ဆင်းရဲနေရ၏။ ပစ္စည်းရှင်တို့က ရန်မူတတ်သဖြင့် ရန်ပွားတတ်၏ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားထား၏။

တမလွန်ဆိုးကျိုးများနှင့် ပတ်သက်၍ ပဋိသန္ဓေကျိုးခေါ်သည့် မူရင်းမှချ ဆိုးကျိုးနှင့် ပဝတ္တိကျိုးခေါ်သည့် မကောင်းသည့် အကျိုးဆက်အကျိုးများဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် ခိုးမှုကို လွန်ကျူးသူသည် နောင်ဘဝတွင် အပါယ်လေးဘုံတို့တွင် တစ်ဘုံဘုံ၌ သွားဖြစ်ရခြင်းသည် ပဋိသန္ဓေအကျိုးရင်း ဖြစ်သည်။ လူဖြစ်လာသည့်အခါ၌လည်း ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးခြင်းဘေးနှင့် တွေ့ကြုံရခြင်းသည် ပဝတ္တိအကျိုးဆက် အကျိုးများဖြစ်သည်။ ဤသို့ အဋ္ဌက အင်္ဂုတ္တိုရ်ပါဠိတော် ဒုစ္စရိတဝိပါကသုတ် စသည်တို့၌ ဟောကြားထား၏။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက အပါယ်လေးဘုံမှ လွတ်ပြီး လူဖြစ်လာပြန်လျှင်လည်း–

၁။ ဥစ္စာနည်းပြီး မွဲတတ်ခြင်း၊
၂။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း၊
၃။ အစာရေစာ ငတ်မွတ်ခြင်း၊
၄။ အလိုရှိသည့်အရာကို မရနိုင်ခြင်း၊
၅။ ပစ္စည်းဥစ္စာ ရှိပြန်လျှင်လည်း မတည်မမြဲ ခဏချင်း ပျက်စီးတတ်ခြင်း၊

၆။ ရန်သူမျိုးငါးပါးကြောင့် ပစ္စည်းဥစ္စာပျက်ပြားသွားရခြင်း စသော ဆိုးကျိုးဆက်များကို ခံစားရတတ်သည်ဟု အောက်ပါလင်္ကာဖြင့် မိန့်ဆိုထား၏။

**လင်္ကာ**။ ။ သူတစ်ပါးဟာ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ,မီး,သူခိုး၊ မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ဆုံးပါးဥစ္စာ၊ ပြစ်များ
စွာသည်၊ ရှောင်ခါအပြန် အကျိုးတည်း။

## အဒိန္နာဒါနမှ ရှောင်ကြဉ်ရကျိုးများ

အဒိန္နာဒါနကံကို လွန်ကျူးလျှင် ဖော်ပြခဲ့သည့် ဆိုးကျိုးများကို ခံစားရ သကဲ့သို့ ရှောင်ကြဉ်လျှင်လည်း ကောင်းကျိုးများကို ခံစားရပေသည်။ ထိုကောင်းကျိုးများမှာ–

၁။ ကြီးကျယ်သော ဥစ္စာပစ္စည်းရှိခြင်း၊
၂။ ဆန်ရေစပါး ပေါများခြင်း၊
၃။ အတိုင်းမသိ စည်းစိမ်ဥစ္စာရှိခြင်း၊
၄။ မရရှိသေးသော စည်းစိမ်ဥစ္စာများကို ရရှိခြင်း၊
၅။ ရရှိပြီးသော စည်းစိမ်ဥစ္စာများ အကျိတ်အခဲ အမြဲတည်နေခြင်း၊
၆။ အလိုရှိသော စည်းစိမ်ဥစ္စာများကို လျင်မြန်စွာရရှိခြင်း၊
၇။ စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း၊
၈။ သူများနှင့် မဆက်ဆံသော ဥစ္စာပစ္စည်းကို ရရှိခြင်း၊
၉။ လောကတွင် အမြတ်ဆုံးဥစ္စာရှင်ဖြစ်ခြင်း၊
၁၀။ မရှိဟူသောစကားကို မကြားမသိခြင်း၊
၁၁။ ချမ်းချမ်းသာသာ နေထိုင်ရခြင်း

စသည်တို့ဖြစ်သည်ဟု “ခုဒ္ဒကပါဌအဋ္ဌကထာ၊ သိက္ခာပဒဝဏ္ဏနာ” ၌ မိန့်ဆိုထား၏။

**အင်္ဂါနှင့် အပြစ်အချုပ်ပြကဗျာ**

သူ့ဥစ္စာကို သိလျက်သားနှင့်
လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူမိက
အဒိန္နာဒါန အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်ပြန်လျှင်လည်း၊ ဥစ္စာမွဲ
ဆင်းရဲဖြစ်တိုင်းကို။
အဲဒါကြောင့် အဒိန္နာဒါန ရှောင်ကြပါစေလို။

## ၃။ ကာမေသုမိစ္ဆာစာရက်အဖွင့်

တတိယဆောက်တည်ရမည့်သိက္ခာပုဒ်မှာ "ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟုဆိုပြီး ဆောက်တည်ရမည့် သိက္ခာပုဒ်ဖြစ်သည်။ မြန်မာပြန်အဓိပ္ပာယ်မှာ "မေထုန်အကျင့်၊ ဝါ၊ မေထုန်ဝတ္ထုတို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်တို့မှ ဧရှာင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဖြစ်၏။ (ကာမေ သု = မေထုန်အကျင့်၊ ဝါ၊ မေထုန်ဝတ္ထုတို့၌၊ မိစ္ဆာစာရော – တကယ် ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်)။

မေထုန်အကျင့်ဆိုသည်မှာ မိန်းမယောကျ်ား နှစ်ဦးသားတို့ ပျော်ပါး ရွှင်မြူး ကြည်နူးပေါင်းဖက် စပ်ယှက်ခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ ပေါင်းဖက် စပ်ယှက်မှုမပြုဘဲ စင်စင်ကြယ်ကြယ်နေနိုင်ကြမည်ဆိုလျှင် မြတ်သည့်အကျင့် (ဗြဟ္မစရိယ)ဖြစ်၍ အလွန်ကောင်းပါ၏။ အကယ်၍ မနေနိုင်ကြသဖြင့် ပေါင်းဖက်စပ်ယှက်ကြမည်ဆိုလျှင်လည်း ကိုယ်ပိုင် ဇနီးမောင်နှံအချင်းချင်းပဲ မွေ့လျော် တင်းတိမ်ရောင့်ရဲသင့်ကြပါ၏။ ယောကျ်ားတို့အဖို့ မိမိပိုင် ဇနီးမယားနှင့် ပျော်ပါးခြင်း၊ မိန်းမတို့အဖို့

မိမိ၏ ကာမပိုင်လင်ယောကျ်ားများနှင့် ပျော်ပါးခြင်းတို့ကား လောက အလိုက် မကဲ့ရဲ့ထိုက်သဖြင့် ယုတ်မာသည်ဟု မဆိုသာ၍ ကာမေသု မိစ္ဆာစာရမဖြစ်၊ မိမိဇနီးမောင်နှံမှတစ်ပါး မဆိုင်ရာလူများနှင့် ပျော်ပါး ခြင်းတို့ကား လောကအလိုက် ကဲ့ရဲ့ထိုက်၍ ယုတ်မာသောအကျင့်တို့ ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။

ဤနေရာ၌ "မဆိုင်ရာလူများ"ဆိုသည်မှာ မိဘ စသည်တို့ ထိန်း သိမ်းစောင့်ရှောက်မှုရှိသည့် အမျိုးသမီးများနှင့် သူများပိုင် ဇနီးမယားတို့ ဖြစ်သည်။ ထိုအမျိုးသမီး သဘောတူတူ၊ မတူတူ ပေါင်းသင်းဆက်ဆံ သည့်ယောကျ်ားများမှာ ထိုက်ထိုက်သည်ဟု ဆိုလိုပေသည်။ အမှန်အာ ဖြင့် ယုတ်မာသော အလိုသဘောဖြင့် မသွားမလာထိုက်သောမိန်းမတို့၌ လွန်ကျူးကြောင်း ကာယကံ စေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏။

## အင်္ဂါ(၄)ပါး

ဤကာမေသုမိစ္ဆာစာရကံ၌ ကမ္မပထမြောက်သည့် အင်္ဂါ(၄)ပါး ရှိ၏။ ဤအင်္ဂါ(၄)ပါးတို့မှာ

၁။ မသွားမလာထိုက်သော မိန်းမဆိုသည့် အဂမနီယဝတ္ထုဖြစ် ခြင်း၊

၂။ ထိုဝတ္ထု၌ မှီဝဲပေါင်းသင်းဆက်ဆံလိုသည့် စိတ်ရှိခြင်း၊

၃။ မှီဝဲမှုလုံ့လ ပယောဂပြုခြင်း၊

၄။ မှီဝဲပေါင်းသင်း ဆက်ဆံရာ၌ သာယာခြင်း

တို့ဖြစ်၏။ ဤအင်္ဂါလေးပါးမညီလျှင် ကမ္မပထမမြောက်ဘဲ လေးပါးညီမှသာလျှင် ကမ္မပထမြောက်၏။

## အဂမနီယဝတ္ထု(၂၀)

အမှတ်(၁)အင်္ဂါအရ မသွားမလာထိုက်သော (အဂမနီယဝတ္ထု) အမျိုးသမီး ပေါင်း(၂၀)ရှိ၏။ ထိုအဂနီယဝတ္ထု(၂၀)တို့မှာ–

၁။ ဖခင်သေ၍ဖြစ်စေ၊ ကွဲ၍ဖြစ်စေ မိခင်ချည်း စောင့်ရှောက်ထားသော မိန်းမ (မာတုရက္ခိတာ)၊

၂။ ဖခင်စောင့်ရှောက်ထားသော မိန်းမ(ပိတုရက္ခိတာ)၊

၃။ မိဘနှစ်ပါးလုံး စောင့်ရှောက်ထားသော မိန်းမ(မာတာပိတုရက္ခိတာ)၊

၄။ မောင်၊ အစ်ကိုအရင်းက စောင့်ရှောက်ထားသော မိန်းမ (ဘာတုရက္ခိတာ)၊

၅။ အစ်မ၊ ညီမတို့ စောင့်ရှောက်ထားသောမိန်းမ (ဘဂိနိရက္ခိတာ)၊

၆။ ဝမ်းကွဲဆွေမျိုးက စောင့်ရှောက်တားသော မိန်းမ (ဉာတိရက္ခိတာ)၊

၇။ အနွယ်တူသူ လူတို့က စောင့်ရှောက်ထားသော မိန်းမ (ဂေါတ္တရက္ခိတာ)၊ အိန္ဒိယ၌သာ အနွယ်ရှိ၏။ မြန်မာနိုင်ငံ၌ အနွယ်မရှိ၊ လူမျိုးသာရှိ၏။ ထို့ကြောင့် စောင့်ရှောက်မည့်သူ မရှိ၍ ကရင်လူမျိုးက စောင့်ရှောက်ထားသော ကရင်မိန်းကလေး၊ ရှမ်းလူမျိုးက စောင့်ရှောက်ထားသော ရှမ်းမိန်းကလေး စသည်တို့မှာ အနွယ်တူလူတို့က စောင့်ရှောက်ထားသော မိန်းမပင် ဖြစ်သည်။

၈။ အတူတရားကျင့်ဖော်ဖြစ်သူတို့က စောင့်ရှောက်ထားသော မိန်းမ (ဓမ္မရက္ခိတာ)၊ ယခုကာလ မိဘ စသည်တို့နှင့် ခွဲ၍ သီလရှင်, ရသေ့မ စသည် ပြုလုပ်နေသူများသည်လည်း ဓမ္မရက္ခိတာပင် ဖြစ်သည်။

(ဤရှစ်ယောက်သော မိန်းမတို့သည် ကာမပိုင်ယောကျ်ား မရှိသေးသော အပျိုမိန်းကလေးများ ဖြစ်ကြသည်။)

၉။ အစောင့်အရှောက်ရှိသော မိန်းမ (သာရက္ခာ)၊ အရွယ်မရောက်မီကပင် မယားပြုလုပ်ရန် တရားဝင် တောင်းရမ်း

သတ်မှတ်ထားသော မိန်းမမျိုးဖြစ်သည်။ ဤအစဉ်အလာသည် အိန္ဒိယနိုင်ငံ၌ ရှိခဲ့၏။ မြန်မာနိုင်ငံ၌ လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသော်လည်း စေ့စပ်ကြောင်းလမ်းထားပြီးသော မိန်းမမျိုးသည် အစောင့်အရှောက်ရှိသော မိန်းမ ဖြစ်၏။

၁၀။ မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမ (သပရိဒဏ္ဍာ)၊ မင်းစသော အာဏာပိုင်တို့က မိမိကိုယ်တိုင် သိမ်းပိုက်မည်ဖြစ်၍ သွားလာသူ တို့အား အပြစ်ဒဏ်ထားမည်ဟု အမိန့်ထုတ်ထားတတ်ကြ၏။ ထိုမိန်းမမျိုးကိုသာ မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမဟု ဆိုလို၏။

၁၁။ ဥစ္စာဖြင့် ဝယ်ယူထားသော မယား (ဓနက္ကီတာ)၊ ကြွေးပြန်မဆပ်နိုင်သဖြင့် အသိမ်းခံရသော မိန်းမမျိုးလည်းပါဝင်၏။

၁၂။ သူ၏ မယားဖြစ်ဖို့ရန် သဘောဆန္ဒတူသဖြင့် ယောကျ်ားအိမ်သို့ သွားရောက်နေထိုင်သော မယား(ဆန္ဒဝါသိနီ)။ မိဘ စသည်တို့က သဘောမတူ၍ နှစ်ဦးသဘောတူ ထွက်ပြေးပေါင်းသင်းနေထိုင်သော မယားမျိုးဖြစ်သည်။

၁၃။ ဆင်းရဲလှသဖြင့် မောင်း, ကျည်ပွေ့ စသော အိမ်အသုံးအဆောင် ပေးသူယောကျ်ားထံ မယားအဖြစ် ခံယူသော မိန်းမ (ဘောဂဝါသိနီ)၊

၁၄။ အဝတ်၊ ထဘီ စသော အဝတ်တန်ဆာပေးသူယောကျ်ားထံ မယား အဖြစ်ခံယူသော မိန်းမ (ပဋဝါသိနီ)၊

၁၅။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားထားသောမယား (ဩဒပတ္တသိနီ)၊ ရေခွက်၌ နှစ်ယောက်စလုံး၏ လက်ကို ချစေပြီး "ဤရေခွက်၌ ရေသည် မကွဲမပြား တစ်သားတည်း၊ တည်နေသကဲ့သို့ သင်တို့ဇနီးမောင်နှံလည်း မကွဲမပြား

တည်နေကြပါစေ”ဟု လူကြီးများက ပြောဆိုထိမ်းမြားပေးသော မယားတည်း။

၁၆။ ချအပ်သော ခေါင်းခုရှိသော မယား (ဩဘတစုမ္ဗတာ)၊ ဦးခေါင်းပေါ် ခေါင်းခုတင်ပြီး ထင်း စသည်ရောင်း၍ အသက်မွေးရသည့် ဆင်းရဲသူမကလေးကို အချို့က မယားအဖြစ် အတည်ယူလိုက်သောအခါ ထမ်းရွက်ပြီး မရောင်းရတော့ပြီဖြစ်၍ ခေါင်းပေါ်က ခေါင်းခုကျသွားသော အမျိုးသမီးဖြစ်သည်။

၁၇။ ကျွန်မကိုပင် ယူထားသော မယား (ဒါသီဘရိယာ)၊

၁၈။ အစေခံမယား(ကမ္မကာရီ)၊ အိမ်မှာခိုင်းထားသည့် ကလေးမကို မယားအဖြစ် ယူထားသည့် မိန်းကလေးဖြစ်သည်။

၁၉။ စစ်နိုင်သဖြင့် သုံ့ပန်းအဖြစ် သိမ်းပိုက်ထားသော သုံ့ရမယား (ဓဇာဟဋာ)၊

၂၀။ အခကြေးငွေပေး၍ ခဏခေတ္တမျှ ပေါင်းဖော်သော ပြည့်တန်ဆာ ကဲ့သို့သော မယားမျိုး(မုဟုတ္တိကာ)-

တို့ဖြစ်ကြသည်။

## ဆောင်ပုဒ်လင်္ကာ

မိ,ဘ,နှစ်ဖြာ၊ မကွာညီအစ်မ၊ မောင်ကနှစ်မျိုး၊ ဆွေမျိုး,နွယ်,ကျင့်၊ စောင့်လင့်,မင်းဒဏ်၊ ဝယ်ပြန်,ဆန္ဒ၊ တူမျှ,စည်းစိမ်၊ ဝတ်ထမိန်ကြောင့်၊ သူ့အိမ်သွားနေ၊ လက်ဆုံရနှင့်၊ အစေ,ကျွန်မ၊ ခေါင်းခုချပြန်၊ ပြည့်တန်ဆာ,သုံ့ရ၊ မိန်းမအပြား၊ နှစ်ဆယ်ပါးနှင့်၊ ပျော်ပါးလိုလိုက်၊ ကာမေထိုက်သည်၊ မမိုက် မမှားကြလေနှင့်။

## ယောကျ်ားများနှင့် ကာမေသုမိစ္ဆာစာရကံ

ဤဖော်ပြခဲ့သော မသွားမလာထိုက်သည့် အမျိုးသမီး (အဂမနီယ

ဝတ္ထု)နှစ်ဆယ်လုံးသည် ယောကျ်ားများနှင့်သက်ဆိုင်သည်။ ယောကျ်ားများသည် ထိုအမျိုးသမီး နှစ်ဆယ်အနက် မည်သည့်အမျိုးသမီးကိုမျှ အမျိုးသမီးက သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ပေါင်းဖက်စပ်ယှက်မှု မပြုရချေ။ ထိုအမျိုးသမီးတစ်ဦးဦးကို ပေါင်းဖက်စပ်ယှက်မှုပြုလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်တော့သည်။ အကြောင်းမှာ "သူတစ်ပါးတို့ လုံခြုံစွာ စောင့်ရှောက်တားမြစ်ထား၍ မိမိပိုင်ဥစ္စာမဟုတ်သောကြောင့်ဖြစ်သည်"ဟု ဝိမတိဝိနောဒနီဋီကာ၌ ဖွင့်ဆိုထား၏။ ထို့ကြောင့် "မိန်းမ နှစ်ကျိပ်၊ ပျော်ကြောင်း သိပ်လည်း၊ မအိပ်လေရာ"ဟု ရှေးဆရာတို့ ဆုံးမခဲ့ခြင်းဖြစ်သည်။

ဖော်ပြခဲ့သည့် မိန်းမနှစ်ကျိပ်အနက် နောက်ဆုံးနှစ်ဆယ်မြောက်ဖြစ်သည့် မုဟုတ္တိကာ မယားဆိုသည်မှာ အတည်အမြဲမဟုတ်ဘဲ ရက်အနည်းငယ်မျှ တစ်ညမျှ တစ်ခဏမျှ ဥစ္စာအခကြေးငွေပေးပြီး ပေါင်းသင်းဆက်ဆံသည့် ပြည့်တန်ဆာကဲ့သို့သော ခေတ္တမယားမျိုးဖြစ်၏။ ထိုခေတ္တမယားမျိုးကို ရက်ပိုင်း ညပိုင်းနှင့် အခကြေးငွေပေးကာ မယားပြုနေသူ ရှိနေစဉ်အတွင်း ကြားပေါက် ဝင်ရောက် ကျူးလွန်ခဲ့လျှင် ဤကံထိုက်သည်။ မယားပြုသူမရှိဘဲ အားနေသည့် ပြည့်တန်ဆာမမျိုးကို မိန်းမထိန်းထံ အခကြေးငွေပေးပြီး ပျော်ပါးသူများမှာ ကံမထိုက်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ထား၏။

ရှုးနေသည့် အမျိုးသမီးများနှင့် ပတ်သက်၍ မိဘ စသည်တို့ အုပ်ထိန်းမှု ရှိနေသေးသည့် အရှုးအမျိုးသမီးကို ပေါင်းသင်းဆက်ဆံလျှင် အမျိုးသားမှာ ကံထိုက်သည်။ အုပ်ထိန်းသူ မရှိလျှင် ကံမထိုက်ဟု အဆုံးအဖြတ်ရှိပေသည်။

အလိုဆန္ဒတူမျှ၍ ပေါင်းသင်းနေထိုင်သောမယား (ဆန္ဒဝါသိနီ)နှင့် ပတ်သက်၍ နှစ်ဦးသဘောတူ ချစ်ကြိုက်နေကြသော အမျိုးသမီးကို ရည်းစား ဘဝ၌ ပေါင်းသင်းဆက်ဆံလျှင် မိန်းကလေးက သဘောတူသော်လည်း မိဘ စသည့် စောင့်ထိန်းသူများ ရှိနေသောကြောင့်

ယောကျ်ားကလေးမှာ ကံထိုက်၏။ မိန်းကလေးက ဆန္ဒတူသဖြင့် ထွက်ပြေးပြီး ပေါင်းသင်းနေထိုင်ကြရာ၌မူ မိဘတို့ သဘောမတူစေကာမူ ဆန္ဒဝါသိနီ မယားအရာမြောက်သောကြောင့် ကံမထိုက်ပါချေ။

## မိန်းမများနှင့် ကာမေသုမိစ္ဆာစာရကံ

ယောကျ်ားများ မသွားမလာထိုက်သောမိန်းမ (အဂမနီယဝတ္ထု) နှစ်ဆယ်တွင် မိခင်စောင့်ရှောက်ထားသည့် မိန်းမမှစ၍ တရားအတူကျင့်ဖက်တို့ စောင့်ရှောက်ထားသူ မိန်းမအထိ (၈)ယောက်တို့ကား ကာမပိုင်လင်ယောကျ်ားများ မရှိသေးသော အပျိုမိန်းမကလေးများ ဖြစ်ကြသည်။ ထိုအပျိုမိန်းမကလေး များကို စောင့်ရှောက်နေကြသည့် အမိ၊ အဖ၊ ညီ၊ အစ်မ၊ မောင်ကြီး၊ မောင်ငယ် စသည်တို့မှာ ယောကျ်ားတစ်ပါးတို့နှင့် မှောက်မှားမှား မဖြစ်ပွားရန် ကာကွယ်စောင့်ရှောက်ရသည့် တာဝန်သာရှိကြသည်။ ထိုအပျို(၈)မျိုးတို့၏ ဖောဋ္ဌဗ္ဗာရုံကာမအတွေ့အထိကို ပိုင်ဆိုင်သူများလည်းမဟုတ်၊ ထိုကာမအတွေ့ အထိကို ခံစားဖို့ စောင့်ရှောက်ကြသည်လည်းမဟုတ်၍ ထိုအပျို(၈)မျိုးတို့သည် မိမိတို့ ကာမအတွေ့ကို မိမိတို့သာ ပိုင်ဆိုင်ကြရကား ကာမပိုင်ဆိုင်သူ မရှိကြသောကြောင့် "အသာမိက"များ ဖြစ်ကြသည်။

ထို့ကြောင့် ထိုအပျို(၈)မျိုးတို့သည် မိမိတို့ပိုင်ဆိုင်သော ကာမအတွေ့အထိကို မိမိတို့သဘောဆန္ဒအတိုင်း ပေးပိုင်ခွင့်ရှိ၍ ယောကျ်ားတစ်ဦးဦးနှင့် ပေါင်းသင်းဆက်ဆံရာ၌ ထိုအပျို(၈)မျိုးတို့အား ကာမေသုမိစ္ဆာစာရကံ မထိုက်ချေ။ သို့ရာတွင် အပျိုများနှင့် ပေါင်းသင်းဆက်ဆံသူ ယောကျ်ားတို့မှာကား အမိ အဖ စသည်တို့က စောင့်ရှောက်ထားသူကလေးများ ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရကံ ထိုက်ကြသည်ဟု ဝိပတိနောဒနီဋီကာ စသည်တို့၌ မိန့်ဆိုထား၏။ ဤသည်မှာ အပျိုမိန်းကလေးများ ကာမေသုမိစ္ဆာစာရကံ မထိုက်ပုံဖြစ်၏။

**ဆောင်ပုဒ်လင်္ကာ**

မာ, ပိ, ဘာ, နှစ်ပါးရယ်နှင့်
စောင့်ငြားတဲ့ဘဂိနီ၊
ဉာတိ ကွယ်, ဂေါတ်, ဓမ်, နှောမယ်ကွဲ့၊
ကျမ် ဟောခဲ့သည်။
မသွားအပ်တဲ့ အဂမနီ၊
မမြတ်မှီတဲ့ ကိုယ်ယောကျာ်း။
ဖောင်္ဂအာရအစို ရတာကြောင့်
ဤရှစ်ဖြာကြဉ်ပယ်ခွာလို့
ကံယုတ်မာကာမမေိုက်
ထိုက်၏ မမှာ။

အမှတ်(၉) မင်းပြစ်မင်းဒဏ် မကင်းသောမိန်းမမှစ၍ အမှတ်(၂၀) ခဏ ခေတ္တ ပေါင်းသင်းရသော ပြည့်တန်ဆာကဲ့သို့သော မယား(၁၂) ယောက်တို့ကား မိမိတို့ ကာမအတွေ့ကို ပိုင်ဆိုင်သည့် လင်ယောကျာ်းများ အသီးသီးရှိကြပြီး ဖြစ်ပါသည်။ မင်းပြစ်မင်းဒဏ် မကင်းသော မိန်းမနှင့် အစောင့်အရှောက်ရှိသော မိန်းမနှစ်မျိုးတို့မှာ ကာမပိုင်လင်ယောကျာ်း အထင်အရှားမရှိသေးသော်လည်း မယားအဖြစ် သိမ်းပိုက်ရန် ရည်ရွယ်ထားပြီးဖြစ်၍ မယားမျိုးတွင် ပါဝင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ထိုမယား(၁၂)မျိုးတို့သည် မိမိပိုင် လင်ယောကျာ်းတို့နှင့်သာ ဆက်ဆံပေါင်းသင်းပျော်ပါးခြင်း အခွင့်ရှိကြသည်။ အခြားယောကျာ်းများနှင့် လွန်ကျူးပျော်ပါးလျှင် မိမိယောကျာ်းပိုင်သော ကာမအတွေ့အထိကို ခိုးပေးရာ ရောက်သောကြောင့် ပျော်ပါးကြသူမိန်းမယောကျာ်းနှစ်ဦးသာလုံး ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ မန်လည် ဆရာတော်ဘုရားကြီးက ပဟေဠိဆန်ဆန် မေမြန်းလျှောက်ထားသည်ကို မင်းကွန်းအလယ်

တောရ ဆရာတော်ကြီး ဖြေဆိုထားပုံမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။

**မန်လည်ဆရာတော် အမေးများ**

(၁) ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝကျသူ၊ ဘယ်လူတို့လေသိ။

(၂) ကိုယ့်ဟာကို ကိုယ်ခိုးလို့၊ အကျိုးမဲ့ အပါယ်ဝင်၊ အကယ်ပင်မလွဲ။ သည်အရာ၊ ဘယ်ပုဂ္ဂိုလ် ဘယ်စေတနာနှင့် ဘယ်ဟာကို ဘယ့်နှယ် ခိုးသာမို့၊ ဆိုးရသလဲ။

**မင်းကွန်းဆရာတော် အဖြေများ**

(၁) ကိုယ့်ဟာကို ကိုယ်ပေးလျက်၊ လေးပါယ်ဝကျသူ၊ ဤသူတို့ပင်ပဲ။ ဆန်း တစ်ဖြာ၊ တစ်ခန်းငယ် တစ်ပုံသာပ၊ ကျမ်းဂန်လာ အိမ်ရှင်မတို့မှာ ထူးနိုင်မျှနဲ့။

(၂) ကိုယ့်ဟာကို ကိုယ်ခိုးလို့ အကျိုးမဲ့ အပါယ်ဝင်၊ အကယ်ပင်မလွဲ၊ သည်နည်းတွင် သည်အိမ်ရှင်၊ ဟိုစေတနာနှင့်၊ ဟိုဟာကို တိတ်တိတ်ခိုးသာမို့ ဆိုးရသပဲ။

လင်ရှိသော အိမ်ရှင်မတို့သည် ကိုယ့်ကာမ ကိုယ့်ဖဿကို မိမိလင်မှတစ်ပါး အခြားသောသူအားပေးလျှင် အပါယ်သို့ကျသည်။ ကျကြောင်းကိုလည်း နိဗ္ဗိဝိတ္တိ ဝတ္ထု စသည်ကိုထောက်၍ သိအပ်၏။ ပါရာဇိကဏ် အဋ္ဌကထာ၊ နိဒါနဝဂ္ဂ၊ လက္ခဏသံယုတ် အဋ္ဌကထာတို့၌ "နိဗ္ဗိဝိတ္တိဝတ္ထု၌ အိမ်ရှင်မတို့မည်သည် မိမိ၏ကာမအတွေ့ကို အစိုးမရ မပိုင်ဆိုင်ကြသောကြောင့် ထိုအိမ်ရှင်မသည် ခင်ပွန်းသည်ပိုင်ဆိုင်သော ကာမအတွေ့ကို ခိုး၍ အခြားယောကျ်ားတို့နှင့် ပျော်ပါးခဲ့လျှင် ကျူးလွန်ခဲ့သော ကံနှင့် သဘောတူစွာ ဒုက္ခအတွေ့အထိကို ခံစားရန်အတွက် အရေမရှိသော မိန်းမဖြစ်ရသည်"ဟု မိန့်ဆိုထားကြသည် စသည်ဖြင့်

ဖြေကြားထားပေသည်။

ဤမယား(၁၂)မျိုးတို့သည် လူဇာတ်မဟုတ်သော တိရစ္ဆာန်ထိ တို့နှင့် ကျူးလွန်လျှင်လည်း မလ္လိကာမိဖုရားကြီး စသည်တို့ကဲ့သို့ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။ ပသေနဒီကောသလမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မလ္လိကာသည် တစ်နေ့တွင် ရေချိုးခန်းထဲ ဝင်၍ မျက်နှာသစ်ပြီးသောအခါ ရှေ့သို့ကုန်းပြီး ဒူးခေါင်းကို ရေဆေး နေစဉ် မိမိအလွန်ချစ်သော အိမ်မွေးခွေးကြီးက နောက်ကျောပေါ် တက်၍ ပေါင်းသင်းစပ်ယှက်ပြုသည်။ မိဖုရားကြီး ကလည်း ထိုကာမ အတွေ့ကို သာယာပြီး ငြိမ်ခံနေသည်။ ထိုမလ္လိကာမိဖုရားကြီးသည် ကွယ်လွန်ခါနီးတွင် ထိုမကောင်းမှုကံကို အောက်မေ့မိသဖြင့် အဝီစိငရဲ ကြီးတွင် လူတို့အရေအတွက်အားဖြင့် (၇)ရက် ကျခံရသည်။ ခုနစ်ရက် ကျော်မှ တုသိတာနတ်ပြည်၌ဖြစ်သည်ဟု ဓမ္မပဒအဋ္ဌကထာ၌ လာ၏။

ဘူရိဒတ်နဂါးမင်းကြီး ယုန်, ဖျံ, မြေခွေး, မျောက်တို့ သီလ ဆောက်တည်ကြကြောင်း ကျမ်းဂန်တို့၌ လာရှိသောကြောင့် တိရစ္ဆာန် တို့မှာလည်း ငါးပါး ရှစ်ပါး စသော သီလများ ရှိကြသည်ပင်ဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်ချင်းချင်း သော်လည်းကောင်း၊ လူ စသည်တို့၌ သော်လည်းကောင်း မသွားမလာအပ်သော အဂမနီယဝတ္ထု၌ သွားလာ လွန်ကျူးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏ဟု ပရမတ္ထသံခိပ်ဋီကာ၌ မိန့်ဆိုထား၏။

## အမှတ်(၃)အင်္ဂါ ပြဿနာ

မှီဝဲမှု လုံ့လပယောဂပြုခြင်းဟူသော အမှတ်(၃)အင်္ဂါနှင့် ပတ်သက် ၍ ကျမ်းဂန်များ၌ အယူအဆ အမျိုးမျိုးကို ပြဆိုထားသည်ကို တွေ့ရ၏။

အချို့ဆရာများက "မိမိက ပယောဂမပြု၊ ကြောင့်ကြမစိုက်ဘဲ အိမ်ရှင်မတစ်ယောက် ရောက်လာပြီး မိမိအပေါ် မှောက်ကာ သူတတ် တိုင်း ပယောဂစိုက်၍ ကျူးလွန်ရာတွင် သာယာ၍ မှီဝဲလိုသောစိတ်

ရှိစေကာမူ လုံ့လပယောဂပြုခြင်း မရှိသောကြောင့် ယောကျ်ားအာ ကံမထိုက်ဘဲ လုံ့လပယောဂပြုသူ အမျိုးသမီး၌သာ အင်္ဂါလေးပါးညီ၍ ကံထိုက်၏”ဟု ဆိုကြ၏။ (ကေစိ)။

အချို့ကမူ “ဓမ္မတာအားဖြင့် ပေါင်းသင်းဆက်ဆံကြရာ၌ မိန်းမ တို့မှာ များသောအားဖြင့် ပယောဂရှိမြဲ မဟုတ်သောကြောင့် ပယောဂ ကို ပမာဏ မပြုသင့်။ အကယ်၍ ပယောဂကို ပမာဏပြုလျှင် မှီဝဲ လိုသောစိတ်ရှိသော မိန်းအား ပယောဂမရှိသောကြောင့် မိစ္ဆာစာရ မဖြစ်ဟူသော အပြစ်ရောက်ပေ လိမ့်မည်။ အမှန်စင်စစ် ယောကျ်ားတို့ အားသာ လုံ့လပယောဂရှိမြဲ ဖြစ်သောကြောင့် ယောကျ်ားတို့ကို ရည်၍ အင်္ဂါလေးပါးကို ဥက္ကံသနည်း (အလွန်ဆို သောနည်း)ဖြင့် အရှင်မဟာ ဗုဒ္ဓဃောသ မိန့်ဆိုထားခြင်းဖြစ်သည်။ မှီဝဲလိုသော လုံ့လပယောဂကို ပယ်၍ ကျန်အင်္ဂါသုံးပါးဖြင့်ပင် ကာမေသုမိစ္ဆာစာရ ဖြစ်နိုင်သည်ဟု ဆိုကြပြန်၏။ (ဧကေ)။

တစ်ပါးသောဆရာတို့ကမူ နှစ်ဦးသဘောတူ ပေါင်းသင်းဆက်ဆံ မှီဝဲသောသူတို့အား မှီဝဲသော ပယောဂအင်္ဂါပင်လျှင် မှီဝဲလိုသောစိတ် ဟူသော အင်္ဂါ ပါဝင်ပြီး ဖြစ်ရကား မှီဝဲလိုသောစိတ်ရှိခြင်းဆိုသည့် အင်္ဂါကိုပယ်၍ ကျန်အင်္ဂါသုံးပါး သင့်မြတ်၏။ အတင်းအကြပ် အနိုင် အထက်ပြု၍ အကျင့်ခံရသူအား မှီဝဲလိုခြင်းနှင့်စပ်သော လုံ့လပယောဂ မရှိသောကြောင့် မှီဝဲလိုသော လုံ့လပယောဂ အင်္ဂါကိုပယ်၍ ကျန်အင်္ဂါ သုံးပါးသာ သင့်မြတ်၏။ ဤသို့ မိမိတို့အလိုအားဖြင့် ပေါင်းသင်းမှီဝဲ သူတို့အား အင်္ဂါသုံးပါး အတင်းကျင့်ခံရသူအာ အင်္ဂါသုံးပါး ပေါင်းစပ် ၍ မတူသည့် အင်္ဂါရပ်ကိုသာ ယူသော (အဂ္ဂဟိတဂ္ဂဟဏ)နည်းအား ဖြင့် ဤကံ၌ အင်္ဂါလေးပါးဟု အဋ္ဌကထာဆရာ ပြတော်မူသည်ဟု ဆိုကြသည်။ (အပရေ)

ဤအယူအဆသုံးမျိုးတို့တွင် နောက်ဆုံးဖြစ်သည့် တစ်ပါးဆရာ တို၏ အယူအဆသည်သာ မှတ်သားအပ်သည့် အယူအဆဖြစ်သည်ဟု

သီလက္ခန် ဋီကာသစ်၌ သန္နိဋ္ဌာန ဝိနိစ္ဆယပြုထားပေသည်။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကလည်း "မိုဝဲရာ၌ လုံ့လပယောဂပြုမှုကို အများအားဖြင့် ရသင့် ရထိုက်သောကြောင့်သာ မိန့်ဆိုထားခြင်းဖြစ်သည်။ အမှန်စင်စစ် အင်္ဂါဖြစ်သောကြောင့် မိန့်ဆိုထားသည် မဟုတ်ချေ။ အကယ်၍ အင်္ဂါတစ်ပါးအနေဖြင့် ယူခဲ့လျှင် မိန်းမများအား အများအားဖြင့် ပယောဂကိစ္စ မရှိသောကြောင့် မိစ္ဆာစာရ ဖြစ်နိုင်ခဲ၏ဟူသော အပြစ်ဖြစ်နိုင်သည်ဟု ဆရာတို့ ဆိုကြ၏"ဟု ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာ၌ မိန့်ဆိုထားပေသည်။

## ဤကာံနှင့်စပ်၍ မှတ်သားစရာ ပြဿနာများ

### အထင်မှားသော ယောကျ်ား မိန်းမများ

အရပ်တစ်ပါးမှ ရောက်လာသည့် လင်ရှိမိန်းမကို လွတ်လပ်သော မိန်းမဟု အထင်မှားကာ ပေါင်းသင်းဆက်ဆံမှုကိုပြုသော ယောကျ်ားအား အင်္ဂါလေးပါး စုံသောကြောင့် မိန်းမ ယောကျ်ား နှစ်ဦးသားလုံးပင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။

ထို့အတူ အမိုက်အမှောင်ကျ၊ ခန်းဆောင်စတွင် အိမ်နေစဉ် မသူတော်ယောကျ်ား ဝင်၍ ပြစ်မှားရာ မိမိယောကျ်ား မှတ်ထင်ပြီး သာယာငြိမ်ခံနေကာ မိန်းမအားလည်းကောင်း၊ ညအခါ မိမိမိန်းမနှင့် အခြားမိန်းမတစ်ယောက်တို့ ယှဉ်တွဲအိပ်နေရာ အခြားမိန်းမကို မိမိမယား ထင်မှတ်၍ လွန်ကျူးသော ယောကျ်ားအားလည်းကောင်း၊ ကာမေသုမိစ္ဆာစာရကံ ထိုက်ကြ၏။ ဥပမာ ချုံထဲဝင်အောင်းနေသော ဆိတ်ကို သတ်မည်ဟု လာသောသူသည် ဆိတ်နေရာတွင် နေသော အမိရင်းကို ဆိတ်ထင်ပြီး သတ်မိရာ အမိသေဆုံးသွားလျှင် မာတုဃာတက ပါဏာတိပါတကံ ထိုက်သကဲ့သို့ သူတစ်ပါးသားမယားကို အထင်မှား၍ ကျူးလွန်ရာ၌လည်း ကမ္မပထအင်္ဂါမြောက်သည်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြ၏။

သို့သော် ခိုးယူလိုသောစိတ် မပါဘဲ အထင်မှား၍ ဖြစ်ရသော ကြောင့် အပြစ်ကြီးလှမည်မထင်၊ မှန်၏။ အချို့နေရာ၌ ကံထိုက်တိုင်း လည်း အပြစ်မကြီး၊ ကံမထိုက်သော်လည်း အဘိဓမ္မာသဘောအရ စေတနာယုတ်မာလှသဖြင့် အပြစ်ကြီးလေးသော အရာများစွာရှိပေ သည်ဟု အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး မိန့်ဆိုထား၏။

## သမီးကိုကျူးလွန်သော ဖခင်

သမီးငယ်မှာ ဖခင်ကသာ ထိန်းသိမ်းစောင့်ရှောက်ထားသူဖြစ်၏။ ဖခင်မှတစ်ပါး အခြားမိခင်၊ မောင်ကြီး၊ မောင်ငယ်၊ အစ်မ၊ ညီမ စသည်တို့တွင် တစ်စုံတစ်ယောက်မျှ စောင့်ရှောက်ထားသူမဟုတ်။ ထိုသမီးငယ်ကို စောင့်ရှောက်နေသူ ဖခင်က ပေါင်းသင်းဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ မထိုက်ချေ။ အကြောင်းမှာ ဖခင်သည် ပေါင်း သင်းဆက်ဆံချိန်၌ပင် စောင့်ရှောက်အုပ်ထိန်းခြင်းမှ ကင်းရှင်းသွား၍ အဂမနီယဝတ္ထု နှစ်ဆယ်မှ ကင်းလွတ်သောကြောင့်ဖြစ်သည်။ သို့သော် စေတနာမှာ အလွန်ယုတ်မာလှသဖြင့် အဘိဓမ္မာ သဘောအားဖြင့် အပြစ်မသေးသောကြောင့် ယုတ်မာသည့် တိရစ္ဆာန် ဖခင်မဖြစ်အောင် ဧကန်စောင့်ထိန်းကြရမည် ဖြစ်သည်။

## လူနှင့် တိရစ္ဆာန်

တိရစ္ဆာန်မ၌ အမြဲ လင်ဖြစ်သောတိရစ္ဆာန်ထီး ရှိနေလျှင်သော်လည်း ကောင်း၊ နဂါး စသည်တို့ကဲ့သို့ ဆိုင်ရာမိဘက စောင့်ရှောက်ထားလျှင် သော်လည်းကောင်း လူယောကျ်ားတို့ ပေါင်းသင်းဆက်ဆံလျှင် ကာမေ သုမိစ္ဆာစာရဖြစ်၏။ ထိုကဲ့သို့ စောင့်ရှောက်သူ မရှိလျှင် ကံမထိုက်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြ၏။

## ယောကျ်ား ယောကျ်ားချင်း

ယောကျ်ား, ယောကျ်ားချင်း ဝစ္စမဂ်(စအို) မုခမဂ်(ပါးစပ်)တို့၌ မေထုန်မှုကို ပြုခြင်းသည် မသွားမလာထိုက်သော မိန်းမနှစ်ကျိပ် (အာဂနီယဝတ္ထု)တွင် မပါဝင်သောကြောင့် ကာမေသုမိစ္ဆာစာရကံ မထိုက်ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြ၏။ ဆရာတော်ကြီးများက သုတ်ပါထေယျ အဋ္ဌကထာ၊ စတ္တဝတ္တိ သုတ်အဖွင့်၌ "ယောကျ်ား ယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း၊ မေထုန်မှီဝဲမှုကို ကာမေသုမိစ္ဆာ စာရကံ ထိုက်သည်ဟု မပြဆို။ မှားသော မိစ္ဆာဓမ္မမျှသာ ဖြစ်သည်"ဟု ပြဆိုတော်မူသည်ကိုလည်း အထောက်သာဓက ပြကြသည်။

## သူများလင် ခိုးသော မိန်းမ

သူများလင်ကိုယူသော မိန်းမသည် ကာမပိုင်လင်ရှိမိန်းမဖြစ်လျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်၏။ အပျိုဖြစ်လျှင် သူများလင်ကိုပဲခိုးခိုး၊ လူပျိုကိုပဲခိုးခိုး ကာမေသုမိစ္ဆာစာရမထိုက်ဟု ကျမ်းဂန်နှင့်အညီ ဆုံးဖြတ်ထား၏။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဤကံ၌ အပြစ်အကြီးအငယ် ကွာခြားပုံမှာ ပေါင်းသင်းဆက်ဆံမှု (ဝါ) ကျူးလွန်ပြစ်မှားမှုကို ခံရသူတို့ သီလရှိ,မရှိကို လိုက်ပြီး ကွာခြားခြင်းဖြစ်၏။ သီလမရှိသူကို ကျူးလွန်သည်ထက် သီလရှိသူကို ကျူးလွန်ခြင်းက ပို၍ အပြစ်ကြီးသည်။ ဂုဏ်မရှိချင်းတူသော်လည်း သဘောမတူသူကို နိုင်ထက်ကလူ နှိပ်စက်ပြုမူ၍ ကျင့်သောသူအား အပြစ်ကြီး၏။ နှစ်ယောက်အလိုဆန္ဒတူမျှရာ၌ အပြစ်နည်း၏ဟု အဋ္ဌသာလိနီ စသော အဋ္ဌကထာများ၌ ပြဆိုထား၏။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ကား ကာမေသုမိစ္ဆာစာရသည် သီလမရှိသော မိန်းမ၌ ကျူးလွန်ခြင်းသည် အပြစ်နည်း၏။ ထိုသီလ

မရှိသူကို လွန်ကျူးခြင်းထက် နွားကဲ့သို့ စိတ်သဘောထားကောင်းသော မိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သရဏဂုံတည်သော မိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ငါးပါးသီလရှိသောမိန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သာမဏေမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် ပုထုဇဉ်ရဟန်းမကို လွန်ကျူးခြင်းက ပိုအပြစ်ကြီး၏။ ထို့ထက် သောတာပန်မိန်းမ၊ ထို့ထက် သကဒါဂါမ်မိန်းမ၊ ထို့ထက် အနာဂါမ် မိန်းမတို့ထက် ရဟန္တာထေရီမကို လွန်ကျူးခြင်းက (တစ်ဆင့်ထက်တစ်ဆင့်) ပို၍ အပြစ်ကြီးသည်ဟု အသေးစိတ် ဖွင့်ဆိုထားပေသည်။

## နန္ဒလုလင်နှင့် ဥပ္ပလဝဏ်ထေရီမ

ဤနေရာ၌ ရဟန္တာထေရီမကို ကျူးလွန်ရာ၌ အပြစ်ကြီးပုံကို သာဓကဆောင်ပြပါဦးမည်။ ဥပ္ပလဝဏ်ကား သာဝတ္ထိမြို့သူ၊ သူဌေးသမီးတစ်ဦးဖြစ်သည်။ ကမ္ဘာတစ်သိန်းကာလကပင် ဖြည့်ခဲ့သည့် ပါရမီရှိ၍ ဆုတောင်းပြည့်သူဖြစ်၏။ ထိုသူဌေးသမီးကလေး၏ ကိုယ်အရေအဆင်းသည် မပြင်မဆင်၊ ပကတိပင်ကိုအားဖြင့်ပင် ကြာညိုပန်းအဆင်းရှိ၍ အလွန်ရှုချင့်စဖွယ် တင့်တယ်လှပေ၏။ ထိုကဲ့သို့ ကြာညိုပန်းအဆင်းရှိသောကြောင့် “ဥပ္ပလဝဏ္ဏာ”ဟု အမည်တွင်ခဲ့၏။ ရဟန္တာထေရီမ ဖြစ်လာသည့်အချိန်၌မူ ခန္ဓာကိုယ်အတွင်း၌ ကိလေသာမီးပူများကင်းငြိမ်းသွားရကာ အချောတွင် အယဉ်ဆင့် ဆိုကဲ့သို့ ရှေးကထက် လှပတင့်တယ်လျက် ရှိလေသည်။

လူ့ဘဝကပင် ထိုသူဌေးသမီးကလေးကို တစ်ဖက်သတ်ချစ်ကြိုက်နေသည့် နန္ဒခေါ်သည့် ဆွေမျိုးတော်စပ်သူ လုလင်ပျိုတစ်ယောက်ရှိခဲ့သည်။ တစ်နေ့တွင် မောင်နန္ဒသည် ဥပ္ပလဝဏ် ရဟန္တာထေရီမလေး ရွာထဲ ဆွမ်းခံသွားချိန်တွင် ထိုထေရီမကလေး၏ ကျောင်းထဲဝင်ပြီး ပုန်းအောင်းနေ၏။ ထေရီမကလေး ဆွမ်းခံရာမှ ပြန်လာပြီး

ကျောင်းတံခါးပြန်ပိတ်၍ ခုတင်ကလေးပေါ် အမောဖြေ ခေတ္တထိုင်နေ၏။ အပြင်မှဝင်လာသူ ထေရီမကလေးအဖို့ ကျောင်းခန်းတွင်း၌ မျက်စိမမြင် အမှောင်ဝင်နေ၏။ ထိုအချိန်တွင် အကြံသမား မောင်နန္ဒသည် ထေရီမကလေးကို ဖက်လှဲကာ အဓမ္မပြုကျင့်လေတော့၏။ ထေရီမကလေးကား ကိလေသာကုန်ခန်း ရဟန္တာမ ဖြစ်သည့်အတိုင်း တစ်စုံတစ်ရာ သာယာမှု မရှိခဲ့ချေ။

မောင်နန္ဒကား မိမိအလိုဆန္ဒ ပြည့်သွားပြီဖြစ်၍ ကျောင်းကလေးပေါ်မှ တဖြည်းဖြည်း ဆင်းသွားလေသည်။ သူသည် ထေရီမကလေး မျက်စိမမြင်ရာ အရပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြေမျိုကာ အဝီစိငရဲသို့ ကျရောက်သွားသည်ဟု ပါရာဇိကကဏ်ပါဠိတော်၊ အဋ္ဌကထာတို့၌ ဟောကြားမိန့်ဆိုထား၏။ ဤကား ရဟန္တာထေရီမကို လွန်ကျူးရာ၌ အပြစ်အလွန်ကြီးမားပုံ ဖြစ်သည်။

## ကာမေသုမိစ္ဆာစာရကံနှင့် ပရဒါရကံ

ကာမပိုင်လင်ယောကျ်ားရှိသည့်သူများအား တိတ်တခိုး ပေါင်းသင်းဆက်ဆံခြင်းကို ပရဒါရကံထိုက်သည်ဟု နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာလာ ပရဒါရိက ပြိတ္တာဝတ္ထုတို့၌ ဆို၏။ ဓမ္မပဒအဋ္ဌကထာ သူဌေးသားလေးယောက် ဝတ္ထု၌လည်း “ပရဒါရကံကို ပြုသောကြောင့်” (ပရဒါရိက ကမ္မံကတွာ)ဟု မိန့်ဆိုထား၏။ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်ဟုကား မဆိုကြချေ။ ထို့ကြောင့် ပရဒါရကံသည် ကာမေသုမိစ္ဆာစာရကံမှ အလွတ်ဖြစ်သည့် ကံလား၊ ထိုကံက ကာမေသုမိစ္ဆာစာရကံထက် ပို၍ အပြစ်ကြီးသလားဟု မေးလေ့ရှိကြ၏။ အဖြေကား ကာမေသုမိစ္ဆာစာရကံမှ သီးခြားအလွတ်ဖြစ်သည့်ကံ မဟုတ်ပါ။ အတူတူပင် ဖြစ်ပါသည်ဟု ဖြေရပါမည်။

မှန်၏၊ ပရဒါရ ဆိုသည်မှာ သူတစ်ပါးတို့၏မယားဟု အဓိပ္ပာယ်ရ၏။ (ပရ=သူတစ်ပါးတို့၏+ဒါရ=မယား)၊ ယောကျ်ားများ သွားလာ

ပေါင်းသင်း ဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံထိုက်သည့် မိန်းမ (အဂမနီယဝတ္ထု)နှစ်ကျိပ်တွင် အပျို(၈)မျိုးနှင့် သူများမယား(၁၂)မျိုး ပါဝင်ပါသည်။ ထိုတွင် အပျို(၈)မျိုး၌ လွန်ကျူးသွားလာလျှင် ကာမေသုမိစ္ဆာစာရကံထိုက်သည်ဟုသာ ဆိုရပါသည်။ သူများမယား(၁၂)မျိုး၌ လွန်ကျူးသွားလာလျှင်မူ ကာမေသုမိစ္ဆာစာရ ကံထိုက်သည်ဟု ဆိုနိုင်သကဲ့သို့ "ပရဒါရကံ"ထိုက်သည်ဟုလည်း ဆိုနိုင်သည်။ ကျမ်းဂန်၌လည်း သုံးသည်။ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် "နိရယ"သုတ်နှင့် ပဥ္စကအင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေရသုတ်တို့၌ စုဏ္ဏိယပါဠိတွင် "ကာမေသုမိစ္ဆာစာရ"ဟု ဟောကြားတော်မူပြီး နိဂုံးဂါထာများ၌မူ ပရဒါရဥ္စ ဂစ္ဆတိ"ဟု ဟောကြားတော်မူထားပေသည်။ ကံနှစ်မျိုး အတူတူပင်ဖြစ်၍ အပြစ်ပိုကြီးခြင်း မရှိပါ။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အလွန်ကျူးခံရသူ သီလမရှိ၊ မရှိကို လိုက်ပြီး အပြစ်ထိုက်ပါသည်။

## ကာမေသုမိစ္ဆာစာရကံ၏ ဆိုးကျိုးများ

ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးသူသည် ယခုလက်ရှိဘဝ၌ပင် ဘေးရန် အမျိုးမျိုးတို့နှင့် တွေ့ကြုံရတတ်သည်၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခများကို ခံစားရတတ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော်၊ ဝေရသုတ်၌ ဟောကြားတော်မူထား၏။

တမလွန်ဆိုးကျိုးများကား ပဋိသန္ဓေကျိုးခေါ်သည့် မူရင်းမချဆိုးကျိုးနှင့် ပဝတ္တိကျိုးခေါ်သည့် ဆိုးကျိုးဆက်၊ ဆိုးကျိုးဖျားဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးသူသည် နောင်ဘဝတွင် အပါယ်လေးဘုံတို့တွင် တစ်ဘုံဘုံ၌ သွားဖြစ်ရခြင်းကား ပဋိသန္ဓေဆိုးကျိုးရင်းဖြစ်၏။ လူ ဖြစ်လာသည့်အခါ၌လည်း ရန်သူတို့၏ ရန်ငြိုးဖွဲ့မှုကို ဖြစ်ပွားစေခြင်းသည် ပဝတ္တိအကျိုးဆက် အကျိုးဖျားဖြစ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် (ဒုစ္စရိတစိပါကသုတ်) စသည်တို့၌ ဟောကြားထား၏။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကလည်း အကျိုးဆက်၊ အကျိုးဖျားနှင့် ပတ်သက်၍ အပါယ်လေးဘုံတို့မှ လွတ်၍ လူဖြစ်လာပြန်လျှင်လည်း

၁။ မလိုမုန်းထားသူ ပေါများခြင်း၊
၂။ ရန်သူများခြင်း၊
၃။ လာဘ်လာဘပစ္စည်း ဥစ္စာ ရှားပါးခြင်း၊
၄။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကင်းခြင်း၊
၅။ မိန်းမဖြစ်ရခြင်း၊
၆။ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ် နပုံးပဏ္ဍုတ်ဖြစ်ခြင်း၊
၇။ ယောကျ်ားဖြစ်သော်လည်း ယုတ်ညံ့သည့်အမျိုး၌ဖြစ်ခြင်း၊
၈။ မျက်နှာပျက်ပြီး အရှက်ကွဲရခြင်း၊
၉။ ကိုယ်အင်္ဂါလက္ခဏာများ ချို့တဲ့သေးသိမ်ခြင်း၊
၁၀။ စိုးရိမ်ကြောင့်ကြမှု အားကြီးခြင်း၊
၁၁။ ချစ်သူနှင့် ကွဲကွာရတတ်ခြင်း၊

စသည့် ဆိုးကျိုးဆက်များကို ခံစားရတတ်သည်ဟု အောက်ပါ လင်္ကာဖြင့် မိန့်ဆိုထား၏။

**လင်္ကာ**။ ။ မိစ္ဆာစာရ၊ လွန်ကျူးကမူ၊ မုန်းကြသူများ၊ ရန်သူပွား၏။
ရှားပါး လာဘ်သပ်ပကာ၊ ချမ်းသာမရ၊ မိန်းမပဏ္ဍုတ်၊
မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရရာ၊ လက္ခဏာ
ဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ ချစ်သူကွာသည်
...ရောင်ခါ အပြန်အကျိုးတည်း။

## ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ရကျိုး

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်လျှင် ဖော်ပြခဲ့သည့် ဆိုးကျိုးများကို ခံစားရသကဲ့သို့ ရှောင်ကြဉ်စောင့်ထိန်းလျှင်လည်း ကောင်းကျိုး

များ ကို ခံစား ရပေသည်။ ထိုကောင်းကျိုးများမှာ–

၁။ ရန်သူကင်းခြင်း ၊
၂။ လူအပေါင်း တို့ ချစ်ခင်မြတ်နိုးခြင်း ၊
၃။ စား ဝတ်နေရေး တို့ အဆင်ပြေခြင်း ၊
၄။ ချမ်း သာစွာ အိပ်, နိုး ရခြင်း ၊
၅။ မိန်းမ, နပုံ မကျွတ်တို့ မဖြစ်ခြင်း ၊
၆။ အမျက်ဒေါသနည်းခြင်း ၊
၇။ ဇနီး မောင်နှံအချင်းချင်း ချစ်ခင်ကြင်နာခြင်း ၊
၈။ ကိုယ်အင်္ဂါလက္ခဏာပြည့်စုံခြင်း ၊
၉။ စိုးရိမ်ကြောင့်ကြမှုနည်းခြင်း ၊
၁၀။ ချမ်းသာစွာနေထိုင်ရခြင်း ၊
၁၁။ ဘေးရန်ကင်းခြင်း ၊
၁၂။ ချစ်သူနှင့် ကွဲကွာမှုမရှိခြင်း စသည်တို့ဖြစ်သည်ဟု "ခုဒ္ဒက ပါဠ အဋ္ဌကထာ"၌ မိန့်ဆိုထားပေသည်။

## ဉာဏ်ကံကြောင့် ငရဲကျသူ (၄)ဦး

ဤလောက၌ ဉာဏ်ကံကို လွန်ကျူး သူတို့ အလွန်များ ကြ၏။ ထို့ကြောင့် ဉာဏ်ကံကို လွန်ကျူးသဖြင့် ဆိုးကျိုးများ ခံစား ရပုံကို ဝတ္ထုသာဓက အနည်းငယ် တင်ပြပါဦးမည်။ ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင် လက်ထက်တော်၌ ကုဋေလေးဆယ်စီ ကြွယ်ဝချမ်းသာကြသော ဗာရာဏသီပြည်သား သူဌေးသားလေးဦး ရှိသတဲ့။ ထိုသူဌေးသားလေးဦးတို့သည် ဒါန၊ သီလ စသော ကုသိုလ်တရားတို့ကို မသည်းပူး မပွားများဘဲ သူတစ်ပါးမယားတို့ကိုသာ ဥစ္စာများစွာပေး ကာ လွန်ကျူးပျော်ပါးနေကြသည်။ ထိုကာမေသုမိစ္ဆာရကံကြောင့် ထိုသူလေ ယောက်လုံး သေဆုံးကြသောအခါ အဝီစိငရဲသို့ ကျရောက်ကြသည်။

အဝီစိငရဲမှ လွတ်မြောက်ကြသောအခါ ယူဇနာခြောက်ဆယ်ရှိသော

လောဟကုမ္ဘိငရဲတွင် ဦးခေါင်းစောက်ထိုး ကျရပြန်၏။ နှစ်မြုပ်ရာတွင် အနှစ်သုံးသောင်းကြာသကဲ့သို့ ပြန်ပေါ်လာရာ၌လည်း အနှစ်သုံးသောင်းကြာ၏။ ပြန်ပေါ်လာ၍ ငရဲအိုးဝသို့ ရောက်လာသောအခါ မိမိတို့ မှားခဲ့ပုံ၊ ယခု ခံစားနေရပုံ၊ သံဝေဂရပုံတို့ကို တစ်ဦးလျှင် တစ်ဂါထာ စီဖြင့် သာတိပေး ပြောကြားကြသည်။ သို့ရာတွင် သူတို့လေးဦးလုံး ဂါထာဆုံးအောင် ရွတ်ချိန်မရဘဲ ဂါထာ၏ အစတစ်လုံးစီကိုသာ "ဒု၊ သ၊ န၊ သော"ဟု အသီးသီးရွတ်ဆိုစဉ်ပင် တစ်ဖန်ပြန်၍ နှစ်မြုပ်သွားကြပါသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ရွှေကျင်ဂိုဏ်းကို တည်ထောင်တော်မူသော ပထမရွှေကျင်ဆရာတော်ဘုရားကြီးက–

၁။ ကုဋေလေးဆယ်၊ ဥစ္စာကြွယ်၊ မိုက်ခေါင်ထယ်သည့် သူဌေးသား၊

၂။ လေးယောက်လုံးပင်၊ ရူးစိတ်ဝင်၊ သူ့မယားတွင် ကာလလျား၊

၃။ လောကကုမ္ဘိ၊ ကြေးအိုးနိ၌၊ ဘေးကြီးဆိုက်၊ မိုက်ပြစ်မဟုတ်လား၊

၄။ ယင်းသည့်တရား၊ နှလုံးထား၊ ပရဒါရ ရှားလေလော့

ဟု ဆုံးမတော်မူခဲ့ပေသည်။

## ဤကံကြောင့် မိန်းမ စသည် ဖြစ်ရသူများ

အရှင်အာနန္ဒာအလောင်းသည် တစ်ခုသော ရွှေပန်းထိမ်သည်သားဘဝ၌ မိတ်ဆွေဆိုးနှင့် ပေါင်းမိပြီး ကာမေသုမိစ္ဆာစာရကံကို လွန်ကျူးခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာ ငရဲဒုက္ခကို ခံစားရ၏။ ငရဲမှ လွတ်သည့်အခါ ဆိတ်ဘဝ၊ မျောက်ဘဝ၊ နွားဘဝတို့၌ဖြစ်ကာ ဝှေးစေ့ ထုတ်ခံရ၏။ ထို့နောက် ဝဇ္ဇီတိုင်း၌ နပုံးပဏ္ဍုတ်တစ်ကြိမ်၊ တာဝတိံသာ၌ သိကြားမင်း၏ မိဖုရားလေးကြိမ်၊ ဇဝန နတ်သား၏ နတ်မိဖုရားကြီးတစ်ကြိမ်၊ မိတ္ထိလာပြည်၌ အင်္ဂတိမင်းကြီးသမီးတော် ရုစာဒေဝီဘဝတစ်ကြိမ် ဖြစ်ရသည်။ ထိုရုစာဒေဝီ

ဘဝတွင် ရှေးဖြစ်ခဲ့ဖူးသည့် ဘဝများကို ပြန်မြင်ပြီး "ယောကျ်ားဖြစ်လို သူများသည် ဖြစ်လေရာရာ ဘဝတိုင်းတို့၌ ပရဒါရကံကို ရှောင်ကြဉ် ရမည်၊ မိမိလင်ယောကျ်ားကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်"ဟု လမ်းညွှန်ခဲ့ကြောင်း မဟာနာရဒ ကဿပဇာတ်တော်ကြီး၌ ဟောကြား တော်မူထားခဲ့ပေသည်။

ကျွန်ုပ်တို့ မြတ်စွာဘုရား လက်ထက်တော်၌လည်း ဣသိဒါသီ မထေရီမသည် အဆူဆူသော ရှေးဘုရားရှင်တို့၏အထံတော်၌ ယောကျ်ား ဘဝတို့ဖြင့် ပါရမီဖြည့်ကျင့်ခဲ့သူဖြစ်ပါသည်။ ထိုသို့ဖြစ်ပါလျက် လွန်ခဲ့ သည့် ခုနစ်ဘဝ မြောက်၌ ရွှေပန်းထိမ်သည် ဖြစ်ခဲ့ရာ မကောင်းသော မိတ်ဆွေနှင့် ပေါင်းမိပြီး သူတစ်ပါးသားမယားကို လွန်ကျူးခဲ့မိ၏။ ထိုပရဒါရ အကုသိုလ်ကံကြောင့် ငရဲသို့ကျရောက်ပြီး ငရဲမှလွတ်သည့် အခါ၌လည်း တိရစ္ဆာန်ဘဝတွင် သုံးကြိမ် သင်းကွပ်ခံရ၍ ထိုမှလွတ် လျှင် ကျွန်မဝမ်း၌ နပုံးပဏ္ဍုတ် ဖြစ်ရသည်။ ယခု ကျွတ်တမ်းဝင်သည့် နောက်ဆုံးဘဝ၌လည်း မိန်းမဘဝဖြင့်ပင် ကျွတ်တမ်းဝင်ရရှာသည်ဟု ထေရီအဋ္ဌကထာ၌ လာ၏။

ထို့ပြင် ဘုရားရှင်လက်ထက်တော်က အိမ်ထောင်ရှင် သောရေယျ သူဌေးသားသည် အလွန်ချောမောလှပသည့် အရှင်မဟာကစ္စည်း ရဟန္တာမထေရ် မြို့တွင်းသို့ ဆွမ်းခံဝင်လာသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည့်အခါ "ဒီမထေရ်ဟာ ငါ့မိန်းမဖြစ်လျှင် ကောင်း မှာပဲ၊ ငါ့မိန်းမရဲ့ အသားအရောင်ဟာ ဒီမထေရ်ရဲ့ အသားရောင် အတိုင်းဖြစ်လျှင် ကောင်းမှာပဲ"ဟု မတော်မလျော် နှလုံးသွင်းချော်ကာ ပြစ်မှားမိ၏။ ထိုအကုသိုလ်မနောကံကြောင့်ပင် ခဏချင်း ယောကျ်ား ဘဝမှ မိန်းမဘဝသို့ ရောက်ခဲ့ရရှာသည်ဟု ဓမ္မပဒအဋ္ဌကထာ၌ ဖွင့်ဆို ထား၏။ ဤသို့ ကာမဂုဏ်နှင့်ပတ်သက်ရာ၌ ကာယကံမြောက် လွန်ကျူး ပစ်မှားသည်ကို မဆိုထားဘိ၊ ရဟန္တာမထေရ်မြတ်ကို ယောကျ်ား အချင်းချင်း စိတ်ဖြင့် ပြစ်မှားမိရုံမျှဖြင့်ပင် ယောကျ်ားဘဝမှ မိန်းမဘဝ

သို့ ပြောင်းလဲသွားရကာ အလွန်ကြောက်ဖွယ်ရာကောင်းလှပေသည်။

**အင်္ဂါနှင့် အပြစ်ပြ ကဗျာ**

ရှောင်ရှားအပ်သူ မိန်းမများ၌
ရာဂစိတ်ထား ပေါင်းဖော်လို၊
လုံ့လပြုကာ ကျူးလွန်ပြုက
ကာမေသုတဲ့ အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ–ကျမည်ဆို။
လွတ်လာပြန်က၊ နပုံ·မ၊ မိန်းမဖြစ်သကို။
အဲဒါကြောင့် မိစ္ဆာစာရ၊ ရှောင်ကြပါစေလို့။

ဤဖော်ပြပါ အကြောင်းအရာများအရ ဤကံသည် အလွန်ကြောက်ဖွယ်ရာ ကောင်းလှ၏။ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့၍ အခြားသာဝကများနှင့်မတူ ထူးခြားစွာ တေဒဂ်ငါးတန်ရရှိခဲ့သည့် ဘုရားညီတော် အရှင်အာနန္ဒကဲ့သို့သော ပါရမီရှင်ကြီးများကိုပင် အလွတ်မပေးဘဲ ကမ္မနိယာမအတိုင်း မကောင်းကျိုး ပေးတတ်သည့်အတွက် အမျိုးသား၊ အမျိုးသမီးတိုင်း အထူးသဖြင့် အမျိုးသားတိုင်း မကျူးလွန်မိအောင် အထူးရှောင်ရှားသင့်ကြပေသည်။

## ၄။ မုသာဝါဒသိက္ခာပုဒ်အဓိပ္ပာယ်

ငါးပါးသီလ၌ လေးခုမြောက် စတုတ္ထသိက္ခာပုဒ်သီလမှာ "မုသာဝါဒ သိက္ခာပုဒ်သီလ"ဖြစ်၏။ ဤသိက္ခာပုဒ်သီလကို "မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလိုဆို၍ ဆောက်တည်ရသည်။ ထိုပါဠိ၏ တိုက်ရိုက်မြန်မာပြန်မှာ "လိမ်လည်လှည့်စား၊ မုသားစကား၊ ပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဟု ဖြစ်၏။ အတိုချုပ်မှာ "မုသားစကား

ပြောခြင်းမှ ရှောင်ကြဉ်ပါ၏”ဖြစ်၏။ ဤသိက္ခာပုဒ်ကို ဆိုရာ၌ “မှုသာ ဝါဒါ”ဟု အများအားဖြင့် ဆိုနေကြသည်။ ထိုအဆိုမမှန်ပါ။ “မုသာ ဝါဒါ”ဟု မ–၌ ဟထိုးမပါဘဲဆိုမှ မှန်ပါသည်။ ပြင်ဆင်ရွတ်ဆို၍ ဆောက်တည်ကြရန် ဖြစ်သည်။

မုသာဝါဒပုဒ်စုတွင် မုသာပုဒ်တစ်ခု၊ ဝါဒပုဒ်တစ်ခု၊ ပုဒ်နှစ်ခု ပါဝင်သည်။ ထိုတွင် မုသာကား မဟုတ်မမှန်သော ဝတ္ထု(အကြောင်း အရာ)ကို ဟောသော နိပါတ်ပုဒ်ဖြစ်သည်။ ဝါဒပုဒ်မှာ ပြောဆိုခြင်း (ဝါ) ပြောဆိုကြောင်း စေတနာဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် “မုသာဝါဒ”ဆိုသည်မှာ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်ပြောဆိုမှုကို ရှေးရှုသောသူ၏ သူတစ်ပါးအကျိုးစီးပွားကို ပျက်ပြားစေတတ်သော နှုတ်ဖြင့် လိမ်ညာခြင်း၊ ကိုယ်ဖြင့် လိမ်ညာခြင်းတို့ဖြစ်သည်။ တစ်နည်း အားဖြင့် ထိုနှုတ်ဖြင့်လိမ်ညာခြင်း၊ ကိုယ်ဖြင့်လိမ်ညာခြင်းတို့ကို ဖြစ်စေ တတ်သော အကုသိုလ်စေတနာသည် မုသာဝါဒမည်။ ဤသို့ အဋ္ဌသာ လိနီ အဋ္ဌကထာ၌ မိန့်ဆိုထား၏ (မုသာ=မဟုတ်မမှန်သောဝတ္ထုကို+ ဝါဒ=အမှန်လုပ်၍ပြောကြောင်း စေတနာ)။

လိမ်ညာမှုကို နှုတ်ဖြင့်ပြောဆိုမှုများ၍သာ မုသာဝါဒဟု ဆိုခြင်း ဖြစ်သည်။ ကိုယ်ဖြင့် ညာဝါး ဖြန်းသန်းရေးသားမှုအရပ်ရပ်တို့မှာလည်း မုသာဝါဒပင် မည်ပါသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် ရှင်းပြ ပါမည်။

## မုသာဝါဒ အင်္ဂါ(၄)ပါး

လိမ်ညာလှည့်စား မုသားစကားပြောကြားရာတွင် အချို့ မုသား စကားများကား ကမ္မပထ မမြောက်ဘဲ ဒုစရိုက်ကံဖြစ်ရုံ၊ သီလပျက်ရုံ မျှသာဖြစ်၏။ အချို့မုသားစကားများမှာမူ ကမ္မပထမြောက်၍ အပါယ် ပဋိသန္ဓေကျိုးကို ပေးနိုင်ကြ၏။ ထို့ကြောင့် ကမ္မပထ မြောက်,မမြောက် ကို ဆုံးဖြတ်နိုင်ရန် ဤသိက္ခာပုဒ်၌ ဖော်ပြခဲ့ပြီးသော သိက္ခာပုဒ်များ

ကဲ့သို့ပင် အင်္ဂါ(၄)ပါး ပြဆိုထား၏။ ထိုအင်္ဂါရပ်များမှာ–

၁။ မဟုတ်မမှန်သော အကြောင်းအရာဝတ္ထုဖြစ်ခြင်း၊

၂။ မှားယွင်းစေလိုသော စိတ်ရှိခြင်း၊

၃။ မှားယွင်းစေလိုသော စိတ်မျိုးဖြင့် ကိုယ်,နှုတ်တို့ဖြင့် လှံ့လ ပြုခြင်း (လိမ်ညာခြင်း)၊

၄။ အလိမ်ခံရသူက လိမ်သည့်အတိုင်း သိရှိယုံကြည်ခြင်း၊

တို့ဖြစ်သည်။

**လင်္ကာ**။ ။ မမှန်ဝတ္ထု၊ မှားလိုမှု၊ လိမ်ပြု ကိုယ်နှုတ်ပါ။
လိမ်ညာစကား၊ ယုံကြည်ငြား၊ လေးပါးကံမှုသာ။
သူများကျိုးပ၊ ပျက်စီးမှ၊ မြောက်ရ ကမ္မပထာ။

ဤအင်္ဂါလေးပါးတို့ကို အဋ္ဌသာလိနီအဋ္ဌကထာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ခုဒ္ဒကပါဌ အဋ္ဌကထာ စသော အဋ္ဌကထာကျမ်းများ၌ မိန့်ဆိုထားကြ၏။ သို့ရာတွင် ခုဒ္ဒကပါဌအဋ္ဌကထာ၌ "သူတစ်ပါးအကျိုးကို ဖျက်ဆီးသော မုသာဝါဒသည်သာ ကမ္မပထမြောက်၏။ သူတစ်ပါးအကျိုးကို မဖျက်ဆီးသော မုသာဝါဒသည် ကမ္မပထမမြောက်၊ ကံသာဖြစ်၏ (ယော ပန အတ္ထဘဉ္ဇကော၊ သောကမ္မပထပ္ပတ္တော၊ ဣတရော ကမ္မမေဝ)"ဟု ဖွင့်ဆိုထား၏။ အဘိဓမ္မတ္ထဝိ ဘာဝိနီ ဋီကာ၊ ပရမတ္ထဒီပနီ မည်သော သင်္ဂဟမဟာဋီကာ (လယ်တီ)တို့၌လည်း ခုဒ္ဒကပါဌ အဋ္ဌကထာအတိုင်း ဖွင့်ဆိုထားကြ၏။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ခုဒ္ဒကပါဌ အဋ္ဌကထာကျမ်းတို့၌လည်း "သူတစ်ပါးအကျိုးစီးပွားကို ဖျက်ဆီးတတ်သော ဝစီပယောဂ၊ ကာယပယောဂသည်လည်းကောင်း၊ ထိုကာယပယောဂ၊ ဝစီပယောဂတို့ကို ဖြစ်ပေါ်စေနိုင်သော အကုသိုလ်စေတနာသည်လည်းကောင်း မုသာဝါဒမည်၏"ဟု မိန့်ဆိုထားကြ၏။

ထို့ကြောင့် ဖော်ပြခဲ့သော မုသာဝါဒအင်္ဂါ(၄)ပါးသည် ပါဏာတိပါတ သိက္ခာပုဒ် စသည်တို့၌ ဖော်ပြခဲ့သော အင်္ဂါများကဲ့သို့ ကမ္မပထ

မြောက်သော အင်္ဂါများ မဟုတ်ကြချေ။ ထိုအင်္ဂါလေးပါး ပြည့်စုံညီညွတ်ရုံမျှဖြင့် ကမ္မပထ မမြောက်၊ ဒုစရိုက်ကံဖြစ်ရုံ၊ သိက္ခာပုဒ် သီလပျက်ရုံမျှသာဖြစ်သည်။ ဤအင်္ဂါ (၄)ပါးနှင့် ပြည့်စုံ၍ သူတစ်ပါး အကျိုးစီးပွားကို ပျက်စီးစေနိုင်သော မုသာဝါဒမျိုးသာ ကမ္မပထ မြောက်သည်ဟု ဆိုလိုပေသည်။

## ၁။ မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း

မိမိပြောဆိုသော အကြောင်းအရာသည် မည်သည့်နည်းနှင့်ဖြစ်စေ တကယ် မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခဲ့လျှင် ဤအင်္ဂါနှင့် ညီညွတ်တော့၏။

## ၂။ မှားယွင်းစေလိုသောစိတ်ရှိခြင်း

မှားယွင်းစေလိုသော စိတ်ရှိခြင်းဆိုသည်မှာ လိမ်ညာလှည့်စား မုသားစကား ပြောကြားလိုသောစိတ်မရှိဘဲ အမှားကို အမှန်ထင်မှတ်၍ ပြောဆိုသော်လည်း ကောင်း၊ အမှန်ကို အမှားထင်မှတ်၍ ပြောဆိုသော် လည်းကောင်း ဤအင်္ဂါ မမြောက်ပါ။ လိမ်လည်လှည့်စားလိုသောစိတ် ထားမျိုးဖြင့် ပြောမှသာ ဤအင်္ဂါ မြောက်ပါသည်။

## ၃။ ကိုယ်နှုတ်တို့ဖြင့် လိမ်ညာခြင်း

သီလဆိုသည်မှာ နှုတ်ဖြင့် မကောင်းပြောဆိုမှု၊ ကိုယ်ဖြင့် မကောင်း ပြုမှုတို့ကို စောင့်ထိန်းရသော သဘောဖြစ်သည်။ အကျင့်ဖြစ်သည်။ စိတ်ဖြင့် မကောင်းကြံမှုကို စောင့်ထိန်းရသော အကျင့်မဟုတ်။ စိတ်ဖြင့် မကောင်းကြံမှုကို ဘာဝနာအကျင့်ဖြင့်သာ စောင့်ထိန်းရသည်။ ထို့ကြောင့် နှုတ်ဖြင့် လိမ်ညာလှည့်စားပြောကြားမှု၊ ကိုယ်ဖြင့် လိမ်ညာမှု တို့ကိုသာ မုသာဝါဒဟု ဆိုရသည်။ စိတ်ဖြင့် ကြံစည်ရုံမျှဖြင့် မုသာဝါဒ မဖြစ်ပေ။

လိမ်ညာခြင်း မုသာဝါဒသည် နှုတ်ဖြင့်လိမ်ညာခြင်း၊ ကိုယ်ဖြင့် လိမ်ညာခြင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထု(ကာယပဋိဗဒ္ဓ)ဖြင့် လိမ်ညာခြင်း ဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် နှုတ်ဖြင့် လိမ်ညာပြောကြားပုံမှာ သိသာထင်ရှားသော်လည်း ကိုယ်ဖြင့် လိမ်ညာပုံ စသည်တို့မှာ မထင် ရှား မသိသာသဖြင့် ကိုယ်ဖြင့် လိမ်ညာပုံ စသည်တို့ကို ကျမ်းဂန်လာ သည့်အတိုင်း ဖော်ပြပါမည်။ ကိုယ်လက် စသည်တို့ကို လှုပ်ပြ၍ဖြစ်စေ (ကာယ)၊ စာနှင့်ရေးသား၍ဖြစ်စေ(ကာယပဋိဗဒ္ဓ) လိမ်ညာလျှင် မြင်ရ သူ၊ ဖတ်ရသူတို့ သိမြင်ယုံကြည်သွားပါက ကိုယ်လက် လှုပ်ပြစဉ်၊ ရေးသားစဉ်ကပင် မုသာဝါဒကံမြောက်သည်ဟု အဋ္ဌသာလိနီ စသည့် အဋ္ဌကထာများမှာ ဖွင့်ဆိုထား၏။

တစ်နည်းအားဖြင့် ပစ္စည်းဝတ္ထု တစ်ခုခုကို ငှားယူလို၍ဖြစ်စေ၊ ဝယ်ယူလို၍ဖြစ်စေ ထိုပစ္စည်း ရှိပါသလားဟု မေးသည့်အခါ အမှန်ရှိ နေပါလျက် မငှားလို၊ မရောင်းလိုသည့်အတွက် မရှိဘူးဆိုသည့်သဘော နှင့် "လက်ခါပြပြီး" လိမ်ခြင်းမျိုးကို ကိုယ်ဖြင့်လိမ်ခြင်းဟု ခေါ်သည်။ မေးသူက တကယ်ယုံကြည်သွားလျှင် လိမ်သူမှာ မုသာဝါဒကံဖြစ် သည်။ သိက္ခာပုဒ်သီလပျက်သည်။

လိမ်ညာသည့်အကြောင်းအရာများကို စာဖြင့်ရေးပြီး တစ်ပါးသူ ရှေ့မှာ ပစ်ထားခြင်း၊ "ဤအဓိပ္ပာယ် ဤအတိုင်း မှတ်ယူကြပါ"ဟု ဇရပ်တံတိုင်း စသည်တို့၏ နံရံများနှင့် စက္ကူ၊ ပေရွက် စသည်တို့၌ အမှားစာများကို ရေးသားထားခြင်း၊ ထိုလိမ်ညာသော အကြောင်းအရာ များကို သတင်းစာ၊ မဂ္ဂဇင်း၊ စာအုပ် စသည်တို့၌ ပုံနှိပ်လိမ်ညာခြင်း တို့မှာ ကိုယ်နှင့်စပ်သော ဝတ္ထုတို့ဖြင့် လိမ်ညာခြင်းမျိုး ဖြစ်သည်။ ဖတ်မိသူ နားလည်ယုံကြည်သွားလျှင် ရေးသူမှာ မုသာဝါဒကံ ဖြစ် သည်ဟု အဋ္ဌကထာများ၌ ဖွင့်ဆိုထား၏။

"ကုဋ္ဋာဒီသု–နံရံ, စက္ကူ, ပေရွက် စသည်တို့၌။ လိခိတွာ–အမှား ရေးသား၍။ အယံ အတ္ထော–ဤအဓိပ္ပာယ်ကို။ ဧဝံ ဒဋ္ဌဗ္ဗောတိ–ဤ

ယခု ရေးသားထားသည့်အတိုင်း မှတ်ပါဟု။ ဌပေဏ္ဍောပိ–အခိုင် အမြဲရေးထားသူသည်လည်း။ မုသာဝါဒကမ္မုနာ–လိမ်ညာမှုကံဖြင့်။ ဗဇ္ဈတိ–တုပ်ပြီး၊ နှောင်ပြီး၊ ဖွဲ့ချည်ပြီးဖြစ်၏”ဟု ဖွင့်ဆိုသော အဋ္ဌ သာလိနီ စသော အဋ္ဌကထာကျမ်းများအရဆိုသော် နိုင်ငံသားကတ်ပြား မှာ မွေးသက္ကရာဇ်လိမ်ပြီး ထည့်ထားခြင်း၊ ဆောင်းပါးရှင်၏ ခွင့်ပြုချက် မရဘဲ သူတစ်ပါးဆောင်းပါးကို မိမိနာမည်နှင့် သတင်းစာ မဂ္ဂဇင်း များ၌ ထည့်ခြင်း၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ မဓ္ဈာစရိယဘွဲ့ စသည်များမရဘဲ ဘွဲ့မည်တပ်ခြင်း စသည်တို့မှာ သူတစ်ပါးအကျိုး မပျက်စီး၍ ကမ္မ ပထ မမြောက်သော်လည်း မုသာဝါဒကံ ထိုက်၏။ ထိုသီလသိက္ခာပုဒ် ပျက်၏။

ဤအင်္ဂါ၌ ကိုယ်တိုင် ကိုယ်နှုတ်တို့ဖြင့် လိမ်ညာခြင်းသာမဟုတ်၊ “ဒီလူကို ဒီလိုပြောပေးစမ်းပါ”ဟု လိမ်ညာစကားကို သူတစ်ပါးတို့အား ပြောခိုင်းခြင်းသည်လည်း ဤအင်္ဂါ၌ အကျုံးဝင်ပေသည်။ ထို့ကြောင့် ဤအင်္ဂါအရ လိမ်ညာခြင်း(ပယောဂ)များမှာ ကိုယ်တိုင်လိမ်ညာခြင်း (သာဟတ္ထိကပယောဂ)၊ လိမ်ညာစာကို ရှေ့မှာပစ်ထားခြင်း (နိဿဂ္ဂိယ ပယောဂ)၊ အမြဲတည်ရှိနိုင်သော နံရံ စသည်တို့၌ ရေးသား၍ လိမ်ညာ ခြင်း(ထာဝရပယောဂ)တို့ကိုလည်း ရသင့်သည်ဟု အဋ္ဌသာလိနီ အဋ္ဌ ကထာ၌ ဖွင့်ဆိုထား၏။

## ၄။ အလိမ်ခံရသူက အဓိပ္ပာယ်ကို သိရှိနားလည်ခြင်း

သူတစ်ပါးတို့အား လိမ်ညာ၍ ပြောပြ၊ လုပ်ပြသော်လည်း မိမိ သိစေလိုသည့် အဓိပ္ပာယ်ကို မိမိရည်ရွယ်သည့်အတိုင်း အလိမ်ခံရသူတို့ သိရှိသဘော ပေါက် နားလည်မှသာ ဤအင်္ဂါမြောက်သည်။ အလိမ်ခံ ရသူက မသိနားမလည်လျှင်၊ သို့မဟုတ် တစ်မျိုးသဘောပေါက်လျှင် ဤအင်္ဂါမမြောက်ပါ။

**မုသာဝါဒ ဖြစ်,မဖြစ်၊ စိစစ်ရာ ပြဿနာများ**

(၁) လောက၌ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ အသက်ဘေးမှ လွတ်မြောက်ရေးအတွက် ပရိယာယ်ဖြင့် လိမ်လည်လှည့်ဖြား ပြောကြားရသောအခါမျိုး တစ်ခါတစ်ရံ ကြုံရတတ်ကြ၏။ ဇာတ်နိပါတ်တော်များ၌ ဘုရားလောင်းများသည်ပင် မိမိအသက်ကို ကာကွယ်လို၍ ပရိယာယ်ဖြင့် လိမ်လည်လှည့်စား ပြောကြားကြရသည်ကို အထင်အရှား တွေ့ရှိရ၏။

ပဉ္စာဝုဓဇာတ်၌ လက်နက်ငါးမျိုး ကိုင်ဆောင်ထားသော ဘုရားလောင်း ပဉ္စာဝုဓမင်းသားသည် တောအုပ်တစ်ခုအတွင်း၌ သိလေသလောမ ဘီလူးကြီးနှင့် တွေ့၍ လက်နက်ငါးမျိုးဖြင့်ပစ်ရာ လက်နက်အားလုံး ဘီလူး၏ အမွေးကြီးများတွင် ငြိကပ်နေသည်။ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ဦးခေါင်းတို့ဖြင့် ရိုက်ပုတ်သည့်အခါ၌လည်း ကိုယ်အင်္ဂါငါးခုလုံး ဘီလူးကြီး၏ အမွေး၌ပင် ကပ်ငြိနေကြတော့၏။ သို့သော် ဘုရားလောင်း မင်းသားသည် အနည်းငယ်မျှ ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိပေ။

ထို့ကြောင့် ဘီလူးကြီးက "ဘာကြောင့် မကြောက်သလဲ"ဟု မေးသည့်အခါ "မိမိအသက်ကို ကာကွယ်ရန်အတွက် ကျွန်ုပ်၏ဝမ်းထဲတွင် ဝရဇိန်လက်နက်ကြီး ရှိပါတယ်။ ကျွန်ုပ်ကို အသင်စားလျှင် သင့်ရဲ့ အူ, အသည်း, နှလုံးတို့ အပိုင်းပိုင်းပြတ်၍ သင်ပါ သေရမည်ကို သိ၍ မကြောက်ကြောင်း" ပရိယာယ်ဖြင့် လိမ်လည်လှည့်ပတ်ပြောရာ သေဘေးမှ လွတ်မြောက်ခဲ့သည်။

ဝါနရိန္ဒဇာတ်၌လည်း ဘုရားလောင်းမျောက်မင်းသည် မိမိကို ဖမ်းစားတော့မည့်ဆဲဆဲဖြစ်သော မိကျောင်းကို "အဆွေမိကျောင်း၊ ကျွန်ုပ်၏ခန္ဓာကိုယ်ကို အဆွေအား ပေးလှူပါ၏၊ အဆွေပါးစပ်ကို ဟ,ထားပါ၊ အဆွေ့ပါးစပ်ထဲသို့ ကျွန်ုပ် ဝင်လာခဲ့ပါမယ်"ဟု ပရိယာယ်

ဖြင့် လိမ်လည်လှည့်ပတ်ပြောဆိုကာ မိကျောင်းပါးစပ်ဟ၍ မျက်စိမှိတ်သွားစဉ် မိကျောင်း၏ ဦးခေါင်းပေါ် တက်နင်းကာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

သုသုမာရဇာတ်၌လည်း မိကျောင်းတစ်ကောင်သည် ဘုရားလောင်းမျောက်မင်း၏ နှလုံးသားကို လိုချင်သဖြင့် မျောက်ကို ပရိယာယ်ဖြင့်ကျောပေါ်တင်သွားပြီး ရေလယ်တွင် မျောက်ကို ရေနှစ်သတ်ရန် ကြိုးစား၏။ မျောက်မင်းက အကြောင်းကိုမေးသည့်အခါ "ငါ့ဇနီးဖြစ်သူမိကျောင်းမက သင်၏နှလုံးသားကို စားချင်တဲ့အတွက်ကြောင့်ဖြစ်တယ်"ဟုပြော၏။ ထိုအခါ ဘုရားလောင်း မျောက်မင်းက "ငါ့ရင်ထဲမှာ နှလုံးသား မရှိပါဘူး၊ ရှိရင် သစ်ပင်များမှာ ပြေးလွှားတဲ့အခါမှုန့်မှုန့်ညက်ညက် ကြေပျက်သွားမှာပေါ့။ ဒါကြောင့် ငါ့ရဲ့ နှလုံးသားကိုဟောဟိုက ရေသဖန်းပင်ကြီးမှာ ဆွဲထားတယ်"ဟု သီးနေသည့်သဖန်းပင်ကြီးကို ညွှန်ပြကာ "ရေသဖန်းပင်ကြီးဆီသို့ ပို့ပေးရင် အဲဒီမှာ ဆွဲထားတဲ့ ငါ့နှလုံးသားကို သင့်အား ယူပေးမယ်"ဟု ပရိယာယ်ဖြင့်ပြော၏။ မိကျောင်းက ယုံကြည်သဖြင့် ရေသဖန်းပင်ရှိရာ ကမ်းစပ်သို့ ပို့ပေးရာ မျောက်မင်းသည် မိကျောင်းကျောပေါ်မှ ခုန်လွှား၍ရေသဖန်ပင်ပေါ်သို့ ပြေးတက် လွတ်မြောက်သွားလေတော့၏။

ဤသို့ ဘုရားလောင်းများသည်ပင် မိမိတို့အသက်ဘေးမှ လွတ်မြောက်ရေးအတွက် ပရိယာယ်ဖြင့် လိမ်လည်လှည့်စား မုသားစကားကိုပြောဆိုကြသေး၏။ သို့ရာတွင် ဘုရားလောင်းတို့၏ မုသားစကားမှာသူတစ်ပါး အကျိုးစီးပွားကို မပျက်ပြားစေသောကြောင့် မုသား သာမညမျှသာဖြစ်၏။ ကမ္မပထ မမြောက်၊ မုသာဝါဒကံသာဖြစ်၏ဟု ဆိုလိုပေသည်။ ထို့ကြောင့် "ဘုရားလောင်းအား အချို့နေရာတို့၌ ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊ ကာမေသု မိစ္ဆာစာရကံနှင့် သုရာမေရယကံတို့ကမ္မပထမြောက် ဖြစ်တတ်ငြားသော်လည်း သူတစ်ပါးအကျိုးကို ပျက်စီးစေသော မုသာဝါဒကံမျိုးကား မဖြစ်"ဟု နဝက နိပါတ် ဟရိတစ

ဓာတ်၌ မိန့်ဆိုထားခြင်းဖြစ်သည်။

(၂) သူတစ်ပါးအကျိုးတရားဖြစ်ပွားရေးကို ရည်ရွယ်လျက် တမင်သက်သက် မဟုတ်မမှန်သောစကားကို ပြောဆိုရသောအခါများနှင့် တစ်ခါတစ်ရံ ကြုံတွေ့ရတတ်ပါသည်။ ထိုအခါမျိုး၌လည်း မဟုတ် မမှန်သောစကားကို ပြောဆိုခြင်းကြောင့် မုသာဝါဒ ဖြစ်,မဖြစ် သိထားသင့်ကြ၏။

ဥပမာအားဖြင့် မိဘတို့သည် သားငယ် သမီးငယ်တို့ကို ဘေးအန္တရာယ် တစ်စုံတစ်ရာ ဖြစ်မည်စိုးသောကြောင့် အရပ်ဝေးသို့ မသွားစေလိုကြပေ။ ထို့ကြောင့် သားငယ် သမီးငယ်တို့ သွားလာမည့်အရပ်၌ ကျားရှိသည်၊ ဆင်ရှိသည်၊ သရဲရှိသည် စသည်ဖြင့် ခြောက်လှန့်ကာ မဟုတ်မမှန် ပြောဆိုတတ် ကြပါသည်။ သားငယ် သမီးငယ်တို့ကလည်း ဆင်၊ ကျား၊ သရဲများ အမှန် တကယ်ရှိသည်ဟု ယုံကြည်ပြီး အရပ်ဝေးသို့ မသွားကြတော့ချေ။ ထိုကဲ့သို့ မိဘတို့က သားငယ်သမီးငယ်တို့၏ အကျိုးစီးပွားကို လိုလား၍ မဟုတ်မမှန် ပြောဆိုရာ၌

(၁) ကျား၊ ဆင်၊ သရဲများ အမှန်တကယ်မရှိခြင်း

(၂) သားသမီးတို့အား မှားယွင်းစေလိုသောစိတ်ရှိခြင်း

(၃) မှားယွင်းစေလိုသောစိတ်ဖြင့် ပြောဆိုခြင်း

(၄) သားသမီးငယ်တို့ကလည်း ယုံကြည်သိမြင်ခြင်း

ဟူသော မုသာဝါဒ အင်္ဂါလေးပါးနှင့် ညီညွတ်နေသည့်အတွက် မိဘတို့အား သားငယ် သမီးငယ်တို့မှာ အကျိုးစီးပွားမပျက်၍ မုသာဝါဒကမ္မပထ မမြောက်သော်လည်း မုသာဝါဒ ဝစီဒုစရိုက်ကံဖြစ်၍ သီလသိက္ခာပုဒ် ပျက်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ကျေးနူးရှင်မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီးက မုသာဝါဒကံပင် မဖြစ်ဟု ဆုံးဖြတ်ထား၏။

ဆရာတော်ကြီးက "အဘိဓမ္မာ အဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာကျမ်းများအရ မုသာဝါဒသည် လောဘ မောဟ ပြဋ္ဌာန်းသော သို့

မဟုတ် ဒေါသ မောဟ ပြင်းသန်းသော အကုသိုလ်စိတ်ကြောင့် ဖြစ်ပေါ် လာရ၏။ မိဘတို့သည်ကား သားသမီးငယ်တို့ကို အဝေးအနီး မရွေး မချယ် သွားလာလေသည်ရှိသော် တစ်စုံတစ်ခုသော ဘေးရန်ထိခိုက် ရာ၏ဟု ထိုဒုက္ခမှ ကင်းဝေးစေလို၍ ဆိုသည်။ ဒုက္ခဖြစ်ချေတော့မည် ပြောဆိုသော်လည်း မလိမ္မာသောကြောင့် မရှောင်ရှားရာ၊ ကြောက်လန့် ဖွယ်ကို ပြော၍ ခြိမ်းခြောက်မှ ကြောက်လန့်၍ မသွားမလာ နေရာ သည်။ မသွားမလာနေမှလည်း ဘေးရန်ကင်းရာသည်ဟု ကရုဏာ ပြင်းသန်းသော မဟာကုသိုလ်စိတ်ဖြင့်ဆိုသော စကားဖြစ်၍ မုသာဝါဒ မဖြစ်၊ အပြစ်မရှိ။ မိဘတို့ကသာ ဆိုသင့်သည်မဟုတ်။ ဤကဲ့သို့ အကျိုးကို မျှော်ထောက်၍ ဆရာသမား၊ ဦးရီးနှောင်မယ်၊ မိတ်ဆွေ ခင်ပွန်းတို့ ပြောဆိုသမျှလည်း မုသာဝါဒ မဖြစ်ဟူ၍သာ မှတ်သင့် သည်။

မဟာသုတသောမဇာတ်၌ ညောင်ပင်စောင့်နတ်သည် တစ်ရာသော မင်းတို့ကို သေဘေးမှ လွတ်မြောက်စေရန် ပေါရိသာဒအား မဟာသုတ သောမ မင်းပါမှ ယဇ်အပူဇော်ခံမည်ဟု ပရိယာယ်ဖြင့် လှည့်ပတ်ပြော ဆိုခဲ့ဖူးသည်။ အရှင်သာရိပုတ္တရာသည် အနှစ်(၅၅)နှစ်တိုင်တိုင် ခိုးသူ များကို သတ်ခဲ့သော အာဏာပါးကွက်သား တမ္ဗဒါဌိကအား တရား ဟောရာတွင် တရားကို တည်တည်ငြိမ်ငြိမ် မနာနိုင်မှန်းသိ၍ "ခိုးသူ များကို သတ်ရာတွင် သင့်အလိုအလျောက် သတ်သလား၊ သူများခိုင်း လို့ သတ်ရသလား"ဟု မေးတော်မူရာ "မင်းကြီးက ခိုင်းလို့ သတ်ရပါ သည်"ဟု တမ္ဗဒါဌိကက ပြန်လျှောက်၏။ မင်းကြီးက ခိုင်း၍ သတ်ရ သည်ဟုဆိုလျှင် "သင့်မှာ အပြစ်ရှိပါ့မလား"ဟု စိတ်သက်သာရာ ရအောင် ပရိယာယ်အားဖြင့် လှည့်ပတ်ပြောဆိုခဲ့ကြောင်း တမ္ဗဒါဌိက စာရေယာတကဝတ္ထု၌ လာရှိ၏။

ဘုရားရှင်ကိုယ်တိုင်ပင်လျှင် ညီတော်နန္ဒမထေရ်အား "အဲဒီလိုလှပ တဲ့ နတ်သမီးငါးရာကို လိုချင်ရင် သာသနာတော်၌ ပျော်ရွှင်စွာနေ

လော့”ဟု လည်းကောင်း၊ ပိလိန္ဒဝစ္ဆပရိဗိုဇ်အား “မဟာဂန္ဓာရမန္တန်ကို တတ်လိုလျှင် ရဟန်းပြုလော့”ဟုလည်းကောင်း၊ မန္တန်အတတ်ပညာရှင် ဝင်္ဂီသပုဏ္ဏားအား “ရဟန္တာ၏ လားရာဂတိကို သိနိုင်သောမန္တန်ကို တတ်လိုလျှင် ရဟန်းပြုလော့”ဟုလည်းကောင်း ပရိယာယ်ဖြင့် လှည့်ပတ်ပြောဟောတော်မူသော်လည်း အကျိုးကို လိုလား၍ ပြောကြားတော်မူခြင်းဖြစ်ရာ ဘုရား၊ ရဟန္တာတို့အား မုသာဝါဒ မဖြစ်ပါ။ မေတ္တာကရုဏာပြဋ္ဌာန်းသော မဟာကြိယာစိတ်သာ ဖြစ်သည်။

ထို့အတူ ဆရာ မိဘ စသည်တို့က တပည့်သားမြေး စသည်တို့အား ဘေးရန်မှ ကင်းစေလိုခြင်း၊ ကောင်းကျိုးချမ်းသာ ဖြစ်စေလိုခြင်း စသော အကျိုးတို့ကို ထောက်၍ ခြိမ်းခြောက်ချော့မော့ ပြောဆိုသမျှသော စကားတို့သည် မေတ္တာကရုဏာပြဋ္ဌာန်းသော မဟာကုသိုလ်ဇောသာဖြစ်၍ မုသားလည်းမဖြစ်၊ အပြစ်လည်းမထိုက်၊ ကုသိုလ်တရားဆင့်ပွားတိုးများလေ၏ဟု မှတ်သင့်သည်”ဟု မုံရွေးဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူ၏။

(၃) ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကြရာ၌ ထိုပုဂ္ဂိုလ်၊ သတ္တဝါ စသည်တို့သည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိကြချေ။ ထိုကဲ့သို့ ပရမတ္ထ သဘောအားဖြင့် အထင်အရှားမရှိပါဘဲလျက် ပုဂ္ဂိုလ်ရှိသည်၊ သတ္တဝါရှိသည်၊ ယောကျ်ားရှိသည်၊ မိန်းမရှိသည်ဖြင့် ပြောဆိုနေကြသော သူတို့အား မုသာဝါဒဖြစ်,မဖြစ် ကျမ်းဂန်များ၌ စိစစ်ကား၏။

လောကလူသားတို့ ခေါ်ဝေါ်သုံးနှုန်း ပြောဆိုနေကြသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ စသော အမည်ပညတ်များသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိကြသည် မှန်သော်လည်း လောကလူသားများက ဤသို့ဆိုဟု တညီတညွတ်တည်း ခေါ်ဝေါ်ပညတ် သတ်မှတ်ထားကြ၏။ ထိုသတ်မှတ်ချက်အရ ထိုအမည်

ပညတ်များသည် အမှန်တရားများ ပင်ဖြစ်ကြ၏။ ထို့ကြောင့် ထို အမည်ပညတ်တို့ကို ခေါ်ဝေါ်ပြောဆိုခြင်းသည် တစ်ဦးတစ်ယောက်ကို မှု လှည့်စားခြင်းမဖြစ်၍ "သမုတိသစ္စာ" (သမုတ် ခေါ်ဝေါ်သောအား ဖြင့် အမှန်တရား)ဟု ဆိုရသည်။ ဤသို့ သမုတိသစ္စာ အမှန်တရားဖြစ် သောကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ စသော အမည်ပညတ်တို့ကို သုံးနှုန်းပြောဆိုခြင်းသည် "မုသာ ဝါဒ"မဖြစ်ဟု ကျမ်းဂန်များ၌ မိန့်ဆိုထား၏။

## သတိထားစရာ မုသာဝါဒ

မုသာဝါဒကံသည် အဒိန္နာဒါနကံကဲ့သို့ပင် သတိမထားလျှင် သီလ သိက္ခာပုဒ် ပျက်လွယ်သည်။ ထို့ကြောင့် သတိထားပြီး စောင့်စည်းမှု (သတိသံဝရ)ရှိဖို့ လိုအပ်၏။ ဤမုသာဝါဒအရာ၌ ကျီးကန်း၊ ခွေး၊ ကြောင် စသော တိရစ္ဆာန် တို့အား လက်ထဲ၌ ကျောက်ခဲ၊ တုတ်၊ အုတ်ခဲ စသည်မပါဘဲလျက် ပါလေ ဟန်၊ ပစ်လေဟန်ပြု၍ ခြိမ်း ခြောက်သောသူတို့အား အင်္ဂါလေးပါးညီညွတ်၍ မုသာဝါဒ မလွတ်သင့် ဟု ဆရာတော်ကြီးများ ဆုံးဖြတ်ကြောင်း "ပရမတ္ထသရုပ အနုဝဏ္ဏနာ ကျမ်းသစ်"၌ မိန့်ဆိုတော်မူထား၏။

မိမိပစ္စည်းကို သူတစ်ပါးတို့ လာငှားသည့်အခါ၊ လာတောင်းသည့် အခါ၊ လာဝယ်သည့်အခါတို့၌ ပစ္စည်းရှိလျက် မငှားလို၊ မပေးလို၊ မရောင်းလိုသည့်အတွက် "မရှိဘူး"ဟု လိမ်ညာပြောမှုသည် အပြစ် မကြီးသော်လည်း အင်္ဂါညီသဖြင့် မုသာဝါဒ သီလသိက္ခာပုဒ်ပျက်သည်။ ထိုလိမ်ပြောမှုမျိုးကို အိမ်နေသူတို့ အများဆုံး ပြောတတ်သောကြောင့် အိမ်သုံးမုသာဝါဒ (ဝလဥ္ဇနက မုသာဝါဒ)ခေါ်သည်ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ စသောကျမ်းဂန်များ၌ မိန့်ဆို ထား၏။

အချို့သော ရဟန်းသာမဏေများသည် ရွာထဲသို့ အလှူခံထွက်၍

ဆီ ထောပတ်တို့ကို အနည်ငယ်မျှ ရလာသော်လည်း သိတင်းသုံ ဖော်တို့နှင့် တွေ့သည့်အခါ ပျော်ရွှင်ပြောင်လှောင် ပြက်ရယ်ပြုသည့်သဘောဖြင့် "ဒီနေ့ ရွာထဲမှာ ဆီတွေ၊ ထောပတ်တွေ လျှံဒါန် နေတာကတော့ မြစ်ကြီး စီးနေသလိုပဲ (ထမင်း ရေချောင်း စီး ပဲ)"ဟု ပိုမိုချဲ့ကား ပြီး စကားကြီး၊ စကားကျယ် (ပူရဏ ကထာ)မျိုးကို ပြောလေ့ရှိကြသည်။ ထိုသို့ပြောဆိုခြင်းသည် "မှား ယွင်း စေ လိုသော စိတ်မရှိခြင်း ကြောင့် အင်္ဂါတစ်ပါး ချို့တဲ့သော်လည်း အပြစ်ရှိသည်"ဟု ကျမ်း ဂန်၌ ဆိုပေသည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

မုသားစကား ပြောကြားကြရာ၌ အပြစ်ကြီးလေ ပုံ၊ အပြစ်သေးငယ်ပုံတို့ကိုလည်း စုံလင်စွာ သိထားသင့်ကြ၏။ မိမိ မုသားစကား ပြောခြင်းကြောင့် သူတစ်ပါးအကျိုး စီးပွား ပျက်ပြားသည့်ပမာဏ အနည်းအများအလိုက် အပြစ် အကြီး အငယ် ဖြစ်ပါသည်။ အကျိုး စီးပွား နည်းနည်းပျက်လျှင် အပြစ်နည်း၍ များများပျက်လျှင် အပြစ်ကြီးသည်ဟု ဆိုလိုပါသည်။

အတန်ငယ် ချဲ့ဆိုရလျှင် ၁၀၀ ကျပ်တန်ဖိုး ပျက်စီးသည်ထက် ၁၀၀၀ ကျပ်တန်ဖိုး ပျက်စီးသည်က ပိုအပြစ်ကြီး၏။ ထို့ထက် တစ်သောင်းကျပ်တန်ဖိုး ပျက်စီးသည်က ပိုအပြစ်ကြီးသည်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ (ဤ သဘောမျိုး) မိန့်ဆိုထား၏။

မဟုတ်မမှန် ပြောဆိုခြင်းကြောင့် ပျက်စီး ဆုံးရှုံးသွားသော ပစ္စည်းတန်ဖိုးချင်း တူညီလျှင် ပစ္စည်းရှင်၏ သီလစသော ဂုဏ်အလိုက် အပြစ်ကြီး အပြစ်ငယ်ကို ဆုံးဖြတ်ရ၏။ သီလ စသော ဂုဏ်နည်းသော သူ၏ ပစ္စည်းဆုံးရှုံးမှုထက် သီလစသော ဂုဏ်ကြီးသော ပစ္စည်းရှင်၏ ပစ္စည်း ဆုံးရှုံးမှုက ပို၍ အပြစ်ကြီး၏။ ဆုံးရှုံးမှု တန်ဖိုးချင်းလည်းတူ၊ သီလ စသော ဂုဏ်ချင်းလည်း တူနေလျှင် မုသားစကားပြောကြားသူ

၏ ပျက်စီးစေလိုသော စေတနာ၊ လောဘ၊ ဒေါသ စသော ကိလေသာ တို့ အား ကြီး အားသေး အလိုက် အပြစ်ထိုက်၏။ ထိုစေတနာ ကိလေသာ တို့ အားကြီးလျှင် အပြစ်ကြီး ၍ အားသေးလျှင် အပြစ်ငယ်၏ဟု သုတ် သီလက္ခန်ဋီကာသစ်၌ ဆုံးဖြတ်ထား၏။

တစ်နည်း ဆိုရသော် တစ်ပါးသောသူတို့က မိမိပစ္စည်းကို လာငှာ သည့်အခါ၊ လာတောင်းသည့်အခါတို့၌ ထိုပစ္စည်းရှိပါလျက် မငှားလို၊ မပေးလိုသည့်အတွက် "မရှိပါဘူး"စသည်ဖြင့် လိမ်ညာပြောသော အိမ်သုံးမုသာဝါဒမျိုးမှာ အပြစ်ငယ်၏။ သူတစ်ပါးအကျိုးစီးပွားပျက် ပြားအောင် မတရားသက်သေခံ၍ မဟုတ်မမှန်ပြောဆိုသော မုသာဝါဒ မျိုးသည် အပြစ်ကြီး၏။

ရဟန်း သာမဏေတို့ ရွာထဲမှ ဆီ၊ ထောပတ်တို့ကို အနည်းငယ် သာ ရလာပါလျက် အခြား သီတင်းသုံးဖော်တို့နှင့် တွေ့သည့်အခါ ပြောင်လှောင် ပြက်ရယ်လိုသည့်သဘောဖြင့် "ဒီနေ့ ရွာထဲမှာ ဆီတွေ၊ ထောပတ်တွေ မြစ်ကြီးစီးနေသလိုပဲ"ဟု စကားကြီး စကားကျယ် ချဲ့ကာ ပြောကြားသည့် မုသားမျိုးမှာ အပြစ်ငယ်၏။ မမြင်ဘဲလျက် မြင်၏၊ မကြားဘဲလျက် ကြား၏၊ အနံ့အရသာ အတွေ့အာရုံတို့ကို မတွေ့ထိဘဲလျက် တွေ့ထိ၏၊ မသိဘဲလျက် သိ၏ဟူ၍လည်းကောင်း၊ မြင်သော်လည်း မမြင်ပါ၊ ကြားသော်လည်း မကြားပါ၊ အနံ့, အရသာ, အတွေ့ အာရုံတို့ကို ထိတွေ့သော်လည်း မတွေ့မထိပါ၊ သိသော်လည်း မသိပါဟူ၍လည်းကောင်း လိမ်ညာပြောဆိုခြင်းသည် အပြစ်ကြီး၏။ ဤရှစ်ပါးကို အရိယာတို့ ပြောလေ့မရှိ၊ ပုထုဇဉ်မိုက်တို့သာ ပြောဆို လေ့ရှိသည့် "အနရိယဝေါဟာရ"ခေါ်သည်ဟု သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အဋ္ဌကထာများ၌ ဖွင့်ထားကြ၏။

## မုသာဝါဒကံ၏ ဆိုးကျိုးများ

မုသာဝါဒကံသည် ယခုဘဝ၌ပင် မကောင်းကျိုးများကို ပေးနိုင်

သည့်အပြင် နောင်တမလွန်ဘဝများ၌လည်း မကောင်းကျိုး အဆက်ဆက်တို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပေသည်။

လိမ်လည်လှည့်စား မုသားစကားကို ပြောဆိုသူသည် ယခုလက်ရှိဘဝ၌ ပင် ဖမ်းဆီးချုပ်နှောင်ခြင်း၊ သေဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းတို့ကို ခံရတတ်သည်။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ ဘေးရန်ပေါ်များသည့်အပြင် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းတို့ များစွာဖြစ်တတ်သည်ဟု အင်္ဂုတ္တိုရ် ပါဠိတော်၊ ဝေရသုတ်၊ ရာဇာသုတ်တို့၌ ဟောကြားထား၏။

မုသာဝါဒကံ၏ ဆိုးကျိုးများမှာ အကျိုးရင်း (ဖလ)၊ အကျိုးဖျာအကျိုးဆက် (အာနိသံသ)ဟူ၍ နှစ်မျိုးရှိ၏၊ အကျိုးရင်းမှာ အပါယ်လေးဘုံတို့တွင် တစ်ဘုံဘုံသို့ ကျရောက်ခြင်း (ပဋိသန္ဓေကျိုး)ဖြစ်၍ အကျိုးဖျာ အကျိုးဆက်တို့မှာ ထိုထိုဘဝသို့ ရောက်ပြီးမှ ဖြစ်ပေါ်လာသော ဆိုးကျိုး(ပဝတ္တိ)များ ဖြစ်ပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုစ္စရိတဝိပါကသုတ်၌ လိမ်လည်လှည့်စားမုသားစကားကို ကြိမ်ဖန်များစွာ ပြောကြားသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့၌ ဖြစ်တတ်၏(အကျိုးရင်း)၊ လူဖြစ်လာသည့်အခါ၌လည်း မဟုတ်မမှန်သော အမှုဖြင့် (သူတစ်ပါးတို့၏) စွပ်စွဲမှုကို ခံရတတ်၏ (အကျိုးဖျား)ဟု ဟောကြားထား၏။ ဤဟောကြားတော်မူချက်အတိုင်း မုသာဝါဒကံသည် သူတစ်ပါး အကျိုးစီးပွား ပျက်စီးသွားလျှင် ကမ္မပထမြောက်သည့်အတွက် စေတိယမင်းနှင့် စိဉ္စမာဏ စသူတို့ မြေမျိုပြီး အဝီစိငရဲသို့ ကျရောက်ကြရသကဲ့သို့ ငရဲသို့ ကျရောက်တတ်သည်။

ကမ္မပထမမြောက်ဘဲ ကံမျှသာဖြစ်သည့် မုသာဝါဒကံမှာတော့ ပဋိသန္ဓေ အကျိုးပေးဖို့ မသေချာပေ။ အချို့ပေးနိုင်၍ အချို့မပေးနိုင်ကြပါ။ သို့သော် ရောက်လေရာရာ ဘဝတို့၌ ပဝတ္တိအကျိုး(အကျိုးဖျား)ကိုမူ ပေးနိုင်ကြသည်။ ထိုပေးနိုင်သော ပဝတ္တိကျိုးများမှာ–

၁။ စကားမပီသခြင်း

၂။ သွားများ ညီညီညာညာ မရှိခြင်း
၃။ ခံတွင်းပါးစပ်ပုပ်ခြင်း
၄။ အသားအရည် ခြောက်ကပ်ခြင်း
၅။ မျက်စိ နား စသော ဣန္ဒြေများ မကြည်လင်ခြင်း
၆။ ချွတ်ယွင်းဖောက်ပြန် ပုံဟန်မလှခြင်း
၇။ သူတစ်ပါးအပေါ် ဩဇာအာဏာ မတည်ခြင်း
၈။ အပြောအဆို နှုတ်လျှာများ ကြမ်းတမ်းခြင်း
၉။ လျှပ်ပေါ်လော်လည်စိတ်မတည်ခြင်း

တို့ ဖြစ်သည်ဟု အဋ္ဌကထာများ၌ မိန့်ဆိုထားကြ၏။ ထိုအဆို အမိန့်အတိုင်း မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက အောက်ပါ ဆောင်ပုဒ်ကို စီကုံးထားခဲ့ပေသည်။

**ဆောင်ပုဒ်**။ ။ မုသားစကား၊ ဆိုမိငြားမူ၊ စကားမပီ၊ သွားမညီတည်း၊
ပုပ်ညှီ ပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊
ပုံယွင်းဖောက်၏၊ မရောက်အာဏာ၊ နှုတ်လျှာကြမ်း
ထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်
ကြဉ်အပြန် အကျိုးတည်း။

## မုသာဝါဒမှ ရှောင်ကြဉ်ရကျိုးများ

မုသာဝါဒမှ ရှောင်ကြဉ်သောသူသည် အောက်ပါ ပဝတ္တိအကျိုးများ ကို ရရှိနိုင်သည်ဟု ခုဒ္ဒကပါဌအဋ္ဌကထာ သိက္ခာပဒအဖွင့်၌ မိန့်ဆို ထား၏။

၁။ မျက်စိ, နား စသော ဣန္ဒြေများ ကြည်လင်ခြင်း
၂။ သန့်စင်ချိုသာသောစကားကို ပြောလေ့ရှိခြင်း
၃။ ညီညွတ်သန့်စင်သော သွားရှိခြင်း
၄။ မဝလွန်း၊ မပိန်လွန်းခြင်း
၅။ အရပ်မနိမ့်လွန်း၊ မရှည်လွန်းခြင်း

၆။ ကောင်းသော ကိုယ်အတွေ့ရှိခြင်း
၇။ ခံတွင်းမှ ကြာညိုပန်းနံ့ထွက်ခြင်း
၈။ မိမိစကားကို နားထောင်ကြခြင်း
၉။ သိမ်မွေ့နူးညံ့၍ နီမြန်းသောလျှာရှိခြင်း
၁၀။ မလျှပ်ပေါ် မလော်လည် စိတ်တည်ကြည်ခြင်း

**အင်္ဂါနှင့် အပြစ် အချုပ်ပြကဗျာ**

မဟုတ်မမှန် တစ်ဖက်သားကို
ချွတ်ယွင်းလှည့်စား၊ မုသားဆို။
အဓိပ္ပာယ်ကို ထိုသူသိ၍
အကျိုးကိုထိ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့
အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လတ်၊ ပုပ်ပါးစပ်
သွားထပ်နှုတ်ကြမ်းဆို။
အဲဒါကြောင့် မုသာဝါဒရှောင်ကြပါစေလို့။

## ၅။ သုရာမေရယသိက္ခာပုဒ်အဖွင့်

ငါးခုမြောက် ပဉ္စမသိက္ခာပုဒ်သီလမှာ သုရာမေရယသိက္ခာပုဒ်သီလ ဖြစ်၏။ ဤသိက္ခာပုဒ်သီလကို "သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလိုဆို၍ ဆောက်တည်ရသည်။ ထိုပါဠိ၏ တိုက်ရိုက်မြန်မာပြန်မှာ "မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်တို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဖြစ်သည်။ အတိချုပ်မှာ "မူးယစ် မေ့လျော့ကြောင်းဖြစ်သော အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏" ဖြစ်သည်။ ဤသိက္ခာပုဒ်ကို ဆိုရာ၌ "သုရာ

မေရယ”ဟု သနှစ်ချောင်းငင်ဖြင့် အများဆိုနေကြ၏။ ထိုအဆို မမှန်ပါ။ “သုရာမေရယ”ဟု သတစ်ချောင်းငင်နှင့် ဆိုပါမှ မှန်ပါသည်။ ပမာဒဋ္ဌာနဥ္စလည်း “ပမာဒဋ္ဌာန”ဟုဆိုမှ မှန်ပါသည်။ ပြင်ဆင်ရွတ်ဆို၍ ဆောက်တည်ကြရန် ဖြစ်ပါသည်။ (သုရာ=သေရည် +မေရယ=အရက်+မဇ္ဇပ္ပမာဒဋ္ဌာန=မူးယစ်မေ့လျော့ကြောင်း)။

ရဲရင့်စေတတ်သောကြောင့် “သုရာ”ဟု ခေါ်၏။ သုရာမှ သေရည်ဖြစ်လာသည်ဟု ဆို၏။ ထိုသုရာမည်သော သေရည်သည်–

(၁) မုန့်ညက်များကို အိုးထဲထည့်ပြီး တဆေးရည်ဖြင့် ရောနယ်ကာ ပြုလုပ်သော သေရည်။

(၂) မုန့်ကို မုန့်ညက်ကဲ့သို့ ပြုလုပ်သော သေရည်။

(၃) ထမင်းကို မုန့်ညက်မှာ လုပ်သည့်အတိုင်း ပြုလုပ်သော သေရည်။

(၄) ဆေး အစရှိသော မူးယစ်စေတတ်သော ပစ္စည်းတို့ဖြင့် ပြုလုပ်သော သေရည်။

(၅) သျှစ်သျှားသီး၊ မုန်ညင်းစေ့ စသော ပစ္စည်းအမျိုးမျိုးဖြင့် ပေါင်းစပ်ပြုလုပ်သော သေရည်ဟူ၍ သေရည်(၅)မျိုးရှိ၏။

ယစ်မူးစေတတ်သောကြောင့် “မေရယ”ဟု ခေါ်၏။ မေရယသဒ္ဒါအရ “အရက်”ဟု ဆို၏။ ထိုမေရယမည်သော အရက်သည်လည်း

(၁) ထန်းပွင့်၊ အုန်းပွင့်၊ သစ်မည်စည်ပွင့်တို့မှ အရည်ကိုခံ၍ အချဉ်ဖောက်ပြီး ပြုလုပ်သောအရက်။

(၂) ပိန္နဲသီး စသော အသီးများ၏အရည်ကို ကြာမြင့်စွာထုံ၍ အချဉ်ဖောက် ပြုလုပ်သောအရက်။

(၃) စပျစ်သီး၊ ပျားရည် စသည်တို့ကို ကြာမြင့်စွာထုံ၍ အချဉ်ဖောက် ပြုလုပ်သောအရက်။

(၄) တင်လဲခဲ၊ တင်လဲရည်၊ ကြံရည် စသည်တို့ကို ကြာမြင့်စွာထုံ၍ အချဉ်ဖောက်ပြုလုပ်သောအရက်။

(၅) သျှစ်သျှားသီး၊ ဖန်ခါးသီး၊ ပရပ် စသော ပစ္စည်းများကို ကြာမြင့်စွာ ထုံ၍ အချဉ်ဖောက်ပြုလုပ်သော အရက်ဟူ၍ အရက်(၅)မျိုးရှိ၏။

ဤကား ကျမ်းဂန်လာ သေရည်(သုရာ)ငါးမျိုး၊ အရက်(မေရယ) ငါးမျိုးတို့ဖြစ်၏။

ယခုခေတ်ပေါ်နေသော အရက်အမျိုးမျိုးနှင့် ဘီယာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ မာဖီးယား၊ နံပါတ်ဖိုး စသည့် မူးယစ်စေတတ်သည့် အရာအားလုံးသည် ဤသေရည်၊ အရက်တို့၌ အကျုံးဝင်ကြပါသည်။ ထိုသေရည်၊ အရက်တို့ကို သောက်စားမိလျှင် မူးယစ်၍ တွေချင်ရာ တွေးကာ ကုသိုလ်ကောင်းမှုနှင့် အလုပ်ကိစ္စတို့ကို မေ့လျော့သွားတတ်၏။ ထို့ကြောင့် သေရည်၊ အရက်တို့ကို "မေ့လျော့ခြင်း၏အကြောင်း" ဟု ဆိုခြင်းဖြစ်သည်။

## အင်္ဂါ(၄)ပါး

သုရာမေရယ သိက္ခာပုဒ်၌လည်း အခြားသော သိက္ခာပုဒ်များကဲ့သို့ပင် အင်္ဂါ(၄)ပါးရှိသည်။ ကမ္မပထ မြောက်,မမြောက်ကိုမူ နောက်ပိုင်း၌ ရှင်းပြပါမည်။ ထိုအင်္ဂါ(၄)ပါးမှာ–

(၁) သေရည်အရက် စသော မူးယစ်စေတတ်သည့်အရာ တစ်မျိုးမျိုး ဖြစ်ခြင်း။

(၂) သေရည်အရက်ကို သောက်လိုသောစိတ်ရှိခြင်း။

(၃) သောက်စားနိုင်ရန် လုံ့လပြုခြင်း။

(၄) ခံတွင်း သို့မဟုတ် ခန္ဓာကိုယ်ထဲသို့ဝင်ခြင်းတို့ ဖြစ်သည်ဟု ခုဒ္ဒက ပါဌ အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

## ၁။ မူးယစ်စေတတ်သောအရာတစ်မျိုးမျိုး ဖြစ်ခြင်း

သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ သိက္ခာပုဒ်၌ "မူးယစ်မေ့လျော့ကြောင်း" (မဇ္ဇပမာဒဋ္ဌာန)သည် ပဓာနဖြစ်၏။ သေရည်(သုရာ)

ငါ မျိုး၊ အရက်(မေရယ) ငါးမျိုးတို့ကား မူးယစ်မေ့လျော့စေတတ်သည့် အရာများဖြစ်၍ ဥပလက္ခဏနည်းအားဖြင့် သတ်မှတ်၍ဆိုထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဤအင်္ဂါ၌ ယာခုခေတ်၌ ဖြစ်ပေါ်လျက်ရှိသည့် မူးယစ်မေ့လျော့စေတတ်သော အရက်အမျိုးမျိုးအစ၊ နံ့ပါတ်ဖိုးအဆုံး အရာဝတ္ထုအားလုံး ပါဝင်သည်။ ထို့ကြောင့် "ထိုသုရာမေရယ နှစ်မျိုး သည် မူးယစ်စေတတ်သောကြောင့် မဇ္ဇမည်၏။ တစ်နည်းအားဖြင့် သောက်စားလျှင် မူးယစ်စေနိုင်သော အခြားတစ်စုံတစ်ခုသောအရာ သည်လည်း မဇ္ဇမည်၏"ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ မိန့်ဆိုထားခြင်း ဖြစ်၏။

## (၄) ခံတွင်းထဲ သို့မဟုတ် ခန္ဓာကိုယ်ထဲသို့ ဝင်ခြင်း

ဤအင်္ဂါကို အဋ္ဌကထာ၌ "ပီတေ စ ပဝိ သတိ"ဟု မိန့်ဆိုထား ၏။ အဓိပ္ပာယ်မှာ "သောက်သည့်အခါ၌လည်း ခံတွင်း၊ သို့မဟုတ် ခန္ဓာကိုယ်ထဲသို့ ဝင်၏ဟု ဖြစ်သည်။ ဤ၌ ခန္ဓာကိုယ်ထဲသို့ဝင်ခြင်းသာ ပဓာနဖြစ်၏။ အချို့က "ခံတွင်းထဲသို့ဝင်ခြင်း"ဟုဆိုကြ၏။ အဓိပ္ပာယ် မပြည့်စုံပါ။ ပါးစပ်ဖြင့်သောက်သည့်အတွက် ခံတွင်းထဲသို့ ဝင်မှာ သေချာပါသည်။ ခံတွင်းထဲ ရောက်ပြီးမှ "ပူခါးကြီး"ဖြစ်၍ ထွေးပစ် လိုက်လျှင် ခန္ဓာကိုယ်ထဲသို့ မရောက်နိုင်တော့ချေ။ ထို့ကြောင့် ခန္ဓာကိုယ် ထဲသို့ဝင်ခြင်း"ဟု ပြန်ဆိုမှ ဤအင်္ဂါ၏ အဓိပ္ပာယ် ပြည့်စုံပါသည်။ နံ့ပါတ်ဖိုး စသည်တို့ကို အပ်ဖြင့် ခန္ဓာကိုယ်ထဲသို့ ထိုးသွင်းလျှင်လည်း ဤအင်္ဂါမြောက်ပါသည်။ အမှတ်(၂) (၃) အင်္ဂါများ၏ အဓိပ္ပာယ်မှာ ထင်ရှားပေပြီ။

## သေရည်သေရက် သောက်ခြင်းသည် အပြစ်ရှိ မရှိ

အချို့ပုဂ္ဂိုလ်များက ဒုစရိုက်(၁၀)ပါးထဲတွင် "သုရာမေရယ သိက္ခာ ပုဒ်" မပါဝင်သောကြောင့် သေရည်သေရက် သောက်စားရုံမျှဖြင့် မကောင်းမှု အကုသိုလ်မဖြစ်၍ အပြစ်မရှိနိုင်၊ ဒုစရိုက်မှုကို ပြုမှသာ

အပြစ်ရှိနိုင်သည်ဟု ဆိုကြ၏။ ထိုအဆိုသည် ထေရဝါဒ ပိဋကတ် ကျမ်းဂန်လာ ဟောကြားမိန့်ဆို ချက်များအရ လုံးဝမှားယွင်းပါသည်။ အဋ္ဌက အင်္ဂုတ္တိုရ်ပါဠိတော် ဒုစ္စရိတ ဝိပါကသုတ်၌ "ရဟန်းတို့-သေရည်သေရက်သောက်ခြင်းကို မှီဝဲအပ်၊ ထုံအပ်၊ အကြိမ်များစွာ အလေ့အလာပြုအပ်လျှင် ငရဲဘုံ၌ဖြစ်စေနိုင်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ ဖြစ်စေနိုင်၏။ သေရည်သေရက်သောက်ခြင်း၏ အငယ်ဆုံး အပေါ့ဆုံးအကျိုးသည်ပင် လူဖြစ်သည့်အခါ အရူး အနှမ်းဖြစ်ဖို့ ရှိသေး၏"ဟု မြတ်စွာဘုရား ဟောကြားထား၏။

"အမှန်စင်စစ်အားဖြင့် ဤငါးပါးသီလထဲတွင် မူးယစ်မေ့လျော့ ကြောင်းဖြစ်သည့် သေရည်သေရက် စသည်တို့ကို သောက်စားခြင်း ကသာ ကြီးလေးသော အပြစ်ရှိ၏။ ပါဏာတိပါတ စသော သိက္ခာပုဒ် သီလတို့သည် ထိုသုရာမေရယသိက္ခာပုဒ် သီလလောက် အပြစ်မကြီး ကြကုန်။ အဘယ်ကြောင့်ဆိုသော် ဤသေရည်သေရက် စသည်တို့ကို သောက်စားခြင်းသည် လူပင်ဖြစ်သော်ငြားလည်း လူရူး လူနှမ်းအဖြစ်သို့ ရောက်စေသဖြင့် အရိယာတို့ သိအပ်သော တရား၏အန္တရာယ်(အရိယ မဂ္ဂန္တရာယ)ကို ပြုလုပ်နိုင်သောကြောင့်ဖြစ်သည်"ဟု ခုဒ္ဒကပါဌ အဋ္ဌ ကထာ စသည့်ကျမ်းများ၌ မိန့်ဆိုထားကြ၏။

မှန်ပါသည်။ ပါဏာတိပါတအမှုကို လွန်ကျူးသူတို့သည် အပါယ် မှလွတ်၍ လူပြန်ဖြစ်လျှင် ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ရောဂါထူခြင်း၊ အသက်တိုခြင်းမျှသာ ဖြစ်၏။ အဒိန္နာဒါနမှုကို ပြုသူတို့သည်လည်း လူ့ဘဝသို့ ပြန်ရောက်လျှင် ဆင်းရဲမွဲတေခြင်း၊ မိမိပစ္စည်းဥစ္စာကို ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်းသာ ဖြစ်တတ်၏။ ကာမေသုမိစ္ဆာ စာရမှုကို ပြုသူတို့သည်လည်း လူပြန်ဖြစ်လျှင် ရန်သူပေါခြင်း၊ လူမုန်း များခြင်းတို့သာ ဖြစ်တတ်၏။ စိတ်ဖောက်ပြန်မှုမျိုး မဖြစ်ကြချေ။ ထို့ကြောင့် ထိုသူတို့မှာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများကို ပွားများအားထုတ်နိုင်ကြ၏။

သုရာမေရယအမှု ပြုသူတို့ကား အပေါ်ဆုံးအပြစ်သည်ပင် လူပြန် ဖြစ်လျှင် ရူးသွပ်ခြင်း၊ သတိမေ့လျော့ခြင်းတို့ ဖြစ်တတ်သောကြောင့် အရိယာတို့ သိအပ်သောတရားကို သိနိုင်ရန် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာမှုတို့ကို ပြုနိုင်ဖို့ ဝေးစွ၊ ဒါနမှု၊ သီလမှုတို့ကိုပင် ပြုလုပ်နိုင်ရန် အခွင့်အရေး ဆုံးရှုံးသွားကြ၏။ ထို့ကြောင့် သေရည်သေရက်သောက် စားခြင်းသည် အရိယမဗ္ဂအန္တရာယ်ပင်ဖြစ်၍ ပါဏာတိပါတ စသော ကံလေးပါးတို့ထက်ပင် ပိုပြီးအပြစ်ကြီးသည်ဟု အဋ္ဌကထာ၌ မိန့်ဆို ထားခြင်းဖြစ်သည်။

ထို့ပြင် "သေရည်သေရက် သောက်စားသူသည် အကျိုးအကြောင်း ကိုလည်း မသိ၊ မိဘနှစ်ပါးတို့၏ အသက်စည်းစိမ်အန္တရာယ်ကိုလည်း ပြုတတ်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်၏ တပည့်သာဝက တို့၏ ကိုယ်၊ အသက်အန္တရာယ်ကိုပင် ပြုတတ်ကြ၏။ မျက်မှောက် ဘဝ၌ပင် ပညာရှိ သူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရ၏။ တမလွန်ဘဝ၌လည်း အပါယ်ဒုဂ္ဂတိသို့ ကျရောက်ရ၏။ ဘဝအဆက် ဆက်၌လည်း လူရူးလူနှမ်း ဖြစ်ရ၏"ဟု သုတ္တနိပါတ်အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။ ဤဖော်ပြခဲ့ပြီးသော ပါဠိတော်၊ အဋ္ဌကထာလာ ဟော ကြားမိန့်ဆိုချက်များအရ သေရည်သေရက် သောက်စားရုံမျှဖြင့်ပင် အပြစ်ရှိကြောင်း ထင်ရှားသိသာပါသည်။

## အကုသလကမ္မပထ(၁၀)ပါးတွင် မပါဝင်ခြင်း

မြတ်စွာဘုရားသည် နေရာပေါင်းမြောက်မြားစွာ၌ ဒုစရိုက်ကြီး ဆယ်ပါးခေါ် အကုသလကမ္မပထ တရားဆယ်ပါးကို ကာယကံ သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးဟူ၍ ခွဲခြားကာ ဟောကြား တော်မူခဲ့ပါသည်။ ထိုတရားဆယ်ပါး တွင် "သုရာမေရယသိက္ခာပုဒ်" မပါဝင်ခဲ့ပါချေ။ ထိုသို့မပါဝင်ရာ၌ အကြောင်းရှိပါသည်။ ထိုအကြောင်း ကို ရှင်းပြပါမည်။ မြတ်စွာဘုရားသည် ပဋိသန္ဓေကျိုးကိုပေးရန် ကောန်

မဟုတ်၊ အချို့ပေးနိုင်၊ အချို့မပေးနိုင်သောကံတို့ကို ကမ္မပထ သုတ်၌ သရုပ်အားဖြင့် ဟောကြားတော်မမူချေ။ စင်စစ်ကေန် ပဋိသန္ဓေကျိုးကို အမှန်ပေးစွမ်းနိုင်သော သတ္တိရှိသည့်ကံတို့ကိုသာလျှင် ကမ္မပထသုတ်၌ သရုပ်အားဖြင့် ဟောကြားတော်မူခြင်းဖြစ်သည်။

ထို့ကြောင့် စင်စစ်ကေန် ပဋိသန္ဓေကျိုးကို အမှန်ပေးစွမ်းနိုင်သော သတ္တိရှိသည့် ပါဏာတိပါတ စသော ဒုစရိုက်တရားဆယ်ပါးတို့သည်သာ အကုသလ ကမ္မပထ နာမည်ရကြ၏။ အကုသလကမ္မပထတရားတွင် အသီးသီး ပါဝင်ကြ၏။ ပဋိသန္ဓေကျိုးကိုပေးရန် ကေန်မဟုတ်၊ အချို့ ပေးနိုင်၊ အချို့ မပေးနိုင်သော သုရာမေရယကံမှာ အကုသလ ကမ္မပထနာမည်ကို မရ၊ အကုသလကမ္မပထ တရားတွင် မပါဝင်ခြင်း ဖြစ်ပါသည်။

ဤအဓိပ္ပာယ်ကိုရည်၍ "ပဋိသန္ဓေကျိုးကို ပေးတတ်သည်သာ ဖြစ်ကုန်သော ပါဏာတိပါတ၊ ပါဏာတိပါတဝိရတိစသော ကုသိုလ်၊ အကုသိုလ်တို့ကိုသာ ကမ္မပထဟု ဆိုအပ်ကုန်၏။ ဆိုခဲ့ပြီးသော ပါဏာတိပါတ စသည်တို့မှ ကြွင်းသော သုရာပါန၊ သုရာပါနဝိရတိ စသော ကုသိုလ်၊ အကုသိုလ်တို့မှာ ပဋိသန္ဓေကျိုးကို ပေးနိုင်ရန် ကေန်မဟုတ် (အနေကန်ဖြစ်)သောကြောင့် ကမ္မပထဟု မဆိုအပ်ကုန် (ဝါ) ကမ္မပထ ဆယ်ပါးတွင် မပါဝင်"ဟု ပဋိသမ္ဘိဒါ မဂ် အဋ္ဌကထာ၊ ဋီကာတို့၌ ဖွင့်ဆိုထားကြကုန်၏။

ဝိဘင်းမူလဋီကာကျမ်း၌ကား သုရာမေရယကံကို ကမ္မပထအဖြစ် မဟော ကြားပုံကို တစ်မျိုးဖွင့်ပြသေး၏။ "တဿ–ထို သုရာမေရယ၏၊ သဘာဝတ္တေန–ကာမေသုမိစ္ဆာစာရနှင့် သဘောတူသည်၏အဖြစ်ကြောင့်၊ မိစ္ဆာစာရေ–ကာမေသု မိစ္ဆာစာရ၌၊ အနုပ္ပဝေသော–လျော်စွာဝင်ခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဥပကာရ ကတ္တေန–ကမ္မပထဆယ်ပါလုံးအား လျော်စွာကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့်၊ ဒသသုပိ–ဆယ်ပါးလည်းဖြစ်ကုန်သော၊ ကမ္မပထေသု–ကမ္မပထတို့၌၊ အနုပ္ပဝေ

သော–လျော်စွာဝင်ခြင်းသည်၊ ဟောတိ–ဖြစ်၏”ဟု ဖွင့်ပြ၏။

အဓိပ္ပာယ်မှာ–သုရာမေရယသည် သဘော သဘာဝ တူမျှသော အားဖြင့် ကာမေသုမိစ္ဆာစာရ၌ အကျုံးဝင်၏။ အကုသလ ကမ္မပထ ဆယ်ပါးတို့အား လျော်သလို ကျေးဇူးပြုတတ်သည့် (ဥပကာရ)သဘော သတ္တိအားဖြင့် အကုသလ ကမ္မပထ ဆယ်ပါးလုံး၌ အကျုံးဝင်၏။ ထို့ကြောင့် သုရာမေရယကို အကုသလ ကမ္မပထအဖြစ် သီးခြားမဟော ခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

မှန်၏၊ ကာမဂုဏ်ငါးပါးတွင် ကာမအတွေ့သည် ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်တည်း။ သေရည် သေရက်သည် ရသာရုံကာမဂုဏ်တည်း။ ထိုဖောဋ္ဌဗ္ဗာရုံကာမကို အယုတ်တမာပြုကျင့်ခြင်းသည် ကဲ့ရဲ့ထိုက်သကဲ့သို့ ဤရသာရုံ သေရည် သေရက်ကို သောက်စားခြင်းသည်လည်း ကဲ့ရဲ့ထိုက်၏။ ယုတ်မာသောအကျင့် (မိစ္ဆာစာရ)တစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် သုရာမေရယကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူရသည်။

သေရည်သေရက် စသည်တို့ကို သောက်မိလျှင်ပင် ကိုယ်က မရဲသူပင် ရဲရင့်လာ၏။ ခိုးမှု၊ ကာမမှုများကို အခွင့်အားလျော်စွာ ပြုရဲ၏။ လိမ်လည်မှု စသော ဝစီကံများနှင့် အဘိဇ္ဈာ စသော မနောကံများကိုလည်း အလွယ်တကူ ပြုမူလာတတ်၏။ ဤသို့ သုရာမေရယ ကံက အကုသလ ကမ္မပထကံများ အထမြောက်အောင် ကျေးဇူးပြု တတ်သောကြောင့် သုရာမေရယကံသည် အကုသလ ကမ္မပထတရား ဆယ်ပါးလုံး၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်သည်။

ထို့ကြောင့် သုရာမေရယကံသည် အကုသလ ကမ္မပထတရား ဆယ်ပါး(ဝါ) ဒုစရိုက်ဆယ်ပါးတွင် မပါဝင်ခြင်းဖြစ်သည်။ အပြစ်မရှိ သောကြောင့် မပါဝင်ခြင်း မဟုတ်ကြောင်း ကောင်းစွာ မှတ်သားထား သင့်ပေသည်။

## ကမ္မပထ မြောက်,မမြောက်

ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သည့်ကံတို့သည် ကမ္မပထမြောက်သည့် ကံများဖြစ်၍ ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်သည့်ကံတို့မှာ ကမ္မပထမမြောက်သည့်ကံတို့ဖြစ်ကြောင်း ရှေ့ပိုင်းတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤသုရာမေရယကံသည် ပြဆိုခဲ့ပြီးသည့် အင်္ဂါလေးပါးနှင့် ညီညွတ်သော်လည်း အခြားဒုစရိုက်မှုများကို မလွန်ကျူးပါက ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် ကမ္မပထ မမြောက်ပေ။ ကာယကံမျှသာ ဖြစ်၏။ သို့သော် သိက္ခာပုဒ်ပျက်၏။ ထို့ကြောင့် ခုဒ္ဒကပါဠအဋ္ဌကထာ၊ သိက္ခာပဒဝဏ္ဏနာ၌ "လိမ်လည်လှည့်ဖြား၊ မုသားစကားပြောဆိုခြင်းသည် ဝစီကံသာတည်း၊ ထိုမုသာဝါဒသည် သူတစ်ပါးအကျိုး ပျက်စီးမှသာ ကမ္မပထမြောက်၏၊ သူတစ်ပါးအကျိုးကို မပျက်စီးစေသော မုသာဝါဒသည် ကမ္မပထမမြောက်၊ ဝစီကံမျှသာဖြစ်၏။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနနှံမှာ ကာယကံမျှသာဖြစ်၏"ဟု မိန့်ဆိုထားခြင်းဖြစ်သည်။ ဓာတုသံယုတ် အဋ္ဌကထာ၌လည်း သုရာမေရယကံ၏ ကမ္မပထ မမြောက်ကြောင်းကို ဖွင့်ဆိုထားသည်။

ကမ္မပထမြောက်သော သုရာပါနကံအကြောင်းကို ဆက်၍ဆိုပါမည်။ [သုရာပါနံ-သေရည်သေရက်သောက်ခြင်းသည်၊ မဒဿ-မူးယစ်ခြင်း၏၊ ပစ္စယော-အကြောင်းတည်း။ မဒေါ-မူးယစ်ခြင်းသည်၊ အပုညပထဿ-အကုသိုလ်တရားဖြစ်ပွားရန် အပေါက်လမ်း၏၊ ပစ္စယော-အကြောင်းရင်းကြီးပေတည်း"ဟု ပဋိသမ္ဘိဒါမဂ်ဋီကာ မိန့်ဆိုသည့်အတိုင်း တစ်စုံတစ်ယောက်သောသူသည် သေရည်သေရက်တို့ကို သောက်စား၍ မူးယစ်သောကြောင့် ပါဏာတိ ပါတ စသော ကံတို့တွင် တစ်ပါးပါးသောကံကို ကမ္မပထမြောက်အောင် ကျူးလွန်၏။ ထိုသူ၏ သုရာမေရယကံသည် ထိုပါဏာတိပါတ စသောကံတို့ ဖြစ်ပေါ်ရန် အကြောင်းရင်းကြီးဖြစ်၏။ ကမ္မပထမြောက်သော ပါဏာတိပါတကံ စသည်တို့၏ ပုဗ္ဗစေတနာအရာ၌လည်း တည်၏။ ထိုကမ္မ

ပထမြောက်သော ပါဏာတိပါတကံ စသည်တို့၏ ပုဗ္ဗစေတနာအရာ၌ တည်သော သုရာမေရယ ကံသည်သာ ပဋိသန္ဓေကျိုးကို ပေးနိုင်၍ ကမ္မပထမြောက်သည်။

အတန်ငယ်ချဲ့ဦးအံ့၊ လောက၌ အတော်လည်ပတ်သော လူတစ်ယောက်သည် မည်သည့်ပြစ်မှုကိုမျှ ကိုယ်တိုင်မပြု၊ လူမိုက်များကိုသာ အားပေးအားမြှောက် ပြုလေ့ရှိ၏။ လူမိုက်တစ်ယောက်ကိုသတ်ရန် ခိုင်းမိ၍ ပြစ်မှုပေါ်လာသည့်အခါ သတ်သူက (၁) တရားခံ၊ အားပေးသူမှာ (၂) တရားခံ ဖြစ်သကဲ့သို့ ထို့အတူ သုရာပါနစေတနာသည် ဒုစရိုက် ကမ္မပထတရားများ ဖြစ်ပွားအောင် အားပေးအားမြှောက် ပြုတတ်ရကား (၂) တရားခံအနေဖြင့် အပါယ်ချခွင့် ရှိလေသည်။ လူမိုက်အားပေးတတ်သူ ယခင်လူလည်သည် လူမိုက်ပေါင်းများစွာထက် ကြောက်စရာကောင်းသကဲ့သို့ ထို့အတူ ဒုစရိုက်အမျိုးမျိုးကို အားပေးတတ်သော သုရာပါနကသည်လည်း ဒုစရိုက်များစွာထက်ပင် ကြောက်ဖွယ်ကောင်းလှပေသည်။

ဤသို့ သုရာပါနကံသည် ကမ္မပထ မမြောက်သော သုရာပါနကံ၊ ကမ္မပထမြောက်သော သုရာပါနကံဟု နှစ်မျိုးရှိ၏။ ကမ္မပထမြောက်သော ပါဏာတိပါတ စသော ကံတို့၏ ပုဗ္ဗစေတနာအရာ၌တည်သော သုရာပါနကံသာ ကမ္မပထ မြောက်၏။ ထိုသို့မဟုတ်သော သုရာပါနကံမျိုးသည် ကမ္မပထ မမြောက်၊ ပဋိသန္ဓေအကျိုးကို မပေးနိုင်ဟု ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာ ဋီကာသစ်၌ ဆုံးဖြတ်ထားပေသည်။

အချုပ်အားဖြင့် ဤသုရာပါနအရာ၌ (၁) ပုဗ္ဗစေတနာအားဖြင့် ပဋိသန္ဓေအကျိုးကို ပေးဖို့ရာကိစ္စ (၂) ဒုစရိုက်ကံတွေကို ဖြစ်စေဖို့ကိစ္စဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် ပါဏာတိပါတ စသော ဒုစရိုက်ကံတို့ကို ဖြစ်စေဖို့ကိစ္စသည် အလွန်အားကောင်း၏။ ထိုဒုစရိုက်ကံတို့ကို ဖြစ်ပေါ်စေခြင်းကိစ္စကြောင့် ငရဲဘုံသို့ ရောက်နိုင်သည်ကို ရည်ရွယ်၍

"အချင်းတို့...သေရည်သေရက်ကိုသောက်၍ ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ ဒုစရိုက်မှုကို ပြုကျင့်ကြ၏။ ဒုစရိုက်မှုကို ပြုကျင့်ကြပြီး၍ ငရဲသို့သွားကြရ၏။ ထိုသို့သော သေရည်ဖြင့် ပြည့်နေသည့် ဤသေရည်အိုးကို ဝယ်ကြပါ"ဟု သိကြားမင်းသည် သေရည်သည် ဟန်ဆောင်ကာ လူ့ပြည်တွင် ကြွေးကြော်၍ရောင်းကြောင်း ကုမ္ဘဇာတ် ပါဠိတော်၌ လာရှိသည်။

ဤဖော်ပြပါ ကိစ္စနှစ်ပါးလုံးကို သိမ်းကျုံးတော်မူပြီး "ရဟန်းတို့... သေရည် သေရက်သောက်ခြင်းကို မှီဝဲအပ်၊ ထုံအပ်၊ အကြိမ်များစွာ အလေ့အလာပြုအပ်လျှင် ငရဲဘုံ၌ ဖြစ်စေနိုင်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ ဖြစ်စေနိုင်၏။ သေရည်သေရက်သောက်ခြင်း၏ အသေးငယ်ဆုံး၊ အပေ့ါဆုံး အကျိုးသည်ပင် လူဖြစ်သည့်အခါ အရူးအနှမ်းဖြစ်ဖို့ ရှိသေး၏"ဟု အင်္ဂုတ္တရ ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်သည်ဟု လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူထားပေသည်။

## ဤကံနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ

သေရည်သေရက်သောက်ခြင်းနှင့် စပ်လျဉ်း၍-

(၁) ဆေးဝါးတွင်ပါလာ၍ သောက်မှု (ဝါ) ဆေးဝါးနှင့် သေရည်သေရက် သင့်တော်ရုံ ရောစပ်၍ သောက်မှု၊ ဟင်းလျာထဲ အရက် အနည်းငယ်ထည့်ချက်ပြီး စားသောက်မှု။

(၂) သေရည်သေရက်ချည်းသက်သက်ကို ဆေးဝါးအဖြစ်ဖြင့် သောက်မှု၊

(၃) တမင်သက်သက်သောက်ချင်လှ၍ သောက်မှု

ဟူ၍ သုံးမျိုးရှိသည်။

ဤသောက်ခြင်းသုံးမျိုးတွင် "ဆေးဝါးတွင် ပါလာ၍ သောက်မှုနှင့် အရက်အနည်းငယ် ထည့်ချက်သော ဟင်းလျာကို စားသောက်မှုမျိုး

ကား မူးယစ်မှုကို မဖြစ်ပေါ်နိုင်သောကြောင့် နံပါတ်(၁)အင်္ဂါချို့တဲ့၍ အပြစ်လည်းမရှိ၊ သုရာမေရယ သိက္ခာပုဒ်လည်း မပျက်ချေ။ မူးယစ်ဆေးဝါးအုပ်စုတွင် ပါဝင်သည့် မော်ဖီးယား မော်ဖိန်း စသော အကိုက်အခဲပျောက်ဆေးများ၊ ကိုဒင်း၊ ကွန်မသာဇင် စသော ချောင်းဆိုးပျောက်ဆေးများကို စားသောက်လျှင်မူ အပြစ်လည်း ရှိနိုင်၊ သိက္ခာပုဒ်လည်း ပျက်နိုင်သည်။

သေရည်သေရက်ချည်းသက်သက်ကို ဆေးဝါးအဖြစ် သောက်သုံးမှုမျိုး၌ တန်ဆေး လွန်ဘေး ဆိုသကဲ့သို့ တော်သင့်ရုံသောက်လျှင် အပြစ်ရှိသော်လည်း အပါယ်သို့ ကျရောက်သည်အထိ ကြီးမားသော အပြစ်မျိုး မဖြစ်ပါ။ သို့ရာတွင် လူနှင့် ရှင်သာမဏေ စသူတို့မှာ ၁၀ ပါး၊ ၈ ပါး၊ ၅ ပါးသီလများ ပျက်နိုင်ပါသည်။ မသောက်ကြဘဲ ရှောင်လွှဲနိုင်ကြမှသာ သီလရှိသူ သူတော်ကောင်းဖြစ်မည်။ အရက်များများရောစပ်ထား၍ အရက်အနံ့အရသာ ပေါ်လွင် သိသာထင်ရှားနေပါက ထိုဆေးမျိုးကို မသောက်ကောင်း၊ သောက်လျှင် အပြစ်ဖြစ်၍ သိက္ခာပုဒ်ပျက်၏။

တမင်သက်သက် သောက်ချင်လှ၍ သောက်မှုမျိုးကား ရသာရုံကာမဂုဏ်၌ မိစ္ဆာစာရဖြစ်သောကြောင့် အပြစ်ကြီးလှ၏။ တစ်ကြိမ်ပြုကျင့်ရုံမျှဖြင့် မတင်းတိမ် မရောင့်ရဲနိုင်သည့်အရာ သုံးမျိုးရှိကြောင်း တိကအင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားထား၏။ ထိုအရာသုံးမျိုးတို့မှာ (၁) အိပ်မှု (၂) သေရည်သေရက်သောက်မှုနှင့် (၃) မေထုန်မှီဝဲမှုတို့ ဖြစ်၏။ ထို့ကြောင့် သေရည်သေရက် သောက်စားမှုသည် တစ်ကြိမ်တည်းဖြင့် အပြီးမသတ်၊ မတင်းတိမ်နိုင်။ "သောက်စရှိလျှင် သောက်ချင်ချင်တည့်၊ သောက်လျှင်သောက် မျိုး၊ သောက်စပျိုးသည်၊ သောက်ရိုး ဘယ်တော့ကုန်နိုင်မည်နည်း" ဆိုသကဲ့သို့ ထပ်တလဲလဲ မရောင့်ရဲဘဲ ကြိမ်ဖန်များစွာ သောက်စားတတ်ကြ၏။ ဤသို့ သောက်စားလျှင် မြတ်စွာဘုရား ဟောကြားတော်မူထားသည့်အတိုင်း

ငရဲဘုံ၊ တိရစ္ဆာန်မျိုး၊ ပြိတ္တာမျိုးတို့၌ ဖြစ်တတ်သည့်အပြင် လူဖြစ်လျှင် အရူးအနှမ်း၊ အပေါကြီး ဖြစ်တတ်ပေသည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

သေရည်သေရက်ကို သောက်ရာ၌ သောက်သည့် သေရည် သေရက်၏ အနည်း အများ ပမာဏအလိုက် အပြစ်ငယ်၊ အပြစ်ကြီး ဖြစ်ကြ၏။ သေရည်သေရက် နည်းနည်းသောက်လျှင် အပြစ်ငယ်၏။ များများ သောက်လျှင် အပြစ်ကြီး၏။ အချို့ပုဂ္ဂိုလ်များသည် မိမိကိုယ်ကို မထိန်းသိမ်းနိုင်လောက်အောင် သေရည်သေရက်ကို များစွာသောက်ပြီး မြို့၊ ရွာ၊ နိဂုံးတို့ကို တိုက်ခိုက်ဖျက်ဆီးတတ်ကြ၏။ ထိုပုဂ္ဂိုလ်တို့၏ သေရည်သေရက်သောက်မှုမျိုးသည် အပြစ်အကြီးဆုံးဖြစ်သည်ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ မိန့်ဆိုထား၏။

## သုရာမေရယပါနကံ၏ ဆိုးကျိုးများ

သုရာမေရယပါနကံ၏ ဆိုးကျိုးများမှာ ပစ္စုပ္ပန်ဆိုးကျိုးနှင့် တမလွန်ဆိုးကျိုးဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ယခုလက်ရှိဘဝ၌ပင် ဖြစ်နိုင်သော ပစ္စုပ္ပန်ဆိုးကျိုးများမှာ–

၁။ ဥစ္စာစီးပွား ဆုံးရှုံးပျက်စီးသွားခြင်း၊

၂။ သူတစ်ပါးတို့နှင့် ငြင်းခုံခိုက်ရန်မှုများဖြစ်ခြင်း၊

၃။ အနာရောဂါ ထူပြောခြင်း၊

၄။ မကောင်းသတင်း ကျော်စောခြင်း၊

၅။ အရှက်အကြောက် ကင်းမဲ့၍ အတွင်းအင်္ဂါကို ပြတတ်ခြင်း

၆။ ဉာဏ်ပညာ ဆုတ်ယုတ်ခြင်း

တို့ဖြစ်သည်ဟု သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလောဝါဒသုတ်၌ ဟောကြားထား၏။

**ဆောင်ပုဒ်လင်္ကာ**

ဥစ္စာဆုံ ရှုံ၊ ရန်မုန်းများစွာ၊ ရောဂါ
ထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊
ပညာဆုတ်ကြွ၊ ဤခြောက်ပါးကာ၊
သောက်စာ သေစာအပြစ်တည်း။

သေရည်သေရက်ကို သောက်သောသူသည် သူတစ်ပါးအသက်ကို လည်း သတ်တတ်၏၊ သူတစ်ပါးပစ္စည်းကိုလည်း ခိုးယူတတ်၏၊ သူတစ်ပါး သားမယားကိုလည်း ကျူးလွန်တတ်၏၊ လိမ်ညာလှည့်ဖြား မှုသားစကားကိုလည်း ပြောတတ်၏။ ထို့ကြောင့် သေရည်သေရက် သောက်သူတို့သည် တိုင်းပြည်ကို အုပ်ချုပ်သည့် အာဏာပိုင်တို့၏ သေဒဏ်ပေးခြင်း၊ ချုပ်နှောင်အကျဉ်းချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းတို့ကို ပြစ်ဒဏ်အားလျော်စွာ ခံရတတ်သည်ဟု ပဥ္စက အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားထား၏။

ထို့ပြင် အရက်သမားသည် အကျိုးတရား၊ အကြောင်းတရားတို့ကို လည်း မသိတတ်၊ မိခင် ဖခင် ကျေးဇူးရှင်တို့ကိုပင် အန္တရာယ်ပြု တတ်၏။ ဘုရား, ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ကိုလည်း အန္တရာယ် ပြုတတ်၏။ မျက်မှောက် ဘဝ၌လည်း အကဲ့ရဲ့ခံရတတ်၏။ တမလွန် ဘဝ၌လည်း အပါယ်ဒုဂ္ဂတိသို့ လားရောက်ရ၏။ ဘဝအဆက်ဆက် ရူးသွပ်တတ်၏။ သေရည်သေရက် သောက်စားမှုကို ရှောင်ကြဉ်လျှင် ဆိုခဲ့ပြီးသော အပြစ်တို့မှ လွတ်၍ မျက်မှောက်ဘဝ၌ အချီးမွမ်းခံရခြင်း စသည့်အကျိုးတရားတို့ကို ရရှိနိုင်၏ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ မိန့်ဆို ထား၏။

ခုဒ္ဒကပါဌအဋ္ဌကထာ၌ပင် သုရာမေရယပါနမှ ရှောင်ကြဉ်ကျိုး များကို မိန့်ဆိုထားရာ သေရည်သေရက်သောက်သူများ၏ ထိုအကျိုးမှ ပြောင်းပြန်ဖြစ်သော ဆိုးကျိုးများကား–

၁။ ကိစ္စခပ်သိမ်းတို့၌ အခွင့်အရေး သင့်,မသင့်ကို မသိတတ်ခြင်း၊

၂။ ပျင်းရိတတ်ခြင်း၊
၃။ မေ့လျော့မှုးရူးတတ်ခြင်း၊
၄။ သူ့ကျေးဇူးကို မသိတတ်ခြင်း၊
၅။ ရှက်ခြင်း ဟိရီ၊ ကြောက်ခြင်း ဩတ္တပ္ပတို့ မရှိခြင်း၊
၆။ မကောင်းမှုမှန်သမျှကို ပြုလွယ်ခြင်း–
တို့ဖြစ်သည်။

## ဆောင်ပုဒ်လင်္ကာ

သေရည်သောက်လင့်၊ သင့်,မသင့်ဥ၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြို လွယ်ကာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။ (ဝိသုဒ္ဓါရုံ)

## ဆိုးကျိုးပြဝတ္ထုများ

ဘုရားလက်ထက်တော်က အရှင်သာဂတမည်သော မထေရ်သည် ဈာန် အဘိညာဉ်ရထားသော ပုထုဇဉ်တစ်ပါးဖြစ်၏။ တစ်ချိန်မှာ သရက်ပင်ဆိပ်ဝယ် နဂါးကြီးနှင့် တန်ခိုးပြိုင်လေရာ နဂါးကြီးကို အနိုင်ရကြောင်း ကောသမ္ဗီပြည်သူတို့ ကြားသဖြင့် လွန်စွာကြည်ညို ကြ၏။ ထိုမထေရ် ဆွမ်းခံဝင်လာသည့်အခါ အိမ်ပေါက်စေ့လိုပင် သေရည်ကို ကပ်လှူကြ၏။ ထိုအချိန်က ရဟန်းတော်များ “သေရည် သေရက်မသောက်ရ”ဟု သိက္ခာပုဒ် မပညတ်သေးသည့်အတွက် ကပ်လှူ သမျှ သေရည်များကို အရှင်သာဂတသောက်လေရာ သေရည်မူးသဖြင့် ဈာန်အဘိညာဉ် ကွယ်ပျောက်လျက် မြို့ပေါက်ဝတွင် လဲရှာ၏။ ထို့ နောက် ဘုရားရှင်ကိုယ်တိုင် မြင်တော်မူ၍ တွဲခေါ်ဖို့ရန် အမိန့်ပေးသဖြင့် ရဟန်းတော်များ တွဲယူလာပြီး ဘုရားရှင်ဘက်သို့ ဦးခေါင်း လှည့်၍ အချတွင် ဦးခေါင်းကို ပြောင်းပြန်ပြန်ကာ ဘုရားရှင်ဘက်သို့ ခြေလှည့် ထားလေသတဲ့။ ဤသို့ သုရာပါနသည် ဈာန်အဘိညာဉ်တန်ခိုးကို

ကွယ်ပျောက်သွား စေသည့်အပြင် တန်ခိုး ရှင်ကိုပင် အရက်တကွဲအကျိုးနည်း ဖြစ်အောင် ပြုတတ်၏။ မူလက အလွန်ရှိသေ လေးစား ရသည့် ဘုရား ရှင်ကိုပင် ရိုသေလေးစားရမှန်း မသိသည့်အထိ ဖြစ်သွား ၏။

ဓမ္မဓဇ ဇာတ်တော်၌ ဗာရာဏသီမင်းသည် အရက်မူး နေခိုက် အသားဟင်း မပါသော စားတော်ပွဲကို ဆက်လာသဖြင့် ရင်ခွင်ထဲ၌ ထိုင်နေသော သားတော်ငယ်ကို သတ်၍ ချက်ခိုင်းပြီး ပွဲတော်တည်ခဲ့ဖူး၏။ သုရာပါန၏ တန်ခိုးကား အလွန်ကြောက်ဖွယ်ကောင်း သည့် ဆိုးကျိုးများကို ဖန်တီး တတ်စွတကား။

ရှေးအခါက ချေးထိုးပိုးတစ်ကောင်သည် အရက်မူးပြီး အထင်ကြီးကာ အနီးသို့ရောက်လာသည့် ဆင်ပြောင်ကြီးကို အင်အားချင်းပြိုင်ရန် ဖိတ်ခေါ်မိရာ ဆင်ပြောင်ကြီးက ချေးထိုးပိုးပေါ် ချေးပါချလိုက်ပြီး ကျင်ငယ်ကိုပါ စွန့်ချ လိုက်ရာ ချေးထိုးပိုးခမျာ ဆင်ကြီး၏ ချေးပုံထဲတွင် သေပွဲဝင်ခဲ့ရကြောင်း ဂူထပါဏဇာတ်၌ လာရှိ၏။

## သုရာမေရယပါနမှ ရှောင်ကြဉ်ရကျိုးများ

သုရာမေရယပါနကံကို လွန်ကျူးလျှင် ဖော်ပြခဲ့သည့် ဆိုးကျိုးများကို ရရှိခံစားရသကဲ့သို့ ရှောင်ကြဉ်လျှင်လည်း ကောင်းကျိုးများ ကို ခံစားရပေသည်။ ထိုကောင်းကျိုးများမှာ–

၁။ အမှုကိစ္စအားလုံးတို့၌ လျင်မြန်စွာတတ်သိခြင်း၊

၂။ အမြဲမပြတ် သတိရှိခြင်း၊

၃။ ရူးပေါမှု မရှိခြင်း၊

၄။ ဉာဏ်ရှိခြင်း၊

၅။ မထိုင်းမှိုင်း မတွေဝေခြင်း၊

၆။ မမေ့မလျော့ခြင်း၊

၇။ ဝစီကံလေးပါး လုံခြုံခြင်း၊

၈။ မပျင်းရိခြင်း၊

၉။ သူတစ်ပါးကျေးဇူးကို သိတတ်ခြင်း၊
၁၀။ မစ္ဆရိယကင်းရှင်း စွန့်ကြဲခြင်းရှိခြင်း။
၁၁။ သီလရှိခြင်း၊
၁၂။ စိတ်ထားဖြောင့်၍ ဒေါသနည်းခြင်း၊
၁၃။ အရှက်အကြောက်ရှိခြင်း၊
၁၄။ အယူမှန်ရှိခြင်း၊
၁၅။ ပညာကြီး၍ အကျိုးရှိ,မရှိ၌ လိမ္မာသိမြင်ခြင်း
တို့ဖြစ်သည်ဟု ခုဒ္ဒကပါဠ အဋ္ဌကထာ၌ လာရှိ၏။

**အင်္ဂါနှင့် အပြစ် အချုပ်ပြကဗျာ**

မူးယစ်တတ်စွာ သေရည်များကို၊
ပွေလီသောက်စား ဘိန်းရှူလို။
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့၊
မကောင်းစင်စစ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲကျမည်ဆို။
လွတ်လာစေဦး လူမေ့မူ၊
အရူးဆက်တိုင်းကိုယ်။
အဲဒါကြောင့် သုရာပါန ရှောင်ကြပါစေလို့။

## ဆရာဝန်ကြီး၏ တင်ပြမှု အစဉ်သတိပြု

ရှေးခေတ်ဆရာဝန်ကြီး အေ၊ စီ၊ ဆယ်မွန်က သူပြုစုရေးသားခဲ့သည့် "ပါဏာဝုဓ ဆေးကျမ်းကြီး"တွင် ဤသို့ တင်ပြသတိပေးထား၏။ အရက် သောက်ခြင်းသည် မူရင်းရှိ မေတ္တာကို လျော့ပါးစေပြီး သားလင်တို့၏ ဝတ္တရားကို တိမ်းပါးစေ၏။ မိမိ၏ အလုပ်အကိုင်ကို ညံ့ဖျင်းစေပြီး ခိုးခြင်း၊ လုယက်ခြင်း စသော ရာဇဝတ်မှုများကို

ကျုံးလွန်စေ၏။ သွက်ချာပါဒခေါ် ကိုယ်အင်္ဂါသေခြင်း၊ အစာအိမ်ရောင်ခြင်း၊ အသည်း ကျောက်ကပ်, အဆုတ်တို့ရောင်ခြင်းနှင့် ချောင်ဆိုးသွေးပါရောဂါ၊ အရူးရောဂါများ ဖြစ်ပွားတတ်၏။

"အရက်သောက်ခြင်းသည် စိတ်ကူးကို ထက်မြက်စေသည်"ဟု အရက်သောက်သူတို့က ထင်မြင်ယူဆ ပြောဆိုတတ်ကြ၏။ အမှန်မှာ အရက်သောက်စ ၁၀ မိနစ်လောက်မျှသာ စိတ်ကူးသွက်လာဟန်ရှိသော်လည်း အရက်သမား၏ ထင်မြင်ချက်နှင့် နှုတ်ထွက်စကားတို့မှာ ပရမ်းပတာ မလိမ္မာသောအနက်ကို ပေးကြ၏။ နှုတ်စောင့်စည်းသူ၊ အကျင့်ကောင်းသူပင်ဖြစ်စေကာမူ မူးယစ်လာသည့်အခါ လုံးလုံးတစ်မျိုးဖြစ်သွားကြပါသည်"ဆိုသော ဆေးကျမ်းပြု ဆရာဝန်ကြီး၏ ဆေးပညာရှုထောင့်မှ ကြည့်ရှုသုံးသပ် တင်ပြချက်များကို အရက်သမားများ၊ အထူးသဖြင့် အရက်သမား စာရေးဆရာများ အလေးအနက် သတိပြုသင့်ကြပေသည်။

ထို့ကြောင့် "သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရည်" ဆိုသည့် ဆရာတော်အရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာအတိုင်း အဆိပ်ရည်နှင့်တူသည့် သေရည် သေရက်ကို လုံးဝရှောင်သင့်ကြ၏။ အချို့ဘာသာရေး မလေးစားသူများက "ကျန်းမာရုံ သောက်တာပါ"ဟု ဆင်ခြေပေးတတ်ကြ၏။ ကျန်းမာရေး ကောင်းရန်အတွက် အခြားနည်းလမ်းများ၊ ဆေးဝါးဓာတ်စာများ အများအစား ရှိပါသည်။ ဤနည်းလမ်းဆေးဝါးဓာတ်စာများနှင့် ကျန်းမာအောင် လုပ်နိုင်ပါသည်။ သုရာမေရယ သီလသိက္ခာပုဒ် အပျက်ခံပြီး ကျန်းမာအောင်လုပ်သည့် နည်းမျိုးကို အထူးရှောင်သင့်ကြပေသည်။

## သီလအကျင့် စောင့်ထိန်းသင့်

ငါးပါးသီလကာ လူသားများအဖို့ အမြဲဝတ်ထားရသည့် ခါးဝတ်

ပုဆိုးပမာ အမြဲစောင့်ထိန်းရသည့်အတွက် နိစ္စသီလဖြစ်ကြောင်း သီလ ကျင့်စဉ် အစပိုင်းမှာ တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ဤသီလသိက္ခာပုဒ် ငါးပါးမှာ ဆောက်တည်ထားထား၊ မဆောက်တည်ထားထား တစ်ပါး ပါးကို လွန်ကျူးလျှင် အပါယ်လေးပါးသို့ ကျရောက်နိုင်သည့်အတွက် မည်သူမဆို အမြဲထာဝရ စောင့်ထိန်းကြရမည့် ကိုယ်ကျင့်တရားမျိုး ဖြစ်၏။

ရတနာသုံးပါး ဆည်းကပ်သူ ဥပါသကာ၊ ဥပါသိကာမ မှန်လျှင် ငါးပါးသီလကို မြဲအောင်စောင့်ထိန်းသင့်သဖြင့် ငါးပါးသီလလုံခြုံ အောင် စောင့်ထိန်းတတ်ကြရန် သိက္ခာပုဒ်တစ်ပါးစီ၏ အဓိပ္ပာယ်ကို မကျဉ်းမကျယ် ကျမ်းဂန်ဝယ် ရှိသည့်အတိုင်း ကြိုးစားတင်ပြထားခြင်း ဖြစ်ပေသည်။

## အပျို လူပျိုတို့၏ ငါးပါးသီလ (ကောမာရဗြဟ္မစရိယသီလ)

ယောကျာ်း၊ မိန်းမ၊ လူကြီးလူငယ်၊ သူသူငါငါ စောင့်ထိန်းကြရ သည့် ရိုးရိုးငါးပါးသီလအကြောင်းကို ဖွင့်ဆိုရေးသားပြီးနောက် ငါးပါး သီလနှင့် ဆက်နွယ်နေသည့် "ကောမာရဗြဟ္မစရိယသီလ"အကြောင်း ကို ဆက်လက်ဖော်ပြပါမည်။ အပျို လူပျိုတို့ သီးခြားစောင့်ထိန်းရမည့် မြင့်မြတ်သော အကျင့်သီလမျိုးကို "ကောမာရဗြဟ္မစရိယသီလ"ဟု ခေါ်၏။ (ကောမာရ–လူပျိုတို့၏ ဥစ္စာဖြစ်သော+ဗြဟ္မစရိယသီလ= မြင့်မြတ်သော အကျင့်သီလ) အပျိုတို့၏ သီလကို "ကောမာရီဗြဟ္မ စရိယသီလ"ဟု ခေါ်၏။ (ကောမာရီ= အပျိုတို့၏ ဥစ္စာဖြစ်သော+ ဗြဟ္မစရိယသီလ=မြင့်မြတ်သော အကျင့်သီလ)။

ဤသီလသည် ဖော်ပြခဲ့ပြီးသော ငါးပါးသီလနှင့် အနည်းငယ်မျှ သာ ထူး၏။ ငါးပါးသီလထဲက "ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" သိက္ခာပုဒ်အစား ဤသီလမှာ "အဗြဟ္မ စရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"သိက္ခာပုဒ်ကို ထည့်ပြီး

ဆောက်တည်ရခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ "မမြတ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဟု ဆိုလို၏။

ဘုရာ ရှေ့မှာဖြစ်စေ၊ သံဃာတော်များရှေ့မှာဖြစ်စေ သီလတောင်း သည့်အခါ "အဟံ ဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ သီလံ ဓမ္မံယာစာမိ" စသည်ဖြင့် ဆိုပြီး ငါးပါးသီလ ဆောက်တည် နည်း အတိုင်း ဆိုပြီး ဆောက်တည်ရ၏။ အပျိုများမှာ "ကောမာရီ ဗြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ"ဆိုပြီး ဆောက်တည်ကြရသည်။ ဤသို့ "ကာမေသု မိစ္ဆာ စာရာ"နေရာမှာ "အဗြဟ္မစရိယာ"ဟုဆိုပြီး ဆောက်တည်ခြင်းသာ ထူးပေသည်။

အပျို လူပျို သီလခေါ်ရပုံကို အတန်ငယ် ရှင်းပြပါဦးမည်။ ကာမေသုမိစ္ဆာ စာရ သိက္ခာပုဒ်က မိမိပိုင်မယားမှာ မေထုန်ပြုကျင့် ခွင့်ရှိ၏။ ဖော်ပြခဲ့ပြီးသည့် အတိုင်း အမိ စောင့်ရှောက်နေသူ အပျို အမျိုးသမီးရှစ်မျိုးနှင့် ကာမပိုင် လင် ယောကျ်ားရှိသည့် မယား(၁၂)မျိုး၊ ပေါင်း အမျိုးသမီး(၂၀)အနက် မည်သည့်အမျိုးသမီးနှင့်မျှ ပျော်ပါးခွင့်၊ ပေါင်းသင်းဆက်ခံခွင့် မရှိချေ။ ပျော်ပါးခဲ့လျှင် ယောကျ်ားများမှာ ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ အဗြဟ္မစရိယသိက္ခာပုဒ်ကမူ ယောကျ်ား များအဖို့ မိမိပိုင်,မပိုင် အမျိုးသမီးအားလုံးနှင့်လည်းကောင်း၊ မိန်းမ များအဖို့ အမျိုးသားအားလုံးနှင့်လည်းကောင်း လုံးဝပေါင်းသင်းဆက်ဆံ ခွင့်၊ ပျော်ပါး ခွင့် မရှိချေ။ မမြတ်သည့် မေထုန်မှီဝဲမှုအကျင့်ကို လုံးဝ စောင့်ထိန်း ရသည့် သိက္ခာပုဒ်ဖြစ်သည်။

ဤနေရာ၌ အပျိုသီလဖြစ်ပုံ ပေါ်လွင်အောင် အမျိုးသမီးများ ကာမေသု မိစ္ဆာစာရကံထိုက်ပုံ၊ မထိုက်ပုံကို အနည်းငယ် ရှင်းပြပါဦး မည်။ ယောကျ်ားများမှာ မိမိမယားမှတစ်ပါး အခြားဖော်ပြပြီး အမျိုး သမီး (၂၀)အနက် တစ်ဦးဦးနှင့် ဆက်ဆံပျော်ပါးလျှင် ကာမေသုမိစ္ဆာ စာရကံ ထိုက်တော့၏။ အမျိုးသမီးများမှာမူ ကာမပိုင်လင်ယောကျ်ား

ရှိနေသည့် အမျိုးသမီး (၁၂)မျိုးသာ မိမိယောကျ်ားမှတစ်ပါး အခြား ယောကျ်ားတစ်ဦးဦးနှင့် ဆက်ဆံပျော်ပါးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။ အမိစောင့်ရှောက်ထားသူ၊ အဖစောင့်ရှောက်ထားသူ၊ မိဘနှစ်ပါးလုံး စောင့်ရှောက်ထားသူ စသည့် အပျို(၈)မျိုးတို့မှာကား သူတို့ပိုင်ဆိုင်သည့် သူတို့၏ ကာမအတွေ့ကို မည်သည့်ယောကျ်ားကို မဆို သူတို့သဘောအတိုင်း ပေးနိုင်ခွင့်ရှိသည့်အတွက် ယောကျ်ား တစ်ဦးဦးနှင့် ဆက်ဆံပျော်ပါးသော်လည်း သူတို့မှာ ကာမေသုမိစ္ဆာ စာရကံ မထိုက်ချေ။ မိဘ စသူတို့က စောင့်ရှောက်ခြင်းသည် အခြား လူများ မစော်ကားရုံသာ စောင့်ရှောက်ခြင်းဖြစ်သည်။ စောင့်ရှောက်သူ မိခင် ဖခင် စသူတို့က ထိုမိန်းမပျို၏ ကာမကို မပိုင်ဆိုင်ကြ၊ သူ့ ကာမကို သူသာပိုင်ဆိုင်ပေသည်။

ထို့ကြောင့် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်သည် မိန်းမပျိုများအတွက် အကျိုးမသက်ရောက်ဘဲ အပိုသက်သက် ဖြစ်နေ၏။

အပျိုများ ရိုးရိုးငါးပါးသီလကို ခံယူတည်ဆောက်ထာ စေကာမူ ပျိုအိုမခြား ယောကျ်ားတစ်ပါးပါးနှင့် ကာမကျူးလွန်မိသော်လည်း ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် မပျက်သည့်အတွက် မိန်းမပျိုတွေအဖို့ လေးပါးလောက်သာ စောင့်ထိန်းရ၍ ငါးပါးသီလဆိုသည့် နာမည်နှင့် လိုက်လျောညီထွေမရှိ ဖြစ်နေ၏။

သို့ဖြစ်၍ ကဿပဘုရားရှင် လက်ထက်တော်မှာ ဘုရားရှင်၏ အလုပ်အကျွေး ဒါယကာ ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်တို့ သည် အပျိုအရွယ် ငယ်စဉ်မှစပြီး အိမ်ထောင်မပြုကြဘဲ အနှစ်နှစ် သောင်း ကာလပတ်လုံး "ကောမာရီ ဗြဟ္မစရိယသီလ"ကို စောင့်သုံးခဲ့ ကြသည်ဟု ဆိုပေသည်။ ထိုသမီးတော် ခုနစ်ဖော်တို့သည် ဂေါတမ ဘုရားရှင်လက်ထက်တွင် (၁) သမဏီ မင်းသမီးက ခေမာထေရီ (၂) သမဏဂုတ္တာမင်းသမီးက ဥပ္ပလဝဏ္ဏာထေရီ (၃) ဘိက္ခုနီမင်းသမီး က ပဋာစာရီထေရီ (၄) ဘိက္ခုဒါယိကာ မင်းသမီးက ကုဏ္ဍလကေသီ

ထေရီ (၅) ဓမ္မာမင်းသမီးက ကိသာဂေါတမီ (၆) သုဓမ္မာ မင်းသမီးက ဓမ္မဒိန္နာထေရီ (၇) သံဃဒါယိကာမင်းသမီးက ဝိသာခါ ကျောင်း အမကြီးတို့ ဖြစ်လာကြပေသည်။ ဝိသာခါမှတစ်ပါး ကျန်ထေရီ ခြောက်ပါးလုံးမှာ တေဒဂ်ဘွဲ့ထူး အသီးသီးရရှိကြသည့် ရဟန္တာထေရီမ ကြီးများ ဖြစ်လာကြသည်။ နောက်ဆုံး သံဃဒါယိကာမင်းသမီးက ဖြစ်လာသည့် ဝိသာခါ ကျောင်းအမကြီးမှာမူ တေဒဂ်ဘွဲ့ထူးရသည့် ဘုံစဉ်စံသောတာပန် အရိယာမ ဖြစ်လာသည်။

ထိုကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော်တို့သည် ကာမေသုမိစ္ဆာ စာရ သိက္ခာပုဒ်မှာ မိန်းမပျိုတွေအတွက် ထူးခြားချက် မရှိသဖြင့် မေထုန်အကျင့်ကို လုံးဝရှောင်ကြလိုသောကြောင့် "ကောမာရီဗြဟ္မ စရိယသီလ"ကို ဆောက်တည်ကြခြင်း ဖြစ်ပေသည်။ ဤသီလသည် အပျိုကြီး၊ အပျိုငယ်၊ လူပျိုကြီး၊ လူပျိုငယ်တို့ ဆောက်တည်ရန် အသင့်ဆုံးသီလဖြစ်၏။ ထို့ကြောင့် "ကောမာရ" (လူပျိုအကျင့်ဖြစ် သော) "ကောမာရီ" (အပျိုအကျင့်ဖြစ်သော)ဟု သီလတောင်း၏ အစမှာ ပါနေခြင်းဖြစ်သည်။ အပျို လူပျိုတို့မှာ အဗြဟ္မစရိယဆိုသည့် မေထုန်အကျင့်ကို နှစ်နှင့်ချီပြီး ရှောင်ကြဉ်ထားနိုင်သူများ ဖြစ်သည့် အတွက် အပျို၊ လူပျိုများ ဆောက်တည်ထားသင့်သည့် အပျိုသီလ, လူပျိုသီလဟု အမည်ပေးထားခြင်းဖြစ်ပေသည်။ ဆောက်တည်နိုင်လျှင် ရှိ ရှိ ငါ ပါ သီလထက် ပိုပြီး အကျိုးကြီးမားပါ၏။

ဤအဗြဟ္မစရိယခေါ်သည့် မမြတ်သော မေထုန်အကျင့်သည် လူသားများမှာသာ ရှိသည်မဟုတ်၊ နတ်များ၊ တိရစ္ဆာန်များမှာလည်း ရှိကြ၏။ မျက်စိနှင့် မြင်အောင် အတော်အတန်ကြည့်ရသည့် ပိုးကောင် ကလေးများမှာလည်း ရှိကြ၏။ ပုဂ္ဂိုလ်အနေအားဖြင့်ဆိုရလျှင် ပုထုဇဉ် ပုဂ္ဂိုလ်များမှာသာမက သောတာပန်၊ သကဒါဂါမ် အရိယာပုဂ္ဂိုလ်ကြီး များမှာပင် ရှိကြ၏။ ဤအကျင့်ကြောင့် သတ္တဝါတွေအများကြီး ဆင်းရဲ ဒုက္ခရောက်ကြရ၏။ ဤသိက္ခာပုဒ်ကို စောင့်ထိန်းနိုင်ပါလျှင် ဤ

အကျင့်ကြောင့် ပေါ်ပေါက်လာနိုင်သည့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းသည့်အကျိုးကို ရရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မြတ်စွာဘုရားသည် ဘုရားလောင်းဘဝ နုစဉ်ကာလမှာပင် လူပျိုဘဝမှစပြီး ဤ "ကောမာရဗြဟ္မစရိယသီလ"ကို စောင့်ထိန်းခဲ့ပြီး မိဘတို့၏ သဘောအရ အိမ်ထောင်ပြုလိုက်ရသည့်အခါမှာလည်း မပေါင်းသင်း မဆက်ဆံကြဘဲ ဇနီးမောင်နှံ နှစ်ဦးသဘောတူ ဤသီလကို စောင့်ထိန်းကြသည်ဟု စတုက္ကနိပါတ် အနနုသောစိယဇာတ်တော်မှာ တွေ့ရ၏။

## ဗြဟ္မစရိယပဉ္စမသီလ

ယခုဆိုခဲ့ပြီးသည့် ကောမာရဗြဟ္မစရိယသီလကို အပျို လူပျိုများသာ မဟုတ်၊ အိမ်ထောင်ရှိသူ လူအိုများလည်း ဆောက်တည်ကောင်းကြ၏။ အိမ်ထောင်သည် လူကြီးများ ဆောက်တည်သည့် သီလကို "ကောမာရ ဗြဟ္မစရိယသီလ"ဟု မခေါ်ဘဲ "ဗြဟ္မစရိယပဉ္စမသီလ" ဟုခေါ်၏။ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်သီလဟု အဓိပ္ပာယ်ရ၏။ သိက္ခာပုဒ်ငါးပါးမှာ "ကောမာရဗြဟ္မစရိယသီလ"မှာပါသည့် သိက္ခာပုဒ်အတိုင်းပင်ဖြစ်၏။ သီလတောင်းသည့်အခါမှာသာ "အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယ ပဉ္စမသီလံ ဓမ္မံ ယာစာမိ" စသည်ဆိုပြီး တောင်းရသည်သာ ထူး၏။

မြတ်စွာဘုရား လက်ထက်တော်က ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နှင့် ဝဇ္ဇီတိုင်း ဟတ္ထိဂါမရွာသား ဥဂ္ဂသူကြွယ် နှစ်ဦးလုံးပင် ဤဗြဟ္မစရိယပဉ္စမ သီလကို မြတ်စွာဘုရားထံမှာ ခံယူစောင့်သုံးကြကြောင်း အင်္ဂုတ္တရနိပါတ်၊ ဂဟပတိဝဂ်၊ ပထမဥဂ္ဂသုတ်၊ ဒုတိယဥဂ္ဂသုတ်တို့၌ လာရှိ၏။ သူတို့သည် မြတ်စွာဘုရားထံတော်၌ ဗြဟ္မစရိယပဉ္စမသီလကို ခံယူဆောက်တည်လာသည့် အတိုင်း အိမ်ရှိမယားလေးယောက်အနက် အကြီးဆုံးမယားကို သူမ အလိုရှိသည့်ယောကျ်ားနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ပြီး ကျန်မယားတို့ကိုလည်း စွန့်လွှတ်ကြ

ကာ တစ်သက်လုံး သာ မယာ မယူဘဲ နေသွားကြသည်။ အမှန်အားဖြင့် သူတို့နှစ်ဦးလုံးသည် ကာမရာဂါနုသယခေါ် ကာမဂုဏ်ကို အနာဂါမိ မဂ်ဖြင့် အကြွင်း မဲ့ပယ်ထားပြီးကြသည့် အနာဂါမ်အရိယာကြီးများ ဖြစ်သောကြောင့် ဤသီလကို တစ်သက်လုံး ကျင့်သုံးနိုင်ကြခြင်းဖြစ်သည်။

ကာမရာဂ မကင်းကြသေးသည့် ပုထုဇဉ် စသော ပုဂ္ဂိုလ်တို့သည်လည်း ဤမေထုန်ကိစ္စနှင့် အကြောင်းအားလျော်စွာ ကင်းပြီးနေနိုင်သည့် အချိန်ကာလများမှာ ဤသီလကို ဆောက်တည်နိုင်ကြသည်။ ဆောက်တည်သင့်ကြသည်။ ဆောက်တည်ကောင်းကြသည်။ ခုဒ္ဒကပါဌ အဋ္ဌကထာ စသည်တို့၌ အဗြဟ္မ စရိယသိက္ခာပုဒ်နှင့် ဝိကာလဘောဇန စသော သိက္ခာပုဒ်တို့မှာ ပါဏာတိပါတ၊ အဒိန္နာဒါန၊ မုသာဝါဒ၊ သုရာမေရယ သိက္ခာပုဒ်တို့ကဲ့သို့ အမြဲဆောက်တည်ထားရမည့် နိစ္စသီလမျိုးတို့မဟုတ်၊ ရံခါဆောက်တည်ထားရသည့် အနိယမ သီလမျိုးဖြစ်သည်ဟု မိန့်ဆိုထားကြ၏။ ထို့ကြောင့် စောင့်ထိန်းရန် အခွင့်သင့်သည့်အခါ ဆောက်တည်နိုင်၍ အခွင့်မသာသည့်အခါမှာ မဆောက်တည်ဘဲ နေနိုင်ခွင့်ရှိပေသည်။

## ဗြဟ္မစရိယ ပဉ္စမဇကဘတ္တိကသီလ

ဤဗြဟ္မစရိယပဉ္စမအပြင် "ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလ" လည်း ရှိ၏။ "ကေဘတ္တိက"ဆိုသည်မှာ နံနက်စာ တစ်ထပ်တည်းသာ စားသုံးခြင်းရှိသော သိက္ခာပုဒ်ဖြစ်၏။ ဝိကာလဘောဇနေသိက္ခာပုဒ်နှင့် အတူတူပင်ဖြစ်သည်။ ဗြဟ္မစရိယပဉ္စမသီလ၏ နောက်ဆုံး "သုရာမေရယ သိက္ခာပုဒ်"ကို ဆောက်တည်ပြီးနောက် "ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟု သိက္ခာပုဒ်တစ်ခုတိုး၍ သိက္ခာပုဒ်(၆)ခု ဆောက်တည်ရသည်။ ထို့ကြောင့် ထိုသီလကို "ဧကဘတ္တိက ဆက္ကသီလ"ဟုလည်းကောင်း "ဧကဘတ္တိကသီလ" ဟုလည်းကောင်း

ခေါ်ဝေါ်သုံးစွဲကြခြင်းဖြစ်သည်။ ဤသီလကို ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ဂဝေသီဥပါသကာနှင့် တပည့်ဥပါသကာ ငါးရာတို့ စောင့်သုံးကြ၏။ ဂေါတမဘုရား ရှင် လက်ထက်တွင် ခမ္မိက သီတင်းသည်၊ နန္ဒမာတာ ဥပါသိကာမ စသည်တို့ စောင့်ထိန်းကြကြောင်း သုတ္တနိပါတ် အဋ္ဌကထာ ခမ္မိကသုတ်အဖွင့်၌ လာရှိလေသည်။

ဗြဟ္မစရိယပဉ္စမသီလကို ဆောက်တည်လျှင် ရိုးရိုး ငါးပါးသီလကို ဆောက်တည်ခြင်းထက် ပို၍ အကျိုးကြီးမားပါသည်။ အဗြဟ္မစရိယ (မမြတ်သည့် မေထုန်မှီဝဲမှုအကျင့်)ကို စောင့်ထိန်းသည့်အတွက် "ဘေးရန်ကင်းခြင်း၊ မြင်သူတိုင်း ချစ်ခင်ခြင်း၊ လာဘ်လာဘပေါများခြင်း၊ ချမ်းသာစွာအိပ်ရ၊ နိုးရခြင်း၊ မိန်းမ နပုံးပဏ္ဍုတ်မဖြစ်ခြင်း၊ အပါယ်ဘေးမှလွတ်ခြင်း၊ ကြောင့်ကြမှုကင်းခြင်း၊ အရွယ်နုပျိုခြင်း"စသည့် အကျိုးတရားများ ရရှိနိုင်သည်ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ မိန့်ဆိုထား၏။ မဆောက်တည်ဘဲ ရှောင်ကြဉ်သည်ထက် ဆောက်တည်ပြီး ရှောင်ကြဉ်ခြင်းက သမာဒါနကုသိုလ် ပိုရသည်။

ထို့ကြောင့် အပျို လူပျိုပဲဖြစ်ဖြစ်၊ အပျိုကြီး လူပျိုကြီးပဲဖြစ်ဖြစ်၊ အိမ်ထောင်သည်ပဲဖြစ်ဖြစ် အဗြဟ္မစရိယကိစ္စနှင့် ကင်းအောင်နေနိုင်သည့် ရက်၊ လ၊ နှစ်တို့မှာ ဤကောမာရ ဗြဟ္မစရိယ (ဝါ) ဗြဟ္မစရိယ ပဉ္စမသီလကို သတိပြု၍ စောင့်ထိန်းသင့်ကြပါ၏။

ယခုလ တင်ပြခဲ့သည့် ငါးပါးသီလကား ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း ထာဝစဉ် အမှန်ကျင့်သုံးကြရမည့် "နိစ္စသီလ"ဖြစ်သကဲ့သို့ လုံခြုံအောင် လေးလေးစားစား အလေးထား စောင့်ထိန်းကြရမည့် "ဂရုဓမ္မသီလ"မျိုးလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်များ အဖို့ ငါးပါးသီလမြဲလျှင် သီလဝန္တ (သီလရှိသူ)ဖြစ်၍ ငါးပါးသီလ မမြဲလျှင် (ဝါ) ပျက်လျှင် ဒုဿီလ (သီလ မရှိသူ) ဖြစ်တော့သည်ဟု ပဉ္စကအင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားထား၏။

## ငါးပါးသီလ အကျိုးပြဝတ္ထု

ကဿပဘုရား ရှင် လက်ထက်တော်အခါက သောတာပန် လူ ဥပါသကာ တစ်ဦး ရှိသတဲ့။ သောတာပန် အရိယာဖြစ်သဖြင့် ငါ ပါး သီလကို ခါ ဝတ်ပုဆိုးပမာ မြဲမြံသွာ ၏။ ထိုအရိယာသောတာပန်သည် ဆတ္တာသည် (ဆံသလုပ်ငန်း ဖြင့် ကြီး ပွား ချမ်း သာသူ) သူဌေး တစ် ယောက်နှင့်အတူ လှေစီး၍ ပင်လယ်ခရီး သို့ ထွက်ကြပါသည်။ ခရီး ထွက်ခါနီး တွင် ဆတ္တာသည်၏ဇနီး ဖြစ်သူက သူ့ယောကျ်ားကို အရိယာ ဥပါသကာလက်သို့ အပ်နှံပေးလိုက်ပါသည်။

ခရီးထွက်၍ ခုနစ်ရက်မြောက်သည့်အခါ လှေသည် သမုဒ္ဒရာ အလယ်တွင် ပျက်စီးပါတော့သည်။ ထိုသူနှစ်ယောက်တို့သည် ပျဉ်ချပ် တစ်ခုကို ဖက်တွယ်၍ ကျွန်း ငယ်တစ်ခုပေါ်သို့ ရောက်ရှိသွားကြပါ သည်။ ကျွန်းပေါ်တွင် စခန်း ချ နေထိုင်ကြသည့်အခါ ဆတ္တာသည် သည် ငှက်များကို ပစ်သတ်၍ ကင်စားသည်။ ငှက်သားများကို အရိယာ ဥပါသကာအား ပေးစားသော်လည်း အရိယာဥပါသကာက မစားချေ။

အရိယာဥပါသကာမှာ အစားအစာအတွက် အခက်တွေ့နေစဉ်မှာ ပင် "ငါ့အတွက် ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်စရာ မရှိ တော့ပြီ"ဟု နှလုံးသွင်း၍ ရတနာသုံးပါး၏ ဂုဏ်ကိုသာ အာရုံပြု၍ နေလေသည်။ ထိုအခါ ထိုကျွန်းရှိ နဂါးကြီးတစ်ကောင်သည် သူ့ကိုယ် ကို လှေကြီးသဏ္ဌာန်ဖန်ဆင်း၍ သမုဒ္ဒရာစောင့်နတ်က လှေသူကြီးဟန် ဆောင်ကာ လိုက်ပါသည်။ လှေကြီးပေါ်တွင်လည်း ရတနာခုနစ်ပါး တို့ဖြင့် ပြည့်နေသည်။ လှေရွက်တိုင်သုံးခုကို ဣန္ဒနီလာကျောက်သား ဖြင့် ပြုလုပ်ထား၏။ လှေရွက်မှာ ရွှေရွက်ဖြစ်၍ ရွက်ကြိုးများမှာ ငွေကြိုးများဖြစ်သည်။ တက်မတံမှာလည်း ရွှေတက်မတံကြီး ဖြစ်၏။

လှေသူကြီးဟန်ဆောင်လာသော သမုဒ္ဒရာစောင့်နတ်က "ဇမ္ဗူဒိပ် ကျွန်းသို့ သွားလိုသူများ ရှိသလား"ဟု ကြွေးကြော်လိုက်သည့်အခါ အရိယာဥပါသကာက "ကျွန်ုပ် သွားလိုပါသည်"ဟု ပြောလိုက်ရာ

"ဒါဖြင့် လှေပေါ်သို့တက်ပါ"ဟု ဖိတ်ခေါ်လိုက်၏။ အရိယာဥပါသကာသည် လှေပေါ်ရောက်သောအခါ အတူလာဖက်ဖြစ်သူ ဆတ္တာသည်သူငှေကို လှေပေါ်တက်ရန် ခေါ်လိုက်သည်။ ထိုအခါ လှေသူကြီးက "သင့်ကိုပဲ လိုက်ခွင့်ပေးမယ်၊ ဒီလူကို မခေါ်နိုင်ပါဘူး"ဟု ပြော၏။ "ဘာဖြစ်လို့ပါလဲ"ဟု အရိယာဥပါသကာက မေးသည့်အခါ "ဆတ္တာသည်မှာ ကိုယ်ကျင့်သီလမရှိတဲ့အတွက် မခေါ်နိုင်ကြောင်း"ပြောသည်။ "ဒါဖြင့်ရင် ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်အဖို့ကို အမျှပေးဝေပါတယ်"ဟု အရိယာဥပါသကာက အမျှဝေလိုက်ရာ ဆတ္တာသည်က သာဓုခေါ်သည်။

ထိုအခါမှ လှေသူကြီးက "ဒီလိုဆိုရင် ခေါ်မယ်"ဟု ပြောပြီး ဆတ္တာသည်ကိုပါ လှေပေါ်တင်ကာ ဗာရာဏသီမြို့အရောက် ပို့ဆောင်ပေးလိုက်သည်။ နတ်တန်ခိုးဖြင့် နှစ်အိမ်လုံးတွင် ဥစ္စာပစ္စည်းများကိုပါ ဖန်ဆင်းပေးခဲ့သည်ဟု သီလာနိသံသဇာတ်တော်တွင် လာရှိသည်။

## အာဇီဝဋ္ဌမကသီလ

သီလကျင့်စဉ်၏ အစပိုင်း၌ လူတို့ အမြဲတစေ စောင့်ထိန်းကြရမည့် လူတို့သီလ (ဂဟဋ္ဌသီလ)သည် ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလဟု နှစ်မျိုးရှိ၏ဟု ဆိုခဲ့ပြီးဖြစ်၏။ လူများအဖို့ ဤသီလနှစ်မျိုးသည် ပါတိမောက္ခ သံဝရသီလမည်၏။ ဤနှစ်မျိုးအနက် တစ်မျိုးမျိုးကို လုံခြုံအောင် စောင့်ထိန်းနိုင်လျှင် သီလနှင့် ပြည့်စုံစင်ကြယ်ခြင်း (သီလဝိသုဒ္ဓိ)ဖြစ်၏။ ဤနှစ်မျိုးတွင် ငါးပါးသီလကို လူသိများကြသော်လည်း အာဇီဝဋ္ဌမကသီလကိုမူ စောင့်ထိန်းကြသည့်ပုဂ္ဂိုလ်များ နည်းပါးသည့်အတွက် လူသိနည်းကြ၏။

ငါးပါးသီလအကြောင်းကို ဘုရားရှင်က နေရာပေါင်းများစွာမှာ တိုက်ရိုက်ဟောကြားခဲ့သော်လည်း အာဇီဝဋ္ဌမကသီလအကြောင်းကိုမူ ဥပရိပဏ္ဏာသ ပါဠိတော်၌သာ အရိပ်အမြွက်မျှ ဟောကြားထား၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သုတ်သီလက္ခန်အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ စသည့် အဋ္ဌကထာများမှာကား "အာဇီဝဋ္ဌမကသီလ" ဆိုသည့် နာမည်နှင့် တိတိကျကျ ဖွင့်ဆိုထားကြပေသည်။

အာဇီဝဋ္ဌမက သီလဆိုသည်မှာ "အသက်မွေး မှုလျှင် ရှစ်ခုမြောက် ရှိသည့် သီလ"ဟု အဓိပ္ပာယ်ရ၏ (အာဇီဝ=အသက်မွေးမှုလျှင်+ အဋ္ဌမက=ရှစ်ခုမြောက် ရှိသည့် သီလ)၊ ဤသီလမှာ သူ့အသက်သတ်ခြင်း စသည့် ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ရခြင်း (သိက္ခာပုဒ် ၃ ပါး)၊ မုသားပြောဆိုခြင်း စသည့် ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ရခြင်း (သိက္ခာပုဒ် ၄ ပါး)၊ ရှစ်ခုမြောက်တွင် မကောင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ရခြင်းဟူ၍ သိက္ခာပုဒ်တစ်ပါး ပေါင်း (၈)ပါး ပါဝင်၏။ ဤရှစ်ပါးတွင် ရှစ်ခုမြောက်သိက္ခာပုဒ်မှာ "မကောင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ရခြင်းဆိုသည့် သိက္ခာပုဒ်ဖြစ်သည့်အတွက် "အာဇီဝဋ္ဌမက သီလ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အမှန်အားဖြင့်ဆိုသော် ဤအာဇီဝဋ္ဌမကသီလသည် သီလကျင့်စဉ်အစတွင် ဖော်ပြခဲ့ပြီးသော "သမ္မာ ကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝ"ဆိုသည့် ဝိရတိသီလပင် ဖြစ်၏။

ဤအာဇီဝဋ္ဌမကသီလကိုပင်"အာဒိဗြဟ္မစရိယသီလ"ခေါ်သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထား၏။ အဓိပ္ပာယ်မှာ "အရိယမဂ် အကျင့်မြတ်ကို ရရန်အတွက် အစပထမ ကျင့်ကြံပြည့်စုံစေရမည့် သီလ"ဟု ဆိုလိုပေသည်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားတွင် ပညာမဂ္ဂင် ၂ ပါး၊ သီလမဂ္ဂင် ၃ ပါး၊ သမာဓိမဂ္ဂင် ၃ ပါး ပါဝင်ရာ အာဇီဝဋ္ဌမက သီလသည် လောကီသီလမဂ္ဂင် သုံးပါးဖြစ်သည့်အတွက် အရိယမဂ် အကျင့်မြတ်ရဖို့ အစပထမအကျင့်ဖြစ်သည်ဟူသော မိန့်ဆိုချက်မှာ အလွန်သဘာဝကျ၏။

ထို့ကြောင့် အရှင်ဥတ္တိယက "တရားအားထုတ်လိုပါသဖြင့် အကျဉ်းဟောကြားတော်မူပါ"ဟု ဘုရားရှင်ကို လျှောက်ထားသည့်အခါ ဘုရား

ရှင်က "တရားအားထုတ်ချင်ရင် ပထမဆုံး ပါတိမောက္ခသံဝရသီလကို အထူး စင်ကြယ်စေရမယ်၊ ကံ,ကံ၏အကျိုးတွေကို ယုံကြည်သိမြင်သည့် ဖြောင့်မတ်မှန်ကန်သော သမ္မာဒိဋ္ဌိအယူရှိရမယ်၊ စင်ကြယ်တဲ့ ပါတိမောက္ခသံဝရသီလကို မှီပြီး သတိပဋ္ဌာန်တရားလေးပါးကို ပွားများရမယ်"ဟု သတိပဋ္ဌာနသံယုတ် ပါဠိတော်မှာ ဟောကြားထားခြင်း ဖြစ်သည်။ ငါးပါးသီလနှင့် အာဇီဝဋ္ဌမက သီလတို့သည် လူများအဖို့ ပါတိမောက္ခသံဝရသီလ ဖြစ်သည်ဟု မဟာစည်ဆရာတော်ဘုရားကြီး မိန့်ကြားထား၏။

ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလနှစ်မျိုးသည် ဆောက်တည်ရသည့် သိက္ခာပုဒ်အချို့ ကွဲပြားကြသော်လည်း စောင့်ထိန်းမှု၊ ရှောင်ကြဉ်မှုချင်း တူသည့်အတွက် သီလစင်ကြယ်ပုံချင်း တူကြသည်ဟု ဆရာတော်ဘုရားကြီးများ ဆုံးဖြတ်ထားကြ၏။ သို့ရာတွင် ငါးပါးသီလမျှ စောင့်ထိန်းရသည်ကို အားမရကြသေးသည့် ပုဂ္ဂိုလ်များအဖို့ အာဇီဝဋ္ဌမက သီလကို စောင့်ထိန်းနိုင်ကြ၏။

ငါးပါးသီလမှာ သိက္ခာပုဒ်ငါးခုကိုသာ နှုတ်မြွက်ဆောက်တည်ရ၍ အာဇီဝဋ္ဌမကသီလမှာ သိက္ခာပုဒ် ရှစ်ခုကိုဆိုပြီး ဆောက်တည်ရ၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလက သမာဒါနကုသိုလ် သုံးကြိမ်ပိုရ၏။ ထို့ပြင် မုသာဝါဒသည် ကျန်ဝစီဒုစရိုက်များကို လွန်ကျူးနိုင်သည့် အခြေခံအကြောင်း ဖြစ်သည့်အတွက် မုသာဝါဒကို ရှောင်ကြဉ်နိုင်လျှင် ကျန်ဝစီဒုစရိုက်သုံးပါးကိုပါ ရှောင်ကြဉ်ပြီးသားဖြစ်သည်ဟု ဆရာတော်ဘုရားကြီးများ အဆိုအမိန့် ရှိသော်လည်း လက်တွေ့မှာ ဤသဘောမျိုးကို မတွေ့ရချေ။ မုသာဝါဒကို လုံခြုံအောင် သတိထား စောင့်ထိန်းသော်လည်း ကျန်ဝစီဒုစရိုက်သုံးပါးကိုမူ ပြောဆိုလွန်ကျူးနေကြသည်ကို တွေ့နေရ၏။ ထို့ကြောင့် ပိုလည်းကုသိုလ်ရ၊ ဝစီကံလေးပါးလုံးကိုလည်း တသီးတခြား အလေးထားရှောင်ကြဉ်နိုင်သည့်အတွက် တတ်စွမ်းနိုင်ပါက ဤအာဇီဝဋ္ဌမကသီလကို ဆောက်တည်သင့်ကြပေသည်။

## အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ

အာဇီဝဋ္ဌမကသီလဆောက်တည်သည့်အခါ "အဟံ ဘန္တေ တိသရဏေနသဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ"စသည်ဖြင့် ငါးပါးသီလမှာ ဆိုသည့်အတိုင်း သုံးကြိမ်ဆို၍ သရဏဂုံသီလတောင်းပါ၊ နောက် "နမော တဿ" စသည်ကို သုံးကြိမ်ရွတ်ဆို၍ ဘုရားရှိခိုးပါ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တို့ကို သုံးကြိမ်ရွတ်ဆို၍ သရဏဂုံဆောက်တည်ပါ။ ထို့နောက် (၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (၂) အဒိန္နာဒါနာ ဝေရ မဏီသိက္ခာပဒံ သမာဒိယာမိ (၃) ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ (၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (၅) ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သာမာဒိယာမိ (၆) ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (၇) သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (၈) မိစ္ဆာ ဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဆို၍ ဆောက်တည်ရမည်။

ပါဏာတိပါတကံမှ မုသာဝါဒကံအထိ သိက္ခာပုဒ်လေးပါးအကြောင်းကို ငါးပါးသီလခန်းတွင် အသေးစိတ် ဖွင့်ဆိုခဲ့ပြီးဖြစ်၍ ဤသီလတွင် ပိသုဏာဝါစာ သိက္ခာပုဒ်မှစ၍ ဖွင့်ဆိုရေးသားပါမည်။

## ပိသုဏာဝါစာသိက္ခာပုဒ်အဖွင့်

"ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟူသော သိက္ခာပုဒ်၏ မြန်မာပြန်မှာ "ချစ်ခင်နေသူနှစ်ဦးတို့ အမုန်းဖြစ်ပွား ကွဲပြားသွားအောင် ကုန်းတိုက်စကားပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဟု ဖြစ်သည်။ အတိုချုပ်မှာ ကုန်းတိုက်စကားပြောကြားခြင်းမှ ရှောင်ကြဉ်ပါ၏ ဖြစ်၏။ (ပိသုဏာ=ညီညွတ်ခြင်းကို ပျက်ပြားစေတတ်သောစကားကို (ဝါ) အချစ်သုဉ်း၍ အမုန်းပွားစေတတ်သောစကားကို + ဝါစာ = ပြောဆို

ခြင်း)

ပိသုဏဝါစာဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နေထိုင်ကြရာတွင် ထိုပုဂ္ဂိုလ်အချင်းချင်း မညီညွတ်အောင် ခင်မင်ရင်းနှီးမှု မရှိအောင်၊ စိတ်ဝမ်းကွဲပြားသွားအောင် (ဝါ) မိမိကို ပိုမိုချစ်ခင်လာအောင် တစ်ဦး၏အပြစ်ကို အခြားတစ်ဦးထံတွင် သွား၍ ပြောဆိုခြင်းမျိုးဖြစ်သည်။ ဤကဲ့သို့ ပြောဆိုခြင်းမျိုးကို "ကုန်းချောသည်၊ ကုန်းတိုက်သည်"ဟု ခေါ်ကြ၏။

တရားကိုယ်သဘောတရားကား ချစ်ခင်ညီညွတ်နေသူတို့ အချစ်ဆိတ်သုဉ်း၊ အမုန်းပွားပြီး ကွဲပြားသွားကြအောင် မိမိကို ပိုမိုယုံကြည်ချစ်ခင်လာအောင် လက်ဟန် ခြေဟန်ဖြင့်ဖြစ်စေ၊ မျက်စိမှိတ်, ခေါင်းညိတ်ပြ၍ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ကုန်းချောသော စိတ်ယုတ်စိတ်ညစ်ရှိသူ၏ သန္တာန်၌ဖြစ်သော အကုသိုလ်စေနာပင်ဖြစ်သည်။

**အင်္ဂါလေးပါး**

ဤ ပိသုဏဝါစာသိက္ခာပုဒ်၌ သိက္ခာပုဒ်ကို ပျက်စေနိုင်သော အင်္ဂါလေးပါး ရှိ၏။ ထိုအင်္ဂါများမှာ–

၁။ အချင်းချင်း ခင်မင်ညီညွတ်နေသူများဖြစ်ခြင်း၊

၂။ ထိုသူများ စိတ်ဝမ်းကွဲပြားမှု၊ မိမိအား ချစ်ခင်လာစေမှုတို့ကို လိုလား ခြင်း၊

၃။ ထိုသူများ ကွဲပြားအောင် ကိုယ်,နှုတ်တို့ဖြင့် ကုန်းတိုက်ခြင်း၊

၄။ ကုန်းတိုက်စကားကို အပြောခံရသူ နားလည်ခြင်း

တို့ဖြစ်သည်။ ဤအင်္ဂါလေးပါးနှင့် ညီညွတ်လျှင် သူတို့အချင်းချင်း မကွဲမပြား၊ အမုန်းမပွားဘဲ ချစ်ခင်ရင်းနှီးမြဲ ရင်းနှီးနေသော်လည်း ပိသုဏဝါစာ ကံမြောက်သည့်အတွက် သိက္ခာပုဒ်ပျက်၏။ မိမိ၏ ချောပစ်ကုန်းတိုက်ခံရသူများ အချင်းချင်း စိတ်ဝမ်းကွဲပြားသွားကြမှသာ

ကမ္မပထမြောက်သည်။ အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်၏။

## အပြစ်ကြီးငယ် အသွယ်သွယ်

သီလမရှိသောပုဂ္ဂိုလ်များကို ကွဲပြားအောင်ပြောဆိုလျှင် အပြစ်ငယ်၍ သီလရှိသောပုဂ္ဂိုလ်တို့ကို ကွဲပြားအောင် ပြောဆိုလျှင် အပြစ်ကြီးမား၏။ ပိသုဏဝါစာကို လွန်ကျူးသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဟူသော အပါယ်ဘုံ တို့၌ ဖြစ်တတ်၏။ ထိုဘုံတို့မှ လွတ်မြောက်၍ လူ့ဘဝသို့ ရောက်လာသောအခါ၌လည်း ဆွေမျိုး မိတ်သင်္ဂဟများနှင့် ကွဲရတတ်သည်။ သွားများ လည်း မပြည့်မစုံ ဖြစ်တတ်၊ ကျဲနေတတ်သည်ဟု အင်္ဂုတ္တိုရ်ပါဠိတော် ဒုစ္စရိတဝိပါကသုတ်၊ သုတ်ပါထေယျအဋ္ဌကထာ လက္ခဏသုတ်အဖွင့်တို့၌ လာရှိ၏။

## ဖရုသဝါစာသိက္ခာပုဒ်အဖွင့်

အာဇီဝဋ္ဌမကသီလ၌ ခြောက်ခုမြောက် ဆဋ္ဌမသိက္ခာပုဒ်မှာ ဖရုသဝါစာ သိက္ခာပုဒ်သီလဖြစ်၏။ ဤသိက္ခာပုဒ်သီလကို "ဖရုသဝါစာ ဝေရမဏီသိက္ခာ ပဒံ သမာဒိယာမိ"ဟု ပါဠိလိုဆို၍ ဆောက်တည်ရသည်။ ထိုပါဠိ၏ တိုက်ရိုက်မြန်မာပြန်မှာ "ဆဲရေးတိုင်းထွားခြင်းစသော ကြမ်းကမ်းယုတ်မာသော စကားတို့ကို ပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဖြစ်သည်။ အတိုချုပ်မှာ "ကြမ်းတမ်းယုတ်မာ ဆဲရေးတိုင်းထွာခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု အဓိပ္ပာယ်ရသည်။ ဤသီလပုဒ်ကိုဆိုရာ၌ "ဖရုသဝါစာ"(ဖရုတ်သ)ဟု အများအားဖြင့် ဆိုနေကြသည်။ ထိုအဆို မမှန်ပါ။ ဖရုသ ဝါစာ–ဟု အသတ်သံမပါဘဲဆိုမှ မှန်ပါသည်။ ပြင်ဆင်ရွတ်ဆို၍ ဆောက်တည်ကြရန်ဖြစ်သည်။

ဖရုသဝါစာ၌ ဖရုသပုဒ်, ဝါစာပုဒ်, နှစ်ပုဒ်ပါဝင်၏။ ဖရုသကား ကြမ်း တမ်းသောစကားဟု အဓိပ္ပာယ်ရ၏။ ဝါစာမှာ ပြောဆိုခြင်း

ဖြစ်၏။ ထို့ကြောင့် ဖရုသဝါစာဆိုသည်မှာ "မြွေကိုက်ပါစေ၊ အသေဆိုးနှင့်သေပါစေ" စသည်ဖြင့် မကြား ကောင်း မနာသာ ရန်ရင်းကြမ်းတမ်းသောစကားမျိုးကို ပြောဆိုမှုဖြစ်၏။ တစ်နည်းအားဖြင့် သူတစ်ပါးတို့၏ ချစ်စိတ်ဖြတ်ကြောင်း အမုန်းပွားစေတတ်သော ကိုယ်အမူအရာအမျိုးမျိုး၊ နှုတ်အမူအရာအမျိုးမျိုးတို့ဖြင့် မခံသာအောင်ပြုတတ်သည့် မိုက်မဲကြမ်းတမ်းသော စေတနာဆိုးကို ဖရုသဝါစာဟု ခေါ်၏။

ဤဖရုသဝါစာအရာ၌ ပြောဆိုသော စကားလေးမျိုးရှိ၏။ ထိုလေးမျိုးမှာ

၁။ နှုတ်ထွက်သာကြမ်း၍ စေတနာမကြမ်းသောစကား၊

၂။ စေတနာကြမ်း၍ နှုတ်ထွက်မကြမ်းသောစကား၊

၃။ စေတနာလည်းကြမ်း၊ နှုတ်ထွက်လည်းကြမ်းသောစကား၊

၄။ စေတနာလည်းမကြမ်း၊ နှုတ်ထွက်လည်းမကြမ်းသော စကားတို့ ဖြစ်သည်။

(၁) ထိုတွင် နှုတ်ထွက်သာကြမ်း၍ စေတနာမကြမ်းသော စကားမျိုးကား မိဘဆရာသမား စသူတို့က မိမိတို့သားသမီး၊ တပည့် စသူတို့ အား မြည်တွန်မောင်းမဲ ကျိန်ဆဲပြောဆိုသော စကားမျိုးဖြစ်၏။ မိဘတို့က သားသမီးတို့အား မြည်တွန်မောင်းမဲ ကျိန်ဆဲပြောဆိုရာ၌ ကောင်းကျိုးလိုလား၍ မြည်တွန်မောင်းမဲ ကျိန်ဆဲသည့်အတွက် နှုတ်ထွက်ကြမ်းသော်လည်း စေတနာမကြမ်းသော စကားမျိုးသည် ဖရုသဝါစာ မဖြစ်ပေ။ ထင်ရှားစေဦးအံ့။

တစ်ချိန်သောအခါက သူငယ်တစ်ယောက်သည် မိခင်ကြီးက တောထဲမသွားရန် တားမြစ်သည်ကို နားမထောင်ဘဲ တောထဲသို့ ထွက်သွား၏။ ထိုအခါ မိခင်ကြီးက "နင့်ကို ကျွဲရိုင်းမကြီး လိုက်ခတ်ပါစေ"ဟု ကျိန်ဆဲလိုက်၏။ တောထဲသို့ ရောက်သည့်အခါ မိခင်

ကျိန်ဆဲလိုက်သည့်အတိုင်း ကျွဲရိုင်းမကြီးသည် သူငယ့်နောက် လိုက်သတဲ့၊ သူငယ်က "ကျွန်ုပ်မိခင်ကြီး ကျိန်ဆဲတဲ့အတိုင်း မဖြစ်ပါစေနဲ့၊ မိခင်ကြီး ကျွန်ုပ်အပေါ်ထားတဲ့စိတ်အတိုင်းသာ ဖြစ်ပါစေသား"ဟု သစ္စာဆိုလိုက်၏။ ထိုအခါ ကျွဲရိုင်းမကြီးသည် တိုင်မှာ ကြိုးနှင့်ချည်လိုက်သကဲ့သို့ ရပ်တန့်သွား၏။ ဤဝတ္ထုအရ မိဘတို့မှာ နှုတ်ထွက်ကြမ်းသော်လည်း စိတ်စေတနာ မကြမ်းတမ်းသည့်အတွက် ဖရုသဝါစာ မဖြစ်ကြောင်း ထင်ရှား၏။

မိဘတို့သည် တစ်ခါတစ်ရံ အလိုမကျသည့်အခါ သားသမီးတို့ကို "ခိုးသား ဓားပြတွေ နင်တို့ကို အပိုင်းပိုင်း သတ်ဖြတ်ကြပါစေ"ဟု ကျိန်းမောင်းပြောဆိုလေ့ရှိကြသော်လည်း စိတ်ကမူ သားသမီးများအပေါ်သို့ ကြာပွင့် ကြာပန်းကလေးမျှ ကျသည်ကိုပင် မလိုလားကြပေ။ ထို့အတူ ဆရာသမားများကလည်း တပည့်များအပေါ် အလိုမကျသည့်အခါတို့၌ "ဒီကောင်တွေ အရှက်အကြောက်မရှိတဲ့ အကောင်တွေပဲ၊ ဒီကောင်တွေကို ဆွဲထုတ်သွားကြစမ်း"စသည်ဖြင့် ကြိမ်းမောင်းပြောဆိုလေ့ ရှိကြသော်လည်း အတွင်းစိတ်ကမူ တကယ်နှင်ထုတ်လိုသည့်စိတ်မျိုး မရှိ၊ စာကြိုးစားစေလို၊ ပညာတော်စေလိုသည့်စိတ်မျိုးသာ ရှိကြသည်။ ဤသို့ မိဘဆရာသမား စသည်တို့မှာ နှုတ်ထွက်ကြမ်း တမ်းကြသော်လည်း စိတ်ထားနူးညံ့သိမ်မွေ့သည့်အတွက်ကြောင့် (စိတ္တသဏှတာယ) ဖရုသဝါစာမဖြစ်ဟု အဋ္ဌသာလိနီအဋ္ဌကထာ စသည့်ကျမ်းများ၌ မိန့်ဆိုထား၏။

ဤနေရာ၌ မိဘဆရာသမားတို့က ကြိမ်းမောင်းဆဲရေးခြင်းနှင့် ပတ်သက်၍ အဋ္ဌကထာ ဋီကာများ၌

အတွင်စိတ် စေတနာက နူးညံ့သည့်အတွက် (စိတ္တသဏှတာယ) ဖရုသဝါစာ မဖြစ်–ဟု ဖွင့်ဆိုထားသောကြောင့် ဆဲဆိုကြိမ်မောင်းသည့်ခိုက်မှာ တကယ်ဒေါသနှင့် စိတ်ဆိုးမာန်ဆို ပြောလျှင်ကား ဖရုသဝါစာ မဖြစ်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက "ဆဲဆိုသော ခဏ၌ တကယ်စိတ်ဆို၍ ဆဲဆိုလိုက်ရိုးမှန်လျှင်ကား အင်္ဂါသုံးပါး ညီညွတ်သောကြောင့် အပြစ်မကြီးသော်လည်း ကမ္မပထမြောက်လိမ့်မည်ထင်သည်။ ဆင်ခြင်ကြပါကုန်"ဟု မိန့်ဆိုထား၏။

(၂) စေတနာကြမ်း၍ နှုတ်ထွက်မကြမ်းသော စကားမျိုးမှာ တရားသူကြီးက တရားခံကို သေမိန့်ချသည့်အခါ အမိန့်ပေးသော စကားမျိုးဖြစ်၏။ ရှင်ဘုရင်၊ တရားသူကြီးစသည်တို့က ရာဇဝတ်သားကို သေမိန့်ချမှတ်သည့်အခါ သတ်စေလိုသောစိတ်ဖြင့် "ဤရာဇဝတ်သားကို ချမ်းသာစွာ အိပ်ပါစေလော့"ဟု ပြောဆို အမိန့်ပေးလေ့ရှိ၏။ ဤစကားမှာ နူးညံ့ပျော့ပျောင်းသည့်စကားမျိုး ဖြစ်သော်လည်း စိတ်စေတနာက ကြမ်းတမ်းသောကြောင့် ဖရုသဝါစာ ဖြစ်သည်။

(၃) စေတနာလည်းကြမ်း၊ နှုတ်ထွက်လည်းကြမ်းသည့်စကားမျိုးမှာ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားကြသည့်အခါ တိုင်းထွာဆဲဆိုသော စကားမျိုးဖြစ်၏။ မြို့ထဲရွာထဲ၌ နှုတ်မစောင့်စည်းသည့် အရပ်သူ အရပ်သားတို့ ခိုက်ရန်ဖြစ်ပွားကြသည့်အခါ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်တိုင်းထွာ ဆဲရေးပြောဆိုလေ့ရှိကြ၏။ ထိုစကားမျိုးမှာ စေတနာကြမ်းသလောက် နှုတ်ထွက်မှာ

လည်း မကြာ ကောင်း မနာသော ကြမ်းတမ်းလှသော ကြောင့် ဖရုသဝါစာ ကောင်းစွာဖြစ်ပေသည်။

(၄) စေတနာလည်း မကြမ်း၊ နှုတ်ထွက်လည်း မကြမ်းသော စကားမျိုးကား လူကြီး မိဘ ဆရာသမားတို့က တပည့်သားသမီးတို့အား ချိုချိုသာသာကျိုးကြောင်းပြကာ ဆုံးမလမ်းညွှန်သည့် စကားမျိုးတည်း။ ထိုစကားမျိုးမှာ ဖရုသဝါစာ မဖြစ်သည့်အပြင် သမ္မာဝါစာပင်ဖြစ်သော စကားမျိုး ဖြစ်သည်။

## သိက္ခာပုဒ်အင်္ဂါ (၃)ပါး

ဖရုသဝါစာ သိက္ခာပုဒ်၌ အင်္ဂါ(၃)ပါး ရှိ၏။ ထိုအင်္ဂါ (၃)ပါးမှာ–

(၁) အဆဲခံရသူသည် မိမိမှတစ်ပါး အခြားသူဖြစ်ခြင်း၊

(၂) အမျက်ဒေါသထွက်သော စိတ်ရှိခြင်း၊

(၃) ဆဲရေးတိုင်းထွာခြင်း

တို့ဖြစ်သည်။ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံညီညွတ်မှသာ ကမ္မပထ မြောက်၏။ မပြည့်စုလျှင် ကမ္မပထ မမြောက်ပေ။ ဖရုသဝါစာ ဒုစရိုက်ကံမှုဖြစ်၍ သိက္ခာပုဒ်ကား ပျက်၏။

၁။ အမှတ်(၁) အင်္ဂါ၌ မိမိမှတစ်ပါးသော အခြားပုဂ္ဂိုလ်တို့ကို ဆဲရေးတိုင်းထွာမှသာ ဤအင်္ဂါမြောက်၏။ ထိုသို့မဟုတ်ဘဲ မိမိကိုယ်ကို မိမိ ကျိန်ဆဲပြောဆိုရာ၌ ဤအင်္ဂါမဖြစ်ချေ။

၂။ အမှတ်(၂)အင်္ဂါ၌ မိမိမှတစ်ပါး အခြားသောပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ အမျက်ထွက်သော ဒေါသစိတ်ဖြင့် ဆဲရေးတိုင်းထွာမှသာ ဤအင်္ဂါမြောက်၏။ ဒေါသစိတ်မရှိဘဲ ဝါသနာအရ ဆဲရေးတိုင်းထွာရာ၌ ဤအင်္ဂါ မဖြစ်ချေ။

၃။ အမှတ်(၃)အင်္ဂါ၌ မိမိမှတစ်ပါး အခြားသောပုဂ္ဂိုလ်များအပေါ် အမျက် ထွက်သည့်စိတ် ရှိစေကာမူ ဆဲရေးတိုင်းထွာ၊ ကြမ်း

တမ်းမှုပါသော စကားမျိုး မဖြစ်လျှင် ကမ္မပထ မမြောက်ပါ။ ဆဲရေးတိုင်းထွာ၊ ကြမ်းတမ်းမှုပါသော စကားမျိုးဖြစ်မှသာ ဤအင်္ဂါနှင့် ညီညွတ်၍ ကမ္မပထမြောက်သည်။ ဤအင်္ဂါနှင့် ပတ်သက်၍ ကျမ်းဂန်များ၌ ဆဲရေးခြင်းအမျိုးမျိုး ဖော်ပြထားသည်။

## ဆဲရေးခြင်း (၁၀)မျိုး

ဝိနည်းပိဋက၊ ပါစိတ်ပါဠိတော်၊ ဩမသဝါဒ သိက္ခာပုဒ်၌ ဆဲရေးခြင်း ဆယ်မျိုးကို မြတ်စွာဘုရား ဟောကြားထား၏။ ထိုဆဲရေးခြင်းများဖြင့် ဆဲရေးလျှင် ဖရုသဝါစာဖြစ်ပါသည်။ ထိုဆဲရေးနည်း (၁၀) မျိုးမှာ–

(၁) အမျိုးဇာတ်ဖြင့် ဆဲရေးခြင်း၊
(၂) နာမည်ဖြင့် ဆဲရေးခြင်း၊
(၃) အနွယ်ဖြင့် ဆဲရေးခြင်း၊
(၄) အလုပ်အကိုင်ဖြင့် ဆဲရေးခြင်း၊
(၅) အတတ်ပညာဖြင့် ဆဲရေးခြင်း၊
(၆) အနာရောဂါဖြင့် ဆဲရေးခြင်း၊
(၇) အသွင်သဏ္ဍာန်ဖြင့် ဆဲရေးခြင်း၊
(၈) အာပတ်ဖြင့် ဆဲရေးခြင်း၊
(၉) ကိလေသာဖြင့် ဆဲရေးခြင်း၊
(၁၀) အရပ်ဆဲ ဆဲခြင်းတို့ဖြစ်သည်။

ဤဆယ်မျိုး၌ တစ်မျိုးစီတွင် အောက်တန်းစားဆဲနည်းနှင့် အထက်တန်းစားဆဲနည်းဟု နှစ်မျိုးရှိ၏။ အမျိုးဇာတ်ဖြင့် ဆဲနည်း၌ အောက်တန်းစား ဆဲရေးနည်းမှာ– "ဟဲ့ စဏ္ဍာလမျိုး၊ တံငါမျိုး၊ မုဆိုးမျိုး၊ အရက်သမားမျိုး၊ ဖဲသမားမျိုး၊ ဘိန်းစားမျိုး" စသည်ဖြင့် ဆဲခြင်းမျိုးဖြစ်သည်။ အထက်တန်းစား ဆဲနည်းမှာ "ရှင်တို့က (ဝါ) မင်းတို့က

မင်းမျိုးကိုး၊ သူဌေးမျိုးကိုး၊ သူကြွယ်မျိုးကိုး” စသည်ဖြင့် ဆဲခြင်းဖြစ်သည်။

နာမည်ဖြင့် ဆဲရေးခြင်း၌ “နာမည်ကိုက ငခွေးတဲ့၊ ဖိုးကြက်တဲ့၊ ဖိုးဆိတ်တဲ့” (အောက်တန်းစား) “နာမည်ကိုက ကိုသီလတဲ့၊ မောင်ဒါနတဲ့၊ ကိုသုခတဲ့၊ မမိုးစန္ဒာတဲ့၊ မဓမ္မစာရီတဲ့” (အထက်တန်းစား) စသည်ဖြင့် ဆဲခြင်းဖြစ်သည်။

အလုပ်အကိုင်ဖြင့် ဆဲရေးခြင်း၌ “နင်က သန့်ရှင်းရေးသမားပဲ၊ မိလ္လာကျုံးတဲ့သူပဲ၊ အိမ်စေပဲ” (အောက်တန်းစား) “နင်က ကုန်သည်ကြီးကိုး၊ ညွှန်ကြားရေးမှူးကြီးကိုး၊ ညွှန်ချုပ်ကိုး၊ ဝန်ကြီးကိုး” (အထက်တန်းစား) စသည်ဖြင့် ဆဲခြင်းဖြစ်သည်။

အတတ်ပညာဖြင့် ဆဲရေးခြင်း၌ “သူက ဖျာသာရက်တတ်သူပဲ၊ အိုးသာဖုတ်တတ်သူပဲ” (အောက်တန်းစား) “သူက ဆေးဆရာကြီးကိုး၊ ဗေဒင်ပညာရှင်ကြီးကိုး၊ သိပ္ပံပညာရှင်ကြီးကိုး၊ ဆရာဝန်ကြီးကိုး” (အထက်တန်းစား) စသည်ဖြင့် ဆဲခြင်းဖြစ်သည်။

အနာရောဂါဖြင့် ဆဲရေးခြင်း၌ “သူက ပန်းနာသည်ကြီးပဲ၊ ဟဲ့ အဆုတ်နာကောင်၊ ဟဲ့ နှလုံးရောဂါသည်” စသည်ဖြင့် ဆဲရေးခြင်းဖြစ်သည်။ ရောဂါအနာ ဟူသမျှ အောက်တန်းစားချည်းဖြစ်၍ အထက်တန်းစားဆဲနည်း မရှိဟု ဟောထား၏။ တစ်နည်းအားဖြင့် ဒူလာမြင်းသရိုက်နာမှာ အခြားရောဂါများထက် အခံရသက်သာတဲ့အတွက် “ဟဲ့ ဒူလာသည်”ဟု ဆဲလျှင် အထက်တန်းဆဲနည်း ဖြစ်သည်ဟုလည်း ဟောထား၏။

အသွင်သဏ္ဌာန်ဖြင့် ဆဲရေးခြင်း၌ “ဟဲ့ ငပု၊ ဟဲ့ အရှည်ကြီး၊ ဟဲ့ လေက်မ–ငမဲ–ငဖြူ” (အောက်တန်းစား) “မင်းက တယ်ကြည့်ကောင်းတဲ့ကောင်ပဲ၊ မင်းက လူချောလူလှကိုး၊ မင်းက တယ်အရုပ်အမောင်းကောင်းပါလား” (အထက်တန်းစား) စသည်ဖြင့် ကဲ့ရဲ့ဆဲဆိုခြင်း ဖြစ်သည်။

ကိလေသာဖြင့် ဆဲရေးခြင်း၌ "တယ် လောဘကြီးတဲ့ကောင်ပဲ၊ တယ် ဒေါသကြီးတဲ့အကောင်၊ ရာဂကြီးတဲ့အကောင်၊ မာနကြီးတဲ့ အကောင်၊ မောဟ ကြီးတဲ့အကောင်" စသည်ဖြင့် ကဲ့ရဲ့ဆဲဆိုခြင်းဖြစ် သည်။ ဤဆဲနည်း၌ အထက်တန်းစားမရှိ၊ အောက်တန်းစားချည်း သာဖြစ်၏။

အာပတ်ဖြင့် ဆဲရေးခြင်း၌ "ဒီကိုယ်တော် ပါရာဇိကကျနေတဲ့ ကိုယ်တော်ပဲ၊ သံဃာဒိသေသ် အာပတ်သင့်နေတဲ့ ကိုယ်တော်ပဲ" စသည် ဖြင့် အာပတ်သင့်သည်ဟု ရဟန်းသံဃာကို ဆဲခြင်းဖြစ်သည်။

အရပ်ဆဲ ဆဲခြင်း၌ "ဟဲ့–နွား၊ ဟဲ့–ခွေးတိရစ္ဆာန်၊ မင်း အပါယ် ကျမယ့် အကောင်ပဲ" (အောက်တန်းစား)၊ "သူက တကယ့်လူလိမ္မာ ကြီးပဲကိုး၊ လူပညာရှိကြီးကိုး၊ ဓမ္မကထိကကြီးကိုး" (အထက်တန်းစား) စသည်ဖြင့် ဆဲဆိုကဲ့ရဲ့ခြင်းဖြစ်သည်။ ဤဆဲရေးခြင်းမျိုးတို့ဖြင့် ဆဲရေး ရာ၌ အင်္ဂါညီလျှင် ကမ္မပထ မြောက်ပါသည်။

သူတောင်းစားကို "ဟဲ့ သူတောင်းစား"၊ ကုလားကို "ဟဲ့ ကုလား" ဟု ပြောဆိုရာ၌ အမှန်အတိုင်း ပြောဆိုသည့်အတွက် ဖရုသဝါစာ မဖြစ်ဟု မှတ်ထင်လေ့ရှိကြ၏။ ထိုသို့ မမှတ်ထင်သင့်ပါ။ အမှန်အတိုင်း ပြောဆိုသော်လည်း ဆဲရေးလိုသောသဘော၊ နှိမ့်ချသောသဘော၊ အရှက်ရစေလိုသောသဘော၊ အခံရခက်စေလိုသော သဘောမျိုးဖြင့် ပြောဆိုသောကြောင့် ဆဲရေးသည်ပင် မည်၍ ဖရုသဝါစာဖြစ်သည်။ ဆိုလိုသည်မှာ မိမိပြောဆိုသည့်အတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ အပြောခံရသူအတွက် အရှက်ရဖွယ်၊ နာကြည်းဖွယ်၊ အခံရခက် ဖွယ်ဖြစ်လျှင် ဆဲရေးခြင်းပင် ဖြစ်ပါသည်။ ကဲ့ရဲ့ခြင်း စွပ်စွဲခြင်းတို့ သည်လည်း ဆဲရေးခြင်းပင်ဖြစ်ကြောင်း ကျမ်းဂန်များ၌ ပြဆို၏။

ဖော်ပြပါ ဆဲရေးနည်းများနှင့် ဆဲရေးရာ၌ ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန်သည်ဖြစ်စေ အင်္ဂါသုံးချက်ညီလျှင် ဖရုသဝါစာ ကမ္မပထ မြောက်၏။ နှုတ်မြွက်မဆဲသော်လည်း ဒေါသစိတ်ဖြင့် လက်ကွင်းထိုး

ကာ ကိုယ်အင်္ဂါ လှုပ်ရှားပြီး ဆဲရေးခြင်းသည်လည်း ကိုယ်အမူအရာဖြင့် ဆဲရေးခြင်းဖြစ်၍ ဖရုသဝါစာဖြစ်သည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဆဲရေးခံရသူ၏ ဂုဏ်အကြီးအငယ်အလိုက် ဆဲသူမှာ အပြစ်ထိုက်၏။ သီလ စသည့် ဂုဏ်သိက္ခာနည်းသူကို ဆဲလျှင် အပြစ်ငယ်၍ သီလ စသော ဂုဏ်သိက္ခာကြီးမားသူကို ဆဲရေးလျှင် အပြစ်ကြီး၏။

ဖရုသဝါစာ ကမ္မပထမြောက်လျှင် ဆဲရေးသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဟူသော အပါယ်ဘုံတို့၌ ဖြစ်တတ်၏။ အပါယ်ဘုံမှ လွတ်မြောက်၍ လူ့ဘဝသို့ ရောက်သောအခါ အသံမကောင်းတတ်၊ သူများမနှစ်သက်ဖွယ်သော အသံမျိုးရှိသူ ဖြစ်တတ်၏ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားထား၏။

### အင်္ဂါနှင့် အပြစ်ပြကဗျာ

- မိမိမှတစ်ပါး တစ်ဖက်သားကို၊
  ကြမ်းတမ်းထိပါး ဆဲရေးဆို။
- ဒေါသစိတ်နှင့် ပြောဆိုပြုမှု၊
  ဖရုသကဲ့ အကုသိုလ်။
- လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
  အပါယ်ငရဲ ကျမည်ဆို။
- လွတ်လာပြန်တောင်း သံမကောင်း၊
  ကံဟောင်းဖြစ်တိုင်းကို။
- အဲဒါကြောင့် ဖရုသာစာရ၊
  ရှောင်ကြပါစေလို။

## သမ္ဖပ္ပလာပသိက္ခာပုဒ်အဓိပ္ပာယ်

ခုနစ်ခုမြောက် သတ္တမသိက္ခာပုဒ်ကား "သမ္ဖပ္ပလာပသိက္ခာပုဒ်" ဖြစ်၏။ ဤသိက္ခာပုဒ်ကို "သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလို ဆို၍ ဆောက်တည်ရသည်။ ထိုပါဠိ၏ တိုက်ရိုက်မြန်မာပြန်မှာ "မဟုတ်မမှန်၊ အကျိုးမရ၊ အနှစ်သာရကင်းသည့် ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဖြစ်သည်။ အတိုချုပ်မှာ– "အကျိုးမရှိ ပြိန်ဖျင်းသောစကားတို့ကို ပြောကြားခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု အဓိပ္ပာယ်ရသည်။

မုသာဝါဒ၌ ဝါဒ–ပုဒ်၊ ပိသုဏဝါစာ၊ ဖရုသဝါစာတို့၌ ဝါစာ–ပုဒ်တို့မှာ "ပြောဆိုခြင်း"ဟု အဓိပ္ပာယ်ရသကဲ့သို့ သမ္ဖပ္ပလာပ၌ "ပလာပ"ပုဒ်သည်လည်း "ပြောဆိုခြင်း"ဟု အဓိပ္ပာယ်ရှိသည့်အတွက် "ဝါစာ"ပုဒ်ကို ထပ်ထည့်ပြီး "သမ္ဖပ္ပလာပဝါစာ"ဟု ဆိုစရာမလို။ "သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟုသာ ဆိုရသည်။

သမ္ဖပ္ပလာပ၌ သမ္ဖပုဒ်နှင့် ပလာပပုဒ် နှစ်ခုပါဝင်၏။ သမ္ဖမှာ အကျိုးမပွား အလကားစကားစုဟု အဓိပ္ပာယ်ရ၍ ပလာပမှာ ပြောဆိုခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် သမ္ဖပ္ပလာပ ဆိုသည်မှာ နားထောင်သူတို့အား အကျိုးစီးပွား မဲ့ကိုသာ ဖြစ်စေတတ်သည့် စကားလေ, စကားလွင့်, စကားဖျင်းတို့ကို ကိုယ်နှုတ်တို့ဖြင့် လုပ်ကိုင်ပြောကြားသိစေသော အကုသိုလ်စေတနာဖြစ်သည်။

မိမိတို့ ပဋိဘာဏဉာဏ်ဖြင့် ဆန်းဆန်းကြယ်ကြယ် ထင်ရာမြင်ရာ ပြုလုပ် ကြံဖန်ကာ ရေးသားထားသည့်အတွက် အနှစ်အဆံကင်းသည့် စပါးပိန်၊ စပါးဖျင်းများကဲ့သို့ အနက်အဓိပ္ပာယ် အဆံမရှိသည့် စကားမျိုးကို ပြိန်ဖျင်းသည့် စကားဟု ဆိုလိုခြင်းဖြစ်သည်။ ဥပမာ–ဘာရတညီနောင်တို့ စစ်ထိုးခြင်း၊ သီတာဒေဝီကို ဒသဂီရိ ဆောင်ယူခြင်းစသည့် မဟုတ်မဟတ် လုပ်ဇာတ်အဖြစ် ကြံစည်စဉ်းစားကာ ဆန်းဆန်း

ကြယ်ကြယ် ရေးသားထားသည့် အကြောင်းအရာ စကားတို့ကဲ့သို့ ဖြစ်သည်။

**သိက္ခာပုဒ် အင်္ဂါနှစ်ပါး**

ဤသိက္ခာပုဒ်၌ အင်္ဂါ(၂)ပါး ရှိ၏။ ထိုအင်္ဂါနှစ်ပါးမှာ-

၁။ အဓိပ္ပာယ်မဲ့ အကျိုးမဲ့သည့် စကားမျိုးသို့ ရေးရှုခြင်း (ဝါ) ပြောကြားလိုစိတ် ရှိခြင်း၊

၂။ ပြောဆိုခြင်း

တို့ဖြစ်၏။ ဤအင်္ဂါ (၂)ပါးနှင့် ပြည့်စုံသော်လည်း နားထောင်သောသူတို့က အဟုတ်အမှန်ပဲဟု ယုံကြည်ပါမှ ကမ္မပထမြောက်၏။ မယုံကြည်လျှင် ကမ္မပထမမြောက်၊ သမ္ဖပ္ပလာပဒုစရိုက်ကံမျှသာ ဖြစ်၏။ သိက္ခာပုဒ် ပျက်၏။

ဤအကြောင်းအရာနှင့် ပတ်သက်၍-

သဘောမှန် အနက်ကင်း၊
ပြိန်ဖျင်းသည့်ဝါစာ၊
အင်နှစ်ဖြာစုံညီ ကြိုက်လျက်၊
ပွဲမထိုက်ပါ။
အိပ်မက်လည်း မဟုတ်ပါ၊
ကျမ်းလာဘဲ့မလွဲ၊
ဘယ်အင်္ဂါ ဘယ့်နယ်ချွတ်လို့၊
လွဲရသလဲ။

ဟူသော မင်းကွန်းအလယ်တောရဆရာတော်ဘုရားကြီး၏ အမေးဒို-

သဘောမှန် အနက်ကင်း၊
ပြိန်ဖျင်းသည့်ဝါစာ။
အင်နှစ်ဖြာ စုံညီကြိုက်လျက်၊

ကံမထိုက်ပါ။
အိပ်မက်လည်း မဟုတ်ပါ၊
ကျမ်းလာဘဲ့မလွဲ။
နာတဲ့လူ မယုံချွတ်လို့၊
လွှတ်ရသဘဲ။

ဟု မန်လည်ဆရာတော်ဘုရားကြီး ဖြေကြားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ဘာရတညီနောင်တို့ စစ်ထိုးခန်း၊ သီတာဒေဝီကို ဒသဂီရိ ဆောင်ယူခန်း စသော မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် မဟုတ်မဟတ် လုပ်ဇာတ်ခင်းကာ ဆန်းဆန်းကြယ်ကြယ် ရေးသားထားသည့် စကားမျိုးတို့ဖြစ်မှသာ ကမ္မပထမြောက်သော အင်္ဂါဖြစ်၏။ ဟုတ်မှန်သော ဇာတ်ဝတ္ထုများနှင့် လောက၌ အဟုတ်အမှန် ဖြစ်ပေါ်နေသော ဆန်းကြယ်သော အကြောင်းအရာများကား ကမ္မပထမြောက်နိုင်သော စကားမျိုးမဟုတ်ပေ။

သမ္ဖပ္ပလာပနှင့် ပတ်သက်၍ "တိရစ္ဆာနကထာ"များကို သိထားသင့်၏။ တိရစ္ဆာနကထာ (၃၂)ပါးကို သုတ်သီလက္ခန် ပါဠိတော်စသော ထိုထိုပါဠိ တော်များ၌ မြတ်စွာဘုရား ဟောကြားထား၏။

(၁) မင်း (အစိုးရ)နှင့် စပ်သောစကား၊
(၂) သူခိုး
(၃) အမတ်
(၄) စစ်တပ်
(၅) ဘေးရန်
(၆) စစ်ပွဲ
(၇) အစားအစာ
(၈) သောက်ဖွယ်
(၉) အဝတ်

(၁၀) အိပ်ရာနေရာ
(၁၁) ပန်း
(၁၂) နံ့သာ
(၁၃) ဆွေမျိုး
(၁၄) ယာဉ်
(၁၅) ရွာကြီး
(၁၆) ရွာငယ်
(၁၇) မြို့
(၁၈) ဇနပုဒ်
(၁၉) မိန်းမ
(၂၀) ယောကျ်ား
(၂၁) သူရဲကောင်း
(၂၂) လမ်းဆုံလမ်းခွ
(၂၃) ရေချိုးဆိပ်
(၂၄) ရှေ့နောက်မစပ် ရောက်တတ်ရာရာစကား
(၂၅) သေလွန်ပြီး ဆွေမျိုး မိဘ စသည်များ
(၂၆) လောကဆန်းကြယ်မှု
(၂၇) သမုဒ္ဒရာ
(၂၈) သဿတ ဥစ္ဆေဒအယူ
(၂၉) ကြီးပွားမှု
(၃၀) ဆုတ်ယုတ်မှု
(၃၁) ကာမသုခနှင့်ဆိုင်သောစကား
(၃၂) ကိုယ်ပင်ပန်းမှုတို့၌ ဆိုင်သော စကားတို့ဖြစ်သည်။

ထိုစကား (၃၂)မျိုးကို နတ်ရွာ၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ်တရားများနှင့် ဖီလာကန့်လန့် ဆန့်ကျင်ဘက်ဖြစ်၍ အကျိုးမရှိသည့် စကားမျိုးတို့ဖြစ်၍ "တိရစ္ဆာနကထာ"ဟု ခေါ်သည်။ (တိရစ္ဆာန=ဈာန်

မဂ် ဖိုလ်တို့နှင့် ဖီလာ ကန့်လန့်ဖြစ်သော၊ ကထာ=စကား)

ဤသုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာတို့ကို စိတ်ပါလက်ပါ ဝမ်းမြောက်ဝမ်းသာ သာယာသည့်သဘောဖြင့် ပြောဆိုလျှင် သမ္ဖပ္ပလာပ ကံသာဖြစ်၏။ ကမ္မပထ မမြောက်။ အကျိုးနှင့်စပ်လျဉ်း၍သော်လည်း ကောင်း၊ အကြောင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြောဆိုရာတို့၌ အကျိုးရှိသော စကားဖြစ်၍ သမ္ဖပ္ပလာပကံပင်မဖြစ်။ သူတစ်ပါးတို့ကို ပြောဆိုဆုံးမရာတို့၌ ရှေးက ဖြစ်ဖူးသော ဝတ္ထုသက်သေတို့ကို ပြောပြ၍ အကျိုးသင့် အကြောင်းသင့် ညွှန်ကြားခြင်းမည်သည် သူတော်ကောင်း တို့၏ ထုံးစံ ဓမ္မတာပေတည်းဟု ပရမတ္ထဒီပနီဋီကာ၊ ပရမတ္ထသံခိပ် ဋီကာတို့၌ မိန့်ဆိုထား၏။

ဤတိရစ္ဆာနကထာများကို တပ်မက်သာယာမှုနှင့် စပ်ပြီး အားရ ပါးရ ဝမ်းမြောက်ဝမ်းသာ မပြောကြားကောင်း၊ ဒါနမှု သီလမှု စသည် တို့နှင့်စပ်၍ အကျိုးရှိသည့် စကားမျိုးဖြစ်အောင် ဖန်တီး၍ သဒ္ဓါတရား ရှိကြပါပေသည်ဟု ဝမ်းပန်းတသာ ပြောဆိုကောင်း၏။ သို့မဟုတ် "ဤသူတွေ ဤသူတွေဟာ ထိုအခါက အလွန်မောက်မာသူတွေ ဖြစ်ကြပေမဲ့ အခု မရှိကြတော့ပြီ။ သေဆုံးပျက်စီးကြကုန်ပြီ"ဟု ပြော ခြင်းမျိုးသည် ကမ္မဋ္ဌာန်းဖြစ်၍ သမ္ဖပ္ပလာပ မဖြစ်ဟု မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာများ၌ မိန့်ဆိုထား၏။

ယခုကာလ ဇာတ်သဘင်လောကတွင် တကယ့်ဖြစ်ရပ်မှန် မဟုတ် ဘဲ စိတ်ကူးဉာဏ်ဖြင့် လုပ်ကြံဖန်တီးထားသည့် ကဇာတ်များကို ပြောဆိုကပြနေကြသည့် သဘင်အနုပညာရှင်များနှင့် စာရေးဆရာ လောကတွင် စိတ်ကူးဉာဏ်ဖြင့် ကြံစည်ရေးသားထားသည့် အချစ်ဝတ္ထု စသည့် ကာလပေါ် ဝတ္ထုဆန်းကို ရေးသားပြောဆိုနေကြသူများမှာ ပွဲကြည့်သူ၊ စာဖတ်သူ၊ နားထောင်သူများက ဟကယ့်အဖြစ်မှန်ပဲဟု မမှတ်ယူသည့်အတွက် ကမ္မပထ မမြောက်သော်လည်း သမ္ဖပ္ပလာပကံ ဖြစ်၍ ဆောက်တည်ထားသည့် သိက္ခာပုဒ် ပျက်သည်ဟု ပရမတ္ထ

သံခိပ်ဋီကာ၌ မိန့်ဆိုထား၏။

ဤကံ၌ ပင်ကိုက မဟုတ်မမှန်သော အကြောင်းအရာကို စီးပွား ချမ်းသာပျက်ရုံ (အမှားမှားအယွင်းယွင်း မှတ်ထင်ရုံ)ပြောမှ သမ္ဖပ္ပလာပ ဖြစ်သည်။ ပင်ကိုက မဟုတ်မမှန်သော်လည်း အကျိုးရှိအောင် ဥပမာ သဘောမျိုးဖြင့် ကြံဆောင် ရေးသားပြောဆိုမှုများကား သမ္ဖပ္ပလာပ မဖြစ်၊ အကျိုးပင် မရှိသော်လည်း ဟုတ်မှန်သော အကြောင်းအရာကို အရပ်စကားအနေအားဖြင့် ပြောဆိုမှုများလည်း သမ္ဖပ္ပလာပ မဟုတ် တန်ရာ၊ ပရမတ္ထဒီပနီ၌ကား ရှေးက ဖြစ်ခဲ့ဖူးသည့် မင်းအကြောင်း၊ ခိုးသူကြီးအကြောင်း စသည်တို့ကို (အကျိုးစီးပွား မမျှော်ဘဲ သဘော ကျ၍ ပြောပြရာ၌) ကမ္မပထ မမြောက်သော်လည်း သမ္ဖပ္ပလာပ ကံထိုက်သည်ဟု ဆို၏”ဟု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိ ဝံသ မိန့်ဆိုထား၏။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဤသမ္ဖပ္ပလာပကို အလေ့အလာများစွာ အကြိမ်များစွာ ပြောကြား လျှင် အပြစ်ကြီး၍ အလေ့အလာနည်းလျှင် (ဝါ) ပြောကြားကြိမ်နည်း လျှင် အပြစ်ငယ်သည်။ ထိုကံကို လွန်ကျူးသူသည် ကမ္မပထမြောက် **လျှင်** သေလွန်သည့် အခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဟူသော အပါယ်ဘုံ တို့၌ ဖြစ်ရတတ်၏။ အပါယ်ဘုံမှ လွတ်မြောက်၍ လူ့ဘဝသို့ ပြန် ရောက်သည့်အခါ မိမိပြောသည့်စကားကို လူအများက အယုံအကြည် မရှိ ဖြစ်တတ်သည်။

### အင်္ဂါနှင့် အပြစ်ပြကဗျာ

မဟုတ်မမှန် အကျိုးမများတဲ့၊
ပြိန်ဖျင်းစကား သူပြောဆို၊
ကြားသူနာသူ ယုံကြည်ကြမှ၊

သမ္ဗပ္ပလာပ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲကျမည်ဆို။
လူဖြစ်ပြန်လျှင် ယုံကြည်ကင်း၊
ပြိန်ဖျင်းကျိုးဆက်ကို။
အဲဒါကြောင့် သမ္ဗပ္ပလာပ ရှောင်ကြဉ်ပါစေလို။

## မိစ္ဆာဇီဝသိက္ခာပုဒ်အမှန်

ရှစ်ခုမြောက် အဋ္ဌမသိက္ခာပုဒ်ကား– "မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဖြစ်၏။ ထိုသိက္ခာပုဒ်၏ တိုက်ရိုက်မြန်မာပြန်မှာ "မတရားသော နည်းလမ်းဖြင့် ပစ္စည်းရှာဖွေ၍ အသက်မွေးဝမ်းကျောင်း ပြုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏"ဖြစ်သည်။ အတိုချုပ်မှာ "မဟုတ်မတရားသောနည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းမှ ရှောင်ကြဉ်ပါ၏"ဟု အဓိပ္ပာယ်ရ၏။

မိစ္ဆာအာဇီဝ၊ သမ္မာအာဇီဝ အကြောင်းတို့ကို ဤသီလကျင့်စဉ်၏ အစပိုင်း၌ အကျဉ်းချုပ် တင်ပြခဲ့ပြီးပေပြီ။ မတရားသော နည်းလမ်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း ဆိုသည်မှာ အသက်မွေးဖို့အတွက် ပစ္စည်းဥစ္စာ ရှာဖွေသည့်အခါ သူ့အသက်သတ်မှု စသည့် ကာယဒုစရိုက်သုံးပါး၊ လိမ်ညာပြောဆိုမှု စသည့် ဝစီဒုစရိုက်လေးပါးတို့ကို ထိုက်သလို အသုံးပြု ကျူးလွန်ပြီး ပစ္စည်းရှာကာ အသက်မွေးမှုမျိုး ဖြစ်၏။

အတန်ငယ် ချဲ့ပြရလျှင် တံငါ၊ မုဆိုး စသည့် အလုပ်များနှင့် သူ့အသက်သတ်ပြီး ပစ္စည်းရှာဖွေရသည့် ပါဏာတိပါတမှု၊ သူခိုးဓားပြ ပြုလုပ်ပြီး ပစ္စည်းရှာဖွေရသည့် အဒိန္နာဒါနမှု၊ သူများပစ္စည်းဥစ္စာပေးလို့ ဖျက်ဆီးရသည့် ကာမမှု၊ မတရားရှေ့နေ, မတရား

သက်သေလိုက်၍ဖြစ်စေ၊ လိမ်လည်လှည့်ပတ် ရောင်းဝယ်၍ဖြစ်စေ ပစ္စည်းရှာရသည့် မုသာဝါဒမှု၊ ပစ္စည်းရအောင် ရန်တိုက်ပေးရ၊ ကုန်းချောရသည့် ပိသုဏာပါစာမှု၊ ကွက်စိပ်စာပြောဆရာ၊ လူ့ရှင်တော်၊ ဝတ္ထုရေးဆရာ အလုပ်များနှင့် မဟုတ်မမှန် အကျိုးမရှိ၊ ကြားရသူများ၊ ဖတ်ရသူများ ပျော်ရွှင်ရရုံ၊ စိတ်လေလွင့်ရုံ၊ အလုပ် အကိုင်ပျက်ရုံသာ ဖြစ်သည့် ဒဏ္ဍာရီဇာတ်ဝတ္ထုများကို ပစ္စည်းဥစ္စာရမှုအတွက် ပြောဆိုရေးသားနေကြသည့် သမ္ဖပ္ပလာပမှုများ အားလုံးသည် မိစ္ဆာဇီဝမှုများပင် ဖြစ်သည်။

ထို့ပြင် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့ဖြင့် အသက်မွေးမှုပြုသည့် မိစ္ဆာဇီဝမှတစ်ပါး အခြားမိစ္ဆာဇီဝများလည်း ရှိသေး၏။ ထိုမိစ္ဆာဇီဝများမှာ–

(၁) ဓား၊ လှံ၊ သေနတ်၊ ဗုံး၊ ပိုက်ကွန်၊ မြှား စသည့် သတ္တဝါသတ် လက်နက်ရောင်းချမှု–သတ္တဝဏိဇ္ဇ၊

(၂) လူသတ္တဝါများကို သွေးဆောင်ခေါ်ယူပြီး သူတစ်ပါးထံ ကျွန်, အိမ်စေအဖြစ် ရောင်းမှု၊ ပြည့်တန်ဆာများမွေးပြီး ခေါင်းလုပ်မှု–သတ္တဝဏိဇ္ဇ၊

(၃) နွား၊ ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ငှက်၊ ငါး စသည့်သတ္တဝါများကို အသားတိုးအောင် မွေးမြူပြီး အသားစားဖို့ သတ်ဖြတ်သူများထံ ရောင်းမှု–မံသဝဏိဇ္ဇ၊

(၄) မူးယစ် မေ့လျော့စေတတ်သည့် ထန်းရည်၊ အရက်၊ ဘီယာ၊ ဘိန်းမည်း၊ ဘိန်းဖြူ စသည်များကို ရောင်းမှု၊ ဘုံဆိုင်တည်မှု–မဇ္ဇဝဏိဇ္ဇ၊

(၅) အဆိပ်ရောင်းမှု–ဝိသဝဏိဇ္ဇတို့ကို သုတ်သီလက္ခန် အဋ္ဌကထာ စသည့် အဋ္ဌကထာများ၌ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူ ဥပါသကာများ မပြုလုပ်ကောင်းသည့် ရောင်းမှု ငါးမျိုးဖြစ်ကြောင်း မိန့်ဆိုထား၏။ မြင်းလောင်း၊

နွားလောင်း၊ နွားတိုက်၊ ကြွဲတိုက်၊ ဖဲရိုက်၍ ပစ္စည်း ရှာဖွေ
မှုများသည်လည်း မိစ္ဆာဇီဝချည်းပင် ဖြစ်သည်။

ဖော်ပြပြီးခဲ့သည့် မိစ္ဆာဇီဝမှုတွေကို ပြုလျှင် ဤသိက္ခာပုဒ် ပျက်၏။ မိမိကိုယ်တိုင် မိစ္ဆာဇီဝမှုကို မပြုသော်လည်း စီ ပွားတူ စီ ပွာ ဖက်ဖြစ်သည့် ညီအစ်ကို၊ မောင်နှမ၊ ဇနီး ခင်ပွန်းတို့၏ မိစ္ဆာဇီဝမှုကို ဝမ်းမြောက်သဘောတူလျှင် သိက္ခာပုဒ် ပျက်သည်၊ သဘောမတူလျှင်မူ မိစ္ဆာဇီဝမဖြစ်သည့်အတွက် သိက္ခာပုဒ် မပျက်ဟု အဆုံးအဖြတ်ရှိ၏။ မသိနားမလည်မိက မတရားသည့်နည်းဖြင့် ပစ္စည်း ရှာပြီး နားလည်သည့်အခါ မတရားနည်းဖြင့် ပစ္စည်းရှာဖွေမှု ကိုရှောင်ကြဉ်ကာ မှုလရှာထားသည့် ပစ္စည်းဥစ္စာများကို ဆက်လက်သုံးစွဲကောင်း၏။ မိစ္ဆာဇီဝသိက္ခာပုဒ်မပျက်။ အဘိဓမ္မာနည်းအရ သမ္မာအာဇီဝ ဖြစ်၏။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က "ကုက္ကုဋမိတ္တ"မုဆိုးသည် တစ်သက်လုံး မုဆိုးလုပ်၍ အသက်မွေးခဲ့သောကြောင့် သူ၏ အသက်မွေးမှုမှာ မိစ္ဆာဇီဝပင် ဖြစ်၏။ သို့သော် ဘုရားနှင့်တွေ့သောအခါ တရားတော်ကို နာရ၍ သား ၇–ယောက်တို့နှင့်အတူ သောတာပန်ဖြစ်သွား၏။ ထိုသူတို့သည် ရှေးက မိစ္ဆာဇီဝဖြင့် ရခဲ့သော ပစ္စည်းများကို ရှောင်ကြဉ်စွန့်ပစ်သည်ဟု ကျမ်းဂန်တို့၌ မလာချေ။ စွန့်ပစ်မည်လည်းမဟုတ်။ ထို့ကြောင့် တတ်သိနားလည်ချိန်မှစ၍ မိစ္ဆာဇီဝကို ရှောင်လျှင် ဤသိက္ခာပုဒ် လုံခြုံနိုင်သည်ဟု အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး မိန့်ကြားထား၏။

ငါးပါးသီလသည် သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့်သီလ ဖြစ်သကဲ့သို့ ဤ"အာဇီဝဋ္ဌမကသီလ"သည်လည်း အထက်တန်း သူတော်စင်တို့ အမြဲထိန်းရမည့် ကိုယ်ကျင့်သီလ ဖြစ်သည်။ ဤသီလကို မဂ္ဂဗြဟ္မစရိယ၏ အစဖြစ်သော သီလဖြစ်သောကြောင့် ကျမ်းဂန်၌ "အာဒိ ဗြဟ္မစရိယက"သီလဟုလည်း ခေါ်၏။ ဤသီလလုံခြုံမှ မဂ်ဖိုလ်ကို ရနိုင်၏။ မလုံခြုံလျှင် မဂ်ဖိုလ် မရနိုင်ဟု

အဓိပ္ပာယ်ရ၏။ ထို့ကြောင့် "ဤအာဇီဝဋ္ဌမက သီလသည် မဂ်ဟူသော မြတ်သော အကျင့်၏ အစ အခြေခံသီလဖြစ်သည်"ဟု မှတ်သား၍ အမြဲလုံခြုံအောင် စောင့်ထိန်းသင့်ကြသည်။

## ဥပုသ် (ရှစ်ပါး)သီလ

ဤဥပုသ်သီလကို အင်္ဂါရှစ်ပါးရှိသောကြောင့် "အဋ္ဌင်္ဂဥပုသ်သီလ" ဟုလည်းကောင်း၊ "ရှစ်ပါးသီလ"ဟုလည်းကောင်း ခေါ်သည်။ ဥပုသ် ဟူသော ဝေါဟာရသည် "ဥပေါသထ"ဟူသော ပါဠိမှ ဆင်းသက်လာသော ပါဠိသက် မြန်မာဝေါဟာရ ဖြစ်သည်။ သီလကို ကျင့်သုံးခြင်း၊ သီလနှင့်ပြည့်စုံ၍နေခြင်းနှင့် သီလကျင့်သုံးရာနေ့ဟု အဓိပ္ပာယ်ရ၏။ (ဥပေါသထ=ဥပုသ်=သီလကျင့်သုံးရာ နေ့)။

သီလကျင့်သုံးရာ ဥပုသ်နေ့သည် ဘုရားရှင် မပွင့်မီအချိန်နှင့် ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူချိန်တို့၌ ရှစ်ရက်ဥပုသ် (အဋ္ဌမီ)၊ တစ်ဆယ့်လေးရက် ဥပုသ် (စာတုဒ္ဒသီ)၊ တစ်ဆယ့်ငါးရက်ဥပုသ် (ပန္နရသီ)ဟု ဥပုသ်နေ့ (၃)နေ့သာ ရှိ၏။ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးသည့်နောက်မှ သင်္ဂါယနာတင် ထေရ်အရှင်မြတ်တို့က တရားတော် နာကြားရခြင်းသည် ရက်ကြာလှသည်၊ ရက်ကွာလှသည်ဟု စဉ်းစားကြပြီး တရားတော် နာကြားရသည့် ဥပုသ်နေ့ကို ငါးရက်နေ့ တစ်နေ့ တိုးပြီး ပဥ္စမီဥပုသ်ဟု သတ်မှတ်သမုတ်ခဲ့ကြရာမှ "ပဥ္စမီဥပုသ်"နေ့ တစ်နေ့ တိုးလာခြင်းဖြစ်သည်ဟု ပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။

ထို့ကြောင့် လောကစာရိတ္တအားဖြင့် သူတော်ကောင်းတို့ ကျင့်သုံးသော ပကတိဥပုသ်နေ့တို့သည် လဆန်းပက္ခ၌ ငါးရက်နေ့ ပဥ္စမီဥပုသ်၊ ရှစ်ရက်နေ့ အဋ္ဌမီဥပုသ်၊ တစ်ဆယ့်လေးရက်နေ့ စာတုဒ္ဒသီဥပုသ်၊ တစ်ဆယ့်ငါးရက်နေ့ ပန္နရသီဥပုသ်ဟူ၍ လေးဥပုသ်ဖြစ်သည်။ လဆုတ်ပက္ခ၌လည်း ထို့အတူ လေးဥပုသ်ဖြစ်သည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌

မိန့်ဆိုထားသည်။ ယခုကာလ၌မူ တစ်လတွင် လေးဥပုသ်သည် ပကတိဥပုသ်ဖြစ်သည်ဟု ပြောဆိုမှတ်ယူ ကျင့်သုံးနေကြ၏။ လေးဥပုသ်ဟူသည်မှာ လဆန်း ရှစ်ရက်၊ လပြည့်၊ လပြည့်ကျော် ရှစ်ရက်၊ လကွယ် တို့ပင်ဖြစ်သည်။

## ဥပုသ်မဟုတ်သောနေ့တို့၌ ဥပုသ်စောင့်ကောင်း မစောင့်ကောင်း

ဥပုသ်နေ့ကို သုံးနေ့ရှိသည်ဟုလည်းကောင်း၊ လေးနေ့ရှိသည်ဟုလည်းကောင်း၊ ရှစ်နေ့ရှိသည်ဟုလည်းကောင်း နေ့ဖြင့် သတ်မှတ်ကာ ဘုရားအလိုတော်ကျ ဟောထားချက် မရှိပါချေ။ တစ်ဆယ့်လေးရက် ဥပုသ်၊ တစ်ဆယ့်ငါးရက်ဥပုသ်၊ ရှစ်ရက်ဥပုသ်၊ ပါဋိဟာရိယပက္ခ ဥပုသ်တို့မှာလည်း မြတ်စွာဘုရားက ဤရက်များတွင် ဥပုသ်စောင့်ရမည်ဟု ဟောပြခြင်းမဟုတ်။ အမှန်အားဖြင့် သိကြားမင်းသည် လူ့ပြည်သို့ လှည့်လည်ကာ သူတော်ကောင်းစာရင်း ကောက်ယူကြသော စတုမဟာရာဇ် နတ်မင်းကြီးများ၏ လျှောက်ထားချက် အရ တာဝတိံသာ နတ်တို့အား "လူများသည် တစ်ဆယ့်လေးရက်နေ့၊ တစ်ဆယ့်ငါးရက် နေ့၊ ရှစ်ရက်နေ့တို့မှာလည်း ဥပုသ်သီတင်း စောင့်သုံးကြသည်။ ပါဋိဟာရိယခေါ် နေ့များမှာလည်း ဥပုသ်သီတင်း စောင့်သုံးကြသည်ဟူ၍ ပြောကြားကြောင်းကို မြတ်စွာဘုရားက ဟောကြားခြင်းသာ ဖြစ်သည်။ ပါဋိဟာရိယဥပုသ် ဆိုသည်မှာ တစ်ဆယ့်ငါးရက်၊ တစ်လ၊ ဝါတွင်း သုံးလ စသည်ဖြင့် ကြားပြတ်ရက်မရှိ ရက်စဉ်အတိုင်း စောင့်သုံးနေကြသည့် ရက်ရှည်ဥပုသ်မျိုး ဖြစ်သည်။

အမှန်စင်စစ် တစ်ဆယ့်လေးရက် ဥပုသ်နေ့၊ တစ်ဆယ့်ငါးရက် ဥပုသ်နေ့၊ ရှစ်ရက်ဥပုသ်နေ့ဟူ၍ ခွဲခြားပြောဆိုခြင်းမှာ လူများ ကျင့်သုံးကြသည့်နေ့ကို အစွဲပြုကာ ပြောဆိုခြင်းဖြစ်သည်။ မှန်၏။ ကမ္ဘာအစဉ် အဆက် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့သည် လောကစာရိတ္တ လူတို့၏ အလေ့အကျက်အားလျော်စွာ ဤရှစ်ရက်၊

တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်တို့၌ သာသနာတွင်း၌ နေကြကုန်သော သူတို့က သီလအကျင့်ဖြင့်လည်းကောင်း၊ သာသနာအပ၌ ရှိကြသူများက အချင်းခပ်သိမ်း ဘောဇဉ်အာဟာရကို မစားခြင်း၊ နို့ရည်လျက်ခြင်း၊ ပျားရည်လျက်ခြင်းတို့ဖြင့်လည်းကောင်း မိမိတို့ကိုးကွယ်ရာထံ ဆည်းကပ်နေထိုင်ကြ၏ဟု အင်္ဂုတ္တိုရ်ဋီကာ၌ မိန့်ဆိုထားသည်။

မြတ်စွာဘုရားကမူ "ဤနေ့များမှာမှ ဥပုသ်စောင့်ရမည်၊ အခြားနေ့များ၌ ဥပုသ်မစောင့်ရ"ဟု ထူးထူးခြားခြား ဟောကြားဆုံးမတော်မူချက် မရှိချေ။ ထို့ပြင် "မည်သည့်နေ့များသည် ဥပုသ်နေ့များဖြစ်သည်"ဟု မြတ်စွာဘုရားက ဥပုသ်နေ့အတွက် နေ့ရက်သတ်မှတ်ချက်ကိုလည်း ပြုတော်မမူခဲ့ပေ။ ထို့ကြောင့် ဤစင်ကြယ်မွန်မြတ်သည့် ဥပုသ်သီလအကျင့်ကို ဥပုသ်နေ့မဟုတ်သည့် နေ့တို့၌လည်း စောင့်သုံးကောင်းသည်ဟု မှတ်ယူရမည်။ သုတ်မဟာဝါ မဟာသုဒဿနသုတ်အဖွင့်ဋီကာ၌လည်း "ဥပုသ်ဆိုသည်မှာ အလုံးစုံသော နေ့တို့မှာ စောင့်သုံးလိုတိုင်း လူများစောင့်သုံးနိုင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်သီလပင် ဖြစ်သည်"ဟု ဖွင့်ဆိုထား၏။

## ဥပုသ်စောင့်ပုံ အစီအစဉ်

(၁) နံနက်စောစော အရုဏ်တက်ချိန်တွင် ကိုယ်လက်အင်္ဂါမျက်နှာတို့ကို စင်ကြယ်အောင်ပြု၍ သန့်ရှင်းသောအဝတ်ကို ဝတ်ဆင်ရမည်။

(၂) ပန်းပန်မှု၊ နံ့သာလိမ်းမှု စသည်ဖြင့် အထူးတလည် ပြုပြင်ပြင်ဆင်မှု ကို မပြုရ။

(၃) ထို့နောက် အရုဏ်တက်ခါစ၌ပင် ဘုရားရှင်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို ဆက်တင်လှူဒါန်း၍ သီလခံယူဆောက်တည်ရ၏ (ပါဠိလို မဆိုတတ်လျှင် မြန်မာလို

ဆောက်တည်နိုင်၏။ ရှစ်ပါးသီလကို နှုတ်တက်မရလျှင်လည်း– "ဘုရားရှင် ပညတ်တော်မူထားသော ဥပုသ်သီလကို ဆောက်တည်ပါ၏"ဟု နှုတ်က မိမိဘာသာဆို၍ ဆောက်တည်နိုင်ပါသည်။)

(၄) တတ်နိုင်ပါက သီလခံယူပြီးသည်နှင့်တစ်ပြိုင်နက် ဆိတ်ငြိမ်ရာတွင် ဘုရားဂုဏ်တော်များကိုလည်း ပွားများ၍နေရ၏။ သို့မဟုတ် တရားစာများကိုလည်း ဖတ်ရှုနေရ၏။ သို့မဟုတ် တရားဟောမည့်ပုဂ္ဂိုလ် ရှိလျှင်လည်း တရားနာရ၏။ သို့မဟုတ် ဥပုသ်သည်အချင်းချင်းလည်း တရားစကား ဆွေးနွေးရ၏။

(၅) မွန်းမတည့်မီအချိန်တွင် ကိုယ်လက်စင်ကြယ်အောင် ရေချိုးပြီး ညစာ မစားဘဲ နေနိုင်လောက်အောင် အစားအစာတို့ကို တစ်ကြိမ်မက စားသောက်နိုင်၏။ တစ်ကြိမ်တွင် သင့်ရုံသာ စားသင့်၏။

(၆) မွန်းလွဲပိုင်းတွင် အမှတ်(၄)တွင် ဆိုခဲ့သည့်အတိုင်း ပြုကျင့်နေထိုင်ရမည်။

(၇) ညဥ့်ပိုင်းအချိန်တွင် မိမိဆောက်တည်ထားသည့် သီလ၏ မကျိုး၊ မပေါက်၊ မပြောက်၊ မကြားပုံ သီလဂုဏ်ကို ဆင်ခြင်၍ သီလာနုဿတိ ဘာဝနာကုသိုလ်ကို ပွားများရမည်။

## ဥပုသ်သီလဆောက်တည်ပုံ

ရှေ့ငါးပါးသီလ စသည်တို့တွင် ဆိုခဲ့သည့်အတိုင်း "အဟံ ဘန္တေ၊ တိသရဏေန သဟ၊ အဋ္ဌင်္ဂသမန္နာဂတံ၊ ဥပေါသထသီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံ ဒေထ၊ မေ ဘန္တေ၊ ဒုတိယမ္ပိ အဟံ ဘန္တေ–တတိယမ္ပိ အဟံ ဘန္တေ" စသည်ဆို၍ သီလတောင်းရ၏။ ထို့နောက် "နမော တဿ ဘဂဝတော အရဟတော သမ္မာ

သမ္ဗုဒ္ဓဿ" သုံးကြိမ်ရွတ်ဆိုပြီး ဘုရားရှိခိုးရ၏။ နောက်ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် သရဏသုံးပါးကို သုံးကြိမ်ရွတ်ဆို၍ သရဏဂုံ ယူရ၏။ ထို့နောက်-

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-

ဟု သိက္ခာပုဒ် တစ်ပါးစီဆိုပြီး ဆောက်တည်ရသည်။

သိက္ခာပုဒ်ရှစ်ပါးရှိ၍ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလ (အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထ သီလံ)ဟု ခေါ်သည်။ ရှစ်ပါးသီလဟု လည်းကောင်း၊ ဥပုသ်သီလဟုလည်းကောင်း အတိုချုပ် ခေါ်လေ့ရှိ၏။ ထိုသိက္ခာပုဒ်ရှစ်ပါးအနက် (၁)မှ (၅)အထိ သိက္ခာပုဒ်များ၏ အဖွင့်များ ကို ရှေ့ပိုင်းတွင် ဖွင့်ဆိုခဲ့ပြီးဖြစ်၍ ကျန်ရှိနေသေးသော (၆) (၇) (၈) သိက္ခာပုဒ်များကို အစဉ်အတိုင်း ဖွင့်ဆိုပါမည်။

## ၆။ ဝိကာလဘောဇနာ သိက္ခာပုဒ်အဖွင့်

ခြောက်ခုမြောက် ဆဋ္ဌမ သိက္ခာပုဒ်သီလမှာ "ဝိကာလ ဘောဇနာ" သိက္ခာပုဒ်သီလဖြစ်၏။ ဤသိက္ခာပုဒ်သီလကို "ဝိကာလဘော

ဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ”ဟုဆို၍ ဆောက်တည်ရသည်။ ထိုသီလ၏ တိုက်ရိုက် မြန်မာပြန်မှာ “နေ့လွဲညစာစားခြင် မှ ရှောင်ကြဉ်ပါ၏”ဖြစ်သည်။ (ဝိကာလ=နေ့လွဲမွန် လွဲသောအခါ+ဘောဇနာ=စားခြင်း)

ရဟန်းရှင်သာမဏေတို့ ခဲဖွယ်ဘောဇဉ်တို့ကို စာ သောက်ကောင်းသည့် အချိန်အခါကို “ကာလ”ဟုခေါ်သည်။ ထိုကာလကား အရုဏ်တက်ပြီးချိန်မှစ၍ မွန် တည့် ၁၂ နာရီအထိ အချိန်ကာလဖြစ်၏။ ဝိကာလမှာ ထိုကာလမဟုတ် သော၊ ထိုကာလမှကင်းသော အချိန်ဖြစ်၏။ ထိုအချိန်ကို နေလွဲချိန်၊ မွန်းလွဲ ချိန်ဟုခေါ်သည်။ ထိုအချိန်အတွင်း၌ အဖျော်ရည်၊ ဆေး၊ စတုမဓု စသည် တို့မှတစ်ပါး ထမင်း၊ ဟင်းလျာ၊ ကွမ်းဆေး၊ လက်ဖက်၊ သစ်သီး စသော ခဲဖွယ်ဘောဇဉ်တို့ကို မစားရ၊ စားလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ပျက်၏။ (ရဟန်းတော်များ၏ ဆွမ်းပွဲ၌ပါသော စားဖွယ်များကို “ဘောဇဉ်”ဟုခေါ်၍ အချိုပွဲ၌ပါသော စားဖွယ်များကို “ခဲဖွယ်”ဟုခေါ်သည်။)

## ကာလအပိုင်းအခြားအလိုက် စားသောက်ရသော စားဖွယ် သောက်ဖွယ် ကာလိက ၄–မျိုး

ဤသိက္ခာပုဒ်နှင့်ပတ်သက်၍ ကာလိက(၄)မျိုးကိုလည်း သိထားသင့်၏။ ကာလိကဆိုသည်မှာ မိမိတို့ ကာလအပိုင်းအခြားအလိုက် စားသောက်ရသော စားဖွယ်ခဲဖွယ်သောက်ဖွယ်များ ဖြစ်သည်။ ထိုကာလိကသည် (၁)ယာဝကာလိကမှာ အရုဏ်တက်ချိန်မှစ၍ မွန်းတည့်ချိန်အထိ ကာလအတွင်း၌ စားရသည့် စားဖွယ်၊ ခဲဖွယ်များဖြစ်၏။ ဟင်းချက်၍ စားရကောင်းသော မုန်လာဥ၊ မျှစ် စသော အမြစ်ခဲဖွယ်၊ ပိန္နဲသီး၊ ထန်းသီး၊ အုန်းသီး၊ သရက်သီး စသော အသီးခဲဖွယ်၊ မုန့်ခဲဖွယ်များနှင့် နို့ရည်နို့ခမ်း စသော အာဟာရများဖြစ်သည်။ ဤသိက္ခာပုဒ်ဆောက်တည်ထားသူသည် ဖော်ပြပါ ယာဝ

ကာလိက စားဖွယ်များကို မွန်းမတည့်မီအချိန်အတွင်း၌သာ စားကောင်း၏။ မွန်းလွဲချိန်တွင်စားလျှင် ဥဿိက္ခာပုဒ်ပျက်သည်။ မွန်းတည့်ချိန်ရသည်။ တိတိအချိန်ကား "ကာလ"အတွင်း ပါဝင်၏။

(၂) ဖျော်ရည်များကို "ယမကာလိက"ဟုခေါ်၏။ ည၏ နောက်ဆုံးယံ (မိုးသောက်ယံ)အထိ သောက်ထိုက်သောကြောင့် ဖျော်ရည်များကို ယမကာလိကဟု ဆိုခြင်းဖြစ်သည်။ နံနက်ပိုင်းမှ (ဝါ) မွန်းတည့်ပြီးနောက် အရုဏ်မတက်မီ မိုးသောက်ယံအတွင်း၌သာ သောက်ကောင်းသည်ဟု ဆိုလို၏။ ကျမ်းဂန်များ၌ သောက်ကောင်းသည့် ဖျော်ရည်များကို

(၁) သပြေသီးဖျော်ရည်
(၂) သရက်သီးဖျော်ရည်
(၃) သပျစ်သီးဖျော်ရည်
(၄) ဖက်သက်သီးဖျော်ရည်
(၅) သစ်မည်စည်သီးဖျော်ရည်
(၆) တောငှက်ပျောသီးဖျော်ရည်
(၇) အိမ်ငှက်ပျောသီးဖျော်ရည်
(၈) ကြာစွယ်ဖျော်ရည်

ဟူ၍ ရှစ်မျိုးပြထား၏။ ထိုရှစ်မျိုးအပြင် မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်၊ ရောက်ဖျော်ရည် စသည်တို့ကိုလည်း အနုလောမ (အဖျော်ရှစ်မျိုးအားလျော်သော အတူတူဖြစ်သော) ဖျော်ရည်အဖြစ် သောက်ကောင်းသည်ဟု မိန့်ဆိုထား၏။

ခုဒ္ဒသိက္ခာ အဋ္ဌကထာ၌ ထန်း၊ အုန်း၊ ပိန္နဲ စသော အသီးကြီးကိုးလုံး၊ စပါးမျိုးတို့မှဖြစ်သော အသီးရည်တို့မှတစ်ပါး ကျန်အသီးတို့မှဖြစ်သော အသီးရည်ဟူသမျှ၊ သစ်မည်စည်ပွင့်ရည်မှတစ်ပါး အပွင့်ရည်ဟူသမျှ ဟင်းချက်စားနိုင်သော ယာဝကာလိကအရွက်ရည် ဟူသမျှသည် ယာမကာလိက ဖြစ်၏ဟု ဖွင့်ဆိုထား၏။

ယာမကာလိကဖြစ်သည့် အသီး၊ အပွင့်၊ အရွက်တို့ကို ဖျော်ရည် လုပ်သည့်အခါ ရေအေးရေစိမ်ဖြင့် နယ်၍ (စိမ်၍)သော်လည်း ကောင်း၊ နေပူလှန်း၍သော်လည်း ကောင်း လုပ်နိုင်၏။ မီးဖြင့်ကာ မချက်ကောင်းဟူလို။ လိမ္မော်သီး စသည်တို့ကို မီးဖြင့်ချက်၍ ဖျော်ရည်လုပ်ထားလျှင် အမှုန့်မပါသော်လည်း ယာမကာလိကမဟုတ်။ ယာဝကာလိကသာ ဖြစ်၏။ သို့ဖြစ်၍ ယခုအခါ နိုင်ငံခြားမှ မီးဖြင့်ချက်၍ ကြာရှည်ခံအောင်လုပ်ထားသည့် လိမ္မော်ဖျော်ရည် စသည်တို့ကို ဆရာတော်ကြီးများ ယာမကာလိကအဖြစ်ဖြင့် သုံးဆောင်တော် မမူကြချေ။

ဝိကာလဘောဇနာသိက္ခာပုဒ်ကို စောင့်ထိန်းထားသော ဥပုသ်သည်များသည် အသေအချာစစ်ဆေး၍ အဖတ်အမှုန်မပါသည့် မန်ကျည်းဖျော်ရည်၊ သစ်သီးဖျော်ရည်တို့ကို ညဥ့်၏ နောက်ဆုံးယံ အရုဏ်တက်ချိန်အထိ သောက်ကောင်း၏။ သို့ရာတွင် မွန်းလွဲချိန်၌မူ အကြောင်းမဲ့ သက်သက် မသောက်ကောင်း၊ မွတ်သိပ်ဆာလောင်နေမှသာ အဆာပြေ သောက်ကောင်း၏။

(၃) သတ္တာဟကာလိက ဆိုသည်မှာ ရဟန်းတော်များ အကပ်ခံပြီး ခုနစ်ရက်ထားပြီး ခုနစ်ရက်အတွင်း အချိန်မရွေး ဘုဉ်းပေးကောင်းသည့် ထောပတ်၊ ဆီဦး၊ နှမ်းဆီ စသော ဆီ၊ ပျားရည်၊ တင်လဲ (သကြား၊ ထန်းရည်၊ သကာ၊ ထန်းလျက်)တို့ဖြစ်သည်။ ထိုအရာများကို "ဆေး" ဟုလည်း ခေါ်၏။ ထို့ကြောင့် ဥပုသ်သည်များသည် အားနည်းသော ရောဂါ၊ အသွေးအသားနည်းသည့် (ပိန်ခြောက်)ရောဂါနှင့် လေနာရောဂါ စသည်တို့ရှိလျှင် မွန်းလွဲချိန်တွင် ဆေးအဖြစ် စားကောင်း၏။ မွတ်သိပ်ဆာလောင်ရုံ သက်သက်မျှဖြင့် မစားကောင်းချေ။ သို့ရာတွင် မဟာဝါပါဠိတော်၌ အနာရောဂါရှိသူအတွက် ကြံသကာ၊ ထန်းလျက် အခဲကိုလည်း ခွင့်ပြုတော်မူ၏ဟု မိန့်တော်မူသောကြောင့် ကြံရည်၊ ထန်းရည်၊ ထန်းလျက်ရည်တို့ကို ဆာလောင် မွတ်သိပ်လျှင် သောက်ကောင်း၏။

(၄) ယာဝဇီဝကကား–တစ်သက်ပတ်လုံး အချိန်မရွေး သုံးစားကောင်သော ဆား၊ ချင်း၊ ဆိတ်ဖူ၊ ကြက်သွန်ဖြူ၊ လင်းလေ စသော အမြစ်၊ အခေါက်၊ အဥများဖြစ်သည်။ အထူးသဖြင့် ထမင်းဟင်းအစာအဖြစ်ဖြင့် သုံးစွဲလေ့မရှိသော (ယာမကာလိက သတ္တာဟကာလိကတို့တွင်လည်း မပါဝင်သော) မန်ကျည်းရွက်အကြမ်း၊ ကင်ပွန်းရွက်အကြမ်း စသော အရွက်၊ အမြစ်၊ အခေါက်၊ အဥတို့ဖြစ်သည်။ ဆား၊ ချင်း၊ နနွင်း စသည်တို့မှာ ဟင်းလျာများတွင် ထည့်ခတ်ကြသော်လည်း ဟင်း၏အဆာမျှသာဖြစ်၏။ အထည်ကိုယ် ပဓာနမဟုတ်ကြ။ ထိုကဲ့သို့ ခဲဖွယ်ဘောဇဉ်အရာဝယ် ပဓာနအဖြစ်ဖြင့် မသုံးစွဲရသော ဆား၊ ချင်း၊ ငရုတ်၊ ကြက်သွန်တို့မှာ ယာဝဇီဝကတို့သာဖြစ်ကြ၏။ ထိုယာဝဇီဝကတို့ကို အကြောင်းမဲ့သက်သက်လည်း မစားကောင်း၊ ဆာလောင်သဖြင့် အဆာပြေရုံလည်း မစားကောင်း၊ တစ်စုံတစ်ရာရောဂါရှိပါမှ ဆေးအဖြစ်ဖြင့်သာ စားကောင်း၏။

ယခုခေတ်ပေါ် ညချင်း(ဂျင်း)သုပ်များကား ကြက်သွန်၊ ဆီ၊ ဆား၊ ချင်းများကို တစ်ခုစီကြည့်လျှင် သတ္တာဟကာလိကနှင့် ယာဝဇီဝကတို့ချည်းဖြစ်၍ မွန်းလွဲချိန်တွင် စားကောင်း၏ဟု ထင်ဖွယ်ရှိ၏။ သို့သော် ချင်းကို ပင်ကို အကြမ်းအတိုင်းမဟုတ်ဘဲ စားကောင်းအောင် ပြုပြင်ကာ လက်သုပ်တစ်မျိုးဖြစ်အောင် စီမံထားသဖြင့် ယာဝကာလိက ခဲဖွယ်တွင် ပါဝင်နေပြီဖြစ်၍ မစားကောင်းဟု ဆရာတော်ကြီးများက ယူဆကြ၏။ ယာဝကာလိက မဟုတ်ဟု ငြင်းစေကာမူ ထိုချင်းသုပ်ကြောင့် ကင်းပျောက်မည့်ရောဂါရှိမှ စားကောင်း၏။ အကြောင်းမဲ့ဖြစ်စေ၊ မွတ်သိပ်ဆာလောင်၍ဖြစ်စေ စားလျှင် ဝိကာလဘောဇနာ သိက္ခာပုဒ်ချို့၏။

ဆာလောင်ခြင်း၊ မကျန်းမာခြင်း၊ အကြောင်းမရှိဘဲ ဖျော်ရည်၊ စတုမဓု၊ ထန်းလျက်၊ သကြား၊ ချင်းသုပ်၊ ကွမ်း၊ ဆေး စသည်တို့ကို စားသောက်လျှင် ဤသိက္ခာပုဒ်ညှိုး၏။ သစ်ပင်ညှိုးလျှင် အသီးနည်း

သကဲ့သို့ ဥပုသ်ညှိုးလျှင် အကျိုးရနည်းမည် ဖြစ်ပေသည်။

## ၇။ နစ္စ ဂီတ စသော သိက္ခာပုဒ်အဖွင့်

ခုနစ်ခုမြောက် သတ္တမသိက္ခာပုဒ်သီလမှာ "နစ္စ ဂီတ စသော သိက္ခာပုဒ် သီလ"ဖြစ်၏။ ဤသိက္ခာပုဒ်သီလကို "နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟုဆို၍ ဆောက်တည်ရသည်။ ထိုသီလ၏ တိုက်ရိုက်မြန်မာပြန်မှာ "အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော က,ခုန်ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးအမတော်နှင့် ကြောင့်တံကျင်ပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာရည်၊ နံ့သာမှုန့်တို့ကို လိမ်းကျံခြယ် လှယ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဖြစ်သည်။ အတိုချုပ်မှာ "ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့မှ ရှောင်ကြဉ်ပါ၏" ဖြစ်သည်။ (နစ္စ= ကခြင်း၊ ဂီတ=သီဆိုခြင်း၊ ဝါဒိတ=တီးမှုတ်ခြင်း၊ ဝိသူကဒဿန=ဘုရားအဆုံးအမနှင့် ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ မာလာဓာရဏ=ပန်းပန်ဆင်ခြင်း၊ ဂန္ဓာမဏ္ဍန=နံ့သာရည်တို့ကို ဖို့သိပ်တန်ဆာဆင်ခြင်း၊ ဝိလေပန= လိမ်,ကျံခြယ်လှယ်စရာ ရေမွှေး၊ မျက်နှာချေ၊ ပေါင်ဒါတို့ကို၊ ဝိဘူသန=လိမ်းကျံခြယ်လှယ်ခြင်း၊ အနံ့ထုံခြင်း၊)

ဤသီလသိက္ခာပုဒ်၌ "နစ္စ"အရ ကခုန်ခြင်းဆိုသည်မှာ ကိုယ်တိုင်ကခြင်း၊ အခြားသူများကို ကခိုင်းခြင်းတို့ ဖြစ်သည်။ အခြားသူများဆိုရာ၌ ကတတ်သည့် ဥဒေါင်း၊ မျောက်၊ ကျေးငှက် စသည့် တိရစ္ဆာန်များပါ ပါဝင်သည့်အတွက် ထိုသတ္တဝါများကိုလည်း မကခိုင်းကောင်းချေ။

"ဂီတ"အရ သီဆိုခြင်းကား ကိုယ်တိုင်သီဆိုခြင်း၊ အခြားသူများကို

သီဆိုခိုင်းခြင် တို့ဖြစ်သည်။ သီဆိုခြင် ဆိုရာ၌ အောက်ထစ်ပိုင်းခြား၊ အယုတ်ဆုံ အာဖြင့် လေချွန်ခြင်း၊ ပုလွေမှုတ်ခြင်း၊ နှဲမှုတ်ခြင်း စသည်တို့သည်လည်း ဂီတမည်၏။ မစောင့်စည်သောရဟန်းတို့၏ တရားဟောတေ သမျှ၊ တရားနှင့်စပ်၍ဖြစ်သော သံဝေဂကမ္ဗဋ္ဌာန်းတေးများ (ဓမ္မုပသံဟိတဂီတ)သည်လည်း ဂီတပင်ဖြစ်၍ မဟောကောင်း၊ နားမထောင်ကောင်း၊ ထိုတရားမျိုးကို နားလျှင် ဥပုသ်သည်များ သိက္ခာပုဒ်ပျက်၏။ တေးနှင့်စပ်၍ ဖြစ်လာသောတရားကား ဂီတမဟုတ်။ ဆိုကောင်း၊ နားထောင်ကောင်း၏။

"ဝါဒိတ"အရ တီးမှုတ်ခြင်း ဆိုသည်မှာလည်း ကိုယ်တိုင်တီးမှုတ်ခြင်း၊ အခြားသူများကို တီးမှုတ်စေခြင်းတို့ဖြစ်သည်။ ယုတ်စွအဆုံး ရေမှာအိုးမှောက်ပြီး ရေစည်တီးခြင်းမျှသည်လည်း ဝါဒိတမည်၏။ ကိုယ်တိုင်လည်း မတီးကောင်း၊ သူတစ်ပါးကိုလည်း မတီးစေကောင်းပေ။

ထိုကခုန်၊ သီဆို၊ တီးမှုတ်ခြင်းတို့သည် သာသနာတော်နှင့် ပြောင့်တံကျင်ပမာ ဖီလာဆန့်ကျင်သည့်တွက် "ဝိသူက"တို့ဖြစ်ကြသည်။ ထိုဝိသူက မည်သည် ကခုန်၊ တီးမှုတ်ခြင်းတို့ကို တမင်တကာ သွားရောက်ပြီး မကြည့်ရှု၊ နားမထောင်ကောင်း။ ကြည့်ရှုနားထောင်လျှင် သိက္ခာပုဒ်ပျက်၏။ သို့ရာတွင် မိမိဘာသာနေစဉ် မိမိကြားလောက်၊ မြင်လောက်သည့်အရပ်သို့ လာရောက်၍ ကပြ သီဆို တီးမှုတ်သံတို့ကို ကြည့်ရှုနားထောင်မိသော်လည်းကောင်း၊ အခြားအလုပ်ကိစ္စဖြင့် သွားရင်းလာရင်း တွေ့မြင်သော်လည်းကောင်း သီလမပျက်ပေ။ သို့သော် မမြင်,မြင်အောင် တမင်တကာလှည့်၍ မကြည့်ကောင်းချေ။

ထို့ပြင် ဆင်တိုက်ပွဲ၊ ကျွဲ၊ နွားတိုက်ပွဲ၊ ဆိတ်တိုက်ပွဲ၊ ကြက်တိုက်ပွဲ၊ မြွေတိုက်ပွဲ၊ လက်ဝှေ့ထိုးပွဲ၊ နဘန်းလုံးပွဲ၊ သဘင်ခံပွဲ၊ စစ်တိုက်ပွဲ၊ ဘာရတ ညီနောင်၊ ရာမမင်းတို့ စစ်တိုက်ပွဲအကြောင်း စသည်တို့သည်လည်း ဝိသူကတို့ မည်၏။ ထိုဝိသူက အရာအားလုံးတို့ကိုလည်း

သွားရောက်မကြည့်ရှုကောင်း၊ နားမထောင်ကောင်းဟု သုတ်သီလက္ခန် ပါဠိတော်၊ ဗြဟ္မဇာလသုတ်၌ ဟောကြားထားသည်။

## မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန

ဤမာလာ၊ ဂန္ဓ၊ ဝိလေပန သုံးပုဒ်တို့ကို ဓာရဏ၊ မဏ္ဍန၊ ဝိဘူသန ဟူသော နောက်ဆုံးပုဒ်တို့နှင့် မာလာဓာရဏ၊ ဂန္ဓမဏ္ဍန၊ ဝိလေပန ဝိဘူသနဟု အစဉ်အတိုင်း တွဲဖက်ပြီး အဓိပ္ပာယ်ယူရ၏။ မာလာဓာရဏအရ ပန်းပန်ခြင်း ဆိုသည်မှာ စံပယ်၊ ခေါင်ရန်း၊ နှင်းဆီပန်း စသည့်အပင်မှ ပွင့်သည့်ပန်းမျိုး သာမဟုတ်၊ လူတို့ပြုလုပ်ထားသည့် ဖော့ပန်း၊ စက္ကူပန်း၊ အဝတ်ပန်း စသည့် ပန်းအားလုံးကို မပန်ဆင်ကောင်းပါ။ ဓာရဏအရ ပန်ဆင်ခြင်းဆိုရာ၌ ခေါင်း၌ဖြစ်စေ၊ နား၌ဖြစ်စေ၊ မပန်ဆင်ရ၊ လည်ပင်း၌လည်း မပန်မဆွဲရ။ ပန်လျှင်၊ ဆွဲလျှင် သိက္ခာပုဒ်ပျက်၏။ (မာလာ = ပန်းအမျိုးမျိုးကို + ဓာရဏ = ပန်ဆင်ခြင်း)

ဂန္ဓမဏ္ဍနအရ နံ့သာတို့ဖြင့် တန်ဆာဆင်ခြင်းဆိုသည်မှာ သနပ်ခါး စသော နံ့သာပျစ်၊ နံ့သာမှုန့်၊ နံ့သာအခိုးအထုံတို့ဖြင့် ကျောက်ပေါက်မာ စသော နိမ့်ချိုင့်နေသည့်နေရာတို့ ပြည့်လာအောင် ဖို့သိပ်လိမ်းခြယ်ပေးခြင်း ဖြစ်သည်။ ဤကဲ့သို့ မပြုလုပ်ကောင်း (ဂန္ဓ=နံ့သာအမျိုးမျိုး +မဏ္ဍန=နိမ့်ရာနေရာကို ဖြည့်သိပ်ပေးသောအားဖြင့် တန်ဆာဆင်ခြင်း)။

ဝိလေပန ဝိဘူသနအရ လိမ်းကျံခြယ်သခြင်းဆိုသည်မှာ အရေအဆင်းလှအောင် အမွှေးအနံ့ထုံစွဲနေအောင် လိမ်းကျံစရာ အရောင်တင်ဆေး၊ ရေမွှေးနံ့သာ ဆီ၊ မျက်နှာချေ၊ ပေါင်ဒါမှုန့်၊ မိတ်ကပ် စသည်တို့ဖြင့် ခန္ဓာကိုယ်ကို လိမ်းကျံခြယ်သခြင်းမျိုးဖြစ်သည်။ ယုတ်စွအဆုံး ဥပုသ်စောင့်သည့်နေ့တွင် ရေချိုးရာ၌ပင် ဆပ်ပြာမွှေးတို့ကိုပင် မတိုက်ကောင်းပေ။ (ဝိလေပန=လိမ်းကျံစရာ အမွှေးအကြိုင်တို့ဖြင့်+ ဝိဘူသန=လိမ်းကျံခြယ်သခြင်း)

ဤနံ့သာလိမ်းမှု စသည်တို့ကို သာယာသောအားဖြင့် မပြုကောင်းပေ။ အနာရောဂါရှိသော် လိမ်းကျံကောင်းပါ၏။ အနာရောဂါ ဆိုသော်လည်း ထိုနံ့သာများနှင့် သင့်မြတ်သောရောဂါရှိမှသာ လိမ်းကောင်းသည်။ မဖြစ်လောက်သောရောဂါကို ရိုးမယ်ဖွဲ့ကာ မျက်နှာ စသောမဆိုင်သောအရပ်၌ နံ့သာမလိမ်းကောင်းပါ။ သို့ရာတွင် ရဟန်းတော်များ၌ ကိုယ်နံ့မကောင်းလျှင် နံ့သာ၊ ရေမွှေး၊ ဆပ်ပြာ စသည်တို့ကို ဘုရားရှင် ခွင့်ပြုထားသည့်အတွက် ဥပုသ်သည်များလည်း ကိုယ်၌ အနံ့မကောင်းသောအခါ ထိုအနံ့ကို ကာကွယ်ဖို့ရာ လိမ်းကောင်း၊ ဆပ်ပြာမွှေးကို သုံးကောင်းသည်ဟု ဆိုသင့်သည်ဟု အဆုံးအဖြတ်ရှိပေသည်။

ဤသိက္ခာပုဒ်သည် အကုသိုလ်မများ၊ ကိလေသာစိတ် မပွားရအောင် ဆို့ပိတ်ထားသည့် သိက္ခာပုဒ်ဖြစ်သည်။ ထို့ကြောင့် ဥပုသ်စောင့်သည့်နေ့၌ ဥပုသ်သီလ မယူမီကပင် ပန်ပန်ခြင်း၊ သနပ်ခါးနံ့သာလိမ်းကျံခြင်း စသည်တို့ကို ကြိုတင်ပြီး မပြုလုပ်ထားကောင်း။ ယခုကာလ အချို့တရားပွဲ အလှူမင်္ဂလာပ် စသည့်နေရာများ၌ "မင်္ဂလာပ်မှ မထွက်မီ တစ်ထိုင်ရှစ်ပါးသီလဆောက်တည်ကြ"ဟု ဆိုပြီး ဖြီးလိမ်းပြင်ဆင်ထားသူများကို ဤသိက္ခာပုဒ်ကို ဓမ္မကထိကများက ချပေးကြသည်။ ဥပုသ်မစောင့်မီက ဖြီးလိမ်းထားသည့်အတွက် "မာလာ ဂန္ဓဝိလေပန"သိက္ခာပုဒ်မပျက်ဟုလည်း ပြောဆိုကြပြန်သေး၏။ ထိုအရာများ နည်းလမ်းကျ,မကျ စဉ်းစားကြပါဟု အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး မိန့်ဆိုထားပေသည်။

## ၈။ ဥစ္စာသယန၊ မဟာသယန သိက္ခာပုဒ်အဖွင့်

ရှစ်ခုမြောက် အဋ္ဌမသိက္ခာပုဒ် သီလမှာ "ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟုဆို၍ ဆောက်တည်ရ

သည်။ ထိုသီလ သိက္ခာပုဒ်၏ တိုက်ရိုက်မြန်မာပြန်မှာ မြင့်သောနေရာ မြတ်သောနေရာတို့၌ အိပ်ခြင်း၊ နေထိုင်ခြင်း မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ ဖြစ်သည်။ အတိုချုပ်မှာ မြင့်သောနေရာ မြတ်သောနေရာတို့၌အိပ်ခြင်း၊ နေထိုင်ခြင်း မှ ရှောင်ကြဉ်ပါ၏ဖြစ်သည်။ (ဥစ္စာသယန= မြင့်သောနေရာ၊ မဟာသယန=မြတ်သောနေရာ)

ဤသိက္ခာပုဒ်သီလ၌ ဥစ္စာသယန–အရ မြင့်သည့်နေရာ ဆိုသည်မှာ လူကြီးက အောက်အနိမ့်မှာ ရောက်နေ၍ လူငယ်က အထက်အမြင့်မှာ မနေကောင်း ဆိုသည့် "ဂါရဝ"အရာ၌ဆိုသည့် အမြင့်မျိုး မဟုတ်။ ပကတိလူများ၏ တစ်ထောင့်ထွာထက် အခြေရှည်သည့် ခုတင်၊ အိပ်ရာ၊ ကုလားထိုင်ကြီး၊ ထိုင်ခုံ စသည်တို့ဖြစ်၏။ ထိုတစ်ထောင့်ထွာထက်မြင့်သည့် ခုတင်၊ အိပ်ရာ၊ ကုလားထိုင်ကြီး၊ ထိုင်ခုံများမှာ မအိပ်ကောင်း၊ မနေထိုင်ကောင်း။ တစ်ထောင့်ထွာထက် မြင့်နေလျှင် နိမ့်သွားအောင် ခြေထောက်များကို ဖြတ်ပြီး အသုံးပြုကောင်းပါသည်။

မဟာသယန–အရ မြတ်သည့်နေရာဆိုသည်မှာ ရဟန်းသံဃာ ဂုဏ်ဝါကြီးသူများ၊ မိဘဆရာသမား၏ နေရာမျိုးနှင့် သင်ဖြူးချောချော၊ ကော်ဇောနုနု စသည့်နေရာမျိုး မဟုတ်ပါချေ။ လောကမှာ စည်းစိမ်ဥစ္စာ ကြွယ်ဝကြသည့်အတိုင်း ခံစားစံစားလေ့ရှိကြသည့် လောကီစည်းစိမ်ရှင်များ၏အိမ်များမှာ ရှိတတ်ကြသည့် လက်လေးသစ်မက အမွေးရှည်သည့် သားမွေးအခင်း၊ ခြင်္သေ့၊ သစ်ကျား စသည့်အရုပ်များနှင့် ခမ်းနားဆန်းကြယ်သော သားမွေးအခင်း၊ ရိုးရိုး ပိုးအခင်းမျိုး မဟုတ်ဘဲ ရွှေချည်၊ ငွေချည်များနှင့် ချုပ်လုပ်ထားသည့် ပိုးအခင်း၊ လဲ၊ ဝါဂွမ်း များ သွတ်ထားသည့် လဲမွေ့ရာ၊ ဝါဂွမ်းမွေ့ရာများ ဖြစ်သည်။ ဤနေရာမျိုး၌ မအိပ်ကောင်း၊ မနေထိုင်ကောင်းပေ။ အုန်းဆံသွပ် မွေ့ရာ၊ အဝတ်အသား၊ ပိုးချည်အသားများ ပါဝင်သည့် မွေ့ရာမျိုးတို့ကိုမူ အသုံးပြုကောင်းပေသည်။

ယခုခေတ်ပေါ် သိုးမွေးကော်ဇောအခင်းများသည် "မဟာသယန" ၌ ပါဝင်နေသောကြောင့် ခုတင်၊ ကလားထိုင်ပေါ်၌ခင်း၍ ရဟန်း၊ သာမဏေ၊ ဥပုသ် သည်တို့ မအိပ်ကောင်း၊ မထိုင်ကောင်း။ ကြမ်းပြင် ပေါ်၌ကား ခင်း၍ထိုင်ကောင်း၊ အိပ်ကောင်း၏။ လဲ၊ ဝါဂွမ်း အဆာ သွတ်ထားသည့်မွေ့ရာ၊ ဖုံ(ထိုင်စရာ)ကိုမူ မည်သည့်နေရာမှာမျှ မအိပ် ကောင်း၊ မထိုင်ကောင်း။ ဆွမ်းကျွေးတရားနာ စသော ကိစ္စများ၌ လူတို့က ဥကင်၊ ကုလားထိုင်ပေါ်မှာ ခင်းပေးသော လဲ၊ ဝါဂွမ်း အဆာသွတ်အခင်းများ၌လည်း မထိုင်ကောင်းချေ။

**အကျိုးအပြစ်**

ဤဥပုသ်သီလ၌ သူ့အသက်သတ်မှု (ပါဏာတိပါတကံ) စသည့် ရှေ့သိက္ခာပုဒ်သီလငါးမျိုးတို့မှာ တကယ့်အကုသိုလ် စိတ်စေတနာတို့ ကြောင့် ဖြစ်ရသည့်အတွက် ပင်ကိုပကတိသဘောအနေဖြင့် လောကမှာ အပြစ်ရှိသည့် "လောကဝဇ္ဇ" သိက္ခာပုဒ်များ ဖြစ်ကြ၏။ ကျန်သည့် "ဝိကာလဘောဇန" စသော သိက္ခာပုဒ် သီလသုံးမျိုးကမူ ပင်ကိုပကတိ သဘောအနေဖြင့် အပြစ်မရှိလှ။ ဘုရားရှင်က "မပြုလုပ်ရ၊ ရှောင်ကြဉ် ရမယ်"ဟု ပညတ်တော်မူထား သည့်အတွက် လွန်ကျူးလျှင် ဘုရား ပညတ်ကို မလိုက်နာသောကြောင့်သာ အပြစ်ရှိ၍ "ပဏ္ဏတ္တိဝဇ္ဇ" သိက္ခာ ပုဒ်သီလများ ဖြစ်ကြသည်ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဖွင့်ဆိုထား၏။

ထို့ကြောင့် လောကပြစ်ရှိသည့် "ပါဏာတိပါတ" စသည့် ရှေ့ သိက္ခာပုဒ် သီလငါးပါးတွင် တစ်ပါးပါးကို လွန်ကျူးလျှင် အပါယဂမ နိယ (အပါယ်သို့လားရောက်စေသည့်)ကံမြောက်သည့်အတွက် အပါယ် လေးဘုံတွင် တစ်ဘုံသို့ ရောက်စေနိုင်ပါသည်။ ဝိကာလဘောဇန စသည့် နောက်ပိုင်းသိက္ခာပုဒ်သီလ သုံးမျိုးတွင် တစ်မျိုးမျိုးပျက်လျှင် ဘုရားရှင်၏ ပညတ်ချက်ကို လွန်ကျူးပြစ် ဖြစ်သည့်အတွက် အပါယ် ပဋိသန္ဓေကျိုးကို မပေးနိုင်၊ ပဝတ္တိအကျိုးမျှသာ ပေးနိုင်ကြောင်း ဆရာ

တော်ဘုရားကြီးများ ဆုံးဖြတ်ထားကြပေသည်။

ထေရဂါထာပါဠိတော်၌လည်း ဝိကာလဘောဇနသိက္ခာပုဒ်ကို စောင့်ထိန်းလျှင် ဝိကာလဘောဇဉ်ကို မပြတ်သုံးဆောင်ရခြင်း အကျိုးရ၏။ လွန်ကျူးခဲ့လျှင် ငတ်မွတ်သောဘေး ရောက်တတ်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသောဘောဇဉ်ကို သုံးဆောင်ရခြင်း အပြစ်ဖြစ်၏ဟု ဟောတော်မူထားချက်အရ နောက်သိက္ခာ ပုဒ်များပျက်ရာတွင် ပဝတ္တိအကျိုးအပြစ်သာရှိကြောင်း ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြောင်း မှတ်ယူရန်ဖြစ်ပေသည်။ ဝိကာလဘောဇန သိက္ခာပုဒ်သီလကို စောင့်ထိန်းရာ၌မူ (၁) ကိစ္စနည်း၍ တရားကို အာရုံပြုရာ၌ အချိန်များစွာရခြင်း၊ (၂) လောကီအာရုံ ကာမဂုဏ် ဘက်သို့ စိတ်မဝင်စားရအောင် ချုပ်တည်းပြီးသားဖြစ်ခြင်းဟူသော မျက်မှောက်အကျိုးနှစ်မျိုးကို မလွဲမသွေ ဧကန်မုချ ရရှိကြပေသည်။

## ဥပုသ် (၃)မျိုး

ဥပုသ်သီလသည်

(၁) နွားကျောင်းသား ဥပုသ်ဟု ခေါ်သည့် ဂေါပါလဥပုသ်။

(၂) တိတ္ထိတက္ကတွန်းတို့ ကျင့်သုံးသည့် နိဂဏ္ဌဥပုသ်။

(၃) စင်ကြယ်မြင့်မြတ်သည့် အရိယဥပုသ်။

ဟူ၍ ဥပုသ်သီလ သုံးမျိုးရှိကြောင်း တိကအင်္ဂုတ္တိုရ်ပါဠိတော်၊ (ဝိသာခ) ဥပေါသထသုတ်မှာ မြတ်စွာဘုရား ဟောကြားတော်မူထား၏။ ဆိုလိုရင်းအဓိပ္ပာယ်မှာ–

(၁) ဥပုသ်သီလစောင့်သုံးသည့်အခါ နွားကျောင်းသားများ နလုံးသွင်းပုံနှင့် တူသည့် နလုံးသွင်းနည်းမျိုးဖြင့် စောင့်သုံးသည့် ဥပုသ်မျိုးကို ဂေါပါလဥပုသ် (နွားကျောင်းသားဥပုသ်)ဟု ခေါ်၏။ နွားကျောင်းသားတို့သည် နွားကျောင်းပြီး၍ ညနေချိန် ရောက်သောအခါ နွားများကို နွားရှင်ထံ ပြန်အပ်ပြီး

မိမိအိမ်သို့ ပြန်ရောက်လျှင် “ဒီကနေ့ နွားတွေကို ဒီအရပ်မှာ အစာကျွေးပြီး ဒီအရပ်မှာ ရေတိုက်ခဲ့တယ်။ နက်ဖြန်ကျရင် ဟိုဟိုဒီဒီအရပ်မှာ အစာကျွေးမယ်။ ဟိုဟိုဒီဒီအရပ်မှာ ရေတိုက်မယ်”ဟုသာ ကြံစည်စဉ်းစားလေ့ရှိသကဲ့သို့၊ ထို့အတူ ဥပုသ် စောင့်သုံးသူသည် “ငါသည် ဒီနေ့ မည်သည့်ခဲဖွယ်ဘောဇဉ်တွေကို စားသောက်မယ်၊ နက်ဖြန်ကျရင် မည်ကဲ့သို့သော ခဲဖွယ်ဘောဇဉ်မျိုးကို စားသောက်မယ်”ဟု စားရေးသောက်ရေး စသည့် လောကီရေးရာများကိုသာ လောဘဦးဆောင်သည့်စိတ်ဖြင့် ကြံစည်စဉ်းစားပြီး တစ်နေ့တာအချိန်ကုန်လွန်စေသည့် ဥပုသ်စောင့်နည်းမျိုး ဖြစ်သည်။

ဤနွားကျောင်းသား ဥပုသ်မျိုးကို လုံးလုံးအကျိုးမရှိဟု မဆိုရသော်လည်း အကျိုးမများလှ။ ကျိုးဆက်ဂုဏ်အင် အာနိသင်မကြီးလှဟု ဟောတော်မူထားပေသည်။

(၂) နိဂဏ္ဌာတိတ္ထိတက္ကတွန်းတို့ ကျင့်သုံးသည့် ဥပုသ်မျိုးကို နိဂဏ္ဌာဥပုသ်ဟု ခေါ်သည်။ တိတ္ထိတက္ကတွန်းတို့သည် ပါဏာတိပါတ သိက္ခာပုဒ်နှင့် စပ်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာလုံးမှာပင် ယူဇနာတစ်ရာ၏ အပြင်ဘက်တွင် တည်ရှိသော သတ္တဝါတို့ကို မသတ်ရ၊ မသတ်ကောင်း။ ယူဇနာတစ်ရာ အတွင်းမှာ တည်ရှိသော သတ္တဝါတို့ကိုမူ သတ်နိုင်၏။ သတ်ကောင်း၏ စသည်ဖြင့် အရပ်ဒေသဖြင့် သတ်မှတ်ပြီးလျှင် ဒုစရိုက်မှုကို ပြုနိုင်ခွင့်ရှိအောင် ကြံဆောင်ကာ ဒုစရိုက်ပြုကောင်းသည့်အရပ်၊ မပြုကောင်းသည့်အရပ် ခွဲခြားကျင့်သုံးသည့် ဥပုသ်မျိုးကို ကျင့်သုံးကြ၏။ ဤနည်းသို့လိုက်၍ ကျင့်သုံးသောသူတို့၏ ဥပုသ်ကို “နိဂဏ္ဌာဥပုသ်”ဟု မြတ်စွာဘုရား ဟောတော်မူသည်။

(၃) ဥပုသ်စောင့်သုံးသူ၏ စိတ်အစဉ်တွင် ကိလေသာအညစ်အကြေးများ မဝင်အောင် ဘုရားဂုဏ်၊ တရားဂုဏ် စသည့် ကုသိုလ်ဖြစ်စရာ အာရုံများကို အကြိမ်ကြိမ်အဖန်ဖန် နှလုံးသွင်း အောက်မေ့သောအားဖြင့် ကိလေသာအညစ်အကြေးတို့ကို စင်ကြယ်စေကာ စောင့်သုံးသည့် ဥပုသ်ကို အရိယ (မြင့်မြတ်သော)ဥပုသ်ဟု ခေါ်သည်။

ဤ အရိယာ ဥပုသ်သည်လည်း (၁) ဗြဟ္မဥပုသ်၊ (၂) ဓမ္မဥပုသ်၊ (၃) သံဃဥပုသ်၊ (၄) သီလဥပုသ်၊ (၅) ဒေဝတာဥပုသ်၊ (၆) အဌင်္ဂဥပုသ်ဟူ၍ (၆)မျိုးရှိသည်။

(၁) ထိုခြောက်မျိုးတွင် ဗြဟ္မဥပုသ်ဆိုသည်မှာ ရှစ်ပါးသီလကို ခံယူပြီးသည့်အခါ "ဗြဟ္မ"အမည်ကို ရတော်မူသည့် မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော်တို့ကို အဖန်ဖန် နှလုံးသွင်းကျင့်သုံးသော ဥပုသ်မျိုးဖြစ်သည်။ (မြတ်စွာဘုရားကို "ဗြဟ္မ"ဟု ခေါ်သည်။)

(၂) ဥပုသ်သီလကို ခံယူပြီးနောက် တရားတော်၏ ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ ခြောက်ပါးလုံးကိုဖြစ်စေ အဖန်ဖန် နှလုံးသွင်းကာ ကျင့်သုံးသော ဥပုသ်မျိုးကို "ဓမ္မဥပုသ်"ဟု ခေါ်သည်။

(၃) ဥပုသ်သီလခံယူပြီးနောက် သံဃာ့ဂုဏ်တော်တစ်ပါးပါးကိုဖြစ်စေ၊ ဂုဏ်တော်(၉)ပါးလုံးကိုဖြစ်စေ၊ အဖန်ဖန်နှလုံးသွင်းကာ ကျင့်သုံးသော ဥပုသ်မျိုးကို "သံဃဥပုသ်"ဟု ခေါ်သည်။

(၄) ဥပုသ်သီလ ခံယူပြီးနောက် ထိုသီလကို မကျိုးမပေါက် မပြောက်မကျားရအောင် စောင့်သုံးလျက် ထိုသီလ၏ အကျိုးမပေါက် မပြောက်မကျားပုံ၊ သီလစင်ကြယ်ပုံတို့ကို အဖန်ဖန်နှလုံးသွင်းကာ ပွားများကျင့်သုံးသော ဥပုသ်မျိုးကို

"သီလဥပုသ်"ဟုခေါ်သည်။

ဤဥပုသ်၌ သီလ၏ ကျိုး၊ ပေါက်၊ ပြောက်၊ ကျားပုံကို အနည်းငယ် ရှင်းပြပါမည်။ သီလသိက္ခာပုဒ် ရှစ်ပါးတို့တွင် အစဆုံး ပါဏာတိပါတ သိက္ခာပုဒ်ဖြစ်စေ၊ နောက်ဆုံးဥစ္စာသယန မဟာသယန သိက္ခာပုဒ်ဖြစ်စေ၊ ပျက်လျှင် "ဥပုသ်ကျိုး"သည်ခေါ်၏။ မပျက်လျှင် မကျိုးမပြတ်သော ဥပုသ်မည်၏။

အဝတ်တွင် အလယ်က ပေါက်သကဲ့သို့ သိက္ခာပုဒ်တို့တွင် အလယ်က တစ်ပါးပါးပျက်လျှင် "ပေါက်သည်"ဟုခေါ်၏။ ထိုသို့မပျက်လျှင် မပေါက် သောဥပုသ်မည်၏။

ရှစ်ပါးသော သီလသိက္ခာပုဒ်တို့တွင် အလယ်၌ တစ်ပါးလည်းမက အစဉ်အတိုင်းလည်းမကျဘဲ အဒိန္နာဒါနနှင့် မုသာဝါဒဖြစ်စေ၊ အဗြဟ္မစရိယနှင့် သုရာမေရယဖြစ်စေ၊ ပြောက်ကျား၊ ပြောက်ကျားပျက်လျှင် သီလ"ပြောက်"သည်ဟု ခေါ်၏။

သိက္ခာပုဒ် သီလရှစ်ပါးတွင် ပါဏာတိပါတနှင့် အဒိန္နာဒါန ဆက်ပြီးဖြစ်စေ၊ အဗြဟ္မစရိယနှင့် မုသာဝါဒဆက်ပြီးဖြစ်စေ နှစ်ပါး, သုံးပါးဆက်ပြီး ပျက်သည်ကို နွားကြောင်နွားကျားကဲ့သို့ "ကျားသော ဥပုသ်"ဟုခေါ်သည်။ ဤသို့သောနည်းဖြင့် မိမိဥပုသ်၏ မကျိုးမပေါက် မပြောက်မကျားပုံကို အာရုံပြုကာ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းကို ပင် "သီလဥပုသ်"ဟု ခေါ်သည်။

(၅) ဥပုသ်သီလခံယူပြီးနောက် နတ်၊ ဗြဟ္မာတို့ကို စံထားကာ မိမိသန္တာန်၌ ရှိသော သဒ္ဓါ၊ သီလ စသော သူတော်ကောင်း တရားများကို အောက်မေ့ဆင်ခြင်လျက် စိတ်ကြည်လင် ဝမ်းမြောက်နေခြင်းကို "ဒေဝတာဥပုသ်"ဟု ခေါ်သည်။

အောက်မေ့ဆင်ခြင်ပုံမှာ နတ်ပြည်၊ ဗြဟ္မာ့ပြည်များ၌ ရှိကြသော နတ်၊ ဗြဟ္မာတို့သည် လူ့ပြည်တုန်းက "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ"ဟူသော သူတော်ကောင်းတရားတို့ ပြည့်စုံခဲ့သောကြောင့်

နတ်ပြည်၊ ဗြဟ္မာပြည်၌ ချမ်းသာစွာ ဖြစ်ကြရ၏။ ထိုသူတော်ကောင်း တရားများသည် ယခု ငါ့မှာလည်း ရှိပါပေ၏ဟု နတ်၊ ဗြဟ္မာများကို စံထားကာ မိမိမှာရှိသည့် သဒ္ဓါ စသော တရားတို့ကို အာရုံပြုဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်း ဖြစ်သည်။

(၆) ဥပုသ်သီလကို ခံယူကာ "ရဟန္တာပုဂ္ဂိုလ်များသည် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်း အလျှင်းမရှိဘဲ အမြဲကြင်နာသနားတော်မူကြသကဲ့သို့ ငါသည်လည်း သတ်ဖြတ်ညှဉ်းဆဲခြင်းမရှိဘဲ ကြင်နာ သနားမှု ပြုရပေပြီ၊ ဤကျင့်ဝတ်သီလဖြင့် ရဟန္တာပုဂ္ဂိုလ်ကြီးများကို အတုလိုက်ကာ ကျင့်သုံးရပေပြီ စသည်ဖြင့် အင်္ဂါရှစ်ပါးလုံးကို ဆင်ခြင်အောက်မေ့၍ စောင့်သုံးသော သီလသည် အဋ္ဌင်္ဂဥပုသ် (အင်္ဂါရှစ်ပါးကို ဆင်ခြင်ခြင်းရှိသောဥပုသ်)မည်၏။

ဤသို့ ဥပုသ်သီလကို ခံယူဆောက်တည်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များနှင့် သီလဂုဏ်တို့ကို အောက်မေ့ပွားများ၍ နေလျှင်ဖြစ်စေ၊ နတ်၊ ဗြဟ္မာတို့ကို စံထား၍ မိမိ၏သဒ္ဓါစသော သူတော်ကောင်းတရားတို့ကို ဆင်ခြင်အောက်မေ့နေလျှင်ဖြစ်စေ၊ ရဟန္တာပုဂ္ဂိုလ်ကြီးများကို ဥပမာထား၍ သီလသိက္ခာပုဒ် အင်္ဂါရှစ်ပါးကို ဆင်ခြင်အောက်မေ့နေလျှင်ဖြစ်စေ ဥပုသ်သည်၏ စိတ်အစဉ်သည် ကြည်လင်လာ၏။ လန်းဆန်းရွှင်ပျလာ၏။ ထိုအခါ စိတ်၏ အညစ်အကြေး ကိလေသာတို့ကို ဘာဝနာဖြင့် ပယ်ခွာထားသဖြင့် စိတ်အစဉ်သည် ဖြူစင်သန့်ရှင်းလျက်ရှိသည်ဟု မြတ်စွာဘုရား ဟောကြားထားပေသည်။

## ဥပုသ်သီလစောင့်သုံးရကျိုး

ဤတင်ပြခဲ့သော ဥပုသ်အမျိုးမျိုးကား ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဗ္ဗာရုံ

ကျောင်းအမကြီး ဝိသာခါသည် ဥပုသ်နေ့တွင် ဥပုသ်စောင့်ရန် ကျောင်းတော်သို့လာသည့်အခါ ဝိသာခါကျောင်းအမကြီးအား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တိက အင်္ဂုတ္တိုရ်လာ "ဥပေါသထ" (ရှေ့က ဝိသာဥပေါသထ) သုတ္တန်ဒေသနာတော်၌ လာရှိသည့် ဥပုသ်များဖြစ်ပါသည်။

ဤဥပုသ်(၃)မျိုးအနက် အရိယဥပုသ်မျိုးကို စောင့်သုံးလျှင် လိုချင်ဖွယ်ရာ၊ နှစ်သက်စရာ များစွာသော ပစ္စည်းဥစ္စာ ရတနာများနှင့် ပြည့်နှက်နေသည့် မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း စသောတိုင်းကြီး(၁၆)တိုင်းတို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ရသည့် စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာသည် ဤအရိယဥပုသ်မျိုးကို စောင့်သုံးရခြင်းအကျိုး၏ တစ်ဆယ့်ခြောက်စိတ် (၁၆) ပြန် (ဝါ) (၂၅၆)စိတ်အနက် တစ်စိတ်ကိုပင် မမီနိုင်ချေ။ အဓိပ္ပာယ်မှာ ဤမင်းစည်းစိမ်သည် လူ့စည်းစိမ်မျှသာဖြစ်၍ နတ်စည်းစိမ်နှင့် နှိုင်းစာလျှင် အလွန်သေးနုပ်လှ၏။ ဤအရိယာဥပုသ်မျိုး စောင့်သုံးခြင်းသည် နတ်မင်းစည်းစိမ်ကို အကြိမ်ကြိမ်ရနိုင်သည့်အတွက်ကြောင့် ဖြစ်သည်ဟု ဆိုလိုကြောင်း ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## ကောင်းစွာစောင့်မှ အကျိုးရ

ဤနွားကျောင်းသား ဥပုသ်စသည့် ဥပုသ်(၃)မျိုးမှာ မြတ်စွာဘုရားဟောကြားတော်မူထားသည့် ဥပုသ်များဖြစ်၏။ ဤသုံးမျိုးအပြင် သင်္ဃာဆရာတော်ဘုရားကြီး ရန်ကုန်မြို့၊ ကြားတောရမှာ သီတင်းသုံးတော်မူစဉ် ဥပုသ်သည်တစ်စုအား ဟောကြားတော်မူခဲ့သည့် ဥပုသ်သုံးမျိုးလည်း ရှိသေး၏။ ဤသုံးမျိုးမှာ–

(၁) မွန်းမလွဲခင်၊ မြင်မြင်သမျှ၊ ရသဆီဆိမ့်၊ ချိုဆိမ့်ချဉ်ငန်၊ အတန်တန်သော အစားအသောက်တို့ကို တစ်ဝကြီးစားသည့် "အစားကျူးသော ဘီလူးဥပုသ်"။

(၂) ထမင်းဟင်းလျာ၊ များစွာစားသောက်၊ ဇရပ်ပေါ်အရောက် တွင်၊ လေတဖြူးဖြူးနှင့်၊ တရူးရူးမြည်အောင် ဟောက်ပြီး စောင့်သည့် "နဂါးဥပုသ်"။

(၃) ပုတီးမစိပ်၊ အိပ်ချင်တိုင်းအိပ်ပြီး၊ ညနေစောင်း နေချိုချို လေးချက်တီး အလိုတွင်၊ ကမန်းကတန်း အိပ်ရာကထ၊ အိမ်ပြန်နောက်ကျမှာစိုးလို့ ဖရူး ဖရူးနှင့် ထ၍ ပြန်သွားကြ သည့် "စာကလေးဥပုသ်"တို့ ဖြစ်သည်။

ဥပုသ်သီလ စောင့်သုံးကြရာတွင် ရှစ်ပါးသီလခံယူရုံမျှဖြင့် အကျိုး များသင့်သလောက် မများသေးပါချေ။ သီလကို ခံယူဆောက်တည်ပြီး နောက် ဆိတ်ငြိမ်ရာသို့သွားကာ အရိယဥပုသ်မျိုးဖြစ်အောင် မိမိစိတ် ကိုပါ စင်ကြယ်သန့်ရှင်းနေအောင် အားထုတ်နိုင်မှသာ အကျိုးများပါ လိမ့်မည်။

ဥပမာဆိုရလျှင် ဦးခေါင်းကို တန်ဆာဆင်လိုသော အမျိုးသမီး သည် ရှေးဦးစွာ ဆံပင်ကို စင်ကြယ်သန့်ရှင်းအောင် ခေါင်းလျှော်ရ၏။ ခေါင်းမလျှော်ဘဲ ဖြီးလိမ်းပြင်ဆင်လျှင် အနံ့မကောင်းဖြစ်တတ်သည်။ ထို့အတူ သီလတန်ဆာ ဆင်ထားသူသည် မိမိစိတ်ကို တဏှာရာဂ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ စသော ကိလေသာအညစ် အကြေးများမှ စင်ကြယ်အောင် အရိယာဥပုသ်မျိုး စောင့်သုံးနိုင်မှသာ ရသင့်ရထိုက်သည့် အကျိုးများကို ပြည့်ပြည့်ဝဝ ရမည်ဟု မြတ်စွာ ဘုရား ဟောကြားထား၏။

ယခုခေတ် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ စောင့်သုံးနေကြသည့် ဥပုသ်သီလမျိုးကား အများအားဖြင့် စားကြ၊ သောက်ကြ၊ ပျော်ရွှင် ကြပြီး ရပ်စကား ရွာစကား၊ သမ္ဖပ္ပလာပများပြောရင်း တစ်နေကုန် သွားကြသည့် ဥပုသ်မျိုး ဖြစ်ကြ၏။ ထိုဥပုသ်မျိုးကား မြတ်စွာဘုရား ဟောကြားထားသည့် နွားကျောင်းသားဥပုသ်မျိုးနှင့် သင်္ဂဇာဆရာတော် ဘုရား ဟောကြားသည့် ဘီလူးဥပုသ်၊ နဂါးဥပုသ်၊ စာကလေးဥပုသ်

မျိုးတို့သာ ဖြစ်၏။

ထို့ကြောင့် ဥပုသ်သီလစောင့်သုံးသည့်အခါ ဘုရားရှင် ဟောကြားထားတော်မူသည့်အတိုင်း လောကသံသရာ နှစ်ဖြာလုံး၌ ကျိုးဆက်ဂုဏ်အင်၊ အာနိသင် ကြီးကျယ်စေရန်၊ အကျိုးဂုဏ်ရောင် များစွာထွန်းပြောင်စေရန် အရိယာဥပုသ်မျိုးကို ကြိုးစားစောင့်သုံးသင့်ကြပေသည်။

## နဝင်္ဂဥပုသ်ခေါ် ကိုးပါးသီလအဖွင့်

အဋ္ဌင်္ဂဥပုသ်သီလအကြောင်းကို တင်ပြပြီးနောက် နဝင်္ဂဥပုသ်သီလခေါ် ကိုးပါးသီလအကြောင်းကို ဆက်လက်ဖော်ပြပါမည်။ ဤကိုးပါးသီလကို နဝက အင်္ဂုတ္တရပါဠိတော်၊ သီဟနာဒဝဂ်၌ 'နဝင်္ဂုပေါသထသုတ္တ'အမည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူထားပါသည်။

ဟောကြားတော်မူပုံမှာ "ရဟန်းတို့ အင်္ဂါကိုးပါးနှင့် ပြည့်စုံသောဥပုသ်သီလကို စောင့်သုံးခြင်းသည် အကျိုးကြီး၏။ ကျိုးဆက်ဂုဏ်အင်အာနိသင်များ၏။ တန်ခိုးဂုဏ်ရောင် ထွန်းပြောင်ကြီးမား၏။ ကြီးမားသောပျံ့နှံ့ခြင်းရှိ၏" စသည်ဖြင့် အကျိုးတရားကို ဟောကြားတော်မူပြီးအင်္ဂါ(၈)ပါး သရုပ်ကို ဖော်ပြရာတွင် 'ပါဏာတိပါတသိက္ခာပုဒ်'မှစ၍ 'ဥစ္စာသယန မဟာသယန သိက္ခာပုဒ်'တိုင်အောင် အရိယဥပုသ်(၆)မျိုးတွင် နောက်ဆုံး အဋ္ဌင်္ဂသီလ ဆောက်တည်နည်းအတိုင်း ဟောကြားတော်မူ၏။

နောက်ဆုံး အင်္ဂါ(၉)ပါးမြောက်၌မူ 'မေတ္တာ သဟဂတေန စေတသာ ဧကံဒိသံ ဖရိတွာ ဝိဟရတိ၊ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာစတုတ္ထံ' (မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာတစ်ခုရှိ သတ္တဝါတို့ကို ပြန့်နှံ့စေ၍ (ဝါ)ဖြန့်၍နေ၏။ ထို့အတူ ဒုတိယ၊ တတိယ၊ စတုတ္ထအရပ်မျက်နှာများရှိ သတ္တဝါတို့ကို ဖြန့်၍နေ၏။) စသည်ဖြင့် ဟောကြားတော်မူထား၏။

ဤနဝင်္ဂဥပုသ်သီလ ခံယူဆောက်တည်နည်းမှာ အဋ္ဌင်္ဂဥပေါသထ

သီလ ခံယူဆောက်တည်နည်းအတိုင်း ဖြစ်သည်။ သီလတောင်းရာတွင် 'အဟံဘန္တေ တိသရဏေနသဟ နဝင် သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ'ဆို၍ တောင်းခြင်းသာ ထူး၏။ သိက္ခာပုဒ်ခံယူဆောက် တည်ရာ၌ 'ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ' ဆောက်တည်ပြီးနောက် နောက်ဆုံး (၉)ပါးမြောက်တွင် 'ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ'ဟု နှုတ်အားဖြင့် ပဋိညာဉ် အဓိဋ္ဌာန်ပြုရမည်။

ထို(၉)ခုမြောက် အင်္ဂါ၏အနက်မှာ "ယထာဗလံ – စွမ်းနိုင် သလောက်၊ မေတ္တာသဟဂတေန–မေတ္တာနှင့်တကွဖြစ်သော၊ စေတသာ –စိတ်ဖြင့်၊ သဗ္ဗာဝန္တံ–အလုံးစုံသတ္တဝါအပေါင်းရှိသော၊ လောကံ– သတ္တလောကကို၊ ဖရိတွာ–ပြန့်နှံ့စေ၍ (ဝါ) ဖြန့်၍၊ ဝိဟရာမိ– နေထိုင်ပါမည်"ဟု ဖြစ်သည်။ "စွမ်းနိုင်သမျှ မေတ္တာစိတ်ဖြင့် သတ္တဝါ အပေါင်းအပေါ်၌ ဖြန့်၍ နေပါမည်"ဟု ဆိုလိုပေသည်။ ယခုကာလ သံဃာတော်များ ချပေးနေကြသည့်အတိုင်း "မေတ္တာ သဟ ဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ"ဟု ဆိုလိုကလည်း ဆိုနိုင်ပါသည်။ သို့ရာတွင် မေတ္တာဘာဝနာ ဖြစ်သည့် အတွက် သမာဓိယာမိဟု မဆိုဘဲ 'ဖရိတွာဝိဟရာမိ'ဟုဆိုလျှင် ဘုရား ဟော ပါဠိတော်နှင့်ညီ၍ ပိုကောင်းပါသည်။

## ဆရာတော်ဘုရားကြီးများ၏ အယူအဆများ

အမှန်ဆိုရလျှင် ဤနဝင်ဥပုသ်သီလကား ရှစ်ပါးသီလတွင် 'မေတ္တာပို့'အင်္ဂါတစ်ပါး ထပ်ဖြည့်ထည့်ထားခြင်း ဖြစ်သည်။ ဤသီလ တွင် ထူးဆန်းသည်မှာ ရှေ့အင်္ဂါရှစ်ပါးက သီလကုသိုလ်မျိုးဖြစ်၍ နောက်ဆုံးအင်္ဂါက မေတ္တာပို့ ဖြစ်သဖြင့် သမထဘာဝနာ ကုသိုလ်မျိုး ဖြစ်သည်။ ဤကဲ့သို့ သီလကုသိုလ်၊ ဘာဝနာကုသိုလ် နှစ်မျိုးကွဲပြား နေသည့်အတွက် သီလခံယူဆောက်တည်ရာတွင် ဆရာတော်ဘုရား

ကြီးများ အယူအဆ ကွဲပြားကြပါသည်။

ပရမတ္ထသရူပအနုဝဏ္ဏနာ ကျမ်းပြုဆရာတော်၊ မင်းကွန်းတိပိဋက ဓရ ဆရာတော် စသည့် ဆရာတော်ဘုရားကြီးများက "နဝင်္ဂုပေါသထ သုတ်၌ ရိုးရိုးရှစ်ပါးသီလကို ဆောက်တည်ပြီး မေတ္တာတရားကို ပွားများနေရမယ်ဟု မြတ်စွာဘုရား ဟောကြားတော်မူလိုရင်း ဖြစ် သည်။ ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်းပြီး မေတ္တာတရားကို ပွားများနေသူသည် နဝင်္ဂဥပုသ်သီလကို ကျင့်သုံးသူ ဖြစ်ပါတော့၏။ မေတ္တာကား ဘာဝနာတရားဖြစ်၏။ သီလမှာ ဆောက်တည်ရမည့် တရားဖြစ်၏။ ဘာဝနာဆိုသည်မှာ ဆောက်တည်ရသည့်တရားမျိုး မဟုတ်၊ ပွားများရသည့်တရားမျိုးသာ ဖြစ်၏။ ထို့ကြောင့် နဝင်္ဂဥပုသ် ကို စောင့်သုံးလိုသူသည် မေတ္တာအတွက် သိက္ခာပုဒ်တစ်ခု ပြုလုပ် ဆောက်တည်စရာ မလိုပေ။ ရိုးရိုးရှစ်ပါးသီလကို ခံယူပြီးနောက် မေတ္တာတရားကို စွမ်းနိုင်သလောက် ပွားများအားထုတ်နေလျှင် အင်္ဂါ ကိုးပါးရှိသည့် နဝင်္ဂဥပုသ်သီလကို စောင့်သုံးသည်ပင်ဖြစ်ကြောင်း ကောင်းစွာမှတ်သားရမည်"ဟု မိန့်ကြားတော်မူကြသည်။

မျက်မှောက်ကာလ၌မူ နဝင်္ဂဥပုသ်သီလ ဆောက်တည်သည့်အခါ ဆရာတော် သံဃာတော်များက "အဟံဘန္တေ တိသရဏေနသဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ" စသည်ဖြင့် သီလတောင်းကို ချပေးတော်မူကြပြီး နောက်ဆုံးတွင် မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ"ဟု အနက်နှင့် တကွ ချပေးကာ ရှေးအစဉ်အလာအတိုင်းပင် မေတ္တာကို သိက္ခာပုဒ် တစ်ပါးလုပ်ပြီး ဆောက်တည်စေပါသည်။ ဤကဲ့သို့ နဝင်္ဂဥပုသ်သီလ ခေါ် ကိုးပါးသီလကို ဆောက်တည်သည့်နေရာတွင် အယူအဆနှစ်မျိုး ကွဲကြသည်။

မေတ္တာသည် သီလမဟုတ်၊ ဘာဝနာတရားမျိုးဖြစ်၍ သိက္ခာပုဒ် တစ်ခုအနေဖြင့် မသတ်မှတ်နိုင်သော်လည်း 'နဝင်္ဂုပေါသထသုတ်'

ပါဠိတော်၌ မေတ္တာကို အင်္ဂါတစ်ပါးအဖြစ်ဖြင့် သတ်မှတ်တော်မူကာ 'နဝဟိ သိက္ခပဒေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော' စသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူထားသည့်အတွက် "အပရံဘန္တေ တိသရဏေနသဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ"စသည်ဖြင့် သီလတောင်းကောင်းသည်ဟု ယူဆပါသည်။ သီလတောင်းတွင် အင်္ဂါ(၉)ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို ပေးရန် တောင်းပါသည်ဟု ဆိုထားသည့်အတိုင်း အင်္ဂါကိုးပါးပြည့်အောင် ထည့်ဆိုသင့်သည်ဟု ထင်ပါသည်။

ထိုသို့ဆိုရာ၌ ပါဏာတိပါတ သိက္ခာပုဒ် စသည်တို့ကဲ့သို့ သီလ သိက္ခာပုဒ် တစ်ခုမဟုတ်သည့်အတွက် သီလသိက္ခာပုဒ်များနှင့် ကွဲပြားသွားအောင် 'ဝိဟရာမိ သမာဒိယာမိ' (နေထိုင်ခြင်းကို ဆောက်တည်ပါ၏)ဟု မဆောက်တည်ဘဲ အင်္ဂါတစ်ပါးအနေဖြင့် ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း "ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံဖရိတွာ ဝိဟရာမိ"ဟု နှုတ်ပင့်ညာဉ် အဓိဋ္ဌာန်ပြုကောင်းပါသည်။ ဤ'ယထာဗလံ'စသော နှုတ်ပင့်ညာဉ် အဓိဋ္ဌာန်ပြုပါဠိများကား နဝင်္ဂုပေါသထသုတ် ပါဠိတော်နှင့် ညီနိုင်သမျှညီအောင် အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး စီမံထားသော ပါဠိဝါကျဖြစ်သည်။

ဤနဝင်္ဂဥပုသ်သီလ (ကိုးပါးသီလ)၌ မေတ္တာကို ထည့်ပြီး ဘုရား ဟောတော်မူခြင်းသည် ထိုအချိန်အခါက ဥပုသ်သည်တို့၏ အဇ္ဈာသယ အလိုကျအောင် ကျွတ်ထိုက်သည့် ဝေနေယျသတ္တဝါများကို ငဲ့ပြီး ဟောတော်မူခြင်းဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထား၏။ ထို့ကြောင့် မင်းကွန်းတိပိဋကရေ ဆရာတော် စသော ဆရာတော်ကြီးများ၏ အယူအဆအတိုင်း "ရှိးရှိးရှစ်ပါးသီလကို ခံယူဆောက်တည်ပြီးနောက် မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများနေလျှင်လည်း နဝင်္ဂသီလကို စောင့်သုံးရာ ရောက်ပါသည်။

ထိုသို့မဟုတ်ဘဲ ရှေးအစဉ်အလာအတိုင်း ယခု ခံယူနေကြသကဲ့

သို့ပင် အင်္ဂါတစ်ပါးအနေဖြင့် ဖော်ပြခဲ့သည့်အတိုင်း ရွတ်ဆို၍ နှုတ်ပဋိညာဉ် အဓိဋ္ဌာန်ပြုကောင်းပါသည်။ သီလတွင် ထည့်သွင်းဟောထားသဖြင့် နှုတ်မြွက်ရွတ်ဆိုခြင်းကို ပြုရမည်သာတည်း။ (ဝစိသေဒေါကာ တဗ္ဗောယေဝ)ဟူသော အဋ္ဌကထာအဆိုအမိန့်နှင့် ညီညွတ်သည့်အပြင် နှုတ်ပဋိညာဉ် အဓိဋ္ဌာန်ကုသိုလ် ပိုရနိုင်ပါသည်။

မေတ္တာသည် ပါဏာတိပါတ စသော သိက္ခာပုဒ်များကဲ့သို့ သိက္ခာပုဒ် မဟုတ်သဖြင့် ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏ဟု ဆောက်တည်ရာ၌ တစ်နေ့လုံး ရှောင်ကြဉ်နိုင်သလို" မေတ္တာဖြင့် နေပါမည်ဟု နှုတ်ပဋိညာဉ်ပြုထားသူသည် တစ်နေ့လုံး မေတ္တာစိတ်ဖြင့် မနေနိုင်၊ ထို့ကြောင့် "ယထာဗလံ=စွမ်းနိုင်သလောက်"ဟု မဟာဂန္ဓာရုံ ဆရာတော်ကြီး ထည့်ထားခြင်းဖြစ်သည်။ သီလကို စောင့်အပ်၏ (သီလံရက္ခိတဗ္ဗံ)၊ ဘာဝနာကို ပွားများအပ်၏ (ဘာဝနံ ဘာဝေတဗ္ဗံ)ဟု ဟောကြားတော်မူသည့်အတိုင်း 'ဝိဟရဏံ သမာဒိယာမိ'ဟု မဆိုဘဲ ပါဠိတော်နှင့်ညီအောင် 'ဝိဟရာမိ'ဟု ဆိုရပါမည်။

မေတ္တာသည် သီလသိက္ခာပုဒ်တစ်ခု မဟုတ်သော်လည်း မေတ္တာကို အမွှမ်းတင်လျက် စောင့်သုံးသောဥပုသ်သည် ရိုးရိုးဥပုသ်ထက် အကျိုးများသောကြောင့် မေတ္တာဘာဝနာအင်္ဂါပါ ထည့်၍ နဝင်္ဂဥပုသ်သီလကို ဘုရားလက်ထက်တော်မှာပင် အချို့ပုဂ္ဂိုလ်များ စောင့်သုံးကြပေသည်။

ဤနဝင်္ဂဥပုသ်ခေါ် ကိုးပါးသီလကို စောင့်သုံးသော ဥပုသ်သည်များသည် သီလဆောက်တည်ပြီး စားဖွယ်၊ သောက်ဖွယ်များကို စားသောက်ပြီးသည့်အခါ ဆိတ်ငြိမ်ရာအရပ်တွင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပွားများမှသာ နဝင်္ဂဥပုသ်ကို ကျကျနန စောင့်သုံးရာရောက်၏။ ယခုတွေ့နေရသည်မှာ နဝင်္ဂဥပုသ်သီလကို ခံယူပြီးနောက် အိမ်ရောက်ကြသည့်အခါ မေတ္တာကမ္မဋ္ဌာန်းကို မစီးဖြန်းနိုင်ကြဘဲ သားသမီး စသူတို့ကို ဆူပူကြိမ်းမောင်းခြင်း စသည်ဖြင့် ဒေါသထွက်ကြရ၏။ မိမိနှင့် မသင့်မြတ်သူ စသည့် အနိဋ္ဌာရုံများနှင့် တွေ့ကြုံရပြီး ဒေါသဖြစ်ကြရ

သည်။ မေတ္တာကား ဒေါသနှင့် ဆန့်ကျင်ဘက်တရားတည်း။

ထို့ကြောင့် အမှတ်မထင် ဒေါသဝင်လာလျှင် နှုတ်ပဋိညာဉ်ပေးထားမှု မပျက်ရအောင် "စွမ်းနိုင်သမျှ မေတ္တာနှင့် နေပါမယ်"ဟု "ယထာဗလံ"ပုဒ်ကိုလည်း ထည့်သွင်းထားခြင်းဖြစ်သည်။

ဤကိုးပါးသီလကို ဆောက်တည်ရာတွင် မေတ္တာအင်္ဂါနှင့် ပတ်သက်၍ "တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍ (ဧကံဒိသံ ဖရိတွာ) စသည့် စကားရပ်များကို ထည့်သွင်းဟောကြားတော်မူထားသည့်အတွက် မေတ္တာပွားများသည့်နေရာမှာ အရပ်မျက်နှာကို မမှတ်ဘဲ ပွားများခြင်းထက် အရပ်မျက်နှာကို မှတ်ပြီး ပွားများခြင်းက ပိုလွန်ပြီး ထိရောက်နိုင်ရကား အရပ်ဆယ်မျက်နှာကို မေတ္တာပွားများသောအခါ မိမိလိုရာ အရပ်မျက်နှာမှစပြီး တစ်ရပ်စီ၊ တစ်ရပ်စီ ဆယ်မျက်နှာပြည့်အောင် သတိမှတ်အာရုံပြုကာ ပွားသင့်ကြောင်း အထူးမှတ်ယူရာ၏။

## မေတ္တာကိုသာ အင်္ဂါတစ်ခုအဖြစ် ဟောရပုံ

ဗြဟ္မဝိဟာရတရား လေးပါးအနက် မေတ္တာကိုသာ အထူးထုတ်နုတ်ပြီး ရှစ်ပါးသီလနှင့် တွဲစပ်ကာ နဝင်္ဂဉပုသ်သီလအနေဖြင့် ဟောကြားတော်မူခြင်းမှာ မေတ္တာတရားက အကျိုးအာနိသင် ကြီးမားသည့်အတွက် ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကာဒသကနိပါတ်၊ မေတ္တသုတ်မှာ "အိပ်, နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှုအကျိုးတည်း"ဟု မေတ္တာပွားကျိုး (၁၁)မျိုးကို ဟောကြားထားပေသည်။ စကြာမင်းလောင်းများသည် စကြာရတနာရောက်လာစေရန်အတွက် ဤနဝင်္ဂဉပုသ်သီလကို စောင့်သုံးရကြောင်း သီလဖလုပ္ပတ္တိကျမ်း၌ မိန့်ဆိုထား၏။

## ဆယ်ပါးသီလ

ဆယ်ပါးသီလသည် ရှင်သာမဏေတို့ အမြဲဆောက်တည်ထားရသည့် သီလဖြစ်သည့်အတွက် ရှင်သာမဏေများအဖို့ 'နိစ္စသီလ'ဖြစ်၏။ လူများမှာမူ ဥပုသ်နေ့မှာဖြစ်စေ၊ အခြားနေ့များမှာဖြစ်စေ၊ ဆယ်ရက်၊ လဝက်၊ တစ်လ၊ နှစ်လ စသည်ဖြစ်စေ ရံဖန်ရံခါ ဆောက်တည်ကြရသည့်သီလ ဖြစ်သည့်အတွက် လူများအဖို့ နိစ္စသီလမဟုတ်ဘဲ 'နိယမသီလ'ဖြစ်သည်ဟု ကျမ်းဂန်များ၌ ပြဆိုထား၏။ သီလတောင်းမှာ "အဟံဘန္တေ တိသရဏေနသဟ ဒသဂဟဋ္ဌသီလံ ဓမ္မံယာစာမိ" စသည်ဆိုပြီး တောင်းရ၏။

သိက္ခာပုဒ် ဆောက်တည်ရာ၌ ပါဏာတိပါတ သိက္ခာပုဒ်မှ ဝိကာလဘောဇနသိက္ခာပုဒ်အထိ သိက္ခာပုဒ် (၆)ပါးကို ရှစ်ပါးသီလအတိုင်း ဆောက်တည်ရ၏။ ထူးခြားသည်မှာ ရှစ်ပါးသီလ၌ သိက္ခာပုဒ်တစ်ခုတည်း ဆောက်တည်ရသည့် နစ္စဂီတ စသည်တို့ကို–

( ၇) နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

( ၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–ဟု သိက္ခာပုဒ်နှစ်ခုခွဲပြီး ဆောက်တည်ရခြင်း ဖြစ်ပါသည်။

## နစ္စဂီတနှင့် မာလာဂန္ဓတို့ တွဲရ၊ ခွဲရပုံ

ရှစ်ပါးသီလ၌ နစ္စဂီတနှင့် မာလာဂန္ဓ နှစ်ပါးတို့ကို တစ်ပါးတည်း တွဲဖက်ပြီး ခံယူဆောက်တည်ရခြင်းသည် 'နစ္စဂီတ'တို့ကလည်း ကာမဂုဏ်အရာ၌ လျှပ်ပေါ်သည် အမှုကိစ္စ 'မာလာဂန္ဓ'တို့ကလည်း ကာမဂုဏ်အရာ၌ လျှပ်ပေါ်သည့်အမှုကိစ္စတွေချည်းဖြစ်၍ ဥပုသ်သီလ စောင့်သုံးခြင်းနှင့်ဖြစ်စေ၊ ဘာဝနာပွားများသည့် ကမ္မဋ္ဌာန်းအလုပ်နှင့်ဖြစ်စေ ဆန့်ကျင်ဘက်ချင်း တူကြသောကြောင့် သိက္ခာပုဒ်တစ်ပါးတည်း

တွဲဖက်ဆောက်တည်ရခြင်း ဖြစ်သည်။

ဆယ်ပါးသီလ ဆောက်တည်ရာ၌မူ နစ္စဂီတဆိုသည့် ကခုန်တီးမှုတ်ခြင်းသည် ကာယကံ၊ ဝစီကံ၊ ကာယဒွါရ၊ ဝစီဒွါရဖြစ်၍ ကိုယ်တိုင်ပြုလုပ်ခြင်း သာဟတ္ထိကပယောဂ၊ သူများကို ကခုန်တီးမှုတ်စေခြင်း အာဏတ္တိကပယောဂများနှင့် ဆက်ဆံ၏။ မာလာဂန္ဓ ဆိုသည့် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း စသည်တို့ကတော့ ကိုယ်နှင့်ပြုလုပ်ရသည့် ကာယကံ ကာယဒွါရ ကိုယ်တိုင်ပြုလုပ်ရသည့် သာဟတ္ထိက ပယောဂများနှင့်သာ ဆက်ဆံ၏။ ဤကဲ့သို့ တစ်အုပ်စုနှင့်တစ်အုပ်စု "ကံ၊ ဒွါရ၊ ပယောဂ"တို့ ကွဲပြားခြားနားသည့်အတွက် သိက္ခာပုဒ်နှစ်ပုဒ်ခွဲပြီး ဆောက်တည်ရခြင်းဖြစ်သည်ဟု ပရမတ္ထသရုပအနုဝဏ္ဏနာကျမ်း၌ မိန့်ဆိုထားသည်။

ရတနာ့ဂုဏ်ရည်ကျမ်း၌မူ နစ္စဂီတအရ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု သဘောချင်း ဆက်သွယ်နေကြ၏။ ထို့ကြောင့် ဤအမှုများကို ရှောင်ကြဉ်ရန် သိက္ခာပုဒ် တစ်ပါးထားရ၏။ နစ္စဂီတ သိက္ခာပုဒ်၌ ပါဝင်သော အမှုများနှင့် မာလာဂန္ဓသိက္ခာပုဒ်၌ ပါဝင်သော အမှုများကား တစ်ခုနှင့်တစ်ခု သဘောချင်း မဆက်သွယ်လှ။ ထို့ကြောင့် ဆယ်ပါးသီလတွင် သိက္ခာပုဒ် 'နှစ်ပုဒ်ခွဲ'ပြီး ဆောက်တည်ကြရသည်။ အမှန်စင်စစ် နစ္စဂီတနှင့် မာလာဂန္ဓတို့ကို သိက္ခာပုဒ် နှစ်ပါးအဖြစ် ခွဲခြားသင့်၏။ သို့သော် ရှစ်ပါးသီလ၌ကား ရှေးရိုးစဉ်လာ ထုံးစံအားဖြင့် ၉-ပါး မဟုတ်၊ ၈-ပါးသာဖြစ်၍ ထိုရှစ်ပါးတွင် အားလုံးပါဝင်ဖို့ရန် နစ္စဂီတနှင့် မာလာဂန္ဓတို့ကိုပေါင်း၍ ဆောက်တည်ရခြင်းဖြစ်သည်ဟု အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ကြံဆထားသည်။

လုံးတော်ဆရာတော်ဘုရားကြီးကမူ ရှစ်ပါးသီလမှာ လောကီလူသားတို့အဖို့ ရာဂသာပြဋ္ဌာန်းခြင်း အကြောင်းရင်းဖြစ်သည့် အကုသိုလ်စေတနာ တစ်မျိုးကိုသာ ရည်ရွယ်တော်မူပြီး နစ္စဂီတ သိက္ခာပုဒ်နှင့်

မာလာဂန္ဓသိက္ခာပုဒ်တို့ကို တစ်ပါးတည်း၊ တစ်ခုတည်း ပြုတော်မူခြင်း ဖြစ်၏။ ဆယ်ပါးသီလမှာမူ မြူးထူးပျော်ပါး ကစားလိုသည့် ကီလန စေတနာကို ရည်ရွယ်ပြီး မာလာဂန္ဓသိက္ခာပုဒ်တစ်ခု အပေါင်းသိက္ခာပုဒ် နှစ်ခု ခွဲခြားပြတော်မူသည်ဟု မိန့်ဆိုတော်မူထား၏။

ဤကဲ့သို့ နစ္စဂီတနှင့် မာလာဂန္ဓတို့ကို တွဲပြီး ရှစ်ပါးသီလဖြစ်ပုံ၊ ခွဲပြီး ဆယ်ပါးသီလဖြစ်ပုံတို့နှင့် ပတ်သက်၍ ဆရာတော်ဘုရားကြီးများ အသီးသီး ယုတ္တိပြ၍ မိန့်ဆိုတော်မူထားကြပေသည်။

## ဇာတရူပသိက္ခာပုဒ်အဖွင့်

ဆယ်ပါးသီလတွင် ရှစ်ပါးသီလထက် ပိုလာသည့် သိက္ခာပုဒ်မှာ ဆယ်ပါးမြောက်ဖြစ်သော 'ဇာတရူပရဇတ' စသည့် သိက္ခာပုဒ်ဖြစ်၏။ 'ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ'ဟု ဆိုပြီး ဆောက်တည်ရသည်။ တိုက်ရိုက်မြန်မာပြန်မှာ ရွှေ၊ ငွေ၊ ငွေစက္ကူ၊ ပိုက်ဆံတို့ကို ကိုင်ခြင်း၊ ခံယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ ဖြစ်၏။ အတိုချုပ်မှာ ရွှေ၊ ငွေ၊ ပိုက်ဆံတို့ကို ကိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဖြစ်သည်။

(ဇာတရ–ရွှေ၊ ရဇတ–ငွေ၊ ပဋိဂ္ဂဟဏာ–ခံယူခြင်း၊ ကိုင်ခြင်း)

ဇာတရူပအရ ရွှေတုံး ရွှေခဲသာမက ရွှေနှင့်ပြုလုပ်ထားသည့် ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် စသည့် ရွှေထည်ပစ္စည်းအားလုံး ကိုပင် မခံယူရ၊ မကိုင်ရပေ။ ရဇတအရ ငွေတုံး၊ ငွေခဲ၊ ငွေထည်ပစ္စည်း သာမဟုတ်၊ နိုင်ငံတော်အစိုးရက ရောင်းဝယ်မှုမှာ သုံးစွဲခွင့်ပြုထားသည့် ကျပ်ပြား၊ ငါးမူးစေ့၊ မတ်စေ့၊ ငွေစက္ကူ၊ ချိပ်၊ သစ်သား၊ ခဲပြား အားလုံးတို့ကိုလည်း မခံယူရ၊ မကိုင်ရချေ။ ပဋိဂ္ဂဟဏာ–အရ လက်ဖြင့် ကိုင်ခြင်း၊ ခံယူခြင်းသာမဟုတ် အိတ်၊ လက်ကိုင်ပဝါ၊ ယပ် စသော ပစ္စည်းတို့ဖြင့်လည်း မကိုင်ကောင်း၊ မခံယူရပါ။

ဤသိက္ခာပုဒ်နှင့်ပတ်သက်၍ ကိုယ်တိုင်ကိုင်ခြင်း (ဉဂ္ဂဟ)၊ မိမိ

အတွက် သူများ ကို ကိုင်ခိုင်းခြင်း (ဥဂ္ဂဟာရဏ)ဘဏ် စသည်တို့မှာ ထားသည့် ရွှေ၊ ငွေ၊ အနီးမှာထားသည့် ရွှေ၊ ငွေတို့ကို သာယာခြင်း၊ (ဥပနိက္ခိတ္တသာဒိယန)၊ ဤရွှေငွေဖြင့် ဘယ်ဟာဝယ်လိုက်၊ ဘယ်လောက်ပေးလိုက်၊ သေတ္တာထဲမှာထားလိုက်၊ သေတ္တာထဲမှလုတ်လိုက်၊ ယူလိုက် စသည်ဖြင့် စီမံခြင်း၊ (ဒဗ္ဗိစာရဏ) သူများပိုင် ရွှေ၊ ငွေကိုပင် သာယာသည့်စိတ်ဖြင့် ထိပါးသုံးသပ်ခြင်း (အာမသန)ဟူသော ရှောင်ကြဉ်ဖွယ်ငါးမျိုးကိုလည်း ကျမ်းဂန်တို့၌ ပြဆိုထား၏။ သို့ဖြစ်၍ ဆယ်ပါးသီလ စောင့်ထိန်းကြသူတို့မှာ ထိုငါးပါးသောအမှုတို့မှ လွတ်ကင်းလျှင် ပြီး၏။ မူလကရှိနေသော ရွှေ၊ ငွေ ရတနာတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ (ငါ့ရွှေ၊ ငါ့ငွေ)ဟု သာယာသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ် မပျက်ဟု သီလဝိနိစ္ဆယကျမ်း တွင် လယ်တီဆရာတော်ဘုရားကြီး မိန့်ဆိုထား၏။

ထို့ကြောင့် ဆယ်ပါးသီလ စောင့်ထိန်း သည့် သူတော်စင်သည် သီလမခံယူ မဆောက်တည်မီကပင် မိမိမှာရှိသည့် ရွှေ၊ ငွေများကို ယုံကြည်လောက်သူထံ အပ်နှံထားရမည်။ ဆယ်ပါးသီလ စောင့်ထိန်းနေသည့်အတောအတွင်း၌ ရွှေ၊ ငွေကို မကိုင်ရ။ "ဘယ်မှာထားလိုက်ပါ၊ သိမ်းထားလိုက်ပါ"ဟုလည်း မပြောရ၊ အဲဒီရွှေ ငွေနှင့် ဘာဝယ်လိုက်ပါဟုလည်း မပြောရ။ မိမိအသုံးလိုသည့်ပစ္စည်းကိုသာ "ဘာလိုချင်တယ်၊ ဘာစားချင်တယ်" စသည်ဖြင့်ကား ပြောကြားကောင်း၏။

သူတစ်ပါးက ရွှေ၊ ငွေတို့ကို လာပေးလျှင်လည်း ကိုယ်တိုင်လည်း မယူရ။ သူတစ်ပါးကိုလည်း မယူခိုင်းရ။ သို့သော် နားလည်သူ တစ်ဦးဦးက ယူထားလျှင်မူ မိမိမှာ အပြစ်မရှိပါ။ စာတိုက်မှ မိမိနာမည်ဖြင့် မန်းနီးအော်ဒါလာလျှင် ငွေရကြောင်းလက်မှတ် ထိုးရုံမျှ အပြစ်မရှိပါ။ လက်မှတ်ထိုးပြီးနောက် စာပို့ပေးသည့်ငွေကို ကိုယ်တိုင်လည်း မကိုင် မယူရ၊ သူများကိုလည်း မယူခိုင်းရ။ ပါနပ်လိမ္မာသိနားလည်သူက ယူထားလျှင်မူ မိမိမှာ အပြစ်မရှိပါ။ ဆယ်ပါးသီလ

စောင့်ထိန်းနေစဉ် ရွှေ၊ ငွေကိုသာမက ပတ္တမြား၊ စိန်၊ ကြောင်မျက်ရွဲ၊ ပုလဲ စသည့် ရတနာများကိုလည်း မကိုင်ကောင်း၊ မယူကောင်းပေ။

## ဤသိက္ခာပုဒ်လာ အင်္ဂါများ

ဤဇာတရူပရဇတသိက္ခာပုဒ်၌ အင်္ဂါသုံးပါး ရှိ၏။ ထိုအင်္ဂါများမှာ–

၁။ ရွှေ၊ ငွေ စသော ရတနာပစ္စည်းများဖြစ်ခြင်း၊
၂။ မိမိကိုရည်ညွှန်းပေးကမ်း လှူဒါန်းခြင်း၊
၃။ ကိုင်ခြင်း၊ ခံယူခြင်း စသည်တို့တွင် တစ်ပါးပါးဖြစ်ခြင်းတို့ ဖြစ်သည်။ ဤအင်္ဂါသုံးပါးညီလျှင် သိက္ခာပုဒ်ပျက်သည်။

**လင်္ကာ**။ ။ ရွှေ၊ ငွေ အသပြာ၊ ကိုယ့်တွက်တာဟု ခံကာယူသည် အင်သုံးလီ၊ ပျက်ပြီဇာတရူပ။

## သီလအယုတ်၊ အလတ်၊ အမြတ်

ဤဆယ်ပါးသော သိက္ခာပုဒ်တို့ကို အားနည်းယုတ်ညံ့သည့် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်လျှင် ထိုသီလသည် ညံ့သော (ဟိန)သီလမည်၏။ အားအလယ် အလတ်ရှိသော စိတ်၊ ဆန္ဒ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်လျှင် အလတ်စား (မဇ္ဈိမ)သီလမည်၏။ အားကောင်းထက်သန်သော စိတ် ဆန္ဒ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဆောက်တည်လျှင် အမြတ်စား (ပဏီတ)သီလမည်၏။

တစ်နည်းအားဖြင့် တဏှာ၊ အာန၊ ဒိဋ္ဌိတို့ခြံရံသော သီလသည် အညံ့စားဖြစ်၏၊ တဏှာ၊ မာန၊ ဒိဋ္ဌိကင်းသော သီလသည် အလတ်စားသီလဖြစ်၏၊ ပညာနှင့်ယှဉ်သော သီလသည် အမြတ်စားဖြစ်၏ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။

## အကျိုးနှင့် အပြစ်

ဤရှစ်ပါး၊ ဆယ်ပါးသော သိက္ခာပုဒ်တို့တွင် ပါဏာတိပါတ

စသော ရှေ့သိက္ခာပုဒ် ငါးပါ တို့ကား အမှန်စင်စစ် အကုသိုလ်စိတ်ကြောင့် ဖြစ်သည့်အတွက် လောကသဘာဝအားဖြင့် အပြစ်ရှိသည့် (လောကဝဇ္ဇ) သိက္ခာပုဒ်များ ဖြစ်ကြ၏၊ ဝိကာလဘောဇန စသော နောက်သိက္ခာပုဒ်တို့မှာမူ ဘုရားရှင် ပညတ်တော်ကြောင့် အပြစ်ဖြစ်သည့်အတွက် ပညတ်တော်အားဖြင့် အပြစ်ရှိသည့် (ပဏ္ဏတ္တိဝဇ္ဇ) သိက္ခာပုဒ်များ ဖြစ်ကြသည်ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ပင် မိန့်ဆိုထား၏။ ထို့ကြောင့် ရှစ်ပါး၊ ဆယ်ပါး သီလတို့တွင် ပါဏာတိပါတ စသော ရှေ့သိက္ခာပုဒ်ငါးပါး ပျက်ရာ၌သာလျှင် အပါယ်လားကြောင်း (အပါယဂမနိယ)ကံ မြောက်သည့် အပါယ်ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်၏။ ဝိကာလဘောဇန စသော နောက်သိက္ခာပုဒ်များ ပျက်ရာ၌ကား ပဏ္ဏတ္တိဝဇ္ဇတို့ဖြစ်၍ အပါယ်လားကြောင်း (အပါယဂမနိယ)ကံ မမြောက်ချေ။ မှန်၏။ ထေရဂါထာပါဠိတော်၌ "ဝိကာလ ဘောဇနာ သိက္ခာပုဒ်ကို စောင့်သုံးခြင်းကြောင့် ငတ်မွတ်သော ဘေးကင်းခြင်း၊ မွန်မြတ်သောဘောဇဉ်ကို မပြတ်သုံးဆောင်ရခြင်း အကျိုးရှိ၏၊ ထိုသိက္ခာပုဒ်ကို လွန်ကျူးခြင်းကြောင့် ငတ်မွတ်သောဘေး ကြုံရခြင်း၊ ကြမ်းတမ်းယုတ်ညံ့သော ဘောဇဉ်တို့ကို သုံးဆောင်ရခြင်း အပြစ်ရှိ၏" ဟု ဟောတော်မူသောကြောင့် နောက်သိက္ခာပုဒ်များ ပျက်ရာ၌ ပဝတ္တိအကျိုးမျှသာ အပြစ်ရောက်၏။ ပဋိသန္ဓေအကျိုး မပေးနိုင်ဟု မှတ်ထားရမည်ဟုမှတ်။ ပရမတ္ထ သရူပအနုဝဏ္ဏနာကျမ်း၌ မိန့်ဆိုတော်မူထား၏။

## လူများ ဆယ်ပါးသီလ စောင့်ကောင်းသလား

လူများ ဆယ်ပါးသီလ စောင့်ကောင်း၊ မစောင့်ကောင်းနှင့် ပတ်သက်၍ ဆရာတော်ကြီးများ သြဝါဒကွဲပြားကြပါသည်။ အချို့ဆရာတော်များက သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ပြီး အမြဲစောင့်နိုင်ပါမှ လူများ ဆယ်ပါးသီလ စောင့်တည်ကောင်းသည်ဟု ဆိုကြသကဲ့သို့

မိမိပိုင် ရွှေ၊ ငွေ ဥစ္စာရတနာများကို ဃဋီကာရ အိုးထိန်းသည်ကဲ့သို့ အာလယပြတ် စွန့်ပစ်နိုင်မှ ဆယ်ပါးသီလ စောင့်ကောင်းသည်ဟု အချို့ဆရာတော်များက မိန့်ကြားကြ၏။

သို့ရာတွင် မိမိပိုင် ရွှေ၊ ငွေ ဥစ္စာများကို လုံးဝမစွန့်ပစ်နိုင်ဘဲ ယုံကြည်ရာသူထံ အပ်နှံထားရုံမျှဖြင့် ဆယ်ပါးသီလကို စောင့်သုံးကောင်းကြောင်း ဆရာတော်အများစုက ဆုံးဖြတ်တော်မူကြပါသည်။ မှန်ပါသည်။ လူများစောင့်သုံးကြရမည့် 'ဂဟဋ္ဌသီလ'အရကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "ဥပါသကာ၊ ဥပါသိကာမ"တို့အတွက် အမြဲစောင့်ထိန်းရမည့် ငါးပါးသီလ၊ စွမ်းနိုင်ခဲ့ပါလျှင် ဆယ်ပါးသီလ၊ ဥပုသ်ရှစ်ပါးသီလတို့သည် လူတို့ကျင့်သုံးရမည့် 'ဂဟဋ္ဌသီလ' (လူသီလ)ဖြစ်သည်ဟု အတိအကျ ပြဆိုထား၏။

ထို့ပြင် ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်လျှင် လွန်ခဲ့သည့် (၉၂)ကမ္ဘာထက် ဖုဿဘုရားရှင် ပွင့်တော်မူခဲ့၏။ ထိုဘုရားလက်ထက်တွင် ဘုရားရှင်၏ညီတော် မင်းသားသုံးယောက်တို့သည် သူတို့ပိုင်ရွှေ၊ ငွေ ရတနာ စသည့် စည်းစိမ်များကို ဘဏ္ဍာတော်မင်းကြီးနှင့် အခွန်ဝန်တို့အား လွှဲအပ်ပြီး အရပ်ရပ်ကိစ္စများကို မှာကြားကာ ကျွန်တော်ရင်း တစ်ထောင်နှင့်အတူ တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်ထိန်း၍ ကျောင်းတော်မှာပင် နေကြကြောင်း ကျမ်းဂန်၌လာသည်။

အရှင်အာနန္ဒာအလောင်းဖြစ်သည့် ပဒုမ္မရာဘုရားရှင်၏ ညီတော် သုမနမင်းသားသည် ဝါတွင်းသုံးလပတ်လုံး အဝတ်နှစ်ထည်မျှဖြင့် ဆယ်ပါးသီလ ဆောက်တည်ကျင့်သုံးကြောင်း သုတ်မဟာဝါအဋ္ဌကထာ စသည်တို့၌တွေ့ရ၏။ ဤဝတ္ထုသာဓကအကြောင်းအရာများကို ထောက်ရှုလျှင် လူဝတ်ကြောင်များ ဆယ်ပါးသီလကို ရံခါစောင့်သုံးနိုင်ကြောင်း၊ မိမိပိုင်ရွှေ၊ ငွေ ရတနာ ပစ္စည်းအဖြာဖြာကို အာလယပြတ်စွန့်လွှတ်ဖို့ မလိုကြောင်း ထင်ရှားပေသည်။

ဆယ်ပါးသီလသည် လူများ အမြဲဆောက်တည်ရမည့် ယမ(နိစ္စ)

သီလမျိုးမဟုတ်။ တတ်နိုင်သည့်အခါ တတ်နိုင်သလောက် ရံခါ ဆောက်တည်ရမည့် နိယမသီလမျိုးဖြစ်ကြောင်း ဋ္ဌကထာ၌ ရှိသည်။ "နိစ္စသီလဖြစ်သည့် ငါးပါးသီလ၊ ဥပုသ်သီလဖြစ်သည့် ရှစ်ပါးသီလ၊ နိယမ (ရံခါဆောက်တည်ရသော) သီလဖြစ်သည့် ဆယ်ပါးသီလဟု သုံးမျိုးသုံးစား ခွဲခြားမိန့်ဆိုထားပေသည်။

ထို့ပြင် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဂဟဋ္ဌဝန္ဒနာသုတ်အဖွင့်၌ "ငါးပါးသီလအရ နိစ္စသီလကို ယူရမည်၊ ဆယ်ပါးသီလအရ နိယမသီလကို ယူရမည်"ဟု သံယုတ်ဋီကာ၌ ဖွင့်ဆိုထားသေး၏။ ထို့ကြောင့် ဆယ်ပါးသီလကို ငါးပါးသီလကဲ့သို့ အမြဲဆောက်တည်ဖို့ မလိုဘဲ လူပုဂ္ဂိုလ်များ တတ်နိုင်သမျှ ရက်၊ လ၊ နှစ်တို့မှာ ကျင့်သုံးနိုင်ကြောင်း သိသာထင်ရှားပေသည်။

လူဥပါသကာများ ကျင့်သုံးရသည့် သိက္ခာဆိုသည်မှာ ငါးပါးသီလ၊ ဆယ်ပါးသီလ သိက္ခာများဖြစ်ကြောင်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ မိန့်ဆိုထားသေး၏။ ထို့ကြောင့် ဆယ်ပါးသီလကို လူဝတ်ကြောင်များ တတ်စွမ်းနိုင်သည့်အခါ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ရံခါ ရက်အပိုင်းအခြားအားဖြင့် ဆောက်တည်ကျင့်သုံးကောင်း၏။ ဆောက်တည်ကျင့်သုံးနိုင်၏။

## တစ်ပါးသီလ ရှိသလားတဲ့

သီလကျင့်စဉ်နှင့်ပတ်သက်၍ လူဝတ်ကြောင်များ ဆောက်တည်ကျင့်သုံးကြရမည့် သီလကျင့်စဉ်များကို ငါးပါးသီလမှစ၍ ဆယ်ပါးသီလအထိ လူဝတ်ကြောင်များ ကျင့်သုံးတတ်အောင် ဗုဒ္ဓကျမ်းဂန်လာရှိသည့်အတိုင်း စုံစုံလင်လင် တင်ပြခဲ့ပြီးပေပြီ။

ဤသီလကျင့်စဉ်နှင့် ပတ်သက်၍ အချို့က "ဆရာတို့ ဗုဒ္ဓဘာသာမှာ တစ်ပါးသီလ ရှိသလား"ဟု မေးကြ၏။ ဗုဒ္ဓဘာသာမှာ "တစ်ပါးသီလ၊ နှစ်ပါးသီလ၊ သုံးပါးသီလ၊ လေးပါးသီလ"ဟု ဘုရားဟော

ပါဠိတော်များမှာ မတွေ့ရပါ။ သို့ရာတွင် "တစ်ပါးတတ်နိုင်လျှင် တစ်ပါး၊ နှစ်ပါးတတ်နိုင်လျှင် နှစ်ပါး စသည်ဖြင့် စောင့်သုံးနိုင်ကြောင်း အဋ္ဌကထာကျမ်းများမှာ ဖွင့်ဆိုထားသည့်အတွက် တစ်ပါးသီလ၊ နှစ်ပါး သီလ အဖြစ်ဖြင့် စောင့်ကောင်းပါသည်။

ယခုတင်ပြခဲ့သည့် သီလခန်းမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားက "လူ ဝတ်ကြောင်တွေဟာ အနည်းဆုံး ငါးပါးသီလကို စောင့်ထိန်းသင့်ကြ တယ်။ ငါးပါးသီလ မမြဲရင် အပါယ်လေးဘုံသို့ ကျရောက်သွားနိုင် တယ်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ဥပါသကာ ဗုဒ္ဓ ဘာသာဝင်တစ်ယာက်ဟာ ငါးပါးသီလနဲ့ ပြည့်စုံရမယ်၊ ငါးပါးသီလ မြဲရမယ်"ဟု မဟာဝဂ္ဂသံယုတ်၊ မဟာနာမသုတ်မှာ ဟောကြားတော်မူ ထား၏။ ထို့ထက်ပို၍ ပို၍တတ်နိုင်ပါလျှင် ဥပုသ်နေ့များမှာ ရှစ်ပါး သီလ၊ ကိုးပါးသီလ စသည့် သီလများကို ဆောက်တည်နိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်၊ ဥပေါသထသုတ်၊ နဝင်္ဂပေါသထသုတ်များမှာ ဟောကြားထား၏။ ထို့ကြောင့် ဘုရားဟောကို အလေးထားကာ ငါးပါးသီလက စပြီး ဆယ်ပါးသီလအထိ တင်ပြခဲ့ခြင်း ဖြစ်ပေသည်။

## တစ်ပါးသီလ စောင့်ကောင်းခြင်း

တစ်ပါးသီလ၊ နှစ်ပါးသီလ စသည်ဖြင့် ဘုရားရှင် မဟောကြားခဲ့ သော်လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ သိက္ခာပဒဝိဘင်း အဖွင့်၌ "လူဝတ်ကြောင်များမှာ သီလခံယူပြီးနောက် ကျူးလွန်သည့် သိက္ခာပုဒ် သာ ပျက်၏။ ကျန်သိက္ခာပုဒ်များမပျက်။ အကြောင်းမှာ လူများသည် သီလမမြဲကြ၊ အမြဲစောင့်နိုင်မှ စောင့်ရမည့် သီလ မရှိသည့်အတွက် ကြောင့် ဖြစ်သည်။ စောင့်နိုင်သမျှ သိက္ခာပုဒ်ကိုသာ စောင့်ထိန်းကြ သည်"ဟု မိန့်ဆိုထား၏။ အဓိပ္ပာယ်မှာ ရှင်သာမဏေတို့မှာ ဆယ်ပါး သီလကို အမြဲစောင့်ထိန်းကြရ၏။ သိက္ခာပုဒ် တစ်ပါးပျက်လျှင် ဆယ်ပါးလုံး ပျက်သွားကာ ရှင်သာမဏေ မဟုတ်တော့သည့်အတွက်

ရှင်သာမဏေများ၌ ဆယ်ပါးသီလ အမြဲရှိရသကဲ့သို့ လူဝတ်ကြောင်များ မှာ "သီလရှိမှ လူဖြစ်မယ်၊ သီလမရှိရင် လူမဖြစ်"ဟု အမြဲစောင့်ထိန်းရမည့် သီလမရှိဟု ဆိုလိုပေသည်။

ဤအဋ္ဌကထာ အဆိုအမိန့်အရ လူဝတ်ကြောင်များသည် ဆယ်ပါးသီလကို မဆိုထားနှင့် ငါးပါးသီလကိုပင် တတ်နိုင်သမျှ စောင့်ရမည်၊ ငါးပါးလုံးကို မစောင့်နိုင်ဘဲ တစ်ပါး၊ နှစ်ပါးသာ စောင့်နိုင်လျှင်လည်း ငါးပါးလုံး မပြည့်၍ မစောင့်ကောင်း၊ စောင့်သော်လည်း ကုသိုလ်မရ၊ သီလမဖြစ်ဟု မဆိုနိုင်ပါချေ။ ငါးပါးမပြည့်ဘဲ စောင့်နိုင်သမျှ စောင့်ရာမှာ ကုသိုလ်လည်းရ၏၊ သီလအစစ်လည်း ဖြစ်၏ဟု မှတ်ယူရမည်။

ဆက်၍ဆိုပါဦးမည်။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ "ပရိယန္တပါရိသုဒ္ဓိသီလ" (ပိုင်းခြားဆောက်တည်၍ စင်ကြယ်သောသီလ)ဟူသော ပုဒ်ကို အဋ္ဌကထာဖွင့်ဆိုရာ၌ ပိုင်းခြားဆောက်တည်၍ စင်ကြယ်သော သီလသည်–

(၁) သိက္ခာပုဒ် အပိုင်းအခြား (သိက္ခာပဒပရိယန္တ)

(၂) ကာလအပိုင်းအခြား (ကာလပရိယန္တ)ဟု နှစ်မျိုး ရှိ၏။

ထိုတွင် သိက္ခာပုဒ်အပိုင်းအခြား ဆိုသည်မှာ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် အလိုရှိရာ ဆောက်တည်ရှိ၊ အစဉ်အတိုင်း သိက္ခာပုဒ်တစ်ပါးသော်လည်းကောင်း၊ နှစ်ပါးသော်လည်းကောင်း၊ သုံးပါးသော်လည်းကောင်း၊ လေးပါးသော်လည်းကောင်း၊ ငါးပါးသော်လည်းကောင်း၊ ရှစ်ပါးသော်လည်းကောင်း၊ ဆယ်ပါးသော်လည်းကောင်း စောင့်ထိန်းကြကုန်၏။ သိက္ခမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမတို့မှာမူ ဆယ်ပါးသော သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံးကြ၏ဟု ဖွင့်ဆိုထား၏။

ဤအဋ္ဌကထာ ဖွင့်ဆိုချက်အရလည်း လူဝတ်ကြောင်တို့သည် သိက္ခာပုဒ်တစ်ပါးကိုပဲဖြစ်ဖြစ်၊ နှစ်ပါး၊ သုံးပါး၊ လေးပါး၊ ငါးပါး၊

ရှစ်ပါး၊ ဆယ်ပါး ကိုပဲဖြစ်စေ၊ဖြစ်စေ ဆောက်တည်ပြီး လုံလုံခြုံခြုံ စောင့်ထိန်းနိုင်လျှင် သိက္ခာပဒပရိယန္တပါရိသုဒ္ဓိသီလ (သိက္ခာပုဒ် အပိုင်း အခြားရှိ၍ စင်ကြယ်သော သီလ) အမည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာမှာ တစ်ပါးသီလ၊ နှစ်ပါး သီလ၊ သုံးပါး သီလ၊ လေးပါး သီလဟူ၍ မရှိ။ ငါးပါးသီလသာ ယင်ရှားရှိစေကာမူ ငါးပါးလုံး ဆောက်တည်စောင့်ထိန်းနိုင်မှ ဆောက်တည်ရကောင်း၊ စောင့်ထိန်း ကောင်းသည်မဟုတ်။ တစ်ပါးတတ်နိုင် တစ်ပါး၊ နှစ်ပါး တတ်နိုင်လျှင် နှစ်ပါး၊ သုံးပါး တတ်နိုင်လျှင် သုံးပါး၊ လေးပါးတတ်နိုင်လျှင် လေးပါး ဆောက်တည်ကျင့်သုံးကောင်း ကြောင်း မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး သု ဖွင့်ပြတော်မူထား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာမှာ တစ်ပါး သီလဟူ၍လည်း မရှိ။ သို့သော် စောင့်ထိန်းလိုလျှင် စောင့်ကောင်း၏။ ဟုဆိုလည်း ရ၏။ သီလလည်း ဖြစ်၏။

## တစ်ထိုင်သီလ၊ ကျောင်းနေသီလ

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ သီလမယဉာဏနိဒ္ဒေသ အဖွင့်မှာလည်း ကာလအပိုင်းအခြားရှိသည့် သီလ (ကာလပရိယန္တသီလ) ဆိုသည်မှာ ရတနာသုံးပါးကို ဆည်းကပ်လေ့ရှိကြသော ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမကိုသည် အလှူ လှူဒါန် ကြသည့်အခါ မိမိကျွေးမွေးလှူဒါန်းသည့် အချိန်အတွင်း ပိုင်းခြား၍ သီလကို ဆောက်တည်ကြကုန်၏။ (ယခုကာလ၊ တစ်ထိုင်သီလဟု ပြောဆိုနေကြသည့် သီလမျိုးဖြစ်၏။)

ဘုန်းတော်ကြီးများ ကျောင်းသို့ သွားရောက်ကြသောအခါ ကျောင်းမှ မပြန်မီ အတောအတွင်း သီလကို ဆောက်တည်ကြကုန်၏။ (ကျောင်းမှာနေသည့် ကာလအပိုင်းအခြား ဆောက်တည်သော သီလမျိုးဖြစ်၏။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ ထိုထက်များသောရက်တို့ကို ညဉ့်နေ့ပိုင်းခြားပြီး ဆောက်တည်ကြ၏။ ဤသို့စွမ်းနိုင်သမျှ အချိန်

ကာလကို ပိုင်းခြား သတ်မှတ်၍ ဆောက်တည်သော သီလမျိုး ဖြစ်သည်။)

ဤအင်္ဂကထာကျမ်း ၏ အဆိုအမိန့်အရ တစ်နေ့လုံး မဟုတ်ဘဲ သံဃာတော်များကို အိမ်သို့ပင့်ပြီး လှူဒါန်းနေသည့် အချိန်ပိုင်း၌ဖြစ်စေ၊ ကျောင်းသို့သွားသည့်အခါ ကျောင်းမှာနေသရွေ့ အချိန်ပိုင်း၌ဖြစ်စေ သီလစောင့်သုံးနိုင်ကြောင်း ၊ ကာလပရိယန္တသီလမျိုးဖြစ်ကြောင်း သိသာထင်ရှားသည့်အတွက် ညဘက်မှာ ပိုင်းခြားသတ်မှတ်ပြီး ဆောက်တည်လိုကလည်း ဆောက်တည်နိုင်၏။

ထို့ကြောင့် "ဥပုသ်နေ့မှာ ညစာမစားဘဲ မနေနိုင်သေးသည့် ကလေးသူငယ်များကို နံနက်ပိုင်းအတွက် ကာလသတ်မှတ်ကာ ဥပုသ်သီလ ဆောက်တည်စေကောင်းသည်"ဟု ဆရာတော်ဘုရားကြီးများ မိန့်ဆိုတော်မူခြင်းဖြစ်သည်။ မြတ်သည့်အကျင့်ကို တစ်နေ့လုံး ကျင့်မှ ကုသိုလ်ရမည်၊ အချိန်တစ်စိတ်တစ်ပိုင်းကျင့်လျှင် ကုသိုလ်မရဟု မဆိုနိုင်။ ကျင့်နိုင်သမျှ ကုသိုလ်ရနိုင်သည့်အတွက် ဆရာတော်ဘုရားကြီးများ၏ မိန့်ဆိုချက်အတိုင်း စွမ်းနိုင်သမျှ အချိန်ပိုင်းဖြင့် သီလဆောက်တည် ကျင့်သုံးကောင်းပေသည်။

## ညပိုင်း၌ သီလစောင့်ထိန်းရကျိုး

ဤနေရာ၌ သီလကို အချိန်ကာလ အပိုင်းအခြားဖြင့် ကျင့်သည့်အတွက် ကုသိုလ်ရပုံ၊ အကျိုးရှိပုံတို့ကို ဘုရားဟော ဝတ္ထုတိုကလေးတစ်ပုဒ် ထုတ်ပြပါမည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရာဇဂြိုဟ်ပြည်တွင် နေ့ရောညပါ သားသမင်တို့ကို သတ်ဖြတ်ကာ အသက်မွေးမြူသည့် မုဆိုးကြီးတစ်ယောက် ရှိသတဲ့။ ထိုမုဆိုး၌ ရတနာသုံးပါးကို ဆည်းကပ်သည့် ဥပါသကာ မိတ်ဆွေတစ်ဦး ရှိ၏။ မိတ်ဆွေ ဥပါသကာက သူ့သူငယ်ချင်း မုဆိုးကြီးကို ဒုစရိုက်မှုများကို လုံးလုံးမပြုလုပ်ဖို့ တရားဟော၏။ တရားဟောနာချ၍ မရသည့်အခါ

သူငယ်ချင် လာကွာ၊ တစ်နေ့လုံး မရှောင်နိုင်ရင် ညဘက်မှာ ပါဏာတိပါတ ဒုစရိုက်မှုကို လုံးဝမပြုဘဲ သီလဆောက်တည်ပါဟု ဖျောင်းဖျ ပြောဆို၏။

ထိုအခါ မုဆိုးကြီးသည် မိတ်ဆွေ၏စကားကို နာယောင်ပြီး ညအခါတွင် မြားပြင်ဆင်ခြင်း၊ ကျော့ကွင်းပြင်ဆင်ခြင်း စသည့် ခါတိုင်းပြုလုပ်နေကျ ဒုစရိုက်မှုများကို မပြုလုပ်ဘဲ ရှောင်ကြဉ်ပြီး နေ့အခါမှာသာ သားသတ်မှုကို ပြုတော့၏။ ထိုမုဆိုးကြီး ကွယ်လွန် သွားသည့်အခါ ရာဇဂြိုဟ်ပြည်ကြီး၏ အနီးမှာပင် ဗိမာန်ရှိသည့် ဝေမာနိကပြိတ္တာကြီး သွာ ဖြစ်သည်။ နေ့အခါ ဆင်းရဲဒုက္ခကြီးစွာ ခံစားရပြီး ညအခါ ကာမချမ်းသာကို ခံစာ ရသည်။

ဤသို့ နေ့ခံ၊ ညစံဖြစ်နေသည့် ဝေမာနိကပြိတ္တာကြီးကို အရှင် နာရဒမထေရ်မြတ် မြင်တော်မူ၍ ရှေးကံအကြောင်းကို မေးမြန်းတော် မူသည့်အခါ ပြိတ္တာကြီးက "ရှေးဘဝက သားသတ်မုဆိုးကြီး ဖြစ်ခဲ့ ကြောင်း၊ မိတ်ဆွေ သူတော်ကောင်း၏ သတိပေးမှုကြောင့် သူနှင့် မဆန့်ကျင်အောင် သူ့စကားကို တစ်ဝက်လိုက်နာပြီး နေ့ဘက်မှာသာ ပါဏာတိပါတမှုကိုပြုပြီး ညဘက်မှာ သီလဆောက်တည် ကျင့်သုံးခဲ့ပါ တယ်။ အဲဒီကံကြောင့် ဝေမာနိကပြိတ္တာလာဖြစ်ပြီး နေ့မှာပြုခဲ့တဲ့ ပါဏာတိပါတမှုကြောင့် နေ့မှာ ဆင်းရဲကြီးစွာ ခံရပြီး ညမှာ ဆောက် တည်ကျင့်သုံးခဲ့တဲ့ သီလကုသိုလ်ကံကြောင့် ညအခါမှာ နတ်စည်းစိမ်ကို ခံစာရကြောင်း" ပြန်ပြောင်းလျှောက်ထားသည်ကို ပေတဝတ္ထုပါဠိ တော်၊ မိဂလုဒ္ဒကဝတ္ထုမှာ တွေ့ရှိရသည်။

ဤဝတ္ထုကား ညပိုင်းအချိန်၌သာ ပါဏာတိပါတသိက္ခာပုဒ် တစ်ပါးတည်းကို ဆောက်တည်ကျင့်သုံးခဲ့သဖြင့် ညပိုင်း၌ အကျိုး ခံစားရသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထုအရ မိမိတို့စွမ်းနိုင်သည့် အချိန် ပိုင်းမှာ စောင့်နိုင်သမျှ သီလ သိက္ခာပုဒ်များကို ဆောက်တည်ကျင့်သုံး နိုင်ကြောင်း၊ တစ်ပါးသီလ စောင့်ကောင်းကြောင်း ထင်ရှားသိသာ

ပေသည်။

**နေ့တစ်ဝက်ဥပုသ်စောင့်ရကျိုး**

တတ်နိုင်သမျှ အချိန်ပိုင်းကလေးမှာ ဥပုသ်သီလ ဆောက်တည်ခဲ့သည့်အတွက် အကျိုးများစွာပေးပုံကို ဆက်လက်ပြပါဦးမည်။ ဘုရားရှင်လက်ထက်တော်က ကောသမ္ဗီပြည်ကြီးကို ဥတေနဘုရင်ကြီး စိုးမိုးအုပ်ချုပ်နေ၍ ထိုပြည်ကြီးမှာ ဃောသကသူဌေး၊ ကုက္ကုဋသူဌေး၊ ပါဝါရိယသူဌေးဟူ၍ သူဌေးကြီးသုံးဦးလည်း ရှိ၏။ သူဌေးကြီးသုံးဦးတို့သည် ဟိမဝန္တာမှ ကြွလာသည့် ရသေ့ငါးရာတို့ကို မိုးလေးလပတ်လုံး သူတို့ထံမှာ သီတင်းသုံးနေစေပြီး ဆွမ်းဝတ်ပြုလေ့ရှိကြသတဲ့။ ရသေ့တို့သည် ကျန်ရှစ်လမှာ ဟိမဝန္တာတွင် သီတင်းသုံးတော်မူကြသည်။

တစ်ချိန်တွင် ရသေ့ငါးရာတို့ ကောသမ္ဗီပြည်မှာ မိုးခိုဖို့ ဟိမဝန္တာမှ ကြွအလာ လမ်းခရီးအကြား တောအုပ်တစ်ခုထဲက ညောင်ပင်ကြီးတစ်ပင်အောက်မှာ နားနေကြ၏။ ထိုအခါ ရေငတ်နေသည့် ခေါင်းဆောင်ရသေ့ကြီးက "ဒီညောင်ပင်ကြီးကို စောင့်တဲ့နတ်ကတော့ သာမန်နတ် ဟုတ်ပုံမရဘူး၊ တန်ခိုးကြီးတဲ့နတ် ဖြစ်လိမ့်မယ်၊ တို့ရသေ့တွေကို သောက်ရေကလေးများ လှူရင် ကောင်းမှာပဲ"ဟု စိတ်ကူးတောင့်တမိသည်။

ညောင်ပင်စောင့်နတ်က ရသေ့ကြီး ကြံစည်စိတ်ကူးသည်ကို သိရှိပြီး သောက်ရေများ ပေးလှူ၏။ နောက် ချိုးရေတွေ ပေးလှူလျှင် ကောင်းမှာပဲဟု ကြံလိုက်သည့်အခါမှာလည်း ချိုးရေများကို ပေးလှူပြန်၏။ ခဲဖွယ်ဘောဇဉ်တွေကို လှူဖို့ ကြံလိုက်သည့်အခါမှာလည်း ခဲဖွယ်ဘောဇဉ်တွေကို ပေးလှူပြန်၏။

ထိုအခါ ရသေ့ကြီးက "ငါတို့ ကြံစည်စိတ်ကူးလိုက်တိုင်း ပေးလှူနေတဲ့ ဒီနတ်မင်းကို မြင်ရလျှင် သိပ်ကောင်းမှာပဲ"ဟု ကြံစည်လိုက်

ပြန်သည်။ ကြဲစည်လိုက်သည်နှင့် တစ်ပြိုင်နက် ညောင်ပင်၏ ပင်စည်ကြီးကို ဖောက်ခွဲကာ နတ်က ကိုယ်ထင်ပြလိုက်သည်။

နတ်မင်းကို တွေ့မြင်ရသောအခါ ရသေ့များက "ဒီလိုကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေကို ဘယ်လိုကုသိုလ်ကောင်းမှုမျိုး ပြုခဲ့လို့ ရရှိပါသလဲ"ဟု ဝိုင်းမေးကြသည်။ ညောင်ပင်စောင့်နတ်မင်းက သူပြုခဲ့သည့် ကုသိုလ်ကောင်းမှုမှာ မပြောပဖွယ်၊ အနည်းငယ်မျှသာဖြစ်၍ ထုတ်ဖော်ပြောရမှာ ရှက်သည့်အတွက် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်းမပြောပါရစေနှင့်ဟု အကြိမ်ကြိမ် ငြင်းဆိုပါသည်။ ငြင်းဆို၍ မရသည့်အဆုံး၌ သူ့ရဲ့ရှေ့ဘဝက ကုသိုလ်ပြုခဲ့ပုံ အကြောင်းစုံကို ဤကဲ့သို့ ပြန်ပြောင်းပြောဆိုရရှာသည်။

သူဟာ ရှေးဘဝက ဆင်းရဲလှသည့်အတွက် သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးထံမှာ အခစား အလုပ်သမားတစ်ယောက် အဖြစ်ဖြင့် အသက်မွေးမြူခဲ့ရပါသည်။ ဥပုသ်နေ့ တစ်နေ့မှာ အလုပ်သွားဆင်းသည့်အခါ သူဌေးကြီး ကျောင်းတော်က အပြန်နှင့် သွားကြုံသည့်အတွက် "ဒီအလုပ်သမားကို ဒီနေ့ ဥပုသ်နေ့ ဖြစ်တဲ့အကြောင်း ဘယ်သူမှ ပြောမထားကြဘူးလား"ဟု မေးသည့်အခါ "ဘယ်သူမှ မပြောကြမိကြောင်း" ပြန်ပြောကြသည်။

ထိုအခါ သူဌေးကြီးက သူ့အတွက် ညစာ ထမင်းချက်ထားကြဖို့ မှာကြားလိုက်ပါတယ်။ အလုပ်သမားသည် အလုပ်ကို တောထဲမှာ တစ်နေ့လုံးလုပ်ပြီး ညမှာ သူဌေးကြီးအိမ်သို့ ပြန်လာခဲ့သည်။ သူ့ကို ထမင်းခူးပေးကြသည့်အခါ ဆာလောင်နေသော်လည်း မစားသေးဘဲ 'ဒီအိမ်မှာ ခါတိုင်းနေ့တွေဆိုရင် ထမင်းထည့်ပါ၊ ထမင်းထည့်ပါဆိုတဲ့ အသံတွေနဲ့ ဆူညံနေတာပဲ။ ဒီနေ့တော့ ဘာသံမှလည်း မကြားရဘူး။ ငါတစ်ယောက်တည်းကို ထမင်းခူးပေးကြတယ်။ ဘယ်လိုဖြစ်တာပါလိမ့်'ဟု စဉ်းစားပြီး "ဒီပြင်လူတွေကော ထမင်းစားပြီးကြကုန်ပြီလား" ဟု လှမ်းမေးလိုက်သတဲ့။

သူတို့အားလုံး ထမင်းမစားကြပါဘူး။ ဒီအိမ်မှာ ဥပုသ်နေ့တိုင်း အားလုံး ဥပုသ်စောင့်ကြတဲ့အတွက် ညနေစာ မစားကြပါဘူး။ လူကြီးတွေ မပြောနဲ့ သူဌေးကြီးက နို့စို့ကလေးတွေကိုပင် ခံတွင်းကို ဆေးကြောခိုင်းပြီး စတုမဓုကို ခွံ့ပေးကာ အားလုံး ဥပုသ်စောင့်ကြရတယ်။ ညအချိန် နံ့သာဆီမီးတိုင်တွေကို ထွန်းညှိတဲ့အခါ လူကြီး ကလေး အားလုံး သူတို့အိပ်ရာထဲ ဝင်ကြပြီး သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းသရဇ္ဈာယ်ကြရတယ်။ သင်ကတော့ ဥပုသ်နေ့မှန်းတောင် မသိတဲ့အတွက် သင့်ဖို့ ထမင်းချက်ပေးရတယ်။ အခု ဒီထမင်းကို စားပါဟု ပြောကြ၏။

အလုပ်သမားက "တကယ်လို့ ဒီကနေ့ ဥပုသ်စောင့်လို့ ရသေးရင် ကျွန်တော်လည်း ဥပုသ်စောင့်ချင်ပါတယ်"ဟု ပြောလိုက်သည့်အခါ သူဌေးကြီးသွားမေးပြီး "ခုအချိန် ဘာမျှမစားဘဲ ခံတွင်းကိုသာ ဆေးကြောပြီး ဥပုသ်အင်္ဂါတွေကို ဆောက်တည်မယ်ဆိုရင် နေ့တစ်ဝက် ဥပုသ်သီလကို ရပါလိမ့်မယ်"ဟု သူဌေးကြီး ပြောလိုက်သည့်အတိုင်း ပြန်ပြောကြသည်။ ကျွန်ုပ်လည်း သူတို့ပြောသည့်အတိုင်း ရှေ့မှာရောက်နေသည့် ထမင်းကို မစားတော့ဘဲ နေ့တစ်ဝက်ဥပုသ် ဆောက်တည်လိုက်သည်။ သို့သော် တစ်နေ့လုံး အလုပ်လုပ်ပြီး အလွန်ဆာလောင်နေသည့်အချိန်မှာ အစာမစားရသည့်အတွက် ကျွန်ုပ်မှာ လေနာရောဂါ ထလာပါသည်။ ထိုအခါ မိမိ၏ဗိုက်ကို ကြိုးနဲ့ပတ်ပြီး ကြိုးကို ဆွဲငင်ကာ လူးလိမ့်နေရပါသည်။ ထိုအကြောင်းကို အနာထပိဏ် သူဌေးကြီး သိရှိသွားသည့်အခါ စတုမဓုများကို ယူပြီး မီးရှူးမီးတိုင်များ ထွန်းညှိကာ ကျွန်ုပ်ထံလာပြီး စတုမဓု ကျွေးပါသည်။ ကျွန်ုပ်က "သူဌေးမင်းတို့ကော ဒီဆေးကို စားကြပါသလား"ဟု မေးသည့်အခါ "ငါတို့မှာ ဘာရောဂါမှမဖြစ်လို့ မစားကြပါဘူး၊ သင့်မှာသာ ရောဂါရှိလို့ စားကောင်းပါတယ်၊ စားသာစားပါ"ဟု သူဌေးကြီးက တိုက်တွန်း ပြောကြားပါသည်။

ကျွန်ုပ်က “သူဌေး မင်း ကျွန်တော်ဟာ သူများတွေလို တစ်နေ့လုံး ဥပုသ်မစောင့်နိုင်ဘဲ နေ့တစ်ဝက်လေးမျှသာ စောင့်ရတဲ့သူပါ။ ကျွန်တော်ရဲ့ နေ့ဝက်ဥပုသ်လေးမှာ ချွတ်ယွင်းချက် မရှိစေချင်ပါဘူး။ ကျွန်တော် မစားပါရစေနဲ့”ဟု ငြင်းလိုက်ပါသည်။

သနားကြင်နာစိတ်ရှိတဲ့ သူဌေးကြီးက “ငါ့သား၊ ဒီလိုမလုပ်နဲ့”လို့ အတန်တန်ပြောသော်လည်း သူဌေးကြီးစကားကို မလိုက်နာသည့်အတွက် နံနက် အရုဏ်တက်လာချိန်မှာ ညှိုးနွမ်းပြီး ကြွေကျသွားသည့် ပန်းပမာ ညှိုးနွမ်းပျော့ခွေ စုတေခဲ့ပြီး ဤသြောင်ပင်ကြီးတွင် ရုက္ခစိုးနတ် ဖြစ်လာပါသည်။ အနာထပိဏ်သူဌေးကြီးသည် ရတနာသုံးပါးကို အလွန်ကြည်ညိုမြတ်နိုးသည့် သူတော်ကောင်းကြီး ဖြစ်ပါသည်။ ဤသူတော်ကောင်း သူဌေးကြီးကို အမှီပြုပြီး နေ့ဝက်မျှလောက် စောင့်ခဲ့ရသည့် ဥပုသ်သီလ ကုသိုလ်ကံကြောင့် ယခုလို စည်းစိမ်ချမ်းသာမျိုးကို အကျွန်ုပ် ရရှိခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကား နေ့တစ်ဝက် ဥပုသ် (ဥပဍ္ဎုပေါသထ) စောင့်ကောင်းကြောင်း သက်သေသာဓကအဖြစ် ထုတ်ဆောင်ပြသည့် ဝတ္ထု ဖြစ်ပါသည်။ သို့ရာတွင် ဤဝတ္ထု၌ ဘာသာရေးဆိုင်ရာ အခြားမှတ်သားစရာများကိုလည်း တွေ့နိုင်ပါသည်။ ထိုမှတ်သားစရာများမှာ “ရုက္ခစိုး စသည့် နတ်များသည် သူတို့၏ ကမ္မဝိပါကဇိဒ္ဓိ (ကမ္မဇိဒ္ဓိ) တန်ခိုးဖြင့် သူတစ်ပါး၏ စိတ်အကြံကို သိနိုင်ကြပုံ၊ အနာထပိဏ်သူဌေးကြီး၌ ဥပုသ်နေ့တိုင်း နို့စို့ကလေးသူငယ်မှစပြီး လူတိုင်း ဥပုသ်စောင့်ကြပုံ၊ သုံးဆယ့်နှစ်ကောဋ္ဌာနသ ကမ္မဋ္ဌာန်းစီးဖြန်းရွတ်ပွားကြပုံ၊ ဥပုသ်နေ့မှာ နေ့ဝက်ဥပုသ်စောင့်ပါက အစားအစာများကို မစားဘဲ စောင့်ရပုံ၊ ဥပုသ်သည်များ မွန်းလွဲပိုင်းမှာ စတုမဓုကို ဆာရုံနှင့် မစားကောင်းဘဲ ရောဂါရှိမှ စားကောင်းပုံ၊ အချိန်ပိုင်းမျှ စောင့်ရသည့် ဥပုသ်သီလ၏ အကျိုးကြီးပုံများ ဖြစ်ပါသည်။

သီလဆောက်တည်ပုံနှင့် ပတ်သက်၍ အားလုံး ခြုံငုံတင်ပြရလျှင်

ဗုဒ္ဓဘာသာမှာ တစ်ပါးသီလ၊ နှစ်ပါးသီလ၊ သုံးပါးသီလ၊ လေးပါးသီလဟူ၍ မရှိဘဲ အနည်းဆုံး ငါးပါးသီလသာ ရှိသော်လည်း အဋ္ဌကထာများ၌ ဖွင့်ပြထားသည့် သိက္ခာပုဒ်ကို ပိုင်းခြား ဆောက်တည်သည့်နည်း (သိက္ခာပဒပရိယန္တနည်း) အနေဖြင့် တစ်ပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါး စသည်ဖြင့် မိမိတို့ တတ်စွမ်းနိုင်သလို စောင့်ကောင်းပါ၏။ ကာလကို ပိုင်းခြားဆောက်တည်သည့်နည်း (ကာလပရိယန္တနည်း)အနေဖြင့်လည်း နှစ်၊ လ၊ ရက် ပိုင်းခြား၍ဖြစ်စေ၊ ကျောင်းရောက်ခိုက် သီလဖြစ်စေ၊ လှူဒါန်းခိုက် တရားနာခိုက် တစ်ထိုင်သီလဖြစ်စေ ဆောက်တည်ကောင်းပေသည်။

## သုစရိုက် ဆယ်ပါးသီလ

သတ္တဝါများကို အကုသိုလ်ဖြစ်စေတတ်၊ ညစ်နွမ်းစေတတ်သည့် အညစ်အကြေးကြီး သုံးမျိုးရှိ၏။ ထိုသုံးမျိုးမှာ တဏှာ အညစ်အကြေး၊ ဒိဋ္ဌိအညစ်အကြေး၊ ဒုစရိုက်အညစ်အကြေးတို့ ဖြစ်၏။ ထိုတွင် ဒုစရိုက်အညစ်အကြေးကို ဆေးကြောသုတ်သင် ဖြူစင်အောင်လုပ်နိုင်သည့် သုစရိုက်ဆယ်ပါး အကျင့်မြတ်တရားသည်လည်း သီလမည်သည့် အကြောင်း နေတ္တိပါဠိတော်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စသည့် ပါဠိတော် အမြောက်အမြားမှာ မြတ်စွာဘုရား ဟောကြားတော်မူထား၏။

ထို့ကြောင့် ယခုတင်ပြခဲ့သည့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလတို့အပြင် 'သုစရိုက်ဆယ်ပါးသီလ'သည်လည်း ရှိပါသေး၏။ ဆောက်တည် စောင့်ထိန်းမှု မပြုကြသည့်အတွက် လူသိနည်းနေခြင်း ဖြစ်သည်။ အမှန်ဆိုရသော် ကမ္မဿကတာသမ္မာဒိဋ္ဌိကို လက်ခံထားကြသည့် ဗုဒ္ဓဘာသာဝင် ကမ္မဝါဒီ ရဟန်းရှင်လူအများအဖို့ ဒုစရိုက်ဆယ်ပါးနှင့် သုစရိုက်ဆယ်ပါးတို့သည် ရှောင်ရန် ဆောင်ရန် အခြေခံအကျဆုံး ကျင့်စဉ်တရား ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား

သည် ထိုဒုစရိုက်၊ သုစရိုက် အကျင့်တရားများကို ပိဋကတ်သုံးပုံ နိကာယ်ငါးစုံတို့မှာ အကြိမ်ပေါင်းများစွာ ထပ်ကာထပ်ကာ ဟောကြားခဲ့သည်ကို တွေ့ရခြင်း ဖြစ်ပါသည်။

## ဒုစရိုက်နှင့် သုစရိုက်

ပါဠိလို 'ဒုစရိတ'ကို မြန်မာလို 'ဒုစရိုက်'ဟုခေါ်၏။ မကောင်းသောအကျင့်ဟု အဓိပ္ပာယ်ရ၏။ (ဒုစရိတ=ဒုစရိုက်၊ မကောင်းသောအကျင့်)။ ဤဒုစရိုက်တရားများသည် အများအားဖြင့် ကိုယ်ဖြင့်လွန်ကျူးပြုကျင့်သည့် ကာယဒုစရိုက်သုံးပါး၊ နှုတ်ဖြင့် လွန်ကျူးပြုကျင့်သည့် ဝစီဒုစရိုက်လေးပါး၊ စိတ်ဖြင့် လွန်ကျူးပြုကျင့်သည့် ကြံစည်သည့် မနောဒုစရိုက်သုံးပါးဟူ၍ ဆယ်ပါးရှိသည်။

ဤဒုစရိုက်ဆယ်ပါး တရားများကို လွန်ကျူးသည့်အခါ အင်္ဂါစုံညီလျှင် အပါယ်လေးဘုံတွင် တစ်ဘုံဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည့်အတွက် 'အကုသလကမ္မပထ'ဟူ၍လည်း ခေါ်၏။ အပါယ်ရောက်ဖို့ရန် လမ်းကြောင်းဖြစ်သည့် အကုသိုလ်ကံများဟု အဓိပ္ပာယ်ရသည်။ (အကုသလကမ္မ=အကုသိုလ်ကံ+ပထ=အပါယ်ရောက်ဖို့ရန် လမ်းကြောင်း)

ဤဒုစရိုက်ဆယ်ပါးတရားများကို ရှောင်ကြဉ်လျှင် သုစရိုက်ကုသိုလ်တရားများ ဖြစ်ပေါ်လာ၏။ သုစရိုက်ဆိုသည်မှာ ဒုစရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်အတိုင်း ကောင်းသောအကျင့်ဖြစ်သည်။ (သုစရိတ= သုစရိုက် = ကောင်းသောအကျင့်)။ ဤသုစရိုက်ကုသိုလ်တရားသည်လည်း ဒုစရိုက်ကဲ့သို့ပင် ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက်သုံးပါးအားဖြင့် ဆယ်ပါးရှိ၏။ ဤသုစရိုက်တရားဆယ်ပါးကို ပြုကျင့်လျှင် သုဂတိဘုံများသို့ ကေန် ရောက်နိုင်သောကြောင့် 'ကုသလကမ္မပထ'ဟူ၍လည်း ခေါ်၏။ သုဂတိဘုံများသို့ ရောက်ဖို့ရန် လမ်းကြောင်းဖြစ်သည့် ကုသိုလ်ကံများဟု အဓိပ္ပာယ်ရ၏။

(ကုသလကမ္မ=ကုသိုလ်ကံ+ပထ=သုဂတိဘုံသို့ ရောက်ဖို့ရန် လမ်းကြောင်း။)

ဖော်ပြခဲ့ပြီးသော ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး သီလများ၌ လည်း သုရာမေရယ စသည်တို့မှတစ်ပါး ကျန်သိက္ခာပုဒ်များသည် ဒုစရိုက် အကုသိုလ်တရားများကို ရှောင်ကြဉ်စောင့်ထိန်းသည့် သုစရိုက် သီလကျင့်စဉ်တရားများပင်ဖြစ်သည်။ ဒုစရိုက်ဆယ်ပါးအတွက် ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ ပေါင်းခုနစ်ပါးက 'အာဇီဝဋ္ဌမက သီလ'နှင့် စောင့်ထိန်းရသည့် ဒုစရိုက်များဖြစ်၍ အဓိပ္ပာယ်ကို ဖွင့်ဆို ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သုစရိုတဆယ်ပါး သီလခန်း၌ မနော ဒုစရိုက်သုံးပါး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြပါမည်။

## သုစရိတသီလဆောက်တည်ပုံ

သုစရိတသီလဆောက်တည်ရာ၌ သီလတောင်းကို 'အဟံ ဘန္တေ တိသရဏေနသဟ ဒသင်္ဂသမန္နာဂတံ သုစရိတသီလံ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ - တတိယမ္ပိ' စသည်ဆိုပြီး တောင်းရမည်ဟု ကျမ်းတတ်အကျော် မြဲဝတီဆရာတော် စသည့် ရှေးဆရာတော်ကြီးများ ပြုစုခဲ့ကြသည့် ကျမ်းများ၌ တွေ့ရ၏။ ထို့နောက် 'နမော တဿ' စသည်ဖြင့် ဘုရားရှိခိုး သုံးကြိမ်ရွတ်ဆို ရှိခိုးပြီး သရဏဂုံကို သုံးကြိမ် ဆောက်တည်ကြရမည်။ ကာယသုစရိုက် သုံးပါးနှင့် ဝစီသုစရိုက်လေးပါးကို ဆောက်တည်ပုံမှာ အာဇီဝဋ္ဌမက သီလမှာ ဆိုခဲ့သည့်အတိုင်း 'ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ' စသည်ဖြင့် ဆောက်တည်ရမည်။

မနောကံသုံးပါးကို ဆောက်တည်ပုံကတော့ "အဘိဇ္ဈာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟု ခုဒ္ဒကပါဠိတော်လာ ဆောက်တည်နည်းကို မှီ၍ ဆောက်တည်ရမည်။

တစ်နည်းအားဖြင့်–

( ၈) အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရာမိ။

( ၉) ဗျာပါဒံ ပဟာယ ဝိဂတဗျာပါဒေန စေတသာ ဝိဟရာမိ။

(၁၀) မိစ္ဆာဒိဋ္ဌိံ ပဟာယ ဝိဂတမိစ္ဆာဒိဋ္ဌိ ကေန စေတသာ ဝိဟရာမိ–

ဟု ဆို၍လည်း ဆောက်တည်နိုင်ပါသည်။ ဤနည်းသည် 'စေတသိကသီလမည်သည့် အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရေယျံ'စသောနည်းဖြင့် မဟာဝဂ္ဂသံယုတ်၌ ဟောတော်မူအပ်ကုန်သော အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိတရားတို့တည်း'ဟု မိန့်ဆိုထားသည့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှင့် ညီညွတ်၍ ပို၍ ကောင်းပါသည်။

## အဘိဇ္ဈာသိက္ခာပုဒ်အဖွင့်

ဤသုစရိတသီလ၌ (၈)ပါးမြောက် ဆောက်တည်ရမည့် သိက္ခာပုဒ်မှာ "အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရာမိ"ဟု ဆို၍ ဆောက်တည်ရမည့် အဘိဇ္ဈာသိက္ခာပုဒ်ဖြစ်သည်။ တိုက်ရိုက်မြန်မာပြန်မှာ "အဘိဇ္ဈာကို ပယ်စွန့်၍ ကင်းသော အဘိဇ္ဈာရှိသော စိတ်ဖြင့် နေထိုင်ပါမည်"ဟု ဖြစ်သည်။ အတိုချုပ်အားဖြင့် "အဘိဇ္ဈာကင်းသောစိတ်ဖြင့် နေထိုင်ပါမည်"ဟု ဖြစ်သည်။

အဘိဇ္ဈာဆိုသည့် ပါဠိဝေါဟာရသည် "သူများ စည်းစိမ်ချမ်းသာကို မိမိဖို့ ရှေးရှုကြံစည်ခြင်း"ဟု အဓိပ္ပာယ်ရ၏။ တရားသဘောအားဖြင့် သူတစ်ပါး စည်းစိမ်ချမ်းသာကို "ဒီစည်းစိမ်ချမ်းသာတွေဟာ ငါ့စည်းစိမ်ချမ်းသာဖြစ်လျှင် ကောင်းမှာပဲ"ဟု မတရား ကြံစည်လိုချင်သည့် လောဘဖြစ်သည်။ ထို့ကြောင့် ဤအဘိဇ္ဈာ မနောဒုစရိုက်ကို ရှောင်ကြဉ်သော သူ၏ သန္တာန်မှာ ဖြစ်သည့် ရှောင်ကြဉ်ကြောင်း စေတနာနှင့် အနဘိဇ္ဈာခေါ်သည့် အလောဘကုသိုလ်တရားတို့သည် သီလဖြစ်ကြ

သည်။

**အဘိဇ္ဈာ၏ အင်္ဂါ (၂)ပါး**

သူတစ်ပါးပိုင် ပစ္စည်းဥစ္စာကို မိမိပစ္စည်းဥစ္စာဖြစ်လျှင် ကောင်းမှာပဲဟု ကြံစည်စိတ်ကူး မတရားလိုချင်လွန်ကျူးရာ၌ ကမ္မပထမြောက်၊ မမြောက် ဆုံးဖြတ်နိုင်ရန် အင်္ဂါနှစ်ပါးရှိ၏။ ထိုအင်္ဂါနှစ်ပါးမှာ–

(၁) သူတစ်ပါးပိုင် ပစ္စည်းဥစ္စာဖြစ်ခြင်း၊

(၂) မိမိပိုင် ပစ္စည်းဥစ္စာဖြစ်လျှင် ကောင်းမှာပဲဟု မတရားလောဘဖြင့် ကြံစည်ခြင်း–

တို့ဖြစ်သည်။ ဤအင်္ဂါနှစ်ပါးနှင့် ညီညွတ်မှ ကမ္မပထမြောက်၍ ပဋိသန္ဓေကျိုးပေးနိုင်၏။ အင်္ဂါနှစ်ပါးတွင် တစ်ပါးပါး ချို့တဲ့လျှင် ကမ္မပထ မမြောက်၊ အဘိဇ္ဈာကံမျှသာဖြစ်သည်။

ချဲ့ဦးအံ့။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာကို မြင်လျှင် သာယာရုံ၊ တပ်မက်ရုံ၊ လိုချင်ရုံမျှဖြင့် ကမ္မပထ မမြောက်သေးပါ။ ရဟန်းတော်များအဖို့ သူများသပိတ်၊ သင်္ကန်း၊ ကျောင်း စသည့်ပစ္စည်းများကို မြင်ကြရသည့်အခါ၊ လူများအဖို့ သူများအိမ်၊ လယ်ယာ၊ ရွှေငွေ၊ အထွေထွေသောပစ္စည်းဥစ္စာများကို မြင်ရသည့်အခါ ရိုးရိုးသားသား လိုချင်ရုံ စိတ်ထားတွင် မရပ်ဘဲ "ထိုသူ့ဥစ္စာပစ္စည်းဟာ ငါ့ဥစ္စာပစ္စည်း ဖြစ်ရလျှင် ကောင်းမှာပဲ"ဟု မိမိတို့ ညွတ်စေသော မတရား လောဘသည်သာ (ဝါ) မိမိဥစ္စာဖြစ်ရန် စိတ်ဖြင့် ကြံစည်မှုသည်သာ ကမ္မပထမြောက်သည့် အဘိဇ္ဈာဖြစ်သည်။

သူများ၏ ကံ၊ ဉာဏ်၊ ဝီရိယများကြောင့် ရရှိထားသည့် စည်းစိမ်ချမ်းသာများကို ထိုသူ့ဥစ္စာမဟုတ်တော့ဘဲ ထိုသူမှာ လက်မဲ့ဖြစ်စေပြီး မိမိပိုင်ဖြစ်စေလိုခြင်းသည် သာမန်လောဘမဟုတ်၊ မတော်မတရားသော လောဘမျိုး ဖြစ်သည်ကို စဉ်းစားကြည့်က သိနိုင်ပါသည်။

သူတစ်ပါး စည်းစိမ်ချမ်းသာကိုမြင်လျှင် မိမိဆီသို့ စိတ်မညွတ်ဘဲ

သူတစ်ပါးတို့၏ ပစ္စည်းအနေဖြင့်ပင် သဘောထားပြီ "ဒီလိုပစ္စည်းဥစ္စာမျိုး ငါရရင် ကောင်းမှာပဲ၊ သူများထံမှ ငှာရမ်းသုံးစွဲရလျှင် ကောင်းမှာပဲ၊ သို့မဟုတ် ဒီလိုပစ္စည်းမျိုး ဝယ်ယူသုံးစွဲရရင် ကောင်းမှာပဲ"ဟု ကြံစည်မှုမျိုးတို့ကား ဒုတိယအင်္ဂါချို့ယွင်းသောကြောင့် ကမ္မပထ မမြောက်ချေ။ လိုချင်မှုလောဘ သာမန်အဘိဇ္ဈာကံမျှသာ ဖြစ်သည်။

ပိုင်ရှင်မရှိသော ပစ္စည်း၊ ပံသုကူပစ္စည်းတို့ကို ပိုင်ရှင်ရှိသည်ဟူသော အမှတ်ဖြင့် မတရားယူရန် ကြံစည်စိတ်ကူးသော်လည်း ပထမအင်္ဂါချို့ယွင်းသောကြောင့် ကမ္မပထ မမြောက်ပါ။ အဘိဇ္ဈာကံမျှသာ ဖြစ်ပါသည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဤအဘိဇ္ဈာကံ၌ အပြစ်ကြီးငယ် အသွယ်သွယ်ကို ပစ္စည်းဥစ္စာ၏ တန်ဖိုးအနည်းအများအရသော်လည်းကောင်း၊ ပစ္စည်းဥစ္စာရှင်၏ သီလစသော ဂုဏ်အကြီးအသေးအရသော်လည်းကောင်း ဆုံးဖြတ်ရပါသည်။

ဆိုလိုသည်မှာ မိမိသို့ညွတ်သော ပစ္စည်းဥစ္စာမှာ တန်ဖိုးကြီးလျှင် အပြစ်ကြီးသည်၊ တန်ဖိုးနည်းလျှင် အပြစ်နည်းသည်။ ပစ္စည်းရှင်က သီလ၊ သမာဓိ စသော ဂုဏ်တို့ကြီးလျှင် အပြစ်ကြီး၍ ထိုဂုဏ်များငယ်လျှင် အပြစ်ငယ်သည်ဟု အမိပ္ပာယ်ရပါသည်။

ထို့ပြင် သူတစ်ပါးပိုင် ပစ္စည်းဥစ္စာတို့ကို မိမိပိုင်ဖြစ်စေလိုသော သူ၏သန္တာန်၌ လိုချင်မှုလောဘ ကိလေသာထက်သန်လျှင် အပြစ်ကြီး၍ လောဘကိလေသာ အင်အားနည်းလျှင် အပြစ်သေးငယ်သည်ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်ဆိုထား၏။

## ဗျာပါဒသိက္ခာပုဒ်အဖွင့်

ကိုးခုမြောက်မှာ ဗျာပါဒသိက္ခာပုဒ် ဖြစ်သည်။ ဤသိက္ခာပုဒ်ကို "ဗျာပါဒံ ပဟာယ ဝိဂတဗျာပါဒေန စေတသာ ဝိဟရာမိ"ဟု ဆို၍

သောက်တည်ရသည်။ အနက်အဓိပ္ပာယ်မှာ “သူတစ်ပါး ပျက်စီးသွားစေလိုသော ဗျာပါဒစိတ်ကို ပယ်စွန့်၍ ဗျာပါဒကင်းသောစိတ်ဖြင့် နေထိုင်ပါမည်”ဟု ဖြစ်သည်။

မိမိမှတစ်ပါး အခြားသတ္တဝါတစ်ဦးတစ်ယောက်အား “ဒီသတ္တဝါ သေကြေပျက်စီးပါစေ၊ ဒီသတ္တဝါကောင်မျိုးသေရင် အေးတာပဲ၊ ဘယ်တော့များမှ သေပါ့မလဲ၊ ဒီသတ္တဝါ သေအောင် ပျက်စီးအောင် ဘယ်လိုများ လုပ်ရပါ့မလဲ” စသည်ဖြင့် ပိုးမွှားတိရစ္ဆာန်ကို ဖြစ်စေ၊ လူကို ဖြစ်စေ သက်ရှိသတ္တဝါ တစ်ဦးဦးကို သေကြေပျက်စီးသွားစေလိုသော (ဝါ) သေကြေပျက်စီးမှုကို ပြစ်မှားကြံစည်သည့်သဘောကို ‘ဗျာပါဒ’ဟု ခေါ်သည်။ တရားသဘောအားဖြင့် သူများ၏အသက်ခန္ဓာကို ပျက်စီးစေလိုသည့် ‘ဒေါသ’ ဖြစ်သည်။

**အင်္ဂါနှစ်ပါး**

ဤဗျာပါဒသိက္ခာပုဒ်၌ သူတစ်ပါးကို သေကြေပျက်စီးရန် ကြံစည်ရာ၌ ကမ္မပထမြောက် မမြောက် ဆုံးဖြတ်နိုင်ရန် အင်္ဂါနှစ်ပါး ရှိ၏။ ထိုအင်္ဂါများမှာ–

(၁) တစ်ပါးသော သတ္တဝါဖြစ်ခြင်း၊

(၂) ထိုသတ္တဝါ၏ သေကြေပျက်စီးမှုကို ကြံစည်ခြင်း

တို့ဖြစ်သည်။ ဤအင်္ဂါ(၂)ပါးနှင့် ညီညွတ်မှသာ ကမ္မပထမြောက်သည်။ တစ်ပါးပါး ချို့ယွင်းနေပါက ကမ္မပထမမြောက်ပါ။ ဗျာပါဒကံမျှသာ ဖြစ်သည်။

ဥပမာ–မိမိမှတစ်ပါး အခြားသတ္တဝါ သေကြေပျက်စီးမှုကို ကြံစည်မှသာ ပထမအင်္ဂါနှင့် ညီညွတ်သည်။ မိမိကိုယ်ကို သေကြောင်း ကြံစည်ရာ၌ ပထမအင်္ဂါချို့တဲ့သဖြင့် ကမ္မပထ မမြောက်ပါ။ ဗျာပါဒကံမျှသာ ဖြစ်သည်။

“ဒီသတ္တဝါ သေကြေပျက်စီးရင် ကောင်းမှာပဲ”ဟု ပြစ်မှားကြံစည်

မှသာ ဒုတိယအင်္ဂါနှင့် ညီညွတ်သည်။ သတ္တဝါတစ်ဦးဦးအပေါ်မှာ ဒေါသထွက်ရုံ၊ စိတ်ဆိုးရုံသက်သက်ကား ဒုတိယအင်္ဂါချို့တဲ့သောကြောင့် ကမ္မပထ မမြောက်ပါ။ ဗျာပါဒကံမျှသာ ဖြစ်ပါသည်။

အယုတ်သဖြင့် ခြင်၊ မှတ်၊ ကြမ်းပိုးတို့ကို အစပြု၍ "ဤသတ္တဝါတို့ သေကြေပျက်စီး ပြုန်းတီးကြပါစေ၊ ဤသတ္တဝါတွေ သေကြေပျက်စီး ပြုန်းတီးကြပါမူ ကောင်းလေစွ၊ နှောင်မတိုးပွားဘဲ နေပါမူကားကောင်းလေစွ၊ ကြာမြင့်စွာ မတည်ပါမူကား ကောင်းလေစွ၊ ဤသတ္တဝါတွေ ဘယ်တော့များမှ သေကြေပျက်စီး ပြုန်းတီးကြပါ့မလဲ" စသည်ဖြင့် သတ္တဝါတစ်ဦးဦး၏ အသက်ခန္ဓာပျက်စီးမှုဆိုက်အောင်ကြံစည်မှသာ ဗျာပါဒကမ္မပထမြောက်သည်။ ဤသို့ အသက်ခန္ဓာပျက်စီးမှုသို့ မရောက်ဘဲ ကြံစည်မှုကား ကမ္မပထမမြောက်၊ ကံသာလျှင် ဖြစ်သည်။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဤကံ၌ အပြစ်ကြီးငယ်မှာ အဘိဇ္ဈာကံ စသည်ကဲ့သို့ပင် သီလ၊ သမာဓိ စသော ဂုဏ်ကြီးသည့် သတ္တဝါများ၏ သေကြေပျက်စီးမှုကိုကြံစည်လျှင် အပြစ်ကြီး၍ သီလစသော ဂုဏ်မရှိသူ၊ ဂုဏ်ငယ်သူများ၏ သေကြေပျက်စီးမှုကို ကြံစည်လျှင် အပြစ်ငယ်သည်။ ကြံစည်မှုအကြိမ်များလျှင် အပြစ်ကြီး၍ အကြိမ်နည်းလျှင် အပြစ်ငယ်သည်။

## မိစ္ဆာဒိဋ္ဌိသိက္ခာပုဒ်အဖွင့်

ဆယ်ပါးမြောက် သိက္ခာပုဒ်မှာ မိစ္ဆာဒိဋ္ဌိ သိက္ခာပုဒ် ဖြစ်သည်။ ဤသိက္ခာပုဒ်ကို "မိစ္ဆာဒိဋ္ဌိ ပဟာယ ဝိဂတမိစ္ဆာဒိဋ္ဌိကေန စေတသာ ဝိဟရာမိ"ဟုဆို၍ ဆောက်တည်ရသည်။ အနက်အဓိပ္ပာယ်မှာ "မှားသော အယူအမြင်ကို ပယ်စွန့်၍ မိစ္ဆာဒိဋ္ဌိကင်းသောစိတ်ဖြင့် နေထိုင်ပါမည်"ဟု ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–

ဟု ခုဒ္ဒကပါဌပါဠိတော်နည်းအတိုင်းလည်း ဆို၍ ဆောက်တည်နိုင်သည်ဟု မြဝတီဆရာတော် စသော ဆရာတော်ကြီးများ မိန့်ကြားတော်မူကြသည်။ သို့ရာတွင် မနောကံအရာဖြစ်၍ ပထမနည်းက ပို၍ လျော်ကန်သင့်မြတ်ပါသည်။

မိစ္ဆာဒိဋ္ဌိဟူသော ပါဠိပုဒ်သည် မြန်မာလို "ချွတ်ယွင်းဖောက်ပြန်၊ မမှန်ကန်သောအားဖြင့် မြင်ခြင်း၊ ယူခြင်း"ဟု အဓိပ္ပာယ်ရ၏။ အတိုချုပ်မှာ "မှားယွင်းသောအယူ" ဖြစ်သည်။ သဘောတရားအားဖြင့် သူတော်သူမြတ်တို့ ဟောဖော်ညွှန်ကြားထားသည့် တရားအမှန်ကို မယူဘဲ၊ မလိုက်နာဘဲ မှားယွင်းဖောက်ပြန်၊ မမှန်မကန် သိမြင်တတ်သည့် ဒိဋ္ဌိစေတသိက်တရား ဖြစ်သည်။

## မိစ္ဆာဒိဋ္ဌိ (၂)မျိုး

မိစ္ဆာဒိဋ္ဌိသည်လည်း ကမ္မပထမြောက်သည့် မိစ္ဆာဒိဋ္ဌိနှင့် ကမ္မပထမမြောက်ဘဲ ကံမျှသာဖြစ်သည့် မိစ္ဆာဒိဋ္ဌိဟု နှစ်မျိုးရှိသည်။ ထိုတွင် ကမ္မပထမြောက်သည့် မိစ္ဆာဒိဋ္ဌိများမှာ နတ္ထိကမိစ္ဆာဒိဋ္ဌိ၊ အဟေတုကမိစ္ဆာဒိဋ္ဌိ ကိရိယအမိစ္ဆာဒိဋ္ဌိတို့ ဖြစ်ကြသည်။ ဤမိစ္ဆာဒိဋ္ဌိသုံးမျိုးလုံး ကံကိုလည်းကောင်း၊ ကံ၏အကျိုးကိုလည်းကောင်း ပယ်သော (ဝါ) လက်မခံသော မိစ္ဆာဒိဋ္ဌိတို့ ဖြစ်သည်။ မြတ်စွာဘုရား၏ ဒေသနာတော်ကို တားမြစ်သော အရိဋ္ဌသာမဏေ၊ ကဏ္ဍက သာမဏေတို့၏ မိစ္ဆာဒိဋ္ဌိမျိုးသည်လည်း ကမ္မပထမြောက်၏ဟု ဆိုကြသည်ဟု ပရမတ္ထဒီပနီ ခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်၌ မိန့်ဆိုထားသည်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော ခန္ဓာငါးပါးတွင် တစ်ပါးပါး၌ 'အတ္တ'ဟု စွဲလမ်းယူသော သက္ကာယဒိဋ္ဌိ (၂၀)နှင့် ဗြဟ္မဇာလသုတ် စသည်တို့၌လာသော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတို့ကား ကမ္မပထမမြောက်၊ မိစ္ဆာဒိဋ္ဌိကံမျှသာဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ကြသည်။

## နတ္ထိကမိစ္ဆာဒိဋ္ဌိ

နတ္ထိကမိစ္ဆာဒိဋ္ဌိ ဆိုသည်မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံများကို မည်မျှလောက်ပင်လုပ်လုပ် ထိုကများက အကျိုးမပေး၊ ထိုကံတို့၏ အကျိုးမရှိဟု ကံ၏အကျိုးကိုပယ်သော အယူမျိုးဖြစ်သည်။ ပယ်ပုံ ပယ်နည်းမှာ–

( ၁) လှူဒါန်းပေးကမ်းခြင်းသည် အမှန်တကယ်အကျိုးမရှိ။

( ၂) ရတနာသုံးပါး၊ မိဘဆရာသမား စသည့် ပုဂ္ဂိုလ်မြတ်များကို ပူဇော်ခြင်းသည် အမှန်တကယ်အကျိုးမရှိ။

( ၃) ပင့်ဖိတ်၍လှူခြင်း၊ ဧည့်သည်များကို ဧည့်ဝတ်စောင်ဝတ်ပြုခြင်း၊ လက်ဆောင်ပေးခြင်း၊ လက်ထပ်မင်္ဂလာပွဲ စသည်တို့၌ ဧည့်ခံကျွေးမွေးခြင်း စသည်များသည် အမှန်တကယ် အကျိုးမရှိ။

( ၄) ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှုအကုသိုလ်ကံတို့၏ အကျိုးမရှိ။

( ၅) ရှေ့ဘဝလည်း မရှိ။

( ၆) အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော နောက်ဘဝလည်းမရှိ၊

( ၇) မိခင်ကို ပြစ်မှားလျှင်လည်း အပြစ်မရှိ၊ ပြုစုလုပ်ကျွေးလျှင်လည်း အကျိုးမရှိ။

( ၈) ဖခင်ကို ပြစ်မှားလျှင်လည်း အပြစ်မရှိ။ ပြုစုလုပ်ကျွေးလျှင်လည်း အကျိုးမရှိ။

( ၉) ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ စသည့် ဥပပါတ်သတ္တဝါမျိုး မရှိ။

(၁၀) လောက၌ ညီညီညွတ်ညွတ် ကောင်းစွာကျင့်ကြံ၍ ဤလောကနှင့် နောင်တမလွန်လောကတို့ကို မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်ကာ ဟောပြောနိုင်ကုန်သော သမဏ

ဗြဟ္မာတို့ မရှိဟူ၍ ဖြစ်သည်။

ဤဆယ်ချက်ကို "ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ"ဟူ၍လည်း ခေါ်သည်။ ဤမိစ္ဆာဒိဋ္ဌိသည် နတ္ထိကမိစ္ဆာဒိဋ္ဌိ၌ အကျုံးဝင်ပေသည်။ ဤနတ္ထိကမိစ္ဆာဒိဋ္ဌိသည် မြတ်စွာဘုရားလက်ထက်၌ 'အဇိတ ကေသကမ္ဗလ'ခေါ်သည့် ဂိုဏ်းဆရာကြီး ယူသည့် အယူဖြစ်သည်။ ဤမိစ္ဆာဒိဋ္ဌိသည် အကျိုးကို ပယ်သည်ဟုဆိုသော်လည်း "အကျိုးကိုပယ်လျှင် အကြောင်းကံမှာ အကျိုးပေးစွမ်းနိုင်သည့် သတ္တိမရှိရာရောက်သည့်အတွက်ကြောင့် ကံကိုလည်း ပယ်ပြီးသားဖြစ်သည်"ဟု အဋ္ဌကထာများမှာ မိန့်ဆိုထား၏။

## အဟေတုကဒိဋ္ဌိ

အဟေတုကဒိဋ္ဌိ ဆိုသည်မှာ အကြောင်းတရားကို ပယ်သည့် အယူမျိုးဖြစ်၏။ လောကတွင် သတ္တဝါများ ဆင်းရဲကြ၊ ချမ်းသာကြသည်မှာ အကြောင်းမရှိ၊ သူ့အချိန်ရောက်လျှင် အလိုအလျောက် ဆင်းရဲကြ၊ ချမ်းသာကြခြင်း ဖြစ်သည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှုမှာပင် အကြောင်းမရှိ၊ တရားကျင့်စရာမလို၊ အချိန်စေ့လျှင် သူ့အလိုအလျောက် သူ့ဘာသာသူ လွတ်မြောက်ကြရ၏။ သံသရာသည် မဟာကပ် ရှစ်သန်း လေးသိန်းမျှသာ ကြာ၏။ ထိုအချိန်ကာလ ကုန်ဆုံးလျှင် သံသရာမှ လွတ်မြောက်သွား၏။ အပ်ချည်လုံးကို ဖြေပြီး ပစ်လွှတ်လိုက်သည့်အခါ ချည်ကုန်သည့်အခါ ချည်လုံးရပ်သွားသကဲ့သို့ သတ်မှတ်ထားသည့် အချိန်ကာလ ကုန်ဆုံးသည့်အခါ သံသရာကုန်ဆုံးသွားသည့်အတွက် သံသရာမှ လွတ်မြောက်သွား၏။

ဤမဟာကပ်ရှစ်သန်းလေးသိန်းကာလအတွင်းမှာ မိမိကျရာဘဝမျိုးစုံ၌ ကျင်လည်ကြရ၏။ မိမိတို့ကိုယ်တိုင် တစ်စုံတစ်ရာ ပိုကောင်းသွားအောင် မလုပ်နိုင်သလို ပိုဆိုးသွားအောင်လည်း ပြုပြင်ဖန်တီးနိုင်စွမ်းမရှိ။ ဖြစ်ချိန်တန်လျှင် ဖြစ်ပြီး၊ ပျက်ချိန်တန်လျှင် ပျက်ကြရသည်ဟု

ယူသည့် အကြောင်းမဲ့အယူမျိုးဖြစ်၏။ ဘုရားရှင်လက်ထက်က မက္ခလိ ဂေါသာလဂိုဏ်းဆရာကြီးယူသည့် အယူဖြစ်၏။ အကြောင်းမရှိဟု ယူသည့်အတွက် အကြောင်းနှင့် ဆက်သွယ်ပြီး ဖြစ်ပေါ်လာမည့် အကျိုးလည်း မရှိဟု ယူရာရောက်သောကြောင့် အကြောင်းအကျိုး နှစ်မျိုးလုံးကို ပယ်သည့် အယူမှားဖြစ်သည်ဟု အဋ္ဌကထာများ၌ မိန့်ဆို ထား၏။

## အကိရိယဒိဋ္ဌိ

ကောင်းမှု၊ မကောင်းမှုကို ပြုပင်ပြုသော်လည်း ပြုသည်မမည်၊ ပြုရာမရောက်ဟု ယူသည့် အယူမျိုးကို 'အကိရိယဒိဋ္ဌိ'ဟု ခေါ်သည်။ လူစသော သတ္တဝါများသည် သူ့အသက် သတ်မှု၊ သူ့ဥစ္စာ ခိုးမှု စသည့် မကောင်းမှု ဒုစရိုက်များကို ပြုလုပ်နေကြသကဲ့သို့ လှူဒါန်းပေး ကမ်းခြင်း၊ သီလစောင့်ထိန်းခြင်း စသည့် ကောင်းမှုကုသိုလ်များကို လည်း ပြုလုပ်နေကြသည်။

ဤကဲ့သို့ ပြုလုပ်ကြခြင်းသည် ပတ်ဝန်းကျင် ရေ၊ မြေ၊ တော၊ တောင် အခြေအနေအရ ပြုလုပ်ကြရသည့်အတွက် မကောင်းမှု အကုသိုလ်ဟု မခေါ်ရသကဲ့သို့ ကောင်းမှုကုသိုလ်ဟူ၍လည်း မခေါ်ရ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဆိုသည်မှာ အမှန်တကယ်မရှိပေ။ လူများ ၏ သတ်မှတ်ချက်အရသာ ခေါ်ဝေါ်ပြောဆိုနေကြခြင်း ဖြစ်သည်ဟု ယူသော အယူမှားဖြစ်သည်။ (အကိရိယဒိဋ္ဌိ=ပြုလုပ်သော်လည်း ပြုရာ မရောက်ဟု ယူသော အယူ။) ဤအယူကား ဘုရားရှင် လက်ထက် တော်က ပူရဏကဿပဂိုဏ်းဆရာကြီးယူသည့် အယူဖြစ်သည်။ ကံမဲ့ ဝါဒဖြစ်သည့်အတွက် ကံနှင့် ကံ၏အကျိုး နှစ်မျိုးလုံးကို ပစ်ပယ်သည့် အယူဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုထားသည်။

## နိယတနှင့် အနိယတ

ဤဆိုခဲ့ပြီးသော ဒိဋ္ဌိကြီးသုံးမျိုးကို ယူရာ၌ ယူပုံယူနည်းကို လိုက်၍ သော်လည်းကောင်း၊ အကျိုးပေးပုံကို လိုက်၍သော်လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိနှင့် အနိယတမိစ္ဆာဒိဋ္ဌိဟူ၍ နှစ်မျိုးကွဲပြားသည်။ နိယတ ဆိုသည်မှာ ခိုင်မြဲစွာယူခြင်း၊ စွဲမြဲစွာယူခြင်းဟု အဓိပ္ပာယ်ရ၏။ ပူရဏ ကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ စသည့် ဂိုဏ်း ခေါင်းဆောင် ဆရာကြီးများ၏ ယူပုံမျိုးသည် ဘုရားရှင် ချွတ်မရ လောက်အောင် ခိုင်မြဲနေ၊ စွဲမြဲနေပြီဖြစ်သည့်အတွက် နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သည်။

အနိယတကား မစွဲမြဲသေး၊ မခိုင်မြဲသေးဟု အဓိပ္ပာယ်ရ၏။ ထိုဆရာကြီးတို့၏ နောက်လိုက်တပည့်များကဲ့သို့ မစွဲမြဲ၊ မခိုင်မြဲသေး၊ ဝတ်ကျေတန်းကျေ မိရိုးဖလာ ပေါ့ပေါ့ဆဆ ယူနေသူများ ဖြစ်သည့် အတွက် အနိယတမိစ္ဆာဒိဋ္ဌိများ ဖြစ်သည်။ သို့သော် ထိုနောက်လိုက် တပည့်များသည် ထိုဆရာကြီးတို့၏ ကျမ်းစာကို ရွတ်အံခြင်း၊ အနက် အဓိပ္ပာယ် ကြံစည်စဉ်းစားခြင်း စသည်ဖြင့် အကြိမ်များစွာ (ကမ္ဗဋ္ဌာန်း စီးဖြန်းသကဲ့သို့) လေ့လာအားထုတ်လရာ အလွန်သဘောကျ၍ မိစ္ဆာ သမာဓိရ၏။ ထိုသို့ သဘောကျသော ဇောဝီထိပေါင်း အကြိမ်များစွာ ဖြစ်ပြီး နောက်ဆုံး အတည်တကျ ဆုံးဖြတ်သည့် ဇောဝီထိဖြစ်ပြီးသည့် အခါ ဘုရားပေါင်းများစွာ ချွေချွတ်ကုစား၍ မရအောင် ထိုအယူ၌ ခိုင်မြဲသွားရကား နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သွားတော့၏။

အကျိုးပေးမြဲသည့် အတွက်ကြောင့်လည်း 'နိယတ' ခေါ်သေး သည်။ အဓိပ္ပာယ်မှာ ထိုနိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူသည် ကွယ်လွန် သေဆုံးသည့်အခါ ငရဲမှာ မလွဲမသွေ ဖြစ်ရသည့်သဘောရှိ၍ 'ငရဲ ဟူသော အကျိုးပေးမြဲသည့်အယူ'ဟု ဆိုလိုပေသည်။

မိစ္ဆာဒိဋ္ဌိ အင်္ဂါ(၂)ပါး

ထိုမိစ္ဆာဒိဋ္ဌိ၌လည်း ကမ္မပထ မြောက် မမြောက်ကို ဆုံးဖြတ်နိုင်သည့် အင်္ဂါနှစ်ပါး ရှိသည်။ ထိုအင်္ဂါ(၂)မျိုးမှာ—

(၁) ယူသည့် အယူဝါဒ၏ ချွတ်ယွင်းဖောက်ပြန် မမှန်မကန်မှားယွင်းခြင်း၊

(၂) ထိုအယူမှားကို အယူမှန်ဟု ထင်မြင်ယူဆခြင်း

တို့ဖြစ်သည်။ ထိုအင်္ဂါနှစ်ပါးနှင့် ညီညွတ်စေကာမူ အမှတ်(၁) အင်္ဂါအရ မှားယွင်းသောအယူ (မိစ္ဆာဒိဋ္ဌိ)သည် ဖော်ပြခဲ့သည့် နတ္ထိက၊ အဟေတုက၊ အကိရိယမိစ္ဆာဒိဋ္ဌိ (၃)မျိုးတွင် တစ်မျိုးမျိုးဖြစ်ပါမှ ကမ္မပထမြောက်သည်။ ကျန်မိစ္ဆာဒိဋ္ဌိများမှာ ကမ္မပထမမြောက်၊ ကံမျှသာဖြစ်သည်။ ထိုဒိဋ္ဌိသုံးမျိုးသည်လည်း နိယတဖြစ်မှ ကမ္မပထမြောက်သည်၊ အနိယတဖြစ်လျှင် ကံမျှသာဖြစ်၏။

## အပြစ်ကြီးငယ် အသွယ်သွယ်

ဤကံကို လွန်ကျူးရာ၌ အပြစ်အကြီးအငယ်တို့ကို အလေ့အကျင့်နည်းမှု၊ များမှုအရ သတ်မှတ်ရ၏။ မိစ္ဆာဒိဋ္ဌိနှင့် ပတ်သက်သည့် သဘောတရားတို့ကို အဖန်ဖန်နာကြားခြင်း၊ ကြံစည်စဉ်းစားခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသည်ဖြင့် အလေ့အကျင့်များလျှင် အပြစ်ကြီး၍ အလေ့အကျင့်နည်းလျှင် အပြစ်ငယ်၏။ တစ်နည်းအားဖြင့် နိယတဖြစ်လျှင် အပြစ်ကြီး၍ အနိယတဖြစ်လျှင် အပြစ်ငယ်၏။

ဤနိယတမိစ္ဆာဒိဋ္ဌိကံသည် ကံကြီးငါးပါး ခေါ်ကြသည့် ပဉ္စာနန္တရိယကံတို့ထက်ပင် အပြစ်ကြီး၏။ ပဉ္စာနန္တရိယကံများတွင် သံဃဘေဒကကံသည် အပြစ်အကြီးဆုံးဖြစ်သည်။ ထိုသံဃဘေဒကကံထက် ဤကံက ပို၍ အပြစ်ကြီး၏။ အဝီစိအာယုကပ် မပြည့်သေးလျှင် ကမ္ဘာပျက်သွားသော်လည်း မပျက်သောကမ္ဘာသို့ ရွှေ့ပြောင်း၍ဖြစ်စေ၊ ကောင်းကင်မှာဖြစ်စေ ဆက်လက်ခံရသေး၏။ သံဃဘေဒကကံမှာ

ထိုကဲ့သို့ ကမ္ဘာပျက်လျှင် အာယုကပ်မပြည့်သေးသော်လည်း ဆက်လက်မခံရတော့ချေ။

## ဒုစရိုက်ကံ (၄၀)

ဤဖော်ပြခဲ့သော သုစရိတ ဆယ်ပါးသီလသည် ဒုစရိုက် (၁၀)ပါးနှင့် ဆက်သွယ်လျက်ရှိ၏။ သူ့အသက်သတ်မှု စသော ကာယဒုစရိုက် (၃)ပါး၊ လိမ်ညာပြောဆိုမှု စသော ဝစီဒုစရိုက် (၄)ပါး၊ သူ့ပစ္စည်းကို မတရားလိုချင်မှု စသော မနောဒုစရိုက် (၃)ပါး ပေါင်း ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်မှု၊ မဖြစ်အောင် စောင့်ထိန်းမှု သုစရိတဆယ်ပါးသီလ ဖြစ်သည်။ ထို့ကြောင့် သုစရိတဆယ်ပါး သီလကို စောင့်ထိန်းသူသည် ဒုစရိုက်များအကြောင်းကိုလည်း သိမြင်နားလည်ရန် လိုအပ်သည်။

ဒုစရိုက်သည် မူလဒုစရိုက် (၁၀)ပါးကို ပွားလျှင် ဒုစရိုက်ကံ (၄၀)ရှိသည်ဟု ဒသကအင်္ဂုတ္တိုရ်ပါဠိတော်၊ သာမညဝဂ်၌ ဘုရားရှင်ဟောထား၏။ ပွားပုံမှာ မူလဒုစရိုက်တစ်ပါးတစ်ပါးတွင်–

(၁) ကိုယ်တိုင်ပြုလုပ်သည့် သာဟတ္ထိက ဒုစရိုက်
(၂) သူများကို စေခိုင်းပြုလုပ်သည့် အာဏတ္တိက ဒုစရိုက်
(၃) သူများပြုလုပ်နေခြင်းကို ချီးမွမ်းသည့် ဝဏ္ဏဘာသန (ထောမနာ) ဒုစရိုက်
(၄) သူများပြုလုပ်နေခြင်းကို နှစ်သက် သဘောကျ အလိုဆန္ဒကျေနပ်သည့် သမနုညာ (သမာဆန္ဒ) ဒုစရိုက်ဟု လေးပါးစီရှိသည့်အတွက် ဒုစရိုက်ဆယ်ပါး မှ ဒုစရိုက်ကံ (၄၀)ဖြစ်လာခြင်း (၁၀ x ၄ = ၄၀) ဖြစ်သည်။

ပုံစံ ဥပမာအားဖြင့် ပါဏာတိပါတ ဒုစရိုက်ကံ၌ (၄)ပါး ပြာပုံမှာ–

(၁) သူ့အသက်ကို ကိုယ်တိုင်သတ်ခြင်း (သာဟတ္ထိက ဒုစရိုက်)
(၂) သူတစ်ပါးကို သတ်ခိုင်းခြင်း (အာဏတ္တိက ဒုစရိုက်)

(၃) သူ့အသက်သတ်ရခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြော ဆိုခြင်း (ဝဏ္ဏဘာသနဒုစရိုက်)

(၄) သူတစ်ပါးသတ်သည်ကို နှစ်သက်သဘောတူခြင်း (သမ နုညာ ဒုစရိုက်)

ဟူ၍ ဖြစ်သည်။ ထိုလေးပါးတွင် ရှေ့ဆုံးနှစ်ပါးကား ထင်ရှား သိသာပြီးဖြစ်၍ နောက်နှစ်ပါး၏ အဓိပ္ပာယ်ကိုသာ အကျဉ်းမျှ ရှင်းပြ ပါမည်။

## ဝဏ္ဏဘာသနဒုစရိုက်

အမှတ် (၃) ဝဏ္ဏဘာသန ဒုစရိုက်ဆိုသည်မှာ "တံငါလုပ်၍ ဘယ်သူ ပစ္စည်းဥစ္စာ ချမ်းသာသည်၊ ဘဲ, ကြက်, ဝက်မွေး၍ ဘယ်သူ ပစ္စည်းဥစ္စာ ချမ်းသာသည်"စသည်ဖြင့် ပါဏာတိပါတနှင့် ပတ်သက်၍ ချီးကျူးစကား ပြောကြားခြင်းဖြစ်သည်။ ထိုသို့ ချီးကျူးစကား ပြော ကြားခြင်းကြောင့် ပါဏာတိပါတ သိက္ခာပုဒ် ပျက်နိုင်သည်။ သို့မဟုတ် ညစ်နွမ်းနိုင်သည်။

မိမိ ချီးကျူးသံကို ကြားသူတို့သည် တံငါအလုပ်၊ မွေးမြူရေး စသော အလုပ်တို့ကို လုပ်ကိုင်ကြလိမ့်မည်ဟု ရည်သန်၍ ချီးကျူးပါက ထိုကြားသူတို့ မိမိရည်သန်သည့်အတိုင်း လုပ်ဖြစ်လျှင် ချီးကျူးသူမှာ ပါဏာတိပါတကံထိုက်၍ သိက္ခာပုဒ်ပျက်သည်။ ကြားသူတို့ မလုပ်ဖြစ် ကြလျှင်မူ သိက္ခာပုဒ် ညစ်နွမ်း၏။ ထိုကဲ့သို့ ရည်ရွယ်ရိုးရင်း နှလုံးသွင်း မရှိဘဲ သာမန်အားဖြင့် ချီးကျူးစကား ပြောကြားလျှင် ကြားသူတို့ လုပ်ဖြစ်ကြသည်ဖြစ်စေ၊ မလုပ်ဖြစ်ကြသည်ဖြစ်စေ သိက္ခာပုဒ် မပျက် ညစ်နွမ်းရုံသာ ဖြစ်သည်။

## သမနုညာဒုစရိုက်

အမှတ်(၄) သမနုညာဒုစရိုက်ကား မည်သည့်လူဆိုး၊ မည်သည့်

သူခိုး, ဓားပြကို အစိုးရဖမ်းမိ၍ ကြိုးပေးလိုက်ပြီဟု ကြားလျှင် အားရဝမ်းသာဖြစ်ခြင်းသည်လည်းကောင်း၊ ရွာကို ဒုက္ခပေးနေသည့် ဆင်ဆိုး, ကျားဆိုးတို့ကို မည်သူသတ်လိုက်ပြီဟု ကြားရ၍ အားရနှစ်လို ရှိခြင်းသည်လည်းကောင်း၊ မိမိ၏ရန်သူ၊ သို့မဟုတ် မိမိမုန်းနေသောသူ မည်သည့်ရောဂါဖြင့် သေရှာပြီဟု ကြားလျှင် နှစ်လိုဝမ်းသာခြင်းသည် လည်းကောင်း၊ အယုတ်ဆုံးအားဖြင့် မိမိကို အနှောင့်အယှက်ပေးလေ့ ရှိသည့် မှက်, ခြင်, သန်း, ကြမ်းပိုး, ကြွက် စသည်တို့ သေဆုံး ကွယ်ပျောက်သွားသည်ကို နှစ်သက်သဘောကျမှုသည်လည်းကောင်း သမနုညာ ဒုစရိုက်ဖြစ်သည်။

ထို့အတူ အမဲသားငါး ကြိုက်တတ်သူတို့သည် သတ်မှု သေမှုနှင့် ကောင်းမြတ်သည့် ရေသတ္တဝါ၊ ကုန်းသတ္တဝါ ဟင်းလျာစကား၊ သား ငါးစကားတို့ကို ကြားသိရသည့်အခါ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း သည်လည်း သမနုညာဒုစရိုက်ပင် ဖြစ်သည်။ ထိုသမနုညာ ဒုစရိုက် ကြောင့် သိက္ခာပုဒ် ညှိုးနွမ်း၏ဟု ဓမ္မဒီပနီကျမ်း၌ မိန့်ဆိုထား၏။

ဤသမနုညာဒုစရိုက်နှင့် ပတ်သက်၍ သတိထားစရာကောင်းသည် မှာ ကျွန်ုပ်တို့ မြတ်စွာဘုရားသည် တစ်ခုသော ဘုရားလောင်းဘဝ၌ တံငါရွာ တစ်ရွာတွင် တံငါသားငယ်ဖြစ်၍ မိမိဆွေမျိုး တံငါတို့က ငါးတို့ကို ခေါင်းထုကာ ရက်ရက်စက်စက် သတ်ဖြတ်ကြသည်ကို မြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိခဲ့သည်။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ဘုရားဖြစ်တော်မူသည့်အခါ ဦးခေါင်းကိုက် ရောဂါ မကြာခဏဖြစ်ခြင်း ဝဋ်ကြွေးကို ခံရသည်ဟု ကျမ်းဂန်၌ လာသည်။

ဤပါဏာတိပါတကံ၌ ဒုစရိုက်ကံ (၄)ပါး ပြားပုံကို နည်းမှီး၍ ကျန်ဒုစရိုက်ကံ (၉)ပါးတို့၌ (၄)ပါးစီ ပြားပုံကို ချဲ့ထွင် သိရှိနိုင်ပေ သည်။ ဤသို့ဖြင့် ဒုစရိုက်ကံ (၄၀)ဖြစ်သည်။

ဤဒုစရိုက်ကံ၌ (၄၀)ပြားသကဲ့သို့ သုစရိုက်၌လည်း (၄၀)ပင်

ပြာ၍ သုစရိုက်ကံပေါင်း (၄၀)ရှိသည်။ ပြာပုမှာ ပါဏာတိပါတ ဝိရတိ (သူ့သက်သတ်မှုမှ ရှောင်ကြဉ်မှု)ခေါ် ပါဏာတိပါတ ဝိရတိ သုစရိုက်ကံ၌–

(၁) ကိုယ်တိုင်ရှောင်ကြဉ်ခြင်း၊

(၂) သူများကို ရှောင်ကြဉ်စေခြင်း၊

(၃) ရှောင်ကြဉ်ခြင်း၏ အကျိုးကျေးဇူးတို့ကို ချီးကျူးပြောကြားခြင်း၊

(၄) သူများရှောင်ကြဉ်ခြင်းကို နှစ်သက်သဘောကျခြင်း

ဟူ၍ သုစရိုက်ကံလေးပါး ပြာသည်။

ဤသို့ ပါဏာတိပါတ ဝိရတိသုစရိုက်ကံ၌ လေးပါးပြာသည့်နည်းတူ ကျန်သုစရိုက် (၉)ပါးတို့၌လည်း လေးပါးစီပြာရာ သုစရိုက်ကံလည်း (၄၀)ပင် ဖြစ်ပေသည်။

**လင်္ကာ**။ ။ ကိုယ်တိုင် ဟိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်က။

ဤသီလခန်း၌ လူဝတ်ကြောင်များ ဆောက်တည်ကျင့်သုံးကြရမည့် 'ဂဟဋ္ဌသီလ'ခေါ် လူ့သီလများနှင့် ပတ်သက်၍

(၁) ငါးပါးသီလ၊

(၂) အပျို လူပျိုတို့ စောင့်ထိန်းရမည့် ကောမာရ (ကောမာရီ) ဗြဟ္မစရိယငါးပါး သီလ၊

(၃) ဗြဟ္မစရိယပဉ္စမသီလ၊

(၄) ဗြဟ္မစရိယပဉ္စမဧက ဘတ္တိက သီလ၊

(၅) အာဇီဝဋ္ဌမကသီလ၊

(၆) ဥပုသ် (ရှစ်ပါး)သီလ၊

(၇) ကိုးပါးသီလ၊

(၈) ဆယ်ပါးသီလ၊

(၉) သုစရိတဆယ်ပါးသီလအကြောင်းတို့ကို သီလကို လုံခြုံ

အောင် စောင့်ထိန်းတတ်ရန် ရည်ရွယ်၍ အဓိပ္ပာယ်အကြောင်း အရာ ပြည့်စုံစွာ ဖွင့်ဆို ရေးသားခဲ့ပြီးပေပြီ။ ယခု ထိုသီလ တို့၏ ညစ်နွမ်းတတ်ပုံ၊ ဖြူစင်ပုံနှင့် သီလ၏ အကျိုးတရား တို့ကို ဆက်လက်တင်ပြပါမည်။

## သီလကို ညစ်ညူးစေနိုင်သော တရားများ

မိမိတို့ ဆောက်တည်ထိန်းသိမ်းထားသည့် ငါးပါးသီလ စသော သီလများကို ညစ်နွမ်းအောင် (ဝါ) ညှိုးနွမ်းအောင် ပြုလုပ်တတ်သည့် တရားများကား မေထုန်နှင့်စပ်သော တရားခုနစ်ပါးတို့ ဖြစ်သည်။ 'မေထုန်ငယ်ခုနစ်ပါး'ဟူ၍လည်း ခေါ်၏။ ထိုတရားခုနစ်ပါးကို သတ္တကအင်္ဂုတ္တိုရ်ပါဠိတော် မေထုနသုတ်၌ မြတ်စွာဘုရား ဟောကြား ထား၏။ အကျဉ်းချုပ်၍ ဆိုရသော်–

(၁) သီလစသော မြတ်သောအကျင့်ကို ကျင့်သောသူသည် အမျိုး သမီးနှင့် ပေါင်းသင်းဆက်ဆံမှု မပြုသော်လည်း အမျိုးသမီ က မိမိကိုယ်ပေါ်မှာ မိလာသည်ကို သာယာခြင်း၊ နင်းနှိပ်ပေ သည်ကို သာယာခြင်း၊ ရေချိုးပေးသည်ကို သာယာခြင်း၊ ဆုပ်နယ်ပေးသည်ကို သာယာခြင်း၊ အားလုံးခြုံ၍ဆိုရလျှင် အမျိုးသမီး၏ ကိုယ်ထိလက်ရောက် ပြုစုမှုမှန်သမျှကို နှစ်သက်သဘောတူခြင်း ဖြစ်သည်။

(၂) အမျိုးသမီးနှင့် ပေါင်းသင်းဆက်ဆံမှုလည်းမပြု၊ ကိုယ်ထိ လက်ရောက် ပြုစုမှုများကိုလည်း မသာယာ၊ သို့သော် အမျိုး သမီးနှင့် ပြင်းစွာရယ်မောခြင်း၊ တသောသောနေရခြင်း၊ တို့ဆိတ်ကျီဆယ် ကစားနေရခြင်း၊ ယုယုယယ ပြောဆိုပြုမူ နေရခြင်းတို့ကို သာယာနှစ်သက် သဘောကျခြင်း။

(၃) ထိုသို့မဟုတ်ဘဲ အမျိုးသမီးနှင့် မျက်စိချင်း ဆိုင်ပြိုင်၍ တစိမ့်စိမ့်ကြည့်နေရခြင်းကို သာယာနှစ်သက် သဘောကျ

ခြင်း ။

(၄) ထိုသို့မဟုတ်ဘဲ နံ့ရံတစ်ဖက်၊ တံတိုင်းတစ်ဖက် စသည်တို့မှ အမျိုးသမီး၏ ရယ်မောသံ၊ ငိုကြွေးသံတို့ကို စူးစိုက်နားထောင်ကာ သာယာနှစ်သက် သဘောကျခြင်း ။

(၅) ထိုသို့မဟုတ်ဘဲ ရှေးအခါက အမျိုးသမီးနှင့်အတူ ရယ်မြူးခဲ့ပုံ၊ စကားပြောခဲ့ပုံ၊ ကျီစယ်ကစားခဲ့ဖူးပုံတို့ကို ပြန်လည်အောက်မေ့ကာ ကြည်နူးသာယာနေခြင်း။

(၆) ထိုသို့မဟုတ်ဘဲ ကာမဂုဏ်ငါးပါးတို့ကို ပြည့်ပြည့်ဝဝ ခံစား၍ အလုပ်အကျွေးတို့၏ ဝိုင်းဝန်းပြုစု လုပ်ကျွေးခံနေရသော သူဌေး, သူဌေးသားတို့ကို မြင်ရ၍ သူတို့ကို အားကျခြင်း၊ သာယာနှစ်သက် သဘောကျခြင်း။

(၇) ထိုသို့မဟုတ်ဘဲ "ငါသည် ဤအကျင့် ဤအားထုတ်မှု ဤမြတ်သောအကျင့်ဖြင့် နတ်မင်းကြီးသော်လည်းကောင်း၊ နတ်သားတစ်ဦးဦးသော်လည်းကောင်း ဖြစ်ရပါလို၏"ဟု နတ်အဖြစ်ကို တောင့်တကာ မြတ်သောအကျင့်ကို ကျင့်ခြင်းတို့ ဖြစ်သည်။

ဤခုနစ်ပါးတို့သည် မေထုန်မှုနှင့်စပ်သော ကာယကံ၊ ဝစီကံ၊ မနောကံမှုများ ဖြစ်ကြသည်။ ထိုမေထုန်မှုနှင့် စပ်ယှဉ်သော အမှုများသည်ပင် မြတ်သော အကျင့်သီလ၏ ကျိုးပျက်ခြင်း၊ ပေါက်ခြင်း၊ ပြောက်ခြင်း၊ ကျားခြင်းပင် ဖြစ်၏။

သီလ၏ ကျိုး ပေါက်, ပြောက်ကျားခြင်းသည် မေထုန်ငယ် ခုနစ်ပါးကြောင့်သာ ဖြစ်သည်မဟုတ်၊ လာဘ်လာဘ အခြံအရံ အကျော်အစောဂုဏ် စသည်တို့ကို လိုလားမှုကို အကြောင်းပြု၍လည်း သီလ၏ ညစ်နွမ်းကြောင်း ကျိုး၊ ပေါက်၊ ပြောက်၊ ကျားခြင်းတို့ ဖြစ်ကြသေး၏။

လူတို့သီလ၊ ရဟန်းတို့သီလ နှစ်မျိုးလုံးမှာပင် အစဉ်ဖြစ်စေ၊

အဆုံး၌ဖြစ်စေ သိက္ခာပုဒ်တစ်ပါးစီ ပျက်လျှင် ကျိုးသည် ပြတ်သည် မည်၏။ အလယ်သိက္ခာပုဒ်ပျက်လျှင် ပေါက်သည်မည်၏။ သိက္ခာပုဒ်တစ်ပါးကျော်၊ တစ်ပါးကျော် သိက္ခာပုဒ်များ ပျက်လျှင် ပြောက်သည် မည်၏။ အစမှာဖြစ်စေ၊ အလယ်မှာဖြစ်စေ၊ အဆုံးမှာဖြစ်စေ သိက္ခာပုဒ် နှစ်ပါး၊ သုံးပါးဆက်၍ ပျက်စီးလျှင် ကျားသည်မည်၏။ ဤသို့ လာဘ်လာဘ စသည်တို့ကို အကြောင်းပြု၍ သီလ၏ ကျိုး၊ ပေါက်၊ ပြောက်၊ ကျားခြင်းတို့သည်လည်း သီလညစ်နွမ်းခြင်း ဖြစ်၏။

ဤပြဆိုခဲ့သည့်အတိုင်း မေထုန်ငယ် ခုနစ်ပါးကြောင့်သော်လည်း ကောင်း၊ သီလ၏ ကျိုး, ပေါက်, ပြောက်, ကျားမှုကြောင့်သော်လည်း ကောင်း သီလညစ်နွမ်းခြင်း ဖြစ်ရသည်။

## သီလစင်ကြယ်ခြင်း

သီလစင်ကြယ်ခြင်း ဆိုသည်မှာ လာဘ်လာဘ အခြံအရံများနှင့် ကျော်စောမှုဂုဏ် စသည်တို့ကို လိုလားမှုကို အကြောင်းပြု၍ မေထုန်ငယ် ခုနစ်ပါးတို့နှင့် စပ်ယှက်မှု မရှိခြင်းတို့ဖြစ်သည်။ ထိုအကြောင်း နှစ်မျိုးမှ ကင်းရှင်းသော သီလကို စင်ကြယ်သောသီလ (သီလဝိသုဒ္ဓိ)ဟု ခေါ်သည်။

ထို့ပြင် အမျက်ထွက်ခြင်း (ကောဓ)၊ ရန်ငြိုးဖွဲ့ခြင်း (ဥပနာဟ)၊ သူများဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း (မက္ခ)၊ ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း (ပဠာသ)၊ သူတစ်ပါး စည်းစိမ်ချမ်းသာကို မနာလိုခြင်း (ဣဿာ)၊ မိမိစည်းစိမ်ကို နှမြောဝန်တိုခြင်း (မစ္ဆရိယ)၊ မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း (မာယာ)၊ မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ထင်ပေါ်အောင် ပြုလုပ်ခြင်း (သာဌေယျ) စသော အကုသိုလ်တရားဆိုး တို့မှ ကင်းရှင်းခြင်းဖြင့်လည်းကောင်း၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ် ခြင်း၊ ကိလေသာတို့ကို ခေါင်းပါးစေခြင်း စသော ကုသိုလ်တရား တို့ကို ဖြစ်ပေါ်ခြင်းဖြင့်လည်းကောင်း သီလသည် ပို၍ စင်ကြယ်သည်။

ထိုစင်ကြယ်သော သီလသည် တဏှာကျွန်အဖြစ်မှ တော်လှန်မှုကို ပြုတတ်သောကြောင့် 'သုဇိဿသီလ'မည်၏။ ပညာရှိတို့ ချီးကျူးအပ်သောကြောင့် 'ဝိညုပသဋ္ဌသီလ'လည်း မည်၏။ ဤစင်ကြယ်သော သီလကြောင့် ဖြစ်ပေါ်အံ့သော အကျိုးၓ္ဌ တပ်မက်မှုရာဂနှင့် "ဤသီလသည် ငါသီလဖြစ်သည်၊ ငါသီလသည် အလွန်စင်ကြယ်သည်၊ ငါ့သီလမျိုး အခြားသူမှာ မရှိ" စသည်ဖြင့် ငါစွဲသက္ကာယဒိဋ္ဌိ တရားတို့ဖြင့် အသုံးသပ်မခံရသောကြောင့် 'အပရာမဋ္ဌသီလ'လည်း မည်၏။ ဈာန်အနီး၌ဖြစ်သော ဥပစာရသမာဓိ၊ ဈာန်သမာဓိတို့ကို တိုးတက်ဖြစ်ပေါ်စေနိုင်သောကြောင့် 'သမာဓိသံဝတ္တနိကသီလ'လည်း မည်၏ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုထားပေသည်။

## ဤသီလမျိုးဖြစ်အောင် ကြိုးစားပါ

(၁) သီလဆောက်တည် ထိန်းသိမ်းသည့်ပုဂ္ဂိုလ်သည် သီလရှိသူတို့ကို မဆည်းကပ်၊ မပေါင်းသင်းဘဲ သီလမရှိသူတို့ကိုသာ ပေါင်းသင်း၏။ မကောင်းမှုကို လွန်ကျူးရာ၌ အပြစ်ဖြစ်မှန်း မသိမမြင်၊ မကောင်းသောအရာတို့ကိုသာ များစွာကြံစည် စိတ်ကူးကာ မျက်စိ, နား, နှာ စသော ဣန္ဒြေတို့ကို စောင့်ထိန်းခြင်းမရှိ၊ ထိုပုဂ္ဂိုလ်၏ သီလသည် တစ်နေ့ထက် တစ်နေ့ ဆုတ်ယုတ်ခြင်းသဘော ရှိသောကြောင့် 'ဟာနဘာဂိယသီလ'မည်၏။

(၂) သီလဆောက်တည်ထားသည့်ပုဂ္ဂိုလ်သည် သီလနှင့် ပြည့်စုံမှုကို နှစ်သက်၏။ ကမ္မဋ္ဌာန်းအလုပ်ကိုမူ တိုးတက်အားထုတ်ရန်ကား စိတ်မရှိပေ။ သီလမျှဖြင့်သာ တင်းတိမ်ကျေနပ်နေ၏။ ထိုပုဂ္ဂိုလ်၏သီလသည် ရှေ့သို့လည်း မတိုးတက်၊ အောက်သို့လည်း ပြန်မလျှောကျဘဲ တည်တံ့နေသောသဘော ရှိသောကြောင့် 'ဌိတိဘာဂိယသီလ'မည်၏။

(၃) သီလဆောက်တည်ထားသည့် ပုဂ္ဂိုလ်သည် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်၍ မနေဘဲ သမာဓိဖြစ်ဖို့ရန် ဗုဒ္ဓါနုဿတိ စသော အနုဿတိဘာဝနာ၊ မေတ္တာပို့မှု စသော ဗြဟ္မဝိဟာရ ဘာဝနာ စသည့် သမထဘာဝနာ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများ အားထုတ်၏။ ထိုပုဂ္ဂိုလ်၏သီလသည် သမာဓိတရားတည်းဟူသော ထူးသောအကျိုး ထူးသောအဖို့ ရှိသောကြောင့် 'ဝိသေသဘာဂိယသီလ' မည်၏။

(၄) သီလဆောက်တည်ထားသည့် ပုဂ္ဂိုလ်သည် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်၍မနေဘဲ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ငြီးငွေ့အားသန်သည့် ဗလဝဝိပဿနာဉာဏ်ကို ရရန် ဝိပဿနာ ဘာဝနာအလုပ်ကို ကြိုးစားအားထုတ်၏။ ထိုပုဂ္ဂိုလ်၏သီလသည် မဂ် ဖိုလ် ရနိုင်၍ ကိလေသာမှောင်ထုကို ဖောက်ထွင်းဖြိုခွဲခြင်းအဖို့ရှိသောကြောင့် 'နိဗ္ဗေဓဘာဂိယသီလ' မည်၏။

ဤဖော်ပြပါ သီလလေးမျိုးတွင် အမှတ်(၃) ဝိသေသဘာဂိယသီလနှင့် အမှတ်(၄) နိဗ္ဗေဓဘာဂိယသီလမျိုးဖြစ်အောင် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ကြိုးစားအားထုတ်သင့်ကြပေသည်။ အယုတ်ဆုံးအားဖြင့် အကြောင်းကြောင်းကြောင့် ထိုသီလနှစ်မျိုးဖြစ်အောင် မကြိုးစားနိုင်သည့်တိုင်အောင် အမှတ်(၂) ဌိတိဘာဂိယသီလ ဖြစ်အောင်တော့ ကြိုးစားကြရမည် ဖြစ်ပေသည်။

## သီလစောင့်ထိန်းရကျိုးများ

သီလစောင့်ထိန်းရကျိုးများကို ငါးပါးသီလ စသော ဆိုင်ရာဆိုင်ရာ၌ အသီးသီး တင်ပြခဲ့ပြီး ဖြစ်ပေသည်။ ယခု သီလအားလုံးနှင့် သက်ဆိုင်သည့် အကျိုးတရားများကို နိဂုံးချုပ်အနေဖြင့် တင်ပြပါဦးမည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပါဋလိရွာ၌ ခေတ္တသီတင်းသုံးနေ

တော်မူစဉ် ပါဋလိရွာသား ဥပါသကာများအား သီလ၏ အကျိုးတရား (၅)ပါးတို့ကို ဟောကြားတော်မူသည်ကို ဝိနည်းမဟာဝါပါဠိတော်၊ ဘေသဇ္ဇက္ခန္ဓက၊ ပါဋလိဂါမဝတ္ထုဝ၌ တွေ့ရ၏။ ထိုအကျိုးတရားငါးပါးမှာ–

(၁) ပစ္စည်းဥစ္စာများကို အစုလိုက် အပုံလိုက် ရရှိခြင်း၊

(၂) သီလရှိသူ (သီလဝန္တ)ဟူ၍လည်းကောင်း၊ လူ့ပြည်၌သာမက အထက်နတ်ပြည်၊ ဗြဟ္မာ့ပြည်တိုင်အောင် ကျော်စောသတင်း သင်းပျံ့လှိုင်ခြင်း၊

(၃) ရဟန်းပရိသတ်၊ မင်းပရိသတ် စသည့် ပရိသတ်များထဲသို့ ကြောက်ရွံ့နောက်တွန့်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ ဝင်ရောက်နိုင်ခြင်း၊

(၄) ကွယ်လွန်သေဆုံးသည့်အခါ မတွေမဝေဘဲ သတိလက်ရှိဖြင့် ကွယ်လွန်သေဆုံးရခြင်း၊

(၅) ကွယ်လွန်သေဆုံးသည့်အခါ နတ်ရွာသုဂတိသို့ ရောက်ရခြင်းတို့ ဖြစ်ပါသည်။

ထို့ပြင် "အာနန္ဒာ–အပြစ်မရှိ စင်ကြယ်သော သီလအကျင့်တို့သည် စိတ်နှလုံး ရွှင်ပြုံးချမ်းသာခြင်း အကျိုးရှိ၏။ စိတ် နှလုံး ရွှင်ပြုံးချမ်းသာခြင်း အာနိသင်ရှိ၏ ဟူ၍လည်းကောင်း၊ ရဟန်းတို့ အတူနေသူတို့၏ ချစ်ကင်ကြည်ညိုမှုကို ခံရသူ၊ မေတ္တာအပို့ခံရသူ (အမြတ်နိုးခံရသူ)၊ အလေးပြုခံရသူ၊ အချီးမွမ်းခံရသူဖြစ်ရန် လိုလားတောင့်တလျှင် သီလတရားတို့၌ ဖြည့်ကျင့် စောင့်ထိန်းရာ၏" ဟူ၍လည်းကောင်း မြတ်စွာဘုရား ဟောကြားထားသည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ မူလပဏ္ဏာသပါဠိတော်တို့၌ တွေ့ရ၏။

မြတ်စွာဘုရား၏ အဆုံးအမ တရားတော်၌ "အမျိုးကောင်းသားတို့မှာ သီလမှတစ်ပါးသော ထောက်ရာ တည်ရာ (အားကိုးအားထားပြုစရာ) မရှိချေ။ ထိုသီလ၏ အကျိုးတရား အပိုင်းအခြားကို ကုန်စင်အောင် ပြောဟောရန် ခဲယဉ်းလှ၏။ သတ္တာဝါတို့ သန္တာန်၌ မကြာခဏ

ဖြစ်ပေါ်နေသည့် ကိလေသာအညစ်အကြေးများကို ဂင်္ဂါစသော မြစ်ကြီး ငါးစင်းမှ ရေတို့ဖြင့် စင်ကြယ်အောင် မဆေးကြောနိုင်ချေ။ သီလ ရေစင်ဖြင့်သာ စင်ကြယ်အောင် ဆေးကြောသုတ်သင်နိုင်၏။ သတ္တဝါ တို့၏ ရာဂ စသော အပူမီးကိုလည်း လေအေး၊ မိုးရေ၊ စန္ဒကူး၊ ရွှေ၊ ပုလဲ၊ ပတ္တမြား၊ လရောင်တို့သည် မငြိမ်းအေးစေနိုင်ချေ။ အမှန် စင်စစ် ကောင်းစွာစောင့်ထိန်းထားသော စင်ကြယ်သော သီလဖြင့်သာ ငြိမ်းအေးစေနိုင်၏။

အနံ့တကာတွင် သီလအနံ့ကဲ့သို့ မွှေးပျံ့ကြိုင်လှိုင်သော အနံ့မျိုးမရှိ၊ သီလအနံ့သည် လေညာ၌လည်းကောင်း၊ လေအောက်၌လည်းကောင်း အညီအမျှ မွှေးရနံ့ကြိုင် ပျံ့လှိုင်၏။ သီလသည် နတ်ပြည်သို့တက်ရန် အလွန်ထူးခြားသော စောင်းတန်းလှေကား ဖြစ်သကဲ့သို့ နိဗ္ဗာန်ရွှေမြို့ တော်သို့ ဝင်ရန် မတူထူးခြားကြီးမားသော တံခါးပေါက်လည်း ဖြစ် သည်။ ပုလဲပတ္တမြား စသော အဆင်တန်ဆာများထက် သီလတည်း ဟူသော အဆင်တန်ဆာက သာလွန်တင့်တယ်၏။

"သီလသည် မိမိကိုယ်ကို မိမိ ပြန်၍ စွပ်စွဲမှုဟူသော အတ္တာနုဝါဒ ဘေး စသော ဘေးများမှလည်း ကင်းစေနိုင်၏။ ဂုဏ်သတင်း ကျော် စောခြင်းနှင့် ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်း အမြဲဖြစ်စေတတ်၏။ ဤသည်တို့ကား သီလ၏ အကျိုးအာနိသင် အရိပ်အမြွက်မျှပင် ဖြစ် သည်"ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထား၏။

ထေရဂါထာပါဠိတော် သီလဝတ္ထေရဝတ္ထု၌လည်း "သီလရှိသူ သည် များစွာသော မိတ်ကောင်း ဆွေကောင်းတို့ကို ရရှိ၏။ သီလသည် အားလုံးသော ကုသိုလ်တရားတို့၏ အစလည်း ဖြစ်၏။ တည်ရာ လည်းဖြစ်၏။ မိခင်လည်း ဖြစ်၏။ အကြောင်းလည်းဖြစ်၏။ သီလ သည် အလုံးစုံသော ဘုရားရှင်တို့၏ နိဗ္ဗာန်သို့ကူးရာ ဆိပ်ကမ်းသာ လည်း ဖြစ်၏။ အတုမရှိသော ခွန်အားလည်း မည်၏။ မြတ်သော လက်နက်လည်း မည်၏။ ကြီးသောတန်ခိုးရှိသော တံတားလည်း

မည်၏။ ကြီးသောတန်ခိုး ရှိသော တံတားလည်း မည်၏။ မြင့်မြတ်သောထမင်း အဖျော်ထုပ်၊ ရိက္ခာထုပ်နှင့်လည်း တူ၏ စသည်ဖြင့် သီလအကျိုးတရား များစွာလာရှိသည်။

ပဥ္စကအင်္ဂုတ္တိုရ်ပါဠိတော် ဒုသီလသုတ်၌လည်း "သီလနှင့်ပြည့်စုံ၍ သီလရှိသောသူအား ကောင်းစွာ တည်ကြည်သော သမာဓိတရား ဖြစ်ပွား၏။ သမ္မာသမာဓိတရား ဖြစ်ပွားသူအား ဟုတ်တိုင်းမှန်စွာ သိမြင်သော နာမရူပပရိစ္ဆေဒဉာဏ် စသော တရုဏဝိပဿနာခေါ် ယထာဘူတဉာဏ်များ ဖြစ်ပွား၏။ ယထာဘူတဉာဏ်များ ဖြစ်ပွားသောသူအား နိဗ္ဗိဒါဉာဏ်ဟူသော ဗလဝဝိပဿနာဉာဏ်နှင့် ဝိရာဂခေါ် မဂ်ဉာဏ်တို့ ဖြစ်ပွား၏။ ထိုဉာဏ်များ ဖြစ်ပွားသောသူအား ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်တို့ ဖြစ်ပွား၏ စသည်ဖြင့် အကျိုးတရား အဆင့်ဆင့် ဖြစ်ပွားပုံကို သစ်ပင်ကြီးပမာဖြင့် ဟောကြားထားပေသည်။

ဤဖော်ပြပါ စကားစဉ်များအရ သီလ၏ အကျိုးတရားသည် သုဂတိဘုံဘဝများ၌ ဖြစ်ရခြင်း (ဘဝသမ္ပတ္တိ)၊ ထိုဘဝ၌ စည်းစိမ်ဥစ္စာ အဖြာဖြာတို့နှင့် ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ)တို့မှစ၍ မဂ်တရား၊ ဖိုလ်တရားများ ရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ အကျိုးတရားများ ရရှိနိုင်ကြောင်း မှတ်သားရန် ဖြစ်ပေသည်။

**သီလခန်း ပြီး၏။**

**မဟာစရိယ ဦးအေးနိုင် (ဘီအေ)**

ဗုဒ္ဓဘာသာ

# ဂုဏ်ရည်

ဓမ္မာစရိယဦးအေးနိုင် (ဘီအေ)

(မဟာသဒ္ဓမ္မဇောတိကဓဇ)



CONQUEROR AUNG LWIN